www.burmeseclassic.com

ဂုဏ် ဓမ္မံ သင်္ဃံ

ဥမ္မင်္ဂကိုယ်ဒေဟံ

# ဘိုးဘေးကြိုးကပ်

မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com





ဗုဒ္ဓ၊ ဓမ္မ၊ သံဃ
ဦးမဇ္ဈိမပါဒေဟုံ

# ချိုမြိန်ကြေကွဲ

## မဝွဲဖင်း

**ကျော်ကျော်ဆွေ**

စုစည်းတင်ဆက်သည်။

အတွဲ (၂၀)၊ အမှတ် (၅)၊ ဖေဖော်ဝါရီလ၊ ၂၀၁၇ ခုနှစ်။

၁၉၉၇ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ထုတ်ဝေသည်။ ဝိုးဆမ်းပန်းစာပေ၊ Dear Marry (Myanmar)
တိုက်(၉) ၃၀၁ ဝိတောက်လမ်း၊ ယုဇနပလာဇ၊ မင်္ဂလာတောင်ညွန့်မှ ပြည်လုံးကျွတ်ဖြန့်ချိပါသည်။ ဖုန်း-၀၉၄၃၂ ၂၀၁၈

**အတိုင်ပင်ခံပညာရှင်များ**

အမျိုးသားစာပေဆုရ စာရေးဆရာကြီးဒွေးမောင်
အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဒေါက်တာချစ်စံဝင်း
အမျိုးသားစာပေဆုရ စာရေးဆရာကြီး သောင်း

BURMESE CLASSIC .com

**စာတည်းအဖွဲ့**

ကိုကိုဆွေဒွေဆွေ
ဝိုးသိမ့် BE (Electronic)
အိမြတ် BE (Civil)

**ခေါင်းစီးစာလုံး**

ပန်းချီတင်ထွန်း

**အမှတ်တံဆိပ်**

ပန်းချီတင်ရွှေချို

**မျက်နှာပုံးသရုပ်ဖော်**

ထွန်းအောင်ကျော်မြင့်

**ကွန်ပျူတာစာစီ**

မွေးမွေးနဲ့အဖွဲ့ (အနာဂတ်ကမ္ဘာ)

**အုပ်ချုပ်ရေးမှူး**

ဇြိမ်း B.sc (Chem)

**စာမျက်နှာပွဲ့စည်းမှု**

မွေးမွေး၊ မျိုးဟန်(အနာဂတ်ကမ္ဘာ)

**လျှို့ဝှက်ဆန်းကြယ်ပန်းချီဒီဇိုင်းအဖွဲ့**

မောင်မောင်သိုက်၊ ကျော်ဦး၊ ဝိုးဒီလွန်၊ မိုးဆေ
ဖိုးအောင်၊ ထွန်းအောင်ကျော်မြင့်၊ စောနိုင်ထူး
ပန်းချီချစ်ဦး(ပုသိမ်)၊ ပန်းချီစက္ခု

**ပြန့်ချိရေး**

ရန်ကုန်-ကျော်သိန်းစာပေ၊ ဇြိမ်းစာပေ
စောဦးစာပေ၊ နေစေးစာပေ၊ ကိုလတ်ဇာပေ
ပန်းရွက်ဝေစာပေ၊ မြိတ်စာပေ၊ မြသော်တာစာပေ
အောင်ကျော်စာပေ၊ အမေ့အိမ်စာပေ
ဦးတင်ဖိုးစာပေ၊ သီတာနီလာစာပေ
မန္တလေး-နဂါးစာပေ၊ မော်လမြိုင်-ကျော်ကျော်စာပေ
တောင်ကြီး-ဂဠာန်ဒီစာပေ၊ မိုလျှံနာစာပေ
ပဲခူး-သဇင်စာပေ
ခေတ္တရာစာပေ-သထုံ၊ သော်တာစန်းစာပေ-နေပြည်တော် ပျဉ်းမနား

ထုတ်ဝေသူ - ဦးချစ်ကျော်ကျော် (ခ) ဦးကျော်ကျော်ဆွေ (၀၄၀၆၂၆၆) ၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

အတွင်းနှင့် အဖုံးပုံနှိပ်သူ - ဒေါ်ခင်ဝင်းဆင့် (၀၀၄၂၄၆၆) ရွှေနှင်းအော့ဆက် အမှတ်-၂၄၊ ရွှေဝါထွန်းလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့်အတွင်း CTP- (Eagle)၊ စောင်ရေ - ၁၀၀၀။ တန်ဖိုး - ၂၃၀၀။ စာအုပ်ချုပ် - ရုကီး (တင်ထွန်း)၊ ၇၁၄ လမ်း၊

ပန်းချီကျော်လွင်သင်း။ ချစ်ဆန်း (၅၂၈)၊ ပြိုးသူ(၀၁၀၆၆) အထူးကူညီသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


တို့ဘာသာ တို့သာသနာ

ယူနေကစ်လန်းဘီးကို ၅ အေဂိတာအေးအေးသန့် မိန်းကလေးများကိုယ်ခန္ဓာ ၆၇

ဖြည်ဖြစ်လှုပ်ရှားရပါသည် အချိုးအစားကျကျသာဝတ်ရုံသင့်သည့်လယ်များ

တို့ဘာသာ တို့သာသနာ တာဘယ်လေ့လာကြည့်ပါ

ရာရိုအေး၊ ပန်းရိုးလန်း၌ ၁၈ နတ်မောက်စီးဆရာအောင်ဝိုး သင့်ကားနံပါတ်ရဲ့ဘဝကဏ္ဍ ၇၂

ဘုန်းမီးနေလတောက်ပစေရို ကုသိုလ်လမ်းကြောင်း

သီသင့်ပါသည် မြန်း ဘကြီးမှုံ ၇၇

ပင်လယ်နေ့လေးပို့ချနှုံ ၂၄ ဂဠဳရေဆန်သော

သေခြင်းတရားလေးပါး ပိုးဖိုးနိုင် ပတ္ထလက်ဝိညာဉ် ၈၀

သစ္စာလေးပါးမြတ်တရား ပဟုသုတရေအောင် BURMESE CLASSIC

အပျိုနိမိလး ကဗျူးဆယ်ပါ ၃၃ မောင်လေးတော(ဘီးလင်း) စုန်းအပျိုးပြီး ၈၇

အကုသိုလ်ဆိုသောအရာကိုရှောင်ပါ လယ်သမားကြီးတို့ခွဲခြားပ

ပိုးဆိုးရ ၄၁ ကျွဲပိုးအောင် နောင့်ယှက်မံရ ထိုတစ်ည ၉၀

ကံကြီးထိုက်သူများ ဘဝကန္တာရထဲက ဟာသများခြည်စက်များ

သားသိုး သမီးသို့ ၄၈ ခွန်သက်တင်းသန်း တင်ဘိုကြီး ၉၄

ယောကျွသည်လည်း မိဘပါပဲ ထူးထူးဆန်းဆန်း

စိမ်ရေ ၅၃ ဘုန်းပွင့်သဇင် ကျောက်ဂူထဲကမင်းသားကြီး ၁၀၆

နက္ခတ်(၃)သွယ် ဗြဲလအတွက် သူတစ်ပါးအသက်ကို မသတ်ပါနဲ့

ဟောစာတမ်း ၆၁ သရဖူသန်းအောင်(ဇော်ဂျွန်း) ခွန်နှစ်ထပ်တိုက် ၁၁၂

ရာဇဝတ်ဘေးပြေးမလွတ်ပါ

လှပြည့်ဒေး ပြန်ထး ၁၂၀


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ဆောင်းဆွေ — ပင်ထိပ်ပန်ဖူးပြုကျောက်စိမ်ဘုရား — ၁၃၀ — စိတ်ညှိ

အသက်ပေးချိန်သောက်ကြသူများ — ဒေါင်ပုန်းမြို့(ကချင်ပြည်) — အိပ်မွေ့ချုပ်ညာ

နောင်သန်းလင်း(ဘီဒေါ) — အရက်တစ်ခွက် အသက်တစ်ချောင်း — ၁၄၅ — လူထုအတွက်

ထူးဆန်းသောအဖြစ် — ဒေါက်တာလွင်သန့်(ဇေးဂျ်) — သွားနှင့်ခံတွင်းကျန်းမာရေး

ချမြဲသာထွန်း — မျောက်ဝင်စား — ၁၅၃ — ဗဟုသုတခြေရအောင်

ဝတ်စားဆင်ယင် — ဂုံမိုးညှ(တောင်ပြိုင်) — အတိတ်နိမိတ် ဖတ္ထုကိုပ်

တိုးတိုး — အတွေးစကားနားထောင်လို့ — ၁၆၀ — ဘုရားဆောင်းပါး

အဓိဋ္ဌာန်အောင်ပွဲ — ချစ်သန်းသစ် — အယ်ဒီတာ့လေးဗျာန

စေတော်ဝင်မောင်ကုသလ — ရုပ်သေးနှင့် နဂါးလိုက်ဂူ — ၁၆၄ — မြေပြတ်အဟာဇရီမဟာတည်(၇-၈)

ပြည်တွင်းပရေ — ဘုရားဖူးအထူးဆောင်းပါး

အေးမြသီတာရှိုင်(စတီး) — ကိုးစားတာလား — ၁၆၈ — ကြယ်ကြယ်ကော့ — ကယားပြည်နယ် လွိုင်ကော်မြို့(သို့)

မြစ်သား — (ရင်တွင်းဒုံရိပ်) — ကန့်ရာတီမြို့ ထွတ်ခိုင်ပြည်သို့

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း (၇) — အစ်ကိုတို့ရွှေတန်း

ရုပ်သေးသမီးများအတွက် — ဝိုလ်ကော့ — ပရော(၄)ယောက် ဝိုလ်(၁)ယောက်၊

ကြယ်ဝေ ဘာကိုဆောင်ရွက်ပေးရပါမလဲ — ၁၇၅ — လျှို့ဝှက်ချက်တို့သခင်

ပေးသုတေသီဆရာမိုး — နုမာန်(NUMAN) — ကွန်းဘုရင်

ကြည်၊ ရေ၊ လေ တာဝန်မတော်တွင်းက သူငယ်ချင်းတွေ — ဘုရားဖူး ခရီးသွား

ကသ၂၃/ဝိုလ်ဇေယာင်း — အိုတီအက် ဥ၆ အတွက် — ၁၈၀ — မင်းဆက်ပိုင် — ကြာင်မြို့

နောင်သွင် — မွေးနေ့လက်ဆောင် — ချယ်ပြည်အေး (၁၀) ထပ် ဘုရားကြီး

အနိုင်းမဲ့

ကျော်မြင့်မြတ်(ပျဉ်းမနား) — အငယ်ဆုံးသည်မှာ — ၁၉၃ — သောင်းထည်း — မြန်မာနိုင်ငံ

ယောက်လုပ်ခရေများအကြောင်း


www.burmeseclassic.com

www.burmeseclassic.com



တို့ဘာသာတို့သာသနာ

# ယူနေစာတစ်သန်းခရီးကိုခြေတစ်လှမ်းကစရပါသည်

## ရွှေကံကူသာသနာပြုမယ်တော်ကြီး

## ရေးသားပူဇော်သည်



www.burmeseclassic.com

www.burmeseclassic.com

(၂၈ ·၁၁ ·၂၀၁၆) နေ့က ကျွန်ုပ်တို့ ရွှေကံကူသာသနာပြု မိသားစုမှ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်းမှ သံယာတော်များကို စာရင်းရှိသည့် အတိုင်း သံယာကုန်အတွက် သက်နှံးတော် (၄၄၁) စုံ လှူဒါန်းခဲ့ကြပါသည်။ သံယာတော်အများကြီးကို သက်နှံးတွေ အများကြီး လှူချင်သည့်ဆန္ဒ ဖြစ်ပေါ်ခဲ့သည်မှာ အတော်ကြာပါပြီ။ မိမိအင်အား ရှိသည့် တစ်နေ့ လှူနိုင်သည့်နေ့လှူကို လှူမည်ဟု ရည်ရွယ်ထားခဲ့ပါသည်။ နှစ်စဉ် ၉ ရက်၊ ၉ လ ဗုဒ္ဓပူဇနယပွဲတော်နှင့် ကြားရက်များတွင် အလျှဉ်းသင့်သလို လှူခဲ့သည်ကတော့ တစ်နှစ်တစ်နှစ် အနုံ (၁၀၀) ကျော်တော့ လှူဖြစ်မြဲ ဖြစ်ပါသည်။ ယခုကဲ့သို့ ၄၀၀ ကျော် တစ်ပြိုင်တည်း လှူနိုင်တာကတော့ ပထမဆုံးအကြိမ် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဇာတိရွာသည် မန္တလေးတိုင်း (ယခင်က စစ်ကိုင်းတိုင်း) ငါန်းစွန်းမြို့နယ်၊ မြိုသာအရှေ့ရွာမှ ဖြစ်ပါသည်။ ယခင်က မြင်းခြံခရိုဖြစ်ပြီး ယခုလည်း မြင်းခြံခရိုင်ပင် ဖြစ်ပါသည်။ ထိုဇာတိရွာတွင် နေခဲ့စဉ် လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျွန်ုပ်၏ အစ်ကို လတ်ကိုဝင်းကို ရှင်ပြုစဉ်က ရခဲ့သော သက်နှံးကို သေသေချာချာ လျှော်ဖွတ်မီးကြော်ထိုး၍ ထိုစဉ်က မန္တလေး မစိုးရိမ်တိုက်ဟောင်းတွင် ညစာလိုက်နေသော ဦးပဉ္စင်း ဦးဝိမလအား သက်နှံးလှူပြီး တရားပွဲကျင်းပခဲ့ဖူးပါသည်။ တရားပွဲကုန်ကျစရိတ်ကို အမေကောင်း၏ အစ်မဝမ်းကွဲ တစ်ဝိုင်းထဲနေ အရီးသင့်မှ ကုသိုလ်ယူပါသည်။ ကျွန်ုပ်တို့ မိသားစု၏ ပထမဆုံးလှူဖြစ်သော သက်နှံးလေးတစ်စုံဖြစ်ပါသည်။ ဒုတိယ လှူဖြစ်သော သက်နှံးတစ်စုံကတော့ ပထမသက်နှံးလှူပြီး နှစ်ပေါင်း ဆယ်နှစ်ခန့်ကြာမှ အန်တီအေးကြီးက စဉ့်ကိုင်တွင် အလုပ်ရပြီး မိဘကို ပြန်လည် ကျေးဇူးဆပ်ရပြီး မိဘကို ပြန်လည် တောက်ပနိုင်သော အချိန်၌ မိဘများ ဝါဆိုလတွင် ဝါဆိုသင်္ကန်း လှူဒါန်းနိုင်ရန် သင်္ကန်းတစ်စုံဝယ်၍ ထည့်ပေးလိုက်သည့်အတွက် လှူဖြစ်ခြင်း ဖြစ်ပါသည်။ ထိုအချိန်တွင် မစိုးရိမ်တိုက်ဟောင်းတွင် စာလိုက်နေသော ဦးပဉ္စင်း ဦးဝိမလသည် မြိုသာအုတ်ကျောင်း(ငွေ့ကုန်းကျောင်းဟုလည်း ခေါ်သည်)မှ ဆရာဘုန်းကြီးဦးဝါယမ ပျံတော်မူသဖြင့် ဆရာ၏ အရိုက်အရာကို ဆက်ခံရသောကြောင့် အုတ်ကောင်းကျောင်းထိုင် ဆရာတော်ရသောကြောင့် အုတ်ကျောင်းကျောင်းထိုင်ဆရာတော် ဖြစ်နေပေပြီ။ ထိုအုတ်ကျောင်းမှ ဦးဝိမလကိုပင် သွား၍ လှူဖြစ်ပါသည်။ ဒုတိယသင်္ကန်းလှူခဲ့သောနေ့ကို ယခုထိ မှတ်မိနေပါသေးသည်။ အမေကောင်းက အားရဝမ်းသာနှင့် ရွာထဲမှ ဆွေမျိုးများ မေကြီးကေစု၊ မေမေကြည်(ရွှေရင်နှစ်၏အမေ)၊ ဒေါ်ဒေါ်ကြီး(ဒေါ်သန်းမို)၊ ဒေါ်ဒေါ်ကြွေ(မြိုသာမရာထိုး၏အမေ)၊ မမခင်အေး၊ မမခင်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သိန်း စသည့် ဆွေမျိုးများ၊ မြောက်ရပ်ထဲမှ ဦးဝိမလ၏ အစ်မ မမစံရီ စျေးတန်းမှ အမေမြင့်(ဒေါ်စန္ဒာ)တို့ကို ဖိတ်ကြား၍ ချိုချဉ်သကြားလုံးထုပ်ကလေး နှစ်ထုပ်ဝယ်ကာ အုတ်ကျောင်းသို့ သွား၍ သင်္ကန်းလှူဒါန်းပွဲ ကျင်းပခဲ့ကြပါသည်။ တူဖြစ်သူ ဘုန်းတော်ကြီး ဦးဝိမလက လည်း ဝမ်းသာနေပါသည်။ လိုက်ပါလာသော ဆွေမျိုးများကလည်း ဝေဂုပေး သည့် သကြားလုံးကလေးများကို ဝမ်းသာအားရ ခွာစားကြပြီး သာဓု အကြိမ်ကြိမ်ခေါ်ဆိုခဲ့ကြပါသည်။ အနှံတီအေးကြီးကိုလည်း သိတတ်သည်၊ တော်သည်၊ လိမ္မာသည်၊ ဝိုင်းဝန်းချီးကျူးခဲ့ကြသည်ကို ယခုထိ အမှတ်ရနေမိပါသည်။

ထိုသင်္ကန်းနှစ်စုံ လှူခဲ့ရသည်ကိုတော့ စိတ်ဝယ်ထင်ထင် ယခုထိ မှတ်မိနေဆဲဖြစ်ပါသည်။ နောက်နှစ်များမှာတော့ တဖြည်းဖြည်းချင်း တိုး၍ တိုး၍ လှူဒါန်းနိုင်လာခဲ့ပါသည်။ ချက်ခြင်းကြီး တိုးတက်ပြောင်းလဲလာရသည်မဟုတ်ဘဲ တစ်နှစ်ထက် တစ်နှစ် ကြီးစားရင်း ကြိုးစားရင်းနှင့်မှ ယ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ၉ ရက်၊ ၉ လ၊ ၁၉၉၉ တွင် ပင့်ပြီး ဆွမ်းကပ်ရာ ဝတ္ထုဂွေ (၃၀၀) တစ်နှစ်ထက် တစ်နှစ် ကြီးကြီးလာခဲ့ပါ သည်။

ကျော်ကူဘုရားကြီး၏ တန်ခိုးတော်ကို အများသိရှိခဲ့ရသဖြင့် နှစ်စဉ် ၉ ရက် ကျပ်သာ လှူနိုင်ခဲ့ပါသည်။ လူပရိသတ် (၂၅) ယောက်ခန့်သာ ကျွေးနိုင်ပါသည်။ ဆရာတော်ကြီးများကို ဝတ္ထု

ရွာသူကြီး မုတ်မုတ်ထင်ထင် ဖြစ်စေ တစ်နှစ်ပြီးတစ်နှစ် ဘုရားကြီးတန်ခိုးတော် ဂွေ သုံးသိန်းကျပ်အထိ လှူနိုင်လာသည် ရွာသို့ ရွှေ့ခဲ့သော (၁၄) နှစ်ခန့်မှစ၍ ကလည်း ကြီးသထက် ကြီးလာပြီး မှာ နှစ်နှစ်ရှိပေပြီ။ နှစ်စဉ် ရွှေကံကူ ဗုဒ္ဓ ဘဝဖြစ်ခဲ့ပါသည်။ ပထမဦးဆုံး ကလည်း နေ့စဉ် အကျင့်စရိုက်များ ကုသိုလ်ယူသည့်အပြင် ကြားထဲတွင် အစု ခုနှစ်က ဆရာတော် (၅) ပါး တိုးတိုးလာသဖြင့် အလှူပွဲမှာလည်း လည်း ကြုံသည့်နေရာတွင် ကြုံသလို



www.burmeseclassic.com

www.burmeseclassic.com

လူနှိုင် ကုသိုလ်ယူနိုင်နေပေပြီ။ ကျွန်ုပ်
ငယ်ငယ်က တီဗီထဲတွင် မင်းကွန်းဆရာ
တော်ဘုရားကြီးမှ သံဃာတော်များစွာ
အား ခါးပန်းကြိုးအစုံ (၁၀၀၀) လူ
သည်ဆိုသည့်သတင်း၊ သာမည်ဆရာ
တော်ကြီးမှ ကြွလာသမျှ သံဃာတော်
များကို ဆွမ်းကပ်၍ သင်္ကန်းတော်များ
ဝတ္ထုငွေများလူခါန်းသည့် သတင်းများ
ကို ကြည်ညိုရသည့်အခါ ထိုဆရာတော်
ကြီးများ လူသကဲ့သို့ လူခါန်းလိုသော
ဆန္ဒများ တဖွားဖွား ပေါ်ပေါက်ဖူးပါသည်။
(၂၈ ·၁၁ ·၂၀၁၆) နေ့က
ထိုဆန္ဒပြည့်ခဲ့ပေပြီ၊ မစိုးရိမ်တိုက်ဟောင်း
မှ စာသင်တိုက်များမှ တိုက်အုပ်ဆရာ
တော်ကြီးများ စာသင်သားသံဃာတော်
များကို တစ်ကျောင်းလုံးစာ သင်္ကန်း
ပေါင်း (၄၄၁) စုံ လူခါန်းလိုက်ရသည့်
အတွက် ဝမ်းသာပီတိအထူးဖြစ်မိပါသည်။
ကျွန်ုပ်တို့က ခရီးထွက်နေရသဖြင့်
သင်္ကန်းများကို ရက်ဝေးကတည်းက
ကြိုတင်မှာထားရပြီး မန္တလေးမြို့သို့ ပြန်
ဝင်မှ သွားကာယူရပါသည်။ အိမ်တော်
ရာဘုရား အရှေ့စောင်းတန်းမှ "မင်း
သီဟ" သင်္ကန်းတိုက်မှာ ဝယ်ယူပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ပိုင်ရှင်မှာ ရန်ကုန်မြို့မှ သမ္မတ
သက်နှံးတိုက်မှ ဒေါ်ကြည်ကြည်ဆွေ၏
ညီမဖြစ်ပါသည်။ အင်္ဂလိပ်လို ၂၇ ရက်
နေ့မှ နောင်ချိုမြို့မှ မန္တလေးမြို့သို့ ပြန်
ကြွလာရသဖြင့် ၂၈ ရက်နေ့ နံနက်သို့
သွားရပါသည်။ လိုက်ပို့သူမှာ ကိုဝင်းနိုင်
(ရွှေသီး၄) ဖြစ်ပါသည်။ သက်နှံးများက
များလှသဖြင့် လိုက်ထရပ်ကားဖြင့် တင်

ရပါသည်။ ကိုအေးကိုကိုသွန်းမှ ၎င်း၏
ကားဖြင့် ကူညီကာ တင်ပေးပါသည်။
ကျွန်ုပ်နှင့် အန်တီအေးကြီးတို့
က ကားပေါ်မှ ဆင်းလာချိန် မင်းသီဟ
မှ ဆိုင်ရှင်များကလည်း ရှိသေစွာ ထွက်
ကြိုနေကြပါသည်။ ကျွန်ုပ်တို့ သက်နှံးဖို
ငွေများ ချေပြီး သက်နှံးများကို ကားပေါ်
တင်နေချိန်တွင် ကားနားတွင် ရပ်စောင့်

နေသော မောင်ဝင်းနိုင်အား မျက်နှာချင်း
ဆိုင် သက်နှံးဆိုင်မှ ပိုင်ရှင် အဘိုးကြီး
က လက်ယက်ခေါ်ပြီး "ခုနဘွားတော်
ကြီးက ဘယ်ကလဲ။ သက်နှံးတွေ ဝယ်
တာ များလှချေလား။ မစိုးရိမ်တိုက်
ဟောင်းလား၊ တိုက်သစ်သား" ဟု မေး
ပြီး "တိုက်ဟောင်း"ဟု ပြန်ဖြေသော
အခါ "ဒါဆိုရင် နောက်ထပ် နှစ်ထုပ်

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

လောက်ပဲ တင်ရတော့မယ်" ဟု ပြော သည်ဟု သိရပါသည်။ ဆာလာအိတ်ကြီး တစ်အိတ်လျှင် သက်နှံးအစုံ (၅) ထည့် ထားသဖြင့် အစုံ (၅၀) ပါ (၈) အိတ် နှင့် အစုံ (၄၀) ပါ တစ်အိတ် ပေါင်း (၉) အိတ်ဖြစ်ပါသည်။ (100+) ဟန် ဒရက်ပလပ်စ အချိုရည်များကလည်း ဘူး (၄၈၀) ကားပေါ်တင်ထားသဖြင့် ဦးအေးကိုကိုသွန်း ကားကြီးမှာ သက်နှံး ထုပ်ကြီးများ၊ အချိုရည်ဘူးများနှင့် ပြည့် နေပေတော့သည်။

ကျွန်ုပ် ရေးခဲ့ဖူးသော "မသေ ခင် ဘဝပြောင်းသွားခြင်း" ဆိုသည့်အထဲ တွင်ပါသည့် အိမ်တော်ရာစေးတန်းတွင် တစ်ချိန်က မျက်နာငယ်စွာဖြင့် နေရာ ထိုင်(နိသိဒိုင်)လေးများကို လာပြီး ရောင်းခဲ့ရသည်ကို ပြန်လည်အမှတ်ရ မိလာပြန်ပါသည်။ ထိုစဉ်က ကျွန်ုပ်မှာ ဆိုင်ရှင် အမျိုးသမီးပြောသမျှ ဆိုသမျှ ကို မျက်နာငယ်ငယ်၊ မျက်ရည်ဝဲဝဲနှင့် အံကြိတ်ကာ ခံခဲ့ရဖူးပါသည်။

ယခုအချိန်မှာတော့ သက်နှံး တော်များစွာကို ဝယ်ယူလှူဒါန်းနိုင်သော သာသနာပြုပုဂ္ဂိုလ်၊ အလှူရှင်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နှင့် အများက သတိထားမိကာ ဦးဝိစိတ္တသာရ ဘိဝံသသည် မန္တလေး ကျောင်းတော်ကြီးမှ အရှင်ပဉ်စောင့်ခေ
လေးစားအားကျခြင်း ခံရသူတစ်ဦး ဖြစ် တိုင်း သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော် ကြပါသည်။ ကျွန်ုပ်တို့မှာ ညည့်သည်
နေပေပြီ။ နံနက်ခင်းပိုင်းကတည်းက ကြီး ဖြစ်ပါသည်။ ညနေခင်း သုံးနာရီတွင် ရောက်နေ၍ အနည်းငယ် နောက်ကျ
သင်္ဘန်းတော်များကို မစိုးရိမ်တိုက် လာခဲ့ပါမည်ဟု မနက်က လျှောက်ထား မှ ရောက်သွားရပါသည်။ ကျွန်ုပ်တို့အ
ဟောင်းသို့ ပို့ထားခဲ့ကြပြီး ညနေခင်း ခဲ့သဖြင့် ညနေ သုံးနာရီတွင် ကျောင်း ရောက်သွားပြီး ခဏနေလျှင် ဆရာတော
ပိုင်းမှ ရွှေကံကူသာဝကအချို့နှင့် သွား တိုက်များမှ တိုက်အုပ်ဆရာတော်ကြီးများ ကြီးများထံမှ သီလခံယူတောက်တည်
၍ လှူဒါန်းခဲ့ကြပါသည်။ နှင့် စာသင်သား (၅၀) ခန့်တို့မှာ သင်္ဘန်းတော်များ လှူဒါန်းကာ အ

ထိုကျောင်းမှ ဆရာတော် ကျောင်းဒကာကြီး ဦးသက်ရည်၏ ရွှေ အတမ်းဝေခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

မစိုးရိမ်ဆရာတော်ကြီးများထဲ ကသီလမရှိသော သံဃာကို မိမိ စိတ် ဝေပေးပါသည်။ ကျောင်းခွဲများအတွက်
အတိဒေဝဲရ မဟာရဋ္ဌဂုရု သက်တော် ကသံဃာဂုဏ်ကို ရည်မှန်း၍ လှူဒါန်း သက်ဒ်းများ အစုလိုက် အပုံလိုက် ပုံ
ဆရာတော်ကြီးမှ သီလပေးပါသည်။ ပူဇော်လျှင်လည်း ကုသိုလ်တရား ထားပြီး နံပါတ် (၁) ဘယ်ကျောင်းဆရာ
ဆရာတော်ကြီးမှ သံဃာဂုဏ်ရည် မလျော့ကြောင်း။ တန်းတူရရှိကြောင်း တော် ဆိုလျှင် ကျွန်ုပ်တို့မိသားစုနှင့်
ပေးကြားပါသည်။ နောင်အခါ သံဃာတော်အရှင်သူမြတ်တို့က အလေး သာဝကများက ထိုဆရာတော်နှင့်
သီလ မရှိတော့သည့် ရဟန်းများ ထားကြောင်းတရားကို ပေးကြားတော် ဦးပဉ္စင်းများကို လှူကြရပါသည်။ လိုက်
သံဃာအဖြစ် ကိုးကွယ်ကြရ မူပါသည်။ ပါလာကြသော သာဝကများကိုလည်း
ဖြစ်ကြောင်း။ သို့သော် ဘုရားရှင် ထို့နောက် ရေစက်ချ အမျှ မလှူရ မရှိအောင် အကုန်ခေါ်ခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

လူ့တန်းကြရပါသည်။

ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာကြသော အဘိုးဦးကျော်ဝင်း၊ အတွားဒေါ်နီနီကြည်၊ ကိုဝင်းနိုင်(ရွှေသီး ၄) + မနှင်းနှင်းအေး၊ ကိုသိန်းလင်း + မခင်စုမာ၊ ရှေ့နေကြီးဦးသိန်းထွန်း + ဝါမောက္ခဆရာမကြီး ဒေါ်ခင်စန်းမြင့်၊ ဟန်ကွေစီ၊ မသီ၊ ကိုမျိုးသိန်း + မနွယ်နီဝင်း အားလုံးလည်း ဝမ်းသာပီတိ ဖြစ်နေကြပါသည်။

ပြန်ခါနီးတွင် ဆရာတော်ဦးဝိစိတ္တအား သီးသန့်သက်နှံးတစ်စုံလှူ၍ မုန့်ခြင်းနှင့်တကွ ကန်တော့နှုတ်ဆက်သောအခါ ဆရာတော်ကြီးမှ မယ်တော်ကြီး ဒီကျောင်းဝင်းထဲမှာ ငါးထပ်ကျောင်းကြီး လာဆောက်ပါဟု မိန့်ကြားတော်မူလိုက်သောအခါ ကျွန်ုပ်တို့အားလုံး အံ့သြဝမ်းသာသွားကြပါသည်။ ဆရာတော်ကြီးထံသို့ မန္တလေးမြို့မှ သူဌေးကြီးများက ထိုကျောင်းဝင်းထဲတွင် ကျောင်းဆောက်ချင်၍ လာလျှောက်ကြရာ မည်သူ့ကိုမျှ လက်သင့်မခံခဲ့ကြောင်း သိထားရှိဖြစ်ပါသည်။

ကျွန်ုပ်က တပည့်တော် ကြီးစားပါမည်ဘုရား ဟု လျှောက်ထားလိုက်ပါသည်။ ၂၉ ၊ ၁၁ ၊ ၂၀၁၆ နေ့သည် ဆရာတော်ကြီး၏ (၇၁) ၏နှစ်ပြည့် ဝိဇာတမွေးနေ့ဟု သိရပါသည်။ (၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့တွင် ဆရာတော်မိန့်သည့် ငါးထပ်ကျောင်းကြီး ပန်းတိုင် မင်္ဂလာလုပ်နိုင်အောင် ကြိုးစားပါမည်။ (၃၊ ၁၂၊ ၂၀၁၆) ရက်နေ့တွင် မြို့သာ မွေးရပ်မြေတွင် စာသင်ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်လှူဒါန်းကြမည်ဖြစ်ပါသည်။ အတန်းကျောင်းဆိုသည်မှာ လောကီပညာရပ်ဖြစ်ပါသည်။ ဘုန်းကြီးကျောင်းတွင် ကျောင်းဆောင်ဆောက်လှူရမည်မှာ သာသနာတော်ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် စာသင်သားသံဃာတော်များ ပေါ်ထွက်လာရေးအတွက် ဖြစ်ပါသည်။ လောကုတ္တရာပညာတိုးတက်ရေးပင် ဖြစ်ပေတော့သည်။

အချုပ်အားဖြင့် ဆိုရသော် သက်နှံးလေး နှစ်စုံမှ စတင်ခဲ့သော အလှူသည် ယခုအခါမှာတွင် သက်နှံး အစုံ များစွာ များစွာဖြင့် အခြားသော သာသနာအတွက် လိုအပ်သော နေရာများကိုလည်း လှူဒါန်းနိုင်ကာ မိမိစွမ်းသမျှ သာသနာတော်ကြီးကို ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်း၍ သံသရာအေးရန်လည်း သီလတရား၊ ဘာဝနာတရားများကို ကြိုးစားအားထုတ်လျက် မိမိနှင့် တွေ့သမျှ ကြုံသမျှ ဓမ္မမိတ်ဆွေများကိုလည်း မိမိသိသမျှ ဓမ္မအသိအမြင်များကို ဖြန့်ဝေနိုင်ပြီဖြစ်သဖြင့် "ယူဇနာတစ်သန်းခရီးသည်လည်း ခြေတစ်လှမ်းမှပင် စရပါသည်" ဟု တင်ပြလိုက်ရပါကြောင်း။

ဖြူစင်မေတ္တာဖြန့်ဝေပါသည်။

**ရွှေက်ကူသာသနာပြုမယ်တော်ကြီး**



www.burmeseclassic.com

www.burmeseclassic.com

တို့ဘာသာ တို့သာသနာ

# ရေလိုအေး၊ ပန်းလိုလန်း၍ ဘုန်းမီးနေလတောက်ပစေဖို့

## ရွှေကုံကူသာသနာပြုမယ်တော်ကြီး ရေးသားပူဇော်သည်



www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ်မဂ္ဂင်း ကြီး၌ ကျွန်ုပ်ရေးသားခဲ့သော ဆောင်းပါး များမှ ကျင့်စဉ်တော်များကို ဖတ်ရှု မှတ်သားပြီး လိုက်ပါကျင့်ဆောင်သူများ ထံမှ ဝမ်းသာစရာ အောင်မြင်မှုသတင်း များကို ပြန်ကြားရသဖြင့် အတိုင်းမသိ ဝမ်းမြောက်မိပါသည်။ မိမိအောင်မြင် သလို အားလုံးသော ဓမ္မမိတ်ဆွေများကို လည်း အောင်မြင်စေ၊ တိုးတက်စေသော စေတနာဖြင့် ဖြန့်ဝေပေးခြင်းကြောင့် လည်း မိမိ၏စေတနာ အရာထင်သဖြင့် လည်း ဝမ်းသာအားတက်ပါသည်။

ယခင်နှစ်များက ဘုရားရှင်ကြီး ကြွရောက်ရာအရပ် တော်တော်များများ တို့တွင် ဓာတ်ကြီးလေးပါး ဆွမ်းတော် ကပ် အလှူကို မကြာ မကြာလုပ်ဆောင် ဖြစ်ပါသည်။ မကြာသောနှစ်များကစ၍ ခင်ပွန်းကြီးဆယ်ပါးကန်တော့ပွဲများကို ဆောင်ရွက်ပေးလာသည်ဌာ ယခုအခါမှ အထိ ဖြစ်ပါသည်။ ခင်ပွန်းကြီးဆယ်ပါး



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့ပွဲနှင့်အတူ လုပ်ပေးဖြစ်သော အလင်းလမ်းများ လှူဒါန်းကာ ပဋ္ဌာန်း ဝမ်းမြောက်ဖွယ် တွေ့မြင်နေရပါသည်။
ကျင့်စဉ်တော်တို့မှာ ပြီးခဲ့သည့်လက တရားဖြင့် ပူတော်ခြင်းကျင့်စဉ်တော်ကြီး ဤကျင့်စဉ်ကို ကျွန်ုပ်ကစ၍ တီထွင်ခဲ့
ဖော်ပြပေးခဲ့သော ရတနာဒီပအလင်းတိုင် ပင် ဖြစ်ပါသည်။ ရေလမ်း၊ ပန်းလမ်း၊ သည်တော့ မဟုတ်ပါ။ မည်သူကစ၍
ထွန်းညှိပူတော်နည်းနှင့် ယခုရေးသား အလင်းလမ်းကို အခြားသောမမှမိတ်ဆွေ ပူတော်ခဲ့သည်ကိုလည်း မသိပါဟုရိုးသား
ဖော်ပြပေးမည့် ရေလမ်း၊ ပန်းလမ်း၊ များလည်း လှူဒါန်းပူတော်နေကြသည်ကို စွာ ဝန်ခံရပါမည်။ သို့သော် လှူဒါန်းသော

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းနှင့် ပူဇော်သော တရားခမ္မများက ကောင်းမွန်သင့်မြတ်လှသောကြောင့် ကျွန်ုပ်က မွမ်းမံ၍ ဆုတောင်းပတ္ထနာ မြွေခြင်းများ ထပ်ဖြည့်ထားခြင်း ဖြစ်ပါသည်။

မြို့ရွာတော်တော်များများ ဘုရားကြီးပင့်သော အိမ်များတွင် ည ဂ နာရီခန့်မှ စတင်၍ ပူဇော်ပေးပါသည်။ ရေလမ်း၊ ပန်းလမ်း၊ အလင်းလမ်းဖြစ်သောကြောင့် ရေတော် (၂၄) ခွက်၊ အောင်ပန်း (၂၄) ပွင့်၊ ဖယောင်းတိုင် (၂၄) တိုင်ကို ပုံထဲတွင် ဖော်ပြထားသည့်အတိုင်း စီထားရပါမည်။ ပန်း (၂၄) ပွင့်ကို မစီနိုင်လျှင်လည်း ပန်းကုံး (၂၄) ကုံးကို အတန်းလိုက်ကလေး





www.burmeseclassic.com

www.burmeseclassic.com

ထား၍ ရပါသည်။ လှူဖွယ်ဝတ္ထုပြည့်စုံ လျှင် အချိန်ကျသည်နှင့် ဖယောင်းတိုင် မီး ထွန်းညှိရပါမည်။ ဖယောင်းတိုင် မီး မထွန်းမီ "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" သုံးကြိမ် ရွတ်ဆို၍ ဖယောင်းတိုင်တစ်တိုင်စီကို ဟေတုပစ္စယောမု စ၍ အဝိဂတပစ္စယော အထိ (၂၄) ပစ္စည်းများ ရွတ်ဆို၍ (၂၄) တိုင်ကို ထွန်းညှိရပါမည်။ ဖယောင်းတိုင်မီးများ ထွန်းညှိ ပြီးလျှင် ပုတီးစိပ်မည်၊ ပဒ္ဓာန်းရွတ်မည် (၇) ရက်သားသမီး၊ ယောဂီများသည် လှူဖွယ်များ ပြင်ဆင်ထားသည့် စားပွဲ ကို ဝိုင်းကိုင်ပြီး ကျက်သို့ လှူဒါန်းကာ ဆုတောင်းကြရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံး နမောတဿ သုံး အားကိုးပါ၏။ တိုးပွားစေအောင် ကြိုးစား အကျင့်ကောင်းများထဲမှ ရေလမ်း၊ ပန်း
ကြိမ် ရွတ်ဆိုပူဇော်ပြီးလျှင် "အရှင် နေပါ၏။ အကုသိုလ်၏ အပြစ်ကိုလည်း လမ်း၊ အလင်းလမ်း ပဌာန်းကျင့်စဉ်
ဘုရား...တပည့်တော်တို့သည် ရတနာ သိရှိကြောက်ရွံရှာပါ၏။ အကုသိုလ်များ တော်ဖြင့် ပူဇော်ကန်တော့မည် ဖြစ်ပါ၍
မြတ်သုံးပါးကို ဦးထိပ်ပန်ဆင်ပါ၏။ နည်းပါးအောင်လည်း ကြိုးစားအားထုတ် သန့်ရှင်းအေးမြကြည်လင်လှပါသော
ကုသိုလ်ကံ၏ အကျိုးကို ယုံကြည် နေပါ၏။ သို့ပါ၍ နိဗ္ဗာန်သို့ရောက်ကြောင်း သောက်တော်ရေ (၂၄) ခွက်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ကောင်း မွေးပုံသွင်းကြိုင် ရန်လှိုင်သော အောင်ပန်း (၂၄) ပွင့်ကိုလည်းကောင်း၊ အမှောင်ကို ခွင်း၍ အလင်းကို ဆောင် ယူသော အလင်းတိုင် (၂၄) တိုင်ကို လည်းကောင်း၊ (ဒေမိ) နိဗ္ဗာန်ကို ရည် မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား။ (ပူ ဇေမိ) နိဗ္ဗာန်ကို ရည်မြော်၍ ပူဇော်ပါ ၏ အရှင်ဘုရား။ ဖယောင်းတိုင် မီးမငြိမ်း မီကာလအတွင်း ပဋ္ဌာန်းတရားကြီးဖြင့် ပူဇော်ကန်တော့ကြပါမည် ဘုရား။ (ဤ နေရာ၌ ပဋ္ဌာန်းကျမ်းကြီးကို စာမျက်နှာ ပြီး နိဂ်သဒ္ဒလာက် ပူဇော်လိုက ပူဇော် နိဂ်ပါသည်။ ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသ စာအုပ်ဖြင့် မီးမငြိမ်းမချင်း ၂ ခေါက်ပြီး ပြီး၊ ၃ ခေါက်ပြီးပြီး ပူဇော်၍လည်း ရပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်ုပ်ကတော့ လူအများနှင့် တစ်လုံးချနှင့် ဖယောင်းတိုင် မီးမငြိမ်း ကြောင့် ဘုရားတပည့်တော်တို့အားလုံး ဆောင်ရွက်ရသဖြင့် အများရနိုင်သည့် မချင်း ပုတီးစိတ်ကြရပါသည်။ တစ်ခါ သည် သီတာရေစင်ကဲ့သို့ အေးမြ ဟောတုပစ္စယောမှသည် အဝိဂတပစ္စ တလေ ပုတီး ၁ ပတ်ခွဲ၊ ပုတီး ၂ ပတ် ကြည်လင်ချမ်းမြေ့ရပါလို၏ ဘုရား။ ယော အထိ ပဋ္ဌာန်းဥဒ္ဒေသ(အကျဉ်း) စသည်ဖြင့် ကြာပါသည်။) မိမိတို့၏ ကောင်းမြတ်သော သမ္မာဆန္ဒ ကိုသာ (၂၄) ပစ္စည်းလုံးပြီးမှ ပုတီး ဣကောင်းမှု ဣကုသိုလ်တို့ များဖြင့် ဆောင်ရွက်လုပကိုင်သော

www.burmeseclassic.com

www.burmeseclassic.com

အလုပ်မှန်သမျှ အောင်ပန်းမျှားရ ရပါ
လို၏ဘုရား။ ပန်းသတင်း လေညင်း
ဆောင်သကဲ့သို့ တပည့်တော်တို့၏
ကောင်းမြတ်သောဂုဏ်သတင်းကိုလည်း
လူချင်း၊ နတ်ချင်း ဆောင်ကြပါစေ
ဘုရား။ ဘဝအလင်းရောင်၊ ဉာဏ်
အလင်းရောင်၊ ကံဇာတာအရောင်

တောက်ပြောင်ကာ ဘုန်းမီးနေလ
တောက်ပရပါလို၏ ဘုရား။ ပဌာန်းတရား
တော်ဖြင့် ပူဇော်ရသောကြောင့် ပဲဌာန်း
တရားတော်ကြီးသည် သာသနာ၏ ရှေ့
တန်း ခံတပ်ကြီးဖြစ်ပါ၍ တပည့်တော်
တို့အားလုံး၏ စီးပွားရေး၊ ကျန်းမာရေး၊
ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊

သားသမီးများ၏ပညာရေး၊ အလုပ်အကိုင်
တို့တွင်လည်း အနှောင့်အယှက်၊ အဟန့်
အတား၊ အတိုက်အခိုက်များကို ခံတပ်
ကြီးသဖွယ် ကာကွယ်ပေးတော်မူပါ
ဘုရား။ ဘုရားရှင်ကြီးသည် သင်္ကွာန
စံတော်မူစဉ် စတုတ္ထသင်္ဂါယနာ
စံအိမ်တော်တွင် စံတော်မူသောအခါ




www.burmeseclassic.com

www.burmeseclassic.com

ပဌာန်းတရားတော်ကြီးကို အနုလုံ၊ ပဋိ
လုံဆင်ခြင်သုံးသပ်တော်မူသောအခါမှ
ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူး
တော်မူသောကြောင့် ပဌာန်းတရားတန်ခိုး
ကြောင့် ဘုန်းတန်ခိုးများ ကြီးမား
ထွန်းတောက်ကာ ကောင်းမြတ်သော
သူတော်ကောင်း ပဌာန်းဆက်များနှင့်သာ
ဆုံတွေ့ရပါလို၏ ဘုရား ဟု လျှောက်
ထားလျှုဒါန်းကာ ဆုတောင်းရပါမည်။

လျှုဒါန်းပြီးသည်နှင့် ပဌာန်း
ကျမ်းကြီးကို ပူဇော်ခြင်း (သို့) ပဌာန်း
ဥဒ္ဒေသနိဒ္ဒေဖြင့် ရွတ်ဖတ်ပူဇော်ခြင်း
(သို့) ပဌာန်း (၂၄) ပစ္စည်းပုတီးစိပ်နည်း
တို့ဖြင့် ငြိမ်သက်စွာ ထိုင်၍ ပူဇော်
ကန်တော့ကြရပါမည်။

ဖယောင်းတိုင်မီး မငြိမ်းမချင်း
အာရုံတစ်ပါး စိတ်မသွားစေဘဲ မိမိ၏
အဓိဌာန်ကို ပြီးမြောက်အောင် ဆောင်
ရွက်ကြရပါမည်။ ဖယောင်းတိုင် (၂၄)
တိုင်စလုံး ငြိမ်းသွားပြီးဆိုလျှင် မိမိ
ပူဇော်လက်စကို ရပ်လိုက်ပြီး အမျှဝေ

www.burmeseclassic.com

www.burmeseclassic.com

ကြရပါမည်။ ပဌာန်းကျမ်းကြီး ပူဇော်နေလျှင် စာမျက်နှာတစ်ဝက်ခန့် ဖြစ်နေလျှင်အပြီးထိ ပူဇော်ပါ။ ပဌာန်းနိဒ္ဒေသ ပူဇော်နေလျှင်လည်း ၂ ကြိမ်နှင့် စာအုပ်တစ်ဝက်ခန့်ဖြစ်နေသည်။ ၁ ကြိမ်နှင့် စာအုပ် သုံးပုံနှစ်ပုံခန့် ဖြစ်နေသည်ဆိုလျှင် အပြီးထိ ပူဇော်လိုက်ပါ။ ပုတီးစိပ်သူက တောရောက်တဲ့နေရာတွင် ရပ်ထားကာ အမျှအတမ်းဝေရပါမည်။

အမျှဝေရာတွင် တပည့်တော်တို့သည် ဘုရားရှင်ကြီးအား ရေလမ်း၊ ပန်းလမ်း၊ အလင်းလမ်း ပဌာန်းကျင့်စဉ်တော်ကြီးဖြင့် ပူဇော်ကန်တော့ကြတာ အောင်မြင်ပြီဖြစ်ပါ၍ ဤကောင်းမှုဤကုသိုလ်အား အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာရှိ ခပ်သမ်းကုန်သော ဖြဟ္မာဘုံ (၂၀)၊ နတ်ပြည် (၆) ထပ်၊ လူဘုံ အပါယ်လေးဘုံသား ဝေနေယျ သုခီတ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့အား နတ်ဖြဟ္မာအပေါင်းတို့အား အမျှ၊ အမျှ၊ အမျှပေးဝေငှပါ၏။ ဝမ်းမြောက်နမော်သာဓု ခေါ်ကြပါကုန်လော။ ကုသိုလ်အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။ သာဓု၊ သာဓု၊ သုံးကြိမ်။

ဤတွင် ရေလမ်း၊ ပန်းလမ်း၊ အလင်းလမ်း ပဌာန်းကျင့်စဉ်တော်ကြီး အောင်မြင်ပြီး မြောက်ပေပြီ။ ဤကျင့်စဉ်တော်ကို ပူဇော်ခြင်းအားဖြင့် ရေလိုအေး၊ ပန်းလိုလန်းပြီး ဘုန်းမီးနေလများ တောက်ပကြကာ ကောင်းမြတ်သော လိုအင်ဆန္ဒများ အမှန်ပြည့်ဝကြပေတော့မည် ဖြစ်ပါသတည်း။

ဖြူစင်မေတ္တာ ဖြန့်ဝေပါသည်။

**ရွှေကံကူသာသနာပြုမယ်တော်ကြီး**

www.burmeseclassic.com

www.burmeseclassic.com



သီသင့်ပါသည်

# ပဒိုဿန္ဓေလေးမျိုးနှင့် သေခြင်းတရားလေးပါး

ရွှေမျှင်သန်း

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

လူဖြစ်စေ၊ သတ္တဝါဖြစ်စေ။

စုတေ သေလွန်ပြီးနောက် ကံအားလျော်စွာ ဘဝသစ်၌ ပထမဆုံး စိတ်စေတသိတ်နှင့် ရုပ်များဖြစ်ကြလေ၏။ ထိုပထမဆုံးဖြစ်သော စိတ်စေတသိတ် ရုပ်များကိုပင် (ပဋိသန္ဓေ) မြန်မာလို ပဋိသန္ဓေ တည်နေခြင်းဟု ခေါ်ပါသည်။

၎င်းပဋိသန္ဓေဟူသော ပါဠိစကား၌ (ဘဝဟောင်းအပြတ်တွင်) ဘဝသစ် ဆက်စပ်၍ ဖြစ်ခြင်းဟု ဆိုလို၏။ ထိုအခါ ယင်းပဋိသန္ဓေ စိတ်စေတသိတ် ရုပ်များသည် ကံကြောင့်ဖြစ်ရ၍ ကံအမျိုးမျိုးလိုက်ကာ။

၁။ ဩပပါတိကပဋိသန္ဓေ

၂။ သံသေဒဇပဋိသန္ဓေ

၃။ အဏ္ဍဇပဋိသန္ဓေ

၄။ ဇလာဗုဇပဋိသန္ဓေဟု လေးမျိုး ပြထားပါသည်။ ၎င်းလေးမျိုးတို့ကတော့

(၁) ဩပပါတိကပဋိသန္ဓေ (ခန္ဓာကိုယ် အထင်အရှားဖြစ်သော ပဋိသန္ဓေကတော့ (နတ်၊ ဗြဟ္မာ၊ ငရဲသား။ ပြိတ္တာ၊ အသူရကာယ်တို့သည် အမိဝမ်းတွင်း၌ အောင်းစရာမလိုဘဲ ပဋိသန္ဓေ စိတ်စေတသိတ် ရုပ်များဖြစ်သည်နှင့် တစ်ပြိုင်နက် သူတို့နေရမည့် (ဗိမာန်တောတောင်၊ မြစ်၊ သမုဒ္ဒရာလမ်း စသော အရပ်များတွင် သူတို့၏ နဂိုရှိ အရွယ်အတိုင်း ကြီးကြီးမားမား အထင်အရှား ပေါ်ပေါက်သွားခြင်း ဖြစ်ပေ၏။

ထို့အတူ ကမ္ဘာဦးလူများသည်လည်း ဤဩပပါတိက ပဋိသန္ဓေ နေသူများပင် ဖြစ်ပေ၏။ ၎င်းပဋိသန္ဓေကိုပင် (ဥပပါတ်ပဋိသန္ဓေ)ဟုလည်း ခေါ်ဆိုကြပြန်သေး၏။

(၂) သံသေဒဇပဋိသန္ဓေ

ငြိတွယ်ခြင်းဖြစ်လောက်သော အရပ်တို့၌ ကပ်ငြိတွယ်တာ၍ ဖြစ်ရသော ပဋိသန္ဓေတည်း။ ဤသံသေဒဇ ပဋိသန္ဓေသည် အလွန်သေးငယ်သော အရွယ်မှစ၍ တဖြည်းဖြည်း ကြီးထွားလာရ၏။ (ပိုးလောက်)စသော သတ္တဝါတို့သည် မဇ္ဈိမပြဲ၊ ငါးပြဲ စသော ပြဲနံသော အရာဝတ္ထုများဝယ် ငြိတွယ်ကြရသလို တခြားသော သစ်ပင်၊ ပန်းမန်တို့ကို မှီကပ်၍လည်း ငြိတွယ်ကာ လူဖြစ်လာရသူတွေ ရှိကြသေး၏။

ပဒုမဝတီ မိဖုရားသည် ပဒုမာကြာပန်းတွင် ငြိတွယ်ကာ လူဖြစ်ရ၏။ (ဝေဠုဝတီမိဖုရားသည် ဝါးလုံးအတွင်းဝယ် ငြိတွယ်၍ လူဖြစ်ရ၏။ ဘုရားကို စွပ်စွဲသော) စိဉ္စမာနခေါ် စိဉ္စမာနဝိကာသည် မန်ကျည်းပင်ကို ငြိတွယ်၍ လူဖြစ်ရ၏။ ဤသို့ စသည်ဖြင့် သံသေတေဇ ပဋိသန္ဓေနေသော သန္ဓေသူလူတွေသည် အတော်များစွာ ရှိကြသေး၏။

(၃) အဏ္ဍဇ ပဋိသန္ဓေ အမိဝမ်းတွင်းတယ် ဥခွံ၌ ဖြစ်ရသော ကြက်၊ ငှက်၊ မြွေ စသော သတ္တဝါများပင်ဖြစ်၏။ ဇာတ်နိပါတ်ရာဇဝင်များ၌ လူဇာချိုတို့သည် နဂါးမနှင့် အကြောင်းပါ၍ အဏ္ဍဇပဋိသန္ဓေ တည်နေပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com

လူသတ္တဝါ ဖွားမြင်ကြောင်း အဆိုရှိလေ
သေး၏။

(၄) ဇလာဗုဇ ပဋိသန္ဓေလာတော့
အဓိပ်ပါးတွင်း သားအိမ်၌ ဖြစ်ကြရသော
လူ၊ မြင်း၊ ကျွဲ၊ နွား၊ ခွေး စသော
သတ္တဝါတို့နှင့် ဘုမ္မဇိဝ်း ရက္ခဇိဝ်းဟု
ခေါ်ရသော အောက်နတ်တို့တွင် တချို့
နတ်များလည်း ဇလာဗုဇ ပဋိသန္ဓေ
နေကြရကုန်သည်ဖြစ်၏။ (အဏ္ဍာဇနှင့်
ဇလာဗုဇ) နှစ်ပါးကိုပင်၊ (ဂဗ္ဘသေယျက၊
ပဋိသန္ဓေ နေသူများဟုလည်း ခေါ်၏။
(ဂဗ္ဘ) အဓိပ်ပါး၌ သေယျက ကိန်းရသူ)
ဆိုပါစို့။

ထိုသို့ ပဋိသန္ဓေလေးမျိုး
ပြားသွားပြန်တော့ လူသားတွေအတွက်
ကိုယ်ဝန်တည်ခြင်း ရှစ်ပါးရှိသည်ဟု
ဆိုပြန်၏။ ပဋိသန္ဓေတည်ခြင်း ရှစ်ရပ်ဟု
လည်း ခေါ်နိုင်ပေ၏။

၁။ (မေဓုန) နှစ်ပါးစုံ ပေါင်းဖော်
ခြင်း။

၂။ (ဝေါဋ္ဌက) သုတ်လူးပုဆိုးကို
စုတ်ယူခြင်း။

၃။ (ကဗ္ဗာယဆဲသဂ္ဂ ကိုယ်လက်ကို
သုံးသပ်ခြင်း။

၄။ နာဘိပရာမသန ချက်ကို
သုံးသပ်ခြင်း။

၅။ ပါန သုတ်ရှိသော ကျင်ငယ်
ရေကို သောက်မိခြင်း။

၆။ ဒဿန အဆင်းကိုမြင်၍
တပ်မက်ခြင်း။

၇။ သဝန။ အသံကို ကြား၍
တပ်မက်ခြင်း။

၈။ ဃာယန။ အနံ့ကို နံ၍
တပ်မက်နှစ်သက်ခြင်းကို
ဖြစ်ပေ၏။

ထိုစဉ်အခါမှာ သေခြင်း
အကြောင်းတရား (လေးပါး) ဆိုပြန်တာ
ကတော့...

၁။ အသက်တန်းကုန်၍ သေ
ခြင်း

၂။ ကံအစွမ်းကုန်၍ သေခြင်း

၃။ အသက်ကံ နှစ်ပါးစလုံးကုန်၍
သေခြင်း

၄။ ဥပစ္ဆေဒကကံ သူတစ်ပါး
လူအများသတ်လို့ သေခြင်းဝဋ်ဖြစ်ပေ
သည်။ ထိုစဉ် ၎င်းအချက်ကိုပင် ဆီမီး
ခွက်နှင့် နှိုင်းယှဉ်ပြထားပါသေး၏။

၁။ ဆီကုန်လို့သေခြင်း

၂။ မီးစာကုန်လို့သေခြင်း

၃။ ဆီမီးစာကုန်၍သေခြင်း

၄။ ဆီမီးစာရှိပါလျက်နှင့်
လေပြင်း တိုက်၍သေခြင်း။ ငြိမ်းခြင်းဖြစ်
စေနိုင်ပေ၏။ ဒါကတော့ သေခြင်းခြင်း
အကြောင်းတရား လေးပါးကိုပင်
ဆီမီးခွက်ဖြစ်စေ၊ ဖယောင်းတိုင်ဖြစ်စေ
၎င်းအရာတွေနှင့် ခိုင်းနှိုင်းပြသခြင်း
ဖြစ်ပေတော့၏။

ထိုသို့ သေခြင်းအကြောင်း
တရား လေးပါးနှင့်အတူ သေခြင်း
အကြောင်း၌ သေခြင်းကို မသိခြင်း
အကြောင်းတရားလေးပါး ရှိတယ်ဟု
လည်း ဆိုပြန်သေး၏။

အဲဒါတွေကတော့

၁။ ဘယ်နေ့၊ ဘယ်ရက် သေမှန်း
မသိသလို။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်နေရာ၊ ဘယ်ဒေသမှာ နှင့် သေရမှန်းမသိ၍ မျှ မသိနိုင်ကြပါပေဟု ဗုဒ္ဓ
သေရမှန်းလည်း မသိပါ။ ၄။ ဘယ်အချိန်နာရီမှာ သေရ ဘုရားက မိန့်ဆိုပါ၏။
၃။ ထို့အတူ။ ဘယ်ရောဂါဝေဒနာ မည် ဆိုတာကိုလည်း မည်သူ **ရွှေမျိုင်သန်း**


ဆရာမကြီး

# ဒေါ်ခိုနိုးယဉ်

မားတံဆိပ်

# နှတ်ဖျားဆေး

အမှတ်-၁၉/၂၁၊ကျောင်းလမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

တိုင်းရင်းဆေးဝါးယာယီမှတ်ပုံတင်အမှတ် - 0610Y008484




အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

သစ္စာလေးပါးမြတ်တရား

# မနောဖြူဇလွန်
# အချိန်မီလေး ကျေးဇူးဆပ်ပါ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် (သာဝတ္ထိဆိုတာက ဘုရားရှင် ၄၅ ဝါ ကာလတစ်လျှောက်မှာ ၂၅ နှစ်တိုင် ဝါဆိုဝါကပ် သီတင်းသုံးခဲ့တဲ့အတွက် သာဝတ္ထိပြည်ကြီးဟာ အလွန်ကိုက်ကောင်းတဲ့ ပုဂ္ဂိုလ်တွေ စုဝေးတဲ့နေရာဆိုရင် မှန်ပါတယ်။ သာဝတ္ထိပြည်သူ၊ ပြည်သားတွေဟာ ခုနစ်ကုဋေမှာ ငါးကုဋေဟာ အရိယာဖြစ်ကြပါတယ်။ ကျန်တဲ့ နှစ်ကုဋေကို သုံးပုံပုံရင် နှစ်ပုံက သရဏဂုံတည်ကြပြီး ကျန်တဲ့ကတစ်စုတစ်ပုံလောက်သာ အနည်းငယ်မျှ အသိတရားမကိန်းတဲ့ လူမိုက်လောက်ပဲ ကျန်တာပါ)။

ဘုရားရှင် လက်ထက်က တရားစခန်းတွေ မရှိခဲ့ပါဘူး။ မြတ်စွာဘုရား ဟောကြားတဲ့ တရားတွေကို အားတဲ့အချိန်လေး အလုအယက် သွားနာကြ၊ နာပြီးတဲ့အခါမှာ လုပ်ရင်း ကိုင်ရင်း၊ ရောင်းရင်းဝယ်ရင်း၊ ရှာရင်းဖွေရင်း၊ လျှောက်ရင်းဖွတ်ရင်း အိမ်ထောင်သားမွေးတွေနဲ့ပဲ ကျင့်သွားကြတာဖြစ်ပါတယ်။ အဲဒီလို ကျင့်ရင်း အရိယာတွေဖြစ်ကုန်ကြတာပါ။ သာဝတ္ထိပြည်သူ၊ ပြည်သားတွေ အရိယာဖြစ်ကြတယ်ဆိုတာ တရားကို နာပြီး နာကျင့် ကျင့်ကြလို့ ဖြစ်ပါတယ်။ ကိုယ်နာလို့ သိထားတဲ့ တရားအသိကို နလုံးသွင်းပြီး ကျင့်တဲ့အတွက် တရားထူးဟွေ ရကုန်ကြတာ ဖြစ်ပါတယ်။

ဘုရားရှင် လက်ထက်က ဘုရားသီတင်းသုံးနေတဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းနဲ့ မနီးမဝေးမှာ နွားသတ်သမားကြီးတစ်ယောက် နေပါတယ်။ သူဟာ သူ့သက်တမ်းအတွင်းမှာ ၅၅ နှစ်လုံးလုံး သူ့မိသားစုရဲ့အရေး၊ စားဝတ် နေရေး ပြဿနာ ပြေလည်အောင် နွားတွေကို သတ်ဖြတ်ပြီး လုပ်ကိုင်ရှာဖွေ ကျွေးမွေးရင်းနဲ့ သူ့ဘဝကို နှစ်မြှုပ်လာ လိုက်တာ ဘုရားကျောင်းနဲ့ ဒီလောက် နီးကပ်

> ဘယ်သူကမှ မကယ်နိုင်ပါဘူး။ အားလုံး ဝိုင်းစားပြီးတော့ ဒီအဖေအတွက် ငါတို့ ဝင်ခံပေးမယ် ဆိုလို့လည်း မရပါဘူး။ ကိုယ်လုပ်ရင် ကိုယ်ခံရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

နေတာတောင် ဘုရားရှင် ဆွမ်းခံ ကြွတာ ဆွမ်းတစ်ဇွန်းတောင် မလောင်းပါဘူး။ သူဟာ သူများအသက်ကို နှစ်ပေါင်းများစွာ သတ်ခဲ့သလို အသားမပါရင်လည်း မစားတတ်ဘူး။

တစ်နေ့ သူအတွက် အသားဟင်း မချန်ထားတော့ နောက်နေ့ သတ်မဲ့ နွားတွေထဲက အရှင်လတ်လတ် နွားရဲ့လျှာကို ဖြတ်ပြီး ဟင်းချက်စားသုံးတယ်။ အဲဒီ ဟင်းလျာ သူလျှာပေါ်ကို လည်း ရောက်ရော သူလျှာအရင်းက ပြတ်ကျပြီး ငါးရက်တိုင်တိုင် နွားလို အော်နေရပြီးမှ သေဆုံးသွားတယ်။ သေတော့လည်း ငရဲကျတယ်။ ဒီသား။ ဒီသမီးအတွက် ရုန်းကန်လှုပ်ရှား ရှာရင်းဖွေရင်းကနေ ခုလို ဖြစ်သွားတော့ ဘယ်သူကမှ မကယ်နိုင်ပါဘူး။ အားလုံး ဝိုင်းစားပြီးတော့ ဒီအဖေအတွက် ငါတို့ ဝင်ခံပေးမယ်ဆိုလို့လည်း မရပါဘူး။ ကိုယ်လုပ်ရင် ကိုယ်ခံရမှာပါ။

အဲဒီ အဖြစ်ဆိုးကို မြင်ရတဲ့ အတွက် မိခင်က သားကိုလည်း အန္တရာယ်ဖြစ်မှာစိုးလို့ အဝေးတစ်နေရာကို ရောက်အောင် ပြေးခိုင်းလိုက်တယ်။ သားဖြစ်သူက သာဝတ္ထိပြည်ကနေပြီး အလွန်ဝေးကွာလှတဲ့ (သာသနာနဲ့ ဝေးကွာလှတဲ့) တက္ကသိုလ်ပြည်ကို ရောက်သွားတယ်။ တက္ကသိုလ်ပြည်မှာ ပန်းတိမ်ဆရာကြီးတစ်ယောက်နဲ့ တွေ့ပြီး အဖြစ်မှန်ကို သိတော့ သနားလို့ ပန်းတိမ်အတတ်ပညာ သင်ပေးရင်းနဲ့ လိမ္မာရေးခြား ရှိတဲ့အတွက် ပန်းတိမ်ဆရာကြီးက သမီးနဲ့ ပေးစားတယ်။

သာသနာနဲ့ ဝေးတဲ့အရပ်ဖြစ်လို့ သားဖြစ်သူဟာ ဗာရာဏသီမှာပဲ သူတတ်တဲ့ ပညာနဲ့ လုပ်ကိုင်ရှာဖွေရင်း အချိန်တွေကုန်လာသမျှ ဒါနလည်း မပြု နိုင်၊ သီလလည်း မစောင့်ထိန်းနိုင်၊ ဘာဝနာလည်း မပွားနိုင်ဘဲ အသက်တွေ ကြီးလာလိုက်တာ အသက်ရှစ်ဆယ် အရွယ်တောင် ရောက်ခဲ့ပြီ။ သူကနေ မွေးဖွားလာတဲ့ သားသမီးတွေကျတော့ ကံကောင်းထောက်မပြီး သာဝတ္ထိပြည်မှာ အိမ်ထောင်ကျသွားကြတဲ့ အတွက် ဘုရားရဲ့ တရားတွေကို နာကြရတယ်။ နာပြီး ကျင့်ကြံအားထုတ်လိုက်တာ သူတို့ရဲ့ သန္တာန်မှာ တရားဂိန်းနေကြပါတယ်။ ဒါကြောင့် သူတို့ဟာ သူတို့ကိုယ် သူတို့ ယုံကြည်စိတ်ချစွာ "ငါတို့ဟာ ဟောဒီ မဟာပထဝီမြေကြီးကို လက်ဝါးနဲ့ ပုတ်ရင် လွဲကောင်းလွဲနိုင်သေးတယ်။ ငါတို့ သိမြင်ထားတဲ့ ဟရားကတော့ သေရင် သုဂတိဘုံက လွဲစရာ အကြောင်း မရှိဘူး" လို့ ရဲရဲတောက် ကြွေးကြော်နိုင်ကြတယ်။

ဒါပေမဲ့ ဗာရာဏသီမှာ ရှိနေတဲ့ ဖခင်ကြီးအတွက် အာရုံပြုမိတော့ ဖခင်ကြီးဟာ အသက်လည်းကြီးပြီ။ ဒါန လည်းမပြု သီလလည်း မဆောက်တည်၊ ဘာဝနာလည်း မပွားတော့ အလွတ်မဲ့ သေသာသွားရင် ငါတို့အဖေ ကိုယ်ကျိုးနည်းတော့မယ်။ အပါယ်မှတစ်ပါး သွားစရာမရှိပါလား။ မဖြစ်ချေဘူး။ တရားအသိတွေကို အချိန်မီရအောင် ငါတို့ အဖေကို ငါတို့ ကျေးဇူးဆပ်မယ်ဆိုပြီး ဖခင်ကြီးထံ အရောက်သွားပြီးတော့

www.burmeseclassic.com

ချောမော့ပြီး သာဝတ္ထိပြည်ကို ခေါ်ခဲ့တယ်။

သာဝတ္ထိပြည်ကို ဖခင်ကြီးရောက်တော့ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို အိမ်ကို ဆွမ်းစားပင့်တယ်။ ဆွမ်းစားကြွလာတဲ့အခါ ဆွမ်းလုပ်ကျွေးပြုစုကြပြီး သားလိမ္မာ၊ သမီးလိမ္မာတွေက မြတ်စွာဘုရားကို လျှောက်ထားကြတယ်။

"အရှင်ဘုရားနဲ့တကွ သံဃာတော်တွေကို အခု ဆွမ်းဆက်ကပ်လှူဒါန်းတာဟာ တပည့်တော်တို့ရဲ့ ဖခင်အိုကြီး ရှင်သန်နေစဉ်ကာလမှာ ဖခင်အတွက် လှူဒါန်းပေးတဲ့ ဆွမ်းအလှူပါဘုရား။ ဒါကြောင့် ဖခင်ကြီးကို တရားဟောကြား ပေးတော်မူပါဘုရား" ဆိုပြီး တရားတောင်းလိုက်ပါတယ်။

(အဖိုးအိုကြီးသည် ခန္ဓာရထားသည့်အတွက် ဘုရားရှင်က အဖိုးအိုကြီးရဲ့ ခန္ဓာကို ကြည့်ပြီးတော့ ဟောတာဖြစ်တဲ့အတွက် ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်းနဲ့ ဆိုင်ပါတယ်။ ခန္ဓာဉာဏ်ရောက်ဟောတာဖြစ်လို့ ခန္ဓာဉာဏ် စိုက်နာကြပါ)။ အဖိုးအိုကို ကြည့်ပြီး ခန္ဓာတွေရဲ့ သဘောကို မြင်အောင် ဟောတာဖြစ်ပါတယ်။ ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်တိုင်းနဲ့ဆိုင်တဲ့ တရားဖြစ်ပါတယ်။

"အို . . . ဒါယကာ

သင်သည် အခုအချိန်မှာ အရွယ်ကလည်း အိုမင်းရင့်ရော်နေပြီဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် သတိမထားနိုင်ဘဲ မေ့လျော့ပေါ့ဆပြီး ဒီသား၊ ဒီသမီး၊ ဒီစည်းစိမ်ဥစ္စာအတွက်နဲ့ အချိန်တွေကို ဖြုန်းလာခဲ့တာ အခု ကိုယ့်သက်တမ်း ဘာမှ မကျန်တော့ဘူး။ သင့်ရဲ့ အနေအထားဟာ ဘာနဲ့တူလဲလို့ မေးရင် ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်တွေကို သတိပြုလိုက်ပါ။

ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်တွေသည် အရွယ်လေးတွေဟာ နုရောကနေပြီးရင့်၊ ရင့်ရာကနေ ရော်လာတဲ့အခါ ဝါလာတဲ့ အဆင့်လေးမှာ အညွှာလေးတွေက တို့လို့တွဲလဲနဲ့ ကြွေကျလုကြွေကျခင်မှာ လေလေးတိုက်တိုင်း တိုက်တိုင်း လှုပ်လိုလှုပ်လဲ့နဲ့ အနေအထား ကြွေလု၊ ကြွေခင် ရော်ရွက်ဝါနဲ့ တူလုပါတယ်"

အဲဒီလို လည်း ဘုရားက မိန့်လိုက်ရော အဖိုးအိုကြီးဟာ ကိုယ့်ကိုယ်ကိုယ် သေတော့မယ့် အနေအထား ရောက်နေပါလားလို့ သတိပြုမိသွားတယ်။

နဂိုတုန်းက ဒီသား၊ ဒီသမီး၊ ဒီဥစ္စာပစ္စည်းအတွက်နဲ့ အချိန်တွေကို ဖြုန်းလာခဲ့တာ ကိုယ့်သက်တမ်း ဘယ်လောက်ကျန်မှန်းတောင် မသိခဲ့ဘူး။ အခု အဖိုးအိုကြီးရဲ့ အနေအထားကို ကြည့်လိုက်တော့ ရော်ရွက်ဝါလေး အပင်ပေါ်မှာ လေလေးတိုက်တိုင်း လှုပ်လိုလှုပ်လဲ့နဲ့ သစ်ရွက်ကလေး ဖြုတ်ခနဲ ကြွေဖို့အတွက် တဲတဲလေး အနေအထား မြင်နေရပါပြီ။

(ဒီလို ပြောတဲ့အတွက် အရွယ်အလယ်အလတ်တွေ၊ အရွယ်ငယ်တဲ့ သူတွေက ငါတို့နဲ့ မဆိုင်ဘူး။ အသက်ကြီး အိုမင်းတဲ့သူတွေကို



www.burmeseclassic.com

www.burmeseclassic.com

ပြောတာ။ ငါတို့က နေရဦးမှာပါလို့ ထင်တတ်ကြတယ်။ အသက်အရွယ် ငယ်တဲ့ကလေးဖြစ်ဖြစ်၊ အရွယ်အလယ် အလတ်ဖြစ်ဖြစ်၊ အရွယ်ကြီးတဲ့သူဖြစ်ဖြစ် လေလေးရှူသွင်းလိုက်ရင် ရှူချင်စိတ်နဲ့ အသက်ရှင်တယ်။ ရှူထုတ်လိုက်တော့ ရှူသွင်းတဲ့စိတ်ကလေး မရှိတော့ဘဲ ရှူထုတ်တဲ့ စိတ်ကလေးအစားထိုးဖြစ်ပေါ်လာတယ်။ ရှူသွင်းတဲ့ စိတ်ကလေး သေသွားပြီ။ ဒါကြောင့် ခန္ဓာရှိသူတိုင်းရဲ့ သက်တမ်းဟာ ရှူသွင်းချင်တဲ့ စိတ်လေး နဲ့ အသက်ရှင်နေလိုက်၊ ရှူထုတ်လိုက်တဲ့ စိတ်ကလေးနဲ့ အသက်ရှင်လိုက် ဖြစ်နေကြရတာပါ။ ရှူသွင်းပြီး ပြန်ရှိုက်မထုတ် နိုင်တာနဲ့ သေရမှာ ဖြစ်သလို ရှိုက်ထုတ် လိုက်ပြီး ရှူသွင်းခြင်းစိတ်ကလေး အစား မထိုးနိုင်ရင် သေမှာဖြစ်ပါတယ်။

စိတ်နှစ်စိတ် တစ်ပြိုင်တည်း ဖြစ်နိုင်တာမို့ မိမိတို့ရဲ့ စိတ်ကလေးတွေ တစ်စိတ်ပေါ်လိုက်၊ သေသွားလိုက်၊ နောက်စိတ် အစားထိုးလိုက် အစားထိုး

**ဘာမှအားကိုးမရှိဘူး။ အခု သားလိမ္မာ၊ သမီးလိမ္မာတွေက ဘုရားကိုပင့်၊ သံဃာတော် အရှင်မြတ်တွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းလှူပေးလို့ ဒီဒါနလေး ရထားတုန်း ရှိသေးတာ။ သားသမီးတွေက အခိုင်မြဲလေး ကျေးဇူးဆပ်ကြတာ ဖြစ်ပါတယ်။**

တဲ့စိတ်လည်း ဖြစ်ပြီးရင် ပျက်တာမို့ ကိုယ့်သက်တမ်းကို စိတ်ချလို့ မရပါဘူး။ ငါက အကြောကြီးနေရမှာပါ။ အေးအေးဆေးဆေးမှ တရားအားထုတ်ပါ့မယ်ဆိုလို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့ မွေးကာစ ကလေးကစပြီး ခုနက အဖိုးကြီးတိုင်အောင် ကိုယ့်တစ်စိတ်က အချိန်မရွေး ချက်ချင်းချက်ချင်း သေနိုင်တာမို့ ကြွေလုကြွေချင် ရော်ရွက်ဝါတွေ အားလုံးပဲဆိုတာ သိထားရပါမယ်။

လေလေးတိုက်တိုင်း တိုက်တိုင်း ချောက်ချားစရာကောင်းအောင် တလှုပ်လှုပ် ပြနေတာက ကြွေတော့မယ် ကြွေတော့မယ်လို့ သတိပေးနေတာနဲ့ တူလှပါတယ်။ ဒီကြားထဲမှာ တဲဖြုတ်ဖြုတ်နဲ့ ကြွေသွားပြီးတော့ သေသွားကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။

မြတ်စွာဘုရားရဲ့ စကားကို ကြားတဲ့အခါ အဖိုးကြီးက တုန်လှုပ် ချောက်ချားသွားပါတယ်။ ဘုရားရှင်က ဆက်ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒကာကြီး သင် အခုလိုဖြစ်နေတဲ့ သပေါက်သေဝ သေခါနီးအချိန်လေးမှာ သင့်ကို ဘယ်သူမှ မသတ်ဘဲနဲ့" သေတွင်းကို တသွင်သွင် တွန်းပို့နေတာက တခြားမဟုတ်ဘူး။ သင့်သန္တာန်မှာ သတ်နေတဲ့ သေမင်းငါးယောက်က နေ့တိုင်း တွန်းပို့နေတာ ဖြစ်တယ်။ ရောက်ရှိနေတဲ့ အနေအထားကို သတိပြုလိုက်စမ်းပါ" လို့ ဆိုပြီး ခန္ဓာဉာဏ် သွင်းပေးလိုက်ပါတယ်။

မွေးလာတဲ့နေ့မှ စပြီး အိုမင်းတဲ့အထိ ခန္ဓာငါးပါးကကိန်းရာ ပုဂ္ဂိုလ်ကို အမြဲမပြတ် သေတွင်းကို တွန်းပို့ပြီး အချိန်တိုင်း သတ်ဖြတ်နေပါတယ်။ ခန္ဓာငါးပါး ဆိုတာကတော့ ဖောက်ပြန်တတ်တဲ့ ရူပက္ခန္ဓာ၊ ခံစားတတ်တဲ့ ဝေဒနက္ခန္ဓာ၊ မှတ်သားတတ်တဲ့ သညာက္ခန္ဓာ၊ ပြုပြင်တတ်တဲ့ သင်္ခါရက္ခန္ဓာ၊ သိတတ်တဲ့ ဝိညာဏက္ခန္ဓာတို့ ဖြစ်ပါတယ်။ အကျဉ်းချုံးလိုက်ရင် ရုပ်နဲ့နာမ်ပါ။

လူတိုင်းလူတိုင်းကို ကြီးကြီး

**ခန္ဓာထဲကို ဉာဏ်စိုက်ကြည့်ရင် ကိုယ်နဲ့စပ်ပြီး ပေါ်တာက ရုပ်တရား၊ စိတ်နဲ့စပ်ပြီး ပေါ်တာက နာမ်တရား။ အဲဒီရုပ်နာမ် နှစ်ပါးလုံးဟာ မမြဲဘူး။ ဖြစ်ပြီးတာနဲ့ ပျက်တာမို့ မမြဲတဲ့...**

ငယ်ငယ်၊ ရွယ်ရွယ်လတ်လတ်၊ ဒီခန္ဓာငါးပါး လူသတ်သမားငါးယောက်က ဝိုင်းထားပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အဖိုးကြီးကို "သင့်ကို သေမင်းတမန် ငါးယောက်က မသေသေအောင် မကြွေကြွေအောင် ခြွေနေတယ်၊ သတ်နေတယ်" လို့ ပြောတာဖြစ်ပါတယ်။ ခန္ဓာရထားသူတိုင်းဟာလည်း အချိန်မရွေး သေနိုင်တယ်ဆိုတာ နားလည်ထားကြရမှာ ဖြစ်ပါတယ်။

မြတ်စွာဘုရားက ဆက်ဟောတယ်။ "အို... ဒကာကြီး သင်သည် အခု အနေအထားမှာ ဘာနဲ့တူလဲမေးရင် သေမင်းနှုတ်ခမ်း၀ သွားရပ်နေတဲ့ ပုဂ္ဂိုလ်နဲ့ တူပါတယ်။ အချိန်မရွေး ပြုတ်ကျသေနိုင်တဲ့ တို့လို့တွဲလဲ အနေအထားလေးမှာ ရောက်နေပါပြီ" လို့ သတိပေးပါတယ်။ "တမလွန်မှာ ယူဆောင်သွားဖို့ သင့်မှာ ဘာရိက္ခာမှာ မရှိသေးပါ။ တစ်ချက်လေးမျှား လစ်ခနဲ ဝုန်းခနဲဖြစ်လို့ ပြိုကျသွားလို့မျှား သေပွဲဝင်သွားရင် သင် နောင်တမလွန်ကို



www.burmeseclassic.com

www.burmeseclassic.com

ဘာနဲ့ သွားမှာလဲ"

အဖိုးကြီးဘဝ သက်တမ်းတစ် လျှောက်မှာ သူရဲ့ အားကိုးရာ တရား တွေကို ကြည့်လိုက်တော့ ဒါနလည်း ရှာမတွေ့၊ သီလလည်း ရှာမတွေ့တဲ့ အတွက် အားကိုးရာ ကင်းမဲ့လှပါ တယ်။

သက်တမ်းတစ်လျှောက်လုံး ဘာမှ အားကိုးမရှိဘူး။ အခု သားလိမ္မာ၊ သမီးလိမ္မာတွေက ဘုရားကိုပင့်၊ သံဃာ တော် အရှင်မြတ်တွေကို ပင့်ဖိတ်ပြီး တော့ ဆွမ်းလှူပေးလို့ ဒီဒါနလေး ရထားတုန်းရှိသေးတာ။ သားသမီးတွေက အချိန်မီလေး ကျေးဇူးဆပ်ကြတာ ဖြစ်ပါ တယ်။

အားကိုးရာမဲ့နေတဲ့ အဖိုးကြီး က ဘုရားရှင်ရဲ့ စကားကိုကြားတော့ ကြောက်ပြီး တုန်လှုပ်ချောက်ချားနေ တယ်။ သင့်မှာ ဘာအားကိုးရာရှိလဲလို့ ဆိုတော့မှ မျက်လုံးပြူး၊ မျက်ဆံပြူး ဖြစ်သွားပါတယ်။

မြတ်စွာဘုရားက ထပ်ပြီး "ဒကာကြီး ဒီလို ကြွေလှ၊ ကြွေချင် နေ အထား။ တို့လို့တန်းလန်း ရော်ရွက်ဝါလို အခြေအနေမှာ မကြွေကြွေအောင် ခြွေချမယ့် သေမင်းတမန်ကလည်း သင့်ဆီမှာ နေရာယူနေပြီ။ သေမင်း နှုတ်ခမ်းဝကို ရောက်နေတဲ့ ဒီအခိုက် အတန့်လေးမှာ သင် ကြိုးစားပြီး နလုံး သွင်းလိုက်စမ်းပါ။ ခန္ဓာထဲကို ဉာဏ်စိုက် ကြည့်ရင် ကိုယ်နဲ့စပ်ပြီး ပေါ်တာက ရုပ်တရား။ စိတ်နဲ့စပ်ပြီး ပေါ်တာက နာမ် တရား။ အဲဒီရုပ်နာမ်နှစ်ပါးလုံးဟာ မမြဲ ဘူး ဖြစ်ပြီးတာနဲ့ ပျက်တာမို့ မမြဲတဲ့ သဘောလေးကို ဉာဏ်ရောက်အောင် အသိလေးကပ်ရင် လောဘလည်း မလာ ဘူး၊ ဒေါသလည်း မလာဘူး၊ မောဟ လည်း မလာစေဲ့အတွက် ကိလေသာတွေ ပယ်နိုင်လိမ့်မယ်"လို့ ဟောကြားပါ တယ်။

မြတ်စွာဘုရားရဲ့ တရားကို နားက တရားနာ၊ ဉာဏ်က ခန္ဓာမှာ လှည့်ပြီး ဖြစ်ပျက်မြင်သွားတဲ့ အဖိုးကြီး သောတာပန်တည်သွားပါတယ်။ အဖိုး ကြီး အရင်ကအတိုင်းသာဆိုရင် အလွတ် မဲ့သေပြီး အပါယ်သွားရမှာပါ။ သားလိမ္မာ၊ သမီးလိမ္မာတွေက အချိန်မီ ကျေးဇူးဆပ် လိုက်တဲ့အတွက် အပါယ်ကလွတ်ပြီး သောတာပန် ဖြစ်သွားရတယ်။ ဒါကို သားသမီးတွေက အားမရသေးတဲ့ အတွက် နောက်သုံးလကြာတဲ့အခါ ဘုရားနဲ့တကွ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ဆွမ်းကပ်လှူလို့ ဘုရားကို လျှောက်ထားပြန်တယ်။

"အရှင်ဘုရား တပည့်တော် တို့ အခုလို လှူဒါန်းတာလည်း အသက် အရွယ် ကြီးလှပြီဖြစ်တဲ့ အဖေအိုကြီးရဲ့ ရှင်စဉ်ကာလမှာ ဖခင်အတွက် လှူဒါန်း ပေးတဲ့ ဆွမ်းအလှူပါဘုရား။ အဖေအို ကြီးကို တရားဟောပေးပါဘုရား"

မြတ်စွာဘုရားက "အို . . . ဒကာကြီး။ သင်သည် အသက်အရွယ် ကြီးလို့ အရွယ်လွန်နေပါပြီ။ ဘယ်အချိန် ကြည့်ကြည့် သင်သည် ဟောဒီခန္ဓာ ကိုယ်ကြီးက သေမင်းထံသို့ တစိုက်မတ် မတ် သွားနေပါတယ်။ သင့်ကို ပထမ

www.burmeseclassic.com

ဟောကြားခဲ့တဲ့ တရားကို စွဲသထက်စွဲ
အောင်၊ မြဲသထက်မြဲအောင် သင်ပြန်
ကြိုးစားလိုက်စမ်းပါ။ ဟောဒီ ရုပ်နာမ်တွေ
ရဲ့ ဖြစ်ပျက်တွေကို တရစပ်မြင်အောင်
ကြိုးစားလိုက်မယ်ဆိုရင် ကိလေသာတွေ
ပယ်သတ်ပြီး ရဟန္တာဖြစ်နိုင်ပါတယ်"လို့
ဟောကြားပါတယ်။

အတိုးကြီးလည်း သူသိထားတဲ့
ဝိပဿနာဉာဏ်၊ မဂ်ကုသိုလ်လေးနဲ့
ပြန်ပြီး ကြိုးစားပါတယ်။ ခန္ဓာကို ဉာဏ်
ပြန်သွင်းလိုက်ပါတယ်။ ခန္ဓာကို ဉာဏ်
ပြန်သွင်းတော့ ရုပ်နဲ့နာမ်ပဲ ပေါ်ပါတယ်။
ကိုယ်နဲ့စပ်ပြီး ပေါ်တဲ့ ရုပ်တရားကလည်း
ဖြစ်ပြီးတော့ ပျက်တယ်။ စိတ်နဲ့စပ်ပြီး
ပေါ်တဲ့ နာမ်တရားကလည်း ဖြစ်ပြီးပျက်
တယ်။ ရုပ်နာမ်မှန်သမျှ ဖြစ်လိုက်ပျက်
လိုက် တဖွဲဖွဲပြနေတော့ တစ်ကိုယ်လုံး၊
တစ်ကောင်လုံး ရစရာမရှိအောင်
ပြိုပျက် နေတာမို့ နိုပ်စက်မှုက
ထင်ရှားပါတယ်။ အဲဒီထင်ရှားတဲ့
ဖြစ်ချင်းပျက်ခြင်းဟာ နိုပ်စက်တတ်လို့
ဒုက္ခသစ္စာဆိုတာကို ဉာဏ်က
မြင်သွားပါတယ်။

အဲဒီဉာဏ်က မဂ္ဂသစ္စာ ဖြစ်ပါ
တယ်။ ဉာဏ်က ဆက်လိုက်ရင်း
နောက်ဆုံးမှာ အဝိဇ္ဇာက လွတ်မြောက်၊
တဏှာကလည်း ဝင်ခွင့်မရတဲ့အတွက်
ကိလေသာသေပြီး သံသရာမှ ဒုက္ခပေး
တဲ့ သမုဒယ သေသွားပါတယ်။
သမုဒယသစ္စာ သေသွားတဲ့ အခါ
အနာဂတ်သံသရာမှာ ဒုက္ခသိမ်းတဲ့
နိဗ္ဗာန်နိရောဓသစ္စာ မျက်မှောက်ပြုသွား
ပါတော့တယ်။

မြတ်စွာဘုရားက သစ္စာလေး
ပါး ဆိုက်အောင် ဟောလိုက်တော့
အဘိုးကြီး ကြိုးစားလိုက်တာ နောက်ဆုံး
မှာ အနာဂါမ်တည်သွားပါတယ်။ ရှင်စဉ်
ကာလမှာ သားသမီးတွေက ဆွမ်းနှစ်
ကြိမ်လှူပေးပြီး တရားနှစ်ကြိမ် ပေးနာ
လိုက်တာ ဖခင်အဘိုးကြီး အနာဂါမ်
တည်သွားပါပြီ။ တစ်ဆင့်တက် ကြိုးစား
လိုက်ရင် ရဟန္တာဖြစ်တော့မှာပါ။

မိဘကျေးဇူးဆပ်တဲ့ နေရာမှာ
ဟောဒီ သားလိမ္မာ၊ သမီးလိမ္မာလေးတွေ
ကျေးဇူးဆပ်ပုံကို ယနေ့ နမူနာယူပြီး
တော့ ကြွေးကျေအောင် အချိန်မီလေး
ကျေးဇူးဆပ်ကြပါ။ မိဘကို ကျေးဇူးဆပ်
ရာမှာ ရွှေ၊ ငွေ၊ စည်းစိမ်၊ ဥစ္စာတို့နဲ့
ကျေးဇူးဆပ်ခြင်းထက်၊ သံသရာဝဋ်ဒုက္ခ
မှ ထာဝရလွတ်မြောက်သွားအောင်
တရားဖြင့် ကျေးဇူးဆပ်ခြင်းကသာ
ကြွေးကျေစေနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မိဘတွေ သက်ရှိ
ထင်ရှား ရှိနေစဉ်မှာ အချိန်မီလေး
ကျေးဇူးဆပ်ကြပါလို့ တိုက်တွန်းလိုက်ရ
ပါတယ်။

**မနောပြု(ဇလွန်)**

www.burmeseclassic.com

www.burmeseclassic.com

# မိုးခါးရေ

## ရောဝတီသား

အကုသိုလ်ဆိုသောအရာကို ရှောင်ပါ



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်မှ ဗမာလူမျိုးတွေ အများစု ပြောဆို၊ သုံးနှုန်းလေ့ရှိသော သက်ရောက်မှုခြင်း တူညီဟန်ရှိသော မြန်မာ့စကားပုံ တစ်စုတွင်...

မိုးပျိုအများပေါ့။

ကံတူအကျိုးပေးပေါ့။

အများမိုးခါးရေ သောက်လျှင် သောက်ရမှာပေါ့။

ထိုစကား သုံးစုပင်ဖြစ်၏။ အမှန်တော့ လူတချို့တွေသည် သူတို့တွင် တွေ့ကြုံဖြစ်ပျက်နေသော အကြောင်းကိစ္စတစ်ခုခု အပေါ်ကို မူတည်ပြီး ပြောလွယ်၊ ဆိုလွယ်ပင် မကောင်းအကြောင်းချင်းကာ လွယ်လင့်တကူ ပြောဆိုကြသော လက်သုံးစကားများသာ ဖြစ်ပါ၏။

ထိုစဉ် မိုးပျိုအများပေါ့။ ဆိုလိုချက်ကတော့ တကယ်လို့ မိုးကောင်းကင်ကြီး လူပြည်ကို ပျိုးကြပျက်သုဉ်းပြီးလာစေဦးတော့။ ဒီအခါမှာ တစ်ဦးတစ်ယောက်

**မှန်လှပါ ဖဒါး။ ဤသို့ မိုးတိမ်တွေ အုံ့ဆိုင်းညို့မှိုင်းရခြင်း အကြောင်းရင်းများသည် တိုင်းပြည်ပေါ်ကို မိုးခါးရေများ ရွာသွန်းချမည့် အရေးပါဘုရား (ဖဒါး)။ ပြီးတော့လည်း ရှိပါသေးတယ် ဖဒါး။ အဲဒီမိုးခါးရေများကို သောက်သုံးမိသူများဟာ စိတ်ရူးသွပ်သူအဖြစ်ကို ရောက်ရှိသွားနိုင်ပါတယ် ဖဒါး။**

ထဲ ပါပြားသွားသည်။ သေကျေသွားသည် မဟုတ်ဘဲ မိုးအောက်ရှိ လူအများနှင့် အတူ သေကျေပါပြားသွားတဲ့အတွက် ဒါကြောင့် အသေခံရဲသည်၊ အပိခံရဲသည် ဟု ဆိုရာကြပေ၏။

နောက် ကံတူအကျိုးပေး ဆိုတာကလည်း လူအချင်းချင်း။ ကံခြင်း တူနေပါလျှင် အကျိုးပေးပုံခြင်းတွေပါ တူလေ့ရှိတာမို့ သူချမ်းသာသလို သူလည်း ချမ်းသာသည်၊ သူ ပညာတတ်သလို သူလည်းတတ်သည်။ သူ ကျော်ကြားသလို သူလည်း ကျော်ကြား စေပြီး၊ သူလုသလို သူလည်း လုသည်ပေါ့။

ထိုအခါမှာ သူသေသလိုမျိုး လူစုလူဝေးကြီးဖြင့် သူလည်း ကားမောက်၍သော်လည်းကောင်း၊ မော်တော်မြှုပ်၍သော်လည်းကောင်း သေ၏ သို့မဟုတ် တစ်အိမ်မီးဘေးသင့်၍ ကခြား အိမ်တွေပါ မီးဘေးသင့်ခံရခြင်းမျိုး ဖြစ်ရပ်တွေသည်လည်း ကံတူအကျိုးပေးဟုသာ ဆိုရမလိုပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်အခါမှာတော့ အများပိုး ခါးရေ သောက်လျှင် သောက်မှ ဆိုသော စကား၏ ဇစ်မြစ်ကိုတော့ လူတိုင်း သိရှိ ကြမှာ မဟုတ်ပါပေ။ ဒါကြောင့် လူအများ သိရှိစေရန် တင်ပြလိုက်ပါ ၏။

ရှေးအခါက တိုင်းပြည်တစ် ပြည်တွင် ဘုရင်တစ်ပါး စိုးမိုးအုပ်ချုပ်နေ တဲ့ အခါမှာ တစ်နေ့တွင် အထက် ကောင်းကင်ပြင်မှ မိုးသားတိမ်လိပ်များ တရိပ်ရိပ် တက်လာခြင်းနှင့် အတူ တိုင်းပြည်အတွင်း အုံဆိုင်းညိုမှိုင်း၍ မဲမှောင်လာတဲ့အတွက် ဘုရင်ဖြစ်သူ သည်။

တိုင်းရေးပြည်ရေး မင်းရေး မင်းရာအတွက် စိုးရိမ်စိတ်များ ရှိသဖြင့် သူ၏ ပေဒင်ဆရာ ပညာရှိ၊ ပုဏ္ဏားတော် တစ်ဦးကို ချက်ခြင်းပင် သူ၏ အနည်း ငယ်ခေါ်စေ၍ ပေဒင်တွက်ချက် ခိုင်းလေသည်။

ဟဲ့ . . . ပုဏ္ဏားတော်ကြီး ငါ့အနီးလာစမ်း။ အခုလို မကြုံစဖူး

**အရှင်မင်းကြီးနဲ့ ကျွန်တော်မျိုး အတွက်တော့ အကြုံရပါပြီ ဖဒါး။ မိုးမရွာခင်မှာ သောက်ရေတွင်း တစ်လုံးကို အလုံအပုံးပိတ်ပြီးထား နိုးကိုးလိုက်ပါမယ် ဖဒါး။ အခုပဲ သွားပြီး ပိတ်နိုးကိုးလိုက်ပါတယ် ဖဒါး။**

ထူးကဲတဲ့အဖြစ်လို ကောင်းကင်ယံမှ မိုးမဲကြီးဆင်လာတဲ့ အရေးဟာ ဘယ် အရေးဖြစ်မလဲ။ ငါကိုယ်တော်နဲ့များ ပတ်သက်နေသလား။ အဲဒီ အချက်တွက် ပြီး ငါ့ကို တင်လျှောက်စမ်း။

ထို အခါမှာ ပေဒင်ဆရာ ပုဏ္ဏားကြီးကလည်း ချက်ချင်းပင်။

မှန်လှပါ ဖဒါး(ဘုရား)။ ကျွန်တော်မျိုး အခု မကြာပင် တွက်နည်း ကိုပြီး တင်လျှောက်ပါမယ် ဖဒါး။

ဤသို့ ပြောဆိုကာပင် ပုဏ္ဏား ကြီးကလည်း သူ၏ ညာတစ်ဖက်ဘေး တွင် အသင့်လွယ်ထားလျက်ရှိသော လွယ်အိတ်တစ်လုံးအတွင်းမှ သင်ပုံးနှင့် ကျောက်တံကို ထုတ်ယူကိုင်ဆောင်ကာ မိုးမဲခြင်းအတွက်ကို တွက်ချက်နေလေ ၏။ ထိုအခါ မကြာခင်မှာ ပုဏ္ဏားကြီး သည် ဘုရင်ကို တင်လျှောက်လိုက်တာ က . . .

မှန်လှပါ ဖဒါး။ ဤသို့ မိုး ကောင်းကင်မှ မိုးမဲကြီး ဆင်နေခြင်း အတွက်သည် ထူးတော့ထူးဆန်းနေပါ



www.burmeseclassic.com

www.burmeseclassic.com

ငင်းမိုးခါးရေကို မသောက်မိအောင် ကြံဆောင်ထားသော ဘုရင်နှင့် ပုဏ္ဏားကြီးတို့မှာက ပင်ကိုစိတ် ရှိနေကြသူများပင် ဖြစ်နေ၏။

ဘယ် ဒေါ်ဒေါ် ဒါပေမဲ့ အရှင်မင်းကြီးနဲ့ တော့ တိုက်ရိုက်မပတ်သက်ကြောင်းပါ ဖဒါး။

ယင်းသို့ ပုဏ္ဏားကြီးက တင်လျှောက်လိုက်သော်လည်း ဘုရင်ဖြစ်သူမှာ သူနှင့် တိုက်ရိုက်မပတ်သက်မှု ဆိုပေမယ့် ၎င်းအကြောင်းအရာကို သိရှိလိုတာကြောင့် ထပ်ခါပင်။

ဟဲ့ . . . ပုဏ္ဏားတော်ကြီးရဲ့။ ငါကိုယ်တော်နဲ့ မပတ်သက်ဖူးဆိုပေမယ့်လည်း အဲဒီအကြောင်းအရာကို တင်လျှောက်စမ်းပါဦး။ ငါကိုယ်တော် သိလိုလှပေတယ်။

ထိုအခါမှာတော့ ပုဏ္ဏားကြီးကလည်း သူ၏ ဗေဒင်ကိန်းကဏန်းများကို တစ်ဖန်ထပ်ခါ စစ်ဆေးတွက်ချက်လိုက်လေ၏။ ထိုစဉ် ပုဏ္ဏားကြီးများမကြာခင် ထပ်မံ၍ ဘုရင်ကို လျှောက်တင်လိုက်တာက . . .

မှန်လှပါ ဖဒါး။ ဤသို့ မိုးတိမ်တွေ အုံ့ဆိုင်းညိုမှိုင်းရခြင်း အကြောင်းရင်းများသည် တိုင်းပြည်ပေါ်ကို မိုးခါးရေများ ရွာသွန်းချမည့် အရေးပါဘုရား (ဖဒါး)။ ပြီးတော့လည်း ရှိပါသေးတယ် ဖဒါး။ အဲဒီမိုးခါးရေများကို သောက်သုံးမိသူများဟာ စိတ်ရူးသွပ်သူ အဖြစ်ကို ရောက်ရှိသွားနိုင်ပါတယ် ဖဒါး။

ယင်းသို့ ပုဏ္ဏားတော်ကြီးက တင်လျှောက်လိုက်တဲ့အခါမှာတော့ ဘုရင်ကြီးမှာမူ သူအတွက်သူ စိုးရိမ်စွာဖြင့်ပင် . . .

ဒါဆို တို့တွေပါ သောက်သုံးမိရင် ဘယ်လိုလုပ်မလဲ။ ငါဘုရင်ပါ ရူးပေါကုန်တော့မှာလား။ အဲဒီအတွက် ကြံစမ်းပါဦး။

ထိုသို့ ဘုရင်ကြီးက ပုဏ္ဏားကြီးကို သူအတွက်ပါ သူစိုးရိမ်စွာဖြင့် ပြောလိုက်သောအခါ ပုဏ္ဏားကြီးမှာ အတန်မျှ စဉ်းစားလိုက်လေသည်။ နောက် စဉ်းစားပြီး၍ အကြံရတာနဲ့ အတူ။

အရှင်မင်းကြီးနဲ့ ကျွန်တော်မျိုး အတွက်တော့ အကြံရပါပြီ ဖဒါး။ မိုးမရွာ ခင်မှာ သောက်ရေတွင်းတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com

အလုံ အဖုံးပိတ်ပြီးထား နီးကီးလိုက်ပါ
မယ် ဖဒါ။ အခုပဲ သွားပြီး ပိတ်နီးကီး
လိုက်ပါတယ် ဖဒါ။

ပုဏ္ဏားကြီး ထိုသို့ပင် ပြောဆို
ရင်းနှင့်အတူ တကယ်လည်း ဘုရင်ကြီး
ရေမှောက်မှ ထကာ နန်းရင်ပြင်၌ရှိသော
သောက်ရေတွင်းတစ်လုံးကို အမိုးလုံခြုံ
စွာ ပိတ်လိုက်လေ၏။ ထိုအတူများ
မကြာခင်မှာလည်း ကောင်းကင်မှ မိုးမဲ
ကြီးသည် တကယ်ပင် တိုင်းပြည်တွင်းနှင့်
အတူ နန်းရင်ပြင်တစ်ခုလုံးပါ ရွာချလိုက်
လေ၏။

ထိုစဉ်အခါမှာတော့ ငင်မိုးခါး
ရေတို့သည် မြစ်ချောင်းအင်းအိုင်နှင့်
ရေတွင်းရေကန်မကျန် ဆိတာလိုက္ခ
ရောက်ခါ သွားလေတော့၏။ ဒါကြောင့်
ပြည်သူ၊ ပြည်သားနှင့် နန်းတွင်းသူ၊
နန်းတွင်းသား တို့တစ်တွေလည်း
ထိုရေကိုပင် သောက်သုံးမိကြလေ၏။

ယင်းသောက်မိသူတွေမှာ
လည်း ပုဏ္ဏားကြီး တွက်ချက်ထားတဲ့
အတိုင်းပင် တကယ်ကို ပေါက်ကြောင်
ကြောင် သွတ်ချာချာ ရူးနှံ့နှံ့တွေ ဖြစ်ကုန်
ကြသတဲ့။ ဒါပေသိကို လူများသည်
သူတို့အချင်းချင်း ပြဿနာမပေါ်ကြပေ။
ဘာကြောင့် မပေါ်ကြသလဲဆိုတော့
သဘောတူ၊ စရိုက်တူတွေ ဖြစ်နေကြလို့
ဆိုပါစို့။

ထိုအခါမှာတော့ ငင်မိုးခါးရေ
ကို မသောက်မိအောင် ကြံဆောင်ထား
သော ဘုရင်နှင့် ပုဏ္ဏားကြီးတို့မှာက
ပင်ကိုယ်စိတ် ရှိနေကြသူများပင် ဖြစ်နေ
၏။ ဒါပေတဲ့ ယင်း ပင်ကိုယ်စိတ် ရှိနေ
သူနှစ်ဦးကို မိုးခါးရောယှက်ရေကို
သောက်မိထားသူ နန်းတွင်းသူ၊ နန်းတွင်း
သား မှူးမတ်များနှင့်အတူ ပြည်သူ၊
ပြည်သားများကပင် ဘုရင်နှင့် ပုဏ္ဏား
ကြီးကို တွေ့မြင်ကြတဲ့အခါမှာ အစတုန်း
ကလို ရိုသေလေးစားမှု၊ ကြောက်ရွံ့မှု
မရှိတော့ဘဲ ဘုရင်နှင့် ပုဏ္ဏားကိုပင်
လက်ညှိုးထိုးကာ...

ဟေ့... ဟိုမှာ အရူးတွေ
အရူးကြီးတွေ။ သူတို့အနား မကပ်ကြနဲ့။
အဝေးကိုပြေးကြ အဝေးမှာနေကြ။
သူတို့တွေ အရူးအရူး။

ထို့အတူ ကျန်လူများကလည်း
လက်ညှိုးထိုးကာပင်...

အေး... ဟုတ်သပ။ ဘုရင်
ရူးနဲ့ ပုဏ္ဏားရူးကြီး အနီးမှာ မနေကြနဲ့။
အဝေးနေကြနေကြ။ သူတို့က ရူးနေတဲ့
သူတွေ။

ထိုသို့ပင် မိုးခါးရေ သောက်မိ
သူများက ဘုရင်နှင့် ပုဏ္ဏားကို တွေ့မြင်
တယ်ဆို အချင်းချင်း ပြောဆိုကြသလို
တကယ်လည်း ဘုရင်နှင့် ပုဏ္ဏားကြီးကို
မြင်လျှင် အနီးအနားမှာ မနေကြတော့
ဘဲ ထွက်ပြေးရှောင်ရှားကြလေတော့၏။

ဒီတော့လည်း ဘုရင်နှင့်
ပုဏ္ဏားကြီးတို့မှာ သူတို့ သူတို့တစ်တွေ
ရူးပေါနေလို့သာ အခုလို အရူးက
အကောင်းကို အရူးဟု ပြောနေခြင်းဖြစ်
ပါလား တွေးမိ၍ သူတို့ကို ခွင့်လွှတ်မှု
ပေးနေရ၏။ ဒါပေတဲ့ ငင်းအပြုအမူများ
သည် နေ့စဉ်ရက်ဆက်လို ကြုံတွေ့နေရ
တာကြောင့် နောက်တော့ ဘုရင်ကပင်
ပုဏ္ဏားကို တိုင်ပင်လေ၏။

www.burmeseclassic.com

ပုဏ္ဏားကြီးရေ တို့ ဒီလိုဆက်နေလို့ကတော့ မဖြစ်ချေဘူး။ တို့နှစ်ယောက်မှာ လူကောင်းတွေဖြစ်ပါလျက်နဲ့ လူရူးတွေက ပြန်လုန်ကာ သူခိုးကလူလူဟစ်သလိုမျိုး စွပ်စွဲခြင်း၊ ပျက်ရယ်ပြုခြင်းတွေကို နေ့စဉ်လိုလို ခံစားနေရတဲ့အတွက် စိတ်ပျက်ဖွယ်တွေချည်းကြုံတွေ့နေရတယ်။ ဒါကြောင့် တစ်မျိုးတစ်ဖုံတော့ ပြုလုပ်ကြမှဖြစ်မယ်။

ဘုရင်ဖြစ်သူက ထိုသို့ ပြောဆိုလိုက်တဲ့အခါမှာ ပုဏ္ဏားကြီးကလည်း မင်းလိုလိုက်၍ မင်းကြိုက်ဆောင်ကာပင်...

မှန်လှပါ ဖဒါး။ အရှင်မင်းကြီးပြုမည့်အရေးအတွက် ကျွန်တော်မျိုးကလည်း လက်ခံရန် အသင့်ပါ ဖဒါး။ ဘယ်လို ပြုလုပ်မည်ဆိုတာကိုသာ အမိန့်ရှိပါ ဖဒါး။

ထိုအခါ ဘုရင်ဖြစ်သူက သူ၏ တွေးတောကြံဆထားတဲ့ သူပြုလုပ်မည့် အကြောင်းတစ်ရပ်ကို ပုဏ္ဏားကြီးကို ပြောလေတော့၏။

ဒီလို... ဒီလို ပုဏ္ဏားကြီးရေ တခြားတော့ မဟုတ်ဘူး။ တို့နှစ်ယောက်ပါ သူတို့တွေလို ဖြစ်သွားအောင် တို့ရေချိုတွေကို မသောက်တော့ဘဲနေကာ သူတို့မိုးခါး ရောယှက်တဲ့ မိုးခါးရေကိုသာ သောက်လိုက်ကြစို့။ ဒါမှ သူတို့တွေနဲ့ သဘာတူ၊ စရိုက်တူဖြစ်သွားတဲ့အတွက် တို့နှစ်ယောက်ကို သူတို့တတွေ အခုလို အရူး အပေါလို့ ပြောတော့မှာ မဟုတ်ဘူး။ ဒါကြောင့် ယနေ့မှစလို့ မိုးခါးရေကိုသာ သောက်ကြပါစို့။

ဘုရင်ဖြစ်သူက ထိုသို့ ပြောလိုက်တဲ့အခါ ပုဏ္ဏားကြီးကပါ သင့်မြတ်လှကြောင်းပါ ဖဒါး။ ဒါမှ မင်းနှင့်ပြည်သူ တူညီသွားပါ ဖဒါး။ ဒါဆို အခုပဲ သောက်နည်းကိုကြပါစို့ ဖဒါး။

ပုဏ္ဏားကလည်း ယင်းသို့ တင်လျှောက်ပြောဆိုပြီးတာနှင့် အတူ တကယ် မိုးခါးရေများကို သွား၍ ဖန်ခွက် ကြီးတစ်လုံးနှင့် ခပ်ယူလိုက်ကာ ဘုရင် ကိုလည်း ဆက်သ၍ သူကပါ ဘုရင့် ရေကျွန်များကို တကယ်ပင် သောက်လေ တော့၏။

ဒါကြောင့် ၎င်းနေ့မှစလို့ ဘုရင်နှင့်ပုဏ္ဏား နှန်းတွင်းသာနဲ့ ပြည်သူတို့သည် စရိုက်တူ ဖြစ်သွားတဲ့အတွက်ကြောင့် လိုက်ဖက်ညီထွေ အဆင်ပြေသွားပါလေတော့၏။

ဒါကတော့ အများမိုးခါးရေသောက်လို့မှ လိုက်မသောက်ပါလျှင် မသောက်သူကို သောက်သူတို့က အရူး အပေါဟူ၍ ပြောဆိုတာမို့ နောက်ဆုံး မသောက်သူကပါ ဘဝတူ၊ သဘာတူ ဖြစ်သွားစေအောင် လိုက်သောက်လိုက်သော ပုံပြင်တစ်ပုဒ် ဆိုပါစို့။

ထိုစဉ် ယနေ့အခြိန်အခါတွေမှာတော့ (အများမိုးခါးရေသောက်လျှင် ကိုယ်လည်း သောက်လိုက်ရုံပေါ့) ဆိုသော အပြောအဆို အသုံးကလေးများကို လူတချို့တွေက ပြောဆိုနေကြလေ ရှိပေ၏။ အမှန်တော့ သူများ မကောင်းခြင်းကို လိုက်၍ မကောင်းချင်သူများ၊ မကောင်းလိုသူများဟု ဆိုရပါ



www.burmeseclassic.com

www.burmeseclassic.com

မည်။ တာတွေကို ပြုမူ၊ ကျင့်ကြံလုပ်ကိုင်တိုင်း လိုက်မသောက်ခြင်းသည်သာ လူတော်၊
တကယ်တော့ သူများ မိုးခါး ကိုယ်ကပါ မလုပ်ကိုင်၊ မပြုမူသင့်ပါပေ။ လူကောင်း ဖြစ်ပါ၏။
ရသောက်တိုင်း ကိုယ်ပါ လိုက်၍ ကိုယ်ပါ မကောင်းရာကြစေပါ၏။ အမှန် ဆန္ဒနှင့်ဘဝ တူညီမှုပါစေ။
မသောက်သင့်သလို သူများ မကောင်း တော့ သူများ မိုးခါးရသောက်တိုင်း **ရောဝတီသား**


# Dear Marry

## Online Shopping Myanmar

No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt

http://www.facebook.com/Dear Marry Myanmar

Contact-09 5136230/ 09 5036602/ 09 5172150




www.burmeseclassic.com

www.burmeseclassic.com

ကံကြီးထိုက်သူများ

# သားဆိုး သမီးဆိုး

ယုလေး(ဥပဒေ)



အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ငွေမှုန်၏ ဒုတိယအိမ်ထောင်ရှင် အမည်မှာ ဦးဖေသုန်။ ရိုးသား ကြိုးစား၍ စိတ်ရင်းဖြူစင်သူ တစ်ဦးဖြစ်သည်။ ဒေါ်ငွေမှုံ ပထမအိမ်ထောင်နှင့် ပါလာသည့် သမီးငါးယောက်၊ သားတစ်ယောက်တို့ကို သူ၏ သားသမီးရင်များသဖွယ် စောင့်ရှောက်ကျွေးမွေးလာခဲ့သော်လည်း ပထွေးဟူသော စကားကို ထည့်လဲသုံးကာ မောင်နမခြောက်ယောက်လုံး ဦးဖေသုန်၏ မေတ္တာကို အသိအမှတ်မပြုကြ၊ လေးစားကြောက်ရွံ့မှုလည်း မရှိ။ အညာအရပ် ရှိတောမြို့လေး တစ်မြို့မှာ နေထိုင်သည့် ဒေါ်ငွေမှုံတို့မှာ ပထမအိမ်ထောင်နှင့် လှယ်ယာမြေများစွာ ပိုင်ဆိုင်ခဲ့သည်။ ပထမအိမ်ထောင် ဆုံးပါး၍ ဦးဖေသုန်နှင့် အကြောင်းပါပြီး ဦးဖေသုန် ကြိုးစားမှုဖြင့် စီးပွားများ တက်ခဲ့သည်။

ပထမအိမ်ထောင်ရှိ စဉ်းစားတတ်သည်းက ဦးဖေသုန်သည် လူပျို၊

> “ပထွေးက ပထွေးပီပီနေ ကျုပ်တို့ကို လာပြီး ဆရာမလုပ်နဲ့။ ပါးကွဲသွားမယ်”



လူလွတ် ဘဝနှင့် ဒေါ်ငွေမှုံ၏ယောကျ်ားအားကိုးအားထားပြုရသည့် လူယုံတစ်ယောက် ဖြစ်ခဲ့သည်။ တစ်ပင်လဲမှု တစ်ပင်ထူ၍ ဦးဖေသုန်နှင့် ယူလိုက်သော်လည်း ငယ်နိုင်တပည့်လည်းဖြစ်၊ မိမိထက် အသက်လည်း အသက်ဆယ်နှစ်ခန့်ငယ်သော ဦးဖေသုန်ကို ဒေါ်ငွေမှုံ လေးစားမှုမရှိ စိတ်တိုင်းမကျလျှင် လူရှေ့၊ သူရှေ့မရောင် ကလေးငေါက်သလို၊ ခွေးငေါက်သလို ငေါက်သည်။ အစစအရာရာ နှိပ်စားသည်။ ဦးဖေသုန် ကျေးဇူး ထောက်ထား၍ တစ်ခွန်းတစ်ပါဒမျှ ပြန်မပြော၊ အံ့ဩလောက်အောင် ရေငုံနှုတ်ပိတ် သည်းခံနိုင်စွမ်းရှိသည်။ သူဦးနှောက်ထဲမှာ စီးပွားရေးအတွက်သာ ရှိသည်။ ကေများစွာသော လယ်တွေမှ ထွက်သည့် စပါးများကို ကျီများနှင့် သိုလှောင်ကာ ဆန်စက်များတွင် ကြိတ်ခွဲ၍ ဆန်ပွဲရုံကြီး ဖွင့်ထားသည်။ အခြား ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ဆား အစ ရှိသည့် အောက်ပြည်၊ အောက်ရွာထွက် ပစ္စည်းများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

တွဲဖက်၍ ရောင်း ဝယ်သေးသည်။

×××

ဦးဖေသုန်နှင့် သားသမီးသုံး ယောက်ရသည်။ မောင်မြင့်၊ တင့်တင့်၊ ဆင့်ဆင့်ဟူသည့် သားတစ်ယောက် သမီးနှစ်ယောက်တို့ ဖြစ်သည်။ ဦးဖေသုန်က သူ၏ သားသမီးလေးတွေကို တရား သဘောနှင့် ယှဉ်၍ အမြဲ သွန်သင်ဆုံးမ သဖြင့် လိမ္မာရေးခြား ရှိကြသည်။ သူတို့ မောင်နမသုံးယောက်လုံး အမေတူ၊ အဖေကွဲ အစ်မကြီးများနှင့် အစ်ကိုကြီး ကို ကြောက်ရွံ့ကြရသည်။ အကြီးများထဲမှ အစ်ကိုကြီးနှင့် အစ်မသုံးယောက်က မလိမ္မာကြ၊ မိဘပိုက်ဆံ ထင်တိုင်းကြဲကာ သုံးဖြုန်းနေကြသည်။ တစ်ခါတလေ လွန်ကဲလွန်း၍ ဦးဖေသုန် ဆုံးမစကား ဝင်ပြောလျှင်

"ပထွေးက ပထွေးပီပီနေ ကျွပ်တို့ကို လာပြီး ဆရာမလုပ်နဲ့ ပါးကွဲသွားမယ်"

သားကြီးဖြစ်သူ တင်ဖေက မိုက်ရိုင်းစွာ ပြောသည်။

သမီးအကြီးဆုံးဖြစ်သည့် ခင်ဝေကလည်း အောက်မှ အငယ်များ ဖြစ်သည့် တင်ဖေ၊ ခင်ဆွေ၊ ခင်ကြွေ၊ ခင်အေး၊ ခင်ထွေးတို့ကို အစ်မကြီးအမိ အရာ ဦးဆောင်မှုမရှိ။ သူကိုယ်တိုင်က မအေဖြစ်သူနှင့် ရန်ဖြစ်ငြင်း မအေ၏ ဆံပင်ကို သူမ၏ ခြေမဖြင့် ရစ်ပတ်ဆွဲ ကာ လုံးထွေးသတ်ပုတ်၏။ သူတို့သား အမိ ရန်ဖြစ်ပြီဆိုလျှင် မည်သူမျှ ဖြန်ဖြေ လိမ့်မရ။ နောက်ဆုံး နှစ်ဦးသား မောမှ ရပ်ကြသည်။ ထိုအခါမျိုးတွင် အငယ်ဆုံး သုံးယောက် မျက်ရည်လည်ရွဲနှင့် သူတို့ အဖေ ဦးဖေသုန်ကို အော်ဟစ်တိုင်ကြ သော်လည်း ဦးဖေသုန်ဝင်ပါ၍ မဖြစ် နှုတ်မှ "ဘုရား" တကာ မျက်နှာလွှဲ၍ ပွဲရုံသို့ ထွက်သွားတတ်သည်။ ဤအဖြစ်မျိုးမှာ တစ်ကြိမ်မဟုတ် နှစ်ကြိမ်မဟုတ် အကြိမ်ကြိမ်။

သမီးကြီးခင်ဝေ၏ အောက် တင်ဖေဆိုသည့် သားကလည်း မထူးပါ။ မအေဖြစ်သူကို အရက်ဖိုး တောင်းမရ လျှင် ငါကိုင်တုတ်သည်။ ပြီးလျှင် ပိုက်ဆံမပေးမချင်း မအေဖြစ်သူကို ဆွဲရမ်းတွန်းထိုးသည်။ ဆံပင်ကို စောင့်ဆွဲ၍ မြေကြီးပေါ်သို့ တွန်းချသည်။ မိခင်ကြီးဖြစ်သူမှာ တိုင်နှင့် ခေါင်းနှင့်၊ အုတ်ခဲနှင့် ခေါင်းနှင့် စောင့်မိ၍ ခေါင်း ကွဲရသည်မှာ အခါခါ။ မူးလည်းဆိုး၊ မမူး လည်း ဆိုးလှသည့် သားကြီးတင်ဖေ။

သမီးကြီးငါးယောက်မှာ ခင်ဆွေနှင့် ခင်ကြွေသည် အလွန်အေး သည်။ ခင်ဆွေမှာ အရွယ်ရောက်သော် မူလတန်းပြ ဆရာမဖြစ်ပြီး တခြားမြို့သို့ ပြောင်းရွှေ့သွားသည်။ ခင်ကြွေက တစ်ရပ်တည်းသားနှင့် အိမ်ထောင်ကျကာ အရပ်ထဲမှာပင် မနီးမဝေး အိမ်ခွဲနေသည်။ အကြီးဆုံးသမီးမိုက် ခင်ဝေလည်း အိမ်ထောင်ကျကာ တစ်ရပ်ကွက်ကျော် တွင် တစ်အိုးတစ်အိမ် ထူထောင်သည်။ ခင်အေးနှင့် ခင်ထွေး အပျိုမနှစ်ယောက် သာ အိမ်မှာ ကျန်ခဲ့သည်။ ထိုစဉ်က အငယ်သုံးယောက်မှာ ကလေးအရွယ်မျှ သာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘများကို ကာယက်၊ ဝစီက်၊ မနောက်တို့ဖြင့် ပစ်မှားလျှင် ပဉ္စာနန္တိယ ကံကြီး ထိုက်သည်ကိုလည်း နားမလည်၊ ဂရုမစိုက်ကြ။ မိခင်ဖြစ်သူကလည်း...

ရှင်တော် မြတ်ဘုရားနှင့် တစ်ဂိုဏ်းတည်းဖြစ်သည့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘများကို ကာယက်၊ ဝစီက်၊ မနောက်တို့ဖြင့် ပစ်မှားလျှင် ပဉ္စာနန္တိယ ကံကြီးထိုက်သည်ကိုလည်း နားမလည်၊ ဂရုမစိုက်ကြ။ မိခင်ဖြစ်သူကလည်း ငယ်စဉ်ကတည်းက ဆုံးမသွန်သင်မှုမရှိ။ သို့သော် မိဘကို စော်ကားသည့် အပြစ်က မနေပါ။

သည်လိုနှင့် နှစ်လများကြာသော် မိခင်ကြီးအား ကိုယ်တိုင်က် ရောက် စော်ကားပြစ်မှားခဲ့သည့် သမီးကြီး ခင်ဝေမှာ သားသမီးသုံးယောက်မွေးအပြီး မျိုးရိုးမရှိဘဲ နှနာများ စွဲကပ်ခဲ့သည်။ အိမ်ထဲက အိမ်ပြင်မထွက်။ လူမြင်မခံရဲသည့် ဘဝသို့ ရောက်ခဲ့သည်။

သားကြီးတင် ဖေမှာလည်း အလားတူပင် နှနာများ စွဲကပ်ခဲ့၍ လူတော်မတိုးရဲသည့် ဘဝ။ ခင်ဝေ၏ ရောဂါကို ယောက်ျားနှင့် သားသမီးများက ဆရာမျိုးစုံ၊ ဆေးမျိုးစုံဖြင့် ကုသထို အပျို မနှစ် ယောက်ကလည်း စည်းလွတ်၊ ဝါလွတ် နေကြသည့် ပညာတစ်ပိုင်းတစ်စနှင့် မိုးလင်းက မိုးချုပ် စက်ဘီးကိုယ်စီဖြင့်ကလပ်ရား လပ်ရား နေကြသည်။

"ဟဲ့ . . . ညည်းတို့ မလွန်လွန်းဘူးလား။ မိုးလင်းက မိုးချုပ် လမ်းသလားဖို့ပဲ စိတ်ကူးနေကြ"

"ဘာမှ လာပြောမနေနဲ့။ ကျုပ်တို့ ခြေထောက်နဲ့ ကျုပ်တို့ သွားတာ။ နေရာတကာ ဝင်မပါနဲ့။ ဟင်း သေချင်းဆိုးမကြီး"

ခင်ထွေးကလည်း မိခင်ကြီးကို ဖေနှင့် တိုင်းဆဲသည်။ ပြည့်တန်ဆာနှင့် နှိုင်းဆဲသည်။ ရန်းရင်းကြမ်းတမ်းစွာ ကျိန်ဆဲသည်။

ပတ်ဝန်းကျင်က "မကြားဝံ့ ဟောသာ။ ကြောက်စရာ သားဆိုး၊ သမီးဆိုးတွေပါလား ဘုရား . . . ဘုရား" ရေရွတ်၍ တစေ့တစောင်း ကြည့်ကြသည်။

×××



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း မပျောက်။ တစ်နေ့တခြား ဆိုးလာကာ ထိုရောဂါဖြင့်ပင် လူလောကမှ ထွက်ခွာသွားရတော့သည်။

တင်ဖေမှာလည်း ရောဂါသည်းသည့်ကြားမှပင် မိခင်ကြီးကို ဆဲဆိုကြိမ်းမောင်းရင်း လူလောကကြီးမှ ထွက်ခွာသွားရတော့သည်။ သူတို့နှစ်ဦးလုံး မိခင်ကြီးထက် အရင်စောစွာ သေဆုံးကြရသည်။

မအေဖြစ်သူကို စကားများတိုင်း သေချင်းဆိုးမကြီးဟု ရက်စက်စွာ ဆဲဆိုခဲ့သည့် ခင်အေးတစ်ယောက်မှာ ယောကျ်ားတကာနှင့် တွဲ၍ ယုတ်စွအဆုံး ကိုယ်ဝန်ဖျက်ချသဖြင့် အသေမလုခဲ့။ ဝေဒနာကိုးပါးစွာ ခံစား၍ ရုတ်တရက် အသေဆိုးနှင့် သေခဲ့သည်။

မိခင်ကြီးကို ပြည့်တန်ဆာမနှင့် နှိုင်းယှဉ်၍ အမြဲလိုလို ဆဲဆိုခဲ့သော ခင်ထွေးသည်လည်း ကုန်ကူးမည်ဆိုကာ အစုန်အဆန်နှင့် သင်္ဘော၊ မော်တော်များ ပေါ်တွင် လိုက်၍ ယောကျ်ားတကာနှင့် တွဲကာ ဘဝပျက်ခဲ့ရသည်။

ထိုအဖြစ်လေးသည် မိဘကို ကဲ့သုံးပါးဖြင့် ပြစ်မှားစော်ကားမိ၍ ကံကြီးထိုက်ကာ မိခင်ကြီးထက် စောစွာ လူလောကမှ ကံအကြောင်းမလှစွာ ထွက်ခွာသွားရသည့် သားဆိုး သမီးဆိုး တို့၏ ဇာတ်ကြောင်းမှန် ဖြစ်ပါသည်။

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ ဆိုသည့် စကားလေးအတိုင်း မိဘတို့သည် သားသမီးလေးများ ငယ်စဉ်မှာ ဖယောင်းရုပ်လေးများ သဖွယ် လိုသလိုပုံသွင်း၍ သွန်သင်ဆုံးမရသည့် လက်ဦးဆရာပင် ဖြစ်သည်။ သို့မှသာ လိမ္မာသော သားကောင်း၊ သမီးမွန်လေးများ ဘဝသို့ ရောက်ရှိပေလိမ့်မည်။

"မိနှင့်ဘ၏ ကြီးလုကျေးဇူး သင်လေဘူးကို အထူးပြလိမ့်။ နားနာစိမ့်သော နှစ်သိန်းလေးသောင်း ပေါင်းသည့် ဌ္ဌမြေ ထူးထူးထွေလည်း စိမ်းရွေထွားထွား၊ ဝါးရွက်လားသို့ ကြယ်များ စကြံဝဠာ ကြီးရောလည်း အပ်မှာနဖား ထွင်း၍ထားနှင့် မပြာပုံဆို၊ တောင်မြင့်မိုရ်လည်း နွားချိုပေါက်စ ပမာကျ၏။ နက်လှစွာရောက် ရှုစ်သောင်းလေးထောင် ရေတောင်တောင်နှင့်ထဲ ချောင်းသမုဒ္ဒရာ ရေများစွာလည်း ပမာ မလောက် မိုးရေပေါက်သို့ အံ့လောက် အရာ။ (ပုတ္တောဝါဒ)

စာကြွင်း။ ။ လွန်လေပြီးသော နှစ်ငါးဆယ် ကျော်မှ အဖြစ်မှန်ကို အမည်များ လွှဲပြောင်းထားပါသည်။

**ယုလေး(ဥပဒေ)**

www.burmeseclassic.com

www.burmeseclassic.com



ယောကျမသည်လည်းမိတပါပဲ

# စိမ်ငရော

ကြည်နွဲ့ရည်(ခရမ်း)

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

အမှတ်တမဲ့ မိုးနွေဦးရာသီ ရောက်လာသည်ကိုပင် သတိမထားမိ။ ဒေါ်ကြီးစိုးအိမ်ရှေ့ မြေတလင်းတွင် မြေမှုံလေးများ စုပြီး ရှုပ်တိုက်ပြေးနေကြပြီ။ မကြာမီ သစ်ရွက်ခြောက်များ အပျိုက်များပါ ရောထွေးပေါင်းစပ်ကာ ဝဲကတော့တိုးပြီး လေပွေလေးတွေ ဖြစ်လာတော့မည်။

အရှိန်ရလာသည့် လေပွေများက အတော်မြင့်မြင့် ရောက်သည်အထိ ဝဲဝဲ တိုက်ခတ်သွားတော့မည်။ လေပွေလေးများ နောက်မှ အော်ဟစ်ဆူညံစွာ ပြေးလိုက်နေသည့် ကလေးများ၏ အသံအချို့ကို ဒေါ်ကြီးစိုး ကြားနေသည်။ သူတို့ ပြေးရင်းမောတော့မှ အပြေးရပ်ကြမည်။ လေပွေလေးတွေ တိုက်ခတ်လာတိုင်း ကလေးများ အပြေးလိုက်ကြသည်။ ပျော်နေသည့် ကလေးများအထဲတွင် သက်ပိုင်ဦးကို ရှာကြည့်သည်။ သူ့အသံက အကျယ်ဆုံး၊ အဆော့အသန်ဆုံးပို့ကလေးများ၏ ထိပ်ဆုံးမှာ အမြဲတွေ့နေကျ။

ညနေစောင်းတော့မှ ခွေးတာလုံးနှင့် အိမ်ပြန်လာတာ ဒေါ်ကြီးစိုး ပြင်ထားသော ထမင်းဝိုင်းမှာ အကျအန ထိုင်ကာ ဟင်းခွက်များကို ဟိုမြည်း၊ ဒီမြည်း လုပ်ပြီး ထမင်းကို ပလုပ်ပလောင်းနှင့် အားရပါးရ စားနေသည့် သက်ပိုင်ဦးကို ဒေါ်ကြီးစိုးက ဘေးမှ တပြုံးပြုံးကြည့်ရင်း သူ့အကြိုက် ချက်ထားသည့် ဟင်းဖတ်များကို ခပ်ခပ်ပြီး ထည့်ပေးနေသည့် ပျော်စရာပုံရိပ်များက ထင်ထင်ရှားရှား ပေါ်လာပြီးမှ တဖြည်းဖြည်း မှုံဝါးပျောက်ကွယ်သွားသည့်အခါ မျက်ရည်များ ပြည့်လျှံနေသည့် ဒေါ်ကြီးစိုး၏ မျက်လုံးများက အိမ်ရှေ့ကန်ပေါင်ပေါ်မှ လူသွားလမ်းကလေးဆီသို့ သာ မျှော်လင့်ကြီးစွာဖြင့်။

×××

မီးဖိုဆောင်ထဲမှ အသံအချို့ ကြားနေသည်။ ဒေါ်ကြီးစိုး မျက်လုံးမဖွင့်ဘဲ အသာငြိမ်၍ နားထောင်နေသည်။ ဘာကြောင့်မှန်းတော့မသိ။ သူရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ ဝုန်းခနဲ တပြီး မီးဖိုထဲသွားတော့ ထင်သည့်အတိုင်းပင် သက်ပိုင်ဦးက ခေါင်းမော့ဘဲ ဇလုံနှင့် အပြည့်ထည့်ထားသည့် ထမင်းပေါ်ကို တက်သားဟင်းတုံးများကိုခပ်၊ ခပ်ပြီးထည့်နေသည်။ ငါးပိရည်ပန်းကန်ကို ထမင်းပေါ် မှောက်ချပြီး အားရပါးရ နယ်ဖတ်ကာ ပလုပ်ပလောင်းစားနေသည်။ ဒေါ်ကြီးစိုး ဒေါသစိတ်များက သူလက်ပေါ်သို့ ခုံပြုရောက်ရှိလာပြီး ထမင်းစားနေသည့် သက်ပိုင်ဦး တစ်ကိုယ်ပေါ် အနံ့ အားရပါးရ ရိုက်ပစ်လိုက်သည်။

"ငါ့ထမင်းတွေ လာပြီး မြိုဆို တယ်ပေါ့လေ။ မအေကိုတော့ သတိတောင် မရဘဲနဲ့ ဆာတော့မှ ခွေးဝင်စားလိုမျိုး ခိုးကြောင်ခိုးဝှက် ဝင်လာတယ်ပေါ့။ ငါ မသဒ္ဓါဘဲ စားလို့ကတော့ အပင်းအဆိပ်ခူည့်မှတ်"

ဒေါ်ကြီးစိုး နှုတ်မှ စကားလုံးခပ်ကြမ်းကြမ်းများ ထွက်လာပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘဲ တစ်တောင်လောက်ရှိသည့် သတင်းစာစက္ကူဖြင့် သူကိုယ်တိုင် လိပ်ထားသည့် "ဘော့ဖြူ" ဆေးလိပ်ကြီးကို မီးခိုးတထောင်းထောင်းထအောင် ဖွာပစ်လိုက်သည်။

"အမေ အလုပ်တွေအားလုံး လုပ်ပေးခဲ့ပြီနော်။ နောက်နေ့လည်း ဟင်းကောင်းကောင်း ချက်ထားဦး"

သက်ပိုင်ဦးက အမေ့ကိုဖက်ရင်း ပြောင်ချော်ချော် ပြောသည်။ "အေး ချက်ထားမယ် စောင့်နေ။ မအေကို ပစ်ပြီး မိန်းမနောက် ကောက်ကောက် ပါသွားတဲ့ အကောင်ကများ။ နင်စားချင်တာ နင့်မိန်းမကို ချက်ခိုင်းပေါ့ဟဲ့။ မအေအတန်တန်ဖျက်တဲ့ကြားက ယူဖြစ်အောင်ယူပြီး မိန်းမအိမ်မှာ နဖားကြိုးအထိုးခံသတဲ့။ စာတော့မှ အမေ့မီးဖိုချောင်ကို သတိရတယ်ပေါ့လေ။ ဒီလိုသားမျိုး များများမွေးခဲ့ရမှာ။ မှားပါတယ်"

ဒေါ်ကြီးစိုး လှည့်ကြည့်တော့ သက်ပိုင်ဦး မရှိတော့ သူ ဒီလိုပဲ မကြာ

**'လုပ်တဲ့ဟာ ဒီရောကို ဝင်အောင်သောက်။ ဒါ 'စိမ်ရေ' လို့ ခေါ်တယ်။ ယောကျ်ားကို မိုက်မိုက်ရိုင်းရိုင်း ပြောခဲ့တာတွေ ကျေအောင် သောက်လိုက်။ ယောကျ်ားလည်း မိဘပဲ။ မိဘကို စော်ကားလို့ စိမ်ရေသင့်တာ ကံကြိုးထိုက်တာပေါ့အေ'**

မင့်သက်ပိုင်ဦး ထမင်းစား မပျက်ပါ။ ဝက်သားဟင်းပန်းကန်ကို မောက်ချပြီး အနှစ်များကို ထမင်းနှင့်လူးကာ အားရပါးရ စားနေသည်။ အမေ့ထမင်းဝိုင်းကို ဘယ်လောက်များ အောက်မေ့တောင့်တနေသည်မသိ။ ဒေါ်ကြီးစိုး၏ တင်းမာနေသည့် စိတ်များ တဖြည်းဖြည်း ပြေလျော့လာသည်။ သို့ပေမယ့် မျက်နှာကို တမင်တင်းထားရသည်။

ထမင်းစားပြီးသော သက်ပိုင်ဦးကို ဒေါ်ကြီးစိုး လှည့်ကြည့်သည်။ သူချစ်သော သက်ပိုင်ဦး၏ လူပ်ရှားမှုက ဘာမှ ပြောင်းလဲခြင်းမရှိ။ ထမင်းစားပွဲရှင်းပြီး ပန်းကန်ဆေးပြီး အိမ်အောက် ဆင်းသွားသည်။ သူ ဘာလုပ်ဦးမည်ကို ဒေါ်ကြီးစိုးက သိပြီးသား။ အမေသုံးဖို့ အိမ်ရှေ့ကန်မှ ရေထမ်းပြီး ရေအိုးတွေ ဖြည့်ခဲ့မည်။ ခြံထဲမှာ တံမြက်စည်း ပြောင်အောင် လှဲခဲ့မည်။ ချိုးရေအိုးကို ဆေးကြည့်ရင်း အမေ စိမ်ထားသည့် ထဘီ ဆွဲလျှော် လျော်ခဲ့မည်။

ဒေါ်ကြီးစိုး သူ့ကို တမင်မကြည့်

www.burmeseclassic.com

မကြာ လာလာပြီး အမေ့မီးဖိုချောင်ကို မွှေနေကျ။ ဒါကို သိ၍ ရွာမှာ ဟင်းစားပေါ်လျှင် ဒေါ်ကြီးစိုး အပြေးသွားပြီး ပိသာတွဲဆွဲကာ သက်ပိုင်ဦးအကြိုက် ဝက်သားတုံးများကို အတုံးကြီးကြီးတုံးကာ ကြက်သွန်အနှစ်များများနှင့် အချို နပ်ပြီး သားကို မျှော်ရသည်က ဒေါ်ကြီးစိုး၏ လုပ်နေကျ အလုပ်များမှ အရေးကြီးဆုံး အလုပ်တစ်ခုပါ။

×××

အိမ်ထဲ ဝင်လိုက်သည်နှင့် အသင့်ပြင်ထားသည့် ထမင်းဝိုင်းက ဆီးကြိုနေသည်။ ထမင်းဝိုင်းအနီးမှာ ထိုင်နေသည့် လုဝတ်ရည်ကို မြင်ကတည်းက တစ်စုံတစ်ခု ထူးခြားနေမှန်း သက်ပိုင်ဦးတွေးပြီးသား။ လုဝတ်ရည်မျက်နှာက သူသိထားသည့် အဖြေတစ်ခုကို သည်ထမင်းဝိုင်းမှာ အတည်ပြုချင်သည့် ပုံစံမျိုး။

သက်ပိုင်ဦး ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ သူကြိုက်သည့် ငါးခူစဉ်းကောဆီပြန်ဟင်းကို ရှမ်းနံနံများများအုပ်ထားသည်။ ခေါင်းနှင့် အရိုးများကို ကန်ဇွန်းရွက်နှင့် ချဉ်ရေချက်ပြီး ငြုပ်သီးစိမ်း ခပ်ထား၍ ငြုပ်သီးစိမ်းနှံ့သင်းသင်းလေးက ထမင်းမြိန်ချင်စရာ။ သို့ပေမယ့် အမေ့အိမ်မှ ဝက်သားဟင်းက နေရာယူပြီးသားမို့ ထပ်ပြီး မစားနိုင်တော့။ လုဝတ်ရည်ရေမှာ ဟန်ဆောင်ရင်း ထမင်းပန်းကန်ထဲကို ဟင်းရည်စပ်ထည့်ပြီး ဟိုဆွ၊ ဒီဆွ လုပ်နေသည်မို့ လုဝတ်ရည်က ထမင်းစားပွဲကို မြန်းခနဲ ပုတ်ထည့်လိုက်သည်။

"သက်ပိုင်ဦး။ နင်ဘာတွေ စားထားလို့ ထမင်းမစားတာလဲ ငံ့ကို ပြော"

လုဝတ်ရည်အသံ အတော်ကျယ်သွားသည်မို့ ဆန်ပြာနေသည့် အမေဒေါ်အေးခင်က လှည့်ကြည့်သည်။

"ငံ့ကိုပြော နင်စားချင်တယ်ဆိုလို့ မြို့ကိုမှာပြီး ချက်ထားရတာလေ။ နင် မစားချင် မစားနဲ့ အကုန်သက်သာတယ် ပေး။

ထမင်းပန်းကန်ကို ဆောင့်ဆွဲရင်း ဒေါသဆိုးများ ပြည့်လျှံနေသည့် မျက်လုံးဝင်းဝင်းတောက်တောက်များဖြင့် သက်ပိုင်ဦးကို စိုက်ပြီးကြည့် သည်။

"နင် ရွာမြောက်ဖျားကိုသွားတာ ငါသိတယ်နော်။ နင့်ကို လူပျိုမှတ်လို့ ယူထားတာ။ နှစ်ယောက်ပေါင်းမယ် မကြံနဲ့။ ကြိုက်တာရွေး"

လုဝတ်ရည် စကားများများရှိုင်းလွန်း၍ ဒေါ်အေးခင် ဆန်မန်းကို ပစ်ချပြီး ထဘီပြင်ဝတ်ကာ လုဝတ်ရည်ကို ရိုက်ဖို့ လာပေမယ့် သက်ပိုင်ဦးက ဒေါ်အေးခင်ကို ဖက်ထားသည်။ လုဝတ်ရည်ကို ထိလို့မဖြစ်ပါ။ သူမှာ ကိုယ်ဝန် လွယ်ထားကာစလေ။

ထမင်းပွဲသိမ်းရင်း လုဝတ်ရည်၏ ဒေါသက အရှိန်မလျော့သေး။

"နင့် အမေကလေ ငါနဲ့ သဘောမတူလို့ လုဝတ်ရည်ကလွဲရင် ဘယ်သူနဲ့ယူယူ ဟိုအဝတ်မပါလာရင် ဆီးပြီးဆင်မယ် ဟိုခွေးမကို ယူလာမိရင် တောင် အပြီးဖြတ်ပြီး ပေးစားမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

သူများသားသမီး ခိုးပြေးပြီး တာဝန်မယူလို့ ကန်တော့ပွဲတစ်ပွဲနှင့် အမေ့အိမ်ပြန် တက် လာရတာလေ။ နင် ဘာလုပ်ကြွေးလို့လဲ၊ ဘွဲ့လက်မှတ်ရေးပြပြီး ကျူရှင်လခ တပဲခြောက်ပြားနဲ့များပြောပြန်တော့ လုဝတ်ရည်လွန်မယ်။ နှင့်အမေကိုက်လို့ ပြန်ကိုက်ရင် ငါလည်း နင်တို့လို ချေးစားရမှာစိုးလို့ဟေ့။ အဲလောက် သိနေလည်း ကိုယ့်ဘာသာ ပြန်ပြီးယူ"

လုဝတ်ရည်စကား မဆုံးလိုက်ရပါ။ သက်ပိုင်ဦး လက်ထဲမှ ဒေါ်အေးခင် ရုံးထွက်ဦး လုဝတ်ရည်ဆံပင်များကို ဆောင့်ဘွဲ့ကာ စိတ်ရှိလက်ရှိ ရိုက်ပစ်လိုက်သည်။

×××

အရာထင်ဦး မောင်ရိပ်မပျယ်မီ လုဝတ်ရည်တို့အိမ်မှာ မီးရောင်လက်ဆက်ကို မြင်ရသည်။ မီးရောင်အချို့ခြွေကို ထွက်သွားပြီး မကြာမီ စကားပြောသံများနှင့်အတူ ခြံထဲသို့ ပြန်ဝင်လာသည်။

**'နင် ရွာမြောက်ဖျားကို သွားတာ ငါသိတယ်နော်။ နင့်ကို လူပျိုမှတ်လို့ ယူထားတာ။ နှစ်ယောက်ပေါင်းမယ် မကြံနဲ့။ ကြိုက်တာရွေး'**

ရောင်နီလာပြီး ရွာဦးကျောင်းမှ တုံးခေါက်သံကြားရသည်။ လုဝတ်ရည်တို့ အိမ်ဆီမှ တိုးတိတ်သော စကားပြောသံများနှင့် လုဝတ်ရည်၏ အော်ညည်းသံပါ တစ်ချက်တစ်ချက် ကြားနေရ၏။ လုဝတ်ရည် ဝမ်းနာနေပြီ။

ဝမ်းဆွဲသည် ဘွားလုအေးကြီး ခပ်သုတ်သုတ် အိမ်ထဲဝင်သွားသည်။ ရွာမှ သားဖွားဆရာမလေးက မနေ့ကမှ မြို့ပေါ် သွားသည်။ လုဝတ်ရည်၏ မွေးမည့်ရက်က တစ်ပါတ်ကျော် လိုသေးသည်ဖို့ စိတ်ချလက်ချပါပဲ။

ဘွားလုအေးက မိရိုးဖလာ ဝမ်းဆွဲသည် အလုပ်ဖို့ ကျွမ်းကျင်သည်။ စိတ်ချရသည်။ သူနှင့် အပ်ထားသည့် မွေးလူနာများမှာ အဖိတ်အစင်မရှိ။

အတော်လေး ဝမ်းနာနေရာသည့် လုဝတ်ရည်ကို အားပေးရင်း ကလေးအနေအထားကို စမ်းကြည့်တော့ အမေ့ဝမ်းက ကျွန်ဖို့ အချိန်သိပ်မလို





www.burmeseclassic.com

www.burmeseclassic.com

တော့ နာလွန်း၍ တကြွတ်ကြွတ် အော်နေရာသည့် လုဝတ်ရည်၏ ဗိုက်ကို ပွတ်ပေးလိုက်၊ တွဲပြီး လမ်းလျှောက်ပေး လိုက်နှင့်။

ရွာဓလေ့မို့ မီးနေစောင့်များက အိမ်နှင့်အပြည့် လုဝတ်ရည် စိတ်ပြေ အောင် ကြံဖန်ပြီး ရယ်စရာလေးများ ပြောသူက ပြောကြသည်။

"မြန်မြန်မွေးပါဟယ်။ နံနက် ဖြန် စနေအကူး နေတက်၊ ရောတက် မွေးရင်ဒုက္ခ။ သားဦးမို့ ဓားထမ်းပြီး ကျော်နေရဦးမှာ"

"ယောက်ျားလေးဖြစ်မှာ လုဝတ်ရည်ရုပ်က ကြမ်းထော်နေတာ ကြည့်" လုဝတ်ရည်ကို အကဲခတ်ရင်း အချင်းချင်း တီးတိုးပြောစကားများက လုဝတ်ရည် မကြား၍သာ တော်ပါသေး၏။

နာကျင်မှုကို လုဝတ်ရည် မခံစားနိုင်တော့ လမ်းပင် မလျှောက်နိုင် အမေ့ရင်ခွင်ထဲမှာ နာလွန်း၍ ငိုနေရာ သည့် လုဝတ်ရည်က အမေကိုကြည့်

**'မြန်မြန်မွေးပါဟယ်။ နံနက်ဖြန် စနေအကူး နေတက်၊ ရောတက် မွေးရင်ဒုက္ခ။ သားဦးမို့ ဓားထမ်းပြီး ကျော်နေရဦးမှာ'**

သည်။

"အမေ ဘာတွေလဲ မသိဘူး စိုရွဲနေပြီ"

လုဝတ်ရည် အမေ့ကို တင်း တင်းဖက်ထားသည်။ ဘွားလုအေးက မွေးလမ်းကြောင်းကို ကြည့်သည်။

"ရေမွှာပေါက်ပြီး မွေးတော့ မယ်။ လုဝတ်ရည် အားစိုက်ပြီး ညှစ်နော်။ အားတင်းထား ညှစ်...ညှစ်"

လုဝတ်ရည် ဗိုက်ကို ဘွား လုအေးနှင့် တွန်းသည်။ လုဝတ်ရည် ထံမှ ညှစ်သံမကြားရတော့။

"ညှစ်လေ သမီးလေး ညှစ် ညှစ်"

ပြောရင်း လုဝတ်ရည်ကို ကြည့်တော့ မျက်လုံးများ မှေးစင်းနေ ပြီ၊ ဝမ်းနာသည့် ဝေဒနာကို ခံစားရသည့် ပုံ မပေါ်တော့။

"လုဝတ်ရည် သတိထား"

လုဝတ်ရည် ပါးကလေးနှစ် ဖက်ကို ခပ်ဆပ်ဆပ်လေးပုပ်ရင်း ခေါ်နေ ပေမယ့် လုဝတ်ရည်ထံမှ ဘုံပြန်မှုမရှိ



www.burmeseclassic.com

www.burmeseclassic.com

တော့။ အတော်ပင် အိပ်ချင်နေသည်ပဲ။ အမေအေးခင်ကို ဘွားလှအေးကြည့်တော့ သူလည်း ကြိတ်ပြီးငိုနေပြီ။

လုံဝတ်ရည် သွေးတက်နေတာ သေချာပြီ။ ဘွားလှအေး ရင်တွေတဒိတ်ဒိတ် ခုံနေ၏။ အိပ်ပျော်သွားလို့ မဖြစ်။ ပြန်ပြီး နိုးလာတော့မှာ မဟုတ်မှန်း အတွေ့အကြုံအရ သိနေသည်။

မွေးလမ်းကြောင်း ကောင်းသည်။ ရေမွှာပေါက်ပြီး အမေ့ ညှစ်အားနှင့် တွန်းအားကြောင့် အလွယ်တကူ မွေးရမှာ အဖြေရာပေမယ့် ဘယ်လိုမှ စဉ်းစား၍မရ၊ ကလေးကပါ မတိုးတော့သောအခါ ဘွားလှအေး စိုးရိမ်ရပြီ။ လုံဝတ်ရည်ကို အဆက်မပြတ် ခေါ်နေပေမယ့် ချည့်နဲ့စွာ ထူးရင်း မျက်လုံးက မဖွင့်ပါ။ ဘွားလှအေး ဆုံးဖြတ်ချက်တစ်ခုကို အမြန်ချလိုက်သည်။

"သက်ပိုင်ဦး နင့်အမေကို သွားခေါ်ခိုင်းစမ်း။ အမြန်ခေါ်ခဲ့။ ငါထင်ဘာ မလွဲဘူးဆိုရင် လုံဝတ်ရည် ဘာမှ မဖြစ်စေရဘူး။ စိတ်ချချသာနေ"

အိမ်ရှေ့ ဘုရားစင်ရှေ့မှာ အဂ်္ဂလိမာလသုတ်ကို ဂျွမ်းထိုးမှောက်ခုံ ရွတ်ဆိုနေသည့် သက်ပိုင်ဦး ရင်တွေ တုန်လွန်း၍ ဆိုင်ကယ်မမောင်းနိုင်မှန်း ဘွားလှအေးသိသည်။

ဆိုင်ကယ်ဝင်လာသံ ကြားတော့ ဘွားလှအေး အပြေးလေး ထွက်လာသည်။

"မိသန်းစိုး ညည်းခြေတွေ့၊ လက်တွေ့ အမြန်ဆေးလိုက်စမ်း"

ဘာကြောင့်မှန်း မသိပေမယ့် ဘွားလှအေးခိုင်းလသို့ အသေအချာဆေးသည်။

"ကဲ ... ဒီဇလုံထဲကို ရေသန့်သန့်ထည့်။ ညည်းခြေထောက်တွေ နှစ်စမ်း၊ လက်တွေလည်းနှစ် ဟုတ်ပြီ"

ဘွားလှအေးသည် ဇလုံထဲမှ ရေကို ဖန်ခွက်နှင့်ခပ်ပြီး လုံဝတ်ရည် အခန်းထဲ အပြေးဝင်သွားသည်။

"လုံဝတ်ရည် ဒီရေကို ဝင်အောင်သောက်။ ဒါ "စိမ်ရေ"လို့ ခေါ်တယ်။ ယောကျ်ားမကို မိုက်မိုက်ရိုင်းရိုင်း ပြောခဲ့တာတွေ ကျေအောင် သောက်လိုက်။ ယောကျ်ားမလည်း မိဘပဲ။ မိဘကို စော်ကားလို့ စိမ်ရေသင့်တာ ကဲကြိုးထိုက်တာပေါ့အေ"

ဘွားလှအေးက လုံဝတ်ရည် ပါးကလေးကို ပုတ်ကာ နှိုးရင်း စိမ်ရေကို တိုက်သည်။ လုံဝတ်ရည်က မျက်လုံးမဖွင့်ဘဲ ဖန်ခွက်လေးကို လက်နှင့် စမ်းကိုင်ရင်း ကြိုးစားပြီး သောက်နေသည်။ လုံဝတ်ရည်လက်ကလေးကို ဆုပ်ကိုင်ပေးထားသော ဒေါ်ကြီးစိုး မျက်လုံးအိမ်မှာ မျက်ရည်အပြည့်နှင့်"

လုံဝတ်ရည် မျက်လုံးများ ဖွင့်လာနိုင်ပြီ။ သူ့ကို ကြည့်နေသည့် ဒေါ်ကြီးစိုးနှင့် မျက်လုံးချင်းဆုံသည့်အခါ မျက်ရည်များက ထိန်လို့မရတော့။

"သတိရတယ်နော်။ ငိုမနေနဲ့ ဒီတစ်ခါ အားစိုက်လိုက်ဦး။ ညှစ် ညှစ်" ဘွားလှအေးက ပြောရင်း ဗိုက်ကိုတွန်းသည်။

လုံဝတ်ရည်၏ မျက်နှာလေးက ဖြူဖျော့မနေတော့။ အားစိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ညှစ်သည်။ ကလေးက လျှောခနဲ ထွက်လာပေမယ့် ရေမွန်းပြီး မလှုပ်တော့ပါ။ ဘွားလှအေးက သူ့လက်ပေါ်မှာ မှောက်ချလိုက်ပြီး တင်ပါးလေးကို ခပ်ဆတ်ဆတ် ပုပ်လိုက်မှ အသံစူးစူးလေး ကြားရသည်။

"အူဝဲ ... အူဝဲ"

တိတ်ဆိတ်နေသော မီးနေခန်းသည် ယခုမှပင် ပြုံးရွှင်ရယ်မောသံများဖြင့် လင်းလက်ဆူညံနေသည်။

×××

မီးထုတ်သည့်နေ့မို့ လှဝတ်ရည်တို့အိမ်တွင် နံနက်ခင်းကတည်းက ဧည့်သည် အတော်များများ ရောက်နေကြပြီ။ ဒေါ်ကြီးစိုးက သူနာမည်ပါအောင် "သက်စိုးအောင်"ဟု အမည်ပေး၏။ မြေးလေး အသက်ရှည်ရှည် နေရအောင် ကြာဇံချက်ကြွေးသည်။

လေကြီးဆိပ် တစ်ရွာလုံး ကလေးကင်ပွန်းတပ်ကို လာကြသည်မှာ ဒေါ်ကြီးစိုး လိုက်ပြီး ဖိတ်ခိုင်းသလို တစ်ရွာလုံး မီးခိုးတိတ်။

အနီးဖြူဖြူလေးနှင့် ကျစ်နေအောင် ထုပ်ထားသည့် နီတာရဲလေးက ဒေါ်ကြီးစိုး လက်ပေါ်မှာ အိပ်မောကျလို့။ အိပ်မက်ထဲမှာ ဘာတွေများ တွေ့နေသည် မသိ။ တစ် ချက် တစ် ချက် ရယ်လိုက် သေးသည်။

အိမ်ရှေ့ဘုရားခန်းတွင် ဘွားလှအေးက ကန်တော့ပွဲ ဇလုံကြီးကို အသာချသည်။

"ကဲ ... လှဝတ်ရည် အမေကို ကန်တော့မယ်။ မိသန်းစိုးရေ လာဟေ့။ အပြစ်တွေကျေအောင် ဝဇီဂံ၊ မနောကံနဲ့ ပြစ်မှားမိတာ ခွင့်လွှတ်ဖို့ ထိုင်ပြီးကန်တော့"

"ဘွားလှအေး မခိုင်းမိကပင် ဒေါ်ကြီးစိုးက စိတ်ပြေပြီသား။ အပြောကြမ်းပေမယ့် လှဝတ်ရည်၏ စိတ်က မည်မျှဖြောင့်သည်ကို သိပြီးသားပါ။ လှဝတ်ရည်က ဒေါ်ကြီးစိုးရှေ့မှာ လက်အုပ်လေး ချီထားသည်။ သွေးသားပြောင်းရှိလား မသိ။ ဖြူသော အသားလေးက ဝါဝင်းရွှန်းစိုနေသည့် တောင်တံကြီး ဆေးမြစ်သွေးပြီး တစ်ကိုယ်လုံး လိမ်းထားသည်။ ဆံထုံးမြင့်မြင့် အောက်မှ ကျော့ရှင်းသော လည်တိုင်လေးကြောင့် အလှပိုနေသည့် လှဝတ်ရည်ကို သက်ပိုင်ဦး နောက်ပြောင်ချင်သည်။

"လှဝတ်ရည်၊ နင် ငါ့ကိုလည်း ကံသုံးပါးစလုံးနဲ့ စော်ကားထားတာလေ။ အပြစ်တွေပြေအောင် ထိုင်ကန်တော့"

ရယ်ချင်ပုံ ပေါက်နေသည့် သက်ပိုင်ဦးကို ဒေါ်ကြီးစိုး မျက်စောင်းခဲထားပေမယ့် လှဝတ်ရည်က လက်အုပ်ချီကာ တကယ်ပင် ဦးသုံးကြိမ် ကန်တော့လိုက်သောအခါ။

**ကြည်နှဲ့ရည်(ခရမ်း)**



www.burmeseclassic.com

www.burmeseclassic.com

# နက္ခဒ္ဒ(၇)သွယ် ဖေဖေမေမိဘရိုးလေ အာဠဝက်

# ပေါစာတင်း

နတ်မျက်စိ ဆရာအောင်စိုး(B.Sc)





www.burmeseclassic.com

www.burmeseclassic.com

**နတ်နက္ခတ်ဖွား တနင်္ဂနွေသား**

သောကမုန်တိုင်း ထန်ခိုန်။ လူရင်း အိမ်တွင်းလူတွေကြောင့် စိတ်ပူပန်ရခိုန်။ တိုးတက်မှု နှေးကွေးခိုန်။ ခရီးက် ကောင်းမည်။ ရပ်ဝေးမှ လက်ဆောင်နှင့် ငွေသားရခိုင်ခိုန်။ ရန်ကို အနိုင်ရန်ခိုန်။ ကျန်းမာရေးမှာ အအေးဖွဲ့၍ ဖျားနာဝင်ရခိုန်။ သွေး၊ သွား၊ အဆစ် ဒုက္ခပေးခိုန်။ မိသားစုတွင်း ပျော်ရွှင်ရခိုန်။ အချစ်ရေးမှာ ချစ်လိပ်ပြာတောင်ပံ့ ညောင်းခိုန်။ ပညာရေးမှာ ကြိုးစား၍ အောင်ပွဲရခိုန်ခိုန်။

ယတြာ- ညောင်ပင်ကို ရေသက်စေ့ ပူဇော်ပါ။

**လူနက္ခတ်တနင်္ဂနွေသား**

အစားအသောက် ကောင်းကြဲမယ်။ မိတ်ဟောင်းနှင့် ကြုံမယ်။ အရောင်းအဝယ် တိုးတက်မည်။ ရည်မှန်းချက်များ ပြည့်မှီမည်။ အိမ်တွင်းရေးမှာ မိမိဒေါသကို ထိန်းသိမ်းရန်လိုမည်။ ငွေအပေး ရှုပ်ထွေးမည်။ ချောင်းဆိုး၊ ရင်ကြပ်၊ ခြေနာ၊ လက်နာ ကြုံမည်။ ညဘက်ခရီးကို ရှောင်ပါ။ စန်းပွင့်ကာလဖြစ်၍ သတိနှင့် ဆက်ဆံပါ။ လူကြီးတို့၏ အထင်လွဲခြင်း ခံရမည်။

**ဘီလူးနက္ခတ်တနင်္ဂနွေသား**

မိမိပြုပြင်ခြင်း အလှူအတန်း လုပ်ရခြင်း ကြုံမည်။ စီးပွားရေးမှာ တုန့်ဆိုင်းဆိုင်းဖြစ်နေမည်။ သို့သော် အဖွဲ့အစည်းတစ်ခုတွင် ဂုဏ်ပြုခံရခြင်း။ ငွေဝင်စရာအကြောင်း ဖန်တီးဖြစ်ပေါ်ခြင်း များ ကြုံမည်။ အစာမကြေခြင်း၊ အစာမမှန်ခြင်းက သင့်ပေါ် စိတ်ပျက်စရာ စဖြစ်ပေါ်မည်။ ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်ဖြစ်မည်။ လျှပ်စစ်သတိထားပါ။ ချစ်သူရဲ့ ကြင်နာမှုများ ပိုရစရာမြင်သည်။ ပညာရေးမှာ အိပ်ပျက်စွာ ကြိုးစားနေခြင်းကို ရပ်တန့်သင့်သည်။

ယတြာ- သမ္မာဒေဝ မနက်ည (၉)ခေါက် စီ ရွတ်ပါ။

**နတ်နက္ခတ်တနင်္လာဖွား**

ခရီးဝေးရှိမည်။ တိုထွင်တွေးတောမှုတွေ ထိရောက်မည်။ ထိခိုက်ဒဏ်ရာရစရာ ရှိတယ်။ အစာအိမ်၊ ခါး၊ သွေးတိုး ဒုက္ခပေးမည်။ ရေနှင့် အကျိုးပြုမည်။ ထိုက်ကောင်းသည်။ ၄၃၊ ၄၇၊ ၄၉ အတွဲများကို မဂ်လာခန်းမအနီး ထိဆိုင်တွင် ကဲစမ်းပါ။ အိမ်တွင်းမှာ လူနာပေါ်မည်။ အငယ်ဆုံးနှင့် နီညာကလေးများ ချူချာမည်။ ရတနာဝင်မည်။ အနုပညာရှင်များ အောင်မြင်မည်၊ သူခိုးကိန်း ရှိနေ၏။ ချစ်သူထံမှ လက်ဆောင်ရမည်။ စာကျက်နှုန်း မြင့်တင်ပါရန် တိုက်တွန်းပါသည်။

ယတြာ- အုန်းသီးစိပ် သက်စေ့ကို အိမ်ဘုရားရှင်တွင် လှူပါ။

**လူနက္ခတ် တနင်္လာဖွား**

ဂုဏ်မြင့်မည်။ အလှူပွဲ၊ မဂ်လာပွဲ တက်ရောက်ရမည်။ ရာသီတိုး



www.burmeseclassic.com

www.burmeseclassic.com

မည်။ မိမိကိုယ်ကျင့်တရားကို စိန်ခေါ်ခြင်းကြုံမည်။ မြစ်နား၊ ပင်လယ်နား၊ ရေကူး၊ ခရီးသွား သတိပြုပါ။ ရန်ကြားညှပ်မည်။ အနိုင်ကျင့်ခံရတတ်သည်။ ချစ်သူချင်း မခွဲမခွာ စွယ်တော်ရွက်ပမာ ဖြစ်နေမည်။ အိပ်မက်ကောင်း၊ သတင်းကောင်း ကြုံမည်။ ငွေက အခက်အခဲကြားမှာ စုဆောင်းမိမည်။ ငွေဝင်မည်။ ပညာရေးမှာ စာအုပ်ကောင်းရမည်။

ယတြာ- စာကလေးသုံးကောင် လွှတ်ပေးပါ။

**ဘီလူးနက္ခတ်တနင်္လာသား**

စကားမှား၊ အစားမှားမယ်။ လူလိမ်၊ လူကောက် တွေ့မယ်။ ကြံဖန်အပြစ်တင်ခံရမည်။ တိုးတက်မှု နေကွေးမည်။ ရင်ကြပ်ခြင်း၊ အကြောအချဉ်တက်ခြင်း၊ အနေအထိုင် မရှင်းခြင်းကို ကြုံမည်။ အလှူတွေ လုပ်ဖြစ်မည်။ မိဘအပေါ် ကျေးဇူးဆပ်ခွင့်ကြုံမည်။ ပျောက်ပြီး ရှုံးပြီး ယူဆရသော ငွေများ ပြန်ဝင်မည်၊ အိမ်တွင်းရေး သာယာမည်။ ချစ်သူတို့ အယူအဆလွဲနေကြမည်။ ပညာသင်တို့မှာ စိတ်မလေဖို့ စိတ်မတွေဖို့ လိုအပ်ချိန်ပါ။

ယတြာ- သစ်သီးစိပ် ကိုးစိပ်ကို အိမ်ဘုရားတွင် လှူဒါန်းပေးပါ။

**နတ်နက္ခတ်ဖွားအင်္ဂါသား**

ပြဿနာကြားမှာ အောင်ပွဲရမည်။ ရာထူးရမည်။ ဆေးကောင်း၊ ဝါးကောင်းရမည်။ မိဘအကြီးအကဲကျန်းမာရေးတွက် စိုးရိမ်စရာဖြစ်မည်။ ဘာသာရေးအား ကောင်းမည်။ ထူးခြားသော ပုဂ္ဂိုလ်၊ ဓာတ်ပုံ၊ ဓာတ်တော်ရုပ်ပွားတော် ဖူးတွေ့ရမည်။ သားသမီးတွက် ဂုဏ်ယူစရာပေါ်မည်။ မရောက်ဖူးသော ဒေသ ရောက်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ ငွေဝင်ကံ ရှိသည်။ ရောင်းထွက်ချင်သော ပစ္စည်းများ ရောင်းထွက်မည်။ အချစ်ရေးမှာ အများအံ့သြစရာတွေ ဖြစ်ပျက်ကုန်မည်။ ပညာရေးသင့်၏။

ယတြာ- "ဗုဒ္ဓေါ" ကို ဆယ်ပတ် နေ့စဉ် စိပ်ပါ။

**လူနက္ခတ်ဖွားအင်္ဂါသား**

ကိုယ်ကျင့်တရား အရေးကြီးချိန်။ ဆေးရုံလူနာသည် မိမိသွေးရင်းသားရင်း ဖြစ်တတ်သည်။ ဘာသာရေးတွင် ပိုလုပ်အားထုတ်သင့်ချိန်။ လျှို့ဝှက်ထားသည်ကို ပေါ်ထွက်လာချိန်။ ရွှေ၊ ရတနာ ဝင်မယ်။ ငွေစုမရ ဖြစ်နေမည်။ အိမ်ထောင်ဖက်ပေါ် အားမရဖြစ်နေမည်။ ရင်ဝေး အဆက်အသွယ် ပြန်ရမည်။ အနုပညာရှင်တို့ ကံဇာတာစန်းပွင့်ထွန်းတောက်လာမည်။ အားကစားသမားတို့ လူမှုရေးရှုပ်ထွေးမိမည်။ ပညာရေးကို ဆရာတို့၏ အားမရခြင်းကြုံမည်။

ယတြာ- "နမောတဿ" ကို နံနက်၊ ည သက်စေ့ပူဇော်ပါလေ။

**ဘီလူးနက္ခတ်အင်္ဂါသား**

အလှပြင်လှုပ်ရှား ဆန်၊ ဆီအရောင်းအဝယ် ကောင်းမွန်၏။ လူစုလူဝေးမှာ ပါဝင်၍ အများအကျိုးတွက် ဆောင်ရွက်လိုမည်။ အထင်လွဲ၊ အထင်မှားခြင်းမျိုး၊ ချစ်သူထံမှ ရရှိသွားမည်။

www.burmeseclassic.com

ငွေတွင်ရသလို ငွေထွက် စန်းထနေမည်။ စိတ်တိုင်းကျ လှူနိုင်မည်။ သို့သော် ရောင်းမှား၊ ဝယ်မှား ဖြစ်မည်။ နှုတ်မဖွာဖို့ လိုမည်။ အိမ်တွင်းရေး စိတ်ထွက်တိုင်း မပြောမိသင့်ပါ။ ပညာရေးမှာ ကိုယ်ရေးကိုယ်တာ ရောယှက်ခြင်း။

ယတြာ- ဂုဏ်တော်ကို ကိုးပတ်စိပ်ပါ။

**ဗုဒ္ဓဟူးသား နတ်နက္ခတ်ဖွား**

ငွေရွှေမယ်။ မျက်နှာပွင့်နေမယ်။ ခရီးများမည်၊ အစားမှားမယ်။ ရတနာဝင်မယ်။ ရည်မှန်းချက် မပြည့်သေးချိန်။ လုပ်ငန်းတွင် ပြဿနာကြားညှပ်မယ်။ အိမ်တွင်းရေးပြဿနာဟောင်း ဖြေရှင်းရမည်။ အချစ်ရေးမှာ ရှင်သန်နေသော ပန်းလမ်းကို လျှောက်ရချိန်။ ပညာရေးမှာ စိတ်တည်ငြိမ်မှု လိုမည်။

ယတြာ- သက်ကြီးတစ်ဦးအား မျက်နှာသုတ်ပုဝါ လှူပါ။

**ဗုဒ္ဓဟူးသား လူနက္ခတ်ဖွား**

လူကြီးအထင် လွဲမည်။ လုပ်ငန်းမှာ မပျော်ဖြစ်နေမည်။ အစာမကြေ၊ ခေါင်းနှင့် ပတ်သက်သော ဝေဒနာ ဖိစီးမယ်။ မိသားစုတွင်း သတင်းကောင်း ကြားမည်။ လက်ထောင်ရမည်။ ငွေဝင် ငွေထွက် မျှတနေမည်။ ခရီးဝေးရှိသည်။ မိတ်သစ်တိုးမည်။ အချစ်ရေးမှာ မိမိ လျှို့ဝှက်ချက်တွေ ပေါ်ပေါက်တတ်၏။ ပညာရေးမှာ အောင်မြင်ဖို့ အသင့်ဖြစ်နေ ပါပြီ။

ယတြာ- မရှိဆင်းရဲသားများအား တတ်နိုင်သရွေ့ ဆန်လှူဒါန်းပါ။

**ဗုဒ္ဓဟူးသား ဘီလူးနက္ခတ်ဖွား**

မှန်းချက်မကိုက်ချိန်။ လုပ်သမျှ ထစ်ငေါ့နေမယ်။ ကြားပေါ်က် ဖြတ်လမ်းစီးပွားရေး အလွယ်ငွေရရေးတွက် မကြိုးစားသင့်ချိန်။ မိတ်ဟောင်းများ ပြန်ကြုံရချိန်။ ဖြူစင်သော ငွေကြောင့် ငွေဝင်မည်။ ၆၉ အတွဲ ၇၉ အတွဲ ၄၁ အတွဲကို ဘုရားအနီးဆိုင်တွင် ကဲစမ်းပါ။ အိမ်တွင်းမှာ အိမ်ထောင်သည်ဘက်မှာ အမျိုးအဆွေကြောင့် စိတ်ညစ်စရာကြုံမည်။ အိမ်ပြုပြင်ကိန်း ရှိ၏။ ချစ်သူတို့ အနေအထိုင် ဆင်ခြင်ရမည့် ကာလဖြစ်၏။ ပညာရေးမှာ ပြိုင်ဆိုင်မှု ပြင်းထန်နေမည်ဆိုသော် မိမိ အသာရမည်။

ယတြာ- ဒုက္ခိတတစ်ဦးအား အဝတ်အစားတစ်ခုခု လှူပါလေ။

**ကြာသပတေးသား နတ်နက္ခတ်ဖွား**

အထောက်အပံ့ကောင်းရမည်။ မနာလိုသူတွေ ရှိနေမည်။ အတိုက်အခံကြားမှ အောင်မြင်မည်။ အလှူ မဂ်လာပွဲရှိမည်။ တပည့်ကောင်းရမည်။ အအေးမိ ဝေဒနာရှိမည်။ သူခိုးကိန်းရှိ၏။ အိမ်တွင်းမှာ တစ်ဦးမဟုတ် တစ်ဦး ဆေးခန်းပြသရမည်။ မထင်မှတ်သည့်ဆီမှ ငွေဝင်မည်။ ချစ်သူတို့ စကားဟောင်းတို့ကြောင့် နောက်ကြောင်းပြန်စရာ ရှိမည်။ ပညာသင့်တို့ အောင်မြင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

ယတြာ- အိမ်မှာ ပဋ္ဌာန်းအကျဉ်းကို နေ့စဉ် ၂၇ ခေါက် ပူဇော်ပါ။

**ကြာသပတေးသား လူနက္ခတ်ဖွား**

ခက်ခဲကာလဖြစ်၏။ စက်ပျက်မည်။ ခရီးလမ်းများမည်။ ရင်းနှီးသူနှင့် ခွဲခွာရတတ်၏။ တာဝန်ကြီးများ တာဝန်ရတတ်၏။ မိခင်၊ ဖခင်ကို ပြုစုရကိန်း လုပ်ကျွေးရကိန်းရှိ၏။ အလှူအတန်း လုပ်ဖြစ်မည်။ အပေါင်းသင်း များတတ်၏။ အိမ်တွင်းရေးမှာ ညီညွတ်မှု အားနည်းနေမည်။ အချစ်ရေးမှာ လက်ဆောင်ကြောင့် သံသယဝင်လာမည်။ ပညာရေး အောင်ပွဲဝင်ခဲ့၏။

ယတြာ- နံနက်တိုင်း ဂုဏ်တော်ကိုးပါး သက်စေ့ရွတ်ပါ။

**ကြာသပတေးသား နတ်နက္ခတ်ဖွား**

အရည်အသွေး တက်နေမည်။ ညီကောင်းရောက်မည်။ အသစ်သစ်သော ပစ္စည်း၊ နေရာထိုင်ခင်း၊ ပရိဘောဂတို့ ဝင်မည်။ မိသားစုတွင် သားသမီးအငယ်တို့ကြောင့် ချစ်ထုံးဖွဲ့နှောင်ကြမည်။ ငွေကူညီစရာ၊ စိုက်ပေးစရာ၊ လျော်စရာ ကြုံမည်။ လက်၊ ခြေ ဒဏ်ရာရခြင်း၊ အကြောအချဉ် ခုက္ခပေးခြင်း၊ ဒူးနာခြင်း ကြုံရတတ်သည်။ ချစ်သူချင်း၊ အချင်းများမည့် ကာလပါလေ။ ပညာရှာသူတို့ အောင်တံခွန်စိုက်ထူချိန်ပါ။

ယတြာ- "နမောတဿ"ကို နံနက် သက်စေ့၊ ညသက်စေ့ ရွတ်ဖတ်ပူဇော်ပါလေ။

**သောကြာသား နတ်နက္ခတ်ဖွား**

ခရီးရှိမည်။ အပူသည်ရောက်မည်။ အဖိုးတန်ပစ္စည်းရမည်။ မထင်မှတ်သော ရာထူးတိုးခြင်းကြုံမည်။ အဆိပ်ရှိ အကောင်ငယ်တို့၏ ကိုက်ခဲခြင်း ကြုံရမည်။ ရင်းနှီးသူနှင့် ခေတ္တ ခွဲခွာနေရမည်။ တပည့်၊ လက်အောက်ငယ်သားတို့ကြောင့် စိတ်အနှောက်အယှက် ကြုံမည်။ အိမ်တွင်း ဆူတတ်၏။ ငွေလက်မမြဲဖြစ်တတ်၏။ ချစ်သူတို့နှီးဖို့ ပြင်ဆင်ကိန်းရှိ၏။ ပညာရေးမှာ တွေဝေချိန်မထားရ။

ယတြာ- အိမ်ဘုရားရှင်အား ငှက်ပျောတစ်ဖီး လှူဒါန်းပါ။

**သောကြာသား လူနက္ခတ်ဖွား**

မိတ်ဟောင်းနှင့် ပြန်ဆုံချိန်။ စက်ကိရိယာများ အပျက်များချိန်။ လုပ်ဖော်ကိုင်ဖက်များနှင့် နားလည်မှုလွဲနေချိန်။ ခရီးတစ်ခု ဖြစ်ပေါ်ချိန်။ သွေးအားနည်းရောဂါ၊ သွေးတိုးရောဂါ ဒဏ်ရာတစ်ခု ရရှိတတ်၏။ ကူညီသူတွေ ဆုံတွေ့ရချိန်။ မြေ၊ အိမ်နှင့် ပတ်သက်ပြီး အလုပ်ရှုပ်၊ စိတ်ရှုပ်ရချိန်။ အိမ်ထောင်သည်များ ---လူအိုတွေကြောင့် စိတ်မောရချိန်။ လူပိုတွေရောက်ချိန်။ အလှူဒါနတစ်ခုဖြစ်ဖြစ်ချိန်။ ချစ်သူ တို့ တစ်နေ့ရွေ့ တစ်နေ့ငွေ့ဖြစ်ချိန်။ စာသင်သားတို့ မိမိကိုယ်ကို အားရကျေနပ်ချိန်။

ယတြာ- စာကလေးသုံးကောင် လွှတ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာသား ဘီလူးနက္ခတ်ဖွား**

စကားများခြင်း၊ နှုတ်မစောင့်စည်းခြင်း၊ သည်းခံမှုနည်းပါးမှုကြောင့် မိမိပတ်ဝန်းကျင်တွင် အရှုံးသင်္ကေတတွေ့ရခြိမ့်။ ရေခရီး၊ ရေချီး၊ အအေးဖွဲ့၍ ရောဂါဝင်မည်။ ရန်ဝိုင်းနေမည်။ ဘာသာရေး အားကောင်းနေမည်။ ပြဿနာ ကျော်လွှားမည်။ အတတ်ပညာ သင်တန်းတက်ရမည်။ အိမ်ထောင်သည်များ နီးတကျက်ကျက် ဝေးတသက်သက်၊ အခြေအနေကြုံမည်။ ချစ်သူများအဖို့ နားလည်မှုများ တိုးပွားလာချိန်။ ပညာရေးမှာ ရည်မှန်းချက်များ ပေါက်မြောက်ရခြိမ့်။

ယတြာ- လေလွင့်ပိုင်ရှင်မဲ့ ခွေးများကို အစာကျွေးပါလေ။

**စနေသား နတ်နက္ခတ်များ**

ဘာလုပ်လုပ်၊ ထစ်ငေါ့နေခြိမ့်။ သို့သော် နတ်ကောင်းများ မ,စခြိမ့်။ ကူညီသူရောက်မည်။ နေရာရွှေ့ပြောင်းရှိ၏။ ထိခိုက်မှုတွေမှ သီသီလွတ်မည်။ ဘုရား၊ တရား လုပ်ဆောင်သော အကျိုးကြောင့် ဖြစ်၏။ တွင်းထွက်ပစ္စည်းရတတ်၏။ အိမ်၊ မြေနေရာတွက် စိတ်ရှုပ်ရမည်။ လူမျိုးကွဲ အကျိုးပြု၏။ အဆုတ်အားနည်းခြင်း သွေးလေးဘက်နာ၊ ဖျားနာဝေဒနာ ကြုံတတ်၏။ မိဘကဲ့သို့သော ပုဂ္ဂိုလ်မျိုး နာမကျန်းဖြစ်မည်၊ အိမ်တွင်းရေး သာယာမည်။ အချစ်ရေး အသင့်တင့်ရှိ၏။ ပညာရေးမှာ မိမိလမ်းကြောင်းပေါ် ပုံကြည်မှုထားရန် လိုအပ်၏။

ယတြာ- "အရဟံ" ကိုးပတ်စိပ်ပါ။

**စနေသား လူနက္ခတ်ဖွား**

အတိုက်အခံကြားမှ အောင်မြင်မည်။ တန်ဖိုးကြီးပစ္စည်း ဝင်မည်။ ပုဂ္ဂိုလ်ထူး ဖူးတွေ့ရမည်။ မိသားစု တွင်းစိတ်ချမ်းမြေ့နေမည်။ ရုံးကိစ္စပေါ် မည်။ ကူညီမိလို့ စိတ်ရှုပ်ရမည်။ အိမ် ပြုပြင်ရကိန်း ရှိ၏။ ငွေဝင်စရာရှိ၏။ မျက်စိ၊ ခါး၊ အူလမ်းကြောင်း ဒုက္ခပေးမည်။ စာချုပ်လက်မှတ် ဂရုတစိုက် ထိုးပါ။ သက်ကြီးတစ်ဦးတွက် စိတ်သောကရောက်မည်။ အချစ်ရေးမှာ အမောင်ဇာတ်လမ်း ဖြစ်တတ်၏။ ပညာ ရေးမှာ တစ်ဆင့်ဆင့် မြင့်တက်မည်။

ယတြာ- "ဗုဒ္ဓေါ" ကိုးပတ်စိပ်ပါ။

**စနေသား ဘီလူးနက္ခတ်ဖွား**

အိမ်မှာ လူဝင်၊ သူထွက်ရှိ၏။ ရှင်းလင်းပါ။ လူမှုရေး ရှုပ်ထွေးသူ အိမ်ပေါ်ရောက်မည်။ ပြိုင်ဆိုင်မှု ပြင်းထန်သော ရုံးတွင်း။ အလုပ်တွင်းမှာ မိမိသာလွန်သွားမည်။ ဝိုင်းဝန်းတိုက်ခိုက်ခံရသော်လည်း ပြဿနာမရှိပါ။ အိမ်မှာ သူခိုးကိန်း၊ ပစ္စည်းပျောက်ရှကိန်း ရှိ၏။ အိမ်မှာ ဩဇာရှိလာမယ်။ ဘာသာရေးမှာ ကျင်လည်နေမိမည်။ လက်ခြေ ဒဏ်ရာရခြင်း၊ အစားမှားခြင်း ဖြစ်တတ်၏။ ပညာရေးမှာ ခြေလှမ်းမှားဖို့ ဝိုင်းပြင်နေဟန်ရှိ၏။ ပြင်ပကိစ္စတွေကို ရှောင်ပါ။

ယတြာ- "ဘဂဝါ" တို့ကို ပတ်စိပ်အောင်ပါစေ။

**နတ်မျက်စိဆရာအောင်စိုး(ဦးဒင်)**



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများအတွက်

# မိန်းကလေးများကိုယ်ခန္ဓာ အချိုးကျကျလှပစေဖို့နည်းလမ်းများ

ဒေါက်တာ အေးအေးလှိုင်

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတွေ ကိုယ်ခန္ဓာ အချိုးကျကျ လှပစေဖို့အတွက်ဆိုရင် နေ့စဉ် နာရီဝက်မှ တစ်နာရီထိ အားကစား၊ အပြေးလမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးလုပ်သင့်ပါတယ်။ အပြေးလမ်းလျှောက်ရင် လေ့ကျင့်ခန်း လုပ် ဖိနပ်စီးထားသင့်ပါတယ်။

ပျိုမေတို့ ခြေထောက်လေး တွေလှဖို့၊ ဆွဲဆောင်မှုရှိဖို့ ခြေထောက်တွေ၊ ခြေချောင်းလေးတွေ ချေးညှော်ကင်းဖို့ လိုပါတယ်။ အချို့ အရေပြား ယားနာရှိပြီး စကပ်တိုဝတ်ထားတော့ ကိုယ်ကျန်းမာရေး မတစ်ကိုယ်ရေ သန့်ရှင်းရေးမကောင်းတာ လျှောက်ပြနေသလို ဖြစ်စေပါတယ်။ ပျိုမေတို့အနေနဲ့ ခြေထောက်တွေမှာ ကြီးကြီးမားမား ပြဿနာမရှိလို့တော့ လှည့်မကြည့်တတ်တာ တွေ့ရတယ်။ ခြေထောက်လေးတွေရဲ့ တန်ဖိုးကို တစိမ့်စိမ့် တွေးပြီဆိုရင် အလှဆင်ဖို့ နောက်ကျတယ် မရှိပါဘူး။ ခြေသလုံးနဲ့ ခြေထောက်လှပဖို့ လုပ်ရမယ်။

မီးဖွားသန့်စင် ဖွားမြင်ချိန်က စလို့ ကလေးငယ်ဟာ လက်နှစ်လုံးအရွယ် ခြေဖဝါးကို ဆန့်တန်းကန်ကျောက်တယ်။ သူ့ခြေထောက်နဲ့၊ ခြေကျင်းဝတ်တွေရဲ့ ပထမဆုံး လေ့ကျင့်ခန်းပေါ့။ ခြေအိတ်သုံးရင် ကျပ်ညပ်စေမယ့် နိုင်လွန်သား ခြေအိတ်မျိုး မသုံးသင့်ဘူး။ အသက် ၁၂ နှစ်အရွယ် မီးယပ်သွေးစလာပြီး ၁၈ နှစ်ထိ အရိုးအဆစ်တွေ လူကြီးတစ်ယောက်လို ဖွံ့ဖြိုးနေသလို၊ ဖိနပ်သေး သေး ကြပ်ထုပ်နေအောင် ခြေချောင်းလေးတွေ ပုံပျက်စေနိုင်လောက်တဲ့ အသုံးအဆောင်တွေ ရှောင်ရှားရမှာပဲ ဖြစ်ပါတယ်။

မိုးတွင်းကာလမှာ ကျောင်းသူတွေ ခြေထောက်စိမှာ၊ အအေးပက်မှာ စိုးရိမ်လို့ ရာဘာဖိနပ်၊ ဘွတ်ဖိနပ် ဝတ်ပေးတာမှန်ပေမယ့် တစ်နေကုန် မဝတ်စေသင့်ဘူး။ ခြေဖမိုးနဲ့ ရှိသင့်၊ ရှိထိုက်တဲ့ အကွေးအခုံးလေးရဲ့ ပုံစံကို ပျက်သွားစေတတ်တယ်။

ကလေးဘဝမှာ တတ်နိုင်သလောက် ဖိနပ်မပါဘဲ ပြေးလွှားဆော့ကစားခွင့်ရအောင် ကူညီပေးကြရမယ်။ အပျိုစင်ဘဝဟာ မိန်းကလေးတိုင်း တန်ဖိုးထားတဲ့ ဘဝပါပဲ။ သည်အရွယ်မှာ ခေတ်နဲ့အညီ ဖက်ရှင်ထွင်ပြီး ဖိနပ်မျိုးစုံ၊ ဘောင်းဘီတို၊ ရှည်မျိုးစုံ ဝတ်စားဆင်ယင်တတ်ကြပါတယ်။

အထောက်အကူဖြစ်တာ ရှိသလို၊ ကပျက်ယပျက် ဖြစ်စေနိုင်တာလေးနဲ့ ကြုံရတတ်ပြန်တယ်။ ကြည့်လေ၊ ဒေါက်မြင့်ခွန်ခွန်ဖိနပ်တွေ၊ ခြေချောင်းလေးတွေ လွတ်လွတ်လပ်လပ် ပြန့်ကားထားနိုင်တဲ့ ရိုးရိုးယဉ်ယဉ် ပုံစံလေးကလမ်းလျှောက်တိုင်း အဆင်ပြေမှုတွေကို ပေးနိုင်တယ်။ ဖိနပ်အမျိုးအစား ရွေးစီးသင့်ပါတယ်။

ကျောင်းသွားရင်၊ အလုပ်သွားရင်၊ ရွံ့ရွဲစေ့ပတ်တွေထဲမှာ ဖြတ်သွားရတတ်လို့ အိမ်ပြန် ရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်ဆေးကြောဖို့ မမေ့သင့်ပါ။ ခြေချောင်းလေးတွေကြားမှာ သဲဝဲစားတတ်ပါတယ်။ ခြေသည်း မှိုရောဂါဖြစ်တတ်ပါတယ်။ ဖြစ်လာရင် တေတေကုသပါမှ ခြေသည်းတွေ ရုပ်ပျက်၊ ဆင်းပျက် ဖြစ်သွားတတ်လို့ မပေါ့ဆသင့်ပါဘူး။ သဲဝဲစားတဲ့ နေရာကနေ ရောဂါပိုး ထပ်ဝင်သွားရင်လည်း ပြည်တည်နာ ဖြစ်တတ်သေးတယ်။ အမှုမဲ့၊ အမှတ်မဲ့ ခြေဆေးဖို့ မေ့ရင်းက ဖြစ်သွားတတ်တာကြောင့် ထပ်ပြောရတာပါ။

အသက်အရွယ် ရလာပြီဆိုတာနဲ့ ခြေထောက်ကို သန့်ရှင်းရေး၊ ခြေသည်းလေးတွေ ချေးညှော်ကင်းစေရေး မမေ့မလျော့ လုပ်နေကြရဦးမှာ ဖြစ်တယ်။

ဖိနပ်ဝတ်ရင် သတိထားဖို့က ခြေအိတ်၊ ဖိနပ်ဝယ်တဲ့အခါ ဆိုင်ရှင်ကို အားနာပြီးမှ ပြီးစလွယ် မလုပ်လိုက်ပါနဲ့။ ကိုယ်က တကယ်တမ်း ဝတ်ဆင်အသုံးပြုရမှာကိုတော့ သေချာစီးကြည့်ပြီးမှ ဝယ်စီးသင့်ပါတယ်။ ရှူးဖိနပ်ဆိုရင် ဝတ်ဆင်ပြီး လမ်းလျှောက်ကြည့်လေခါးအတက်အဆင်းလုပ်ကြည့်ပြီး သက်တောင့်သက်သာရှိရင် ဝယ်သင့်ပါတယ်။ တစ်စုံတစ်ခု ခိုးလုခိုးလုဖြစ်နေရင်တော့ အရှည်သဖြင့် အဆင်မပြေနိုင်ပါဘူး။

ခြေသည်းညှပ်ရင် ခြေသည်းလေးရဲ့ပုံစံကို ဝိုင်းဝိုင်းဝန်းဝန်းနဲ့ လှနေအောင် ငယ်ကတည်းက ဂရုစိုက် ညှပ်သွားရမယ်။ ယင်းထောင့်စွန်းလေးတွေကနေ ခြေစွယ်ငုပ်တယ်ဆိုတဲ့ ဇတ်လမ်းစတာပါပဲ။ ခြေစွယ်ငုပ်လို့ ပိုးဝင်ရင် ပြည်တည်ပြီး သိပ်ကိုက်တတ်တယ်။ အခန့်မသင့်ရင် ခွဲရ၊ စိတ်ရနဲ့ အချိန်လင့်သွားရင် ခြေသည်းဖြုတ်ရတတ်တာမျိုးနဲ့ ကြုံရပါတယ်။ နောက် မေဟိုဝ်ပိုးဆိုပြည်တည်နာပိုး ဝင်တာ အသက်ဆုံးရှုံးရတာ ကြုံဖူးပါတယ်။ ဆီချိုရောဂါဖြစ်ရင်၊ ခြေချောင်းဖြတ်ရတဲ့အထိ ဆိုးဆိုးရွားရွား ခံစားရပါတယ်။

ခြေအသားမာ၊ ဖနောင့်အသား မာ ရှိခဲ့ရင် နားလည်တတ်ကျွမ်းရင် ဆရာဝန်ဆီ သွားပြသင့်ပါတယ်။ အချို့က အိမ်မှာတင် မုတ်ဆိတ်ရိတ်ဓား၊ ဓားပါး၊ အပ်ချွန်၊ တွယ်ချိတ်၊ ကိရိယာလေးတွေနဲ့ ထိုးဆွကလီတတ်ကြတာ တွေ့ဖူးတယ်။ သိပ်ပြီး အန္တရာယ်ကြီးလှတာ အမြဲသတိရသင့်ပါတယ်။

ခြေထောက်ပိုင်းလေ့ကျင့်ခန်းများ

လေ့ကျင့်ခန်း (၁)

ထိုင်ခုံစွန်း (သို့) ခုတင်စွန်းမှာ ခြေတွဲလောင်းချထိုင်ပါ။ ခြေထောက်ကို မြှောက်ပြီး ဒူးကို ကွေးညွတ်လိုက်ပါ။ လက်မောင်းနှစ်ဖက်နဲ့ ဒူးကို သိုင်းဖက်ထားရမယ်။ အဲဒီနောက် ခြေဖဝါးကို အတွင်းဘက်တစ်လှည့်၊ အပြင်ဘက်တစ်လှည့် လှုပ်ရှားပေးရမယ်။ ယင်းလှုပ်ရှားမှုလေးကို ရနိုင်သလောက် ဘယ်တစ်လှည့်၊ ညာတစ်လှည့် ပြုလုပ်ခြင်းက ခြေကျင်းဝတ်ကို သန့်စွမ်းစေပါတယ်။ လုပ်တာ ခက်ခဲနိုင်တယ်ဆိုပြီး စိတ်ဓာတ် ကျမသွားနဲ့ဦး။



www.burmeseclassic.com

www.burmeseclassic.com

လေ့ကျင့်ခန်း (၂)

ပထမလေ့ကျင့်ခန်းလို ပဲ ခြေကျင်းဝတ်အတွက် ရည်ရွယ်ပြီးလုပ်ရမယ်။ ခြေကျင်းဝတ်လေးတွေ အပေါ်တစ်ခါ၊ အောက်တစ်ခါ အကြိမ်သုံးဆယ် လုပ်ပေးရမယ်။ အနေအထားက လေ့ကျင့်ခန်း (၁) အတိုင်းပဲ။

လေ့ကျင့်ခန်း (၃)

မတ်တပ်ရပ်ပါ။ လက်ကိုင်ပုဝါကို ဝိတ်စပေါ့ပေါ့လေးတစ်ခုကို မြောက်တင်လိုက်ရမယ်။ ပြီးရင် ဘယ်ခြေတစ်လှည့်၊ ညာခြေတစ်လှည့် ဆယ်ကြိမ်စီ ကန်ပါ။ အစလေးမြောက်လိုက်၊ ကန်လိုက်ပေါ့။ ယင်းလေ့ကျင့်ခန်းက ခြေချောင်းနဲ့တကွ ခြေဝါးရဲ့ ပုံမှန်အခုံးကို အားပေးပါလိမ့်မယ်။

လေ့ကျင့်ခန်း (၄)

သည်လေ့ကျင့်ခန်းက ပေါ့စရာပါ။ ဘူးခွံလုံးလုံးလိမ့်လိမ့်လေး တစ်ခုကို ရှာထားရမယ်။ ခုံပေါ်မှာ ထိုင်ပြီး ခြေဖဝါးနဲ့ ဘူးခွံရေးကို ဖိတက်ပြီး ကြမ်းပြင်ပေါ်မှာ လိမ့်ကထားရမယ်။ ဘူးခွံ လိမ့်တဲ့အခါ ဖနောင့်ကနေ ခြေဖျားထိရောက်အောင် ရှေ့နောက်လိမ့်သွားရမယ်။ ဘယ်ခြေပြီးရင် ညာခြေတစ်ဖက်ကို ငါးကြိမ်။ ဒီလောက်ဆိုရင် လုံလောက်တယ်။ ခြေဖဝါးရဲ့ ရိုသင့်တဲ့ အဟိုက်တွေ အထောက်အကူပြုရမယ်။ ခြေလှမ်းတွေ မြဲမြံခိုင်မာနေစေတယ်။

လေ့ကျင့်ခန်း (၅)

ကြမ်းပြင်ပေါ်မှာ ကျောခင်းပြီး အိပ်လိုက်ရမယ်။ နူးလေးကို နှစ်ဖက် စလုံးကွေးပြီး ထောင်ထားတယ်။ ခြေဖဝါးကို ညာလက်နဲ့ ကန့်လန့်ဖြတ် လှမ်းထိရမယ်။ ဆယ်ကြိမ်စီတော့ လုပ်ရမယ်။ သည်နည်းလေးက လုပ်ရတာ မခက်လှဘူး။ ခြေကျင်းဝတ်သာမက ခြေချောင်းလေးတွေ သန်မာစေမယ်။

လေ့ကျင့်ခန်း (၆)

ကြမ်းပြင်ပေါ်မှာ အားပါးတရ လဲအိပ်ချပြီး ခြေထောက်တွေကို နံရံမှာ ထောင်ထားကြည့်လိုက်ပါ။ ကဖြည်းဖြည်းနဲ့ ခန္ဓာကိုယ်နဲ့ ခြေထောက်တွေကို ထောင့်မှန်လို အနေအထားရောက်အောင် ထားပါ။ ပင်ပန်းနွမ်းနယ်တာတွေ ပျောက်ပြီး ပြန်လည် လန်းဆန်းလာပါလိမ့်မယ်။

အနစိတ် အလှခြယ်တော့မယ်ဆိုရင် ခြေထောက်လှလှလေးတစ်ခုရဲ့ ဆွဲဆောင်မှုဟာ အံ့မခန်းပါပဲ။ တစ်ရှုစက္ကူနည်းနည်း၊ ဂွမ်းစနည်းနည်း၊ လက်သည်းညှပ်၊ လက်သည်းရောင်တင်ဆီ၊ လက်သည်းဆိုးဆေး၊ ဖျက်ဆေးရည်နဲ့ နိပ်နယ်ရာမှာ သုံးဖို့ အသီတ်စမျိုးမျိုး ဆိုရင် ရပါပြီ။

ဇလုံတစ်လုံးထဲမှာ ရေငွေ့နွေးနဲ့ ဆပ်ပြာအဆီ တစ်မျိုးမျိုး ရောစပ်ပြီး ခြေနှစ်ဖက်ကို စိမ်ထားရမယ်။ ကြိမ်ခုံနဲ့ အေးဆေးသက်သာထိုင်ပြီး တီဗီကြည့်နေလို့တောင် ရသေးတယ်။ ငါးမိနစ်၊ ဆယ်မိနစ်လောက်ကျမှ ခြေထောက်လေးကို



www.burmeseclassic.com

www.burmeseclassic.com

ခြောက်အောင် သုတ်လိုက်ပါ။ ချေးညှော်တွေ နူးအိပြီး ပါသွားပါလိမ့်မယ်။ ဒါ့အပြင် ခြေသည်းလေးတွေဟာ ပျော့ပြီး လိုးဖြတ်လို့ ပိုအဆင်ပြေတယ်။ ပထမဆုံးအဆင့်က ခြေသည်းကို တိတိပပ လှီးဖြတ်ဖို့လိုတယ်။

နောက်တစ်ဆင့် ကျရင် ခြေသည်းအနား စောင်းလေးတွေကို အနုစားတံဇဉ်း၊ ခြေသည်း၊ လက်သည်း ညှပ်နဲ့ ပွတ်တိုက်ပြီးညှိရမယ်။ ခြေသည်းအကြားမှာ ဘာမှ မကျန်ရစ်အောင် လို့အပ်သလို တံဇဉ်း ထိပ်လေးနဲ့ ထွင်လိုက်ရမယ်။

သည်နောက်မှာ ခြေသည်းအနားမရှိတော့ရင် ခြေထောက်ကို နှိပ်နယ်ဖို့ ဆီလူးပြီး နှိပ်ပေးရမယ်။ ကိုယ့်ရဲ့ လက်နဲ့ ကိုယ့်ရဲ့ ခြေထောက်အနှံ့ နှိပ်နယ်ရတာဟာ သိပ်ကို အရသာရှိတာ သိလာလိမ့်မယ်။ ပြီးရင် တစ်ရှူးစလေးနဲ့ ဆီတွေ သုတ်ပစ်လိုက်ရမယ်။

ခြေချောင်းလေးတွေကြားမှာ ဝါကွမ်းလုံးတွေကို ခံပြီး ခြေချောင်းလေးတွေကို ချဲ့ထားလိုက်။ ပြီးရင် ကြိုက်နှစ်သက်တဲ့ ဆေးရောင်လေးရွေးပြီး ခြေသည်းလေးကို ဆေးရောင်ခြယ်ပေးရမယ်။ အရင်းကနေ အဖျားကို သုံးချက် လောက်ဆွဲပြီး ညီညာအောင် ဆိုးလိုက်ရမယ်။ သေးသား ထူလွန်းရင်မလှဘူး။ ဆယ်မိနစ်လောက် အခြောက်ခံထားလိုက်ရင် အရောင်တင်ဆီလေး တစ်လှလောက် ဝိတ်ဖိရင် ဆိုးလိုက်ပါ။ ဒါဆိုရင် ခြေထောက်လှလှ လေးက ဆွဲဆောင်မှုရှိနေမှာပါ။ ခြေထောက်လေး ကြည့်မိသူဟာ မျက်နှာကို မော့ကြည့်ချင်လောက်အောင် ဆွဲဆောင်မှုရှိစေပါတယ်။

**ဒေါက်တာအေးအေးသန့်**


လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း
ရန်ကုန်ဖြန့်ချိရေးနှင့် အထူးကိုယ်စားလှယ်

# ဧရာဦး စာပေ

၃၁-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com






အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

**ဖဒ သည် နောက်ဆုံးနှစ်လုံးဖြစ်သော**

စက်ပိုင်းဆိုင်ရာ အားနည်းတတ်သည်။ တောင်တက်ခရီးတွင် ဂရုစိုက်ပါ။ အိမ်ထောင်ရေး၊ အချစ်ရေးတွင် သစ္စာရှိပါ။ ဘဏ်ကြောင့်ဆိုသော ဖဒ နံပါတ်မျိုးသည် စန်းပွင့်စေသောကြောင့် ဖြစ်သည်။ မိမိစည်းကမ်းပေါ်တည်၍ ငွေအဝင်အထွက်များခြင်း၊ နည်းခြင်းကို ဖြစ်စေမည်။ မိုးတွင်းခါ ဂရုစိုက်မောင်းပါ။ Taxi ဖြစ်ကာ အကျိုးဖြစ်ထွန်းပါသည်။ ဆိုဖာအဖုံးကို အဝါ၊ အဝါနု၊ ဖက်ဖူးရောင်တို့ဖြင့် အသုံးပြုပါ။ ညဘက် မောင်းဖြစ်က အန္တရာယ်ကင်းရန် လက်နှိပ်ဓာတ်မီး မှန်မျက်နှာပြင်တွင် "ဥ" ဟု ခေါ်ကာ ကားရှေ့ခန်းတွင် ဆောင်ထားပါ။ "ဥအရဟံလာဘံသိဒ္ဓိ ဘဂဝါ"ကို နှုတ်မှ အစဉ်အမြဲ ရွတ်ဆိုပွားများပါ။

ဘတ်စ်ကားများ အနေနှင့် Driver မမြဲတတ်ပါ။ သူတို့အား ပုဆိုးတစ်ထည် လက်ဆောင်ပေးပါ။ ကျန်းမာရေးတွက် ဆေးဝါးဓာတ်ဘေး

**သင့်ကားနံပါတ် နောက်ဆုံးနှစ်လုံးသည် ဖဝ ဖြစ်သော်**

အိမ်စီးကားဆိုလျှင် အကျိုးဖြစ်ထွန်း၏။ အဝေးပြေးကားကြီး၊ ဘတ်စ်ကားကြီးတို့မှာ ဂက်(စ်)ကားဖြစ်ပါက ဂရုစိုက်ရမည့် အနေအထားပါ။ အထူးသဖြင့် ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် Highway ခရီးဖြစ်က သတိထားပါ။ ငွေဝင်စေသည်။ Owner ကို ရှင်ပြစေသည်။ ယာဉ်အကူ၊ ယာဉ်နောက်လိုက် မမြဲသော်လည်း ယာဉ်မောင်းကောင်း ရရှိတတ်သည်။ Taxi ကားကိုလည်း ဝင်ငွေကောင်းစေသည်။ မိသားစုကို ပျော်ရွှင်မှုပေးစေသည်။

မိမိရရှိသော ဝင်ငွေထဲမှ ဘုရားစင်တွင် သပိတ်တစ်လုံးဝယ်၍ သပိတ်ထဲတွင် ရဟန်းသုံး လွယ်အိတ်ကို ထည့်၍ ငွေကို လွယ်အိတ်ထဲတွင် အဆင်ပြေသလို နေ့စဉ် ငွေစုဆောင်း၊ တစ်လပြည့်သော ဘုန်းကြီးကျောင်းသို့ ဆွမ်းဟင်းချက် လှူဒါန်းပါလေ။

ယာဉ်မောင်းသူများအနေဖြင့် ကားပေါ်မြတက်ခင် ကားဦးခေါင်းကို ကိုင်ရင်း "သုဂတောဝါးချက်" ဂါထာကို ဆယ်ခေါက်ရွတ်ဆိုပါ။ ကားပေါ်ဆိုင်ပြီး ကားလက်ကိုင်ကို ကိုင်ရင်း သမ္မာဒ္ဒေ ကိုးခေါက်ရွတ်ဆိုပါ။ နံ့သာရည်ကို "ဂုဏ်တော်ကိုးပါး" ၁ဂ ခေါက် ရွတ်ပြီးမှ ကားတစ်စီးလုံး ဖျန်းပက်ပေးပါ။ အောင်သပြေကို ကြိုက်သော အပ်စပ်သော ကားနံပါတ်ပါတည်း။ ယာဉ်မောင်းစဉ်တစ်လျှောက် ယာဉ်မောင်းမှ

အနန္တစကြာဝဠာ အနန္တသတ္တဝါတို့

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊

ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေဟု နှုတ်မှမပြတ် ရွတ်ဆိုပွားများနေလျှင် အန္တရာယ်ကင်း၊ လာဘ်ရွှင်ကုန်များလည်း အစဉ်မပြတ် ရရှိနိုင်ကြောင်း တင်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြင်းတို့ဖြင့် ယာဉ်မောင်းမြဲစေပါသည်။ ယာဉ်နောက်လိုက်က အပြောအဆို ကောင်းဖို့လိုသည်ပြင် ကားပြိုင်မောင်းစေရန် ယာဉ်မောင်းအား မည်တွန်ပြောဆိုခြင်း ရှောင်ပါလေ။ ယာဉ်နောက်လိုက်များ၊ ယာဉ်အကူများ ကားပေါ်မတက်ခင် ကားတံခါးဝ လက်တန်းနှစ်ခုကို ကိုင်ရင်း

"ဘဝေဝါဟံ-ဘယံဒီထွာ (ဘဝေဝါဟံ-ဘယံဒီတံသဝါ) အသံထွက်

ဘဝဋ္ဌ-ဝိဘဝေသိနံ (ဘဝင်စ-ဝိဘဝေသိနံ) အသံထွက်

ဘဝံနာဘိ-ဝဒီကိဿိ (ဘဝန်နာဘိ-ဝဒိန်ကိန်စိ) အသံထွက်

နန္ဒိဋ္ဌ-နဥပါဒိယိ (နန်ဒိန်စ-နဥပါဒိယိန်) အသံထွက်ကို ကိုးခေါက်ရွတ်ဆိုပြီးမှ လုပ်ငန်းဆောင်တာများ ရွက်ဆောင်ပါ။ Owiner များအနေဖြင့် ကားတွက်ရည်မှန်း၍ ခရီးသွား ရဟန်းသံဃာများကို ခရီးစရိတ်ကို အချိုးချ လျှော့ဒါန်းပါလေ။

## ၆၂ ဖြစ်သော်

ယာဉ်မောင်းများ စိတ်ရှည်ရခြင်း

- ဒေါသရေမှထားခြင်း
- မိသားစုပြဿနာကို အလုပ်ခွင်ထိ ယူမလာခြင်း
- မည်တွန်တောက်တီးတတ်ခြင်း
- အဆဲအဆို ပါတတ်ခြင်း

အလေ့ကို တတ်နိုင်သမျှလျော့ပါ။ ယာဉ်အကူများအနေနှင့် လူမှုဆက်ဆံရေးမှာ နှံ့စပ်ခြင်း

- သက်ကြီးသူတွေကို ကရုဏာထားရခြင်း
- ခရီးသည် အမျိုးသမီး ငယ်ငယ်ကြီးကြီးများကို စုရိုးပင်ခြင်း အကူအညီပေးခြင်းကို ရွက်ဆောင်ပါ။

၆၂ ပါသော ယာဉ်များမှာ ငွေရှာကောင်းပါသည်။ ကားနောက်ဆုတ်ခြံနှင့်ကို သတိပြုပါ။ Taxi ဆရာများအနေနှင့် စပယ်ပန်းကို သုံးပါ။ ကားဘီးကို ခြေဖြင့် မကန်ပါနဲ့။ ကားတံခါးကို ဖွင့်ပြီး မိမိကားဘက်လည့်ပြီး အပေါ်အပါးသွားခြင်းမျိုး ရှောင်ပါ။ စျေးဦးငွေထဲမှ ငွေတစ်ရွက်ကို တြိဂံပုံ ချိုး၍ နောက်ကြည့်မှန်နောက်တွင် သိမ်းထားပါ။ နောက်တစ်နေ့ ငင်းငွေဖြင့် ကျေးဇူးကန်းများကို ဒါနပြုပါ။

အဖွေးရနံ့ကြိုက်သော အမျိုးအစားပါပေ။ ယာဉ်မောင်းကိုယ်တိုင် ကားမောင်းစဉ် "ဂုဏ်တော်ကိုးပါး" သက်စေ့ရွတ်ဆိုပါ။ ကားကားချိန်ခရီးသည် စောင့်ဆိုင်းချိန်တွင် ကားမှန်၊ ကားအမှုံးတို့ကို သန့်ရှင်းရေး ဆောင်ရွက်နေစဉ် နှုတ်မှ "အင်္ဂါ ဗုဒ္ဓါ အင်္ဂါ ဓမ္မော အင်္ဂါ သံဃော၊ အင်္ဂါပါကောမေဟော တု ယံယံကွစ္ဆံသမိဒ္ဓါကု" ဂါထာကို ရွတ်ဆိုပေးပါ။

## ၆၃ ဖြင့် နံပါတ်နှစ်လုံးအဆုံးသတ်သော်

ခရီးဝေးသွား ကားတို့ကို အကျိုးပြုသည်။ မွန်လုံခရီးသည် ကားတို့တွက် အသုံးသင့်သည်။ စီးပွားဖိုးစေ



www.burmeseclassic.com

www.burmeseclassic.com

၏။ ယာဉ်ပိုင်ရှင်တို့အား စိတ်ဝမ်းအေး ချမ်းစေ၏။ ယာဉ်အကူကောင်း၊ ယာဉ် မောင်းကောင်း ရရှိတတ်၏။ သို့သော် ယာဉ်ဝန်ထမ်းများ ကျန်းမာရေး ညံ့တတ် ၏။ ယာဉ်ပါဝန်ထမ်းများ ခြေလေးချောင်း ရှောင်သင့်၏။ ကားပျက်၊ စက်ချို့ယွင်း သော်လည်း ယာဉ်ပါဝန်ထမ်းများ နှိပ်နင်းစွာ ပြုပြင်နိုင်၏။ သို့သော် သူများအမှားကြောင့် မိမိယာဉ် ထိခိုက် တတ်သောကြောင့် လမ်းဘေးယာဉ်ရပ် ရာတွင် ယာဉ်ပြုပြင်ရာတွင်လည်းကောင်း၊ ဘေးကင်းသော နေရာကို ရွေးချယ်ခြင်း ယာဉ်နောက်တွင် ထင်ရှားသော အကာ အကွယ်ဖြစ်သော သစ်တုံး၊ ကျောက်တုံး ကားဘီးဟောင်းတို့ကို သေချာစွာ ထားသင့်၏။ ဆိုင်ကယ်စီးသမားများကို ရှောင်ကျဉ်မောင်းပါ။ စက်ဘီးသမား များကို ကင်းလွတ်အောင် မောင်းပါ။ Taxi ကားကို အကျိုးပြု၏။ ကားမောင်းစဉ် နှုတ်မှ သမ္မာဒိဋ္ဌိကထာတော်ကို မပြတ်ရွတ်ဆို ပေးပါ။ ငွေပန်း ရွှေပန်း ချီတ်ဆွဲပါ။

အဝါရောင်ကား၊ အပြာရောင်၊ ခဲရောင်တို့ကို အကျိုးပြု၏။ ကားအတွင်း ဘက်ကို ရေမွှေးမကြာမကြာ ဖြန်းပေးပါ။ သခ္ခိုင်းကုန်းသို့ ခရီးမဆက်သင့်။ ခရီး သည်ကောင်းနှင့် တွေ့ရတတ်၏။ ယာဉ် ပိုင်ရှင်တို့က မိမိယာဉ်မောင်းနှင့်တကွ ခရီးသည်အပေါင်းတို့တွက် သီးခြား မေတ္တာပို့ ဆုတောင်းပါ။

စရွတ်တွင် မိမိပိုင် ကား နံပါတ်ကို ရေးပြီး ဆန်အိုးအဖုံးတွင် ကပ်ထားပါလေ။

## ၆၄ ဖြစ်သော

စက်ပိုင်းဆိုင်ရာ ဂရုစိုက်ပါ။ အဝါရောင်၊ အစိမ်းရောင်၊ အပြာရောင် အကျိုးပြု၏။ ကားနံပါတ်ကို နံ့သာရည် ဖြင့် သန့်ရှင်းမှုပြုပါ။ တနလင်္ဘာသား၊ ဗုဒ္ဓဟူးသား၊ သောကြာသား ယာဉ်မောင်း တို့ အကျိုးပြု၏။ ငွေရှာလွယ်ပြီး ငွေ ထွက်လွယ်၏။ အံသေးအမွှား အပျက် အစီးရှိတတ်၏။ ယာဉ်ပိုင်ရှင်တို့အနေ ဖြင့် ကားနှင့်ဆိုင်ရာ စာရွက်စာတမ်းများ လိုအပ်ချက် ဖြစ်နေတတ်၏။ ရှိနေတတ် ၏။ အပူလွန်ခြင်း၊ အပူကြောင့် ဝါယာ ပြဿနာ ရှိတတ်၏။ ကားရှေ့ပိုင်းတွင် ကားကြီးတွက် "အဘိုးအောင်မင်းခေါင် ကြေးရုပ်တု မတ်တပ်ရပ်ပုံကော်ကို" ကိုးကွယ်သင့်ပြီ။

ကားငယ်များတွက် ပဋ္ဌာန်း ယပ်တောင် တစ်ခုထားရှိပြီး ကားစတင် မထွက်မီအချိန် ကားမောင်းနေစဉ် အတွင်း "ပဋ္ဌာန်း" အကျဉ်းကို တဘ်စွမ်း သရွေ့ ရွတ်ဖတ်သရဇ္ဈာယ်နေပါ။

- အန္တရာယ်ကြီးကြီးမားမား မတွေ့ရခြင်း
- စက်ချို့ယွင်းမှု မဆိုစလောက် သာ ဖြစ်ခြင်း
- မိမိယာဉ်ကိုသာ ရွေးချယ်တား ရမ်းတတ်ခြင်း
- မိမိဘဝတူ ယာဉ်မောင်းများ၏ ချစ်ခင်မှု၊ အလေးထားခြင်းကို ခံစား ရပါမည်။

ယာဉ်ပိုင်ရှင်များအနေဖြင့် ဘီးများယာဉ်၊ ကုန်တင်ယာဉ်ကြီး၊ ဘီးကောက်ဆောယာဉ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးများ ဖြစ်ကာ ယာဉ်ကို ဓာတ်ပုံရိုက် ကြားတွင် ထည့်ပြီး ၎င်းကားပုံ စာအုပ် ကိုးခေါက်ရွတ်ပါလေ။
ထားပြီး "နှစ်တစ်ရာ" ပြက္ခဒိန် စာအုပ် ကို ကိုင်ရင်း "မေတ္တာသုတ်" နှေ့စဉ် နတ်မျက်စိဆရာအောင်စိုး(B.Sc)








www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# လူဘဝမှာ ကုသိုလ်နဲ့ သွားရမယ့်လမ်းနဲ့ အကုသိုလ်နဲ့ သွားရမယ့်လမ်း နှစ်လမ်းရှိပါတယ်။

နှစ်ပေါင်းသုံးဆယ်ကျော်က အဖြစ်အပျက်တစ်ခုကို ပြောပြလိုက်ပါတယ်။

လူ့လောကထဲ ရောက်ကတည်းက လောကဓံ ရိုက်ချက်တွေနဲ့ ပင်ပန်းမှုတွေနဲ့ အသက်ရှင်ခဲ့ရတဲ့ မိသားစုတစ်စုထဲက လူတစ်ဦးအကြောင်း ထူးဆန်းမှုတစ်ခုအနေနဲ့ ပြောပြချင်ပါတယ်။ စာရေးဆရာတော့ မဟုတ်ပါဘူး။ စာဖတ်ဝါသနာ ပါ,ပါတယ်။ ထူးဆန်းမှုလေးတွေ ရှိရင် တင်ပြခွင့်ရတယ်ဆိုလို့ ရေးဖြစ်တာပါ။

လူဘဝမှာ ကုသိုလ်နဲ့ သွားရမယ့် လမ်းနဲ့ အကုသိုလ်နဲ့ သွားရမယ့် လမ်း နှစ်လမ်းရှိပါတယ်။ အခု ကုသိုလ်နဲ့ သွားခဲ့တဲ့ လူတစ်ယောက်အကြောင်း ပြောပြချင်ပါတယ်။

မှားယွင်းစွာ ငရဲပြည်ကို ရောက်ခါနီးမှ ပြန်ပြီး အသက်ရှင်လာတဲ့ ဘကြီးမှုံရဲ့ အကြောင်းပါ။ အခု ရေးသားထားတာကတော့ ဘကြီးမှုံရဲ့ သမီးထွေးပါ။

ဘကြီးမှုံအဖြစ်ကတော့ ပြောမဆုံးနိုင်ပါပဲ။ အခု ရေးပေးလိုက်တာကတော့ ဘကြီးမှုံ နာမည်မှားပြီး ငရဲပြည်ရောက်သွားခဲ့ခြင်းပါ။ ဆင်းရဲတွင်းထဲက လူတစ်ယောက်ပါ။

ပဲခူးတိုင်းဒေသကြီး၊ ကြီးပွင့်ကောက်မြို့နယ်၊ ရန်နိုင်ရွာက "မမြလေး ပဲလှော်ရွှေလေး" လို့ ရွာတွေထဲမှာ တဆာဆာ အော်ရောင်းရတဲ့ ဘကြီးမှုံတစ်ယောက် သဘောကောင်းလွန်းလို့ စွေးခြင်းတောင်းချတဲ့ နေရာတိုင်းမှာ ကလေးအုံနေတတ်တဲ့ အသားဖြူဖြူ၊ ဝဝ ဘကြီးမှုံပါ။ သမီးလုပ်တဲ့ ကျွန်မရဲ့ "မယင်းရွာ အ·ထ·က ကျောင်းရှေ့ကနေ သမီးကို ပဲလှော်သုပ်ကလေး ပေးဖို့ ကစားကျောင်းဆင်းချိန် စောင့်နေခဲ့တဲ့ ဘကြီးမှုံဆိုတဲ့ ကျွန်မရဲ့အဖေကို ဆတိရမိတိုင်း ဒီစာကို ပြန်ဖတ်ရအောင် ဆိုတဲ့ အတွေးနဲ့ ရေးဖြစ်ခဲ့တာပါ။

နေမှု၊ မိုးရွာ စွေးရောင်းရတဲ့ အဖေဟာ တစ်နေ့ နေမကောင်း စဖြစ်ခဲ့ပါတယ်။ ခုလို ဆေးကောင်းတွေလည်း မတိုးတက်ကြသေးတော့ အတော်လေး ဖျားခဲ့တယ်။ ပြီးတော့ သတိလစ်မေ့မျောသွားခဲ့ပါတယ်။

ကျွန်မနဲ့ အမေကတော့ အနားမှာ ငိုနေမိရုံကလွဲလို့ ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ သတိလစ်ခဲ့တာလည်း နှစ်ရက်လောက် ကြာခဲ့ပါတယ်။

နှစ်ရက်လောက် ကြာခဲ့တဲ့ အခါ ရေသောက်ချင်တယ်လို့ ထပြောပြီး သတိရခဲ့ပါတယ်။

ရေသောက်ပြီး ဘကြီးမှုံက ကြောက်ရွံ့မောဟိုက်နေတဲ့ ပုံစံနဲ့ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ အမေနဲ့ သမီးကို ကြည့်ပြီး မျက်ရည်တွေကျလို့ ငါဘာကွေ ဖြစ်ခဲ့လဲ သိလားတဲ့။ ရှင်ဘာဖြစ်လဲ ကျုပ်တို့ သိမလားတဲ့။

ရှင်... ခေါ်မရလို့ စိတ်တွေ ညစ်နေတာလို့ အမေကပြောတော့။ မိန်းမရေ ငါ ငရဲပြည်ကို ရောက်သွားတာတဲ့။ အမေက ရွှတ်နောက်တတ်တဲ့ အဖေ့ကို နေမကောင်းတာတောင် ပေါက်ကရစကားတွေ ပြောနိုင်သေးလားပေါ့။

အဖေက မဟုတ်ဘူး။ ငါ တကယ်ပြောတာလို့ အဖေကပြောတယ်။

ငရဲမင်းကြီးနဲ့ တွေ့ခဲ့တာဟ။ ငရဲမင်းကြီးက ငါ့ကို နာမည်ဘယ်သူလဲပြော စစ်တမ်းကြည့်ရမယ်လို့ ပြောတယ်တဲ့။ ဘကြီးမှုံက ကျွန်တော့်နာမည်ကိုမှုံကြီးပါ ခင်ဗျာလို့ ပြောလိုက်တယ်တဲ့။

စာရွက်တွေ လှန်ကြည့်ပြီး မှုံကြီးဆိုတာ ရှာမတွေ့ဘူး။ မင်းက ဘယ်လိုလုပ် ရောက်တာလဲ။ နေဦး။ နာမည်သေချာကြည့်လိုက်ဦးမယ် ဆိုပြီး ဘကြီးမှုံကိုကြည့်ပြီး မင်း လူပြည်မှာ ဘာတွေလုပ်ခဲ့သလဲလို့ မေးတယ်တဲ့။

ဘကြီးမှုံ ဘာပြောရမှန်းမသိ ဖြစ်နေတယ်တဲ့။ ဟိုဒီ လိုက်ကြည့်နေမိတယ်တဲ့။ အဲဒီမှာ အရောင်တွေ တဖိတ်ဖိတ် တောက်ပြောင်နေတဲ့ အဝတ်အစားနဲ့ ဘကြီးမှုံကို သက်ဒုံးစလေး လူပ်ရမ်းပြနေတယ်။ ဒီတော့မှ "ဟာ" ငါ သက်ဒုံးကပ်လူခဲ့တာ သတိပေးတာပဲဆို ပြီး ငရဲမင်းကြီးဘက် လှည့်ပြီး ကျွန်တော် သက်ဒုံးတော့ ကပ်ခဲ့ပါတယ်လို့ ပြောလိုက်တယ်တဲ့။ ဒါဆို ဒီငရဲပြည်ကို မင်း လာစရာအကြောင်း မရှိဘူးတဲ့။ လူမှားတာ ဖြစ်ရမယ်။ ပြန်စစ်မှပဲဆိုပြီး စာရွက် တွေ လှန်ကြည့်ပြီး ဒီမှာလည်း ကြို့ပင် ကောက် ပိုင်နက်ထဲမှာ နာမည်တစ်ခု ကိုမှုန်ဆိုပါလား။

ကိုမှုံနဲ့ ကိုမှုန် နာမည်မှားခဲ့တာဘဲဆိုပြီး မင်းပြန်နိုင်ပြီလို့ ပြောလိုက်တာတဲ့။ လန့်ပြီး ပြန်ပြေးလာတာ ခွေးတွေက နောက်ကလိုက်လာတာ အသဲအသည်းပြေးခဲ့ရတယ်ဘဲ့။

အိမ်နားရောက်တော့ အိမ်မှာ မွေးထားတဲ့ ခွေးနက်ကလေးက ထဟောင်တော့မှ ဟာ... ငါ အိမ်ပြန် ရောက်ပြီ ရေဆာလိုက်တာ။ ရေတောင်း သောက်ဦးမှ ဆိုပြီး ရေတောက်ဖို့ ရေတောင်းရင်း သတိပြန်ရခဲ့တဲ့ ဘကြီးမှုံရဲ့ ဖြစ်ကြောင်းတစ်ခုပါပဲ။

ဘကြီးမှုံမှာ မွေးရာဝါ (စုန်း သရဲ၊ နာနာဘာဝ ပူးတဲ့သူပဒုံး)ကို နိုင်နင်းအောင် ကုနိုင်တဲ့ ပညာပါရမီ ပါခဲ့တဲ့ သူတစ်ယောက်ဖြစ်ပါတယ်။

ဘကြီးမှုံနဲ့ တွေ့ခဲ့တဲ့ 'အစိမ်းမ'

သရဲစီးလာသူတို့ကို ဆေးကုခဲ့တဲ့ ဘကြီးမှုံရဲ့ ငရဲပြည်ကို နောက်တစ်ခေါက် အသွားကူးတို့လေပေါ့။ ရောက်မှသာသမီးကို သတိရလို့ ပြန်ပြီး ခြေရုတ်ခဲ့တဲ့ အကြောင်းတွေ ပြောပြခွင့်ရခဲ့ရင်တော့ ထပ်မံရေးပို့ပေးလိုက်ပါမယ်။

မမြင့်



www.burmeseclassic.com

www.burmeseclassic.com






အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ အမဲပစ်ထွက်လာရတာ တစ်တောလုံး တိတ်ဆိတ်နေတာပဲနော် အာစရိ"

"အေးကွ... ဒီနေ့လာရတာ ထူးခြားနေတယ်လို့ ငါ့စိတ်ထဲမှာ ခံစားနေရတယ်။ သတိတော့ ထားပေါ့ကွာ"

အမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြရသော မုဆိုးလုမိုးနှင့် တပည့်ဖြစ်သူ ဖိုးသောကြာတို့ စကားတပြောပြောနှင့် တောတိုးလာကြခြင်းဖြစ်သည်။

မှန်ပေသည်။ ဖိုးသောကြာပြောသလိုပင် ယနေ့ တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေခြင်းသည် သူ၏ အမဲလိုက် အတွေ့အကြုံအရ ထူးခြားဆန်းကြယ်မှု တစ်ခုပင်ဖြစ်သည်။

တောတောင်၏ သဘာဝအရ ကျွေးငှက်သာရကာများနှင့် တောတောင်ကိုခို ပြေးလွှားလှုပ်ရှားသံများ ရှိနေသင့်သည်။

ကျီစယ်နေကြသော မိန်းမပျိုနှစ်ဦး။ ကိုယ့်ဆီမှာ အဝတ်အထည် ပလာနိတ္ထိနှင့်မို့ တင်းရင်း စွင့်ကားနေကြသော မိန်းမပျိုနှစ်ဦး၏ ကိုယ်ကာယကောက်ကြောင်းများမှာ နေရောင်ခြည်အောက်တွင် အထင်းသား ပေါ်လွင်နေကြ၏။ (လှုပ်ရှက်အပ်သော မိန်းမတို့၏ သဘာဝများကိုပင် တစ်ခါတစ်ရံပင် တွေ့မြင်နေရ၏)။



မဟုတ်မလွဲရော။ ဒါ ... တောခြောက်ခြင်း၏ အစပျိုးနေမှုလားဟု တွေးမိသည်။

ထိုစဉ် စမ်းချောင်းလေးတစ်ခု၏ အစပ်၌ ရေဆင်းသောက်နေကြသော သမင်ပျိုလေးသုံးကောင်ကို ကုန်းမြင့်ပေါ်မှနေ၍ စီးပြီး တွေ့လိုက်ရ၏။

ဖိုးသောကြာအား မျက်ရိပ်ပြပြီး လေသံတိုးတိုးဖြင့်...

"ရှူး ... ဟိုမှာတွေ့လား။ ရေဆင်းသောက်နေကြတာ အဲဒီထဲက အကြီးဆုံးကောင်ကို ငါရအောင်ပစ်ပြမယ်"

ထို့နောက်...

"ဒိန်း"

အမဲလိုက်ရိုင်ဖယ် သေနတ်သံက ရိုးမတောကြီး တစ်ခုလုံးကို ပြန်လည် အသက်ဝင် လှုပ်ရှားသွားစေသည်။

သုံးကောင်အနက်မှ အကြီးဆုံး သမင်ဖိုကြီးမှာ ရင်အုံသို့ ကျည်ဆန်ထိမှန်ပြီး နေရာတွင်ပင် လဲကျသေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်နှစ်ကောင်ကတော့ တောနက်ထဲသို့ ဝင်ပြေးသွားကြ၏။

ထို့နောက် နှစ်ဦးသား သားကောင်အား ကောက်ရန် ရောက်သွားကြသောအခါ...

"ဟာ"

"ဟင်"

မကြာသေးခင်ကလေးမှ လဲကျသေဆုံးခဲ့ရသော သမင်ဖိုကြီးအား ရှာမတွေ့ကြတော့။ မျက်စိအောက်မှာပင် မျက်လှည့်ပြလိုက်သလို ပျောက်ချင်းမလှ ပျောက်ဆုံးသွားလေပြီ။

"ဟာ ... စောစောက သမင်ကြီး ဘယ်ရောက်သွားလဲ မသိဘူး အာစရိ"

"အေးကွ ... ငါတို့တော့ တောခြောက်ခံရပြီနဲ့ တူတယ်"

မုဆိုးလုမိုး စကားကြောင့် ဖိုးသောကြာ မျက်နှာပျက်သွားရသည်။

ထို့နောက် တောနက်ပိုင်းသို့ ရောက်အလာတွင် မျက်ခြေပြတ်သွားသော သမင်ပျိုနှစ်ကောင်အား ကိုက်နှစ်ရာအကွာ ချုံပုတ်တစ်ခုအနီးတွင် ရိပ်ခနဲ မြင်တွေ့လိုက်ကြရ၏။

မုဆိုးလုမိုးမှ သေနတ်ကို အသင့်ပြင်ပြီး ချုံပုတ်ထဲမှ ထွက်အလာ စောင့်ဆိုင်းနေကြရင်း နှေးလည် ၂ နာရီပင် ကျော်သွားလေပြီ။ ထို့နောက် နှစ်ဦးလုံး ငိုက်မြည်းလာကြရာ အနီးရှိ သစ်ပင်ကြီးတစ်ပင်၏ ခွဆုံပေါ်သို့ တက်၍ အိပ်ကြရတော့၏။

"ထကြစမ်း ... အခုထကြစမ်း ရှင်တို့"

မုဆိုးလုမိုး၏ နားစည်ထဲသို့ ချိုသာသော်လည်း ဒေါသသံတို့ပါစွာ ဖက်နေသော မိန်းမပျိုတစ်ဦး၏ အသံက ဝင် ရောက်လာ၏။

"ကျွန်မတို့က ရှင်တို့လက်ချက်ကြောင့် သေဆုံးသွားရတဲ့ အစ်ကိုကြီး ဝဏ္ဏရဲ့ ညီမတွေပဲ။ နာမည်တွေကတော့ ဝတီနဲ့ သီရတို့ပါ"

"အခု ... ဒီကိုလာရတဲ့ အကြောင်းရင်းက"

"ရှင် ... ရှင်တို့ သိပ်ရက်စက်တယ်။ အစ်ကိုကြီးကို သေနတ်နဲ့ ပစ်သတ်ခဲ့ကြတယ်"

"ဒါ ... ဒါဆို ခုနက ဟိုဟိုနေရာမှာ ရေ ... ရေဆင်းသောက်နေကြတဲ့ သမင်တွေက"

"အဲဒါ ... ကျွန်မတို့ မောင်နှမတွေပဲ"

"ဟာ"

"အဲဒီအတွက် ရှင်တို့ နောင်တရစေရမယ်။ ဒီနေ့ပဲ ရှင်တို့ကို လက်စားချေပြမယ်"

"ဟာ ... ဒါ ... ဒါက ဒီ ... ဒီလိုပါ မိန်းကလေးရယ်"

မုဆိုးလုမိုးမှ မိန်းမပျိုအား ရှင်းပြဖို့ ကြိုးစားနေတုန်းမှာပင် ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

"ဆရာ .... ဆရာ ဒီကို လာကြည့်ပါဦး"

ဖိုးသောကြာ၏ ခေါ်သံကြောင့် မုဆိုးလုမိုး အိပ်မက်မှ လန့်နိုးသွားရ၏။

ဖိုးသောကြာရှိရာ သစ်ပင်ကြီး၏ တစ်ဖက်ခြမ်းသို့ အရောက်တွင်တော့



www.burmeseclassic.com

www.burmeseclassic.com

"ဟို ... ဟိုမှာဆရာ"

"ဖိုးသောကြာ ညွှန်ပြရာသို့ ကြည့်လိုက်မိသော ကိုယ့်မျက်စိကို မယုံကြည်နိုင်အောင် ဖြစ်သွားရ၏။ မိမိကိုယ် ကိုယ် နောက်တစ်ကြိမ် အိပ်မက်ထပ် မက်နေပြီလားဟု ထင်သွားမိ၏။

မြင်တွေ့လိုက်ရသော မြင်ကွင်း က ယုံကြည်နိုင်စရာမရှိ။

မိမိတို့ရှိရာ ၃၀စ်ပင်ကြီးနှင့် ကိုက်နှစ်ရာအကွာအဝေးရှိ စမ်းချောင်း တစ်ခုထဲ၌ ရေချိုးရင်း တစ်ဦးနှင့်တစ်ဦး ကျီစယ်နေကြသော မိန်းမပျိုနှစ်ဦး။ ကိုယ့်ဆီမှာ အဝတ်အထည် ဗလာနိုတ္တိ နှင့်မို့ တင်းရင်း စွင့်ကားနေကြသော မိန်းမပျိုနှစ်ဦး၏ ကိုယ်ကာယကောက် ကြောင်းများမှာ နေရောင်ခြည်အောက်တွင် အထင်းသား ပေါ်လွင်နေကြ၏။ (သို့)ုတ်အပ်သော မိန်းမတို့၏ သဘာဝ များကိုပင် တစ်ခါတစ်ရံပင် တွေ့မြင်နေရခဲ့။

ပုထုဇဉ်များထဲမှ ပုထုဇဉ်နှစ်ဦး ဖြစ်သော မုဆိုးလုမိုးနှင့် ဖိုးသောကြာတို့၏ ခန္ဓာကိုယ်အနှံ့အပြားရှိ အကြောအချဉ်များ တောင့်တင်းသွားရသည်။ ထို့အတူ ဤအမျှ နက်ရှိုင်းသော တောနက်ထဲသို့ ရောက်ရှိနေကြသော ထိုမိန်းမပျိုနှစ်ဦးတို့သည် လူသားစင်စစ်မှ ဟုတ်ပါလေစ။ နတ်ဒေဝါတွေလား။ နာနာဘာဝတွေလား ဟူသော အတွေးများမှာလည်း တစ်ပြိုင်တည်း ပေါ်ပေါက်လာရတော့၏။

ဖိုးသောကြာမှ ...

"အား ... ပါး ... ပါး အာစရိရေ။ ကျွန်တော်တို့တော့ စားရက်ကြဲလို့ မုတ်ဆိတ်မွေး ပျားစွဲတာပဲ"

"နေဦး ... ဖိုးသောကြာရဲ့။ ငါ စဉ်းစားနေတာ။ ဒီလို တောနက်ကြီးထဲမှာ နတ်သမီး ရှဉ်းလောက်အောင်လှတဲ့ အပျိုစားလေးတွေက ရှိနိုင်ပါ့မလားကွ"

"အာ ... အာစရိကလည်း အတွေးခေါင်နေပြန်ပြီ။ ဒါ အနီးအနားရွာတွေက မိုချို၊ မျှစ်ချိုးဖို့ လာကြတဲ့ သူတွေနေမှာပေါ့။

"ဟာ ... မဖြစ်နိုင်တာကွာ။ ဒီနားမှာ ဘာရွာမှ မရှိပါဘူး။ လွန်ခဲ့တဲ့ တစ်ပတ်လောက်တည်းက ငါ စနည်းနာပြီးပြီ"

"ဘာပဲဖြစ်ဖြစ် သူတို့လည်း နှစ်ယောက်၊ ကျွန်တော်တို့လည်းနှစ်ယောက် ပွဲပြီးပြီ ဟီဟီ"

"ဟာ ... ဒီကောင် ... ကဲကွာ"

"ဖောင်း"

"အ"

ပြောမရသည့်အဆုံး မုဆိုးလုမိုးမှ ဖိုးသောကြာအား နားရင်းတစ်ချက် အုပ်လိုက်ရ၏။

ထိုစဉ် ရောဆေးချိုးနေကြသော မိန်းမပျိုနှစ်ဦးအနက်မှ မျက်ခုံးကောင်းကောင်း နတ်ပေါ်ပေါ်နှင့် အသားအရည်က ပို၍ ဖြူဝင်းအိစက်နေသော မိန်းမပျိုမှ မုဆိုးလုမိုးတို့ စောင့်ကြည့်နေကြသည်ကို ကြိုတင်၍ သိနေသည့်အလား လှည့်ကြည့်၍ လက်ယမ်းခေါ်နေသည်ကို တွေ့လိုက်ကြရ၏။

ထိုမိန်းကလေးကို မိမိသည်



www.burmeseclassic.com

www.burmeseclassic.com

မြင်ဖူးသလိုရှိသည်။ ဘယ်နေရာမှာပါလိမ့်ဟု မုဆိုးလုမိုး စဉ်းစားနေမိသည်။ နောက်မှ...

"ဟာ ... သိပြီ ... သိပြီ။ ဒါ ... ဒါ အိပ်မက်ထဲက မိန်းကလေး"

"အာစရီ ... ဘာတွေပြောနေတာလဲ ဟိုမှာ ကျွန်တော်တို့ကို ခေါ်နေတယ်"

မုဆိုးလုမိုးမှာ ဖိုးသောကြာ၏ အမေးကို ပြန်မဖြေနိုင်။ စပါးကြီးမြွေ အညှိုခံရထားရသူပမာ တမှုတ်ချင်း မိန်းကလေးအနားသို့ တဖြည်းဖြည်း ချဉ်းကပ်ရောက်ရှိသွား၏။

မိန်းမပျိုနှစ်ဦးမှာ ကမ်းပေါ်သို့ ပြန်ရောက်နေကြပြီဖြစ်ပြီး ထိုအချိန်တွင် ချုံနွယ်များနဲ့ ပိတ်ပေါင်းနေသော တောနက်ပိုင်းအတွင်းသို့ ချုံနွယ်များကို ဖယ်ရှားရင်း တဖြည်းဖြည်းနှင့် ဝင်ရောက်သွားကြပြီဖြစ်သည်။ ထိုနည်းတူ မိမိသည်လည်း သတိကင်းမဲ့နေသော စိတ်ဖြင့် တောနက်ပိုင်းအတွင်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့ရလေတော့၏။

တောက နက်လာသလို မှောင်စပင် ပျိုနေပြီဖြစ်သည်။ မကြာခင် နေဝင်မိုးချုပ်တော့မည်။ ယခု မိမိရောက်နေသော အချိန်က နယ်ဒေသများ အခေါ် "နွားရိုးသွင်းချိန်"။

ထိုစဉ် မိမိနင်းလိုက်မိသော မြေကြီးသည် အောက်သို့ ကျဉ်ဝင်သွားသည်ဟု ခံစားလိုက်ရပြီး...

"ဝုန်း"

"အမလေး"

လူအရပ် သုံးပြန်စာလောက် မြင့်မည်ထင်ရသော တွင်းကြီးထဲသို့ ဒလိမ့်ခေါက်ကွေးကျအသွား ကြောက်အားလန့်အားဖြင့် တွင်းနှုတ်ခမ်းကိုက သစ်ပင်အမြစ်များကို ဆွဲကိုင်ထားမိ၍ တော်လျော့၏။ အောက်ကို ငုံ့ကြည့်လိုက်မိသော ပဒုမ္မာင်းကြီး။ တွင်းထဲတွင် ပဒုမ္မကောက်များက ဟိုမှသည်သို့ ဝဲပျံလျက်။ ကျသွားလို့ကတော့ မိမိအဖြစ်သည် မတွေးဝံ့စရာ။ ပဒုမ္မကောင်များ လက်ချက်ဖြင့် အရိုးတခြား၊ အသား တခြား ဖြစ်သွားနိုင်၏။

ထိုသို့သော ခဲရာခဲဆစ် အနေအထားမှ တပည့်ဖြစ်သူ ဖိုးသောကြာအား တကြော်ကြော် အော်ခေါ်နေမိ၏။

"ဟေး ... ငါ့ကို လာကယ်ပါဦး"

(မုတ်ချက်။ ။ တောတောင်ထဲတွင်း တစ်ဦးနှင့်တစ်ဦး နာမည်မခေါ်ဆိုရသောကြောင့် နာမည်အစား ဟေးဟု သုံးထားပါသည်)။

ထိုသို့ အကူအညီ တောင်းခံနေသော အချိန်တွင် တွင်း၏ အထက်ဆီမှ မိန်းမပျိုနှစ်ဦး၏ ရယ်မောသံများ ထွက်ပေါ်လာ၏။

"ခစ် ... ခစ် ... ခစ်"

"ခစ် ... ခစ် ... ခစ်"

မုဆိုးလုမိုး ကြောက်စိတ်နှင့် အတူ ဇောချွေးများ ပြိမ့်သွက်လာသည်။ ယခုဆိုလျှင် ဤအနေအထားကြီးနှင့် တစ်နာရီကျော်သွားခဲ့ပြီ။ ကြာလျှင် လက်အံ့သေ၍ ပဒုမ္မာကြီးထဲသို့ ပြုတ်ကျဖွယ်ရာ ရှိတော့သည်မိမိအဖြစ်ကား သေမင်းနှင့် လက်ဆော်



www.burmeseclassic.com

www.burmeseclassic.com

ကမ်းအလိုပါတကား။ နားထဲတွင်လည်း မိမိအိပ်မက် မက်ခဲ့စဉ်က ကြားခဲ့ရသော မိန်းမပျို၏ အသံများသည် ကြားယောင် နေမိတော့၏။

"ရှင် ... ရှင်တို့ သိပ်ရက် စက်တယ်။ အပြစ်မရှိတဲ့ အစ်ကိုကြီးကို သေနတ်နဲ့ ပစ်သတ်ခဲ့တယ်"

"အဲဒီအတွက် ရှင်တို့ နောင်တရစေရမယ်။ ဒီနေ့ပဲ ရှင်တို့ကို လက်စားချေပြမယ်"

"အာစရိ ... ဗျို့ အာစရိ အာစရိ ဘယ်ရောက်နေလဲ"

"ဟေး ... ငါ ဒီမှာ"

အဝေးဆီမှ ဖိုးသောကြာ၏ အသံသဲ့သဲ့ကို ကြားနေရ၍ ပြန်လည် အသံပြုလိုက်မိသည်။ ငါ မသေတော့ဟူသော အတွေးနဲ့အတူ အားတက် သွားမိ၏။

အတန်ကြာသော် ဖိုးသောကြာ မှ တွင်းနှုတ်ခမ်းထိပ်သို့ ရောက်လာပြီး

"အာစရိ ... အာစရိ ဘယ် ကနေ အော်နေတာလဲ"

"ဟေး ... ငါတွင်းထဲမှာ ကွ"

အသံမှာ မိမိ၏ အောက်ခြေ မှ ပေါ်ထွက်လာသဖြင့် ဖိုးသောကြာ ငုံကြည့်မိပြီး ဝမ်းသာသွား၏။

"ဟာ ... အာစရိ"

"အေး ... ငါ့ကို မြန်မြန် ကယ်စမ်းပါ"

ထို့နောက် နှစ်ဦးသား တောနက်ကြီးထဲမှ ပြန်လည်ပွက်ကြ၏။ ညာဘက်ခြေထောက် နာသွားသော မုဆိုးလုမိုးကို ဖိုးသောကြာမှ ငွေ့လျော့ယှဉ်လျှောက်ရင်း ...

"ကံကောင်းလို့ပေါ့ အာစရိရယ်။ ကျွန်တော်ကတော့ တော်းတော်နဲ့ ရှာမတွေ့လို့ အာစရိတော့ သွားပြီးဝင်နေတာ"

မုဆိုးလုမိုးက ပြုံးလိုက်ပြီး

"အဲဒါ ... ဘာဖြစ်လို့ ကံကောင်းသွားရတာလဲ သိလား"

"မသိဘူးလေ အာစရိ။ အာစရိ ပြောပြမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ... ဟင်း ဒါလေး ကြောင့်ပေါ့ကွာ။ ဒါလေးကြောင့်ပေါ့"

မုဆိုးလုပိုးမှ သူ၏ လည်ပင်းတွင် ဆွဲထားသော သိမ်းငှက်တစ်ကောင် အတောင်ပံ ဖြန့်နေပုံ လောကတ်သီးနှင့် စတီးဆွဲကြိုးလေးကို လက်ဖြင့် ပုတ်ပြရင်း...

"ဒါ ... ငါ့ကို ငါနဲ့ အရမ်း ရင်းနှီးတဲ့ ရွာဦးကျောင်းဆရာတော် တစ်ပါးက ချီးမြှင့်ထားတဲ့ အဆောင်ကွာ"

ဆွဲကြိုးလေးကြောင့်ပေါ့ကွာ။ နို့ပို့ ငါဟာ တွင်းထဲမှာ ကယ်သူမဲ့ပြီး တောတောင် ကြီးတွေရဲ့ အစာဖြစ်ပြီး သေရမှာမလွဲဘူး"

"နောက်ပြီး ဒီသိမ်းငှက်ရုပ်က အတောင်ပံနစ်ဖက်ကို ဖြန့်ကားထားတယ်ဆိုတဲ့ အဓိပ္ပာယ်က ရင်ဆိုင်ကြုံတွေ့လာရမယ်။ ဘေးအန္တရာယ်တွေကို ကာကွယ်ထားတယ်ဆိုတဲ့ သဘောပေါ့ကွာ"

ထို့နောက် တောအစပ်သို့ ရောက်သော် အဝေးဆီမှ မီးခိုးတလူလူ ထွက်နေသော သူတို့ရွာလေးကို လှမ်းမြင်နေရပြီဖြစ်သည်။ ရွာထဲရောက်သော် မိတ်ဆွေများအား ယနေ့ ကြုံတွေ့ခဲ့ရသော တောလိုက် အတွေ့အကြုံများကို ပြန်လည် ဖောက်သည်ချ ပြောဆို ရပေဦးမည်ဟု ကိုယ်စီတွေးရင်း...။

စိုးမိုးနိုင်




ကဲ
အတိတ်က ဆိုတာ ...
သေးစလောက်နဲ့ တူပြီး
ပစ္စုပ္ပန်က ဆိုတာ ...
သော့ နဲ့တူတယ်
အတိတ်က ဘယ်လောက်ရှိရှိ
ပစ္စုပ္ပန်က မရှိရင် မအောင်မြင်နိုင်ဘူး
ဇင်ငြိမ်းလင်း



www.burmeseclassic.com

www.burmeseclassic.com

ဗဟုသုတရဲ့အောင်

# စုန်းအာမျိုးမျိုး

မောင်လေးကော (ဘီးလင်း)

www.burmeseclassic.com

www.burmeseclassic.com

သတင်းတစ်ပုဒ်တွင် ဖတ်လိုက်ရသည်။ "စုန်းကဝေတတ်သည်ဟု ဆိုကာ မိခင်ကို ဓာတ်ဆီ အဓမ္မသောက်ခိုင်း၍ မီးရှို့သတ်ပြီး သားဖြစ်သူကို ကြည့်ရှုစေခဲ့"ဟု ခေါင်းစီးတင်ထားသည်။

သတင်းစုံလင်မှာ

တောင်အာဖရိကနိုင်ငံတွင် သမ်ဘီကီလီဌာန်း အမည်ရှိ အမျိုးသမီးတစ်ဦးကို စုန်းကဝေတတ်သည်ဟု စွပ်စွဲကာ၊ ဓာတ်ဆီများကို အဓမ္မသောက်ခိုင်း၍ မီးရှို့သတ်ဖြတ်ခဲ့ကာ၊ ဌာန်း၏ သားဖြစ်သူကိုလည်း မိခင် မီးရှို့ခံနေရသည့် ဖြစ်ရပ်အား အတင်းကြည့်ရှုစေခဲ့သည်။ ယခုအခါ ဒါဘန်ဗဟို တရားရုံးတွင် ၎င်းအမှုကို စစ်ဆေးနေပြီဖြစ်ပြီး အသက် ၁၅ နှစ်အရွယ် သားဖြစ်သူက မိခင်ကို သတ်ဖြတ်ခဲ့ပုံအား ပြန်လည်ပြောပြခဲ့သည်။

ဌာန်းကို သတ်ဖြတ်သူ နှစ်ဦးမှာ သူလာဒလူလာနှင့် အမ်ဇူယန် ဒါမန်တာဘိတို့ ဖြစ်ပြီး ပလတ်စတစ်ပုလင်းနှင့် ထည့်ထားသော ဓာတ်ဆီကို အဓမ္မသောက်ခိုင်းမီကလည်း ဌာန်းကို ရိုက်နှက်ခဲ့ကြသည်။ သေဆုံးပြီးသည့် နောက်တွင်လည်း လူအုပ်ကြီးက ဌာန်း၏ အလောင်းကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြပြီး ၎င်းမှာ ဌာန်းသည် စုန်းကဝေဖြစ်သည်ဟု ယုံကြည်ကြသည်။

ဒေသခံလူကြီးများက ဌာန်းသည် စုန်းကဝေတတ်သည်ဟု ဆုံးဖြတ်ကာ ယင်းသို့ စီရင်ခဲ့ကြခြင်းဖြစ်ပြီး မသေမီ အတင်းဝင်ရောက် ရိုက်နှက်ခဲ့သည်ဟု သိရသည်။

ပရင့်စ်အမ်ရှီယိနီ ဆေးရုံမှ ဆရာဝန်၏ အဆိုအရ ဌာန်းသည် ရိုက်နှက်မှု ဒဏ်ရာများကြောင့်ပင် သေလုနီးပါး ဝေဒနာ ခံစားခဲ့ရသည်ဟု ဆိုခဲ့သည်။

Metro-11-5-15- မေတ္တန်ပြည်မြန်မာ-စာ-၃၃။

၁၄-၅-၂၀၁၅ နေ့ထုတ်မှ အထက်ပါ ဖြစ်ရပ်မှာ တကယ်ပင် ဖြစ်ပွားခဲ့၏။ "စုန်း"ဟု စွပ်စွဲခံရသူ ဌာန်းမှာ စုန်း ဟုတ်၊ မဟုတ် ကျွန်ုပ်တို့မသိချေ။

အကယ်၍သာ အထင်လွဲခံရ၍ သတ်ဖြတ်ခြင်း ခံရသည်မှန်လျှင် ဝမ်းနည်းစရာဖြစ်၏။

"စုန်း"ဆို၍ ထီးချိုင့်မြို့၊ တည်တောဆရာတော်ကြီး၏ စာတစ်ပုဒ်တွင် ဖတ်ရဖူးသည်။

"တစ်ခါက အထက်အညာရုံးသာ ရွာမှ ဒေါ်ကြွယ်၏သားသည် ဖောင်လုပ်သားအဖြစ် လုပ်ကိုင်သည်။ သူတို့ဖောင်သည် မျောစာမပါသဖြင့် တစ်ခုသော ရုံးတွင် အတားအဆီးခံရပြီး ရက်အတန်ကြာ မျောစာကို စောင့်နေရသည်။ နောက် လဆန်း ခါမှ မျောစာရ၍ ဆက်လက်စုန်ကြရသည်။ ထိုသို့ မျောစာ ရ၍ ဖောင်စုန်ရပြီဖြစ်ကြောင်းကို သား ဖြစ်သူက မိခင်ထံ စာရေးလိုက်၏။ သူရေးလိုရင်းမှာ . . .

"ရုံးသာရွာနေ အမေကြွယ်၏ သားသည် လဆန်းက မျောစေပို့သော



www.burmeseclassic.com

www.burmeseclassic.com

ကင်းစာရသဖြင့် အောက်သို့ ဖောင်စုန်
ဖြစ်သွားပါပြီ"ဟု ရေးသားလိုက်၏။

သို့သော် စာကောင်းမွာ မရေး
တတ်သဖြင့်...

"ယုန်သား အမဲ၊ ကျွဲသား
လဆန် ကင်စားလို့ စုန်းဖြစ်ပြီ"ဟု
ရေးလိုက်ရာ ထိုစာကိုတွေ့သော မိခင်
ကြီးက "အမလေး ကျုပ်သားလေး
ယုန်သား အမဲ၊ ကျွဲသား လဆန်ပါရော
ကင်စားလို့ စုန်းဖြစ်သွားပြီတဲ့တော့"ဟု
ရင်ဘတ်စည်တီး ငိုရှာသတဲ့"

×××

ဤလူပြည်၌ စုန်းအမျိုးမျိုးရှိ
ကြောင်း ယုံကြည်ကြသူများ၏ စုန်းကဝေ
ကားတို့ကိုလည်း ပြသကြ၏။ သွေးစုပ်
ဖုတ်ကောင် ဒရက်ကျူလာဇာတ်ကားတို့
ကို ရိုက်ပြကြ၏။ မြန်မာ့ပယောဂကု
ဆရာတို့ကလည်း စုန်းအမျိုးမျိုး ရှိသည်
ကို ယုံကြည်ကြ၏။ ဤ၌ စုန်းအမျိုးမျိုး
တို့ကို အနည်းငယ်မျှ ထုတ်နုတ်ဖော်ပြ
ပါအံ့။

ကဝေမြောက်စုန်း အိမ့်တလိမ့်
စုန်းမျိုးတို့တွင် စမည်းတိုင်စုန်း ခြောက်
မျိုးကို ညွှန်ကြားပြဆိုခြင်း။

(၁) မြေချဉ်ကို စားသောစုန်း
(၂) မြေစပ်ကို စားသောစုန်း
(၃) မြေပုပ်ကို စားသောစုန်း
(၄) မြေအဖန်ကို စားသောစုန်း
(၅) မြေအညိုကို စားသောစုန်း
(၆) မြေအခါးကို စားသောစုန်း

ဤစုန်းခြောက်မျိုးတို့သည်
အမောက်ရှိသည်ဟူ၍ မဆိုကုန်၊
ထို့ကြောင့် စမည်းတိုင်စုန်း ခြောက်မျိုး
ဟူ၍ မှတ်သင့်ကုန်၏။

တစ်ဖန် မော်ဝင်စုန်း၊ စုန်းမော်
စုန်း၊ နတ်စုန်း၊ မော်စုံစုန်း၊ ဘီလူးစုန်း၊
သိုးမော်စုန်း၊ မော်ပါစုန်း၊ မော်သိမ်းစုန်း၊
မော်စင်စုန်း၊ ဤစုန်းမျိုး ကိုးပါးတို့သည်
နာနာရုပ်ကို အရာအထောင် အသိန်း
အသန်းမက ဖန်ဆင်းနိုင်ကြကုန်၏။

တစ်နည်းကား...

သွေးစုန်း၊ လေစုန်း၊ ဆေးစုန်း၊
မိလာဘလာစုန်း၊ လက်တောက်သော်
လက်စုန်း၊ ခြေတောက်သော်ခြေစုန်း၊
အမောက်သုံးဆင့် ရှိသော စုန်းဟူ၍
စုန်းမျိုး ခုနစ်ပါးတည်း။

ကဝေစုန်း၊ ခြေစုန်း၊ လက်စုန်း
မော်ဝင်စုန်း၊ အိမ့်တလိမ့်စုန်း၊ ဇော်ဂနီ
စုန်း၊ သားစားစုန်းဟူ၍လည်း စုန်းမျိုး
ခုနစ်မျိုး ပြားသတည်း။

တန်ခိုးကြီးသော စုန်းတို့တွင်
ဟဲဘူးစုန်း၊ စုန်းဘီလူး၊ မော်
နာခေါင်းစုန်း၊ ပြန်ဟာစုန်း၊ နောက်သိုး
စုန်း၊ ကျားစုန်းတို့သည် လက်ဝဲနား၌
စီရရှိ အမောက်ရှိသောကြောင့် အခြား
သော စုန်းတို့ထက် ပိုထက်မြက်၏။

ပယောဂကု ဆရာတို့သည်
ဖော်ပြပါ စုန်းအမျိုးမျိုးတို့ကို စမ်းသပ်
ကာ သင့်လျော်သော ဆေးဝါးများကို
ဉာဏ်ယှဉ်၍ အသုံးပြုကာ စုန်းအမျိုးမျိုး
တို့၏ ဘေးရန်များမှ ကာကွယ်၊ တားဆီး
ကုသကြလေသည်။ ဆရာစစ်မှန်များနှင့်
ကုသဖို့ လိုအပ်ပါသတည်း။

ကျန်းမာချမ်းသာကြပါစေ

**မောင်လေးကေ(ဘီးလင်း)**

ကိုးကား - ကဝေသရ- ပထမတွဲ၊

www.burmeseclassic.com

လယ်သမားကြီးတို့ရဲ့ဘဝ

ရွှေမိုးအောင်

# နှောင်ယှက်ခံရထိုတစ်ည

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

(က)

ပေကန်ကုန်းရွာလေးသည် ကုန်းမြင့်လေးပေါ်မှာ တည်ရှိ၏။ တစ်ရွာလုံး သစ်ပင်ကြီးများ အုံဆိုင်းနေပြီး အဝေးကကြည့်လျှင် တောအုပ်ကလေး တစ်ခုအလား ထင်ရ၏။ ရွာ၏ အရှေ့ဘက် မြေနိမ့်အောက်ချိုင့်ထဲတွင် တစ်မျှော် တစ်ခေါ် လယ်ကွင်းပြင်ကြီးရှိပြီး တပ်ကုန်းရွာကြီး ထန်းရင်းရွာ မကိုးကုန်း လေးရွာတို့အား တောင်မြောက်တန်း လျက် မှန်မှန်ပြပြ မြင်ရ၏။ ရွာမြောက်ဘက်စွန်း ကုန်းထိပ်ဝယ် ရွာဦးဘုန်းတော်ကြီး ကျောင်းနှင့် ရှေးဟောင်းဘုရားစေတီ သုံးဆူကိုလည်း အရှေ့ဘက် တစ်ခွင် တစ်ပြင်မှ ကြည့်လျှင် ရွာနှင့် ပန်းရတင့်တယ်လှ၏။ လယ်ကွင်းထဲ၌ သရက်ပင်၊ မန်ကျည်းပင်၊ လက်ပံပင်ကြီးများ ကိုတစ်ပင် သည်တစ်ပင် ကြီးစိုးနေ၏။ ညည်လျားမြင့်မားသော ထန်းပင်စုလေးများကား ဟိုတစ်စု သည်တစ်စု။ ရွာ၏ အနောက်ဘက်တွင် ယာကွက်ကြီးများနှင့် လယ်ခင်းတချို့ရှိပြီး ယာခင်းများအကြား ရိုးနှင့် ချောင်းများလည်း ရှိ၏။ ယာခင်းများအလွန် သုံးမိုင်ခန့်အကွာတွင် တောအုပ်တစ်ခု ရှိကာ ဦးဖိုးခပိုင်ဆိုင်သောကြောင့် ဦးဖိုးခ တောအုပ်ဟု ခေါ်ကြ၏။ တောအုပ်၏ မြောက်ဘက်စွန်း၌ ပေမကြီးကန်ကြီးရှိပြီး တောင်ဘက်စွန်းဝယ် ထုံးဖိုကန်ကြီးရှိကာ ကန်နှစ်ခုမှာ လေးမိုင်ခန့် ကွာဝေး၏။ ကန်နှစ်ခုကို မိုးဦးကျသည်နှင့် ရေပိတ်လောင်ထားပြီး စပါးစိုက်လယ်များအတွက် အလုံလျှံကျ ရေပေးဝေလေ့ရှိ၏။

ရွာလေးမှာ ရွာတန်းရှည်ဖြစ်ပြီး ရွာလယ်မှဖြတ်ကာ တောင်မြောက် လမ်းမကြီးတစ်ခု ရှိ၏။ လမ်းမသည် တောင်ဘက် ကြို့ကြောင်းကုန်းရွာ၊ မြောက်ဘက် တပ်ကုန်းရွာလေးတို့နှင့် တောက်လျှောက် ဆက်သွယ်ထား၏။ ရွာတောင်ဘက်ထိပ် မြောက်ဘက်ထိပ် နှစ်ခုရှိ အဝင်အထွက် တံခါးကြီးနှစ်ခုရှိကာ ညည်း အစောင့်တစ်ဦးစီ ကင်းတဲလေးပေါ်မှာ စောင့်၍အိပ်၏။ ကင်းတဲသည် အတန်ကျယ်ဝန်းပြီး လူငါးယောက်ခန့် အိပ်စက်နိုင်၏။ ညအခါ ကင်းတဲဖြစ်ပြီး နေ့အခါ ဇရပ်သဖွယ် ဖြစ်နေ၏။

ရွာ၏မြောက်ဘက် တပ်ကုန်းရွာလေးသို့ သွားသည့် လမ်းမဘေး ရွာနှစ်ရွာအလယ်ခန့်တွင် သေနတ်တောကန်ဟု ခေါ်သည့် တစ်ဖက်ဆည်ကန်ကြီးရှိ၏။ ကန်သည် မိုးရာသီသာ ရေရှိပြီး ဆောင်းရာသီနှင့် နွေရာသီတို့၌ ရေမရှိပေ။ ကန်ကြီးမှာ အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်တို့တွင် ကန်ဘောင်မြင့်ကြီး သုံးဖက်ရှိပြီး မြောက်ဘက်ကမူ ကန်ဘောင်မရှိချေ။ ကန်ဧရိယာမှာ တစ်မိုင်ခန့်ကျယ်ဝန်းပြီး ကန်ဖျား၌ လယ်များရှိ၏။ လယ်များမှာ ရိုးကျလယ်များဖြစ်ပြီး နှစ်ဖက်ကုန်းကျဖြစ်၍ မြေသြဇာကောင်းလှ၏။ စပါးများ အလွန်သန်မာ ထွားကြိုင်းပြီး သီးနှံအထွက်နှုန်း ကောင်းလှသည်။

အနောက်ဘက်နှင့် တောင်



www.burmeseclassic.com

www.burmeseclassic.com

ဘက် ကန်ဘောင်ပေါ်တွင် သေနတ်ပင်ကြီးများ၊ ခြံတောများ ထူထပ်စွာ ပေါက်ရောက်နေကာ အရှေ့ဘက် ကန်ဘောင်မှာ ညောင်ပင်ကြီးတစ်ပင်နှင့် ခြံတောအနည်းငယ်သာ ရှိ၏။ ကန်ဘောင်မှာ ပေသုံးဆယ်ခန့်မြင့်ပြီး ကန်ဘောင်ရင်းကပ်လျက် တပ်ကုန်းရွာသား လှည်းလမ်းက ဖြောင့်ဖြူးစွာရှိ၏။

သေနတ်တောကန်၏ အောက်ဘက်တွင် မြောက်ရိုးဟုခေါ်သည့် လယ်ပွဲတစ်ခုရှိ၏။ လယ်ပွဲအား ကိုဖိုးချစ်က မိဘများထံမှ အမွေဆက်ခံ ပိုင်ဆိုင်ထားသည်။ မြောက်ရိုးလယ်များမှာ တစ်ကွက်တန်း အပေါ်အောက် တစ်ဆယ့်နှစ်ကွက်ရှိသည်။ လယ်များမှာ နှစ်ဖက်ကုန်းကျဖြစ်သဖြင့် မြေညီကောင်းကာ စပါးထွက်ကောင်းလှသည်။ အတော်အတန် မိုးခေါင်လျှင်လည်း ကန်ရေထွက်ပြန်အား ပိတ်လှောင်ထားသဖြင့် လယ်တစ်ပွဲစာ လုံလောက်သည်။ ကိုဖိုးချစ်မိသားစုအဖို့ မြောက်ရိုးလယ်ပွဲသည် ထမင်းအိုးဖြစ်သည်။

(ခ)

ဒီနှစ် မိုးဦးကျကတည်းက ကိုဖိုးချစ် ကန်ရေထွက်ပြန်ပေါက်ပိတ်ကာ ရေလှောင်ထား၏။ ရေမှာလည်း ကန်တစ်ဝက်ခန့်ပင် ရောက်နေပြီ။ မိုးဦးကောင်းသဖြင့် ရိုးလယ်များကို စပါးစေ့စေ့စီးစီးစိုက်ရန် ရည်ရွယ်ထားခဲ့သည်။ ဇနီးဖြစ်သူ မသန်းမေကလည်း စပါးကို ဦးစွာစိုက်ရန် အကြံပေး၏။ သို့နှင့် ရိုးအလယ်က လယ်ကွက်အား ပျိုးထောင်ထားသည်မှာ တစ်လပြည့်ခဲ့ပြီ။ ပျိုးပင်များကလည်း စိုက်သင့်သည့် ရက်ကို ရောက်နေပြီဖြစ်သည်။

ရိုးလယ်အားလုံး စပါးစိုက်ရန် အတွက် သတိဝိရိယဖြင့် ထွန်နေရ၏။ ထွန်စီးရင်း နွားမောင်းလိုက်၊ ထယ်ချေးစာကန်ချလိုက် တစ်မနက်လုံး မှန်မှန်ထွန်နေခဲ့သည်။ ရှုပြင်မဖြစ် တဖြစ်စို့ နွားများလည်း တအိအိ ရှုန်းနေရ၏။ ရေအနည်းငယ် လိုနေသော်လည်း ကန်ရေ ဖောက်ချလို့ မဖြစ်သေး။ မိုးက ပြတ်သွားတာ တစ်ပတ်ကျော်ပြီ။ ရွာမယ့် အရိပ်အယောင်၊ မမြင်ရသေး။ မိုးရွာစဉ်က လယ်ကတွတ်ပိတ်ကာ ရေဖမ်းထားမိ၍ တော်ပေတော့သည်။ မဟုတ်လျှင် ကန်ရေဖောက်ချနေပြီ။ ခုတောင် ရေနည်းနေပေမယ့် ထွန်လို့ ဖြစ်နေသေးသည်။ သည်ထက် ရေနည်းသွားလျှင်တော့ ထွန်လို့ မရနိုင်တော့။ မှက်၊ ခြင်၊ ပိုးမွှားများ ကိုက်သည်ထင်။ နွားမြီးမကြာခဏခတ်သဖြင့် ရှဲ့ရေတွေက စင်လှသည်။ ကိုဖိုးချစ်မျက်နှာ မုဆိုးအင်္ကျီတို့မှာ ရွှဲစက်တွေနှင့် ပေပွနေ၏။

နေထန်းတစ်ဖျာရောက်လျှင် ဇနီးမဆန်းမေ ထမင်းလာပို့သည်။ လယ်ကန်သင်း ယာခင်းအစပ်မြေပြောင်ပြောင်တွင် ထမင်းတောင်းနှင့် ရေနွေးကြမ်းခရားကို ချရင်း . . .

"ကိုဖိုးချစ် ထမင်းစားနားတော့လေ"

"အေး . . . နားတော့မှာပါ"

ထွန်စီးရင်း နွားမောင်းရင်း လှမ်းပြော၏။ နွားများကလည်း နာမည်ကို သိနေသဖြင့် ခပ်မြန်မြန် လှမ်းကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ကန်သင်းနှင့် မလှမ်းမကမ်းတွင် ထွန်ကို နားထားရင်း လယ်ထဲမှ ထမင်းဝိုင်းရှိရာသို့ တက်လာ၏။

"ရော့ နည်းလိုက်တာတော်။ နွားတွေ ပင်ပန်းမှာပေါ့"

"ကန်ကို မဖောက်ရဲသေးဘူး။ စိုက်တော့မှ ရေမရှိရင် ခက်မယ်။ မိုးက အစိုးမရဘူးလေ"

ကိုဖိုးချစ် ထမင်းဝိုင်းဝင်ထိုင်ရင်း ရေနွေးတစ်ခွက် ငဲ့၍ မှုတ်သောက်လိုက်သည်။ မသန်းမေက ထမင်းပန်းကန်ထဲ ထမင်းခူးထည့်ရင်း...

"ညနေကျရင် လယ်ထဲ ရေချဦးလေ။ နောက်နေ့ ထွန်လို့မရဘဲ နေမယ်"

"အင်း ... ချမှာပေါ့။ နောက်နေ့ဆို ထွန်ရခက်မယ်။ သမန်းကတော့ ရနေပြီ။ ရေနည်းတော့ စေးနေတာပေါ့"

မသန်းမေက ဇလုံတစ်လုံး ယူသွားရင်း အခြားလယ်ကွက်ထဲက ရေကြည်ခပ်လာ၏။ ကိုဖိုးချစ်အား လက်ဆေးရန် ကမ်းပေးရင်း...

"မိုးဦးကောင်းပေမယ့် မိုးက မလိုက်ဘဲ ခေါင်နေပြန်တယ်။ စပါးစိုက်ပြီးမှ သမန်းကွဲနေလျှင် ဒုက္ခ"

"ကန့်ထဲကရေ ဖောက်ချရမှာပေါ့။ ကန်ရေမကုန်ခင်တော့ မိုးရွာတန်ကောင်းပါရဲ့"

လက်ဆေးပြီး ထမင်းလက်ဆုံစားကြ၏။ ငပိပုတ်၊ ကြက်သွန်ပါးပါးလှီးပြီးသုတ်၊ ငရုပ်သီးထောင်း။ ပဲကြီးလှော်လက်ဖက်နဲ့သုတ်တို့ဖြင့် ခံတွင်းတွေ့လုပါဘိ။ လယ်ထဲက နွားများကတော့ အနားရသဖြင့် စားမြုံ့လွန်းနေ၏။ ကိုဖိုးချစ်လည်း မနက်အာရုံတက်ကတည်းက ထွန်နေရသည်မို့ ဗိုက်ဆာနေပြီ။ တောသူတောင်သား၊ လယ်သမား များအဖို့ ဟင်းကောင်းတာ၊ မကောင်း တာ အာရုံမထားအား ရှိသည့်ဟင်းနှင့် သာ စားရပေသည်။

ထမင်းစားပြီး ကိုဖိုးချစ် ပြောင်းဖူးဖက် ဆေးလိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။ မသန်းမေကလည်း ထမင်းဟင်း ပန်းကန်များကို ဆေးကြောရင်း

"တော့် ... ကိုဖိုးချစ်။ ဆေးလိပ်တွေ သိပ်မသောက်နဲ့ ပုဆိုး၊ အင်္ကျီတွေမှာလည်း မီးပေါက်တွေချည်းပဲ"

"အချဉ်ပြေ၊ အပျင်းပြေ ဖွာတာပါဟာ။ ငါတို့မှာ ဆေးလိပ်နဲ့ပဲ အပျင်းဖြေရတာလေ"

"ကဲ ... ကဲ ကျုပ်ပြန်တော့မယ်။ သိပ်နေမမြင့်စေနဲ့။ စောစော ထွန်ဖြုတ်ခဲ့။ နွားတွေလည်း ပန်းပါတယ်"

မသန်းမေ ထမင်းတောင်းကို ခေါင်းပေါ်ရွက်ကာ ရွာဘက်သို့ ပြန်၏။ ကိုဖိုးချစ်လည်း ဆေးလိပ်မီးအား သတ်ကာ ဆေးကျည်တောက်ထဲ ထည့်လိုက်သည်။ ပြီး လယ်ထွန်ရန် သမန်းပြင်ထဲသို့ ဆင်း၍ ထွန်စီးကာ နွားများအား ကြိမ်တို့လိုက်တော့သည်။

ကိုဖိုးချစ် ထွန်ဖြုတ် ပြန်လာသည်ကိုတွေ့လျှင် မသန်းမေက ရေနွေးကြမ်းနှင့် ထန်းလျက်ခဲတို့အား အိမ်



www.burmeseclassic.com

www.burmeseclassic.com

အောက်ကွပ်ပျစ်ပေါ်၌ အသင့်ပြင်ထား၏။ နွားများကို ထမ်းပိုးမှဖြုတ် နွားတင်းကုပ်ချည်တိုင်တွင် ချည်ထားလိုက်သည်။ နွားများက ပင်ပန်းနေပြီထင်၏။ ခဏကြာလျှင် အိပ်ချလိုက်ပြီး မျက်လုံးမှေးစင်းကာ စားမြုံ့လွန်းနေ၏။ ကိုဖိုးချစ်လည်း အိမ်အောက်ကွပ်ပျစ်ပေါ်မှာ ရေနွေးကြမ်းသောက်ရင်း အပန်းဖြေနေ၏။ မသန်းမေက မီးဖိုချောင်ထဲ၌ ချက်နေ၊ ပြုတ်နေဆဲ။

ကိုဖိုးချစ် နေ့လယ် နွားကျောင်းရင်း ရေပြန်ပေါက်ကို လျှပ်ပြီး လယ်တွေ ရေပြည့်ရန် စဉ်းစားနေမိသည်။ မိုးမကျခင်က ပြန်ပေါက်နှင့် ရေချောင်းဝန်းကျင် ရှင်းထားပြီးသားမို့ ခြေခင်း လက်ခင်း ဘာလိမ့်မည်ဖြစ်သည်။ ဘေးပတ်ဝန်းကျင် ကန်ဘောင်က တောကြီးသည်မို့ သတိတော့ထားရမည်။ မသန်းမေ စကားသံကြားမှ အတွေးကရပ်သွားသည်။

"ကိုဖိုးချစ် နေ့လယ် နွားကျောင်းရင်း ရေချခဲ့လေ စိုက်မယ့် လယ်သုံးကွက်ကို ဦးစားပေးမှရမယ် နော်"

"အင်း... ပြန်ပေါက်ဖွင့်ရုံပါပဲ"

"ကန်ထဲက ရေမကုန်ခင် မိုးရွာပါစေ ဆုတောင်းရမှာပဲ"

"ကိုဖိုးချစ် ထန်းလျက်ခဲတစ်ခဲကို ကောက်ဝါးပြီး ရေနွေးကြမ်းခွက်ကို မူတ်၍ သောက်လိုက်သည်။ မသန်းမေက ကွပ်ပျစ်ပေါ် လာထိုင်၏။ မျက်နှာကို မီးဖိုမှု အပူဟပ်ထားသည်မို့ ချွေးများ ပြန်နေ၏။ အသက်နှင့်စာသော် ပိုရင့်နေသည့် ဒဏ်သည်မျက်နှာကို ဂရုတစိုက် ကြည့်မိ၏။ ကလေးနှစ်ယောက် မွေးခဲ့ပြီး တောအလုပ်ကို မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်ခဲ့သည်။ ပင်ပန်းဆင်းရဲသည့် ဒဏ်ကြောင့်ထင့် ရင့်ရော်လာခဲ့ပြီ။ အသက်လေးဆယ်ကျော်လာပြီဖြစ်သည့် သူတို့လင်မယားမှာ အဆွယ်အပွား သားတစ်ယောက်၊ သမီးတစ်ယောက် ရနေပြီ။ ကလေးတွေက အလယ်တန်းကျောင်းပင် တက်နေပြီ။ မသန်းမေ၏ စကားသံကြားမှ...

"ကိုဖိုးချစ် ရေသွားချိုးတော့လေ"

"အေးအေး သွားတော့မယ်" ရေလဲရန် ပုဆိုးကို ကန်ပေါ်ကယူပြီး ရေတုံကင်ရှိရာ အိမ်ခေါင်းရင်းဘက်သို့ ထွက်လာခဲ့တော့သည်။

(၈)

ညနေ နွားကျောင်းရာက ပြန်ရောက်သည်နှင့် မနားအား။ နေညို ချိန်မှာ နွားသွင်းလာခဲ့သည်မို့ နွားစာကျင်းထဲ နွားစာထည့်၊ ရေဆွဲထည့်နှင့် အနည်းငယ် မောင်စပျိုးသွားမှ နွားတွေကို အစာကျွေးနိုင်တော့သည်။ နေ့လယ်က နွားကျောင်းရင်း ကန်ရေဖောက်ပြီး လယ်ထဲသွင်းနေသည်ကြောင့် စောစောမပြန်နိုင်။ ရေစီးရေလာစောင့်ကြည့်နေရသေးသည်။ လယ်တစ်ကွက်တော့ ရေပြည့်နေပြီ။ နောက်တစ်ကွက် ဆက်ချထားသည်။ ညမှ ပြန်ကြည့်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

နွားစာကျွေး ကိုယ်လက်ရေဆေး သန့်စင်ပြီးမှ အိမ်ပေါ်တက်ခဲ့သည်။ ဇနီးဖြစ်သူက မီးဖိုချောင်မှာ အလုပ်ရှုပ်နေတုန်း။ သားနှင့်သမီးက ဘတ္ထရီမီးနှင့် စာကြည့်နေကြသည်။ ကိုဖိုးချစ် အိမ်ရှေ့ပြတင်းပေါက် တံခါးဝမှာ ထိုင်လိုက်သည်။

"ကိုဖိုးချစ် ရေနွေးသောက်ဦးမလား"

"မသောက်တော့ဘူး ထမင်းပဲစားတော့မယ်"

"အဲဒါဆို ထမင်းပွဲပြင်လိုက်မယ်။ သားနဲ့သမီး အမေ့ကို ကူကြဦး"

"ဟုတ်ကဲ့ အမေ"

သားက ထမင်းစားပွဲကို အိမ်ထယ်ခန်းတွင် ခင်းသည်။ သမီးက မီးဖိုခန်းထဲမှ သူ့အမေ ခူပေးသည့် ထမင်းဟင်းများအား စားပွဲပေါ် လာတင်သည်။ ထမင်း ဟင်းစုံလျှင် မိသားစုလေးယောက် ထမင်းလက်ဆုံစားကြ၏။ သားက ဟင်းများ ငွန်းနှင့်ခပ်ကာ အဖေနဲ့ အမေ့ ဦးချ၏။ ကိုဖိုးချစ်က...

"သားနဲ့သမီး ကျောင်းစာလိုက်နိုင်လား"

"ဟုတ်ကဲ့ အဖေ" ပြိုင်တူဖြေသည်။

"ကျောင်းပညာရေး ဂရုစိုက်နော်။ ပညာမတတ်ရင် အဖေ၊ အမေတို့လို လယ်လုပ်ရမယ်၊ ဆင်းရဲမယ်နော်"

မသန်းမေကဲလည်း...

"အဖေနဲ့ အမေက ငါ့သားနဲ့ သမီးကို ပညာတတ်ကြီး ဖြစ်စေချင်တာ။ အမေတို့ ဘယ်လောက်ပင်ပန်းပါစေ သားနဲ့ သမီးအတွက်ပဲ။ ငါ့သားနဲ့ သမီး စာသာကြိုးစား"

"ဟုတ်ကဲ့... သားတို့ ကျောင်းစာလိုက်နိုင်ပါတယ်။ တစ်နှစ်တစ်တန်း အောင်-အောင် ကြိုးစားပါ့မယ်" သားကြီးကဆို၏။

"သမီးလည်း အောင်ရပါစေမယ်"

"အေး... သားနဲ့သမီး စာမေးပွဲအောင်ရင် အဖေတို့ အလုပ်လုပ်ရတာ အားရှိတာပေါ့ကွယ်"

ကိုဖိုးချစ်တို့ မိသားစုထမင်းဝိုင်းက စိုပြေလှ၏။ ခရမ်းသီးချက်၊ မကျီးရွက်ချဉ်ဟင်း၊ ငရုတ်သီးထောင်းနှင့် စားနေရပေမယ့် မိသားစု၏ မေတ္တာတရားတို့ကြောင့် အရသာရှိလှပါပေ၏။

(ဃ)

ည ရှစ်နာရီခန့်၌ ကိုဖိုးချစ် သုံးတောင့်ထိုး ဓာတ်မီးတစ်ဖက်၊ ငန်းပြားတစ်ဖက်ဖြင့် တောထဲထွက်ရန် ပြင်နေ၏။ သားနဲ့ သမီးက စာကျက်နေပြီ။ ဇနီးသည်က ပြတင်းပေါက်ဘေးမှာ ထိုင်လျက် သားနဲ့ သမီးကို စောင့်နေ၏။ ကိုဖိုးချစ် အိမ်ရှေ့သို့ ထွက်လာစဉ်...

"ကိုဖိုးချစ် သတိ၊ ဝိရိယထား သွားနော်။ အဖော်ခေါ်ဦးမလား။ မောင်ငယ်ကို ခေါ်ထည့်ပေးလိုက်မယ်"

"ရပါတယ်ဗာ ငါ့လယ်ပွဲငါသွားနေကျပါ။ ဘာမှ မစိုးရိမ်နဲ့ ငါသွားတော့မယ်"

ကိုဖိုးချစ် အိမ်ခြံတံခါးမှ လမ်းမကြီးပေါ် ထွက်လာခဲ့သည်။ လမ်းမ



www.burmeseclassic.com

www.burmeseclassic.com

ကြီးအတိုင်း ရွာမြောက်ဘက် တံခါးကြီးမှ ရွာပြင်သို့ လျှောက်လာခဲ့သည်။ ရွာပြင်ရောက်လျှင် ပတ်ဝန်းကျင်တစ်ခုလုံးက ပိန်းပိတ်အောင် မှောင်နေ၏။ ဓာတ်မီးအားကောင်းကောင်းဖြင့် ထိုးရင်းလယ်ပွဲဆီသို့ လျှောက်လာခဲ့သည်။

လမ်းဘေးရှိ သစ်ပင်ကြီးများ ချုံပုတ်၊ ချုံတောများက ထူထဲလှသည်။ ကိုဖိုးချစ် တစ်ယောက်တည်းမို့ အနည်းငယ်တော့ ရွံမိသည်။ ယောက်ဖမောင်ယေ ခေါခဲ့လိုက်ရကောင်းသားဟု တွေးမိသည်။ လမ်းဘေးရှိ သစ်ပင်ကြီးတွေက အုပ်ဆိုင်းဆိုင်း ဓာတ်မီးပိတ်လိုက်လျှင် အဝေးမှ သစ်ပင်အုပ်၊ ချုံတောအုပ် မည်းမည်းများက ခြောက်လှန့်နေသယောင်။ ကိုဖိုးချစ် အားတင်းရင်း ဆက်လျှောက်လာခဲ့သည်။ လမ်းမကြီးဘေး ရိုးထိပ်က ညောင်ပင်ကြီးသို့ ရောက်ခဲ့ပြီ။ ညောင်ပင်ကြီး၏ သစ်ရွက်များ လူပ်ခတ်သံက တရဲရဲ မြည်နေ၏။ ညောင်ပင်အောက်မှာ ကိုဖိုးချစ် နားနေကျမို့ ကြောက်စိတ်မရှိပေ။

ညောင်ပင်ကြီးကျော်ကာ ရိုးထဲဝင်ရာ ကန်သင်းအတိုင်း လျှောက်လာခဲ့သည်။ ကိုယ့်လယ်ပွဲဖြစ်၍ စိတ်အေးသွား၏။ ကန်သင်းအတိုင်း လျှောက်လာခဲ့သည်။ ရေသွင်းထားရာ ကန်အောက်လယ်တွေအနား ရောက်ခဲ့ပြီ။ မနက်က ထွန်ခဲ့သည့် လယ်ရှုပ်ပြင်ကရေများပြည့်နေပြီ။ ရေကျော်နင့်ထားလျှင် အခေါင်ပြေနိုင်မည်။ လယ်ကတွတ်ပေါက်သွားတော့ ရေကျော်ချလိုက်သည်။ အောက်ကန်သင်းက မြင့်သည်မို့ ရေကုန်ပါမသွားနိုင်။

ကန်ပြန်ပေါက်ဝရှိရာသို့ ဆက်လျှောက်လာမိသည်။ ဓာတ်မီးကိုလည်း သေချာစွာ ထိုးကြည့်ရင်း ခြေခင်းလက်ခင်းကို ဂရုစိုက်နေရ၏။ မြောင်းဘောင်အတိုင်း လျှောက်လာခဲ့သည်။ နွေခင်းက ချုံများ၊ မြက်များ ရှင်းထားခဲ့သည်မို့ လမ်းက ရှင်းနေ၏။ ပြန်ပေါက်ဝ မရောက်မီ ရေသဖန်းပင်ကြီးနှစ်ပင်က မြောင်းတစ်ဖက်တစ်ချက် ပေါက်နေ၏။ ရေသဖန်းပင်အောက်မှ မြေတလင်းပြောင်နေ၏။ ကိုဖိုးချစ် နွေလယ်နွေခင်း နားနေကျဖန်ရာဖြစ်သည်။ ရေပြန်ပေါက်နှင့် ပတ်ဝန်းကျင်ကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ရေက ပုံမှန်စီးထွက်နေ၏။ ဒီညတစ်ညလုံး ထွက်လျှင်ပင် လယ်ငါးကွက်မျှသာ ရောက်မည်။ အောက်လယ်ကတွတ်ကို သေချာစွာ ပိတ်ထားလျှင် အဆင်ပြေပြီ။

ကိုဖိုးချစ် ရေပြန်ပေါက်ကြည့်ပြီး စိတ်အေးသွားကာ ရေသဖန်းပင်ကြီးအောက်မှာ ဝင်ထိုင်လိုက်သည်။ ဓာတ်မီး ကိုလည်း မိတ်ထားလိုက်၏။ ထိုစဉ်

"ဗွမ်း ... ဗွမ်း ... ဗွမ်း"

ရေထဲမှ လမ်းလျှောက်သံကြားရ၏။ ဓာတ်မီးကို ကောက်ယူကာ ပြန်ပေါက်ဝဆီနှင့် ရေမြောင်းထဲသို့ ထိုးကြည့်လိုက်သည်။ ဘာမျှမတွေ့။ သို့သော် အသံကား ကြားနေရသည်။ စိတ်ထဲမှာ တော့ ကန်တွင်းထဲကလို့ ထင်မိသည်။ ဓာတ်မီး ပိတ်လိုက်သည်။

"ဗွမ်း ... ဗွမ်း ... ဗွမ်း"



www.burmeseclassic.com

www.burmeseclassic.com

အသံက ရေသဖန်းပင်ဘေး မြောင်းထဲ ရောက်လာသည်။ ကိုဖိုးချစ် ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ပြန်သည်။ အသံက အဝေးသို့ ရောက်သွား၏။ စိတ်ထဲမှာ ဇဝေဇဝါဖြစ်၍ ခေါင်းလည်း ကြီးသွား၏။ ငန်းပြားကိုကောက် ဓာတ်မီးကို ထိုးရင်း လယ်ကန်သင်းအတိုင်း ပြန်လျှောက်လာခဲ့သည်။ ရေထဲမှ လမ်းလျှောက်သံက ကပ်၍ လိုက်လာ၏။ ကိုဖိုးချစ် စိတ်ကို တင်းထားရင်း...

"ငါပိုင်တဲ့ ငါ့လယ်ပွဲမှာ ငါ့ကို မနှောင့်ယှက်ကြနဲ့ မောင်းထုတ်လိုက်ရမလား"

စကားဆုံးသည်နှင့် ရေထဲက လမ်းလျှောက်သံမှာ ပျောက်သွား၏။ ကန်သင်းရိုးအတိုင်း ဆက်လျှောက်လာခဲ့ရာ နံဘေးမှ သစ်ပင်များ၊ ချုံတော၊ ချုံပုတ်များက ရွှေ့လိုက်လာသည်ဟု စိတ်မှာ ထင်မိ၏။ ခပ်သွက်သွက် လျှောက်လာခဲ့ရာ ရိုးထိပ် ညောင်ပင်ကြီးအနား ရောက်လာခဲ့ပြီ။ ညောင်ပင်ကြီးမှာ လေတိုက်၍ တဟဲဟဲ မြည်နေ၏။ ကိုဖိုးချစ် အံ့သြထိတ်လန့်သွား၏။ တခြား နေရာများ လေမတိုက်၊ သူ့ကိုလည်း လေမတိုးပါဘဲ ညောင်ပင်ကြီး ယိမ်းထိုးနေ၏။ လမ်းဘေးရှိ ချုံပုတ်များက ဟိုသည် ရွှေ့နေသည် ထင်မိ၏။

"ငါ... ဘယ်လိုဖြတ်ရပါ့ ညောင်ပင်ပေါ်ကတော့ ပညာပြနေပြီ"

ညောင်ပင်ကို ကြည့်ရင်း မတ်တပ်ရပ်နေမိသည်။ လမ်းပေါ်မှာလည်း ချုံပုတ်တွေက ပြေးနေ၏။ ဓာတ်မီးထိုးလိုက်လျှင် ဘာမျှမတွေ့၊ မီးမှိတ်လိုက်လျှင် အရိပ်တွေ ပေါ်လာနေ၏။ ကိုဖိုးချစ် အားတင်း၍ ညောင်ပင်ကြီးပေါ်သို့ ဓာတ်မီးထိုးလိုက်ရာ ဖြတ်ခနဲ မီးပျောက်သွား၏။

"ဟာ"

ကိုဖိုးချစ် အလွန် ထိတ်လန့်သွားတော့၏။ ခေါင်းမှ ဆံပင်တို့ ထိုးထိုးထောင်ထောင် ထသွား၏။ ခွေးစေးများ တစ်ကိုယ်လုံး ပြန်လာ၏။ ရှေ့ကိုလည်း မှတိုးရဲ၊ နောက်ကိုလည်း မဆုတ်ရဲတော့။ အားတင်းထားတဲ့ကြားက မျက်စေ့များ ပြာသွား၏။ မျက်လုံးကို စုံမှိတ်ရင်း အားကိုးရာရာမိ၏။ ရွာဦးကျောင်း ဘုရားစေတီမှ ဆည်းလည်းသံ တချွင်ချွင် လွင့်ပျံလာ၏။ ရွာဦး ကျောင်းဆရာတော်၏ စကားသံကို နားထဲမှာ ကြားမိသည်။

"ဘုရား၊ တရား၊ သံဃာ၊ မိတာ ဆရာသမား၊ အနေန္တော အနန္တငါးပါးကို မမေ့နဲ့။ အခက်အခဲကြုံက သမ္မာဒွေ ဂါထာတော်ကို ရွတ်လိုက်"

ကိုဖိုးချစ် မျက်လုံးကို စုံမှိတ်ထားရင်း...

"ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ အနန္တော အနန္တငါးပါးအား ရှိခိုးပါ၏။

"သမ္မာဒွေ အင်္ဂဝိသဋ္ဌ ဒွါဒသဋ္ဌ သဟဿကေ ပဋ္ဌသက သမာထာနိ နမာမိ သိရသာမဟံ အပ္ပကာ ဝါဠကာ ဂဂိါ အနန္တာ နိဗ္ဗုတာ ဇိနာ တေသံ ဇမ္မဋ္ဌ သံဃဋ္ဌ အာဒရေန နမာမဟံ နမက္ကာရ နဘာဝေန ဟိတ္ဝာ



www.burmeseclassic.com

www.burmeseclassic.com

သမ္မေ ဥပဇ္ဈဝေ အဝေနကာ အန္တရာယာဝိ
ဝိနသန္တု အသေသတော။

မြတ် စွာဘုရားရှင် အား
စိတ်တွင် ရည်မှန်း၍ ဘယ်နှစ်ခေါက်
ရွတ်မိသည်မသိ။ တောက်လျှောက်
ရွတ်ဆိုနေမိရာ ညောင်ပင်ကြီးပေါ်မှ
တဟဲဟဲအသံများ တဖြည်းဖြည်း
ငြိမ်သက်သွားတော့သည်။ မတ်တပ်ရပ်
နေဆဲမှ ဓာတ်မီးခလုတ်ကို နှိပ်လိုက်ပြန်
ရာ ဝင်းခနဲ အလင်းရောင်ထွက်လာ၏။

"ဟား"

ဝမ်းသာအားရ အသံထွက်လာ
၍ ရင်ထဲပေါ့ပါးသွား၏။ ကြောက်စိတ်
များလည်း ပျောက်ကွယ်သွားတော့သည်။
ဓာတ်မီးကို မှိတ်လိုက်ကာ အမှောင်ထဲ
မှ ပတ်ဝန်းကျင်ကို လိုက်ကြည့်လိုက်ရာ
ညောင်ပင်ကြီးလည်း ငြိမ်နေ၏။ ချုပုတ်
များလည်း ငြိမ်သက်နေ၏။

ကိုဖိုးချစ် ငန်းပြားတစ်ဖက်
ဓာတ်မီးတစ်ဖက်ဖြင့် စိတ်လက်ပေါ့ပါး
စွာ လမ်းမကြီးအတိုင်း အိမ်သို့ ပြန်လာ
ခဲ့လေတော့သည်။

ရွှေမိုးအောင်

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းဖြင့်

နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓရိဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းဖြင့် (ကချင်ဖြူ)

ကလောင်နာမည် - ကာလီခါရီ (မြန်မာပြည်)

- ယခြာ ဓာတ်ရိုက်မာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရွေ့ဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဂုဏ်ပြုခွင့် ဖောက်ပြန်ပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၂၀၆




www.burmeseclassic.com

www.burmeseclassic.com

# တောင်ဘိုကြိုး

ခွန်သက်တင်ဆန်း

ဘဝကန္တာရထဲက ဟာသပျားရည်စက်များ

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်းဖြစ်သည်။ အမှတ် (၁၀၄) ခြေမြန်တပ်ရင်းမှ အရာခံဗိုလ် မောင်ဘို၏ သားကြီးဖြစ်သည်။ ဖြတ်ထိုးဉာဏ် ကောင်းခြင်း၊ သွက်လတ်ဖျတ်လတ်ခြင်း၊ ဟာသဉာဏ်ရှိခြင်း၊ အစအနောက် သန်ခြင်းများနှင့်လည်း ပြည့်စုံသူဖြစ်သည်။ ကျွန်တော်တို့ သူငယ်ချင်းခြောက် ယောက် ဗိုလ်သင်တန်းတက်ရောက်ရန် မော်လမြိုင်မြို့မှ မေမြို့(ပြင်ဦးလွင်)သို့ ထွက်ခွာလာကြသည်။ ညွှန့်သန်း၊ မြသောင်း၊ တင့်နိုင်၊ အောင်အောင်စိုး၊ တင်ဘိုကြီး၊ အောင်ကျော်ဦး သူငယ်ချင်း ခြောက်ယောက်တို့သည် သံသေတ္တာများ ကိုယ်စီနှင့် ခရီးအဆင့်ဆင့် လာခဲ့ကြသည်။ သံသေတ္တာများထဲတွင် အောင်အောင်စိုး၏ သံသေတ္တာကြီးမှာ အတော်ကြီးပါသည်။ ဆီပေပါနှစ်လုံး အကုန်ခံပြီး ပြုလုပ်ထားသည်ဟု ဆိုပါသည်။ သေတ္တာပေါ်တွင် ရေးထားသော သူ၏

သေတ္တာပေါ်တွင် ရေးထားသော သူ၏ ဖခင်နာမည်ကြောင့်လည်း သေတ္တာက ပိုလေးသည်ဟု ထင်ရပါသည်။ အောင်အောင်စိုး၏ သေတ္တာပေါ်မှာ စာသားမှာ 'အရာခံဗိုလ်သံချောင်း' ဟူသတည်း။

ဖခင်နာမည်ကြောင့်လည်း သေတ္တာက ပိုလေးသည်ဟု ထင်ရပါသည်။ အောင်အောင်စိုး၏ သေတ္တာပေါ်မှာ စာသားမှာ "အရာခံဗိုလ်သံချောင်း" ဟူသတည်း။

မော်လမြိုင်၊ ရန်ကုန်၊ ရန်ကုန် မန္တလေး၊ မန္တလေး မေမြို့(ပြင်ဦးလွင်) ရထားများဖြင့် ခရီတက် လာရာ တစ်လျှောက် အောင်အောင်စိုး သေတ္တာကြီးက တော်တော် ဒုက္ခပေးပါသည်။ မေမြို့သို့ ရထားဆိုက်ရာတွင် ညမိုးချုပ်နေပါပြီ။ လာကြိုသော ကားနှင့် ဗိုလ်သင်တန်းတက်ရမည့် နေရာသို့ လိုက်လာကြပါသည်။ ကြိုတင် ရောက်နေသော ဗိုလ်လောင်းများက အားရဝမ်းသာ ထွက်ကြိုကြသည်။ နောင်တွင် ဂျန်မာအောင်ဒွန်းဟု သိရှိလာမည့် ဗန်းမော်မှ ကချင်ကိုင်းရင်းသားနှင့် ရွှေညောင်မှ ရွှေကိုဦးတို့နှစ်ဦး ပြေးထွက်လာသည်ကို တင်ဘိုက လှမ်းပြော

"သူငယ်ချင်း ဒီဘက်လာ သေတ္တာပေါ့ပေါ့လေးတွေ သယ်ခဲ့အောင်"



www.burmeseclassic.com

www.burmeseclassic.com

အတူလာသော သူများက တစ်လမ်းလုံး ဒုက္ခပေးလာသည့် သေတ္တာကြီးအား ထားခဲ့ပြီး ကျန်သေတ္တာများကိုသာ သယ်သွားကြသည်။ အောင်အောင်စိုးကိုယ်တိုင် သူ့သေတ္တာကြီးကို ထားခဲ့ပြီး ကျန်ပစ္စည်းများ ယူသွားသည်။ ဂျွန်မာနှင့် ရွှေတိုးဦးတို့ အောင်အောင်စိုး သေတ္တာကို မရာတွင်...

"အောင်မယ်လေး လေးလုချည်လားဟ။ ဘာတွေများ တစ်သက်စာထည့်လာတာလဲ။ ခါးပါ နာသွားပြီ အီး"

တင်ဘိုကြီးမှ ဝင်ပြောလိုက်ပါသည်။

"သေတ္တာပေါ်က စာသားကြောင့် ဝိုလေးသွားတာပါ"

"ဟိုက်... အရာခံ ဗိုလ်သံချောင်း ဆိုပါလား"

×××

တင်ဘိုကြီး၏ ပစ်မှတ်အများစုမှာ စိတ်တိုသူများ။ မခံချင်စိတ်ရှိသူများ ဖြစ်သည်။ သူတို့ကို စရ၊ နောက်ရသည်က ပိုပြီး ပျော်စရာကောင်းလှသည်။ ဒီနေ့လည်း မင်းဟန်၏ ခြင်ထောင်ကို ပြောင်းပြန်လှန်၍ ထောင်ပေးထားသည်။ မင်းဟန်မှာ လူပုသလောက် စိတ်တိုသူ ဖြစ်သည်။ စစ်ခြင်ထောင်အား အမိုးကို အောက်ကထားပြီး ပြောင်းပြန်ထောင်ထားပါက ခြင်ထောင်ချသည့် အခါ အတော်ဒုက္ခရောက်ပါသည်။ ယခုလည်း မင်းဟန် မရှိစဉ် ခြင်ထောင်အား ပြောင်းပြန်ထောင်ထားပေးခြင်းဖြစ်သည်။

"ဗိုလ်လောင်းအားလုံး အိပ်ချိန်ရောက်ပြီ။ ည ၉ နာရီထိုးပြီ။ ခြင်ထောင်တွေအားလုံး သေသေချာချာချအိပ်ပါ"

တာဝန်ကြပ်ဆရာ၏ အသံကြောင့် အားလုံး သက်ဆိုင်ရာခုတင်များသို့ နေရာယူလိုက်ကြသည်။ မင်းဟန် သည်လည်း ခြင်ထောင်ကို လက်ဖြင့် ဆွဲမချဘဲ ခုတင်ပေါ်တွင် ပက်လက်လှန် အနေအထားမှ ခြင်ထောင်အား ခြေထောက်ဖြင့် ကန်လိုက်သည်။ ခြင်ထောင်က ကျမလာပါ။ ဒုတိယ အကြိမ် ထပ်ကန်သော်လည်း ခြင်ထောင် က မကျ။ မသက်၍ ထပြီး ကြည့် လိုက်မှ ခြင်ထောင်ကို ပြောင်းပြန်ထောင်ထားမှန်း သိရသည်။ ဒေါပွစွာနှင့် ခြင်ထောင်ကို ပြန်ပြင်ရင်း...

"ဘယ်ကောင်လုပ်တာလဲ။ ငါ တအားစိတ်တိုတယ်နော်။ ဘယ်ကောင်လဲပြော ငါက သတ်မှာနော်"

မင်းဟန်၏ ကြိမ်းဝါးသံကို ခြင်ထောင်အတွင်းမှ တင်ဘိုကြီး ပြုံးပြီးဖြီးနှင့် နားထောင်နေသည်။

"ဟို... ဗိုလ်လောင်းဘာဖြစ်နေလဲ အိပ်တော့။ မနက်အစောကြီး ထရဦးမယ်"

တာဝန်ကြပ်ဆရာ၏ အသံကြောင့် မကျေနပ်သော်လည်း ရင်ထဲကလိကလိနှင့် သည်းခံလိုက်ရလေတော့သည်။

"ဟုတ်ကဲ့ ဆရာ အိပ်ပါပြီ"

×××



www.burmeseclassic.com

www.burmeseclassic.com

လက်နက်ငယ် သင်ခန်းစာ သင်ကြားပြီး ခေတ္တတန်းဖြုတ်ထားချိန် ဖြစ်သည်။ ဇာင်ဘိုကြီး ညာလက်ဖဝါး အတွင်း မြက်ခြောက်များထည့်ကာ လုံခြုံအောင် လက်သီးဆုပ်လိုက်သည်။ လက်မကို လက်လေးချောင်း၏ ထိပ်ကို ဖိတ်လိုက်သည်။ လက်မအဆစ်ရှိ အရေးအကြောင်းလေးကြားတွင် မြက်ချောင်းလေးတစ်ချောင်းကို ညှပ်လိုက်သည်။ မြက်ချောင်းလေးမှာ ပြုတ်လု ပြုတ်ခင် လှုပ်ရမ်းနေသည်။

"ကဲ ... ငါ့ရဲ့ လက်မကြား မှာ ညှပ်နေတဲ့ မြက်ချောင်းလေးကို ဘယ်ကျအောင် မှုတ်မလဲ အချိုလုံး ကြေး လောင်းမယ်"

"ဘယ်လိုမှုတ်ရမှာလဲ"

"ပါးစပ်ကို ဟထားပြီး ဟား ဆိုပြီး ဝမ်းဗိုက်အားနဲ့ မှုတ်ရမှာ လွယ်တော့ မလွယ်ဘူးနော်"

ပြောလည်းပြော ပစ်မှတ်ကို လည်း ရှာနေသည်။

မခံချင်စိတ်ရှိသူတစ်ယောက် ပေါ်လာပါပြီ။ ကောင်းလွင်ဖြစ်သည်။

"ငါလုပ်မယ် အချိုလုံးက နှစ်လေးတစ်လေးလား ဆတူလား"

"မင်းနိုင်ရင် နှစ်ဆပေးမယ် ကျေနပ်လား"

"ကောင်းပြီ ဘယ်လိုလုပ်ရ မလဲသာ မင်း ငါ့ကိုပြော"

လက်မအဆစ်ကြားထဲမှ မြက် ချောင်းလေးကလည်း ပြုတ်ကျတော့မလို လှုပ်ရမ်းလျက်။

"မြက်ချောင်းနား ပါးစပ်ကို ဟထားပြီး အနီးဆုံးကပ်လိုက်။ ပြီးရင် ဝမ်းဗိုက်ဗယ်ရီအားနဲ့ ဟားခနဲ လေကို ထုတ်ပြီး မှုတ်ရမယ်"

သေချာအောင် ကောင်းလွင် လှမ်းကြည့်လိုက်တော့ မြက်ချောင်းလေး သည် လေအရှိန် နည်းနည်းရလျှင်ပင် ပြုတ်ကျတော့မည်။

"ကဲ ... စပြီ"

ပြောလည်းပြော ပါးစပ်ကြီးကို ဟဖြဲပြီး တင်ဘိုကြီး၏ လက်သီးဆုတ် အနီးကပ်သွားကာ မြက်ခြောင်းအား ဗိုက်အားဖြင့် ဟားခနဲ မှုတ်ရန် အားယူ လိုက်စဉ် တင်ဘိုကြီး လက်သီးဆုပ် အတွင်းမှ မြက်ချောင်းတစ်ဆုတ်သည် ကောင်းလွင်၏ ပါးစပ်အတွင်း သပ်ရပ် စွာ အထွေးလိုက် ဝင်သွားပါတော့ သည်။ ကလေးငယ်အား ထမင်းခွံကျွေး နေသည်နှင့်ပင် တူနေတော့သည်။

"ဝေ့ကောင် ... ဝှလူး ... ဝှလူး"

ကောင်းလွင် စကားမပြော နိုင်တော့ပါ။ အချိုလုံး မစားရတော့ဘဲ မြက်ခြောက်လုံးကြီး စားလိုက်ရပါတော့ သည်။ ထိုခဏ အမြန်ထွေးပစ်ပြီး တင်ဘို ကြီးအား လိုက်ထိုးပါတော့သည်။ ကောင်းလွင် ပါးစပ်ထဲသို့ မြက်ခြောက် ထည့်ပြီးကတည်းက တင်ဘိုကြီး အနား တွင် မရှိတော့ပါ။

×××

ဗထူးမြို့ မွေတော်ကန် ပတ်ဝန်းကျင်တွင် ဗိုလ်လောင်းများ စစ်နည်းဗျူဟာ ဘာသာရပ်များ



www.burmeseclassic.com

www.burmeseclassic.com

လေ့ကျင့်နေကြသည်။ မွေတော်ကန်ပတ်လည်တွင် တဲများကိုသာ အခြေချပြီး ပတ်ဝန်းကျင်တွင် သင်ခန်းစာများ လေ့ကျင့်နေခြင်းလည်း ဖြစ်သည်။ သင်ခန်းစာများ လေ့ကျင့်ပြီးချိန် ညနေပိုင်း မွေတော်ကန်တွင် ရေချိုးကြရင်း ဂုံးများ ငုံ၍ရွာကာ အပိုဟင်းလျာအဖြစ် ချက်စားကြသည်။

ဒီနေ့ တင်ဘိကြီး၏ ပစ်မှတ်မှာ စလင်းသား ကိုလှဌေးဖြစ်သည်။

"ကိုလှဌေးက စလင်းမြို့သားဆိုတော့ ရေကူးကျွမ်းမှာပေါ့နော်"

"ရောဝတီမြစ်ကမ်းနံဘေးမှာ ကြီးတဲ့ကောင်တွေ ရေကူးရော၊ ရေငုပ်ရော ကျွမ်းတယ် ဘာဖြစ်လို့လဲ"

"ဘာမှ မဟုတ်ပါဘူး။ တိုကောင်တွေက ပြောတယ်။ ကျွန်တော့်နာမည်က ခေါ်ရခက်လို့ ရေငုံထားပြီး ပြန်ပေါ်လာရင် ပီသအောင် မဆိုနိုင်ဘူးလို့ ပြောနေကြတယ်"

"အဲဒါ ရေငုပ်မကျွမ်းလို့ဖြစ်မှာ ငါဇို ရေငုပ်ကျွမ်းလို့ကတော့ ပီအောင် ခေါ်နိုင်တယ်ကွ"

"ဒါဆို လောင်းမလား"

"လောင်းမယ် ဘာကြေးလဲ"

"ကြက်ဥကြေး"

"ကောင်းပြီ ငါလုပ်မယ်"

"သူငယ်ချင်းတို့ ကိုလှဌေး ရေငုံပြီး ပြန်ပေါ်လာရင် ငါနာမည်ခေါ်လို့ ပီ၊ မပီ ဒိုင်လုပ်ပေးကြပါဦး"

မွေတော်ကန်ပတ်လည်တွင် ဗိဇ်လောင်းများ နေရာယူကြသည်။ ကိုလှဌေးမှာလည်း စစ်အတွင်းခံဘောင်းဘီကို ဝတ်ထားပြီး အင်္ကျီကျွတ်နှင့် မဲနက်သော အညာသား၏ အသားအရည်ကို ဂုဏ်ဆောင်ကာ မွေတော်ကန်အတွင်း ဆင်းသွားပါတော့သည်။

"ကဲ··· စမယ်။ ဝမ်း၊ တူး၊ သရီး ဆိုတာနဲ့ ကိုလှဌေး စပြီးငုပ်မယ်"

တင်ဘိကြီး အမှတ်စဉ်အော်ပေးလိုက်သည်။

"ဝမ်း··· တူး··· သရီး"

ကိုလှဌေး မွေတော်ကန်အတွင်း ငုပ်လျှိုးသွားပေပြီ။

ကန်ဘောင်ပေါ်မှာတော့

"ကိုလှဌေးရဲ့ ယောကျွနာမည် ဘယ်လိုခေါ်လဲ"

ကိုလှဌေး ရေကန်အတွင်းမှ ဘွားခနဲပေါ်လာပြီး

"တင်ဘိကြီး"

"မပီဘူး ဗလုံးဗထွေးဖြစ်နေတယ်"

တစ်ဦးဦးကို ကြုပ်မည်ဆိုလျှင် ဇာတ်တိုက်စရာမလိုသော ဗိုလ်လောင်းများ၏ အကျင့်အတိုင်း ကိုလှဌေးကို ဝိုင်း၍ ကြုပ်ကြပါသည်။

"ဒါဆို ပြန်ငုပ်မယ်။ ဒီတစ်ခါ ပီအောင်ခေါ်မယ်။ စလင်းသားကွ"

ကိုလှဌေး ကွတကွတနှင့် ရေထဲပြန်ဆင်းပြီး···

"ဝမ်း··· တူး··· သရီး"

ကိုလှဌေး ဒုတိယအကြိမ် ငုပ်ပြန်ပြီ။

"ကိုလှဌေး ညီမရဲ့ ယောကျွနာမည် ဘယ်လိုခေါ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကို လှဌေးတစ်ယောက် ခုတိယအကြိမ် ထပ်မံပေါ်လာပြီး...

"တင်ဘိုကြီးကွာ ကဲ"

ဗိုလ်လောင်းအားလုံး ဝါးခနဲ ရယ်လိုက်ကြသည်ကို ကိုလှဌေး နားမလည်သလို လိုက်ကြည့်နေပါတော့သည်။

×××

ဗထူးမြို့ မိုးမခတောင်တန်းတွင် သံလိုက်အိမ်မြောင် မြေပုံတို့နှင့် အမှတ်အသားများကို ရှာဖွေသည့် လှေကျင့်ခန်း လှေကျင့်နေချိန်ဖြစ်သည်။ လေးယောက်တစ်ဖွဲဖြင့် လှေကျင့်ရာ တင်ဘိုကြီး၊ ဂျန်မာအောင်ဇွန်း၊ ဇေယျနှင့် ကျွန်တော်တို့ တစ်ဖွဲတည်းကျသည်။

မိုးမခတောအတွင်း အမှတ်အသားနှစ်ခုရှာပြီး တတိယအမှတ်အသား ရှာရန် သွားကြစဉ် ဂျီတစ်ကောင် ဖြတ်ပြေးသည်နှင့် ကြုံလေသည်။ ကချင်တိုင်းရင်းသား ဂျန်မာအောင်ဇွန်းမှာ လက်မြန်၊ ခြေမြန်နှင့် ဂျီနောက်သို့ ပြေးလိုက်ကာ ဘီအေ ၆၃ ဒီဂီသေနတ်ဒင်ဖြင့် ပြေးထုလိုက်ပါသည်။ မှုဆိုးများကျည်ဆံဖြင့် ပစ်ခတ်ရသည့် တောကောင်ကို လှေကျင့်ရေးသေနတ်ဒင်ဖြင့် ထုပြီး ဖမ်းမိသည်မှာ သေချင်သောဂျီတောပြောင်းလာခြင်း ဖြစ်ပေမည်။

ကျွန်တော်တို့ လေးယောက်လည်း ဂျီသေကြီးကို အကောင်လိုက်ထမ်းကာ အမှတ်အသားများကို ဆက်ရှာပြီး အိပ်ဆောင်ချောက်သည်အထိ အလှည့်ကျ ထမ်းခဲ့ရသည်ကို ယခုတိုင် အမှတ်ရနေဆဲဖြစ်သည်။ ဂျီသားဟင်းဖြင့် ဗိုလ်လောင်းများ ညနေစာ စားခဲ့ကြသည်မှာလည်း မေ့မရနိုင်ခဲ့ပါ။

ညစာစားပြီးနောက်...

"သူငယ်ချင်း မင်းအဖေက ဦးမောင်ဘို၊ မင်းရဲ့ညီက ထွန်းအောင်ကျော်ဗိုလ်၊ မင်းကျတော့ ဘာလို့ တင်ဗိုလ်ကြီးလို့ မမှည့်တာလဲ"

"ဖိုးထောင် ပေါက်ကရတွေ လာမမေးနဲ့။ အဖေမှည့်တုန်းကတော့ တင်ဗိုလ်ကြီးပဲ။ သားကို ဗိုလ်ကြီး ဖြစ်စေချင်လို့လေ။ ဒါပမဲ့ မွေးစာရင်းသွင်းတဲ့လူက ဦးမောင်ဘိုသားဖြစ်လို့ တင်ဘိုကြီးလို့ ပေးလိုက်တာတဲ့ကွာ"

"ဩော် ... ဒီလိုလား"

"အေး ... ငါလည်း မြမြချောနဲ့ရပြီး သားတွေမွေးရင်တော့ ဒီလိုနာမည်ပေးမယ်ကွာ"

တင်ဘိုကြီး၏ ကျောင်းနေဖက်ရည်းစားမှာ မြမြချောဆိုသူ ဖြစ်သည်။

"ဘယ်လိုနာမည်ပေးမှာလဲကွ"

"သားကြီးကို ချုပ်ကြီးတင်ဘို၊ သားငယ်ကို မှူးကြီးတင်ဘိုလို့ ပေးမယ်ကွာ"

"ဆက်ပါဦး"

"ငါ့သားတွေကြီးလို့ စစ်ဗိုလ်လုပ်ရင် ဒုဗိုလ်စဖြစ်ကတည်းက သားကြီးဆို ဒုဗိုလ်ချုပ်ကြီးတင်ဘို၊ သားငယ်ဆို ဒုဗိုလ်မှူးကြီးတင်ဘို။ ကဲ ဟန်မကျဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

ကြဲကြဲဖန်ဖန် စဉ်းစားတတ်ပါပေ သူငယ်ချင်းရယ်...

×××

ကျွန်တော် တင်ပြနေသည့် အကြောင်းအရာတွင် ပါဝင်သော သူငယ်ချင်းများသည် ယခုစာရေးနေစဉ်ကာလတွင် လူလောကအတွင်းမှ စွန့်ခွာသွားသူများလည်း ရှိခဲ့သည်။ အစအနောက်သန်သော တင်ဘိုကြီးနှင့် ၎င်းစနောက်ခဲ့သော မင်းဟန်၊ ကောင်းလွင်၊ လှဌေးတို့မှာလည်း ကောင်းရာသုဂတိရောက်သွားကြပေပြီ။ ဂျီတစ်ကောင်လုံးသေနတ်ဒင်နှင့်ထုပြီး ဖမ်းခဲ့သူ ဂျွန်မာအောင်ဇွန်းပင်လျှင် ထပ်လိုက်သွားပြန်ပါပြီ။ တင့်နိုင်၊ ညွှန့်သန်း၊ ရွှေတိုးဦးတို့သည်လည်း မရှိကြတော့ပြီ။

နှစ်ပေါင်းကြာမြင့်လာခဲ့ပေမယ့် မနေ့တစ်နေ့ကလို အမှတ်ရနေလို့ အချစ်ဆုံးသူငယ်ချင်း တင်ဘိုကြီးကို အမြဲ သတိရနေမိပါတော့သည်။

**ခွန်သက်တင်ဆန်း**

Dear Marry Fashion House

No. 56, Aung Mingalar Street,
Tamwe Township, Yangon.

09 5136230, 09 5036602
09 5172150, 09 250504361

http://www.facebook.com/dearmarrymyanmar




www.burmeseclassic.com

www.burmeseclassic.com

ထူးထူးဆန်းဆန်း

ဘုန်းပွင့်သဇင်

# ကျောက်ဂူထဲကမင်းသားကြီး

၁၀၆

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

စောဒီဒူးသည် သဲလွင်မြစ်ကမ်း နံဘေးရှိ မုတ္တဒီရွာလေးတွင် နေထိုင်သူ တစ်ဦး ဖြစ်၏။ မုတ္တဒီရွာမှာ မြို့ကလေး၏ မြောက်ဘက်တွင်ရှိပြီး ဘားအံမြို့နှင့် မူ သဲလွင်မြစ်ကြီးခြားလျက် မျက်စောင်းထိုးလောက်တွင် တည်ရှိသည်။

တစ်ညတွင် စောဒီဒူး ထူးဆန်း သော အိပ်မက်တစ်ခုကို မြင်မက်၏။ အိပ်မက်ထဲ၌ စောဒီဒူးသည် ဂူကြီးတစ်ခု ကို မြင်ရသည်။ ဂူကြီးအတွင်း၌ ရှေးခေတ်နန်းဝတ်၊ နန်းစားများ ဝတ်ဆင် ထားသော ငင်းသားကြီးနှစ်ပါးကို တွေ့ မြင်ရ၏။ စောဒီဒူးသည် ဂူကြီးအဝ၌ ရပ်ကာ အတွင်းသို့ ငေးကြည့်နေမိ သည်။

ဂူအတွင်း၌ ကျောက်ပုလွင် ကြီးတစ်ခု ရှိပြီး ကျောက်ပုလွင်ကြီး ထက်၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ကိန်းဝပ် နေတော်မူနေသည်။ ရုပ်ပွားတော်ကြီး မှာ ရွှေရောင်ဝင်းလျက် လွန်စွာ

ရှင်သူငယ်ဆိုတဲ့
ဂမုန်းတစ်မျိုးဟာ
တစ်ခါတစ်ရံမှာ
ကိုရင်လေးတစ်ပါးအသွင်
ထင်ယောင်ထင်မှားဖြစ်အောင်
လုပ်တတ်ကြသလို
သူယောင်ဂဲမုန်းဆိုတဲ့
ဂမုန်းတစ်မျိုးကလည်း
တစ်ခါတစ်ရံမှာ
ချောမောလှပတဲ့
မိန်းမပျိုလေးအသွင်
ထင်ယောင်ထင်မှားဖြစ်အောင်
လုပ်ပြတတ်တယ်လို့

ကြည်ညိုသပ္ပါယ်ဖွယ် ကောင်းလှ၏။ ရုပ်ပွားတော်ကြီး၏ ရှေ့တွင် ဆီမီးတိုင်များ အမွှေးတိုင် နံ့သာတိုင်များကို ထွန်းညှိပူဇော်ထားပြီး ရွှေပန်းကန်၊ ကပ်လှူပူဇော်ထားသည်ကို တွေ့မြင်ရသည်။ မင်းသားကြီးနှစ်ပါးသည် ထိုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စံမြန်းတော်မူရာ နေရာ ကျောက်ပုလွင်ကြီး၏ ရှေ့ကြမ်းပြင်ပေါ်တွင် ထိုင်ကာ ဘုရားဝတ်ပြုနေကြခြင်း ဖြစ်၏။ မင်းသားကြီးနှစ်ပါးသည် အချိန်တော်ကြာကြာ ဘုရားဝတ်ပြုပြီး နောက် နေရာမှ ထရပ်လိုက်ကြ၏။ ထို့နောက် အနောက်ဘက်သို့ လှည့်မကြည့်ဘဲနှင့်...

"ဝင်လာခဲ့ပါ ညီတော် ဝင်လာခဲ့ပါ။ ညီတော်လေး ရောက်နေတာ အချိန်အတော်ကြာသွားပြီ ထင်တယ်။ နောင်တော်တို့ ဘုရားဝတ်ပြုနေတာနဲ့ကို ရုတ်တရက် မခေါ်နိုင်တာကို ခွင့်လွှတ်ပါ ညီတော် ခွင့်လွှတ်ပါ" ဟု ပြောဆိုလိုက်လေရာ စောဒီဒူးမှာ ရုတ်ခြည်း အံ့အားသင့် သွားမိ၏။ စကားဆုံးသည် နှင့်



www.burmeseclassic.com

www.burmeseclassic.com

မင်းသားကြီးနှစ်ပါးသည် စောဒီဒူးဘက်သို့ လှည့်လိုက်ကြသောအခါ စောဒီဒူးသည် မင်းသားကြီးနှစ်ပါးကို သေသေချာချာ မြင်လိုက်ရသည်။ မင်းသားကြီးနှစ်ပါးမှာ ဥပဓိရုပ်ကောင်းကောင်း၊ အရပ်ထောင်ထောင်မောင်းမောင်း နွှတ်ခမ်းမွေးသဲ့သဲ့နှင့် ဖြစ်သည်ကို တွေ့လိုက်ရသည်။

မင်းသားကြီးနှစ်ပါးသည် စောဒီဒူးအား အနည်းငယ် ပြုံးယောင်သန်းနေသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ စောဒီဒူးမှာ အံ့သြဟန်ဖြင့် မှင်သက်နေမိပါ၏။ မင်းသားကြီးနှစ်ပါးမှာ ရုပ်ရည်ချင်း ဆင်တူလွန်းသည်ကို စောဒီဒူး သတိထားမိလိုက်သည်။

"ညီတော်"

မင်းသားကြီးတစ်ပါးက စောဒီဒူးကို ကြည့်ကာ ချိုသာသော အသံဖြင့် ခေါ်လိုက်၏။

"ကျုပ်က အကြီးဆုံး ဒေဝနန္ဒ။ သူက အောက်က ဒေဝသူရတဲ့ ညီတော်။ ညီတော်ကတော့ အငယ်ဆုံး ဒေဝရူပပဲ။ ညီတော် မေ့နေပြီလား"

မင်းသားကြီးနှစ်ပါးအနက် တစ်ပါးက ထိုကဲ့သို့ ပြောဆိုရာ စောဒီဒူးရင်ထဲတွင် ဘာကြောင့်မှန်းမသိ လှုပ်ရှားသွားမိ၏။ မင်းသားကြီးက စောဒီဒူးကို စူးစူးစိုက်စိုက် ကြည့်ကာ ဆက်ပြီးပြောသည်။

"တစ်ချိန်က ဒေဝနန္ဒ၊ ဒေဝသူရ၊ ဒေဝရူပဆိုတဲ့ ညီအစ်ကိုသုံးယောက် ရှိခဲ့တယ်။ အဲဒီ ညီအစ်ကိုသုံးယောက်ဟာ"

စောဒီဒူးမှာ အိပ်မက်မှ ဖျတ်ခနဲ လန့်နိုးသွား၏။ ထိုအိပ်မက်မျိုးကို မကြာမကြာ မက်တတ်၏။ သို့သော် ထိုနေရာ အရောက်တွင် ဖျတ်ခနဲ လန့်နိုးကာ အိပ်မက်မှာ ပျက်သွားတတ်၏။ ထို့အတွက် စောဒီဒူး စိတ်ထဲတွင် စဉ်းစားစရာ ကသိကအောင် ဖြစ်နေမိသည်။

တစ်နေ့တွင် စောဒီဒူး တောထဲသို့ ထင်းခုတ်သွားရင်း ဂူကြီးတစ်ခု ဆီသို့ ရောက်ရှိသွားသည်။ ထိုဂူကြီးမှာ ဝါးထိုးဂူကြီးပင် ဖြစ်သည်။ သူသည် ထင်းခုတ်ရင်း ထိုဝါးထိုးဂူကြီးဘက်သို့ မကြာခဏ ရောက်တတ်သည်။ ဂူကြီးကို သတိမထားမိ။ ဂရုတစိုက် မကြည့်မိ။ သည်နေ့တော့ ထူးထူးခြားခြား ဂူကြီးကို စူးစမ်းလေ့လာချင်စိတ်တွေ ပေါ်လာသည်။ သူအိပ်မက်ထဲတွင်လည်း ဂူကြီးတစ်ဂူနှင့် မင်းသားကြီးနှစ်ပါး အကြောင်းကို မကြာမကြာ မက်တတ်လေရာ ထိုဂူကြီးမှာ အိပ်မက်ထဲမှ ဂူကြီးများ ဖြစ်နေမလားဟု စဉ်းစားမိကာ စိတ်ဝင်စားမိခြင်း ဖြစ်သည်။

ဝါးထိုးဂူကြီး နေရာမှာ သွားရလာရ ခက်ခဲသဖြင့် သူဝင်ရောက်မကြည့်ခဲ့ခြင်းဖြစ်၏။ ဝါးထိုးဂူကြီးသည် တောင်ခြေမှ ပေသုံးဆယ်ကျော်ခန့် အမြင့်တွင် တည်ရှိနေပြီး အဝင်ပေါက်မှာ သုံးပေါက်ဖြစ်နေကြောင်း တွေ့ရသည်။ ဂူဝတွင် ကျောက်ဖျာချပ်ကြီးများ ပိတ်ဆို့နေသောကြောင့် ဂူဝကို အလွယ်တကူ တွေ့နိုင်ရန် ခက်ခဲရုံလုပ်၏



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသည်မှာ ဂူအတက် အဆင်းနေရာများတွင် ကျောက်တုံးများကို သပ်ရပ်စွာ စီထပ်ထားပေရာ သဘာဝအလျောက် ဖြစ်ပေါ်နေခြင်း မဟုတ်ဘဲ ဟိုးရှေးယခင်ကတည်းက အသေအချာ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားလှ၏။

စောဒီဒူးမှာ အံ့သြနေမိ၏။ သူသည် ဂူကြီးအတွင်းသို့ ချောင်း၍ ကြည့်လိုက်ရာ ဂူအတွင်း၌ အလင်းရောင် မှုန်ပျပျကို မြင်ရသည်။ သူ့အိပ်မက်ထဲမှ မင်းသားကြီးနှစ်ပါးသည် ထို ဂူကြီး အတွင်း၌ပင် ဘုရားကို ဝတ်ပြုရှိခိုးနေခြင်းပေလော။ ဂူကြီးအတွင်း၌ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ပေ။ သူသည် ဂူဝ၌ ရပ်နေရင်းမှ ဂူတစ်ဖက်သို့ လှမ်းဝင်ကြည့်လိုက်မိလေရာ ဂမုန်းပင်ကဲ့သို့သော အပင်အချို့ကို တွေ့လိုက်ရ၏။ ထိုအပင်မှာ ဂူ၏ တစ်ဖက်မြေပြင်တွင် ကျောက်ချပ်များကြား ပေါက်ရောက်နေခြင်း ဖြစ်၏။ သူသည် မြင်လိုက်ရသော ဂမုန်းပင်ကဲ့သို့သော အပင်များကို ရုတ်တရက် စိတ်ဝင်စားသွားမိ၏။ ထို့ကြောင့် အသေအချာ သွားရောက်ကြည့်ရှုမိလေရာ ဂမုန်းပင်များ ဖြစ်နေသည်ကို သိရှိလိုက်ရ၏။ သို့သော် မည်သည့် ဂမုန်းပင်မျိုး ဖြစ်ကြောင်းကိုကား စောဒီဒူး မသိပေ။

ထို့နောက် စောဒီဒူးသည် ဂူကြီးအတွင်းသို့ ဂူပေါက်တစ်ပေါက်မှ နေ၍ ဝင်ခဲ့သည်။ ဂူမအတွင်း၌ အတော်အတန် ကျယ်ဝန်းလှသည်ကို တွေ့ရသည်။ အချို့ နေရာများတွင် ဂူကြမ်းပြင်မှ ဂူအမိုးအထိ အမြင့်မှာ ပေငါးဆယ်နီးပါးခန့်အထိ မြင့်ပြီး အကျယ်အဝန်းမှာလည်း ပေငါးဆယ်နီးပါးခန့် ကျယ်ဝန်းလှပေသည်။ စောဒီဒူးသည် ဂူတစ်ဝိုက် တစ်နေရာတွင် လှိုဏ်ဂူငယ်တစ်ခုကို တွေ့ရသည်။ ထိုလှိုဏ်ဂူငယ် အတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ ဂူအဆုံးတွင် တစ်ချိန်က ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ စံမြန်းခဲ့ဖူးသည့် အနေအထားကို မြင်ရတော့သည်။

ဤနေရာသည် သူ၏ အိပ်မက် ထဲမှာ ရှေရောင်ဝင်းပနေသော ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူခဲ့ သော နေရာပင်ဖြစ်သည်။ အိပ်မက်ထဲ မှ မင်းသားကြီးနှစ်ပါးတို့သည် ဤနေရာ တွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရှိခိုး ခဲ့ကြလေသလော။ ယခု သူ ဤနေရာ ၌ ဘာကိုမျှ မတွေ့ရ။ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးကိုလည်း မဖူးရ။ မင်းသားကြီး နှစ်ပါးကိုလည်း မတွေ့ရပေ။ ထို့နောက် စောဒီဒူးသည် ဂူအတွင်းသို့ တဖြည်း ဖြည်း ဝင်လာခဲ့လေရာ ဂူကြီး၏ အရှေ့ ဘက်အပေါက်သို့ ရောက်ရှိသွားလေ သည်။ ဂူကြီး၏ အရှေ့ဘက်မှာ စော စောက သူဝင်ခဲ့ရာ ဂူအနောက်ဘက်ထက် ပို၍ ကျယ်၏။ ဂူအမိုးမြင့်မှာလည်း ပို၍ မြင့်၏။ သူသည် အရှေ့ဘက် ဂူဝသို့ မရောက်ခင် တစ်နေရာရှိ ဂူအမိုးမှ ကျနေသော ကျောက်ဆက်ပန်းဆွဲကြိုး များကို ငေးကြည့်လိုက်မိသည်။ ထို ကျောက်ဆက်ပန်းဆွဲကြိုးများမှာ လှပ လွန်းလှ၏။ ထိုသို့ ကြည့်နေရင်း သူ



www.burmeseclassic.com

www.burmeseclassic.com

နာခေါင်းထဲတွင် မွှေးပြန့်သော ရနံ့တချို့ကို ရှုရှိုက်မိသည်။ ထို့နောက် သူမျက်လုံးများမှာ မှေးစင်းလာ၏။ အိပ်ချင်သလို ဖြစ်လာသဖြင့် ဂူကြမ်းပြင်ပေါ်သို့ လဲချလိုက်မိလေတော့သည်။

"ညီတော်... ညီတော် လာလာ နောင်တော်တို့ ရောက်လာပြီလေ"

တစ်စုံတစ်ယောက်က သူ့ပခုံးကို လှုပ်နှိုးလိုက်လေရာ စောဒီဒူး ဖြည်းညင်းစွာ ထထိုင်လိုက်မိ၏။ သူ့ရှေ့တွင် ရောက်နေသည်ကား ရှေးခေတ် မင်းညီမင်းသားကြီးများ ဝတ်စုံကို ဝတ်ဆင်ထားသော အိပ်မက်ထဲမှ မင်းသားကြီးနှစ်ပါး သူ့ကို ပြုံးယောင်သမ်းနေသော မျက်လုံးများဖြင့် ကြည့်နေကြသည်။ သူစိတ်ထဲတွင် မြင်နေရသော ဥပတိရုပ် ခန့်ခန့်ညားညားနှင့် မင်းသားကြီးနှစ်ပါးကို သူ၏ ဆွေမျိုးသားချင်းများကဲ့သို့ ခင်မင်နေမိသည်။ မင်းသားကြီးနှစ်ပါးအနက် နောင်တော်ကြီး ဒေဝနန္ဒက...

"နောင်တော်တို့ နေရာပြောင်းရွှေ့နေကြရတော့မှာမို့ ညီတော်ကို လိုက်ခဲ့ဖို့ ခေါ်လိုက်ရစမာပေါ့။ ခုတော့ ညီတော် လိုက်ဖို့ မလိုတော့ပါဘူး။ ညီတော်က နောက်မှ လိုက်ခဲ့ပေါ့။ နောင်တော်တို့ကတော့ သွားရတော့မယ်။ ကဲ... ညီတော် ဘုရားဝတ်ပြု ရှိခိုးသွားပါဦး" ဟု ပြောဆိုကာ စောဒီဒူးအား ဂူအတွင်းရှိ စောစောက လိုဏ်ဂူဆီသို့ ခေါ်ဆောင်သွားသည်။ လိုဏ်ဂူ၏ အတွင်း၌ သူ၏ အိပ်မက်ထဲကအတိုင်း ကျောက်ပလ္လင်ထက်၌ စံပယ်တော်မူနေသော ရွှေရောင်ဝင်းလက်နေသည့် ဗုဒ္ဓရုပ်ပွားတော်၊ အမွှေးတိုင်များ၊ ရွှေပန်းကန်၊ ငွေပန်းကန်များဖြင့် ကပ်လှူပူဇော်ထားသည့် သစ်သီးများ စောစောကပင် ထိုလိုဏ်ဂူအတွင်းကို စောဒီဒူး ရောက်ရှိခဲ့သည်။ ထိုလိုဏ်ဂူအတွင်းတွင် မည်သည့်အရာမျှ မရှိ။ ယခုမှာမူ စောဒီဒူး မယုံကြည်နိုင်သလို အံ့သြနေမိသည်။

"ကဲ...ကဲ ညီတော်။ ဘုရားဝတ်ပြုလိုက်ပါဦး။ ညီတော့်အတွက် ကပ်လှူပူဇော်ပေးထားပါတယ်"

မင်းသားကြီးတစ်ပါးက သူ့အား တိုက်တွန်းနှိုးဆော်လိုက်ရာ စောဒီဒူးလည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဦးချကန်တော့မိလေတော့၏။ ထိုသို့ ဦးချကန်တော့နေရာမှ ရှေ့သို့ ငိုက်ခနဲ ဖြစ်သွားမှ ဖျတ်ခနဲ နိုးလာလေရာ စောဒီဒူးသည် သူကိုယ်သူ စောစောက လိုဏ်ဂူဝယ်ထဲတွင် ရောက်ရှိနေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရလေ၏။ သို့သော် ထိုဂူထဲတွင် ဗုဒ္ဓရုပ်ပွားတော်၊ မင်းသားကြီးနှစ်ပါး ရှိမနေပါချေ။ သူစိတ်ထဲတွင် စောစောက ဖြစ်ရပ်ကို တကယ် လိုလိုလား၊ အိပ်မက်လိုလိုလား ဆိုသည်ကို ခွဲခြား၍ မရခဲ့ပေ။

"အဲဒါပါပဲ ဆရာရယ်။ ကျွန်တော်ရဲ့ ထူးဆန်းတဲ့ အိပ်မက်ကို ထူးဆန်းတဲ့ အတွေ့အကြုံကို တချို့မယုံကြဘူး။ တချို့ကတော့ အဲဒီဂူကြီးဝမှာ ကျွန်တော်တွေ့ခဲ့တဲ့ ဂမုန်တေဗော



www.burmeseclassic.com

www.burmeseclassic.com

မင်းသားကြီးဂမုန်းပင်တွေလို ပြောကြတယ်။ အဲဒီ မင်းသားကြီးဂမုန်းပင်ရဲ့ လှည့်စားမှုကို ကျွန်တော် ခံလိုက်ရတာ ဖြစ်လိမ့်မယ်လို့ ထင်ကြေးပေးကြတယ်။ ရှင်သူငယ်ဆိုတဲ့ ဂမုန်းတစ်မျိုးဟာ တစ်ခါတစ်ရံမှာ ကိုရင်လေးတစ်ပါးအသွင် ထင်ယောင်ထင်မှားဖြစ်အောင် လုပ်တတ်ကြသလို သူယောင်ဂမုန်းဆိုတဲ့ ဂမုန်းတစ်မျိုးကလည်း တစ်ခါတစ်ရံမှာ ချောမောလှပတဲ့ မိန်းမပျိုလေးအသွင် ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ပြတတ်တယ်လို့ ပြောကြပါတတ်။ ဒါကြောင့်လည်း ကျွန်တော့်ကို မင်းသားကြီးဂမုန်းက ထင်ယောင်ထင်မှားဖြစ်အောင် လှည့်စားလိုက်တာလို့ ထင်ကြေးပေးကြတယ်"

စောဒီးဒူးက အထက်ပါအတိုင်း ပြောပြရာ ကျွန်တော်က...

"ခင်ဗျားကရော ဘယ်လိုထင်လို့ထဲ"

"ကျွန်တော်ကတော့ မပြောတတ်ပါဘူး ဆရာရယ်။ တချို့နားလည်တဲ့ လူတချို့ကတော့ အဲဒီဂူကြီးဒေသဝန်းကျင်ဟာ တစ်ချိန်က စည်ပင်ဖွံ့ဖြိုးခဲ့တဲ့ နေရာတစ်ခု၊ သထုံဘုရင် မနူဟာမင်းလက်ထက် သထုံမင်းမျိုးမင်းနွယ် တချို့ဟာ အဲဒီဂူကြီးရှိရာဆီကို အခြေအနေအရ ရှောင်တိမ်းရောက်ရှိလာခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီလို ရှောင်တိမ်းရောက်ရှိခဲ့တဲ့ မင်းမျိုးမင်းနွယ်တွေထဲမှာ ကျွန်တော့် အိပ်မက်ထဲက မင်းသားကြီးနှစ်ပါးလည်း ပါလိမ့်မယ်လို့ ပြောပါတယ်"ဟု ဆိုရာ ကျွန်တော်က

"မနူဟာမင်းလက်ထက်က ဆိုတော့ နှစ်ပေါင်းအတော်ကြီး ကြာသွားပြီပေါ့"ဟု ပြောလိုက်ရာ စောဒီဒူးက...

"ဟုတ်မယ်ထင်ပါတယ်။ ကျွန်တော်ကတော့ သိပ်သေသေချာချာ မသိဘူး"ဟု ဆို၏။ ထိုအခါ ကျွန်တော်က...

"ဆရာကြီးတစ်ပါး မိန့်ကြားတော်မူတာတော့ ရှိတယ်။ သထုံဘုရင် အဆက်ဆက်တို့ဟာ သူတို့ရဲ့ အချွေအရံတွေနဲ့တကွ သထုံဝန်းကျင်နဲ့ အဲဒီသထုံအနီးတစ်ဝိုက်က တောတောင်တွေထဲမှာ အခုအထိ မကျွတ်မလွတ်သေးဘဲနဲ့ ရှိသေးသတဲ့။ ခင်ဗျားရဲ့ အိပ်မက်ထဲက မင်းသားကြီးနှစ်ပါးကလည်း အဲဒီအထဲက မကျွတ်မလွတ်သေးတဲ့ မင်းသားကြီးနှစ်ပါးများ ဖြစ်နေမလား မသိဘူး"ဟု ဆိုလိုက်မိရာ စောဒီဒူးက ရုတ်တရက် ကောက်ကာငင်ကာဖြင့်...

"ဒါဆို ရင် ကျွန်တော်က ကျွတ်လွတ်လာတဲ့ အငယ်ဆုံးညီတော် မင်းသား ဖြစ်မှာပေါ့နော်"ဟု ဆိုလိုက်လေတော့သည်။

**ဘုန်းပွင့်သင်း**

www.burmeseclassic.com

www.burmeseclassic.com

သူတစ်ပါးအသက်ကို မသတ်ပါနဲ့

# ဒွန်ဒွစ်စင်တိုက်

သရဖူသန်းအောင် (မော်ကွန်း)



၁၁၂

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

အားထားခိုနားစရာ ရှိသော အရပ်တိုင်းတွင် သတ္တဝါတို့သည် နွေ၊ မိုး၊ ဆောင်း ကာလမရွေး အစဉ်သဖြင့် အမှီတဲကဲပြုကာ နေထိုင်၍ ရှာဖွေစားသောက်ကြလေ့ ရှိပေ၏။

ထို့အတူ ပရလောကသား၊ နာနာဘာဝများ ဖြစ်ကြသော တစ္ဆေ သူရဲကွင်းပိုင်း ရက္ခစိုးဆိုသော သူမျိုးတို့ကလည်း သစ်ပင်၊ ပေပင်ကြီးများတွင် အမှီပြုကာ နေလေ့ရှိကြလေသည်။

သို့ဖို့ကြောင့် ထိန်တောရွာကလေး၏ ရွာစွန်လယ်ကွင်းကြီး အစပ်မှာ ပေါက်ရောက်ကြီးပြင်းနေသော ထိန်ပင်ကြီးအပေါ်မှာလည်း ငှက်အပေါင်းတို့သည် အမြဲမပြတ် ရှိနေလေ၏။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားသည်ဆိုသော စကားနှင့်အညီပင် ငှက်များမှာ မပြတ်ပါ။ ငှက်တွေကတော့ ခွေး ဟော်၊ ဒင်းကျီးနှင့် ကျီးငှက်တို့ ဖြစ်သည်။ သူရာသီနှင့် သူလည်း

**ထို့အတူ ပရလောကသား၊ နာနာဘာဝများ ဖြစ်ကြသော တစ္ဆေ သူရဲ၊ ကွင်းပိုင်၊ ရက္ခစိုးဆိုသော သူမျိုးတို့ကလည်း သစ်ပင်၊ ပေပင်ကြီးများတွင် အမှီပြုကာ နေလေ့ရှိကြလေသည်။**

အသိုက်လုပ်၊ ဥဥသားပေါက်နေကြသလို တခြား ငှက်တွေရော များစွာ ရှိနေကြသေး၏။

ထိုအခါ ငှင်းငှက်တွေကိုရော ထိန်တောရွာသား ကလေးလူကြီးတို့က ထိန်ပင်ကြီးအောက် သွားရောက်ခါ မပစ်ခတ်၊ မသတ်ဖြတ်ကြဘူးလား ဆိုပါလျှင် မည်သူကမှ သွားရောက်၍ သတ်ဖြတ်ပစ်ခတ်ခြင်း မပြုရဲကြပါ။ ပြုလုပ်မိလျှင် ပြုလုပ်သူများကို တစ်နည်းနည်းနှင့် အပစ်ပေး ဒုက္ခပေးသလို ပြန်လည်ပြုလုပ်ကယ်လို့ ဆိုပါသည်။ နောက်ဆုံး အပင်အောက်မှာ အပေါ့သွားမှာတောင်မှ ယားယံခြင်း၊ အဖုအပိန့်ပေါက်ခြင်း ဖြစ်ကြလေသည်။ ထိုစဉ် အမွေးတိုင်၊ ဖယောင်းတိုင်များနှင့် ထိန်ပင်မှာနေသော ကွင်းပိုင်ကြီး ဆိုသူကို ဦးချတောင်းပန်မှ ပျောက်ကင်း သွားကြလေ၏။

ဒါကြောင့် ထိုရွာသားတို့က ထိန်ပင်နှင့် ပတ်သက်လျှင် အဆက်အစပ် မလုပ်ဝံ့ကြသလို အန္တရာယ်ကို



www.burmeseclassic.com

www.burmeseclassic.com

ငှက်အပေါင်းတို့ကတော့ ကွင်းပိုင်ကြီး အားကိုးနှင့် အနေကောင်း၊ အခိုကောင်း၊ အားထားစရာ ကောင်းသော သစ်ပင်ကြီးတစ်ပင် ဖြစ်နေတာ အမှန်ပါ။



အဝေးမှ ရှောင်နေကြရလေသည်။ သို့သော် ငှက်အပေါင်းတို့ကတော့ ကွင်းပိုင်ကြီးအားကိုးနှင့် အနေကောင်း၊ အခိုကောင်း၊ အားထားစရာကောင်းသော သစ်ပင်ကြီးတစ်ပင် ဖြစ်နေတာ အမှန်ပါ။

ဒါပေတဲ့ နောက်တစ်ချက်ကတော့ မသိနားမလည်သူ လူငယ်တွေ အတွက်ကတော့ အန္တရာယ်ကို ဖိတ်ခေါ်နေသော သစ်ပင်ကြီးတစ်ပင် ဖြစ်ခဲ့ရပါသည်။ ဒါကြောင့်လည်း နေ့တစ်နေ့တစ်ညနေစောင်း အချိန်ကလေးတွင် ဆယ်ကျော်သက် ဆယ့်လေးငါးနှစ်သား လူငယ်ကလေးသုံးယောက်တို့သည် ထိုထိန်ပင်ကြီးအောက်ကို ဘယ်အချိန်က သွားပြီး ငှက်ပစ်နေသလဲ လူကြီးတွေ မသိလိုက်ရပါ။ ထိုအခါ သိလိုက်ရ၊ ကြားလိုက်ရတဲ့ အခါမှာတော့...

"အားအားအား ... ဟီးဟီးဟီးဟီး။ အားအား ... ဟီးဟီး။ အားဟီး။ ဟီးဟီးဟီး ရှေ့ဆင့်နောက်ဆင့် အော်ငိုပြေးသွားကြလေသည်။

ပြေးရင်းနှင့်အတူလည်း သူတို့လက်ထဲမှာလည်း ဆုပ်ကိုင်ထားတဲ့ အရာတွေက သရေ့ကိုင်သူက ကိုင်ပြီး ငှက်သေကောင်ကို ကိုင်သူက ကိုင်ထားသေး၏။ ထိုစဉ် ရွာလမ်းမှ လျှောက်လာသူ ဒေါ်ဘုမဆိုသူက တွေ့လိုက်တာမို့ သူကလည်း လူတစ်ယောက်ကို လှမ်းပြောလိုက်တာက...

ဟဲ့ ... ဖိုးပိန်။ ဒီကလေးသုံးယောက် ဘာဖြစ်လို့ အော်ငိုပြေးသွားကြတာလဲ မသိဘူး။ ထွက်ကြည့်စမ်း။ ဘယ်သူ့ကလေးတွေများလဲလို့။

ဒီတော့ ဖိုးပိန်ဆိုသူကလည်း ဒေါ်ဘုမစကားကြောင့် သူ့အိမ်ရှေ့မှ လမ်းပြင်ထွက်လိုက်ကာ ကလေးသုံးယောက်ကို လှမ်းကြည့်လိုက်ပြီး သူနှုတ်ကလည်း...

ဟုတ်တယ် ကျွန်တော်လည်း အော်သွားသံကြားတယ်။ ဟိုရှေ့ဆုံးက ကောင်လေးက အရီးမြသားကလေး တွတ်နိုတွတ်နို။ အဲနောက်ကတော့ အိုးလေကလေးနှစ်ယောက် ပြန်လိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ဟုတ်တယ်ဟုတ်တယ်။ အိုးလေ
ကလေးတွေနဲ့ တွတ်နီ။

အေး ... ဒါဆိုရင် မမြကို
အကြောင်းကြားပေးလိုက်ပါဟယ်။
အိုးလေက လူကြီးတွေလည်း ပြောလိုက်
ပေါ့။ သူတို့ကို တစ်ကောင်ကောင်က
လှန့်လိုက်လို့ လန့်အော်ပြေးသွားတာ
ဖြစ်မှာပါ။

ဒေါ်ဘုမ ပြောစကားကြောင့်
ကိုဖိုးပိန်ကလည်း ဟုတ်ကဲ့ဆိုကာ
ကလေးတွေ အမေ၊ အဖေများကို သွား
ပြောလိုက်လေသည်။ ထိုစဉ် ကလေး
တွေမှာ မရပ်မနား အော်ငိုပြီး ပြေးနေ
ကြတုန်းဖြစ်သည်။ ဒီတော့ လူကြီးများ
က သိတယ်ဆို သူတို့နောက်ကို ပြေးပြီး
လိုက်ဖမ်းကြရလေသည်။ ဖမ်းမိတော့
သူတို့သုံးဦးသား မအော်နိုင်ကြတော့
ဘဲ အမောဆို့သလိုဖြစ်ပြီး မျက်လုံးတွေ
အပြူးအကြောင်သားနှင့် ဖြစ်နေသည်။
ဒီတော့ သူတို့ကိုင်ထားတဲ့ ကျီးငှက်
အသေကလေးတွေနှင့် သရေဂွကိုတော့
ချွင်ချန်စေပါအောင် ဆုပ်ထားကြလေ

**ဒါကွင်းပိုင်ကြီး ဖမ်းစားလိုက်တာ ဖြစ်မယ်။ ကွင်းပိုင်ကြီးကို ခင်ဗျားတို့ သွားပြီး တောင်းပန်ပေတော့ ချက်ချင်းခုပဲ။**

သည်။

ထိုအခါ သားအနည်းကို
အရင်ဆုံးရောက်လာသူ မမြက် သား
ဖြစ်သူ၏ ကြောက်လန့်တကြီးနှင့်
မောဟိုက်နေသော ပုံလေးကို တွေ့လိုက်
ရတော့...

ဟဲ့ ... တွတ်နီတွတ်နီ။
နင်ဘယ်လိုဖြစ်နေတာလဲ ကျွန်မကောင်း
ကြားမကောင်းနဲ့ ဘယ်ကိုသွားကြလို့
ဘာတွေဖြစ်လာကြတာလဲ။ အလိုလေး
လက်ထဲမှာလည်း ငှက်သေနှစ်ကောင်
ကိုင်လို့။ ဒါ ငှက်ပစ်သွားလို့ ဖြစ်လာ
တာပဲ။ (အဖော်မကောင်းတော့ အပေါင်း
ပျက်ပါလား)။ သရေဂွ ကိုင်ပြီး
ငှက်လိုက်ပစ်တဲ့ ကလေးတွေနဲ့ ပေါင်းမိ
တာကို နင်။

ဟုတ်တယ်ဟုတ်တယ်။
ကျွန်မသားတွေလည်း အဲဒီလို ဖြစ်ရ
သလိုပဲ။ အပေါင်းအသင်း မှားမိသလိုပဲ။
(ဒီနေ့) ခါတိုင်း သူတို့ညီအစ်ကို သူတို့
ဘာသာ လေ့အနီးမှာပဲ ဆော့နေကျ
တာ။ လေ့အနီးလာတဲ့ ငှက်ကလေး



www.burmeseclassic.com

www.burmeseclassic.com

တွေကိုပဲ ပစ်နေကြတာလေ။

မမြင်၏အပြီးအမောက် မလွတ်သော စကားကြောင့် နောက်ရောက်လာသူ --ရောင်းတဲ့ အိုးလေ့က မိန်းမကလည်း သူသားတွေဘက်က ပြန်ချေပလိုက်တာ ဖြစ်သည်။ ကိုယ့်သားသမီးကိုယ် အကောင်းတယ်ထင်တဲ့ မိခင်တွေဆိုပါတော့။ ထိုအခါ လူတစ်ဦးက-

တော်ကြစမ်းပါဗျာ။ ကလေးချင်းပဲ တွေ့ရင် ပေါင်းသင်းကြမှာပေါ့။ သူတို့က အပေါင်းအသင်း ဘယ်ရွေးတတ်ဦးမလဲ။ သူသားကြောင့်၊ ငါ့သားကြောင့် မပြောကြစမ်းပါနဲ့။ ကဲ . . . ကိုယ့်သားတွေကို ဆွဲခေါ်ပြီး ပြန်ကြပေတော့။ ကလေးတွေ မောနေတယ်။

လူတစ်ဦးက ကြားဝင်ကာ သူသားကြောင့်၊ ကိုယ့်သားကြောင့်ဟု ပြောဆို အပုတ်ချနေသော မိခင်နှစ်ယောက်ကို ထိုသို့ ဖျန်ဖြေစကားမျိုး ပြောလိုက်တဲ့အတွက် နှစ်ဦးစလုံး ရပ်တော့သွားကြလေသည်။ ထို့အတူ ကလေးတွေကို မိခင်ဖြစ်သူများက

**ဒီကောင်တွေ ငါမကျေနပ်ဘူး။ မှတ်လောက်အောင် အပြစ်ပေးရမယ်။ မင်းတို့ကို ငါ ခွန်စင်တိုက်မယ်ဟေ့ ခွန်နှစ်စင် တိုက်ပစ်မယ် မှတ်ထား။။**



ချုပ်ကိုင်ထားတဲ့ လူတွေထဲမှ ပြန်လည်ဆွဲခေါ်တယ်ဆို အစက မျက်လုံးအကြောင်သားတွေနှင့် မငိုမရယ်ဖြစ်ကာ နေသေးပေမယ့် မိဘတွေလက်ထဲလည်း ရောက် ရုံးပြေးကြဖို့ ကြိုးစားရင်းနှင့် အတူ . . .

ဟီးဟီးဟီးဟီး . . . ဟီးဟီး။

ဟီးဟီးဟီး . . . ဟီးဟီး။

ယင်းသို့တပြိုး တစ်ပြိုင်တည်း ငိုကြပြန်သည်။ ထိုအခါ ရွာတွင်းရှိ လူတွေကပါ စုရုံးရောက်လာကြပြီး ကလေးသုံးယောက်၏ ဖြစ်ပုံကို ဝိုင်းကြည့်နေကြလေသည်။ ဒီတော့ ဖိုးပိန်က သူ၏ ထင်မြင်ချက်ကို ပြောလေသည်။

ဒီကောင်တွေ ဆိန်ပင်က ကျီးငှက်ပေါက်တွေကို သွားပြီး ပစ်သတ်ယူလာလို့။ ဒါကွင်းပိုင်ကြီး ဖမ်းစားလိုက်တာဖြစ်မယ်။ ကွင်းပိုင်ကြီးကို ခင်ဗျားတို့ သွားပြီး တောင်းပန်ပေတော့ ချက်ချင်းခုပဲ။

အေး . . . ဟုတ်တယ်ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူတို့လက်ထဲမှာလည်း ကိုးငှက်သေတွေ ကိုင်ထားတယ်လေ။ အဲဒါ တရားခံပဲ မဟုတ်လား။ ဒါ ကွင်းပိုင်ကြီး လက်ချက် နေမှာပါ။ ခင်ဗျားတို့ အမွေးတိုင်၊ ဖယောင်းတိုင်တွေ ထွန်းညှိပြီး ထိန်ပင်ရင်းမှာ သွားပြီး တောင်းပန်ကြ။ မမြက ဦးဆောင်သွားပေတော့။ အိုးလေက အစ်မကြီးလည်းလိုက်နော်။ အတူတူ တောင်းပန်ပေါ့။

ကိုဖိုးပိန်စကားကို လူတစ်ဦးကပါ ထိုသို့ ထပ်ပြောလိုက်ခြင်းဖြစ်၏။ ဒီတော့ အိုးလေက မိန်းမကြီးကလည်း သားတွေအတွက် အငိုအရယ် တိတ်စေရန်ပင် ပျာပျာသလဲနှင့်။

ဒါဆို ကျွန်မတို့ လေထဲမှာ အဆင်သင့် အမွေးတိုင်၊ ဖယောင်းတိုင်တွေရှိပါတယ်တော်။ ကျွန်မ ဆင်းယူခိုင်းလိုက်ပါမယ်။ ကဲကဲ ကိုသာချို ရှင်ပဲ ဆင်းယူလိုက်စမ်းပါနော်။ သွားသွား မြန်မြန်သွား။ ကလေးတွေ ကျွန်မ ဆွဲထားပါမယ်။

အနီးမှာ ရောက်နေသော ယောကျ်ားဖြစ်သူကို အိုးလေက မိန်းမဆက်ပြောပြီး သူကတော့ ငိုနေသော ကလေးနှစ်ယောက်၏ လက်များကို ဆွဲထားလေသည်။ ထိုအခါ ယောကျ်ား ဖြစ်သူကလည်း မိန်းမစကား လိုက်နာကာ သူ၏ အိုးလေဆိပ်ကမ်းကို အမြန် သွားပါလေတော့သည်။ သို့သော် ထိုလူ ထွက်သွားလို့ သိပ်မကြာခင်မှာပင်။

ဟေ့ . . . ဒီဖြစ်ရပ်ကို ငါက အမွေးတိုင်၊ ဖယောင်းတိုင်နဲ့ မကျေနပ်နိုင်ဘူး။ ဒါ ထိန်ပင်အောက်မှာ သေးပေါက်ချီးယို လုပ်တဲ့ အပြစ်မဟုတ်ဘူး။ ငါမွေးထားတဲ့ ငှက်ကလေးတွေ ငါမရှိခင် လေးငွေနဲ့ ပစ်ယူလာတဲ့ကိစ္စ ဒီကောင်တွေ ငါမကျေနပ်ဘူး။ မှတ်လောက်အောင် အပြစ်ပေးရမယ်။ မင်းတို့ကို ငါ ခွန်စင်တိုက်မယ်ဟေ့ ခွန်နှစ်စင်တိုက်ပစ်မယ် မှတ်ထား။

မမျော်လင့်စွာ မလှရင်ဆိုသူက သူ၏ ကိုယ်ကြီးယိမ်းယိုင်ယိမ်းယိုင် ဖြစ်လာခြင်းနှင့်အတူ သူ၏ လက်များ လက်သီးလက်မောင်း တန်းကာ ထို စကားကို အသံမာမာဖြင့် ထအော်ပြောလိုက်ခြင်းဖြစ်သည်။ (ခွန်နှစ်စင် တိုက်ပစ်မတဲ့) သူပြောလိုက်တဲ့ ထို စကားကိုလည်း ဘယ်သူကမှ သဘောမပေါက် မသိကြပါပေ။ ထိုအခါ သူကရော ထိုစကားနှင့်ပင် ရပ်တန့်သွားကာ ရှေ့ကို ဆက်မပြောတော့သလို သူ၏ ကိုယ်အမူအရာကပါ ပုံမှန်အတိုင်း ပြန်ဖြစ်သွားလေသည်။ သူကိုယ်သူပင် ဘာဖြစ်လို့ ဖြစ်သွားမှန်း သိလိုက်ဟန် မတူပါပေ။

ဒါပေတဲ့ မလှရင်၏ စကားကြောင့်တော့ မမြနှင့် အိုးလေက မိန်းမတို့မှာ အထိတ်တလန့် ဖြစ်သွားကြလေသည်။ ဒါကြောင့် ကွင်းပိုင်ကြီး ရုတ်တရက် ဝင်ပူးလိုက်သော မလှရင်ကို မမြက မလှရင် ရှေ့မှောက်ကိုသွားကာ တရိတသေနှင့်ပင်။

ပြောပါ ကွင်းပိုင်ကြီးရယ်။ ကျွန်မတို့ ဘာနဲ့ တင်မြောက်ပေးရမလဲ။ ကွင်းပိုင်ကြီး ကျေနပ်နိုင် ဘာနဲ့ တင်မြောက်ပေးပါမယ်။ ကျွန်မတို့ သား



www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေကိုတော့ အသက်ချမ်းသာခွင့်ပေးပါ။ ခွန်နှစ်စင်တော့ မတိုက်လိုက်ပါနဲ့နော်။ အမိုက်အမဲကလေးတွေ ခွင့်လွှတ်ပါ အရှင်ကြီးရယ်။ ခွင့်လွှတ်ပါ။

ဟုတ်ပါတယ် ကွင်းပိုင်ကြီးရယ်။ ကျွန်မတို့ အမွေးတိုင်၊ ဖယောင်းတိုင်တဲ့ ထိုက်တန်မဲ့ အရာမျိုးနဲ့ တင်မြှောက်ပသပေးပါမယ်။ တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်တော်မူပါရှင်။ မသိနားမလည်ကြလို့ ခုလို ပြုလုပ်မိတာပါ။

မမြန်းတူ အိုးလေ့က မိန်းမကလည်း ထပ်မံကာ မလှရင် ရှေ့မှောက်တွင် အသနားခံလိုက်ခြင်း ဖြစ်ပြန်သည်။ ဒါပေတဲ့ သူတို့တွေကသာ မကျေနပ်လျှင် ကျေနပ်သော အရာများနှင့် အစားထိုးကာ တင်မြှောက်ပါမည်ဆိုသော်လည်း မလှရင်ကတော့ သူ့ရှေ့မှာ သူ့ကို တောင်းပန်နေသူ နှစ်ဦးကို ဘုမသိဘမသိနှင့်ပင် ကြောင်ကြောင်ကြီး ကြည့်နေလေသည်။ ထို့အတူ သူပြောလိုက်တဲ့ စကားတစ်ချက်ကလည်း ခပ်ပြတ်ပြတ်ပင်။

ကျွန်မကို တောင်းပန်ရအောင် ကျွန်မက ကွင်းပိုင်ကြီးလည်း မဟုတ်ဘူး။ ကွင်းပိုင်ကြီး မိန်းမလည်း မဟုတ်ဘူး။ ရှင်တို့ တောင်းပန်ချင်ရင် ကွင်းပိုင်ကြီးရှိတဲ့နေရာ ထိန်ပင်ကြီးမှာ သွားတောင်းပန်ကြပေါ့ရှင်။

ထိုသို့ ရုပ်တည်ကြီးနှင့် မလှရင်က ပြောလိုက်တဲ့အတွက် မမြနှင့် အိုးလေ့က မိန်းမတို့မှာ (ဟင်)ခနဲ ဖြစ်သွားကြသလို ရုက်ကိုးရုက်ကန်းကြီးပါ ဖြစ်သွားကြ၏။ ထိုအခါ ဝိုင်းကြည့်နေသူများကလည်း ငိုအားတဲ့ ရယ်အားသန်ဖြစ်ကာ ပြုံးမိကြ၊ ရယ်မိကြသေး၏။ ထိုစဉ် ကလေးတွေမှာလည်း အစကအဇိတိတ်နေကြပေမယ့် နောက် သိပ်မကြာခင်မှာ ထပ်မံပြီး တစ်မျိုးတစ်ဖုံ အော်ကြပြန်လေသည်။

"ဝါးဝါးဝါး . . . ဟားဟား . . ဝါးဟားဟား . . . ဝါးအားအား . . . ဝါး ဟားဟားဟား။

ထိုသို့တွေပင် သံပြိုင်၊ သံတူဝါးတာတွေရော၊ ဟားတာတွေရော အားတာတွေပါ စုံစွာစုံစွာ အော်နေကြပြန်သည်။ နောက်အော်လို့ မောသလို ရှိတော့ တိတ်သွားကြပြန်၏။ ထိုအခါများမကြာခင် ပြန်လည်၍။

ဟီးဟီးဟီးဟီး . . . ဟီးဟီး ဟီး . . . ဟီးဟီး . . . ဟီးဟီး။

ဆိုကာထပ်မံပြီး ငိုကြပြန်သည်။ ထိုအခါမှာ ကြားဖူးနားဝရှိထားသူ လူကြီးဦးပွကြီး ဆိုသူက ရောက်လာပြီး သူ၏ ထင်မြင်ချက်ကို ပြောပါသည်။

အေး . . . အဲဒါ ခွန်နှစ်စင်တို့ကထားတယ်လို့ ခေါ်တယ်။ တစ်ယောက်လုပ်သလို အကုန်လိုက်လုပ်ကြရတယ်လေ။ တစ်ဦးက ငိုရင် ကျန်တဲ့ သူတွေကပါငို။ တစ်ဦးက ရယ်ရင်လည်း ကျန်တဲ့ သူတွေကလည်း ရယ်ကြပြန်ရော။ အေး တိတ်ပြန်တော့လည်း အတူတူပဲပေါ့။ အေး ဒီနေ့တော့ အချိန်မရှိတော့ဘူး။ မနက်ဖြန်ကျမှ



www.burmeseclassic.com

www.burmeseclassic.com

ကွင်းပိုင်ကြီးကို သူနေတဲ့ ထိန်ပင်ရင်း တစ်နည်းနည်းနဲ့ တင်မြောက်ပြီး သွားတောင်းပန်ကြပေတော့။

ထိုသို့ ဦးပွကြီးဆိုသူက ပြောလိုက်တဲ့အတွက် အားလုံးက လက်ခံလိုက်ကြသလို ကလေးသုံးယောက်၏ ဖြစ်ပျက်နေမှုများကိုလည်း လူတွေအားလုံး သိလိုက်ကြတော့၏။ ဒီတော့ ဖိုးပိန်ကလည်း . . .

အေး . . . ဟုတ်မယ်ဟုတ်မယ်။ ဒါကြောင့် မလှရင် ကိုကွင်းပိုင်ကြီး အမှတ်မထင် ဝင်ပူးပြောတုန်းကလည်း ဒီကောင်တွေ ခွန်နစ်တိုက်စစ်မယ်လို့ ပြောသွားတာပဲလေ။

ဒီတော့ မိခင်တစ်ဦးဖြစ်သူ မြကလည်း ဝမ်းသာသလို ဝမ်းမသာသလိုဖြင့်ပင် . . .

အင်း . . . ဒါဖြင့် အသေအချာတော့ မဟုတ်လို့ တော်သေးပါရဲ့နော်။ ကောင်းပါသေးရဲ့။

အေး . . . တော်တယ်မပြော ကလေးတွေကို ဘယ်အထိ ဒုက္ခပေးထားမလဲ မသိသေးဘူး။ သူတို့က နာနာဘာဝတွေ အဲဒါလည်း ထည့်တွက်ထားဦး။

ထိုစကားကိုတော့ ဒေါ်ဘုမက နောက်ဆုံးပြောလိုက်ခြင်း ဖြစ်ပါသည်။ ဟုတ်ပါသည်။ ထည့်တွက်ရတော့မှာပါ။ ဒါကြောင့်လည်း ကလေးသုံးယောက်တို့သည် ထိုနေ့မှစကာ လူကောင်းစိတ်ကင်းကွာသလိုဖြစ်ကာ ငိုလိုက်၊ ရယ်လိုက်၊ ပြေးလိုက်၊ လွှားလိုက်၊ ကျီးငှက်တွေကို အော်လိုက်နှင့် ပြုလုပ်နေရသည့် ရက်များသည် ရက်လွန်ကာလကျော်သွားခဲ့ကြလေသည်။

ထိုအခါ ကွင်းပိုင်ကြီးနေသော ထိန်ပင်ရင်းမှာလည်း မိဘဖြစ်သူများမှာ နည်းမျိုးစုံဖြင့် တင်မြောက်ကာ တောင်းပန်တိုးလျှိုးကြပေမယ့် ကလေးများမှာ မပျောက်ကင်းသေးပါ။ ဒါကြောင့် နောက်တော့ ဆရာတစ်ဦးနှင့် ကုသတော့မှ လူကြမ်း၊ နတ်ကြမ်း မခံနိုင်ဆိုတာလို လူကြမ်းနှင့် ပြန်လည်တိုက်ခိုက်တော့မှ ကွင်းပိုင်ကြီး အလျှော်ပေးလိုက်လေ တော့၏။

ထိုအခါကျမှ ကလေးများ လူကောင်းစိတ် ပကတိအတိုင်း ပြန်လည် ဖြစ်သွားကြလေသည်။ ဒါကတော့ တစ်ခါက ရွာတစ်ရွာမှာ ကလေးသုံးယောက်တို့၏ ငှက်ပစ်မှုနှင့် ပတ်သက်၍ ကွင်းပိုင်နှောင့်ယှက်ခြင်း ခံလိုက်ရတဲ့ ဖြစ်ရပ်ကလေးတစ်ခုပါ။

(ဒါကြောင့် ယနေ့ လူငယ်၊ လူရွယ်များသည်လည်း သူများ အသက်သတ်ပေမယ့် သူတစ်ပါး မွေးမြူတောင်ရွက်ထားသော သဘာဝါများကို အလွယ်တကူရတိုင်း အလွယ်တလင် မသတ်ဖြတ်ကြစေရန် အကြံပြုလိုက်ပါသည်။

**သရဖူသန်းအောင်(မော်ကွန်း)**

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်ဘေးပြေးမလွတ်ပါ

# ပြန်ဖမ်း

လှမြင့်အေး

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဗေဒင်ဆရာ ဟောထားသည့် အတိုင်း ဖြစ်နေပြီပဲလား အတွေးရောက်လိုက်သည်။

လွန်ခဲ့သောလက ထိုဗေဒင်ဆရာဆီသို့ အမှတ်မထင် ရောက်သွားခဲ့သည်။ မိတ်ဆွေက အဖော်ခေါ်သွား၍ ဖြစ်သည်။

သို့နှင့်...

အစန်းကွားသည် ဗေဒင်မေး ဖြစ်ခဲ့ခြင်းပင်။

"သတိထားရမှာ တွေ့နေရတယ်။ မိမိအရင်းအချာ တစ်ယောက်နဲ့ ထောက်လို့ အမှုအခင်း ဖြစ်တဲ့အထိ စိတ်ပျက်စရာမျိုးနဲ့ ကြုံတွေ့ဖို့အချက်ပဲ။ ဗေဒင်ဆရာက ယင်းသို့ ဟောလိုက်သည်။ သူပညာကို ယုံကြည်သည်သော သူအပြော၊ အဟောမှာ အိုလိုက်ရသည်။

ဗေဒင်ဆရာက ထို သို့ ကြုံတွေ့စရာ အချိန်ကာလကိုပင် ပြောလိုက်သည်။ သူဟောပြီး တစ်လအတွင်း ကြုံတွေ့လိမ့်မည်ဟု ပြောလိုက်ခြင်းပင်။

လုပ်သင့်၊ လုပ်ထိုက်သော ယတြာတွေ လုပ်ပေးထား၍ စိုးရိမ်စိတ် ပြေပျောက်ရုံပဲ ရှိသေးသည်။

အခု...

ပြဿနာတစ်ခု ရုတ်တရက် ပေါ်ပေါက်၍လာသည်။

အစန်းကွား၏ဇနီး မစန်းတင် အိမ်ပြန်မရောက်လာသည့် ပြဿနာပါပေ။

"ဟဲ့ ... မိတူး။ မနက်က နင့်အစ်မ နင့်ကို ဘာပြောသွားလဲ"

အစန်းကွားက အိမ်ဖော် ကောင်မလေး မိတူးကို မေးလိုက်သည်။

"ကျွန်မကို မပြောဘူး။ အမေ့ကို ပြောသွားတာ"

မိတူးက အထိတ်တလန့် ဖြေသည်။

"နင့်အမေ ခေါ်စမ်း"

"အဒေါ် ဒီမှာပါ"

မိတူးအမေ ဒေါ်စိန်အနီး ရောက်နေသည်ကို အစန်းကွား သတိမထားလိုက်မိ။ စိတ်မှာ အလွန်လှုပ်ရှား နေပြီ။

"မနက်က မစန်းတင် ဒေါ်စိန်ကို ဘာမှာသွားလဲ"

အစန်းကွားသည် ပြည်ကြီးပေါက် တရုတ်တစ်ယောက် ဆိုပေမယ့် မြန်မာစကားပြော ကျွမ်းနေပါပြီ။

"ပဲခူးက သူ့အမေဆီ သွားမယ်။ နေ့လည် ပြန်လာမယ်။ အစန်းကွား အိမ်ပြန်လာရင် ပြောလိုက်ပါလို့ပဲ မှာသွားပါတယ်"

"အခု ... ညနေစောင်းနေပြီ။ ဘာဖြစ်လို့ မရောက်သေးတာလဲ"

"အဒေါ်လည်း မပြောတတ်ဘူး"

"ကျွန်တော့်ကို ဘာဖြစ်လို့ မပြောတာလဲ"

"ပြောပါတယ်။ အစန်းကွား



www.burmeseclassic.com

www.burmeseclassic.com

ကလပ်ကို ရောက်ရောက်ချင်း အခေါ်ပြောပါတယ်"

"ဩော် . . . ဟုတ်တယ် ဟုတ်တယ်"

အစန်းကွားသည် အသက်လေးဆယ်ကျော် ရှိပါသေးသည်။ မစန်းတင်နှင့်ကျလျှင်ကား သူ အလွန် စိတ်စောနေသည်။

မစန်းတင်လို အသက်နှစ်ဆယ် ကျော် အလှသွေးရည်တက်ဆဲ ဖြူဖြူ ဖွေးဖွေး တစ်သွေးတစ်မွေး လှချင်တိုင်း လှနေသော ဇနီးတစ်ယောက်ကို မျက်စိအောက်က တစ်ဖဝါးမှ မခွာချင်။

သည်နေ့ကျကာမှ ကလပ်က ပြန်လာတုန်းကမတွေ့။ နေ့လည် ရောက်လာတော့လည်း မတွေ့ရသေး။

အစန်းကွားက ဟောင်ကောင် ဟိုတယ်မှာ သွေ့ကြိုမန်နေဂျာ အလုပ်လုပ်သည်။ ထိုဟိုတယ်၌ပင် အလောင်းအစားပွဲများ လုပ်ပေးထားသော ကလပ် ရှိသည်။

ဗြိတိသျှ အစိုးရလက်ထက် ဥပဒေများအရ ဖွင့်လှစ်ထားသော ကလပ်ဖြစ်ပါသည်။ ထိုကလပ်တွင် အစန်းကွား အလုပ်လုပ်ရာ၌ နေ့ဘက် လုပ်ရသည်မဟုတ်။ ညဘက်လုပ်ရခြင်း ဖြစ်သည်။

ယင်းကြောင့် . . .

အစန်းကွားသည် ဇနီးနှင့် ညဘက် အတူမနေနေခဲ့ရသည်။ အဖော် ရှိစေရန် ခေါ်စိန်တို့ သားအမိကို ခေါ်ထားရခြင်း ဖြစ်ပါသည်။

အစန်းကွားသည် ပဲခူးက မစန်းတင်မိဘများ အိမ်သို့ လိုက်လာကာမှ ပိုပြီး အထိတ်တလန့်ဖြစ်၍ သွားပါလေတော့သည်။

အကြောင်းမူကား မစန်းတင်သည် မနက်ကတည်းက ပဲခူးအိမ်သို့ ရောက်မလာသောကြောင့် ဖြစ်သည်။ ရုတ်တရက်မှာကား အစန်းကွားသည် ဘာဆက်လုပ်ရမည်မသိ ဖြစ်၍သွားလေသည်။

×××

(၂)

မိမိတိုက်ခန်းသို့ အစန်းကွား ပြန်ရောက်လာသည်။ ခေါ်စိန်မျက်နှာ မကောင်းသည်ကို မြင်ရသည်မှာ အကြောင်းရှိနိုင်သည် ထင်၏။

"အခေါ် ကျွန်တော့်ကို ဘာ ပြောချင်လို့လဲ"

အစန်းကွားက ခေါ်စိန်ကို မေးလိုက်သည်။ မိတူးသည် အစန်းကွားကို ကြည့်လိုက်၊ သူ့အမေကို ကြည့်လိုက်လုပ်နေသည်။

ခေါ်စိန်က စာခေါက်တစ်ခုကို အစန်းကွားကို အရင်လှမ်းပေးသည်။ ပြီးတော့မှ . . .

"လူတစ်ယောက် အခေါ်ကို လာပေးသွားတာပါ"

ထိုစာကို ခေါ်စိန်ဖတ် ထားပြီး ပါပြီ။

အစန်းကွားသည် မြန်မာစာကို မဖတ်တတ်။ တရုတ်စာကိုတော့ သူဖတ်တတ်ပါသည်။ တရုတ်စာသုံးတန် သင်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းကြောင့်...

အစန်းကွားက စာကို ဖြန့်ကြည့်နေပြီး ဒေါ်စိန်ထံ ပြန်၍ ပေးလိုက်ကာ...

"ကျွန်တော့်ကို ဖတ်ပြပါ" ပြောလိုက်လေသည်။

ဒေါ်စိန်သည် စာခေါက်ကို ဖြန့်သည်။ လေသံအုပ်၍ ဖတ်ပြသည်။

**အစန်းကွားခင်ဗျာ**

**လူကြီးမင်းရဲ့နီး အသက်ဆုံးရှုံးစေချင်ပါလျှင် ငွေငါးသောင်းနှင့် ရွေးပါ။ ပုလိပ်အဖွဲ့ကို အသိပေးပါက လူကြီးမင်းဇနီး မစန်းတင်ကို သတ်ပစ်ပါမည်။ သဘောတူလက်ခံလျှင် ပြတင်းပေါက်မှာ မျက်နှာသုတ်ပဝါတစ်ထည် ဆွတ်လုပ်းထားပါ။**

**ကျွပ်တို့ အချိန်းအချက် ချပ်သွားမည်။**

**ပြန်ပေးအဖွဲ့**

ဒေါ်စိန် စာဖတ်ပြီးလျှင် အစန်းကွားမှာ မျက်နှာကြုံးတစ်ခုလုံး ရှုံ့မဲ့၍ သွားလေတော့သည်။

အတန်ကြာ စကားမပြောနိုင်ဘဲ ငြိမ်၍နေသည်။ ဒေါ်စိန်တို့ သား အမိသည်လည်း အိမ်ရှေ့မှ အိမ်နောက် မချမ်းသာသည့်အတိုင်း လွန်စွာ စိတ် မကောင်းဖြစ်၍နေ၏။

ယင်းနောက်...

အစန်းကွားသည် ပြန်လည် လှုပ်ရှား၍ လာကာ အရင်ဆုံး ဒေါ်စိန်၏ လက်ထဲက ပြန်ပေးအဖွဲ့၏ အကြောင်းကြားစာကို ပြန်ယူလိုက်သည်။

ပြီးလျှင်...

"အဒေါ် ဒီအကြောင်း ဘယ်သူ့ကို ပြောမိသေးလဲ"

ဒေါ်စိန်က ခေါင်းကို အမြန်ဆုံး ခါရမ်း၍ ပြလိုက်သည်။

ပါးစပ်ကလည်း...

"မပြောဘူး ဘယ်သူ့ကိုမှ မပြောဘူး"

ပြောလိုက်လေသည်။

တစ်ဆက်တည်းပဲ...

"ပုလိပ်အဖွဲ့ မတိုင်ဘူးလား"

မေးလိုက်သည်။

"မစန်းတင်ကို သူတို့ သတ်ပစ်လိုက်မှာပေါ့"

အစန်းကွားက ဖြေလိုက်၏။

"ဒါဆို သူတို့တောင်းတဲ့ ငွေငါးသောင်း ပေးရမှာပေါ့။ အမယ်လေး နည်းတဲ့ငွေလား"

"မတတ်နိုင်ဘူး အဒေါ်။ ငွေက ပြန်ရှာလို့ရပါတယ်။ မစန်းတင် အသက် ချမ်းသာဖို့ အရေးကြီးပါတယ်"

"ဒါလည်း ဟုတ်ပါတယ်လေ။ လူဆို။ လူမိုက်တွေဆိုတာ ပြောလို့ရတာမှ မဟုတ်တာ။ အဲဒီတော့ အစန်းကွား ဘာလုပ်မလဲ။ အဒေါ်တို့က ဘာကူညီရမလဲ"

"နေပါအဒေါ်။ ငြိမ်ငြိမ်လေး သာနေပါ။ အခြေအနေအရ ကျွန်တော် လုပ်သွားပါ့မယ်။ အဒေါ်တို့သားအမိ အထူးသတိထားရမှာက ဒီအကြောင်း မစန်းတင်အိမ်ကို မရောက်သေးခင် ဘယ်သူ့ကိုမှ အသိမပေးဖို့ပါပဲ"

"စိတ်ချ ... စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com

ယင်းနောက်...

အစန်းကွားသည် မီးခံသေတ္တာထဲကို ဖွင့်သည်။ ဗြိတိသျှသုံးငွေစက္ကူငါးသောင်းကို အထုပ်လိုက် ထုတ်ယူသည်။

မီးခံသေတ္တာတံခါးကို ပြန်ပိတ်လိုက်ပြီး ငွေထုပ်များကို လက်ဆွဲသားရေအိတ်တစ်လုံးမှာ အသေအချာထည့်သည်။

ပြီးလျှင်...

တန်းပေါ်တင်၍ ထားသောမျက်နှာသုတ်ပဝါကြီးကို ယူ၍ ပြတင်းပေါက်မှာ ထုတ်လှမ်းလိုက်လေသည်။

အစန်းကွားသည် လုပ်သင့်တာတွေ လုပ်နေသည့်အခိုက် ရင်မှ ခုန်နေသည်။ လက်တွေက တုန်၍နေသည်။

×××

"ဒေါက်... ဒေါက်... ဒေါက်"

အခန်းတံခါးကို တစ်စုံတစ်ယောက် ခေါက်လိုက်သည်နှင့် အစန်းကွားရင်မှာ ဒိန်းခနဲ ခံစားလိုက်ရ သည်။ တစ်ခေါင်းလုံးလည်း ပူထူသွား၏။ လက်တွေမှာ တစ်ဆတ် ဆတ်သည်အခန်းတံခါးကို အမြဲဖွင့်ပိတ်နေက၊ ဘယ်လို စိတ်လှုပ်ရှားမှုမျိုးမှ မရှိခဲ့။

အခုကျကွာမှ...

အခန်းတံခါးချက်ကို ဖွင့်ရာ၌ အလွန်ပင် အခက်အခဲနှင့် ကြုံနေသည်။ လက်တွေက ကပ်နေပြီလားမသိ။

သို့သော်လည်း...

အခန်းတံခါးကို မဖွင့်၍မရ ဖွင့်ရတော့မည်။

အခန်းတံခါး မဖွင့်မိ အခြေအနေတစ်မျိုး ပြောင်းလဲ၍သွားသည်။ ထိုအခန်းတံခါးနောက်မှ စာခေါက်တင်ရောက်လာသည်။

အပြင်မှာရှိနေသော တစ်စုံတစ်ယောက်က ထိုစာခေါက်ကို ထိုးသွင်းခြင်းပင်။

အစန်းကွားက စာကို ဆွဲ

**သည်အစီအစဉ်ကို ဒေါ်စိန်သည် ဘဝနှင့် ရင်းလိုက်ရခြင်းဖြစ်သည်။ အကယ်၍ မျက်လင့်သလို ဖြစ်မလာခဲ့လျှင် မိမိ၏ အလုပ်ရှင် လင်မယားရော မိမိတို့သားအမိပါ အရှုံးများနှင့် ရင်ဆိုင်ကြရမည်သာ ဖြစ်သည်။**



www.burmeseclassic.com

www.burmeseclassic.com

တွင် ရပ်နေသော ဒေါ်စိန်ကိုပဲ ပြလိုက်သည်။

ဒေါ်စိန်က စာခေါက်ကို ကမန်းကတမ်းဖြန့်ပြီး ကြည့်လိုက်သည်။

ဖတ်စရာ စာသိပ်မပါ။

"ဒီမြေပုံအတိုင်း ငွေနှင့် ချက်ချင်းလိုက်ခဲ့ပါ" ဟူသော စာပဲပါသည်။ ထိုစာကို ဒေါ်စိန်က အစန်းကွားကို ဖတ်ပြနေသည်။ နောက် မြေပုံစာညွှန်းစာတွေကို ဆက်ဖတ်ပြလိုက်သည်။

အစန်းကွားက ဒေါ်စိန်ကို "တိုးတိုးဖတ်" ပြောလိုက်သည်။ ဒေါ်စိန်သည် အသံကို တိုးလိုက်သည်။

ပြန်ပေးအဖွဲ့က ပေးသွားသော မြေပုံအရဆိုလျှင် မင်္ဂလာဒုံအလွန် ဆောက်ကြန့်မရောက်မီ ရာဘာတောအတွင်း တစ်နေရာဖြစ်သည်။

ထောက်ကြံ့ဘက်ရှိ ကျေးရွာများသို့ သွားသော လမ်းမှ ညာဘက် ရာဘာတောအတွင်းရှိ အုတ်ခဲပျက်ကြီး တစ်ခုသို့ အရောက်သွားရမည်။

ငွေအိတ်ကို ထိုအုတ်ခဲပျက်ကြီးပေါ်မှာ တင်ထားရန်ပင်ဖြစ်သည်။ အစန်းကွားမှာ အော်စတင်ကားရှိ၍ ထိုငွေကို သွားပို့ရန်နှင့် မစန်းတင်ကို ပြန်ခေါ်ရန် အထူးပြဿနာမရှိတော့။

"ကဲ... ဒေါ်စိန် ကျွန်တော် ဒီမြေပုံကို ကိုင်ပြီး လိုက်သွားမယ်။ အိမ်ထဲမှာပဲ နေပါ။ ပုလိပ်အဖွဲ့ကိုတော့ ယောင်လို့မှ အသိမပေးလိုက်ပါနဲ့နော်"

"စိတ်ချပြီးသာ သွားပါ။ သတိ ဝိရိယနဲ့လည်း သွားပါ"

ယင်းနောက် အစန်းကွားသည် တိုက်ခန်းမှ ထွက်လာသည်။ ကားထားရာ နေရာသို့ ဆက်သွားပြီး ကားကို မောင်းနှင်ထွက်ခွာလာ၏။

ထိုအချိန်တွင် ဒေါ်စိန်၏ အစီအစဉ်အရ မြေပုံကြမ်းတစ်ခုကို ကိုင်ကာ မိတူးသည် လမ်းမတော်ဂတ်တဲသို့ အမြန်ဆုံးသွားရောက် သတင်းပို့လိုက်လေသည်။

ဒေါ်စိန်သည် အစန်းကွားတစ်ယောက်တည်း သွားသည်ကို စိတ်မချလွန်း၍ အလုပ်ရှင်၏ စကားကို ဆန့်ကျင်ပြီး ပုလိပ်အဖွဲ့ကို အချိန်မီ အသိပေးလိုက်ရခြင်းဖြစ်သည်။

သည်အစီအစဉ်ကို ဒေါ်စိန်သည် ဘဝနှင့် ရင်းလိုက်ရခြင်းဖြစ်သည်။ အကယ်၍ မျှော်လင့်သလို ဖြစ်မလာခဲ့လျှင် မိမိ၏အလုပ်ရှင် လင်မယားရော မိမိတို့သားအမိပါ အရှုံးများနှင့် ရင်ဆိုင်ကြရမည်သာ ဖြစ်သည်။

ပုလိပ်အဖွဲ့သည် ထိုပြန်ပေးအဖွဲ့ကို အနုံခံကာ စုံစမ်းနေသည့်အချိန် အခုလို ပြန်ပေးမှုတစ်ခု လောလော လတ်လတ် တက်လာသောကြောင့် ပုလိပ်အဖွဲ့၏ လိုအပ်ချက်တစ်ခုကို ဖြည့်စွက်ပေးလိုက်သလို ဖြစ်၍သွားသည်။

လမ်းမတော် ဂတ်တဲမှ ဌာနအုပ်အင်စပက်တော်သည် ပုလိပ်သားများကို ခေါ်ပြီး အစန်းကွား သွားရာနောက်သို့ လိုက်၍သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အချို့မှာကား မိုတ်တုတ်မိုတ်တုတ်။

အော်စတင်ကား နှစ်စီးသည် မင်္ဂလာဒုံကို ကျော်လာပြီး ရာဘာတောကို ဖြတ်နေသည်။ ရာဘာတောဆုံးအောင် မမောင်းဘဲ တစ်နေရာရှိ ရာဘာတောထဲ ဝင်သွားသည့် လမ်းအတိုင်း ချီးဝင်ကာ ဆက်လက်မောင်း၍ သွားလေသည်။

ရာဘာကောအတွင်း ချီးဝင်လာသော လမ်းမှာ မြေလမ်းဖြစ်သည်။ ချိုင့်တွေ ကမုကထစ်တွေ ရှိသည်။ အော်စတင်ကား နှစ်စီးသည် အဝေးပြေးလမ်းမှာတုန်းကလို မြန်မြန်မမောင်းနိုင်။

ကားကို ညှာ၍ မောင်းနေရသည်။ သည်လို ဖြည်းဖြည်းမောင်းနေပါလျက် တစ်ချက်တစ်ချက် ကားဗိုက်နှင့် ကမုကထစ်တွေ တဒုတ်ဒုတ် တိုက်မိ၍နေသည်။

ကုန်ကားဟန်ဖြင့် မောင်းလာသော ထရပ်ကားကြီးသည် ရာဘာနို့

ရန်ကုန်မြို့ပြင်သို့ ရောက်သည်နှင့် အစန်းကွာ မောင်းသွားသော အော်စတင်ကားနက်တစ်စီး အဝေးပြေးကားလမ်းမပေါ်မှာ မှိုင်နှန်းလေးဆယ်ကျော်လောက်ဖြင့် ပြေးနေသည်။

ထို အော်စတင်ကားနက်တစ်စီး၏နောက် မလှမ်းမကမ်းတွင် အော်စတင်ကားအနက် တစ်စီးက ထပ်ချပ်မကွာ မောင်းနင်လျက်ရှိသည်။

ပုလိပ်အဖွဲ့သည် ထိုအော်စတင် ကားနှစ်စီးနောက် မြင်သာလောက်သော အကွာမှ ကုန်ကားကြီး တစ်စီးဖြင့် လိုက်လာလျက်ရှိသည်။

ညသန်းခေါင်ယံ အချိန်တွင် လူပ်ရှားနေသော ပုံရိပ်များပါပေ။

ကောင်းကင်တွင် လတစ်ခြမ်းသည် တိမ်ညို၊ တိမ်လိုင်းတွေ ကြားမှာ တရိပ်ရိပ် ပြေးနေသလိုလို။

ကြယ်ပြောင်တို့ကား ကောင်းကင်လွင်ပြင်ကြီး တစ်ခုလုံးမှာ ကြဲပက်ထားသော စိန်မှုန်၊ စိန်ခဲတွေလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ဝင်ရောက်ရာ လမ်းခရီးအနီး အဝေးပြေးကားလမ်း တစ်နေရာတွင် ဘေးဘက်ချ၍ ရပ်လိုက်သည်။

ပုလိပ်အဖွဲ့ အင်စပက်တော်နှင့် ပုလိပ်အဖွဲ့သားများသည် ထရပ်ကားပေါ်မှ အလျင်အမြန် ဆင်းလာကြသည်။

ရိုင်ဖယ်များကို ထိုးခိုန်လျက် ရာဘာခြံအတွင်းသို့ ဝင်ခဲ့ကြသည်။ အော်စတင်ကားများကို မမြင်ရသော်လည်း အသံကို ကြားနေရသည်။

ထိုအော်စတင် ကားသံများကို အခြေခံထားပြီး ပုလိပ်တစ်ဖွဲ့လုံး ပြေးလိုက်လာခဲ့ကြသည်။

ရာဘာခြံအတွင်း လမ်းအတိုင်း မလာဘဲ ရာဘာပင်တွေကြား က ဖြတ်၍ ပြေးလာခဲ့သည်။ အော်စတင်ကားနှစ်စီးတို့သည်လည်း မြန်မြန်မောင်းနှင်မရ၍ လူပြေး၍ သွားနေသော အမြန်နှုန်းလောက်ပင် ရှိသည်။

အစန်းကွား မောင်းလာသော အော်စတင်ကားနောက်ကလေးသည် အုတ်ခဲပျက်တစ်ခု ရှေ့သို့ရောက်လျှင် ရပ်လိုက်သည်။

ထိုအချိန်၌...

အစန်းကွားသည် သူ့ကား နောက်က အော်စတင်ကားတစ်စီး ထပ်ချပ်မကွာ လိုက်လာသည်ကို သိနေသည်။

ပြန်ပေးအဖွဲ့က ကားဖြစ်မည် ဆိုတာကို အစန်းကွားသိသည်။ သို့သော်လည်း အရေးမထားဘဲ မိမိအလုပ် မိမိလုပ်ရန်ကိုသာ မှတ်ထားလိုက်သည်။

နောင်ယောင်ခံလိုက်လာသော အော်စတင်ကားသည် အစန်းကွား၏ ကားနောက်ဘက် ခပ်လှမ်းလှမ်း တစ်နေရာတွင် ရပ်လိုက်သည်။

ထိုကားပေါ်မှ တစ်စုံတစ်ယောက်မျှ ထွက်မလာ။ အတန်ကြာ ငြိမ်သက်၍ နေသည်။ အစန်းကွားသည်လည်း ရုတ်တရက် ငြိမ်နေသည်။

ပြီးကာမှ...

သူ့ဘေးတွင် ချထားသော ငွေအိတ်ကို ကောက်ကိုင်လိုက်သည်။ ကားတံခါးကို ဖွင့်လိုက်သည်။ ကားအောက်ကို ဆင်းလိုက်လျှင်ကား အပြင်ဘက်မှ လေအေးတွေက အစန်းကွား တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။

အစန်းကွားက ဖလေဇာကုတ်ကို ဝတ်လာ၍ အဆင်ပြေ၍သွားသည်။ အမှန်တော့ ဤလမှာ စက်တင်ဘာလ ဖြစ်၍ မိုးရွာသည့်နေ့ မိုးရွာသေးပေမယ့် ခုလို ညဘက်ပိုင်းတွင် ဆောင်းအအေးက မသိမသာ ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်သည်။

အစန်းကွားသည် မိမိဇနီး မစန်းတင်ကို တွေ့ချင်၊ မြင်ချင်လှပြီ။ နောက်တွင် ရပ်၍ထားသော အော်စတင်ကားနှင့်အတွင်း မစန်းတင် လိုက်ပါလာ ရပြီလား မသိ။

အုတ်ခဲပျက်ကြီးကို ကြည့်လိုက်သည်။ လရောင်အောက်တွင် အုတ်ခဲပျက်ကြီးသည် ဆင်ကြီးတစ်ကောင် ဝပ်နေသည်သို့ ရှိသည်။ ပတ်ဝန်းကျင်သည် ဘာသံမျှ မကြား ရ၊ တိတ်ဆိတ်ငြိမ်သက်၍ နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အားလုံး ငါးယောက်ရှိသည်။

## ကျပြန်ပေးမှုတွင်ကား မှတ်ကြီး ဖြောင့်ချက်ပေးရာ၌ ထူးခြားဖြစ်စဉ်တစ်ခု ပါလာသည်။



ပြီးနောက်မှာ ထိုဆုံးဖြတ်ချက်အတိုင်း ဆက်လက်လုပ်သွားရမည်သာ ဖြစ်သည်။

အုတ်ခုံပျက်ကြီးပေါ်သို့ တက်လိုက်သည်။ နောက် လက်ထဲက ငွေထုပ်ကို ချထားလိုက်သည်။

တွေ့လိုက်ပြီ။

မစန်းတင်ကို တွေ့လိုက်ပြီ။

"မစန်းတင်"

အစန်းကွားက ခေါ်လိုက်၏။

×××

(၅)

"ဒိုင်း"

အုတ်ခုံပေါ်တက်၍ ငွေအိတ်ကို ကောက်ယူလိုက်သူ ပြန်ပေးအဖွဲ့ နောက်လိုက်တစ်ယောက်၏ ခြေတစ်ဖက်မှာ ဒိုင်းခနဲ မြည်ဟိန်းသံနှင့်အတူ ပြေးဝင်လာသော ကျည်ဆံထိမှန်ကာ တစ်ဖက်သို့ လွင့်ကျသွားလေသည်။

ငွေအိတ်မှာ ထိုကျည်ထိမှန်သွားသော ပြန်ပေးအဖွဲ့ နောက်လိုက်

ညာဘက် အော်မြည်တတ်သော ပိုးမွှားအော်မြည်သံများကား တစ်ချက်တစ်ချက် အော်မြည်လိုက်ချေ။ တစ်ချက်တစ်ချက် တိတ်ဆိတ်၍ သွားချေရှိသည်။

အစန်းကွားသည် ငွေထုပ်ကို ရင်မှာပိုက်လိုက်သည်။

"ဒီအချိန်၊ ဒီနေရာမျိုးမှာ ငါ့ကို ရိုက်သတ်ပြီး ငွေထုပ်ကိုယူသွားရင် ငါဘယ်လို ဖြစ်မလဲ။ ဒီကမ္ဘာလောကကြီးက ထွက်ခွာသွားဖို့ပဲ ရှိတော့တာပေါ့။ ပုလိပ်အဖွဲ့ကို အသိမပေးဘဲ ငါ့စိတ်၊ ငါသဘော လုပ်လိုက်မိတာမှားသွားပြီထင်တယ်"

အစန်းကွား တွေးလိုက်မိသည်။ ရင်ထဲမှာ ပူလောင်၍ လာလေသည်။ အခုမှတော့ ဘာတတ်နိုင်မည်နည်း။

လက်ရှိအခြေအနေမှာ မိမိဘာလုပ်နေသလဲ။ လုပ်နေသော အလုပ်ကိုပဲ ဆက်လက်လုပ်ရပေတော့မည်။

ဆုံးဖြတ်ချက်တစ်ခု ချလိုက်



www.burmeseclassic.com

www.burmeseclassic.com

လက်မှ လွတ်အန်ကျကာ သည်မှာဘက် အစန်းကွားစ၍ တက်သောနေရာသို့ လိမ့်ကျလာ၏။

ထိုအခါ...

အစန်းကွားက မစန်းတင်ကို ရာဘာပင်တွေနောက် ပြေး၍ အကာ အကွယ်ယူလိုက်သည်။

အစန်းကွားနောက် ခပ်လှမ်း လှမ်းမှာ ရပ်ထားသော အော်စတင်ကား ကလေးက စက်နှိုးလာပြီး နောက်ဘက် သို့ ခေါင်းပြန်လှည့်နေသည်။

သို့သော် ပြန်ပေးအဖွဲ့သည် ပြေးချိန်မရတော့။ ထိုအော်စတင်ကား ရှေ့နောက်ဝဲယာမှ ပုလိပ်အဖွဲ့က ရိုင်ဖယ် သေနတ်များ ထိုးချိန်ထားလိုက်ပြီ။ ကားမှာ မောင်းပြေးရန် အခွင့်မသာ။

ရာဘာပင်များနှင့် ကန့်လန့်ခံလျက်ရှိ၏။

ထိုအချိန်တွင်...

ပုလိပ်အဖွဲ့ အင်စပတ်တော်က ခြေထောက်သေနတ် ကျည်ဆံရှပ်၍ မှန်ပြီး လဲကျနေသော လူဆိုးကို ဖမ်းခေါ်လာ၏။

ငွေအိတ်ကိုလည်း ကောက်ယူလိုက်သည်။

×××

(၆)

ဤအမှုကို ကျူးလွန်သူ ပြန်ပေးအဖွဲ့မှာ ပုလိပ်အဖွဲ့ အလိုရှိနေသော မှတ်ကြီးခေါင်းဆောင်သော ပြန်ပေးအဖွဲ့ပင် ဖြစ်သည်။

အားလုံး ငါးယောက်ရှိသည်။

ဤပြန်ပေးမှုတွင်ကား မှတ်ကြီး ဖြောင့်ချက်ပေးရာ၌ ထူးခြား ဖြစ်စဉ်တစ်ခု ပါလာသည်။

"ဒီပြန်ပေးမှုကို ငွေပေးခိုင်းတဲ့ လူ ရှိပါတယ်။ အဲဒီလူက ဒေါ်ကျင်မြိုင် ဖြစ်ပါတယ်။ သူက အစန်းကွားရဲ့ မယားကြီးပါ"

မှတ်ကြီး ဖြောင့်ချက်မှ ထူးခြားဖြစ်စဉ်ပင် ဖြစ်ပါ၏။

ဒေါ်ကျင်မြိုင်ကို ဖမ်းဆီးစစ်ဆေးသောအခါ ဝန်ခံ၏။ သူထုတ်မပြော သော အချက်မှာကား အစန်းကွားသည် အလွန် ကပ်စေးနဲသူ ဖြစ်လေရကား ဤမျှသောငွေနှင့် မစန်းတင်ကို သွားရွေးမည် မဟုတ်။ ထိုအခါ မစန်းတင်ကို ပြန်ပေးအဖွဲ့က ရှင်းပစ်လိုက်မည်ဟူသော အချက်ပင်ဖြစ်ပါ၏။

**လှမြင့်အေး(ဒဂုံ)**

www.burmeseclassic.com

www.burmeseclassic.com



# မောင်နှင်းငွေ

## ပင်တိုင်စံနှင့် မြကျောက်စီရွှေဘီး

၁၃၀

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

ယုန်လေး သူမျက်စိများကို သူ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

မမျော်လင့်သည့် အခြင်းအရာကို တွေ့လိုက်ရသဖြင့် ခေတ္တခဏမျှ ကြောက်သေ, သေသွားမိသည်။ တကယ်ပင် မယုံကြည်နိုင်စရာ။

စောစောက အသက် ၂၀ ခန့် အရွယ်။ နန့ငယ်သော အမျိုးသမီး။ လိပ်ပြာပွင့်ရိုက် အပြာရောင်ပိုးပျော့သင်တိုင်းအင်္ကျီ ဖားဖားကြီးကို ရှေးဆန်ဆန် အထက်တန်းကျကျ ဆင်မြန်းထားသည်။ ရင်အုံအထက်မှာလည်း အဖိုးဆိုက်တန်သော ဘယက်ဒွါယယာကြီး တစ်ကုံး။

စကားပြောတော့လည်း ရေရွတ်သော မိန်းမသံစစ်စစ်။

ယခု ပြူးရာက ၃၅ကဲ့ချင်းလုံး ဖြောင့် မိန်းမမှ ယောကျ်ားအဖြစ်သို့ ချက်ချင်းကူးပြောင်းလာခြင်းက အံ့အားသင့် စရာမဟုတ်။ ယုန်လေးအား တုန်လှုပ်သွားစေသော အချက်မှာ...

သူသည် ကွမ်ဆူးမင်းသားနှင့် လုံးဝခွဲမရပေ။ သူသည် မိမိကဲ့သို့ပင် မန်းချူးရီးယားခြင်္သေ့အရေခွံ ကိုယ်ကျပ်အင်္ကျီကိုပင် ဝတ်ထား၏။ ကိုယ်လုံး ကိုယ်ပေါက်ချင်း၊ မျက်နှာပုံပန်းချင်း၊ နှာတံကျနေပုံချင်း ကွဲပြားလွဲချော်နေမှု ဘာမျှမရှိသော ရုပ်သွင်နှစ်ခုတို့မှာ တစ်ပုံစံတည်း။

"လက်မြောက်လိုက် မလှုပ်နဲ့ ငြိမ်ငြိမ်နေ"

သူက ယုန်လေးကို အမိန့်ပေးလိုက်၏။

အဝါရောင်ထီးနှင့် ခြိန်ထား၏။ ခလုတ်ကလေးတစ်ခုကို ကုတ်လိုက်ရင် လက်နက်ပုန်းများ ရာနှင့် ထောင်နှင့်ခြို၍ ထွက်သွားစေတတ်သော ဆန်းကြယ်လှသည့် လူသတ်လက်နက် ကိရိယာတစ်မျိုးမှန်း ယုန်လေးသိလိုက်၏။

သူအမိန့်အတိုင်း လိုက်နာရ၏။

လက်မြောက်ပေးလိုက်ရ၏။

ကွမ်ဆူးမင်းသားလေး...။

သူကို သိမ်းငှက်ကြီးက ဖမ်းထားသည်။ သိမ်းငှက်ဌာနချုပ်သည် အလွန်လုံခြုံသည်။ အစစအရာရာ စေ့စပ်သေချာမှု ရှိသည်။ အလွဲလွဲ အချော်ချော် ဖြစ်ရိုးထုံးစံမရှိ။

ယခု တွေ့နေရသော ကွမ်ဆူးမင်းသားသည် သိမ်းငှက်ဌာနချုပ်မှ ပြန်လည် လွတ်မြောက်လာသော မင်းသားအစစ် ဘယ်နည်းနှင့်မျှ မဟုတ်နိုင်။

မိမိကဲ့သို့ပင် ရုပ်ဖျက်အယောင်ဆောင်ထားသော ကွမ်ဆူးမင်းသားအတုသာလျှင် ဖြစ်လိမ့်မည်။ ဒါ... အလွန်သေချာ၏။

သည်လို ယုန်လေးစဉ်းစားနေခိုက်...။

"ဟဲ... ဟဲ... ဟဲ... ဟဲ အရှင်မင်းသား။ ကျုပ်ကို ကြည့်စမ်းပါ။ အရှင်မင်းသားနဲ့ တူပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com

ယူနန်ဖူး နန်းတွင်းကိုရောက်ရင် ကျုပ်ကို လူတိုင်းက ကွမ်ဆူးမင်းသားလေးအဖြစ် ထင်ကြမှာပဲနော်"

သူစကားများထဲတွင် မိမိကို အရှင်မင်းသားဟု အသိအမှတ်ပြု ခေါ်ဝေါ်သုံးနှုန်းခြင်းကို ယုန်လေး သတိပြုမိသည်။ အတုဆိုသည်မှာ အလွန် ထင်ရှား၏။ မိမိကို သူက ကွမ်ဆူးမင်းသားလေး အစစ်ဟု ထင်မှတ်နေသည်မှာလည်း ထင်ရှား၏။

သူက လက်ဦးနေသဖြင့် လက်မြှောက်ပေးထားရပေလင့်ကစား ယုန်လေးသည် လုံးဝ အကြောက်အရွံ့ မရှိ။

"ဟေ့ကောင် . . . မင်း ဘယ်သူလဲ။ ဘယ်က အကောင်လဲ။ ဘာရည်ရွယ်ချက်နဲ့ ငါနဲ့တူအောင် အခုလို ရုပ်ဖျက်ထားတာလဲ"

"ဟား . . . ဟား . . . ဟား ဟား"

ရယ်လို့ အားရတော့မှ သူက မခန့်လေးစား ပြန်ပြောသည်။

"ရည်ရွယ်ချက်ကတော့ သိပ် ကြီးကြီးကျယ်ကျယ် မဟုတ်လုပါဘူး။ အခု မင်းသားကိုသတ်မယ်။ ဒီမင်မြစ် ကြီးထဲမှာ မျောပစ်လိုက်မယ်။ ပြီးတော့ ကျုပ် ကွမ်ဆူးမင်းသားလေးအဖြစ် အယောင်ဆောင်၊ ယူနန်ဖူးနန်းတော်ကို သွား။ ဟိုမှာ မင်းသမီးကလေး ယူဂျင်း ဂျင်ကို ဖြားယောင်းသွေးဆောင် ခိုးယူ ပြီး"

"အင်း . . . ဆက်ပါဦး"

"ဆက်ပြောရမှာတော့ အားခပ်နာနာပဲ။ မကြားချင်ရင် နားနဲ့မနာဘဲ ဖဝါးနဲ့နာပါ။ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ"

"ဟေ့လူ . . . ပြောမှာသာ ပြော"

"ဒီလိုပါပဲ။ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ မန်ချူးမင်းသား တစ်ပါးက မင်းသမီးလေး ယူဂျင်းဂျင်ကို အလွန် ချစ်မြတ်နိုးတော်မူသတဲ့။ သူ့ဆီကို အပါ ဆောင်ကြဉ်းပေးနိုင်ရင် ကျောက်မျက် ရတနာ လုည်းတစ်စီးတိုက် ဆုလာဒ် တော်ပေးမယ်ဆိုလို့ပါ။ ဒါကြောင့် အခုလို ကြံရတာပါ။ ကျုပ်ကို ခွင့်လွှတ် တော်မူပါနော်။ ဟဲ . . . ဟဲ . . . ဟဲ ဟဲ"

"အဲဒီ မန်ချူးမင်းသားနာမည် က ဘယ်သူလဲ"

"အာ . . . ဒါတော့ ဘယ်ပြော လို့ဖြစ်မလဲ"

"ခင်ဗျား . . . ကျုပ်ရဲ့နှမတော် ယူဂျင်းဂျင်ကိုလည်း ဖမ်းဖို့မလိုဘူး။ ကျုပ်ကိုလည်း မသတ်ပါနဲ့။ မန်ချူး မင်းသားလေးက ပေးမယ်ဆို တဲ့ ကျောက်မျက်ရတနာ လုည်းတစ်စီးတိုက် ကျုပ်က ခင်ဗျားကို ပေးရင်ကော"

"အို . . . ဒီလိုလုပ်လည်း မဖြစ်ဘူး။ မန်ချူးမင်းသားကို ကျုပ်က ကတိပေးလာခဲ့ပြီးပြီ။ ကတိအတိုင်း မဆောင်ရွက်နိုင်ရင် မန်ချူးမင်းသားက ကျုပ်ကို လည်လိုးလိမ့်မယ်"

"ခင်ဗျားက အင်မတန်မိုက်တဲ့ လူပဲ။ ကိုယ်လုပ်နေတဲ့ အလုပ်ဟာ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ နည်းနည်းမှ



www.burmeseclassic.com

www.burmeseclassic.com

မစဉ်းစားဘူးလား"

"ဘယ်လို . . . ဘယ်လို ပြန်ပြောပါဦးလား မင်းသား"

"ခင်ဗျား ကျုပ် အယောင်ဆောင်သွားလို့ မရနိုင်ဘူး"

"ဘာပြုလို့"

"ကျုပ်အသံနဲ့တူအောင် ခင်ဗျားက စကားပြောတတ်လို့လား"

"ဟဲ့ . . . ဟဲ့။ ဒါက လွယ်ပါတယ်။ မပူပါနဲ့။ ကျုပ်က အသံဝိဇ္ဇာပါ။ အခု အရှင်မင်းသားနဲ့ စကားပြောနေတာဟာ အရှင်မင်းသားရဲ့အသံကို ကျုပ် အမှတ်အသား ပြုနေတာပါပဲ။ အခု အရှင်မင်းသားရဲ့ အသံမျိုးနဲ့ ကျုပ်ပြောလို့ ရသွားပါပြီ။ ဟဲ့ . . . ဟဲ့ . . . ဟဲ့ ဟဲ့"

ယုန်လေး . . .

သည်လိုလူကို သေသေချာချာ အကဲခတ်သည်။ သူလက်ထဲမှ ထီးလက်နက်ကို ကြည့်သည်။ မိမိ၏ အသည်းနှလုံးရှိရာ တည့်တည့်ကို ချောင့်တန်းစွာ ချိန်ရွယ်ထားခြင်းဖြစ် ၏။

ပစ်လိုက်လျှင် တစ်ခု၊ နှစ်ခု တည်း ထွက်သည်မဟုတ်။ သဲနင့် ဆုပ်၍ ပက်လိုက်သလို လက်နက်များ ရာလိုက်ထောင်လိုက် ထွက်လာတတ်သည့် လက်နက်အမျိုးအစား။

"ကဲ . . . ကြာတယ်။ အရှင် မင်းသားကို ကျုပ် သတ်တော့မယ်။ နောက်ကို လှည့်လိုက်။ ဘုရားတရားကို အောက်မေ့။ စောစောက မိုးကြိုးပစ်သံကြီး ကြားလိုက်ရတယ်။ နောက်တစ်ခါ မိုးကြိုးပစ်သံကြီးတစ်ချက် ပေါ်လာရင် အရှင်မင်းသားကို ငရဲပြည်ပို့လိုက်မယ်။ ကဲ . . . ကဲ နောက်ကိုလှည့်၊ နောက်ကို လှည့် ဟဲ့ . . . ဟဲ့ . . . ဟဲ့ . . . ဟဲ့"

ဒါ . . . ယုန်လေးအကြိုက်။ နောက်ကို လှည့်ခိုင်းခြင်းသည် လူပ်ရှားခိုင်းခြင်းနှင့် တစ်သဘောတည်းဖြစ်၏။ ဒီအခွင့်အရေးကို အသုံးချမှ။ ဒါ . . . လွန်စွာ ရခဲသော အခွင့်အရေး။

"လှည့်လိုက်စမ်းပါ မင်းသား ရယ်။ သေရမှာများ ကြောက်စရာ မဟုတ်ပါဘူး။ မင်းသားလုပ်နေပြီး သွေးနည်းလှချည့်လား"

"ခင် . . . ခင်ဗျား ကျုပ်ကို မသတ် . . . ပါနဲ့ဗျာ"

ယုန်လေးသည် ဒူးခေါင်းတွေ တဆတ်ဆတ်တုန်နေအောင် လုပ်လိုက်၏။ တကယ်သေရမှာ ကြောက်နေတဲ့ ပုံစံမျိုး။

ဤကဲ့သို့ ကြောက်ဒူးတွေ တုန်နေသည့်ပုံစံမျိုး လုပ်ပြနေရသည်မှာ လွယ်သည်မဟုတ်။ လူတိုင်း မလုပ်တတ်။ ယုန်လေးသည် ဤကဲ့သို့ လုပ်တတ်အောင် အခါအားလျော်စွာ ထပ်ဖန်တလဲလဲ လေ့ကျင့်ထားရ၏။

"ဟေ့ . . . မင်းသား ကြောလိုက်တာ နောက်ကိုလှည့်လိုက်"

"ဟုတ် . . . ဟုတ်ကဲ့။ လှည့်ပါ့မယ်ခင်ဗျာ"

"ထွီ . . . ဘာမင်းသားတဲ့ လဲ"

ယုန်လေးက ငိုမဲ့မဲ့မျက်နှာနှင့် ပြောလိုက်ပြန်ရာ ထိုသူသည် အလွန်ဒေါသထွက်သွားပုံရ၏။ သူမျက်နှာက ဘီလူးသရဲပုံစံမျိုး ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် . . . ဒီမင်းသားက ဒီက သူ့ကို မင်းသားနဲ့ ထိုက်တန်အောင် သတိပေးမလိုဥစ္စာ။ သူက ခွေးသေ၊ ဝက်သေ သေချင်တယ်မှတ်တယ်"

"ဟုတ်ကဲ့ ကျုပ်လုည့်ပါ့မယ်"

ယုန်လေး . . . နောက်ကို လှည့်လိုက်သည်။

"ဝုန်း . . . ဂျုံး . . . ဂျုံး"

"ခွမ်း . . . ခွမ်း၊ ဂလွမ် . . . ဂွမ်"

မှတ်ထား . . . အဲဒါ နောက်ပေါက်၊ မြင်းကန်၊

ဘယ်ညာဘယ် ဆက်တိုက် နှစ်ချက် နောက်ပြန်ကန်။

ယုန်လေးနှင့် လူသတ်သမား၏ ကြားတွင်ရှိနေသော စားပွဲကြီးက လွင့်ပျံထွက်သွားသည်။ စားပွဲပေါ်မှ ပြင်ထားသော ပန်းကန်ခွက်ယောက် အားလုံး မိုးပေါ်ပျံတက်သွားသည်။

"ခွမ်း"

မြေဖြူနှင့် လုပစွာ ပြုလုပ်ထားသော အရက်စည်လေးမှာလည်း နံရံနှင့် ပြင်းစွာ ရိုက်မိကာ အစိတ်စိတ် ကွဲသွားသည်။

သည်လို အခြေအနေတွေ ရှုပ်ထွေးသွားတုန်း လူသတ်သမား ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ခေတ္တ ခဏ ကြောင်စီစီ ဖြစ်သွားတုန်း၊

အဲပေါ်သို့ မြောက်တက်သွား ရာမှ ပြိုင်တူပြန်ကျလာသော ဝုံးဥလေး နှစ်လုံးကို ယုန်လေးက လက်ဖြင့်ဖမ်း၍ ပစ်ထည့်လိုက်သည်။

"ဝီး . . . ဝီး . . . အား"

လူသတ်သမားမျက်နှာကို လက်ဝါးနှင့် ဇတ်ခနဲ အုပ်လိုက်သည်။ သူလက်ထဲမှ ထီးနက်လက် လွတ်ကျသွားသည်။ အခန်းထဲမှ ထွက်ပြေးရန် ဟန်ပြင်သည်။ ယုန်လေး ပန်းသီးတစ်လုံးနှင့် လှမ်းပေါက်သည်။

"ဘုတ် . . . အင့်"

ကျောကော့ပြီး လဲကျသွား။ ယုန်လေး သူ့ကိုယ်ပေါ်သို့ ကျားသစ်ပမာ ခုန်အုပ်သည်။

"ဖြောင်း . . . ဖြောင်း . . . အာ . . . အား"

ခြေထောက်များ မလှုပ်ရှားနိုင်အောင် ပြုလုပ်လိုက်၏။

ယုန်လေး၏ အခန်းထဲတွင် သည်မျှလောက် ဝုန်းဒိုင်းကြဲနေသော်လည်း ဣန္ဒအသံဗလံများကို ကြားလိမ့်မည်မဟုတ်ပေ။ မိုးသံ၊ လေသံများ အလွန်ဆူညံကျယ်လောင်နေသည်။

"အာ . . . အာ . . . အား နာတယ် ဖြည်းဖြည်းဆွဲခွာပါ"

"ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ ကျုပ်ကို ပြောစမ်း။ ခင်ဗျား ဘယ်သူလဲ"

သည်တစ်ခါ ရယ်မောနိုင်သူက ယုန်လေးအလှည့်။ သူ လူဆိုး၏ မျက်နှာပေါ်မှာ ဖုံးအုပ်ထားသော မျက်နှာအိတ်ကို ဆွဲခွာပြီး မေးလိုက်၏။

ယုန်လေး၏ မေးခွန်းကို ယုန်လေးအတုကောင် မဖြေနိုင်တော့။

အကြောင်းမှာ . . .

အပြင်ဘက်မှ ဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com

အဆိပ်တစ်ချောင်းက လူဆိုး၏ လည်မျိုအား စူးဝင်သွားသောကြောင့် ဖြစ်လေသည်။

ယုန်လေး ထခုန်လိုက်သည်။ အခန်းအပြင်ဘက်သို့ ရောက်သွားသည်။ အရိပ်မည်းမည်း တစ်ရိပ်။ တရွေ့ကြမ်း ထွက်ပြေးသွားသည်ကို မြင်လိုက်ရ၏။

"မပြေးနဲ့ · · · ဝှစ်"

"အား"

ယုန်လေး ပစ်လွှတ်လိုက်သော လက်နက်ပုံးမှာ အရိပ်မည်း ခန္ဓာကိုယ် တစ်နေရာသို့ မှန်၍ ရေထဲသို့ ခုန်ပေါက် လွင့်ပျံကျသွားသည်ကို မြင်လိုက်ရလေသည်။

ယုန်လေးသည် သူ့အခန်းထဲသို့ ပြန်ဝင်လာ၏။

ကွမ်ဆူးမင်းသားအတု အယောင်ဆောင်သော လူဆိုးမှာ ပြင်းထန်သောအဆိပ်များ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ကာ သေပွဲဝင်နှင့်နေပြီ ဖြစ်လေသည်။

အခန်း(၉)

တစ်ညလုံး မိုးသည်းထန်စွာ ရွာသွန်းသည်။ လျှပ်စစ်မိုးကြိုးများ အဆက်မပြတ် ထစ်ချုန်းပစ်ခတ်သည်။ ရာသီဥတု အလွန်ဆိုးရွားလု၏။

ရာသီဥတု အခြေအနေ လွန်မင်းစွာ ဆိုးရွားလျက်ရှိသော ညမှိုက် အမှောင်ကြီးထဲတွင် မည်သည့် လေသူကြီးဖြစ်စေ ခရီးသွားရန် အသင့်တော် ဆုံးဟု ဆုံးဖြတ်ပေလိမ့်မည်။

လေကွယ် ငြိမ်သက်သော တစ်နေရာတွင် လော်ကို ခေတ္တ ရပ်နားထားပေလိမ့်မည်။

ဤညမျိုးတွင် အလွန် ရေစီးကြမ်းလှသော မင်မြစ်ကြောင်း၌ မမြင်မစမ်းနှင့် ဆက်လက် စုန်ဆင်းနေခြင်းမှာ အလွန် စွန့်စားလွန်းရာရောက်သည်။ အန္တရာယ်တစ်ခု သို့မဟုတ် တစ်ခုခုနှင့် ပက်ပင်းတိုးနိုင်သည် မဟုတ်ပါလော။

လေသူကြီးချွန်းသည် ရေနတ်သားကို ရပ်ထားခြင်းမရှိချေ။ တစ်ညလုံး မင်မြစ်ကြောင်းအတိုင်း စုန်ဆင်းနေသည်။ ဤအတွက်သည် ယုန်လေးသည် အံ့အားသင့်မိရ၏။

ညက တစ်ညလုံး ယုန်လေး မအိပ်တော့။ သူ့ကို အန္တရာယ်ပြုမည့် သူများက သည်ရွက်လှေကြီးပေါ်တွင် ပါလာခဲ့လေပြီ။

မုန်တိုင်းသတ္တဝါကြီးသည် ညက တစ်ညလုံးလုံး အော်ဟစ်သောင်းကျန်းလိုက်ရသဖြင့် စိတ်ကျေနပ်သွားပုံ ရသည်။ သို့တည်းမဟုတ် မောပန်းနွမ်းနယ်သွားဟန်တူသည်။ နံနက်မိုးလင်းသောအခါ ရာသီဥတုမှာ ပြန်လည်၍ ကြည်လင်သာယာနေပြန်တော့၏။

ယုန်လေး သူ့အခန်းထဲမှ အပြင်ထွက်လာသည်။

ပထမဦးစွာ လှေထိုးသားများကို စစ်ဆေးကြည့်သည်။ သူတို့ လူစုံ၊ တက်စုံ ရှိနေသည်။ လူပေါင်းငါးဆယ် အပြည့်ရှိသည်။ ညက သူ့အားလုပ်ကြံရန် ကြိုးစားသူများမှာ လှေထိုးသားများ မဟုတ်နိုင်ပေ။

www.burmeseclassic.com

ခြင်္သေ့ကြီးကွမ်တဲ့။ နန်းဖူးဘုရင်မင်းမြတ်၏ ညီတော် ကွမ်ဆူးမင်းသားလေး၏ ခမည်းတော်။ ခမည်းတော် ခြင်္သေ့ကြီးကွမ်၏ ကျွန်ယုံအစေခံတစ်ဦးက မိမိအား လာ၍ လုပ်ကြံခဲ့ပါပကော။

ယုန်လေးသည် ခွန်း၏ မျက်နှာကို သေသေချာချာ အကဲခတ်သည်။ ခွန်း၏ မျက်လုံးကြီးများထဲသို့ စူးစူးစိုက် စိုက်စိုက်ကြည့်သည်။ ခွန်း၏ စကားများကို ခွဲခြမ်းစိတ်ဖြာသည်။

ခွန်းနှင့် ပတ်သက်၍ မယုံသင်္ကာစရာ ဘာမျှမတွေ့ရပေ။ အဘိုးကြီးသည် ယုန်လေးအတွက် လွန်စွာစိတ်မကောင်းဖြစ်နေပုံသာ ပေါ်လွင်နေလေသည်။

"ဒီလိုဆိုရင် မဖြစ်ဘူး။ လေပေါ်ပါလာတဲ့ ခရီးသည်တွေကို လိုက်ပြီး စစ်ဆေးဦးမှာပဲ။ ကေန္တ ဒီလေကြီးပေါ်မှာ ချင်ပန် ခရီးသည်ယောင်ဆောင်ပြီး ပါလာသလား မသိဘူး"

"မစစ်ဆေးစမ်းပါနဲ့ ခွန်း။ သူတို့ထိုက်နဲ့ သူတို့ကံပဲ ရှိပါစေး ကျွန်တော်ကတော့ ကျွန်တော့်ကို လာပြီး ရန်ပြုလာရင် ငရဲပြည်ကို မောင်းထုတ်ပစ်လိုက်ရမှာပဲ"

"အရှင်မင်းသားကတော့ အာဂသူရသတ္တိပိုင်ရှင်ပဲ။ ခါးပန်ခဲ့

ယုန်လေးသည် ရွက်လှေကြီး၏ ဦးပိုင်းတွင်ရှိသော လေသူကြီးခွန်း၏ ရေကြောင်းပြ တဲရုံကလေးသို့ သွားသည်။ ခွန်းကို အသင့်ပင် တွေ့ရ၏။

"ညတုန်းက တော်တော် ရာသီဥတု ဆိုးခဲ့တာပဲ။ အရှင်မင်းသား အိပ်လို့ ကောင်းကောင်းပျော်ရဲ့လား" ဟု ခွန်းက ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်သည်။

"လာ... မင်းသား ဒီကုလား ထိုင်ပေါ်မှာ ထိုင်တော်မူပါ"

ကုထားထိုင်ကြီး တစ်လုံးကိုလည်း ထိုးပေးသည်။

ယုန်လေးသည် အလွှာပ၊ သလွှာပ စကားများ ပြောမနေတော့။ သူ၏ လာရင်းကိစ္စကိုသာ ခွန်းကို ပြောလိုက်လေသည်။ ညတုန်းက အဖြစ်အပျက်များအကြောင်း။

"ဟုတ်လား မင်းသား။ ဒီလိုတောင် ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့သလား။ ဒီလိုဆိုရင် စွန့်ဆိုတဲ့ မင်္ဂဏ်းက ကျောက်ကုန်သည်မလေး သေသွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com

# မင်းသမီးလေး ကွမ်ကွမ်။ သို့မဟုတ် . . . ပင်တိုင်စံ 'မြကျောက်စိရွှေဘီး' မင်းသမီးလေး။ ခြသေ့ကြီးကွမ်၏ သမီးတော်။



မင်းသားအနေနဲ့ ဒီလောပေါ်မှာ တစ်ခုခု ဖြစ်သွားရင် ကျွန်တော့်အပေါ်မှာ တာဝန်ရှိ"

"အာ . . . ကိစ္စမရှိပါဘူး။ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့"

"ညတုန်းက မင်ဂူးမြို့က ကျောက်မျက်ရတနာမလေး စွန်ကိစ္စအတွက် ကျွန်တော် စိတ်မကောင်းပါဘူး အရှင်မင်းသား။ သူမှာ စိန်ကောင်း ကျောက်ကောင်းတွေ ပါလာတယ်။ ကွမ်ဆူးမင်းသားလေးကို သူမှာပါလာတဲ့ စိန်ကောင်း၊ ကျောက်ကောင်းတွေ ပြပါ ရစေတဲ့။ အဲဒီလို စွန်က ကျွန်တော့်ကို အပူလာကပ်တာနဲ့ အရှင်မင်းသားနဲ့ ဆွေခွင့်ပြုလိုက်မိတာပါ"

မင်ဂူးက ကျောက်မျက်ရတနာကုန်သည်မလေး။

အဘိုးကြီးခွန်းက လှပချော မော အမျိုးသမီးလေး တစ်ဦးအဖြစ် သိထားပုံရပေသည်။ ယုန်လေးသည် ခွန်းကို သူ၏ အိပ်ခန်းထဲသို့ ခေါ်သွားခဲ့၏။ ကျောက်မျက်ရတနာကုန်သည်၏ အလောင်းကို ပြလိုက်၏။

"ဟင် . . . သူက ဘယ်သူလဲ"

"မင်ဂူးမြို့က လာတဲ့ ကျောက်ကုန်သည်မလေး စွန်လေ"

"စွန်က မိန်းကလေးတစ်ယောက်ပဲ"

"ဟုတ်ပါတယ်။ ကျွန်တော့် ဆီကို စရောက်လာတုန်းကတော့ မိန်းမတစ်ယောက် အနေနဲ့ပါပဲ။ နောက်ပိုင်း ကျတော့ ဒီမျက်နှာကို ပြောင်းသွားတယ်။ မိန်းမယောင်ဆောင်လာပြီး ကျွန်တော့်ကို သတ်ဖို့ ကြိုးစားခဲ့တာပေါ့"

လေသူကြီးခွန်းသည် အလွန် အံ့အားသင့်နေလေသည်။

"ကဲ . . . ခွန်း။ ဒီလူမျက်နှာကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်စမ်းပါ။ သူကို မြင်ဖူးသလား။ ခွန်းဟာ တစ်ချိန်တုန်းက အမည်းရောင်လောကမှာ ကျင်လည်ကျက်စားခဲ့ဖူးသူဆိုတော့ ဒီလူမျက်နှာကို မြင်များ မြင်ဖူးခဲ့သလားလို့ မေးရတာပါ။ တလွဲတော့ မထင်ပါ



www.burmeseclassic.com

www.burmeseclassic.com

နဲ့"

"ဟင် . . . ဒီကောင်ဟာ လီဖူးချွန်းပါလား"

ယုန်လေး၏ မျက်လုံးများက စူးရှတောက်ပလာသည်။

"သူ့ကို သိသလား"

"သိတာပေါ့။ ဒီမိုးနတ်သားကို မကြာခဏ စီးစီးနေတဲ့ကောင်ပဲ။ ခြင်္သေ့ကြီးကွမ်းရဲ့ ကျွန်ယုံ အစေခံတစ်ယောက် ဖြစ်ပါတယ် အရှင်မင်းသား"

"ဗျာ"

ယုန်လေး အံ့သြတုန်လှုပ် သွားမိလေသည်။

ခြင်္သေ့ကြီးကွမ်းတဲ့။ နန်ဖူးဘုရင် မင်းမြတ်၏ ညီတော် ကွမ်ဆူးမင်းသား လေး၏ ခမည်းတော်။ ခမည်းတော် ခြင်္သေ့ကြီးကွမ်း၏ ကျွန်ယုံအစေခံတစ်ဦး က မိမိအား လာ၍ လုပ်ကြံခဲ့ပါပကော။

မိမိအား လုပ်ကြံလာခြင်းမှာ လည်း ကွမ်ဆူးမင်းသားလေးအဖြစ် အသိအမှတ်ပြု၍ လုပ်ကြံရန် ကြိုးစား ခဲ့ခြင်းပင် ဖြစ်လေ၏။

ယုန်လေးအနေနှင့် နားမလည် နိုင်အောင် ရှိမိရသည်။

မိမိ ယူနန်ဖူးမြို့တော်သို့ လာနေရသော ခရီးစဉ်မှာ နဂါးခံတွင်း၊ ကျားခံတွင်းသို့ တိုးဝင်လာရသည့်နယ် အလွန် အန္တရာယ်များလှ ကြောင်း ယုန်လေး သဘောပေါက်လိုက်မိ၏။

မင်းသမီးလေး ကွမ်ကွမ်။ သို့မဟုတ် . . .

ပင်တိုင်စံ "မြကျောက်စီရွှေဘီး" မင်းသမီးလေး။

ခြင်္သေ့ကြီးကွမ်း၏ သမီး တော်။

သူမ ပျောက်ဆုံးမှုကို ရှာပုံ တော်ဖွင့်ရန် လာခဲ့သော မိမိအား ခြင်္သေ့ကြီးကွမ်း၏ ကျွန်ယုံအစေခံတစ်ဦး က လုပ်ကြံလာသည်ဆို သည်မှာ ဆက်စပ်စဉ်းစား၍ မရနိုင်လောက်အောင် ပင် ရှိတော့သည်။

"ဟုတ်တယ်။ ဒီလီဖူးချွန်းဟာ ခြင်္သေ့ကြီးကွမ်းရဲ့ ကျွန်ယုံတစ်ဦးပဲ။ ဒီကောင်က သူ့သခင်ရဲ့သားတော် အရှင် မင်းသားကို ခုလို လုပ်ကြံတယ်ဆိုတာ ဟာ တကယ် အံ့သြစရာပါပဲ"

လေသူကြီး ချွန်းကလည်း အံ့သြစွာ မှတ်ချက်ပြုလိုက်၏။

"ကဲ . . . ချွန်း။ ဒီအလောင်း ကို ယူသွားတော့ဗျာ။ ကျုပ် မကြည့်ချင် တော့ဘူး"

"ရေထဲ ကန့်ချလိုက်ရင် ပြီးတာပဲ မင်းသားရာ"

"နောက် . . . ဒီမှာ . . . ဒီမှာ ခဏနေပါဦးချွန်း"

"ဟုတ်ကဲ့ . . . အမိန့်ရှိပါ့ မင်းသား"

"မနက်စာ လာမပို့နဲ့တော့။ အရက်တစ်အိုးလောက်သာ လာပို့ပါ"

"ကောင်းပါပြီ အရှင် မင်းသား"

အခန်း (၁၀)

လေသူကြီးချွန်း၏ ရေနတ်သား ရွက်လှေ။

မြစ်ကမ်းနဖူးရှိ ဆီဖုံးကြီးဆိုင်



www.burmeseclassic.com

www.burmeseclassic.com

တွင် ဆိုက်ကပ်လာလေသည်။

ယုန်လေးအား ယူနန်ဖူး နန်းတွင်းမှ စေလွှတ်လိုက်သော အဖွဲ့တစ်ဖွဲ့က လာ၍ ကြိုဆိုနေကြ၏။

နန်းတွင်းအရာရှိကြီး ငါးဦးပါသော အဖွဲ့ဖြစ်သည်။

(၁) ဘုရင်မင်းမြတ်ကြီး ကွမ်တောက်ဝမ်၏ အပါးတော်မြို့မူးမတ်ကြီး ချူချင်ကော။

(၂) ဘုရင်မင်းမြတ်၏ ဘဏ္ဍာစိုးကြီး လန်ယွန်း။

(၃) ယူနန်ဖူး မြို့စောင့်တပ်မင်းကြီး ပိုင်ကျန်စီ။

(၄) ယူနန်ဖူး နန်းတော်ဝင်းတော်စောင့် တပ်မှူးလေး ဆွန်ဖို့။

(၅) နန်းတွင်းသမားတော်ကြီး ဇူဝင်။

သိမ်းငှက်ကြီးက မိမိအားပေးသည့် ရုပ်ပုံတူ ဖိုင်တွဲကြီးတွင် သူတို့ငါးဦး၏ ရုပ်ပုံများပါသည်။ ယုန်လေးသည် မြင်မြင်ချင်း သူတို့ကို ခံကောင်းစွာ

နန်းတွင်းသမားတော်ကြီး ဇူဝင်။

ဤပုဂ္ဂိုလ်ကြီးကို ပို၍ မှတ်မိသည်။ ဇူဝင်သည် မိမိကပြရမည့် "မြကျောက်စီရွှေဘီး" ရုပ်ပုံတော်ဇာတ်ထုပ်ကြီးတွင် လွန်စွာ အဲရေးပါလှသော ဇာတ်ဆရာကြီး တစ်ဦးဖြစ်သည်ကို ယုန်လေး ကောင်းစွာနားလည်၏။

နန်းတွင်း ကြိုဆိုရေးအဖွဲ့ဝင် ငါးဦးနှင့်အတူ ယူနန် စစ်အမှူးတော်ထမ်းများ သုံးကျိပ်တိတိ လိုက်ပါလာကြ၏။ စစ်မှုထမ်းများသည် ၎င်းမွေးစိုက်ထားသော သံခမောက်တိုများ ကိုယ်စီနှင့်။

ဓား။ လုံ၊ လေး။ လွှား။ ဒိုင်း။ အဲမောင်း အစရှိသော လက်နက်မျိုးစုံကိုင်ဆောင်ထားကြသည့် ယူနန်စစ်အမှုတော်ထမ်းများက ယုန်လေးအား အထူးလေးစား ကြောက်ရွံစွာ ကြိုဆိုကြ၏။

"ဟင် . . . အရှင်မင်းသား။ မျက်နှာ ဖြူဖပ်ဖြူရော်နဲ့ ပါလား။ သွေးအား တော်တော်နည်းနေပုံရ တယ်"

နန်းတွင်းသမားတော်ကြီး ဇူဝင်က ယုန်လေးအားတွေ့လျှင် တွေ့ချင်း ပြောလိုက်၏။ သို့ရာတွင် ဤစကားများကို မပြောမီ ဇူဝင်သည် အခြားသူများ မမြင်အောင် မျက်စိတစ်ဖက် မှိတ်ပြခဲ့သည်။

ဇူဝင်သည် မိမိကို စတင်၍ ကြိုးကိုင်ပြီဖြစ်ကြောင်း ယုန်လေးနားလည်လိုက်၏။

"ဟုတ်တယ် ဘိုးဘိုးဇူဝင်။ ကျွန်တော် ခုတလော ကျန်းမာရေး သိပ်မကောင်းလှဘူး"

"အိမ်း . . . အပရိက အာဂန္တု ရောဂါကလေးပဲဆိုပြီး နှလုံးပေါ့လျော့လို့ မဖြစ်ချေဘူး။ ခုလိုရာသီမှာ တေဇောဓာတ်လျှင် ထုံကျဉ်ချမ်းမြေ ဆီးဝမ်း စသည်မမှန်ပြီလို့ သမားတော်ကြီး သုဖာနဝုန်ရဲ့ ဆေးကျမ်းကြီးမှာ လာရှိတယ်နော်။ ပေါ့ပေါ့လျော့လျော့ နှလုံးမသွင်းနဲ့ အရှင်မင်းသား။ ခရီးခောက်မဲ့ဘဲ အရှင်မင်းသားဟာ နန်းတွင်းဆေး



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးကို မိုဝဲမှ သင့်လျော်လိမ့်မယ်ပ"

"ဟုတ်ကဲ့ ဘိုးဘိုးဇူဝင်။ သဘောကျပြုပါ။ ညကလည်း မိုးတွေမိလို့ ထင်ပါရဲ့။ နှာစေးချောင်ဆိုး ဖြစ်ချင် နေသလား မသိဘူး ခင်ဗျာ"

မှူးမတ်ကြီး ချူချွင်ကောခေါင်းဆောင်လာသော ကြိုဆိုရေး အဖွဲ့ဝင်များရှေ့တွင် ယုန်လေးသည် သမားတော်ကြီးဇူဝင်နှင့် စကားရှေ့နောက် အတိုင်အဖောက်ညီအောင် ကြည့်၍ ပြောဆိုနေရလေ၏။

ဆွိဖူးမြို့ကား အလွန်လှပသာယာ၏။ မြစ်ပြင်ပေါ်တွင် လှေငယ်တက်စင်းများ ပြည့်နှက်နေသည်။ ကြိုဆို ရေးအဖွဲ့သည် ရောက်လာသော ကွမ်ဆူး မင်းသားလေးအား ဖောင်တော်နှင့် တင်ဆောင်၍ မြစ်တစ်ဖက်ကမ်းသို့ ဖြတ်ကူးလေသည်။

ဖောင်တော်နှင့် မြစ်ကူးနေချိန်၌ပင် သမားတော်ကြီး ဇူဝင်သည် ကွမ်ဆူးမင်းသားအား ဆေးတော်ကြီးတစ်လက်ကို စတင်တိုက်၏။

"အာလား... တယ်လည်း ခါးလှပါကလား ဘိုးဘိုးဇူဝင်"

"ခါးသဟာပေါ့ မင်းသားရဲ့။ ခါးသဟာပေါ့။ အစွမ်းထက်တဲ့ ဆေးကောင်းတို့မည်သည် အလွန် အဝင်ဆိုးပေသာပေါ့။ ရော့... ပျားရည်တော် သုံးလေးစက် လျှာဖျားနဲ့ လျက်တော်မူလိုက်"

အင်း... ကွမ်ဆူးမင်းသား လေးယောင်ဆောင်ရတာ မလွယ်ပါလားပေဟု။ လာလာချင်း ဆေးခါးကြီးနှင့် တိုးနေလေသည်။

အလွန် အဝင်ဆိုးသော ဆေးတော်ကြီးဖြစ်၏။

"ဘယ့်နယ်ရှိစ ခါးသေးရဲ့လား။ အိမ်ရှေ့ ဥပရာဇာမင်းသား"

"မ... မခါးတော့ပါဘူး။ ဘိုးဘိုးဇူဝင်"

"အိမ်း... အဲသာပေါ့။ အခါးရှိရင် အခါးကိုဖျက်တဲ့ ဆန့်ကျင်ဘက် အချို့တော် လည်း ရှိရပေသပေါ့။ ကောင်းပြီ ကောင်းပြီ။ မိုအုံးတော်ပေါ်မှာ သက်တောင့်သက်သာ လဲနေတော်မူလိုက်။ တအောင့်ကြာရင် ဆီး၊ ဝမ်းလေ ရှင်သွားအောင် နောက်ဆေးတော် တစ်မျိုး ထပ်တိုက်ဦးမယ်"

ဒုက္ခပါပဲ။ အလွန်ဆေးကြောက်သော ယုန်လေးသည် ကြက်သီးထနေမိပါသည်။ သို့သော် မှူးမတ်ကြီး ချူချွင်ကောနှင့် အဖွဲ့ရှေ့တွင် သမားတော်ကြီး ဇူဝင်ကို ဘာမျှ ပြန်၍ ဆန့်ကျင်ဘက် မလုပ်ရဲ။

မိမိအား ကွမ်ဆူးမင်းသားလေး အစစ်မဟုတ်ကြောင်း၊ သိမ်းငှက်ဌာန ချုပ်မှ စေလွှတ်လိုက်သော သူရဲကောင်း တပ်မှူးကလေးတစ်ဦးဖြစ်ကြောင်း သမားတော်ကြီး ဇူဝင်တစ်ယောက်သာ လျှင် ရင်းမြစ်အမှန်ကို သိပေ၏။ ကျန်သော ပုဂ္ဂိုလ်များကတော့မူ မိမိကို ကွမ်ဆူးမင်းသားလေး အစစ်ဟုသာ ထင်နေကြပေလိမ့်မည်။

မြစ်တစ်ဖက်ကမ်းရှိ ယာယီတာနန်းသို့ ရောက်သောအခါ နံနက်ခင်း ပွဲတော်အုပ်က ယုန်လေးကို အောင်သား



www.burmeseclassic.com

www.burmeseclassic.com

စောင့်ကြိုနေလေ၏။

ဟင်းလျာအမယ်များကား မြင်မကောင်း။ ဘယ်ဟင်းခွက်ကို စ၍ နှိုက်ရမှန်းပင် မသိတော့။ စားပွဲကြီးတစ်ခုလုံး ပြည့်လို့လျှံလို့။ အရက်သေရည်ကလည်း မျိုးစုံ။ မင်းသားဖြစ်ရတာ တယ်စည်းစိမ်ရှိပါလားဟု တွေးရင်း ယုန်လေးသည် မြိန်ရည်ရွှက်ရည် စားတော်ခေါ်နေလေသည်။

သို့သော် ဤနေရာတွင်လည်း လွတ်လွတ်လပ်လပ် စားခွင့်မရ။ ဟို အဘိုးကြီး ဇူဝင်သည် ခဏခဏ လာရှုပ် နေပြန်၏။

"ဒီရာသီမှာ ချို၊ ချဉ်၊ ဆိမ့်၊ ဖန် မစားရန်ဆိုတဲ့ တားမြစ်ချက် ဆေးကျမ်းတော်ကြီးတွေမှာသာ ရှိတယ်။ အိမ်ရှေ့မင်းသား မျှစ်ချဉ်နဲ့ ရောပြွမ်းချက်ထားတဲ့ ဝက်သားနှိပ်ဟင်းကို သိပါ။ မစား ဘဲနဲ့ မင်းသား ဝမ်းဖောသွားမယ်။ ဝမ်းဖောသွားမယ်"

"ဟုတ်ကဲ့... ဘိုးဘိုး။ နည်းနည်းလေး မြည်းကြည့်မိတာပါဗျာ"

"အို... ဘယ့်နှာ... ဘယ့်နှာ။ ဖားပေါင်ကင်ကို နှိုက်ရပြန်သတုန်း။ မြေတွင်းအောင်းသားကိုစားရင် အကြောအခြင်တွေ တက်ကုန်ပါလိမ့်မယ်တုရာ။ အနည်းငယ်မျှ ဆင်ခြင်တော်မူပါဘုရား"

ယုန်လေး အလွန် စိတ်ညစ်သွားသည်။ မျက်နှာလေး မသိမသာ မဲ့သွားသည်။ ဤအခြေအနေကို စားပွဲကြီး၏ မျက်နှာချင်းဆိုင် ဟိုဘက်မှာထိုင်၍ စားတော်ခေါ်နေသော မှူးမတ်ကြီး ချူချင်ကောက ရိပ်မိသွားသည်။

"သယ်... ဒီအဘိုးကြီးဟာ နေရာတကာ ဝင်ရှုပ်နေတော့တာပဲ။ သူဘာသာသူ ကြိုက်ရာကို ဘုန်းပေးသုံးဆောင်စောမူပါစေဗျ။ ခင်ဗျားကို ကြည့်ရတာ ကျုပ်တောင် ကြားထဲက မျက်စိနောက်လာတယ်"

မှူးမတ်ကြီး ချူချင်ကောကား ထိတ်ထိတ်ကြဲ နန်းတွင်းအရာရှိကြီးဖြစ်သည်။ အလွန်တရာ သြဇာတိက္ကမ ကြီးမားသည်။ ဘုရင်မင်းမြတ်ကြီး ကွမ်တောင်ဝမ်၏ သက်တော်ရည်အမတ် ကြီးလည်း ဖြစ်သည်။

သည်လို အရှိန်အဝါကြီးမား လှသော မှူးမတ်ကြီးတစ်ပါးက မိမိကို မျက်စိဆံပင်မွေး စူးလာကြောင်း ပြောလိုက်ရာ သမားတော်ကြီး ဇူဝင်သည် အနည်းငယ် ကြောက်ခန္ဓာတုန်သွားသည်။

သို့ရာတွင် သမားတော်ကြီး ဇူဝင်က ကုထားထိုင်တွင် ခပ်ကုပ်ကုပ် ပြန်ထိုင်ရင်းမှ...

"အိမ်ရှေ့မင်းသားကို စိုးရိမ်လို့ သတိပေးနေသဟာပ။ ရှားရှားပါးပါး အိမ်ရှေ့မင်းသားလေးတစ်ပါး ရှိတဲ့ဥစ္စာ။ အစားအသောက်ပုတ်လို့ နတ်ရွာစံသွားတယ်ဆိုရင် အရပ်ရပ် နေပြည်တော်လူကြီးလို့မှ မသင့်လျော်ဘူး။ သမားတော်ကြီး ဇူဝင်ဆိုသူဟာလည်း လူစစ်စစ်က ခွေးဖြစ်လိမ့်မယ်ပ။ မင်းကြီးချူချင်ကောရဲ့"

"တော်ဗျာ... အိမ်ရှေ့မင်းသား အရွယ်ဟာ ဒီလောက်တောင် လိုက်ပြော



www.burmeseclassic.com

www.burmeseclassic.com

ရမယ့် အရွယ်မျိုးလား။ ဆက်မပြောနဲ့။ ခင်ဗျား စကားတွေ ကျုပ်နားမဝင်ဘူး"

မှူးမတ်ကြီး ချူချင်ကောက မျက်ထောင့် နှိကြီးနှင့် နောက်ဆုံး အော်ဟစ်လိုက်တော့မှပင် သမားတော်ကြီး အဘိုးအို၌ဝင်သည့် ငြိမ်ကျသွားရလေသည်။

နံနက်စာ ပွဲတော်တည်ခင်း ပြီးသည့်နောက် ဆွမ်ဖူးပြိုင်တွင် အနားမယူပေ။ ချက်ချင်း ခရီးဆက်ရန် မှူးမတ်ကြီး ချူချင်ကောက ပြင်ဆင်လေသည်။

ကြိုဆိုရေးအဖွဲ့တွင် ရထားနှစ်စီးပါသည်။

တစ်စီး . . . မှူးမတ်ကြီး ချူချင်ကောင်၏ ရထားတော်ဖြစ်သည်။ မြင်းညီကြီးလေးကောင်က ကကြိုးအပြည့်အစုံနှင့် က,ထားသည်။

နောက်တစ်စီးမှာ မြင်းဖြူကြီး ခေါ်လေးကောင်ကသော ဆင်စွယ်ရထားတော် ဖြစ်သည်။ ရထားတော် တစ်စင်းလုံးအား ဖြူဆွတ်သော ဆင်စွယ်ကြီးများဖြင့် ဝန်းယှက်မွမ်းမံထားရာ နတ်ရထားကြီးလားဟု ထင်ရလောက်အောင်ပင် ခမ်းနားကြီးကျယ်သည်။

ယူနန်ဖူးနန်းတွင်း ထုံးတမ်းစဉ်လာအရ အိမ်ရှေ့ဥပရာဇာ သားတော်ကြီးများသာလျှင် ဤဆင်စွယ် ရထားတော်ကို စီးခွင့်ရှိသည်ဟု ဘိုးဘိုးဇူဝင်က အခြားသူများအလစ်တွင် ယုန်လေးအား ခပ်တိုးတိုး ကပ်ပြောလိုက်သည်။

"ဆင်စွယ်ရထားတော်ပေါ်ကို တက်ခါနီးကျရင် မင်း ချက်ချင်း ပျို့အန်လာပြီး အော့အန်ချင်ယောင် ဆောင်ပါ"

"ဘာလုပ်ဦးမလို့လဲ ဒီအဘိုးကြီးကိုတော့ ယုန်လေး ခပ်ကြောက်ကြောက်ပင်။ အလွန် ဉာဏ်နီ၊ ဉာဏ်နက်များသော အဘိုးကြီး ဖြစ်သည်။

"မင်းနဲ့ငါ ပြောစရာစကားတွေ အများကြီးရှိတယ်။ မင်းအနေနဲ့ အော့အန်ချင်ယောင်ဆောင်မှ မင်းကြီး ချူချင်ကောက လမ်းမှာ မင်းကိုပြုစုဖို့ ငါ့ကို ဆင်စွယ်ရထားတော်ပေါ်မှာ လိုက်ပါခွင့်ပေးမှာ။ ဘယ့်နယ့် ငါပြောတာ သဘောပေါက်ရဲ့လား ယုန်လေး"

"ဟုတ်ကဲ့ . . . ပေါက်ပါတယ် ဘိုးဘိုး"

"ပေါက်ရင် ငါပြောသလိုလုပ်။ ငါ ဟိုကျောက်ဆောင်နောက်ကို ခဏသွားပြီး ကျင်ငယ်စွန့်ဦးမယ်။ ငါ ကျင်ငယ်စွန့်လို့ ပြီးမယ့်အချိန်လောက်ကို မှန်းပြီး အော့အန်ချင်ယောင် ဆောင်ပေတော့"

"ဟုတ်ကဲ့"

ဘိုးဘိုး ဇူဝင်တစ်ယောက် ယာယီတဲနန်း နောက်ဘက်မှ ကျောက်ဆောင်သွယ်လို့ တစ်ချိုးတည်း သုတ်ခြေတင်သွားသည်။ ရဲရဲ့ . . . ရဲရဲနှင့် ရှူးရှူးပေါက်နေစဉ် . . .

"ဘိုးဘိုး . . . ဘိုးဘိုးဇူဝင်"

မင်းချင်းတစ်ယောက် အပြေးအလွှား ရောက်လာသည်။

"ဟော . . . ဘယ်သူတုန်း"



www.burmeseclassic.com

www.burmeseclassic.com

သယ်... မတော်တရော်တွေ မြင်ကုန်ပါပြီ"

"မြန်မြန်လာပါ ဘိုးဘိုး"

မင်းချင်းလှလင်သည် အရေးကြီးနေဟန် ရှိ၏။

"သယ်... ငါ့မှာ ဘယ်ကိစ္စမှ ဖြောင့်ဖြောင့်တန်းတန်း မရှိပါလားဟော့။ ဘယ့်နယ့်ကြောင့် တကြော်ကြော် ဟစ်နေရသတုန်း ဝူထုံငယ်ရဲ့"

မင်းချင်းလှလင် ဝူထုံက...

"အိမ်ရှေ့ဥပရာဇာမင်းသား အော့အန်ပြီး လဲကျသွားလို့ပါ"

"ဟေ... တယ်လည်း ကြားရချက် ဆိုးပေသကိုး။ ဘယ်မလဲ မင်းသား။ ဘယ်မလဲ မင်းသား"

ဘိုးဘိုးဇဝင် ကျောက်ဆောင်ကွယ်မှ ငေါက်ခနဲ ထလာသည်။ စိုးရိမ်ပူပန်မှု၏ သင်္ကေတများ အဘိုးကြီး၏ ရောလွှမ်းသော မျက်နှာပြင်ပေါ်တွင် ခဏအုပ်သွားသည်။

"ဆင်စွယ်ရထားပေါ်ကို ဆွဲတင်ထားတယ်။ မင်းကြီးချူချင်းကော က ဘိုးဘိုးဇဝင်ကို အမြန်ဆုံး လာခဲ့ပါတဲ့ခင်ဗျ"

"ဟေ... အေး... အေး တယ်ကောင်း။ မင်းတို့မင်းကြီးကို ပြောလိုက်ဟော့ နတ်ရွာစံပလေ့စေလို့"

"ဟာ... မလုပ်ပါနဲ့ ဘိုးဘိုးရယ်။ မြန်မြန်လာခဲ့ပါ။ မင်းကြီးဒေါသထွက်ရင် ဘိုးဘိုးဇက်ပြုတ်သွားမယ်နော်"

"အဲ့မယ်... မလောက်လေး မလောက်စားလေးကမျှား ငါ့ကို လာလှည့်မနေနဲ့။ မင်းတို့မင်းကြီးကို ငါက ကြောက်မယ်များ မှတ်သလားဟော့"

"ကောင်းပြီ ဒီလိုဆို မင်းကြီးကို သံတော်ဦးပြန်တင်လိုက်မယ် သိရဲ့ပေါ့ ခင်ဗျားကြီး"

"ဟော့... ဟော့ ဝူထုံငယ် ဘိုးဘိုးဇဝင် အမြန်ဆုံးလာပြီလို့ မင်းတို့ မင်းကြီးကို ပြန်ပြောလိုက်"

ဘိုးဘိုးဇဝင်သည် အလွန် စိုးရိမ်ပူပန်နေသော ဟန်မျိုးဖြင့် ဆင်စွယ်ရထားတော်ဘေးသို့ အပြေးအလွှား ရောက်လာ၏။

ရထားတော်ဘေးတွင် ရပ်နေသော မင်းကြီးချူချင်ကောက...

"အိမ်ရှေ့မင်းသားကို ကြည့်စမ်းပါဦးဗျာ"

"မင်းသား ဘာဖြစ်တော်မူလို့လဲ"

"ခုနတုန်းက အော့အန်တယ်။ အခု သတိလစ်သွားပြီ"

"ကဲ... မှတ်ကရော။ မင်းကြီးကို ကျွဲပမြောပဘူးလား။ တယ်အစားပုတ်တဲ့ မင်းသားပါလို့။ နောက်တစ်ခါ မင်းကြီး ကျွဲပ်ရှေ့ကဝင်ပြီး ကားဆီးကာဆီး မလုပ်နဲ့။ ဒီမင်းသားကို သိပ်မျက်နှာသာပေးလို့ ဖြစ်တာ မဟုတ်ဘူး"

"သယ်... ဒီအဘိုးကြီးနယ် ခက်လိုက်ပါဘိ။ စကားတွေ အဖျားကြီး အချိန်ကုန်ခံပြီး ပြောနေမယ့်အစား မင်းသားကို အမြန်ဆုံး ဝင်ကြည့်စမ်းပါ။ ခင်ဗျားကြီးနော် ဘုရင်မင်းမြတ်က မျက်နှာသာပေးထားပေမယ့် ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းသုံးပါး ရွေးလိမ့်မယ်မထင်နဲ့။ ရထားပေါ်ကို မြန်မြန်တက်စမ်း"

မင်းကြီးချုချင်ကောသည် ဘိုးဘိုးဇူဝင်၏ တင်ပါးကို ဓားပြားနှင့် ရိုက်လိုက်၏။ သည်တော့မှပင် သမားတော်ကြီးသည် ရထားပေါ်သို့ ဒရောသောပါး တိုးလျှိုးတက်သွားသည်။

"ပျို့တယ်၊ အန်တယ်ဆိုတာ အာပေါလွန်လို့ပါ။ အာပေါလွန်ခိုက် တေဇောလိုက်ဆိုတဲ့ ဆေးကျမ်းတော်ကြီးတွေရဲ့ နူတ်ခမတ်တော်အတိုင်း ဟဲဟဲ ဟိုဆေးတော်ကြီးကို တိုက်ရင် လွန်စွာ သင့်လိမ့်မယ်ပ"

"သယ်... လျှာရှည်လိုက်တာ။ ဒီအဘိုးကြီးနယ် တိုက်စရာရှိတဲ့ ဆေးတော်ကို မြန်မြန်တိုက်လိုက်ပါလား။ ကြန့်ကြာနောင့်နေးမနေစမ်းပါနဲ့ဗျာ"

"ဒါ... လွယ်လွယ်လေးပါ မင်းကြီးရဲ့။ သိပ်လည်း စိုးရိမ်မနေစမ်းပါနဲ့။ နောက်တစ်နာရီခန့်ဆိုရင် မင်းသား ပြန်သတိရလာမှာပါ"

ဘိုးဘိုးဇူဝင်က ရထားတော် ပြတင်းနားတွင် စိုးရိမ်စွာ ရပ်၍ စောင့်ဆိုင်းနေသော မင်းကြီးကို လှမ်းပြောသည်။

မင်းကြီးက...

"ရှေ့တော်ပြေး စစ်သည်တွေ တောင်ချီသွားကြပြီ။ မြင်းလှလင်ကျော်ကို လွှတ်ပြီး သူတို့နောက်ကို လိုက်ခိုင်းဦးမှပဲ။ အခုလောက်ဆိုရင် ခရီးတာလီတစ်ရာလောက်တောင် ရောက်ကရော့မှတ်တယ်"

ဘိုးဘိုးဇူဝင်က...

"ဘာကြောင့် မြင်းလှလင်ကျော်ကို လွှတ်မလဲ။ ရှေးဦးတပ်တွေ ချီမြဲတိုင်း ချီနှင့်ပါစေ။ ဒီဆင်စွယ်ရထားတော်ကိုသာ မြန်မြန်နှင့်ဖို့ ရထားမှူးကို မိန့်တော်မူပါ မင်းကြီးရဲ့"

"အို... မင်းသားရဲ့ အခြေအနေက ရထားတော် ဆောင့်တာကို ခံနိုင်ပါ့မလားဗျာ"

"ဒီဟာလောက်များ မပူပန်စမ်းပါနဲ့လေ။ ကျုပ် ဆေးတော်ကြီး ဗိုက်ထဲဝင်သွားရင် မင်းသား ထထိုင်သွားမှာပါ။ ရထားတော်ကို နှင်သာနှင်ပါ မင်းကြီး"

"မင်းသား တစ်ခုခုဖြစ်ရင် ခင်ဗျားကြီး မစားသာဘူး ကြားစ အဘိုးကြီး"

"ဒီမှာ... ဇက်ဖြတ်ခံမယ် ဇက်ဖြတ်ခံမယ်"

ခေါင်းခါခါ၊ လည်ခါခါနှင့် ပြန်ပြောလိုက်သည်။

သမားတော်ကြီး ဇူဝင်၏ ရဲဝံ့ပြတ်သားသော အာမခံချက်ကို ရရှိသဖြင့် မင်းကြီးချုချင်ကောသည် ဆင်စွယ်တော် ရထားတော်ကို မောင်းမည့် ရထားထိန်းအား အမိန့်ပေးလိုက်လေတော့၏။

"ဟေ့... ဟိုလုံငယ် အသော့အမြန်နှင်စေ"

**မောင်နှင်းဆွေ**
**ရွှေလဆက်ဖတ်ပါ**



www.burmeseclassic.com

www.burmeseclassic.com

အသက်ပေးရှိသောက်ကြသူများ

အောင်ဆန်းလင်း(တီအေ)

# အရက်တစ်ခွက် အသက်တစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com

(၁၉၉၂) ခုနစ်ကာလ

အောက်မြန်မာပြည်၏ ဇူလိုင်လသည် မိုးဖြိုင်ဖြိုင် ရွာသွန်းနေလေ့ရှိသည်သာ ဖြစ်သည်။ ခြောင်း။ လက်ခင်းသာမည့် မိုးစဲသောနေ့ကို စောင့်မျှော်နေခဲ့ရသည်မှာ ရက်အတန်ပင် ကြာညောင်းခဲ့လေပြီ။ နေမပူ၊ မိုးမရွာသော နေ့တစ်နေ့၏ နေ့လည်ပိုင်းတွင် ရန်ကုန်မြို့လည်ရှိ ဆိုင်တစ်ဆိုင်မှ တီဗွီတစ်လုံး ဝယ်ယူပြီး အတူးကားဖြင့် ကျွန်တော် ပြန်လာခဲ့သည်။

အိမ်ကို ပြန်ရောက်ရှိလျှင် ညှဉ်သည်တစ်ယောက် ရောက်ရှိနေသည်ကို တွေ့ရသည်။ ညှဉ်သည်ကား တခြားမဟုတ်ပေ။ ကျွန်တော်၏ဇာတိ မိတ္ထီလာမြို့တွင် နေထိုင်သူ ညီအရင်း ဖိုးတုတ်ဖြစ်လေသည်။ သူက ဝယ်လာခဲ့သော တီဗွီကို ကားပေါ်မှ မ,ယူပြီးနောက် အိမ်ထဲသို့ ပို့ဆောင်ကူညီပေးလေသည်။

"ရောက်နေတာ ကြာပြီလား ဖိုးတုတ်"

"မကြာသေးပါဘူး အစ်ကို။ နာရီဝက်လောက်ပဲရှိဦးမယ်"

မိဘ၊ ညီအစ်ကို၊ မောင်နမများနှင့် ခွဲခွာပြီး ကျွန်တော်တို့ မိသားစုက ရန်ကုန်မြို့တွင် အခြေချနေထိုင်ခြင်း ဖြစ်သဖြင့် ယခုလို ညီတစ်ယောက် အလည်ရောက်ရှိလာသောအခါ အားလုံး ဝမ်းသာ ပျော်ရွှင်ကြရလေသည်။ ထို့နောက် မတွေ့ရတာကြာပြီဖြစ်သော မိတ္ထီလာမြို့ရှိ မိဘနှစ်ပါးနှင့် သားချင်း ဆွေမျိုးများ အကြောင်းမေးမြန်းပြောဆိုကြနှင့် "ပြောမဆုံးပေါင် တော်သုံးကောင်" ဖြစ်နေကြလေသည်။

ညီဖြစ်သူ ဖိုးတုတ်သည် အဝေးပြေး ကုန်တင်ကားကြီးများကို မောင်းရသော ကားမောင်းသမားဖြစ်ပြီး ယခုလည်း ရန်ကုန်သို့ ကုန်အော်ဒါ ရရှိသဖြင့် ပို့ရင်း အစ်ကိုဖြစ်သူ ကျွန်တော်အိမ်ကို ခရီးကြုံတုန်း အလည် ဝင်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

"အေးကွာ... တစ်ဝမ်းတစ်ခါးအတွက် သူသူကိုယ်တိုင် လူတွေ ရုန်းကန်လှုပ်ရှားနေကြရတာချည်းပါပဲ။ ခုလို လမ်းကြုံတုန်း ရောက်အောင် ကြိုးစားပြီး ဝင်လာခဲ့တော့လည်း တို့ ညီအစ်ကိုချင်း တွေ့ရ၊ စကားပြောရတာ ပေါ့ကွာ။ နောင်ကိုလည်း ဝင်လာနိုင်အောင် ကြိုးစားပါ"

ဖိုးတုတ်သည် ကျွန်တော့်အိမ်ကို အရောက်လာခဲ့ရသော်လည်း ဘုရင့်နောင်ပွဲရုံတန်းတွင် ထားရစ်ခဲ့ရသော သူ၏ကားနှင့် စပယ်ယာကို စိတ်မချပေ။ အခွင့်အရေးရလျှင် သူ၏ စပယ်ယာသည် ကားကို တက်မောင်းချင်လေ့ရှိသည်။ ကားကို တက်မောင်းပြီး အဆင်ပြေလွှင့် အကြောင်းမဟုတ်ပေ။ အလွန်ကားရှုပ်လှုပ်သော ဘုရင့်နောင်ဈေးကြီးထဲတွင် ကားကို စပယ်ယာက ဘက်မောင်းရင် တစ်စုံတစ်ရာ ဘေးဥပဒ်ဖြစ်ပွားမည်ကို စိုးရိမ်၍ အစ်ကိုဖြစ်သူ ကျွန်တော့်အိမ်တွင် ညမအိပ်နိုင်တော့ဘဲ သူကားရှိရာ ဘုရင့်နောင်ပွဲရုံတန်းကို ပြန်ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။

"အေးလေ... မင့်မှာ အခက်အခဲဖြစ်နေရင်လည်း ကားရှိရာကိုပဲ ပြန်အိပ်ပေါ့။ စပယ်ယာ တက်မောင်းလို့ တစ်ခုခုဖြစ်ရင် အုံနာ(ကားပိုင်ရှင်)က ဒရိုင်ဘာ(ယာဉ်မောင်း)ကိုပဲ အပြစ်တင်မှာ သေချာတယ်။ ဒါပေမဲ့ ဒီနေ့ ညစာကိုတော့ အစ်ကို့အိမ်မှာ စားပြီးမှ ပြန်ပေါ့ကွာ"

ကျွန်တော်သည် ဤသို့ဆိုရင် ဇနီးဖြစ်သူ အိမ်ရှင်မကို ညှော်သည်အား ညစာစောစောကျွေးမွေးနိုင်အောင် ဆော်သြရပြန်လေသည်။ ည သိပ်မမှောင်သေးမီ ဖိုးတုတ်အပြန်ခရီး အဆင်ပြေရေးအတွက် ဖြစ်လေသည်။ ထို့ကြောင့် ပုန်း ညစာထမင်းစားချိန်ထက် စောပြီး ညနေလေးနာရီခွဲခန့်တွင် ညီဖြစ်သူ ဖိုးတုတ်နှင့်အတူ ကျွန်တော်တို့ မိသားစု ဆောင်ရွင်စွာ ထမင်းစားဖြစ်ကြလေသည်။

ထမင်းဝိုင်းပွဲတွင် အားလုံး ထိုင်မိချိန်တွင် ဖိုးတုတ်သည် ထိုင်နေရာမှ ပြန်ထလိုက်သည်။ ယခု အချိန်ကာလမျိုးတွင် ဖိုးတုတ်၏ ထူးခြားသည့် အပြုအမူကို ကျွန်တော် သတိထားစောင့်ကြည့်နေမိသည်။ တစ်ယောက်တစ်နယ်ဆီမှာ နေကြသော ညီအစ်ကို ဖြစ်ကြသော်လည်း "လူသတင်းကို လူချင်းသယ်ဆောင်"လေသည်။ ဖိုးတုတ်၏ လူပ်ရှားမှုကို ကောင်းစွာ သဘောပေါက်သဖြင့်...

"ထမင်းစားဝိုင်းမှာ စားတော့မယ်လို့ ထိုင်မိပြီးကာမှ ဒါက ဘယ်လို ဖြစ်ရပြန်တာလဲ ပြောပါဦး"

ကျွန်တော့် စကားကို ရုတ်တရက် အဖြေပေးရန် သူမှာ အခက်တွေ့နေပုံ ပေါ်သည်။ ခဏကြာမှ...

"အစ်ကိုရာ ကန်တော့နော်။ ဒီအဝိုင်း ထမင်းစားမယ်ဆို ကျွန်တော်ရင်ခံနေမယ် ထင်တယ်"

သူ့စကား စကတည်းက ဖိုးတုတ် ဘာကိုဆိုလိုသလဲဆိုတာ သဘောပေါက်ထားပြီး ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က အလိုက်သိစွာပင် စကားဆိုရတော့လေသည်။

"ကောင်းပြီ ထမင်းကို လွယ်လွယ်မြိုချလို့ အဆင်ပြေအောင် ချောဆီလိုနေတာမို့လား။ ရပါတယ်။ အစ်ကို့အိမ်မှာ အဆင်သင့်ရှိပါတယ်။ ဒါလေးအတွက်များ ဆိုင်ကို ပြေးနေစရာ မလိုပါဘူး။ အခက်အခဲကို ညီအစ်ကိုချင်း ပွင့်ပွင့်လင်းလင်း ပြောပြမှပေါ့"

ပဟေဠိဆန်သော ညီအစ်ကို နှစ်ယောက်၏ စကားလုံးနံဘေးမှ တအံ့တသြ နားထောင်နေသော ဇနီးအား ကြောင်အိမ်ထဲရှိ အရက်ပုလင်းကို သွားယူခိုင်းလိုက်ရသည်။ ထို့နောက် ဖန်ခွက်နှင့် ထည့်တိုက်လိုက်ရလေသည်။ (ဤအရက်ပုလင်းကလည်း မကင်းရာမကင်းကြောင်း သူလို ထူးခြားညှော်သည်များအတွက် အသင့်ဆောင်ထားခြင်း ဖြစ်လေသည်)။

အချိန်အခါနှင့် အခြေအနေ အရပ်ရပ်သည် ညီတစ်ယောက်ကို ဤ



www.burmeseclassic.com

www.burmeseclassic.com

သို့ ညည့်ခံရုံမျှအပ အခြားနည်းလမ်း မရှိပါ။ ကျွန်တော့် ရင်ထဲမှာတော့ "ဒီအတိုင်းသာဆိုရင် ဒီကောင်တော့ မလွယ်ဘူး" ဟုသာ ဆိုနေမိလေသည်။ ဖိုးတုတ် အရက်သောက်တတ်ကြောင်း ရပ်ဝေးမှာ နေရသော်လည်း ကျွန်တော် သိထားပြီးဖြစ်ပေမယ့် ယခုလောက် အရက်စွဲနေမည်ဟု မထင်ခဲ့ပေ။

ကျွန်တော့်အိမ်တွင် ဖိုးတုတ် အားတိုက်လိုက်ရသော ထိုအရက်တစ် ခွက်သည်လည်း ဘဝတွင် ပထမနှင့် နောက်ဆုံးဆိုတာကို ထိုစဉ်က မသိရှိ ခဲ့ပါ။ ယခု ညစာ ထမင်းဝိုင်းသည်လည်း သူနှင့်အတူ နောက်ဆုံး စားသောက်ခဲ့ရ တာဖြစ်ကြောင်း နောင်မှ သဘောပေါက် ခွင့် ရခဲ့သည်။ ဖိုးတုတ် ပြန်သွားပြီး လေး၊ ငါးလခန့် အကြာတွင် ကျွန်တော့် ထံ မိတ္ထီလာမှ ဖုန်းဆက်လာခဲ့သည်။ သွေးဝမ်းရောဂါဖြင့် ဖိုးတုတ်သေဆုံးသွား ကြောင်း။ လကွယ်နေ့မှာ သေဆုံးခြင်း ဖြစ်သဖြင့် သေသူကို လက်ူးပြီး မထား ရ" ဟူသော ရိုးရာဓလေ့ထုံးစံကြောင့်

**ဒီလက်ဝတ်၊ လက်စားတွေက ကျွန်မအစ်ကိုတွေ ဆင်ပေးထားတာတွေပါ။ ဒါကြောင့် ကျွန်မက သူ့ဆန္ဒကို မလိုက်လျောနိုင်ခဲ့ဘူး။ ခုတော့ သူက အသက်နဲ့ ရင်းသွားရတော့ ကျွန်မလုပ်တာ မှား . . . မှား'**



နေ့ချင်းသင်္ဂြိဟ်ရလိမ့်မည်ဖြစ်ကြောင်း သိရလေသည်။ (ထိုအချိန်က ရန်ကုန် မန္တလေးလမ်းပေါင်းမျှသာ ရှိသေးသည်။ ကိုယ်ပိုင်ကားရှိလျှင်ပင် နေ့ချင်း အရောက် ရန်ကုန်မှ မိတ္ထီလာကို သွား ရန် မလွယ်ကူသေးပါ)။

ကျွန်တော်လည်း ယခု ပြန် မလာနိုင်ကြောင်း၊ ဖေဖော်ဝါရီလကုန် ရက်လောက်မှသာ ပြန်လာခဲ့မည်ဖြစ် ကြောင်း ပြန်ပြောလိုက်ပါသည်။

ကျွန်တော့်မှာ မွေးချင်း(သား ချင်း) ကိုးယောက်ရှိရာ အငယ်ဆုံးညီ လေး ဇော်ဝင်းအောင်သည် အသက် ၂၀ နှစ်ခွဲခန့် အရွယ်တွင် ဝမ်းလျှောရှု သေဆုံးခဲ့သဖြင့် ညီအစ်ကိုမောင်နမ ရှစ်ယောက်ကျန်သည်။ ယခုတစ်ခါ ညီ ဖြစ်သူ ဖိုးတုတ်သည် အသက် ၃၇ နှစ် တွင် သေဆုံးပြန်သဖြင့် မွေးချင်းခုနစ် ယောက်သာ ကျန်တော့လေသည်။

မကြာသေးမီက အစ်ကိုအကြီး ဆုံး အလုပ်က ရန်ကုန်ကို ပြောင်းရွှေ့ ရောက်ရှိလာခဲ့သည်။ ကျွန်တော်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မှာသာ အခြေချသည်။ ကျွန်ညီ အစ်ကို မောင်နှမများသည် ဂိတ္ထိလာမြို့မှာသာ ရှိကြလေသည်။ မိဘများလည်း မိတ္ထိလာမှာသာ နေထိုင်ကြသည်။

ကျွန်တော့်တွင် သားနှစ်ယောက်ရှိရာ နှစ်ယောက်လုံး မူလတန်းကျောင်းသားများ ဖြစ်ကြသည်။ သူတို့နှစ်ယောက်၏ အတန်းတင်စာမေးပွဲကြီး ပြီးဆုံးချိန် ဖေဖော်ဝါရီလ နောင်းပိုင်း အချိန်ကာလသည် ကျွန်တော့်အတွက် အားလပ်ခွင့်ရသလို ခရီးသွားရန် အချိန်ကောင်းဖြစ်လေသည်။ ရာသီဥတုကလည်း မပူလွန်း၊ မအေးလွန်း၍ အဆင်ပြေသည်။

ဆယ်တန်းစာမေးပွဲများ မပြီးစီးသေးမီ (မတ်လအလယ်) အချိန်ကာလအထိ ခရီးသွား၍ ကောင်းသေးသည်။ ဆယ်တန်းစာမေးပွဲ ပြီးစီးသွားချိန်ဖြစ်၍ ခရီးသွားလာသူများပြားလာသဖြင့် အေးအေးဆေးဆေး သွားလာချင်သူအတွက် အဆင်မပြေတော့ပေ။

မတ်လကုန်နောက်ပိုင်းတွင် ခရီးသွားလာသူများကို သင်္ကြန်မတိုင်မီ ကြိုတင်၍ ရေပက်ကြသဖြင့် ဆိုးရွားလှသည်။ အထူးသဖြင့် ရထားစီး ခရီးသွားညှဉ်းဆဲသည်များက ပိုမိုခံစားကြရလေသည်။

သက်ရှိထင်ရှား ရှိနေဆဲ မိဘများကိုလည်း ကန်တော့ရန် ဖေဖော်ဝါရီလ မကုန်မီ မိတ္ထိလာမြို့သို့ ကျွန်တော် ရောက်ရှိသွားသည်။ နှစ်စဉ်လိုလို ဤအချိန်ကာလတွင် ကျွန်တော် ပြန်ရောက်လာမြဲဖြစ်ရာ ယခုနှစ်တွင် ဖိုးတုတ်၏ နာရေးကိစ္စကြောင့် ကြေကွဲဝမ်းနည်းဖွယ်ရာ အတိုပြီးသော ခရီးဖြစ်နေလေသည်။

ကျွန်တော် ပြန်ရောက်လာတိုင်း မိဘများရှိနေသော နေအိမ်သို့သာ ဦးဆုံးသွားမြဲ ဖြစ်သည်။ ဖိုးတုတ်၏ ကိစ္စအတွက် သခင်ရသဘောကို ရင့်ကျက်ပြီးသူများဖြစ်သော မိဘများက တရားဖြင့် ဖြေနိုင်ကြသော်လည်း ဖိုးတုတ်နှင့် အထက်အောက်ဖြစ်သူ ကျွန်တော့်ညီမ မစန်းက မဖြေနိုင်ဘဲ ပြောလိုက်၊ ငိုလိုက် လုပ်နေလေသည်။ အခြေအနေ အသေးစိတ်ကို ဂယနဏ မသိသေးသူ ကျွန်တော်က နားထောင်ရသူဖြစ်သည်။

ထိုအချိန်မှာပင် ကျွန်တော် ရောက်ရှိကြောင်း သတင်းကြားသဖြင့် ဖိုးတုတ်၏မိန်းမ မရင်နွယ်နှင့် သားသမီး သုံးယောက် ရောက်ရှိလာလေသည်။ ရောက်ကတည်းက မရင်နွယ်က ငိုရင်း စကားပြောသည်။ ဖိုးတုတ် သေဆုံးမှု နောက်တွင် ကျန်ရစ်သူများကြား တစ်ဦးအပေါ်တစ်ဦး မကျေနပ်ချက်များ ရှိနေကြောင်း သူတို့စကားများအရ သိလာသည်။

"အစ်ကို ကျွန်မ မှားသွားသလားမသိဘူး။ ကိုဖိုးတုတ်က ကျွန်မကိုယ်မှာ ဝတ်ဆင်ထားတဲ့ ဆွဲကြိုးနဲ့ လက်ကောက်၊ လက်စွပ် စတာတွေကို ပေါင်နှံရောင်းချပြီး သူ့ကို ဆေးကုပေးစေခဲ့တယ်။ ဒီလက်ဝတ်၊ လက်စားတွေက ကျွန်မအစ်ကိုတွေ ဆင်ပေးထားတာတွေပါ။ ဒါကြောင့် ကျွန်မက သူ့ဆန္ဒကို မလိုက်လျောနိုင်ခဲ့ဘူး။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com

သူက အသက်နဲ့ ရင်းသွားရတော့ ကျွန်မလုပ်တာ မှား... မှား"

မရင်နွယ်သည် သူ့စကားကို ဆုံးအောင် မပြောနိုင်ဘဲ ဆို့နစ်နေသည်။

"ဟဲ့... မရင်နွယ် ငိုလိုက်တော့ ငိုလိုက်"

စကားပြောရင်း တက်နေမှာ စိုးရိမ်ရ၍ မရင်နွယ်ကို ငိုခိုင်းနေရခြင်း ဖြစ်လေသည်။

"မရင်နွယ် ညည်းဆုံးဖြတ်တာ မှန်တယ်။ လုံးဝ မမှားဘူးလို့ အစ်ကို မြင်တယ်"

ကျွန် တော့် စကားကြောင့် မရင်နွယ်က ကျေနပ်သွားမည်ဖြစ်သော်လည်း ကျွန်တော့်ညီနှင့် ညီမများကတော့ နားမလည်နိုင်ကြသော မျက်နှာနှင့် ကြည့်နေကြလေသည်။

"ညည်းရဲ့ယောကျ်ားဖိုးတုတ် အသည်းရောင် (အသားဝါ)ရောဂါ ဖြစ်တော့ ဆရာဝန်နဲ့ ကုသလား"

"ဟုတ်ကဲ့ ကုပါတယ်"

"ဆရာဝန်က ရောဂါကို ကုသရင်း အရက်သောက်လို့ မရဘူး။ အရက်ကို ဖြတ်ပါလို့ မပြောဘူးလား"

"ပြောတာပေါ့ အစ်ကို။ ပြောလည်း နားမထောင်ပါဘူး။ အရက်ကို သောက်တယ်။ ဆရာဝန်က ခြောက်လကြာအောင် အရက်မသောက်ရဘူးလို့ ပြောတာလေ"

ထိုအခါ ကျွန်တော်က...

"ဘယ်သူမပြု မိမိမှလို့ ခုံတယ်။ ခွေးပြီးကောက် ကျည်တောက်စွပ်ဆိုတာမျိုးကို လုပ်တော့ သူရောဂါသိကြားမင်းဆင်းလာပြီး ကုရင်တောင် ရမှာမဟုတ်ဘူး။ အရက်ကို ဖြတ်ထားရင် ဆေးကုဖို့တောင် မလိုဘူး။ သက်သာပျောက်ကင်းသွားမယ်"

"အစ်ကိုပြောတာ ဟုတ်တယ်ဆို။ ဆရာဝန်ကလည်း အစ်ကိုပြောသလိုပဲ ပြောတယ်။ အစ်ကိုပြောတဲ့ စကားကို နားထောင်လိုက်မှ ကျွန်မ စိတ်သက်သာရာ ရသွားတယ်။ စောစောကတော့ ကိုယ့်ကိုယ်ကို အပြစ် ရှိသူလို ခံစားနေရတာ"ဟု ပြောရင်း ရှိုက်နေပြန်သည်။ စင်စစ် မရင်နွယ်သည် အလွန်စကားနည်းသူ ဖြစ်သည်။ ယခုတော့ ရင်ထဲက ခံစားချက်ကြောင့် စကားများများပြောနေသည်။

"အစ်ကိုညီက ကျွန်းမာရေးမကောင်းလည်း ဆရာဝန်စကား နားမထောင်ဘူး။ အရက်ကို နေ့တိုင်းသောက်တာပဲ။ သူက အရက်စွဲနေတာကိုး။ အရက်နဲ့မိန်းမ ဘယ်သူကို ဖြတ်မလဲ မေးရင်တောင် အရက်ကို ဖြတ်မှာမဟုတ်ဘူး။ မိန်းမကိုသာ ဖြတ်မပဲ့လူစားမျိုး"

"ဒီလိုပါပဲ အရက်သမားတွေ အသည်းရောင်ရောဂါ ရပြီဆိုရင် သေကြရတာတွေ များပါတယ်။ ရောဂါနည်းနည်း သက်သာတာနဲ့ သူတို့က အရက်ကို ပြန်သောက်ကြတာဆိုတော့ ရောဂါပြန်ဖြစ်ရတယ်။ ဘယ်လောက် ဆေးကုသနေလည်း အိတ်ပေါက်နဲ့ ဖားကောက်သလို အရာမဝင်ဘူးပေါ့။ ကြာလာတော့ အသည်းက လုံးဝပျက်စီးသွားလို့ ပုံမှန်ကျွန်းမာရေးကို မရနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ဒီလူ သေရဲပဲရှိတာပေါ့။ အရက်သမား တစ်ယောက် အရက်ဖြတ်ဖို့ဆိုတာက ကိုယ့်စိတ်ကို နိုင်ဖို့လိုတယ်။ အရက်နဲ့ ပတ်သက်တဲ့ ပတ်ဝန်းကျင်၊ အပေါင်းအသင်း၊ မိတ်ဆွေတွေကိုလည်း ရှောင်ရတယ်။ ညစာ ထမင်းစောစောစားလိုက်ရတယ်။ ထမင်းစားပြီးရင် အရက်ကို သိပ်မတမ်းတတော့ဘူး။ ဖိုးတုတ်က ဒါတွေ မလုပ်နိုင်တာ သူအမှားပေါ့"

အသည်းရောင်ရောဂါ ရရှိပြီး နောက် ဖိုးတုတ်၏ လူဘဝနောက်ဆုံး နေ့ရက်များကို ပြန်ကြည့် သော်ကျန်းမာရေးမကောင်းသဖြင့် နေ့စဉ် ပုံမှန် ကားမမောင်းနိုင်တော့၊ မောင်းနေကျကားကို တခြား ကားမောင်းသမား တက်မောင်းနေပြီဖြစ်၍ လက်လွှတ်လိုက်ရသည်။ သူမှာ ကားမောင်းသမားတစ်ယောက်အတွက် ကားမောင်းတာမှအပ အခြားအလုပ်ကို မလုပ်တတ်သလို ဖြစ်နေသည်။ သားသမီးသုံးယောက်နှင့် ဒီသားစု စားဝတ်နေရေးအတွက် ခေါက်တိုကားမောင်းသမားဘဝ ရောက် ရှိလွားလေသည်။

ခေါက်တိုကားမောင်းသမား ဟူသည် မြေပြန့်တွင် မောင်းနေကျ ကားမောင်းသမား တချို့သည် တောင်ပေါ် ကားလမ်း (တစ်ဖက်က နက်ရှိုင်းသော ချောက်ကြီး တစ်ဖက်က တောင်နံရံကြား)မှာ မမောင်းဝံ့တတ်ကြပါ။ ထိုနေရာမျိုးကို ရောက်ရှိလျှင် ဝင်ရောက်မောင်းနှင်ရန် တောင်ပေါ်လမ်းတွင် ကျွမ်းကျင်စွာ မောင်းတတ်သူ ဖိုးတုတ်တို့လို ကားမောင်းသမားကို ကြေးကောင်းပေးပြီး ခေါ်ဆောင်သွားရလေသည်။

တောင်ပေါ် ကားလမ်းဆိုသည်က အောင်ပန်း၊ ကလော၊ တောင်ကြီး တစ်လျှောက်ရှိ ကားလမ်းကြောင်းနေရာများ ဖြစ်သည်။ တောင်ပေါ်ဒေသများ ဖြစ်သဖြင့် ရာသီဥတုက အအေးပိုသည်။ အရက်သမားတို့ နှစ်သက်သည့် ရာသီဥတုမျိုးဆိုက မများပေ။ ထိုဒေသတွင် အရက်ကလည်း အလွန်ပေါသည်။ အရက်အမျိုးမျိုးလည်း စုံလင်သည်။

ထို့ကြောင့် အရက်ဖြတ်ရမည့် အရေးအကြီးဆုံး အချိန်ကာလတွင် ဖိုးတုတ်က အရက်စည်ထဲသို့ ခုန်ချလိုက်သလို အခြေအနေမျိုး ရောက်ရှိသွားလေသည်။

"မနေ့ညတွေဘာဝေါ့၊ ဒုလ္လဘော" လူဘဝဟူသည် ရခဲဘိဟု ဆိုသော်ငြား ရခဲလှသော လူဘဝ၊ တိုတောင်းလှသော လူ့သက်တမ်း ကာလအတွင်း ဖိုးတုတ်ကတော့ သူနှစ်သက်သော အရက်ကို အသေခံသောက်ပြီး ဇနီးနှင့် သားသမီးများကို နှုတ်ဆက်၍ တမလွန်ခရီးကို အပြီးထွက်ခွာသွားလေပြီ။

ဖိုးတုတ်၏ သမီးက စားပွဲပေါ်တွင် အသင့်တွေ့ရသော မဂ္ဂင်းစာအုပ်တစ်အုပ်ကို ကောက်ယူဖတ်ရှုနေသည်။ သားနှစ်ယောက်က မျက်နှာချင်းဆိုင်ပြီး ကစားနေကြသည်။ နေအိပ်အတွင်း အလင်းရောင်အား နည်းလာ၍ လေးမြီးချောင်းကို ဖွင့်ထားလိုက်သည်။ အိမ်အပြင်ဘက်တွင် အမောင်ရိပ်စ

www.burmeseclassic.com

သိသိ လွှမ်းမိုးနေလေပြီ။

နယ်မြို့မျှသာဖြစ်သော မိတ္ထီလာမြို့တွင် ဓာတ်တိုင်လမ်းမီး ဝါကျင်ကျင်လေးများသည် ကျိုးတိုးကျဲတဲသာ လင်းနေကြသည်။ မီးမိုတ်နေသော မီးတိုင်က များသည်။

ကျွန်တော်၏ မိတာများနေအိမ်သည် မြို့စွန်ကျသော ပေါက်ချောင်းကွက်သစ် ရပ်ကွက်တွင် တည်ရှိသည်။

မရင်နွယ်နေထိုင်ရာ မြို့လည်သို့ ပြန်ရန် ခရီးကလည်း အတော်လေး လှမ်းလေသည်။ ကလေးများနှင့် သူမ၏ အပြန်ခရီးကို စိတ်မချ၍ ကျွန်တော် လိုက်ပို့ပေးရပေလိမ့်မည်။

အိမ်ပြန်ခရီးကို မေ့လျော့နေပြီး စကားပြောလိုက်၊ ငိုလိုက်နှင့် ခံစားချက်များကို ရင်ဖွင့်နေဆဲဖြစ်သော မရင်နွယ်၏ သားသမီးသုံးယောက်နှင့် အတူ ဖြတ်သန်းကျော်လွှားရမည့် အမောင်လွှမ်းသော ဘဝခရီးကြမ်းကြီးကို လွှန်မြောက်ဖို့ဆိုတာက···။

စာကြွင်း။ ။ အရက်ကြောင့် လွှန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က သေဆုံးသွားခဲ့သော ညီလေးဖိုးတုတ်သို့ အမှတ်တရ။

ပါပသို့ ရမတိ မနော

**အောင်ဆန်းလင်း(ဘီ-အေ)**


**သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"**

**ကွန်ပျူတာဖောင်ဒေးရှင်း**

**မှာ**

**အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။**

သင့်ရင်သွေးအတွက် အကောင်းဆုံးနာမည်များ၊ ဟောစာတမ်းများ၊ တြိဘင်္ဂ ဇာတာများကို ကွန်ပျူတာဖြင့် ရွေးချယ်ပေးပြီး အိမ်အရောက် ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီးယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်မိုးမိုး** (နာမကွရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

**၀၁-၂၂၈ ၆၆၅ ၊ ၀၉-၇၃၁ ၅၅ ၇၃၁**

**၀၉-၇၃၁ ၇၅ ၇၃၁ ၊ ၀၉-၅၁ ၇၄၂၂၆**

**web site : www.baydathukhuma.com**

အမှတ်-၄၆၊အခန်း-၆၊ နံ့သာလမ်း၊အလုံမြို့နယ်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသောအမြစ်

# ဇမ္ဗူကံဝင်စား

ရွှေဖြူသာထွန်း

www.burmeseclassic.com

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

တစ်ခါတစ်ခါ လူလောကကြီးက စိတ်ကူးယဉ်စိမ်မက်ထက် တကယ့်ဖြစ်ရပ်မှန်က ဆန်းကြယ်လှပေသည်။ ဆန်းကြယ်လှသည့် ဇာတ်လမ်းတစ်ပုဒ်ကို ပြောရရင် ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းလေးဆယ်က ဖြစ်ရပ်မှာ ဇာတ်လမ်းက ဒီလို ...။

(၁)

မြတဲ့ကျွန်း အောက်မြတဲ့ကျွန်းဟု ခေါ်ကြသည်။ မြစ်လယ်တွင် ကျွန်းကုလားဟု ပြောရမည်။

မြတေးကျွန်းတွင် ရွာကလေးတွေ၊ ရွာမရွာ၊ ကျောက်တန်းရွာ၊ တောက်လူတောင်ရွာ၊ ပြိန်ရောင်ရွာဟု တစ်ရွာနှင့် တစ်ရွာ အနီးကလေး။ ဘုန်းကြီးကျောင်းက တစ်ကျောင်းစီးသည်ရှိသားပွင့်လင်းပြီး ရေလုပ်ငန်းနှင့် လယ်ယာဥယျာဉ်အလုပ်ကို အသက်မွေးဝမ်းကျောင်းကြသည်။

ရွာမရွာ အိမ်ခြေက တစ်ရာလောက်ရှိသည်။ ကွမ်းသီးပင်၊ အုန်းပင်တန်းနှင့် ပျော်စရာကောင်းလှသည်။ အမျိုး လူပျို ကာလသားတွေ ဟိုရွာဒီရွာ စုပေါင်းပြီး ဘုန်းကြီးကျောင်းတွင် သင်္ကြန်၊ ဝါဆိုဝါကျွတ် အလှူလုပ်ရင်း ဥပုသ်သည်တွေကို ကုသိုလ်ဒါနပြုရင်း လက်ဆုံပွဲတွေ၊ သူတို့ဒေသ တောခေတ် အတိုင်း ပျော်မဆုံး၊ မော်မဆုံး ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုသလို တစ်ရွာနှင့်တစ်ရွာ မုန့်မျိုးစုံနဲ့ တည်ခင်းဧည့်ခံကျွေးမွေးကြသည်။ အပျော်ဆုံး ပျော်နေကြသူက ကိုစိန်အောင်နှင့် မမြမြတို့ချစ်သူစုံတွဲပင်။ သည်နှစ် ဝါမဝင်ခင် လက်ထပ်ကြတော့မည်။ နှစ်ဦးနှစ်ဖက် မိဘတွေကလည်း သဘောတူပြီးသား။

သူတို့ကတော့ ရွာမရွာသားငယ်သူငယ်ချင်းတွေ ဖြစ်သည်။

ဘုန်းကြီးကျောင်းအောက်ရေကန်တွင် ချစ်သူနှစ်ဦး ထိုင်လိုက်ကြသည်။

တစ်ယောက်ကိုတစ်ယောက် အပြုံးကိုယ်စီနှင့်

"စိန်အောင်"

မမြမြက အတွေးကိုစိုက်ပြုံးခွင်းထိုက်သည်။

"ဘာလဲ ချစ်ချစ်"

"ဟာ... နင်ကလည်း ဒီကအကောင်းပြောမယ့်ဟာကို စပ်ဖြဲဖြဲနဲ့ သွားကွာ"

"ချစ်လို့ စတာပါ မြမြရာ။ ပြောလေ ဒီကားကြားချင်နေပြီ အရေးကြီးနေလို့လား"

"ဒီလိုလေ နင်နဲ့ငါ လက်ထပ်ပြီးရင် အိမ်ခွဲပေးမယ်တဲ့ အဲဒါ"

"ကောင်းတာပေါ့။ ကိုယ့်အိမ်ကိုယ့်ရာနဲ့ဆို အလုပ်ကြိုးစားရမှာပေါ့ မြမြရာ။ မကောင်းဘူးလား"

"အဖေကတော့ ပြောတယ်။ ဒီနှစ် လက်ကို မဲလုပ်တော့ဘူးတဲ့။ နင်နဲ့ငါ တာဝန်ယူရမယ်တဲ့"

"အဲဒါလည်း မှန်တာပဲ။ နင့်အဖေက အသက်လည်းကြီးနေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

ကိုစိန်အောင် မမြေမြလက်ကို
ကိုင်ပြီး ပြောလိုက်သည်။

မမြေမြကတော့ ပြုံးနေသည်။
သူမ မျက်နှာသည် လမင်းကြီးထက်
သာနေသယောင်။ ကိုစိန်အောင်နှင့်
မမြေမြတို့ ဝါမဝင်ခင် အလိုမင်္ဂလာ
ဆောင်လိုက်ကြသည်။ တောလေ့ထုံးစံ
မိတ်တို့က မမြေမြတို့ ခြံဝိုင်းတွင် သုံးပင်
တိုင် အိမ်တစ်လုံး ဆောက်ပေးကြ
သည်။

မမြေမြအောက် အပျိုပေါက်
နှစ်ယောက် ရှိသေးသည်။ လယ်ယာ
အလုပ်ကိုတော့ ကိုစိန်အောင်တို့
လင်မယားကို အုပ်လိုက်သည်။

စိန်အောင်တစ်ယောက် မိတ
အိမ်မှာလို နေလို့မရ။ လယ်ထဲဆင်းပြီး
စာရင်းဟုတ်တွေနဲ့ လယ်ယာထွန်တယ်
ထိုး။ မြေမြကလည်း ကောက်စိုက်။
အပျိုဘဝထက် ကြိုးစားရသည်။

သူတို့လင်မယား စီးပွားရေးကို
အတွေးကိုယ်စီနှင့် ပျော်နေကြသည်။
အနာဂတ် ဘာဖြစ်လာမည်ကို သူတို့

မစဉ်းစား။

အိမ်တစ်ဆောင် မီးတစ်ပြောင်
စားနိုင်သောက်နိုင် ဖြစ်နိုင်အောင်
ကြိုးစားကြသည်။

သူတို့လင်မယား ကြိုးစားလို့
လည်း ခါတိုင်းနှစ်ထက် စပါးဝိုထွက်
လာသည်။

စပါးသိမ်းပြီး ကြားသီးနံ
ခရမ်း ဂရုတ်ကိုလည်း စိုက်ပျိုးကြသည်။
စီးပွားရေးမြင်လာတော့ လက်ထဲမှာ
ငွေသီးလာသည်။

မမြေမြတစ်ယောက် သားဦး
လား၊ သမီးဦးလား ကိုယ်ဝန်ကို လွယ်
ထားသည်။

"ဒီမယ် မြေမြတို့အလုပ်ကို
ပိုကြိုးစားရမှသိလား"

ကိုစိန်အောင်က မြေမြကိုက်ကို
စိုက်ကြည့်ရင်း ပြောသည်။

"သိပါတယ်တော်"

နှစ်ယောက်သား နောင်ပွား
လာမည့် ကလေးအတွက် ပျော်မဆုံး၊
မော်မဆုံး တစ်ပြုံးပြုံးပင်။





www.burmeseclassic.com

www.burmeseclassic.com

သူတို့နေသည့် မြေးကျွန်းက ကျောက်ဖြူမြို့နှင့် မိုင်းတစ်ဆယ်ထက် မဝေးပါ။ စက်လှေနှင့်ဆို နှစ်နာရီလောက် ခုပ်မောင်းရင် ရောက်ပါသည်။

တောခေလေ. တောသူ၊ တောင်သားတွေက ဗဟုသုတ နည်းပါးလှသည်။ မိမိမှာ ကိုယ်ဝန်လွယ်ပြီးဆို ရင် မြို့ဆင်းပြီး ဆေးခန်း၊ ဆေးရုံတွင်မှာ ပြဖို့ ဝန်လေးနေကြသည်။ တောကလက်သည်အမျိုးသမီးတွေကိုပဲ အားကိုးရသည့်ဘဝ။

လွယ်ထားသည့် ကိုယ်ဝန်ကို ဘယ်လို ပြုစုရမလဲ၊ ဘယ်လို ဆေးတွေကို သောက်ရမလဲဆိုတာလဲ သူတို့မသိ။ ကလေးမွေးတော့မှည်လို့ ခေါ်လာလျှင် လိုက်ပြီး မွေးပေးကြသည်။

ဘယ်လောက် အန္တရာယ်ရှိသည်ကိုလည်း မသိ။ ကလေးမွေးရင်း သေဆုံးသွားရင်လည်း ဒီလိုပဲ ပြီးသွားသည်။ ထိုစဉ်က ဗဟုသုတနည်းပြီး ဒီအတိုင်းပဲ နေကြသည် မဟုတ်ပါလား။

"မင်းကလည်းကွာ။ ခုပဲသေ ခုပဲ ဘွားခန် မျောက်ဖြစ်မှာလားကွာ"
"သရဲဖြစ်ပြီး ဖန်ဆင်းတာပေါ့"

ဒီလိုနဲ့ မြေမြတစ်ယောက် ကလေးမမွေးနိုင်၊ အမလေး အံမလေး နာလိုက်တာ အရေပက ကယ်ပါဦးထက် မတက်နိုင်၊ လက်သည် ဝါရင့် ဒေါ်ရီမေလည်း ဘာမှမတတ်နိုင်။

မြို့ကို ချဖို့ကို ဘယ်သူမှ သတိမရ၊ ကလေးမွေးတော့မှာလား၊ စိတ်ရောက်နေရင်း မသေသင့် ဘဲ ခက်ခက်ခဲခဲကြားက မမြေမြကလေး မွေးပြီး ဆုံးရှုံးသွားရှာသည်။

မိသားစုငိုပွဲမှတစ်ပါး ဘာမှ မတတ်နိုင်။ မမြေမြအလောင်းကို ရေမိုးချိုး၊ အဝတ်အစားလဲ အလှပြင် သူမ အတွက် မြေချဖို့ အခေါင်းလုပ်သူက လုပ်လို့၊ ကိုစိန်အောင်တစ်ယောက်က တော့ နီတာ့ကျော ကျန်ရှိလိုက်သည့် သားလေးကိုကြည့်။ မမြေမြ အလောင်းကို ကြည့်ရင်း မျက်ရည်တွေ အပူမျှပ်ရည်တွေ စီးဆင်းနေသည်။

"ဖြစ်မှ ဖြစ်ရလေလား မြေမြရယ်။ ငါနဲ့ သားလေးကို လောကကြီးမှာ ထားခဲ့ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

ရင်တွင်းက နာကျင်ကျင်နှင့် ပြောနေသည်။ တော်လေ့မို့ မဖိတ်ခေါ်ဘဲ နာရေးတွင် လူတွေ အလုပ်လုပ်နေကြသည့် ကြားထဲက၊

"မျောက်တစ်ကောင်ဗျာ"

ရွာသားတစ် ယောက်က လက်ညှိုးထိုးရင်း ပြောလိုက်သည်။ တုတ်ပါသည်။ မျောက်မကြီးတစ်ကောင် အိမ်နောက်သရက်ပင်ငုပ်တွင် အခန့်သား ထိုင်နေသည်။

"ဟဲ့ ... မောင်းမထုတ်ပါနဲ့ကွာ မြေမြှင်စားပြီး လာကြည့်နေတာကွာ"

ရွာသား တစ်ယောက်က အခေါင်းလုပ်ရင်း ပြောလိုက်သည်။

"မင်းကလည်းကွာ။ ခုပဲသေခုပဲ ဘွားခနဲ မျောက်ဖြစ်မှာလားကွာ"

"သရဲဖြစ်ပြီး ဖန်ဆင်းတာပေါ့"

"ဟဲ့ကောင်တွေ ကိုစိန်အောင်ကြားပြီး စိတ်ဆင်းရဲနေဦးမယ်ကွာ ဆော်တော့"

ရွာသားတစ် ယောက်က မျောက်မကြီးကို ကြည့်ပြီး ပြောလိုက်သည်။

မျောက်မကြီးက ယဉ်ပါးနေပုံရသည်။ မျက်တောင်ခတ်လိုက် ကြည့်နေသည်။ မထွက်ပြေး။ ရွာသားတွေမှာ သံသယဖြစ်ပြီး ပြောနေကြသည်။

ထိုနေ့က မမြေမြအလောင်း မြေချသွားသည်။ ကလေးကို မမြေမြ အမေ ဒေါ်ရင်မြက ယူသွားသည်။ ကလေးကို ပြန်ရမည်။ ဒေါ်ရင်မြလည်း ကလေးကိုကြည့်ပြီး မျက်ရည်မဆည်နိုင်ဖြစ်နေသည်။ မမျော်လင့်ဘဲ မျောက်မကြီးသည် ဒေါ်ရင်မြ အိမ်ပေါ်ကို ရောက်လာသည်။

ဒေါ်ရင်မြတစ်ယောက် ကလေးကို ချီရင်း မျောက်ကို ကြည့်လိုက်မိသည်။ စိတ်ထဲကလည်း...

"သမီးမြေမြ ဝင်စားတာလား။ ဟုတ်မယ် ကလေး သူသားလေးကို စိုက်ကြည့်နေတာပဲ" ဟု တွေးရင်း မောင်းမထုတ်တော့ဘး။ ထိုနေ့ကစပြီး မျောက်လည်း အိမ်ပေါ်မှာနေသည်။

အထူးသဖြင့် ကလေးအနီးမှာ ကပ်နေသည်။ ကလေးကို ဒီပြင် သူစိမ်း အကိုင်မခံ ဒေါ်ရင်မြမှတစ်ပါး အထူးအဆန်း မြေမြှင်စား မျောက်ကြီးကို တစ်ကျွန်းလုံး လာကြည့်ကြသည်။

မျောက်မကြီးကို မုန့်ကျွေးလည်း တစ်ဝက်တစ်ပြက်ပဲ စားပြီး ကလေးအတွက် ထားသည်။

လူတွေက သနားပြီး ပိုက်ဆံတွေပေးလည်း မဖျက်ဆီးဘဲ မျောက်မကြီးက ယူထားသည်။ "က ... နင့်သားအတွက် ငါသိမ်းထားမယ်" တဲ့။ ဒေါ်ရင်မြပြောတော့ မျောက်မကြီးက သဘောကျနေပုံပေါ်နေသည်။

ကလေးကို ပုခက်ပေါ်တွင် ထားပြီး ဒေါ်ရင်မြ လျှောက်လည်တော့ မျောက်မကြီးက ကလေးအနီးက မခွာ အားကိုးရသည်။ စကားပဲ တစ်ခုမတတ်။ ပြောရရင် အိမ်အနီးကို ခွေးတွေလည်း ကယ်လို့မရ၊ မျောက်မကြီးက သွားကို

www.burmeseclassic.com

ဖြိုပြီး ရန်ရှာသည်။

ဒေါ်ရင်မြမှာ ကလေးအတွက် နို့ဖိုးမရှိက်ရတဲ့ လူတွေက ကူညီကြသည်။ မြေမြဝင်းစား မျောက်မကြီးကို လာကြည့်ကြသည့် လူတွေက လှူသွားလို့။ ကိုစိန်အောင်တစ်ယောက် စိတ်ပြေလက်ပျောက် ဟိုရွာ၊ သည်ရွာ လျှောက်သွားသည်။ အိမ်တွင် သူကလေးအတွက် မြေမြအမေနဲ့ မျောက်မကြီးက ရှိနေသည် မဟုတ်ပါလား။

ပြောရရင် ကိုစိန်အောင် လယ်လုပ်၊ ကိုင်းလုပ်ကို စိတ်မဝင်စား။ သူ စိတ်ဝင်စားနေသည်က မြေမြဝင်းစား မျောက်မကြီးကို ကြိုးတုပ်ပြီး ပြစားရရင် ဝင်ငွေလည်းကောင်း၊ သူ့အတွက် အလုပ်ဖြစ်ဖို့ကို စိမ်ကိန်းချနေသည်။

သားလေးအတွက် ဆိတ်မကြီး တစ်ကောင် ဝယ်ထားတော့ စိတ်ချရသည့် နို့က လတ်လတ်ဆတ်ဆတ် သားလေး အခါလေ မှောက်တတ်တွား တတ်လာသည်။ အထူးသဖြင့် မျောက်မကြီးမှာ ကလေးကို ဂရုစိုက်နေသည်။



တစ်နေ့ ကလေးအနီးမှာ ကိုစိန်အောင် ထိုင်လိုက်သည်။ မျောက်မကြီးကို တစ်ချက်စိုက်ကြည့်။

"ဟဲ့ ... နင့်သားအတွက်တို့ အလှူခံထွက်ရအောင်၊ နင့်သားကရော့ကို လျှောက်လုပ်မိုးရမှာ၊ ပိုက်ဆံအများကြီးလိုတယ်"

ကိုစိန်အောင်က ပါးစပ်က တတွတ်တွတ် ပြောနေသည်။ မျောက်မကြီးက မျက်တောင်ခတ်ရင်း ထိုင်နေသည်။ ကိုစိန်အောင် စကားကို သဘောကျနေပုံ။

"နင့်ဟာက ဖြစ်ပါ့မလားစိန်အောင်ရာ"

ဒေါ်မြရင် ဆေးလိပ်ကြီးကို ဖွာရင်း ပြောပြနေသည်။

"ဖြစ်ကိုဖြစ်ရမယ် ဒါက အကွက်ပဲ။ ဒီမျောက်မကြီးက ရှေ့ကို တို့အိမ်မှာ နေချင်မှနေမှာ၊ အခွင့်အရေးရတုန်း ရွာရမှာ အမေ"

ကိုစိန်အောင် စကားကြောင့် ဒေါ်ရင်မြ ပါးစပ်ပိတ်သွားပါကော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်လိုနဲ့ မျောက်မကြီးလည်း ကြိုတုပ်စရာမလိုဘဲ ရွာစဉ်ကလေးနဲ့ ထိုက်ပြီး အလှူခံကြသည်။ ကလေးကို ဒေါ်ရင်မြန့် မျောက်မကြီးက ထိန်းကြသည်။ ကလေးကို သူစိမ်းတွေ လုံးဝ အကိုင်မခံ။ ပွဲကြည့်ပရိသတ်တွေ ကလည်း မြေမြေဝင်းစား မျောက်မကြီးကို သဘောကျပြီး လာကြည့်ကြသည်။ အလှူခံခွက်မှာ ကလေးနဲ့ မြေမြေဝင်းစား မျောက်မကြီးအတွက် အလှူငွေထည့်ကြသည်။

သည်လိုနဲ့ မိုးရွာလာတော့ အလှူခံခြင်းကို ကိုစိန်အောင်တို့ ရပ်ထိုက်သည်။ သူမျော်မှန်းထားသည့် ပိုက်ဆံတွေလည်း တစ်သိန်းနီးပါးရသည်။ ထိုစဉ်က ပိုက်ဆံတစ်သိန်း ဆိုသည်မှာ ယူတိုင်း မကိုင်နိုင်။ တစ်နှစ်နီးပါး ဆယ်လုပ်ကိုင်းလုပ်မှ နှစ်သောင်း သုံးသောင်းပဲ ရသည်။

ကလေးလည်း တွားတတ်၊ နောက်တတ်မှ မတ်တတ်ရပ်တတ်လာသည်။ မျောက်မကြီးမှာ ကလေးကိုကြည့်ရင်း ပီတိဖြစ်နေပုံရသည်။

ကလေးအတွက် မျောက်မကြီး ရှိနေရင် ဒေါ်ရင်မြန့် ကိုစိန်အောင်တို့မှာ စိတ်ချရသည်။

တစ်နေ့ကလည်း ရွာထဲက အမျိုးသမီးတစ်ယောက် ကလေးကို အမှတ်တမဲ့ ကိုင်လိုက်တော့ မျောက်မကြီးက ကိုက်လိုက်သည့်ဒဏ်ကြောင့် မနည်းဆေးကုယူရသည်။

မျောက်မကြီးက ကလေးအပေါ် သူသားအမှတ်နဲ့ သံယောဇဉ်ရှိနေပုံ။ တောထဲကိုလည်း ပြန်မသွား။ ထိုနည်းအတူ ဒေါ်ရင်မြန့် ကိုစိန်အောင်တို့မှာလည်း မြေမြေဝင်းစားဟု စိတ်ကကို အထင်ရောက်ပြီး သံယောဇဉ် ဖြစ်နေပုံရသည်။

မျောက်မကြီး တောထဲကို ပြန်မသွားရအောင် သူကြိုက်သည့် ငှက်ပျောသီးကိုလည်း မပြတ်ဝယ်ကျွေးသည်။

မျောက်မကြီးက ငှက်ပျောသီး အသီးတစ်ခုခု အကုန်မစား သားလေး အတွက် တစ်ဝက်ထားတတ်သည်။ လူတွေ အလှူငွေပေးလည်း ဒေါ်ရင်မြ ဆီမှာ သူသားအတွက် အပ်ထားသည်။ ဒေါ်ရင်မြတစ်ယောက် သူသမီးမြေမြကို သတိရပြီး မျက်ရည်စီးနေသည်မှတစ်ပါး ဘာမှ မတတ်နိုင်။

ကိုစိန်အောင်တစ်ယောက် ယောင်လည်လည် လယ်ထဲကိုလည်း မဆင်း ဆင်းစရာလည်းမလို။ တစ်နှစ်စာ ရထားပြီ။ လာမည့်နှစ် တစ်ခါ ရွာစဉ် လျှောက်ပြီး အလှူခံဦးမှာဟု တည်းမှတ်ထားသည်။ ကလေးကလည်း စကား တတ်လာပြီး သွားတတ်၊ လာတတ်နေပြီ။ သူ့နောက်မှာ မျောက်မကြီးက တကောက်ကောက် လိုက်နေသည်။ ကလေးအတွက် စိတ်ချနေရပြီ။ သို့သော် မျောက်မကြီး ပျောက်ချက်။ အဲ ... ဘယ်ကို ထွက်သွားမှမသိ။ ရင်မောမောနဲ့ ကျန်ရှိလိုက်ကြသူတွေက ဒေါ်ရင်မြနဲ့ ကိုစိန်အောင်ပင်။

ရွှေပြည်သာထွန်း



www.burmeseclassic.com

www.burmeseclassic.com

ဝတ်စားဆင်ယင်

# အသွားဝကားနှုးယောင်လို့ တိုးတိုး

www.burmeseclassic.com



အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

ကျွန်မက အဘွားနဲ့ နေရတာ။ အဖေနဲ့ အမေ၊ အစ်ကိုတို့က နိုင်ငံခြားမှာ အလုပ်နဲ့ နေကြတာ။ ငွေတွေတော့ ပို့ကြပါတယ်။ အမေဖြစ်ဖြစ်၊ အဖေဖြစ်ဖြစ် တစ်နှစ်မှာ နှစ်ခါလောက်လာကြပြီး "သမီးလေး လိမ္မာရဲ့လား။ အမေ့စကား နားထောင်ရဲ့လား အမေ။ သမီးမလိမ္မာရင် ရိုက်ပြီး ဆုံးမပါနော်" ဒီလို ပြောကြတဲ့ မိဘတွေပါ။

အဘွားက ခုနစ်ဆယ်နှစ်ရှိသေးတော့ ကျွန်းမာတယ်။ ဟိုဘက် အိမ်က အဘွားညီမကတော့ ယောကျ်ားနဲ့ သား သမီး ခွေးမတွေနဲ့ ဆူဆူညံညံ ဆော်စည်ကားကားပေါ့။ အဘွားထက် ငါးနှစ်ငယ်တော့ အဘွားကိုလည်း ကြည့်ရှုစောင့်ရှောက်ကြပါတယ်။

ဒါနဲ့ အဘွားရဲ့ မွေးစားသမီးနဲ့ အဘွားတူ အရင်း လင်မယားက သွားနေခဲ့ချင်း နေ့တူ ရက်တူ။ သူတို့က ခွေးတွေနဲ့ ရက်တူ၊ နေ့တူ စီးပွားလည်း သိပ်ဖြစ်ကြတယ်။

သူတို့မိသားစု ရက်တူ၊ နေ့တူ တွေဖြစ်လို့ မွေးနေ့လုပ်ကြတာ။ အဖေက သူ့မိတ်ဆွေစားဖို့ သူ့အကြိုက် ချက်ပြုတ်။ မအေကလည်း သူ့မိတ်တွေ အကြိုက် ချက်ပြုတ်။ သားကလည်း သူ့သူငယ်ချင်း တွေအကြိုက်။ သမီးကလည်း သူ့ သူငယ်ချင်းတွေစားဖို့ စီမံပြီး...

ဖိတ်စာတွေနဲ့ ဖိတ်လို့။ အဘွားနဲ့ မြေးတို့ သွားကြရမှာလေ။ အဘွားကလည်း သူ့အခန်းမှာ အလှပြင်၊ ကျွန်မကလည်း ကျွန်မအလှပြင်ကြတာ။ အဘွားက ဇင်းမယ်မီးခိုးရောင် အိရုံမီးခိုးရောင်ဝတ်ပြီး ကျွန်မအခန်းထဲ ဝင်လာတယ်။

ကျွန်မကလည်း ဆံပင်ကို ဖွထားပြီး မိတ်ကပ်တွေ ထူထူလိမ်း၊ မျက်တောင်အတုကြီးလည်း တပ်ထား နှုတ်ခမ်းနီကိုလည်း ရဲနေအောင်ဆိုးလို့ပေါ့။ အဲဒီတုန်းပဲ အခန်းထဲ အဘွားဝင်လာပြီး...

"ဟဲ့... မြေးမရဲ့ အလှပြင်တာကလည်း မပြီးသေးဘူးလား။ ဟောဟော်တော်။ ဒါတွေက ဘာတွေလဲဟဲ့။ ချွေးခဲအကျီခါးတို၊ ဘောင်းဘီပေါင်ရင်းကပ်ကလေးနဲ့ ဒါတွေက ဘာလုပ်ဖို့လဲ။ ဖိနပ်ကြီးကလည်း ခွာသေးသေးနဲ့။ ဒါတွေ ညည်းဝတ်မလို့လား"

"ဩော... အဖွားကလည်း ဒီနေ့ပွဲက နိုင်ငံခြားသူတွေလည်း လာကြမှာ၊ သမီးတို့ သူငယ်ချင်းတွေလည်း နိုင်ငံခြားသူတွေလို ဝတ်ကြဖို့ တိုင်ပင် ထားတာ။ ဒါတွေ ဝတ်သွားမှာပေါ့"

"အမယ်လေး မျက်တောင်တွကြီးနဲ့ နှုတ်ခမ်းနီကလည်း ရဲရဲကိုတောက်လို့။ ဆံပင်က ဖွထားလိုက်တာ။ လက်မပါတဲ့ အင်္ကျီနဲ့ ပေါင်ရင်း ဖော်ထားတဲ့ ဘောင်းဘီတွေ ဝတ်တဲ့ မြေးမကို ငါက လက်ဆွဲသွားရဲမှာလား။ ငါရှက်တယ်" မျက်နှာတောင် ဘယ်နှား သွားထား ရမှန်း မသိဘူး "တို့က မြန်မာပဲ"

www.burmeseclassic.com

အဝတ်မလဲသေး ဘဲ ဟက်လက်ကုလား ထိုင်မှာ မျက်စိမှိတ် ထားတယ်။ အဝတ် အစားတော့ မလဲသေးဘူး။

"အဘွား... အဘွား။ ကျွန်မ ဟိုအဝတ်တွေ မဝတ်တော့ပါဘူး။ ဘာ ဝတ်ရမလဲ အဘွားရယ် ပြောပါ" ဆိုတော့မှ မျက်စိဖွင့်ကြည့်ပြီး...

"မျက်တောင်တုတွေဖြုတ်၊ မိတ်ကပ်ပါးပါးလေးထား။ နှုတ်ခမ်းနီပြေ ပြေလေး လုပ်ပြီးတော့ ဟိုဗီရိုထဲမှာ ငါနဲ့ နင့်အမေ ဝယ်ပေးထားတဲ့ ချိတ်လုံချည်တွေနဲ့ ဖော့ရှဲအင်္ကျီတွေ ထုတ်စမ်း။ အရောင်သင့်ထာလေးတွေ တွဲဝတ်ရောင်စုံရှိတယ်" ဒါမဲ့ပြောတယ်။

ကျွန်မကလည်း မျက်တောင်တုတွေ၊ မိတ်ကပ်တွေဖျက်၊ နှုတ်ခမ်းနီလည်း လျှော်ပြီး ရှိနေတဲ့ ချိတ်လုံချည်တွေ၊ ဖော့ရှဲအင်္ကျီတွေ ရွေးထုတ်ပြီး

ကျွန်မက ခရမ်းရင့်ရင့် ပိုးချိတ်နဲ့ ခရမ်းနုနုဖော့ရှဲ လက်စကလေး ရင်ဘတ်မှာ "စီးကွင်" အဝါရောင်လေး ထိုးထားတဲ့ အင်္ကျီနဲ့ အဖမဝယ်းပေးထား

ကျွန်မ ဘာလုပ်ရမလဲ။ ကျွန်မ နှစ်နှစ်သမီးမှာ အမေက မောင်လေးမွေးတော့ အဘွားနဲ့ ကျွန်မ အိပ်ခဲ့တာ။ အခု ၂၂ နှစ်ရှိပြီ။

အဘွားက ဝယ်ငယ်နဲ့ မုဆိုးမ ဖြစ်တော့ သားကြီးတစ်ယောက် သမီးတစ်ယောက် ရှိတာလည်း အမွေတွေခွဲပေးပြီး ကျွန်မ အမေကိုလည်း ပညာသင်ပေး တော်သင့်တဲ့လူနဲ့ပေးစား အမေနဲ့ အဖေက နိုင်ငံခြားမှာ အလုပ်လုပ်ကြတော့လည်း ကျွန်မက အဘွားနဲ့ နေခဲ့တာ။

ကျွန်မ မူလတန်းကျောင်း တက်ကတည်းက အခု ဘွဲ့ရတဲ့အထိ ကားနဲ့ ကျောင်းကိုပို့တယ်။ ကျွန်မကြိုက်တဲ့ဟင်းမှ အဘွားက ချက်တာ။

ကျွန်မ တုပ်ကွေးဖျားတုန်းကလည်း အမေရှိပေမယ့် အဘွားက ဆေးရုံလိုက်အိပ်တာ။ အခု အဘွား စိတ်ဆိုးသွားပြီ။ ကျွန်မ တောင်းပန်မှ ဖြစ်တော့မယ်။ အဘွားအခန်းထဲ ပြေးဝင် သွားတော့ အဘွားက အရက်တရားနဲ့မွေးလာတဲ့ မြန်မာ။ သမီး ယေလေး မွေးလာရင် "ရုက်ရုက်" ဆိုပြီး ဘောင်းဘီလေးဝတ်ပေးတာ မြန်မာ။ ရုပ်ရည်မတူ၊ အသားမတူ၊ အစားမတူတဲ့ လူမျိုးကွဲကြပေမယ့် ရုပ်နာမ်ရိုက်ကြသူတိုင်း ယောကျ်ား "တန်ဆာ မိန်းမတန်ဆာ" ပါကြတာပဲ။ ကြည့်ရှုလို့ကောင်းတဲ့ မျက်နှာနဲ့ စာဖွယ်အမွေးအကြိုင်တွေကို လူရှေ့မှာ စားကြပေမယ့် စွန့်ထုတ်ပစ်တော့ လူမမြင်တဲ့ နေရာတွေမှာ စွန့်ရတယ်။ ဆေးကြောဖုံးဖိရတဲ့ နေရာတွေကို အခု အမျိုးသမီးတွေက မပေါ်ရဲတမယ်။ ပေါ်ခါနီးဆဲဆဲ ပေါ်လုပေါ်ခင် လုပ်လာကြတာကို အတုခိုးပြီး လိုက်လုပ်မယ်ဆိုရင်တော့ မြန်မာတွေ နာမည်ပျက်ပြီး ဒီပွဲကို ညည်းပဲသွားပါအေး၊ ညည်းမိဘတွေဆီကို ငါ စားရေးလိုက်မယ်။ နင်တို့သမီးကို လာခေါ်ပြီး နိုင်ငံခြားသားနဲ့သာ ပေးစားလိုက်လို့ စာရေးလိုက်မယ်" အဘွား ဒီလိုတွေပြောပြီး ထွက်သွားတော့တယ်။ အဘွား တစ်ခါမျှ ဒီလောက် စိတ်မဆိုးဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဘော်လီခါးရှည်လေး ဝတ်လိုက်တယ်။

ချွတ်ထားတဲ့ စိန်နားကပ်သေးသေးလေး ပြန်ဝတ်မယ်လုပ်တော့။ အဘွားက စိန်နားကပ်ကြီးကြီး တစ်ရံနဲ့ ပုလဲဆွဲကြိုး၊ ပုလဲလက်ကောက်တွေ ထုတ်ပေးလို့ ဝတ်ရတယ်။

"အဲဒီ ပုလဲတွေက ငါ အပျိုထဲက လုပ်ဝတ်ခဲ့တာ။ သမီးက တောင်းတာတောင် ငါမပေးဘူး။ ရော့ ဒီလက်စွပ်လဲ နင်ဝတ်တော့" ဆိုပြီး စိန်လက်စွပ်တစ်ကွင်းလည်း ပေးတယ်။ ဆံပင်ကိုလည်း ကျောလယ်လောက်ရှိတာကို အမေပေးထားတဲ့ ရွှေဆံညှပ်နဲ့ ညှပ်ချထားတယ်။ ဖိနပ်လည်း ပါးပါးလေး အသစ်ရိုတာ စီးပြီး တစ်ဖက်အိမ်က အဘွားညီမ လင်မယားနဲ့ အစ်ကိုဝမ်းကွဲ ကားမောင်းပြီး လာခဲ့ကြတာ။

မွေးနေ့ခံကြီးထဲ ရောက်တော့ လူတွေ အတော်စည်နေပြီဖြစ်လို့ ခြံဝကကားရပ်ပြီး ဆင်းခဲ့တာနဲ့။ မွေးနေ့ရှင်ဖြစ်တဲ့ အဘွားရဲ့ မွေးစားသမီးနဲ့ တူတို့က ထွက်ကြိုကြတယ်။

ကျွန်မ သူငယ်ချင်းတွေနဲ့ မွေးနေ့ရဲ့သမီး ထွက်ကြိုကြတာ၊ အားလုံး စကပ်တိုတို၊ အပေါ်ပိုင်းတစ်ထွာလောက် ပြောင်ချောတွေနဲ့ ဒေါက်မြင့်ဖိနပ်ကြီးတွေနဲ့။

အဲဒီမှာ အသိထဲက မဂ္ဂဇင်းပိုင်ရှင်က မဂ္ဂဇင်းမျက်နှာဖုံးအတွက် ကျွန်မကို ဓာတ်ပုံရိုက်တော့တယ်။ လူပျိုနှစ်ယောက်ကလည်း ဓာတ်ပုံတွေ ရိုက်ကြတယ်။ အဲဒီလူပျိုတွေက မြောသွားသေးတယ်လေ။

"အခု... ဒီအရွယ်နဲ့ ဒီလို ဝတ်စားပုံမျိုး မရှိဘူး"တဲ့။ အဲဒီမှာ အဘွားရဲ့ တူအရင်း အသက်ငါးဆယ်ဦးလေးက...

"ဟင်... ဒါ... ဒါဘယ်သူသမီးလဲ။ ဩော်... ခွေးမသမီးလား။ ဒီအရွယ်တောင် ရှိနေမှပဲ။ သူ ကျောင်းနေသေးလား အဒေါ်"တဲ့။ အဘွားကို မေးတယ်။ ကျွန်မအဘွားက "နေတာပေါ့ဟဲ့"။ "ဘီကွမ်း" အောင်ထားပြီ"

"ဟုတ်လား... ဒါဆို ကျွန်တော့် ကုမ္ပဏီမှာ အလုပ်လိုနေတယ် အဒေါ်ရဲ့။ ခွေးမသမီးပို့ ဒီပုံဝတ်စားတာကိုး။ ကဲ... အချိန်မရွေးဘဲ တူမရေ"တဲ့။ ကျွန်မ ဒီနေ့ဝတ်ပုံ၊ စားပုံကြောင့် အလုပ်လဲရပြီ။ မဂ္ဂဇင်းမျက်နှာဖုံးလည်း ပါတော့မယ်။ ဟန်ကျသားပဲ။

အဘွားစကား နားထောင်လို့

**တိုးတိုး**

# ရောင်ဦး စာပေ

ဥာဏ်လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

အဓိဌာန်အောင်ပွဲ

# ရဲလေ့လန်းနှင့် နဂါးလိုဏ်ဂူ

စတော်ဝင်မောင်ကသလ

ဒဂုဏ်စာပေ

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဘဘသန်းမှာ မြတ်ဆရာနှုတ်ဖြင့် မွှက်ကြားတော်မူခဲ့သည့်အတိုင်း သက်ဆုံးတိုင် ရသေ့ဝတ်စုံကို ဆင်မြန်းကာ ငွေစားရှည်ကို စလွယ်သိုင်းပြီး သူ့အား တာဝန်ပေးအပ်ထားသည့် မြတ္တဘက်ဘုရားမှာပင် နေ့ရောညပါ စောင့်ရှောက်ရင်း တရားဘာဝနာ အားထုတ်နေထိုင်ခဲ့ပေတော့သည်။ ညသန်းခေါင်ယံ အချိန်လောက်မှ ဆရာတော်ဘုရားထံ ဝင်ရောက်ဖူးမြော် တတ်ပေသည်။

မြတဘက်ဘုရားနှင့် ညဘက် မြတ်ဆရာ သီတင်းသုံးသော ဟင်းလင်းပြင်တို့မှာ နှစ်မိုင်သာသာ ကွာလှမ်းပါသည်။

သာသနာ့ကိစ္စများ ကြားနာ ဆွေးနွေးထားပြီးမှ မြတဘက်ဘုရားသို့ ပြန်အိပ်တတ်ပေသည်။

တစ်ညသောအခါ ဘဘသန်း ဆင်ဆောက် ကန်တော့လိုက်ရာ ဆရာတော်က "ဦးသန်း ကနေ့ကစပြီး ပုပ္ပါးတောင်ပေါ်က (နဂါးလှိုဏ်ဂူ)ထဲ သွားရောက်အဓိဋ္ဌာန် ဝင်ရလိမ့်မယ်" ဟု မိန့်လိုက်သည်။

ထိုညတွင် ဘဘသန်းမှာ လွယ်အိတ်ပါမလာခဲ့ပါ။ သူ့တွင် ဓာတ်မီးတစ်လက်နှင့် ပုတီးတစ်ကုံးမျှသာ ပါလာခဲ့ပေသည်။

"ကဲ ... သွားပေတော့ဟု" ချက်ချင်းမိန့်လိုက်ရာ ဘဘသန်းမှာ ရုတ်တရက် ထပြီး ကျောင်းတွင်မှ ထွက်ကာ ပုပ္ပါးတောင်သို့ ဦးတည်လျှောက်မောင်မိုက်ထဲတွင် လျှောက်လှမ်းသွားပေတော့သည်။

သို့နှင့် တောင်မကြီးကို တက်ရောက်လာခဲ့ရာ သစ်ပင်ကြီးတစ်ပင်ဆီသို့ အရောက်တွင် လူအရိပ်အရောင်များကို မြင်လိုက်သဖြင့် သတိပြန်ကြည့်လိုက်လေသည်။

တခြားမဟုတ် သူကိုယ်တိုင် ဖြုတ်ထုတ်သတ်လုပ်ခဲ့သည့် မျက်နှာဖြူ အရာရှိကြီးတစ်ယောက်နှင့် အပေါင်းပါများ ဖြစ်နေပေတော့သည်။

ဘဘသန်းကို မြင်တော့ လက်သီးလက်မောင်း ဆန့်တန်းကာ ကလည့်စားချေရန် ပြင်ဆင်လိုက်ကြရာ...

ဘဘသန်းမှာ အနည်းငယ်မျှ မတုန်မလှုပ် ရယ်မောစွာဖြင့် "ညြော်မင်းတို့ကိုကွ။ တွေ့ရတာ ဝမ်းသာပါတယ်။ ဟေ့ကောင်တွေ ငါအရင်လို မဟုတ်ဘူးကွ။ ဒီမှာကြည့်ကြစမ်း" ဆိုပြီး သူ့ပုတီးကို မြှောက်ပြလိုက်တာ "သာဓုခေါ်ကြပေတော့ဟော့" ပြောရင်းဆိုရင်း အမျှ မေတ္တာတွေ အထပ်ထပ်ပေးဝေလိုက်ကာမှ ပရိလောက၊ နာမ်လောက ရောက်နေကြတဲ့ တစ္ဆေတွေ ပျောက်ကွယ်သွားကြပေတော့သည်။ သူပြောပြခဲ့တာက (နဂါးလှိုဏ်ဂူ)ဆိုတာ သူတစ်ခါဘူးမျှ မရောက်ဘူး၊ မကြားဘူးပါတဲ့။

သို့သော် လုံးဝမကြောက်မရွံ့နောက်မတွန့်ဘဲ ဆရာတော်မြတ်ဘုရား၏ အနန္တရွှေမေတ္တာတော်ကို နှလုံးသားမှ နှစ်ခြိုက်ယုံကြည်စွာ ခံယူသွက်



www.burmeseclassic.com

www.burmeseclassic.com

စမ်းတဲ့ ထိုးလျှောက်လုပ်ခဲ့ရာ အလွန်နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီး တစ်ခုဆီသို့ ရောက်လာခဲ့တော့၏။

မြတ်ဆရာ၏အဆုံးအမ (ယုံကြည်မှု) ယုံလျှင် ကြည်နိုင်ပါတယ်။

ထိုအဆုံးအမမှာ ဘဘသန်း၏ ဦးခေါင်းထဲသို့ ရိုက်၍ ထဲ့လိုက်သကဲ့သို့ တမဟုတ်ခြင်း ဝင်းလာခဲ့ပေသည်။ သူသည် ချက်ချင်းပင် (နဝင်္ဂသီလ×သမာဓိရာမိပါဘုရား) စိတ်အစဉ်ဝယ် သီလဆောက်တည်ပြီး စိတ်အာရုံတွင် ပေါ်ပေါက်လာသော လှိုဏ်ဂူတွင်း နေရာတစ်နေရာကို စူးစိုက်လျက် ခုန်ဆင်းလိုက်လေတော့၏။

လှိုဏ်ဂူထဲသို့ ညင်သာစွာ ရောက်သွားသည်ဟု ခံစားနေရရုံမျှမက နံနက်အာရုံဦး ဘောင်္ဂေကိုပင် နုနယ်လှပသည့် သမီးငယ်များတို့ ကိုယ်တိုင် လာရောက်ပြင်ဆင် လှူဒါန်းကြပါသည်။

ထို့ပြင် မွန်လပ်ဆွမ်းအဖြစ် အချို့ပွဲများနှင့် ပြည့်ပြည့်စုံစုံ လှူဒါန်းကျွေးမွေးကြပါသည်။ တစ်နေ့သော နံနက်စော ဘုရားဝတ်ပြုပြီးနောက် မေတ္တာအမျှပေးဝေလိုက်ရာ···

အံ့သြဖွယ်ရာ မြတ်ဆရာ၏ အသံကို ကြည်လင်ထင်ရှားစွာ ကြားလိုက်ရပါတော့သည်။

"ဦးသန်း အဓိဋ္ဌာန်အောင်ပြီ" ဟု ကြားလိုက်ရသဖြင့် ဘဘသန်းခမျာ ဝီတိတွေ ဖြာလိုက်ရပါတော့သတည်း။

အဓိဋ္ဌာန်အောင်မြင်ပြီ ဖြစ်၍ ဘဘသန်းမှာ သူနေထိုင်ခဲ့သည့် နေရာဝန်းကျင် သန့်ရှင်းရေးလုပ်ကာ သူ၏ ပါလာသော ပစ္စည်းကလေးများကို သိမ်းဆည်းရင်း "ငါ့အား အဖရင်းပမာ မြှုစောင့်ရှောက်ခဲ့ကြတဲ့ သမီးငယ်များကို အိမ်တိုင်ယာ ရောက်သွားရောက် နှုတ်ဆက်မှသာ ငါရဲတာဝန် ဝတ္တရားတွေ ကျေပွန်မေတော့မည်ဟု တွေးတောရင်း လှိုဏ်ဂူ၏ အပြင်သို့ ထွက်လာခဲ့ပါသည်။

လှိုဏ်ဂူ၏ အပြင်ရောက် နီးဝေးဝန်းကျင် တခွင်တပြင်ကို လိုက်လံ ကြည့်ရှု ရှာဖွေရာ လူဟူ၍ တစ်ယောက် မျှ အိမ်ဆို၍ တစ်အိမ်မျှ ရှာဆို၍ တစ်ရွာမျှ မတွေ့ရတော့ပါ။ ဤတွင်မှ ဘဘသန်းခမျာ သူ့အား လာရောက်ပြုစု ကျွေးမွေးခဲ့သော သမီးပျိုများမှာ ပဋ္ဌာန်း ဆက်ရှိသည့် ပရလောက၊ နာမ်လောကမှ သမီးငယ်များ ဖြစ်ကြောင်း သိရပါတော့သည်။

ရသေ့သန်းတစ်ယောက် အဓိဋ္ဌာန်အောင်၍ စခန်းပြန်ရမည် ဖြစ်သောကြောင့် ဝမ်းသာရခြင်းနှင့် သမီးငယ်များအား လွမ်ကိုယ်တိုင် တွေ့ဆုံနှုတ်ဆက်ခွင့်မရဘဲ ပြန်ရတော့မည်ဖြစ်၍ လွမ်းဆုတ်တသ ဝမ်းနည်းရခြင်း၊ ခံစားမှုနှစ်မျိုး ရောရက်ကာ လွန်ဆွဲနေသဖြင့် ခြေပစ်လက်ပစ် သစ်ပင်ကြီး တစ်ပင်အောက်၌ ထိုင်ချလိုက်ရပါတော့သည်။

ဘဘသန်းမှာ ရသေ့ဝတ်နှင့် သီလဆောက်တည်ကာ မြတ်ဘုရား ဘုရားတွင် နေရောညပါ တရားဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com

ပွားများရန် အခြံနှံတွေ၊ အရွှံနှံတွေ ရရှိခဲ့ခြင်း ညသန်းခေါင်ယံတွင် မြတ်ဆရာ၏ ခြေတော်အစုံ ခိုလှုံကာ သမထဝိပဿနာဆိုင်ရာ တရားဘာဝနာတို့၏ အနှစ်သာရများကို နာကြားမှတ်သားခွင့်ရခြင်းတို့ကြောင့် ထရားအရည်အသွေးထူခြားစွာ တောက်ပြောင်လာခဲ့ပြီဖြစ်၏။

မြတ်ဆရာ၏ အဆုံးအမသာသနာဆိုတာ တန်ခိုးဥာဏ်ကာဆိုတာ အမျိုးဘာဝနာဆိုတာ ပျိုးပေးရတယ်။

လောကတွင် ၃၁ ဘုံ ရှိသည့် အနက် အောက်ဘုံ ၄ ဘုံမှာ ခိုလှုံနေကြရကြသော ကျေးငှက်သမီးငယ်များကို ကောင်းမြတ်သော အထက် ၂၇ သို့ ရောက်ရာရောက်ကြောင်း ပို့ဆောင်ပေးခြင်းသည်သာ သူတို့အပေါ် ငါ၏ တုန့်ပြန်မေတ္တာလေးဆောင် ဖြစ်နိုင်ပေထိမ့်မည်"ဟု တွေးထင်စဉ်းစားမိခဲ့ပါသည်။

"ဘာအား ကောင်းမွန်စွာ ထုပ်ကျွေးပြုစောင့်ရှောက်ခဲ့ကြသော သမီးငယ်အပေါင်းတို့ အဓိဋ္ဌာန်အောင်ပြီဖြစ်၍ စခန်းတော်ကြီးသို့ ဘဘပြန်ရပေဦးတော့မည်။ တစ်ယောက်မကျန် ဘဘနှင့်အတူ လိုက်ပါဝင်ရောက်ကြရန် ဘဘ ဖိတ်ခေါ်အပ်ပါသည်။ တို့ ရဲစခန်းတော်ကြီးမှာကား ကျေးငှက်ရင် အရှင်ဧယျသီဒွိမ္မဥာဏိက ဆရာတော်မြတ် ဘုရားကြီးကိုယ်တော်တိုင် စေတနာတော်သူတိုင်း ဝင်ရောက်နိုင်ကြပါစေကြောင်း သစ္စာဓာတ်ပန့်က်၊ မေတ္တာဓာတ်ပန့်က်များ စိုက်ထူခဲ့သည့် ကော ၇၀ ကျော် ကျယ်ဝန်းပြီး. အနှစ် ၅၀၀ သာသနာတည်မည့် (ဗုဒ္ဓမဟိဒ္ဓိ၊ သာသနာပြု ပါရမီဓာတ်စခန်း)တော်ကြီး ဖြစ်ပါသည်။ အဘနှင့်အတူ လိုက်ပါဝင်ရောက်ကြပြီး ဆရာတော်မြတ်ဘုရားကြီး၏ မေတ္တာတော်ကို ခံယူကြလျက် ပုည ကြီယာ ၁၀ ပါးနှင့်အညီ ပါရမီလုပ်ငန်းများကို တို့စွေ့ တူယှဉ်မခွဲ လက်တွဲညီညီ ဆောင်ရွက်သွားကြပါစို့ သမီးတော်တို့...

ထူးတဲ့ဖိုပွဲ

×××၊ ဒီပွဲဟာ- နောက်ပိတ်ဆုံးပေမို့ ××× နောက်တစ်ကြိမ်- ကြုံလိမ့်ဦးမယ်လို့ × ယောင်လို့တောင် × မထင်မှတ်ကြလေနဲ့ × နေရပ်ကို မပြန်ချင်ကြရင်ဖြင့်- လာလေကွယ်တူတူ- သွားပါစို့- တရားဘာဝနာ- နဲ့ ××× ရည်ရွယ်ကာ × မဂ်ဖိုလ်ကူးကြမယ်- ထူးတဲ့ဖိုပွဲ- ×××

ဒီလိုနဲ့ ရသေ့သန်းမှာ စခန်းတော်ကြီးသို့ ပြန်လည်ရောက်ရှိလာပြီး ဆရာသွင်ကျေးဇူးရှင်အား ပူးမြော်ကန်တော့လိုက်သည်နှင့် တစ်ပြိုင်နက် "ဦးသန်း ပါလာတဲ့ ခင်ဗျားရဲ့ညီသည်တွေကို သင့်တော်ကောင်းမွန်တဲ့ နေရာထိုင်ခင်းတွေ၊ အစာအာဟာရတွေ ဖန်တီးကျွေးမွေး ပြုစုစောင့်ရှောက်လိုက်ပါ။ အားလုံးချမ်းသာကြပါစေ"ဟု မြတ်ဆရာ မိန့်ကြားလိုက်ကာမှ ရသေ့သန်း တစ်ယောက်အတိုင်း မသိဝမ်းသာလိုက်ရပါတော့သည်။

စေတော်ဝင်

**မောင်ကုသလ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

ကျွန်မသည် မြို့မအရှေ့ရပ် (၁၃) လမ်း အရှေ့ထိပ်ရှိ မြို့ဦးကျောင်းတိုက်၏ ရှေ့တွင် နေထိုင်သူဖြစ်ပါသည်။ မြို့ဦးကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်နှင့် ကျွန်မတို့မိသားစုသည် ဆရာရင်း ဒါကာရင်းများ ဖြစ်ကြသည့် အလျောက် ကျွန်မတို့အိမ်တွင် ဆွမ်းကပ်သည့်အခါတိုင်း ဆရာတော်အား အမြဲတမ်း ပင့်နေကျဖြစ်ပါသည်။

ဆရာတော်သည် ဆွမ်းစားကြွသည့်အခါတိုင်း ဆွမ်းဒီကာ ဒကာမ မိသားစုများအတွက် မှတ်သားဖွယ်ရာ အကြောင်းအရာများကို ထည့်သွင်းဟောပြောလေ့ရှိသဖြင့် ကျွန်မတို့မိသားစုအနေနှင့် ဆရာတော် ဆွမ်းစားကြွသည့်အခါတိုင်း တန်ဖိုးရှိသော သြဝါဒစကားများကို မှတ်သားနာယူခွင့်ရရှိခဲ့ပါသည်။

တစ်ခုသောနေ့ရက်တွင် ဖြစ်ပေသည်။ ကျွန်မတို့မိသားစုနေအိမ်၌ အန္တရာယ်ကင်းဆွမ်းကပ်ရာ ဆွမ်းစားပြီးနောက် ဆရာတော်က ရေစက်ချတရားဟောကြားပါသည်။ တရားဟောပြီးနောက် ဆရာတော်အား ကျွန်မ၏ဖခင်ဖြစ်သူက ပရလောကသားများနှင့် ပတ်သက်၍ အနည်းငယ်မှု မိန့်ကြားပေးရန် လျှောက်ထားရာ ဆရာတော်မှ အောက်ပါအတိုင်း ဟောကြားသည်ကို ကျွန်မအနေနှင့် နာယူ မှတ်သားခဲ့ရပါသည်။

"ဒီလိုရှိတယ် ဒကာကြီးရ။ ကျုပ်တို့ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ တရားဒေသနာတွေထဲမှာ ကုသိုလ်ကောင်းမှုပြုခွင့်ရတဲ့ အရပ်ကို ပါဠိလို "အပါယ"၊ မြန်မာလို "အပါယ်"လို့ ဖွင့်ဆိုထားတယ်ဗျ"

"အပါယ်ဆိုတာ . . . ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ကို ခေါ်တယ်လို့ ကျုပ်တို့ ဗုဒ္ဓဘာသာဝင် တိုင်းကံ သိကြပြီးသားပဲဗျာ။ ကျုပ် ပြောချင်တာက ဒီအပါယ်လေးဘုံမှာ ငါရှိတဲ့ ပြိတ္တာ ဆိုတဲ့အကြောင်းပဲဗျ။ ပြိတ္တာဆိုတာက အမှန်တော့ ခင်ဗျားတို့ ကျုပ်တို့တစ်တွေ အမြဲတမ်းပြောနေကြတဲ့ တစ္ဆေ၊ မှင်စာ၊ သရဲ စတဲ့ ပရလောကသားတွေပဲပေါ့ဗျာ"

"အဲဒီ တစ္ဆေ သူရဲဆိုတာတွေက တချို့က သခ်ိုင်းလိုနေရာမှာ နေတတ်ကြသလို၊ တချို့က သစ်ပင်ကြီးငယ်တွေပေါ်မှာ နေတတ်ကြတာမျိုးဗျ။ အဲ . . . တချို့ကတော့ အိမ်ကြီးအိမ်ကြား၊ ကျောင်းကြီးကျောင်းကြား၊ ဇရပ်ကြီး ဇရပ်ကြားနဲ့ တောကြီးတောကြားထဲ နေနေတတ်ကြတာကိုးဗျ"

"အဲဒီလိုနေတဲ့အထဲမှာ လူတွေနဲ့နီးတဲ့ အိမ်ကြီးအိမ်ကြားတို့၊ ကျောင်းကြီးကျောင်းကြားတို့၊ ဇရပ်ကြီး ဇရပ်ကြားနဲ့ တောကြီးတောကြားမှာနေတဲ့ ပြိတ္တာမျိုးတွေက လူတွေ ကံနိမ့်တဲ့ အခါမျိုးမှာပဲဖြစ်ဖြစ်၊ လူကိုချစ်ခင်ပြီး နောက်ပြောင်ကျီစယ်ချင်တဲ့ အခါမျိုးမှာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်လို့ သူတို့တစ်တွေအနေနဲ့ စားချင်သောက်ချင်လို့၊ လူတွေကို နှုတ်ဆက်ချင်လို့ဆိုတဲ့အခါမျိုးတွေမှာ လူတွေကို ခြောက်လှန့်ကြသဲ့



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်ဗျ"

"အဲဒီလို ခြောက်လှန့်တဲ့အခါမှာ ကိုယ်ထင်ပြတာတို့၊ ညည်းညူသံပြုတာတို့၊ အနံ့အသက်ပေးတာတို့၊ အိပ်မက်ပေးတာတို့အပြင် လူတွေကို ပူးငင်ပြီး ပြောတာ စတဲ့နည်းတွေနဲ့ သူဆို ရှိကြောင်း အသိပေးလေ့ရှိတယ် ဆိုပါတော့ ဒကာကြီးရာ"

ကျွန်မသိည် ဆရာတော် ရှင်းလင်းဟောပြတော်မူခဲ့သောပရလောကသားများနှင့် ပတ်သက်သည့်အကြောင်းအရာတွေကို မှတ်သားဖွယ်ရာအဖြစ် နာယူခဲ့ရသည့်အချိန်မှစ၍ ဟိုးလွန်ခဲ့သော အတိတ်ကာလဆီမှ ကျွန်မကိုယ်တိုင် ကြုံခဲ့ရဖူးသော ပရလောကသားနှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခုကို သတိရသောအားဖြင့် စာတစ်ပုဒ်အဖြစ်နဲ့ ဖန်တီးပြီး လှိုက်လှဲဆန်းကြယ်မဂ္ဂဇင်းကြီး၏ စာဖတ်သူများမျှဝေ ခံစားနိုင်ဖို့အတွက် ကြိုးစားပြီး တင်ပြလိုက်ပါသည်။

×××

အဖြစ်အပျက်က ဟိုးလွန်ခဲ့တဲ့ အနှစ် (၃၀) လောက်ကဆိုတော့ တော်တော်ကြီးကို ကြာခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ မှတ်မှတ်ရရ အဲဒီတုန်းက မြသီတာတစ်ယောက် မြစ်သားအထက်မှာ ရုစ်တန်းတက်နေဆဲ ကျောင်းသူဘဝတွင် ဖြစ်သည်။

တစ်ခုသော ဆောင်ဦးကာလ၏ ညတစ်ညတွင် မြသီတာတစ်ယောက် သူ၏ဘွားအေဖြစ်သူ အမေကြီးဒေါ်ကျန်၏ နေအိမ်သို့ သွားဖို့အတွက် အဖေအမေတို့၏အလစ်ကို ချောင်းနေခဲ့၏။ မြသီတာအနေနှင့် ဒီအချိန်ရောက်ရင် ကျွန်မစိတ်တွေ ဖောက်ဖောက်လာတယ် ဆိုတဲ့စကားလိုပင် သူအနေနှင့် ဒီအချိန်ရောက်ရင်ပဲ အမေကြီးဒေါ်ကျန်၏အိမ်ဘက်ဆီသို့ သွားလိုစိတ်က အမြဲတမ်း ပြင်းပြစွာဖြစ်ပေါ်ဆဲဖြစ်၏။

မြသီတာအနေနှင့် သူ့ဘွားအေဖြစ်သူ အမေကြီးဒေါ်ကျန်၏နေအိမ်သို့ သွားချင်သည်မှာ အကြောင်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

အာယ်ကြောင့်နည်းဟူမူ သည်အချိန်ဆို သူအမေကြီးဒေါ်ကျန်အနေနှင့် ထင်းတုံးကြီးတွေ ခေါင်းချင်းဆိုင်ပြီး ထည့်ထားသော မီးလင်းဖိုထက်တွင် ကသဲကုန်းရွာကထွက်သော ပဲမြစ်တွေကို ဒန်အိုးကြီးထဲထည့်ပြီး ပြုတ်၍ လာသမျှ မြေးတွေနှင့် သားတွေ သမီးတွေကို ချကျွေးနေကျဖြစ်၏။

ဒါတင်မကသေးပါ။ အမေကြီးကျန်၏ ယောကျ်ားဖြစ်သည့် အဖေကြီးဦးအေးမောင်ကလည်း တစ်နေ့တာ သူလုည်းတိုက်လိုက်၍ရသော လုည်းခကို သူ၏ပုဆိုးခါးပုံစထဲတွင် ကျစ်ကျစ်ပါအောင် ထုပ်၍ထည့်ထားရာမှ အမေကြီးဒေါ်ကျန် မသိအောင် သာသာလေး ဖြေထုတ်ပြီး မြောက်ဘက်ကွက်သစ်ရပ်ရှိ ဦးချစ်ရီ၊ ဒေါ်အုံးကြည်တို့မှ ညစဉ် ကျို ချက်၍ရောင်းသော တို့ဟူးစိမ်းပျော့ဖတ်ထောကို ဇလုံကြီးနှင့် သွားဝယ်၍ ခရမ်းချဉ်သီးစိမ်း၊ ကြက်သွန်နီအစိမ်းတို့နှင့် အိုးမဲ့အောင်သုပ်ပြီး လာသမျှ မြေးတွေနှင့် သားတွေ သမီးတွေကို ချကျွေးလေ့ရှိသောကြောင့်လည်း ဖြစ်၏။

ခုလောက်ဆို အဒေါ်ဖြစ်သူ မမခင်မကြီးတို့ မမမူတို့နှင့်က ခင်နေခင်းတို့တစ်တွေမှာ အမေကြီး အဖေကြီးတို့၏ ချကျွေးသမျှကို ဗိုက်ကားအောင်စားနေလောက်ပြီဆိုသောအတွေးက မြသီတာကို သူ့တွားအေကြီးဒေါ်ကျန်အိမ်ဆီသို့မသွားချင်သွားချင်အောင် တွန်းပို့နေပုံရ၏။ မြသီတာတစ်ယောက် သူ့ဖွားအေအမေကြီး ဒေါ်ကျန်အိမ်ဘက်သို့ သွားရန် ဖင်တကြွကြွ ဖြစ်နေပုံကို ဟက်လက်ကုလားထိုင်ပေါ်တွင် ထိုင်၍ စာဖတ်နေသော သူ့အဖေက မြင်နေရသည်ဖို့ ဇနီးဖြစ်သူထံသို့ လှမ်းပြီးအသံပေးလိုက်၏။

"အမေကြီးရေ...အချိန်ကျလို့ထင်တယ် တို့အိမ်က နွားပိန်မလေးကတော့ ထနေပြီပေ့"

လင်ယောကျ်ားဖြစ်သူ၏စကားကို နားလည်သဘောပေါက်ဟန်မရှိသော ဇနီးဖြစ်သူက အိမ်ရှေ့ခန်းတွင် မီးကြွေတိုက်နေရာမှ ယောကျ်ားဖြစ်သူထံ လှမ်းကြည့်ပြီး...

"အဖေကြီး...တော် ဘာပြောလိုက်တာတုံး" ဟု ပြန်မေးလိုက်၏။ သည်တစ်ခါတော့ မြသီတာ၏အဖေက မြသီတာ၏အမေကို ပါးစပ်နှင့်မပြောတော့ဘဲ မျက်ရိပ်မျက်ကဲပြကာ "တို့မှာ မမြင်ဘူးလား" ဟု မြသီတာရှိရာသို့ ကြည့်ပြီး မေးငေါ့၍ပြလိုက်မှ အမေဖြစ်သူမှာ သည်တော့မှ သဘောပေါက်နားလည်ဟန်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြုံးနေ၏။ ခဏတာမျှအကြာတွင်၊ လင်ယောကျ်ားဖြစ်သူအား ကြည့်ပြီး...

"သမီးသွားချင်နေတာ သွားစမ်းပါစေတော်။ သူ မသွားလည်း ဟိုက သူ့တွားအေကြီးက သူ့မြေးကို မျှော်နေမှာပဲဟာ။ ဟိုနားနဲ့ဒီနား ဘာဝေးတာမှတ်လို့။ လွှတ်လိုက်စမ်းပါ"

ဟု လိုလိုလားလားနှင့် ပြော၏။

မြသီတာ၏အမေ ပြောတာလည်း မှန်၏။ ဒီအချိန်ဆို မြသီတာ၏အဖေဖြစ်သူ၏ အဖေနှင့်အမေတို့က သူ



www.burmeseclassic.com

www.burmeseclassic.com

မြေမကို မျှော်နေတော့မှာ အသေအချာ ဖြစ်၏။ မိန်းမဖြစ်သူ၏စကားကို မယယ ရှားတတ်သူဖြစ်သော မြသီတာ၏အဖေ က သမီးဖြစ်သူ မြသီတာကို လှမ်းခေါ် လိုက်ပြီး...

"သမီးက အချိန်ကျလာလို့ ဘွားအေကြီးရဲ့အိမ်ကို သွားချင်နေတာ မဟုတ်လား။ အေး...သွားချင်ရင်သွား။ အပြန်တော့ သိပ်ညဉ့်မနက်စေနဲ့။ သမီး ပြန်လာရင် သမီးဘကြီး ဦးကျော်မြင့်ကို လိုက်ပို့ခိုင်း ကြားလား။ သမီးအဘိုး အတွက် ပဲကြီးလော်နဲ့ ထန်းလျက် ဝယ် ထားတာရှိတယ်။ တစ်ခါတည်း ယူသွား ဦး"

မြသီတာတစ်ယောက် အဖေ ဖြစ်သူ၏ ခွင့်ပြုမိန့်ကျသည်နှင့် မြင်း ဇောင်းမှလွှတ်လိုက်သည့် မြင်းလို ကဆုန်ပေါက်ပြီး အိမ်ရှေ့လမ်းမကြီး ဘက်ဆီသို့ ပြေးထွက်ခဲ့တော့၏။ အိမ် အပြင်ဘက်ထွက်လိုက်ကာမှ တော် တော်လေးကို မှောင်နေမှန်း မြသီတာ သတိပြုလိုက်မိ၏။ ညက မှောင်ရုံတင် မဟုတ်သေး။ အအေးဓာတ်ကလည်း လွန်ကဲနေသည်ဖို့ မြသီတာတစ်ယောက် သွားချင်ဇောများနေ၍ အနွေးထည်အကျီ လေးတောင် ကောက်မဝတ်ခဲ့ရသည်ကို နောင်တရလိုက်မိ၏။

သို့သော် မြသီတာအဖို့ အိတွေ က အဆန်းမဟုတ်ပါ။ နှောက်ဘက်က တစ်လမ်းကျော်လိုက်တာနဲ့ သူ့ဘွားအေ ကြီးနေတဲ့အိမ်ကို ရောက်တာပဲ့ မြသီတာ အတွက် မှောင်လွန်းသော ညကာလ သည် အဆန်းမဟုတ်သလို ချမ်းအေး သော ရာသီဥတုဆိုတာကိုလည်း သူအဖို့ မှုစရာအကြောင်းမဟုတ်ပါ။ ဒီလမ်းနှင့် ဒီခရီးသည် မြသီတာနှင့် နေ့ရော ညပါ ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ကလေးဘဝမှ စ၍ ယခုထိထက်တိုင် မဟုတ်ပါလား။ တစ်ခုတော့ရှိ၏။ မြသီတာ အနေနှင့် ဘ်ယသွားသွား ဘယ်လာလာ သမ္မုဒ္ဓေဂါထာတော်ကြီးကိုတော့ သူ၏ အားကိုးရာသဖွယ် မှတ်ယူ၍ အမြဲတမ်း ရွတ်ဖတ်ပြီးသွားလာတတ်သည်မှာ သူ ၏ အကျင့်ဖြစ်၏။ ယခုလည်း သူအိမ် က စထွက်ဖို့ ခြေလှမ်းပြင်သည်နှင့် သူ နှုတ်ခမ်းက တလွှပ်လွှပ်နှင့် သမ္မုဒ္ဓေါ ဂါထာကို ရွတ်ဆိုတော့၏။

မြသီတာတို့အိမ်နှင့် ဘွားအေ ဖြစ်သူအမေကြီးဒေါ်ကျန် နေထိုင်ရာ အိမ်သည် မဝေးသည့်ဖို့ မိနစ်ပိုင်း အတွင်းမှာပင် မြသီတာတစ်ယောက် အမေကြီး၏ အိမ်သို့ ရောက်ဖို့နီးလာပြီ ဖြစ်၏။ အမေကြီးအိမ်သို့ မရောက်ခင် အမေကြီး၏နေအိမ်နှင့် မလှမ်းမကမ်း တွင်ရှိသော အုတ်တံတားလေးကို ဖြတ် မည်ပြုစဉ် မြသီတာ၏ရှေ့တည့်တည့်မှ လူတစ်ယောက်က ဘွားခနဲဆိုသလို ရောက်လာသဖြင့် မြသီတာတစ်ယောက် လန်း၏ဘယ်ဘက်ဘေးသို့ ကမန်း ကတမ်းနှင့် ရှောင်ပေးလိုက်ရ၏။

မြသီတာက ရှောင်ပေးလိုက် ကာမှ မြသီတာ၏ရှေ့မှလူက မြသီတာ ရှောင်ရာဘက်သို့ လိုက်ရှောင်နေသဖြင့် မြသီတာမှာ လမ်းညာဘက်သို့ တစ်ခါ ကပ်ပြီး ရှောင်ပေးလိုက်ရပြန်၏။ ဒါလည်း မဟုတ်သေး။ လူကလူက



www.burmeseclassic.com

www.burmeseclassic.com

မြသီတာရောင်ရာဘက်သို့ လိုက်ရောင်နေပြန်သဖြင့် မြသီတာတစ်ယောက် စိတ်ပေါက်ပေါက်နှင့် အော်ပစ်လိုက်၏။

"ဘာလိုဖြစ်နေတာတုံး။ ဒီလောက်ကြီး ရောင်ပေးနေတာကိုမှ လူတစ်ယောက်လုံး မမြင်ဘူးလား"

မြသီတာ၏ အော်ငေါက်သံကြောင့်ထင်၏ ရေမှုလှုလည်း တုတ်တုတ်မျှ မလှုပ်တော့ဘဲ ကျောက်ရုပ်လို ငုငုကြီးလုပ်ကာ မြသီတာ၏ရေမှာ ရပ်မြဲတိုင်း ရပ်နေ၏။ မြသီတာမှာ စိတ်မရှည်တော့ဘဲ ရေကလူကို တွန်းဖယ်ပြီး ထွက်ရန်ဟန်ပြင်၍ ရေကလူ၏မျက်နှာကို ဒေါသနှင့်မော့ကြည့်လိုက်၏။

"အမယ်လေး"

မြသီတာတစ်ယောက် သူ့ရေကလူ၏မျက်နှာကိုကြည့်ပြီး ကြောက်ကြောက်နှင့် ကုန်းအော်ကာ သူမျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်၏။ စောစောက ရွာလမ်းလုံးရွတ်ဖတ်လာသော သမ္မုဒ္ဒေါဂါထာပင်လျှင် ထိုသူ၏ မျက်နှာကိုမြင်သည်နှင့် သူပါးစပ်ပေါက်မှ နေ၍ ကြက်ပျောက်ငှက်ပျောက်ဖြစ်ကာ ပျောက်ကုန်၏။

မြသီတာ၏ကြောက်လန့်တကြားနှင့် စူးစူးဝါးဝါးကြီး အော်သံကြောင့်ထင်၏။ လမ်းဘေးထနောင်းပင်ထက်မှ ညဉ့်ငှက်တို့သည်ပင်လျှင် လန့်ဖျပ်၍ အိပ်တန်းထက်မှ ကမန်းကတန်း ထပျံကြကုန်၏။ လမ်းဘေးတစ်ဖက်တစ်ချက်တွင်ရှိသော အိမ်များဆီမှလည်း ပိတ်ထားသောတံခါးအချို့က အလျှိုလျှိုပွင့်လာပြီး လူသံတွေကြားလာရ၏။

သည်တွင် မြသီတာ၏ရေတွင်ရပ်နေသော သူက မြသီတာ၏ဖြစ်ပုံကိုကြည့်ပြီး ဟီးဟီးဟားဟားနှင့် သဘောအကျကြီးကျပြီး ရယ်မောနေသဖြင့် မြသီတာတစ်ယောက် ကြောက်ကြောက်နှင့် မော့ကြည့်လိုက်သည်တွင် ပြားချပ်ချပ် မျက်နှာကြီးထက်မှာ နှာခေါင်းမပါဘဲ ကြီးမားသော ပါးစပ်ကြီးကို ဖြဲ၍ ရယ်ပြနေသောလူ၏ ပုံသဏ္ဌာန်ကြောင့် အကြောက်ကြီးကြောက်သွားသော မြသီတာမှာ...



www.burmeseclassic.com

www.burmeseclassic.com

"အမေကြီးရေ . . . လုပ်ပါဦး။ အမေကြီးရေ . . . လုပ်ပါဦး . . . သရဲ . . သရဲ"

ဟု အသံကုန်အော်ဟစ်ရင်း ကမူးရှူးထိုးနှင့်ပင် သူ့ရှေ့က လူကို တွန်းဖယ်၍ အမေကြီးတို့အိမ်ဘက်ဆီသို့ ပြေးထွက်ခဲ့ရ၏။ မြသီတာအဖို့တော့ ဒီအချိန်မှာ နောက်ကျတဲ့ဖနောင့် သစ္စာဖောက်ဟု မှတ်ကာ ပြေးရတော့မည်ဖြစ်၏။ တဖုတ်ဖုတ်နှင့် ပြေးလာသော ခြေသံနှင့်အတူ စောစောလေးကပင် မြသီတာထံမှ "အမယ်လေး" ဆိုသော အထိတ်တလန့်အော်သံကြောင့် ဖွားအေဖြစ်သူ အမေကြီးဒေါ်ကျန်မာ အိမ်ရှေ့လမ်းမထွက်ကြည့်နေ၏။ ထိုစဉ်မှာပင်-

"အမေကြီးရေ . . . လုပ်ပါဦး သရဲ . . သရဲ"

ဟု အော်ဟစ်ရင်းပြေးလာသော မြေးမကို တွေ့ရသဖြင့် လက်ထဲတွင် ကိုင်ထားသော ရေနံဆီမီးခွက်ကို မြေကြီးပေါ်သို့ပစ်ချပြီး မြေးမဆီသို့ ပြေးကာ ဆီးကြိုရှင်ဖက်ထားလိုက်၏။ မြ

သီတာတစ်ယောက် သူ့အမေကြီး၏ ရင်ခွင်ထဲရောက်ကာမှပင် ရှိသမျှ အင်အားတွေကို လျော့ချလိုက်ရာ သူ့ခန္ဓာကိုယ်တစ်ခုလုံးသည် သူ့အမေကြီး၏ ရင်ခွင်အတွင်းသို့ ပျော့ခွေ၍ကျသွားပြီး သတိလစ်ကာ မေ့မျောသွားတော့သည်။

ဘွားအေဖြစ်သူ အမေကြီးဒေါ်ကျန်မာ မြေးဖြစ်သူအား မနိုင်မနင်း ပွေ့ချီထားရာမှ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ သူ၏ယောက်ျားဖြစ်သူအား လှမ်းပြီး အော်ခေါ်လိုက်၏။

"ကိုအေးမောင် . . . ကိုအေးမောင် တော့်မလဲ အားအားရှိ မီးဖိုဘေးထိုင်ပြီး အိပ်ငိုက်နေဖို့ပဲကတ်တယ်။ ဒီမှာ တော့်မြေးကို လာပွေ့ဖမ်းပါဦးတော့"

အမေကြီးဒေါ်ကျန်၏ အော်ငေါက်သံကြောင့်ထင်၏။ အမေကြီး ဦးအေးမောင်ခမျာ မီးလင်းဖိုဘေးမှ အိပ်ချင်မူးတူးနှင့်ပင် ငေါက်ခနဲထပြီး မြေးမရှိရာသို့ ပြေးတော့၏။ ပြီးမှ အမေကြီးဒေါ်ကျန်လက်မှ မြေးမကို ပွေ့ချီကာ မီး



www.burmeseclassic.com

www.burmeseclassic.com

လင်းဖိုဘေးရှိ ခုံတန်းလျားပေါ်သို့ အသာအယာခေျပေးလိုက်၏။ ထိုစဉ် မြောက်ဘက်ဝိုင်းမှ ဦးကြီးဦးထွန်းတင် ရောက်လာပြီး...

"မိကျန်...နင့်မြေး လန့်လာတာနေမှာ။ ရော့...ရော့...ဒီရေမန်းလေး သူပါးစပ်ထဲ ဝင်အောင်တိုက်ပေးလိုက်။ ကျန်တဲ့ရေကို သူခေါင်းပေါ်ကို လောင်းချပြီး နဖူးဆံစတွေကို ပွတ်ပေးလိုက်"

ဟု ပြောကာ လက်ထဲမှ အသင့်ယူလာသော ရေမန်းပန်းကန်ကို ညီမဖြစ်သူ ဒေါ်ကျန်၏လက်ထဲသို့ ထည့်ပေးလိုက်၏။ အစ်ကိုဖြစ်သူ ဦးထွန်းတင်၏ ပြောစကားအတိုင်း အမေကြီးဒေါ်ကျန်က တစ်သဝေမတိမ်းလိုက်နာပြီး ထုပ်ဆောင်ပေးရာ မကြာခင်မှာပင် မြသီတာတစ်ယောက် လူးလွန့်လှုပ်ရှားကာ ခေါင်းမှလည်း တအင်းအင်း တအဲအဲနှင့် အသံသဲ့သဲ့တို့က ထွက်ပေါ်လာတော့သည်။ အမေကြီးဒေါ်ကျန်က မြေးဖြစ်သူကို ကြည့်ရင်း...

"ဟော...ဟော...သတိရလာပြီ။ သတိရလာပြီ။ အမယ်လေး...ကျုပ်မြေးလေး မသေကောင်းမပျောက်ကောင်းပါတော်။ တစ်ခုခုမျာဖြစ်သွားရင် ကျုပ် ရင်ကျိုးရချည်ရဲ့"

ဟု နှုတ်က တတွတ်တွတ် ပြောရင်း သူရင်ဘတ်ကို လက်နှင့်ဖိထားတော့သည်။ ဪ..."သားအချစ်မြေးအနှစ်လို့" ဆိုထားတာကိုး။

ထိုစဉ်တွင် မြသီဘာ၏အဖေဖြစ်သူကလည်း အိမ်နောက်လမ်းမှ သူ့သမီး မြသီတာ၏အလန့်တကြား အော်သံကြားရ၍ဆိုကာ အမေဖြစ်သူ ဒေါ်ကျန်၏နေအိမ်သို့ အမောတကောနှင့်ပင် အပြေးရောက်လာ၏။

"အမေ...အမေ...အမေ့မြေး အော်သံကြားလို့ အိမ်ကနေ ထပြေးလာတာ။ အမေ့မြေးက ဘာဖြစ်တာတုံးဆိုတာ ပြောပါဦး"

"အေး...မင်းသမီး တောင်ဘက်အုတ်တံတားပေါ်အရောက်မှာ သရဲခြောက်ခံလိုက်ရတယ်နဲ့ တူပါရဲ့ သားရယ်။ "အမေကြီးရေ...လုပ်ပါဦး။ သရဲသရဲ" ဆိုပြီး အိမ်ဘက်ပြေးလာမှာ ဒီရောက်တော့ သတိမေ့ပြီး လဲတော့တာပဲကွယ်။ တော်ပါသေးရဲ့။ မင်းဦးကြီးထွန်းတင် ရေမန်းကြောင့် ခုတော့ မင်းရဲ့သမီးက ပြန်ပြီးသတိရလာပါပြီကွယ်။ မင်းတို့ကလည်း မင်းတို့ပဲ။ ကလေးလာခေါ်တာကို လိုက်ပို့မယ်မရှိဘူး။ မင်းတို့တစ်တွေက တယ်လည်း အပူအပင်ကင်းကြတာပဲကိုး"

ဟု မြည်တွန်တောက်တီးရင်း သူ၏သားဖြစ်သူကိုကြည့်ကာ အပြစ်တင်လိုက်၏။ အမေကြီးဒေါ်ကျန်က သားဖြစ်သူကို ကြည့်ရင်း သားလည်ပင်းထက်မှာ ပတ်ထားသောအဝတ်အစကို မြင်၍...

"ဟဲ့...ငါ့သား မင်းလည်ပင်းမှာ ပတ်ထားတာက ဘာအဝတ်စကြီးတုံးဟဲ့။ မင်းက တဘက်လည်း မဟုတ်ဘူး။ ထဘီစကြီးလိုလိုနဲ့"

အမေကြီးဒေါ်ကျန်၏ ပြောစကားကြောင့် မြသီတာ၏ အဖေဖြစ်သူ

www.burmeseclassic.com

တစ်ခါတော့လည်း ကျီစားတာပဲလား ဒါမှမဟုတ် စားချင်သောက်ချင်ရှာလို့ပဲ ကျွန်မကို နှုတ်ဆက်ချင်တာပဲလား မသိရတဲ့ ပရလောကသားတစ်ဦးနဲ့ အမှတ်မထင် တွေ့ခဲ့ရတဲ့ကာ ကျွန်မရဲ့ ကိုယ်တွေ့အဖြစ်အပျက်လေးကို ဒီနေ့ထိပဲ ကျွန်မရဲ့ရင်ဘတ်ထဲမှာ ကိန်းအောင်းထားနေဆဲမို့ တွေးမိတိုင်း ပြန်လည်ပြီး သတိရနေမိပါတော့တယ်။

ပို့ပေးသူ ရွှင်လန်းနိုင်ကြပါစေ

**အေမြသီတာလှိုင်(စတီးလ်)၊ မြစ်သား**

မှာ သူလည်ပင်းတွင် ပတ်ထားသော အဝတ်စကို ကမန်းကတန်းဆွဲချရင်း‥

"ညော်‥ဒါက သမီးအော်သံကြားလို့ ပြေးလာရင်းနဲ့ အုတ်တံတားဒီဘက်အရောက်မှာ ဒီအဝတ်စကို တက်နင်းမိတာလေ။ ဒါနဲ့ ဘာများလဲဆိုပြီး မီးနဲ့ထိုးကြည့်တော့ သမီးလုံချည်မှန်းသိလို့ ကောက်ပြီး ကယောင်ကတမ်းနဲ့ ကျွန်တော့်လည်ပင်း ပတ်လာမိခဲ့တာပါဗျာ" ဟု ပြောရင်း လုံချည်ကို လှမ်းပေးလိုက်၏။ သားဖြစ်သူပြောစကားကြောင့် အမေကြီးဒေါ်ကျန်တစ်ယောက် မြေးမဖြစ်သူ မြသီတာဆီသို့ မျက်လုံးကရောက်သွားရာမှ‥‥

"ဟဲ့‥‥ဟဲ့‥‥ဟုတ်သားပဲ။ ငါ့မြေးမှာ လုံချည်မှမပါတော့တာပဲ။ အမယ်လေးတော်‥ကျုပ်မြေးလေးတော့ ရှက်ရှက်တွေ့ ပေါ်ကုန်ပါရော့လား"

ဟု အလန့်တကြားအော်နေတော့၏။ သည်မှာတွင် သတိရစပြုနေပြီဖြစ်သော မြသီတာက သူ့ဘွားအေကြီး၏ ပြောစကားကြောင့် သူ့ရှက်ရွံ့မှုကို လက်ဝါးနှင့်အုပ်ကာ ရွှက်ကြီးတငင်ငိုပါလေတော့သည်။

"ဟဲ့‥‥ဟဲ့‥‥လုပ်ပါဦး။ သရဲခြောက်ခံရတုန်းက မငိုဘဲနဲ့ သူ့ရှက်ရှက်ပေါ်နေတယ်ဆိုကာမှ ရှက်ပြီး ငိုနေပါရောလား အရှဉ်းကတို့ရေ"

အမေကြီးဒေါ်ကျန် တစ်ယောက် ပါးစပ်က တတွတ်တွတ်ပြောရင်း သူမြေးမကျွတ်ကျွဲ့ ကျန်ခဲ့သော လုံချည်ကို သူမြေးမအား ပြန်ပြီးဝတ်ပေးနေ၏။

ညော်‥‥ မြသီတာတစ်ယောက် ငိုမယ်ဆိုလည်း ငိုလောက်၏။ တကယ်တော့ မြသီတာအနေနှင့် ရှစ်တန်းကျောင်းသူဆိုပေမယ့် သူအသက်က ဆယ့်လေးငါးနှစ်အရွယ် အပျိုကြီးဖားဖား ဖြစ်နေတာဆိုတော့ သူ့ခမျာ ရှက်တတ်နေရောပေါ့လေ။

×××

ကြာတော့ ကြာခဲ့ပါပြီ။ ဒါပေမဲ့ အမြဲတမ်းကြီး မဟုတ်ပေမယ့် တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၇ ခုနှစ်၊ ဝေဖော်ဝါရီလအတွင်း (၇) ရက်ခန့်အထိများအတွက်

# ဘာကိုဆောင်လို့ ရှောင်မလဲ

ကထိကသဃမဟိန္ဒစေ

ဗေဒသုတေသီ ဆရာမကြီး

www.burmeseclassic.com

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

**တနင်္လေသားသမီးများအတွက်**

- ရပ်ဝေးလုပ်ငန်းများ အကျိုးပြုမည်။
- အိမ်ထောင်ရေးကောင်း၍ အချစ်ရေးသင့်ပါသည်။
- ထိစပ်တူထိုးနိုင်သည်။ အကျိုးပေးကဏ္ဍန်း (၅၊ ၂၊ ၆)
- ကျောင်းသားများ ရွှေပဲဗေဒဘာသာရပ် ဂရုစိုက်ပါ။
- မကြာခဏ အောင့်တတ်၊ ကိုက်ခဲတတ်မည်။
- ညအိပ်ရာဝင်တိုင်း အောင် (၁၀၀) ကွက် ဗုဒ္ဓစက်ဂါထာကို ပူဇော်ပါ။

**တနင်္လာသားသမီးများအတွက်**

- ကိုယ်ပိုင်လုပ်ငန်းများ တိုးတက်မည်။
- ဝန်ထမ်းများ ကြန့်ကြာမည်။
- ကျောင်းသားများ ပထဝီ ဂရုစိုက်ပါ။
- ထီပေါက်ကိန်းရှိနိုင်သည်။
- အကျိုးပေးကဏ္ဍန်း (၆၊ ၃) ဆီးရောဂါ ဂရုစိုက်ပါ။
- ရှင်သီဝလိဂါထာ မကြာခဏ ရွတ်ပေးပါ။

**အင်္ဂါသားသမီးများအတွက်**

- ဦးဆောင်လုပ်ငန်းများ အောင်မြင်၍ နောက်လိုက်လုပ်ငန်းများ အဆင်မပြေပါ။
- အရာရာတွင် ယှဉ်ပြိုင်သူရှိနေမည်။
- ကျောင်းသားများ သနိဂ္ဂ ဂရုစိုက်ပါ။
- ထီပေါက်ကိန်း ရှိပါသည်။ အကျိုးပေးကဏ္ဍန်း (၁၊ ၄)
- နှင်းဆီပန်း ဘုရားလှူပါ။

**ဗုဒ္ဓဟူးသားသမီးများအတွက်**

- ဘဝကို တစ်ကမ္ဘာလုံးစရမည်။
- နလုံးလမ်းကြောင်း သင့်ပါသည်။
- ကျောင်းသားများ ဓာတုဗေဒ ဂရုစိုက်ပါ။
- မကြာခဏ ထိခိုက်ဒဏ်ရာရမည်။
- မွေးနေ့ထောင့်တွင် ယပ် (၇) ချောင်းလှူပေးပါ။

**ကြာသပတေးသားသမီးများအတွက်**

- လုပ်ငန်းများ ကျဆင်းနိုင်သဖြင့် လုပ်ငန်းသစ်များ မစတင်သင့်ပါ။
- ကျန်းမာရေးကောင်းပါသည်။
- အချစ်ရေး အိမ်ထောင်ရေးသင့်သည်။
- ကျောင်းသားများ သတ္တဗေဒ ဂရုစိုက်ပါ။
- အိမ်အောက်တွင် အမှိုက်များ ရှင်းပစ်ပါ။

**သောကြာသားသမီးများအတွက်**

- အကြင်နာကို ရင်မှာမျိုသိပ် ထားရမည့်အချိန်အခါ ပြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းများ ပုံမှန်လည်ပတ် ရှင်းပစ်ပါ။ သည်။
မည်ဖြစ်သော်လည်း လုပ်ငန်း - ကျောင်းသားများ သခ်ၤာ ဂရ
သစ်များ အကောင်အထည် **စနေသားသမီးများအတွက်** စိုက်ပါ။
မဖော်သင့်ပါ။ - ရန်များသော ကာလဖြစ်သဖြင့် - မွေးနေ့တိုင်း ဝစီပိတ်အဝိဇ္ဇာန်
ထိစပ်တူထိုးနိုင်သည်။ အကို အပြေအဆို၊ အနေအထိုင် ဝင်သင့်ပါသည်။
ပေးဂဏန်း (၈၊ ဝ) ဆင်ခြင်ပါ။
ကျောင်းသားများ ဓာတုဗေဒ - အိမ်ထောင်ရေးသင့်ပါသည်။ ကျစ္စာသယဟိဒ္ဓိစေ
ဂရစိုက်ပါ။ - အရင်းဆုံး မိတ်ဆွေသည် **ဗေဒေသုတေသီ ဆရာမျိုး**
အိမ်အောက်တွင် အမှိုက်များ နှုတ်ကြောင့် ရန်သူဖြစ်နိုင်


ဆရာမကြီး

# ဒေါ်ဘီနီးယဉ်

ဓားတံဆိပ်

# ဒုတ်ဗျာဂေဆေး

အမှတ်-၁၉/၂၁၊ကျောင်းလမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

တိုင်းရင်းဆေးဝါးယာယီမှတ်ပုံတင်အမှတ် - 0610Y008484




www.burmeseclassic.com

www.burmeseclassic.com

• ကြည်းရေလေတပ်မတော်တွင်းက သူငယ်ချင်းတွေ

# ဘိုတီအတ်ဂျ်အတွက်
# မြေးနေ့လက်ဆောင်

ကာသဂု/ဗိုလ်လောင်းအောင်သွင်

၁၈၀

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ (၆)

ရက်၊ တနင်္ဂနွေနေ့ ည (၇) နာရီခန့်တွင် မန္တလေးမြို့ သိပ္ပံလမ်းနေ၊ ရဲမှူးကြီး စိန်ဝင်း(ငြိမ်း)ထံမှ ဖုန်းလာပါသည်။ သူက ကျွန်တော်တို့တပ်မတော်(ကြည်း)ဗိုလ်လောင်သင်တန်း အမှတ်စဉ် (၃၆) ကျောင်းဆင်းခဲ့သည်မှာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့တွင် နှစ် (၅၀) ရှေ့ရတုနှစ်ပတ်လည် အထိမ်းအမှတ်နေ့ဖြစ်သဖြင့် အထိမ်းအမှတ်အဖြစ် မဂ္ဂင်းထုတ်ဝေမည်ဖြစ်ကြောင်း နှင့် ကျွန်တော့်အား စာမူတစ်စောင် ရေးပေးပါဟု တောင်းခံ တိုက်တွန်းစကား ပြောကြားပါသည်။ ကျွန်တော်က ထည်း ဓမ္မရိပ်သာကိစ္စများရှိနေသဖြင့် ငြိုးစားကြည့်ပါမည်ဟုသာ ပြန်ကြား ခဲ့ကြောင်းမိပါသည်။

ကျွန်တော်သည် တပ်မတော် အနားယူပြီးချိန်မှစ၍ နှုံးဟောင်း ဘုရားစေတီများ ယိုယွင်းပျက်စီးနေမှု များကို ပြန်လည်မွမ်းမံပြင်ဆင်ပေးလို စိတ် ရှိနေခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာ ပြည်၏ ဒုတိယရွေးကောက်ပွဲတော်ဟု ဆိုရမည်ဖြစ်သော မန္တလေးမှ မိုဠ် (၂၀) ခန့်ကွာဝေးသော "ရတနာပူရ အင်းဝ နေပြည်တော်မြို့ဟောင်း" အား စတင် အခြေပြု၍ သာသနာပြုလုပ်ငန်းများအား ၂၀၀၁ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ ပျက်စီးယိုယွင်းနေသော စေတီတော်များ၊ အာရုံခံတန်ဆောင်းများ၊ သိမ်များအား ဦးစားပေး မွမ်းမံပြင်ဆင်လှူဒါန်းပေးခဲ့ပါသည်။ စေတနာရှင်၊ အလှူရှင်များက ယုံကြည်အားကိုး၍ အကူအညီတောင်းခံလာပါကလည်း နယ်အနှံ့ လိုက်လံကူညီဆောင်ရွက်ပေးခဲ့ပါသည်။ စေတီတော်၊ ရုပ်ပွားဆင်းတုတော်များ အား ပြင်ဆင်မွမ်းမံလှူဒါန်းရာတွင် ကိုယ်တိုင်လှူဒါန်းခြင်း၊ သူတစ်ပါး လှူဒါန်းလိုပါက ကာယအား၊ ဉာဏအား၊ စနစ်အားဖြင့် "ကွက်လပ်ဖြည့်ပါရမီ" တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ မန္တလေး အင်းဝ၊ စစ်ကိုင်း၊ ပလိပ်၊ ဒိုက်ဦး၊ ပုသိမ်၊ မကွေး၊ မြို့သစ်၊ မုံရွာ စသည်ဖြင့် နယ်မြေအနှံ့ စေတီတော်၊ ရုပ်ပွားတော် ခန့်မှန်း (၁၀၀) ကျော် ပြုပြင်မွမ်းမံလှူဒါန်းပေးခဲ့ပါသည်။ အမှန်မှာ ၇ ရက်သားသမီး၊ ၃၁ ဘုံသားတို့အား ကူညီသောအားဖြင့် "ဗဟိဒ္ဓသာသနာပြုလုပ်ငန်းများ"ကို (၁၄)နှစ်ခန့် နေပူ မိုးရွာမရောင် ကျွန်တော်၏ အင်းနှံ့တစ်ကားလေးဖြင့် မောင်းနှင်သွားလာ၍ သာသနာပြုလုပ်ငန်းများကိုသာ ဆောင်ရွက်ရင်း အချိန်ကုန်လွန်စေခဲ့ပါသည်။ လွန်ခဲ့သော (၄) နှစ်ခန့်မှစတင်၍ ဝိပဿနာကျင့်စဉ်များ အားထုတ်ပွားများရန် အကြောင်းပေါ်ပေါက်လာပါသည်။

အမရပူရမြို့နယ်၊ တောင်သမန် ကန်ပတ်လမ်း ရွှေလင်းပင်စေတီတော်ကြီး (ဘိုးတော်ဘုရား ဦးဝိုင်း၏ ကောင်းမှုတော်)၏ မြောက်ဘက်တွင် "ရွှေလင်းပင်-မဏိဇောတ" ဓမ္မရိပ်သာတွင် ပဓာန နာယက ဆရာတော် ဒေါက်တာအရှင်ဇောတိက (မင်းဇောတိ



www.burmeseclassic.com

www.burmeseclassic.com

ကာ အလင်္ကာ)၏ တာဝန်ပေးအပ်ချက်အရ နာယကအဖြစ်လည်းကောင်း၊ တရားစခန်းဖွင့်မြောက်ရေးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ ကျီဝန်းရွာတွင် (ထုံးဘိုရွာ၏ အရှေ့မြောက်)ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာတွင် မြောက်ဦးဆရာတော်ဘုရားကြီး အရှင်ဝါယာမိန္ဒ၏ တာဝန်ပေးအပ်ချက်အရ နာယကအဖြစ်လည်းကောင်း၊ တာဝန်ယူပေးရင်း ဝိပဿနာကျင့်စဉ်တရားများကို ထိုဆရာတော် (၂) ပါး၏ သွန်သင်ဆုံးမမှုကို နာယူ၍ ဝိပဿနာတရားများကို ကြိုးစားအားထုတ်လျက် ရှိပါသည်။ ရိပ်သာများ၏ တည်ဆောက်မှု၊ စနစ်တကျရှိစေမှု၊ အဆင်မပြေချောမွေစွာ ယောဂီများ စိတ်ချမ်းသာစွာ တရားအားထုတ်နိုင်စေရန် တိုင်ပင်၊ ဆွေးနွေး၊ အကြံပေးရင်း ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဝိပဿနာနှင့်စပ်လျဉ်းသော ဓမ္မစာပေများကို လေ့လာဖတ်ရှုခြင်း၊ ဆင်ခြင်စဉ်းစားကြည့်ခြင်း၊ မရှင်းလင်းသည်များကို ဆရာတော်များထံ မေးမြန်းလေ့လာထားခြင်း၊ နာယူမှတ်သားခြင်း၊ တရားပွဲများတွင် တရားနာယူခြင်း၊ တရားခွေများဖွင့်၍ နာယူခြင်း၊ နေ့စဉ်၊ ညစဉ် ကိုယ်တိုင်ကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် အချိန်ကို ကုန်လွန်စေလျက် ရှိပါသည်။

ကျွန်တော်သည် (၁၁-၅-၂၀၁၆) နေ့မှစတင်၍ (၇၅) နှစ်အတွင်း သို့ ချင်းနင်းဝင်ရောက်လာပြီ ဖြစ်ပါသည်။ ကျွန်တော်တို့၏ အမှတ်စဉ်(၃၆) သင်တန်းဆင်းသူငယ်ချင်းများ (၁၆၂) ယောက်မပြည့်တော့ပါ။ အချို့ နာမကျန်းဖြစ်၍လည်းကောင်း၊ အချို့က နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရင်း အသက်ပေးလှူခဲ့ကြရ၍လည်းကောင်း လူလောကထဲတွင် မရှိကြတော့ပါ။ ယခု အသက်ရှင်ကျန်ရှိနေသေးသူများမှာလည်း ကျွန်တော့်လိုပင် အသက် (၇၀၊ ၈၀ အတွင်း) ရောက်နေကြပြီဖြစ်ပါသည်။ အချို့လည်း ကျန်းမာရေးမကောင်းသဖြင့် အပြင်သို့ပင် သွားလာခြင်း မပြုနိုင်တော့ပါ။ ကျွန်တော်သည် အလွန်ကံကောင်းသည်ဟု ဆိုရပါမည်။ ယခုအချိန်ထိ အသက်ကို အန္တရာယ်ပြုနိုင်သော ဘာရောဂါမျှမရှိပါ။ မည်သည့် အားကစားမျှလည်း မလုပ်ပါ။ လမ်းလျှောက်ခြင်းပင် မပြုမိပါ။ သို့သော် ကျွန်တော် ကျန်းမာနေပါသည်။ သာသနာပြုကိစ္စများကို ဆောင်ရွက်ပေးရင်း ကျွန်တော်၏ကားကို ကျွန်တော် ကိုယ်တိုင်မောင်းနှင်နေဆဲဖြစ်ပါသည်။ သို့သော် ဇရာတော့ ထောင်းလာပါပြီ။ ထောင်းနေပါပြီ။ ဆံပင်တစ်ခေါင်းလုံး ဖြူ။ သွား ၂ ချောင်း ၃ ချောင်းသာ ကျန်ပြီး မျက်စိမှုန်နေပါပြီ။ အထိုင်အထ အလွန်ခက်ပါသည်။ သွေးတိုး၊ ဆီးချိုအပါအဝင် အချိန်မရွေး သေသွားစေနိုင်သည့်ရောဂါ ဝေဒနာဆိုးတစ်ခုမျှ မရှိပါ။ အတိတ်ကပါဏာတိပါတကံ စောင့်ထိန်းခြင်းအား ကောင်းခဲ့လို့မည်ဟု ယူဆရပါသည်။

ကျွန်တော်တို့သည် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ဝန်းကျင်က အလွန်သန့်ရှင်းလတ်လတ်စွာ မြင်းပျား



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ကျေနပ်စရာများရှိသလို မကျေနပ်စရာ၊ ခံပြင်းဖွယ်ရာတို့သည်လည်း ရှိခဲ့ကြခဲ့ကြရပါသည်။ ဘဝဏ်မွေ့ပွမ်းအားများကို စနစ်တကျ မှန်ကန်စွာ မလေ့လာရသေးသော ထိုကာလများဝယ် ပုထုဇဉ် လောကီသားများပီပီ၊ ကျွန်တော်တို့၏ စိတ်သန္တာန်ဝယ် "လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ" အစရှိသော ကိလေသာတရားဆိုးများ၏ လွှမ်းမိုးခြယ်လှယ်မှုကို ခံခဲ့ကြရပေလိမ့်မည်။ ဤသို့ လောကခံကို ကြုံကြုံခံရင်ဆိုင်ရင်း တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် အသက်တွေ ရလာကြပါသည်။ အိုမင်းရင့်ရော်ခဲ့ကြပါသည်။ တစ်နေ့ တစ်နေ့ သားရေးသမီးရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး စသည်တို့ဖြင့် စိတ်နွမ်း၊ ကိုယ်ပန်းခဲ့ကြရပါသည်။ မိမိအတွက် အမှန်တကယ် လိုအပ်ချက်ဖြစ်သော ဘဝဏ်မွေများကို မြင်နေ၊ ကြားနေ၊ သိနေပါလျက် အလွန်ဆုံး စာတွေ့မှာသာ အချိန်ကုန်ခဲ့ရပြီး လက်တွေ့

www.burmeseclassic.com



မှာ ရှိနေပါသည်။ အလွယ်ဆုံးနည်းမှာ "ကိုယ့်ခန္ဓာမှာ ကိုယ်ရှာပါ" ဟုပြောလိုပါသည်။ ကိုယ့်ခန္ဓာမှာ ကိုယ်ရှာမည်ဆိုလျှင် "ကိုယ်" (ငါ)ဆိုတာ ဘာလဲ၊ ဘယ်သူလဲ၊ "ခန္ဓာ" ဆိုတာ ဘာလဲ၊ ဘယ်လိုဟာမျိုးလဲ၊ "ဓမ္မ" ဆိုတာကရော ဘာတွေလဲ၊ ဘာကို ဓမ္မလို့ခေါ်တာလဲ စသည်ဖြင့် အဆင့်ဆင့် ဆင်ခြင်ကြည့် တတ်ရပါလိမ့်မည်။

ကျွန်တော်တို့သည် လူဘဝ ဇာတ်ခုံကြီးပေါ်တွင် ကျရာအခန်းမှာ တခဲ့ကြရပါ၏။ ကနေကြရပါ၏။ လောကတွင် အဆင်ပြေမှုများ ရှိသလို အဆင်မပြေမှုများလည်း ရှိခဲ့ကြ၊ ကြုံခဲ့ကြရပါသည်။ သူသူ ကိုယ်ကိုယ် အဆင်မပြေမှုက များလိမ့်မည်ဟု ထင်ပါသည်။ နိုင်ငံတော်၏ဘာဝန်များကို ထမ်းဆောင်ရင်း ရာထူး၊ အာဏာ၊ စည်းစိမ်၊ ဥစ္စာများလည်း အထိုက်အလျောက် ရရှိခံစားခဲ့ကြရသလို တစ်ခါတစ်ရံ၌လည်း ရရှိထားသော ရာထူး၊ ဩဇာ၊ အာဏာတို့ လျော့ကျခဲ့ရမှုများလည်း ရှိနေတတ်

လူဝပ်ရှား၊ လေ့ကျင့် ခဲ့ကြပါသည်။ တပ်မတော် (ကြည်း) အခိုင်းက အသက်ကိုပင် ပေးလှူခဲ့ရခြင်းတို့ကို မလွဲမသွေ ကြုံခဲ့ကြရလေပြီ။ အသက်မသေ ကျန်ရှိနေကြသော သူငယ်ချင်းအချို့သည်လည်း နာတာရှည်ရောဂါ ဝေဒနာမျိုးစုံ ခံစားနေကြရပါလိမ့်မည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါ။ ကျွန်တော်သည် စိတ်ပျက်စရာတွေကိုသာ ရွေးပြီး တင်ပြနေခြင်းမဟုတ်ပါ။ လူလောကထဲသို့ လူတစ်ယောက်အဖြစ် စတင်မွေးဖွားလာချိန်မှအစပြု၍ ရုပ်နှင့်နာမ်အစိုးစားကွဲ၍ သေရသည့်နေ့တိုင်အောင် မလွဲမသွေ တွေ့ကြရ၊ ကြုံကြရ၊ ခံစားကြရမည့် "ဘဝထဲက ဓမ္မတရား"ကို တင်ပြလိုရင်း ဖြစ်ပါသည်။

ကျွန်တော်တို့၏ နေ့စဉ်ဘဝထဲတွင် ဓမ္မတရားအစုများ ရှိနေပါသည်။ ဓာတ်ရားကို အထူးအပင်ပန်းခံ၊ ကြောင့်ကြစိတ်၍ ရှာဖွေရန်မလိုပါ။ ရှာဖွေနည်းကို သာ သိရှိဖို့တော့ အရေးကြီးပါသည်။ ရှာဖွေတတ်လျှင် ဓမ္မသည် နေရာတိုင်း

www.burmeseclassic.com



အဆင့် (အမှန်တကယ် ဝတ်မပျက်၊ အချိန်မှန်၊ မိမိခန္ဓာအား ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်ပွားများရန် အချိန် မပေးမိခဲ့ကြပါ။) သို့ရောက်အောင် မတက်လှမ်းမိကြပါ။

ကျွန်တော်တို့သည် တစ်နှစ်ပြီး တစ်နှစ် အသက်တွေ ကြီးကြီးလာသည် ဟု ထင်မှတ်နေကြပါသည်။ အမှန်မှာ အသက်တစ်နှစ်ပြီးတစ်နှစ် ကြီးလာခြင်း မဟုတ်ပါ။ များလာခြင်း မဟုတ်ပါ။ အသက်တွေ တိုးပွားနေခြင်း လုံးဝ မဟုတ်ပါ။ လူဘဝတွင် အသက်ရှင် နေထိုင်ရန် သက်တမ်း၏ကျန်ရှိသော ကာလ၊ ဝါ၊ နှစ်များ လျော့လျော့သွား ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်တို့ သည် ကိုယ့်အိမ်ထဲမှာပင် ထိုင်နေ၊ အိပ် နေပြီး ဘယ်မှမသွားကြသော်လည်း ကျွန်တော်တို့၏ ဘဝသက်တမ်းခြေလှမ်း များသည် သုသာန်သခြိုင်းဆီသို့ လုံးဝ မရပ်မနား လျှောက်လှမ်းနေကြပါသည်။ ကျွန်တော်တို့သည် အချိန်မရွေး သေမင်းနှင့် စစ်ခင်းကြရမည် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘဝထဲတွင်ရှိနေသော "ခမ္မစွမ်းအား" လက်နက်များဖြင့် သေမင်းကို တန်ပြန်ထိုးစစ်မဆင်နိုင်ပါက ထိုးစစ်ဆင်နိုင်အောင် ကြိုတင်ပြင်ဆင်ထားခြင်း မရှိခဲ့ပါက (ဝါ) သတိပေးအမိန့်ကြိုတင်မထုတ်ထားဘဲ ပေါ့ပေါ့ဆဆနေခဲ့မိပါက သေမင်းနှင့် စစ်ခင်းရာတွင် ကျွန်တော်တို့ သေချာပေါက်ရှုံးနိမ့်ကြရပေလိမ့်မည်။

သတ္တဝါတိုင်းတွင် မည်သည့်ရောဂါဖြင့် သေမည်၊ မည်သည့်ပုံစံနှင့် သေရမည်၊ မည်သည့်အခါမှာ သေရမည်၊ မည်သည့်နေရာမှာ သေရမည်၊ မည်သည့်နေရာတွင် မြို့ပြန်သင်္ဂြိုဟ်ခြင်းခံရမည်၊ မည်သည့်ဌာန၊ ဘုံဘဝသို့ ကူးပြောင်းသွားကြရမည်ကို မည်သူမျှ ကြိုတင် သိနိုင်စွမ်း မရှိကြပါ။

မျက်မှောက်ခေတ် လူဘဝအဆက်တမ်းကို ယေဘုယျအားဖြင့် နှစ် (၁၀၀) ဟု သတ်မှတ်ထားကြပါသည်။ အများမှာ လူဘဝသက်တမ်းသည် နှစ် (၁၀၀) မဟုတ်တော့ပါ။ သာသနာတော် သက္ကရာဇ် နှစ် ၃၀၀ ပြည့်တိုင်း လူတို့၏ သက်တမ်း (၂၅) နှစ် လျော့သွားပြီး ယနေ့ လူ့ဘဝသက်တမ်းသည် (၇၅) နှစ်သာ ဖြစ်ပါ၏။ ကျွန်တော်သည် လွန်ခဲ့သော (၁၀-၅-၂၀၁၆) ရက်နေ့တွင် အသက် (၇၄) နှစ်ပြည့်ခဲ့ပြီ ဖြစ်သဖြင့် ကျွန်တော် အသက်ရှင်ခွင့်သည် (ယေဘုယျဘဝလက်ကျန်ရက် ငယားအရ) ၁ နှစ် (ဝါ) ၃၆၅ ရက်သာ ကျန်ပေတော့မည်။ သို့သော် ကျွန်တော်၏ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့က ဘယ်နှစ်အထိ တိုးမြှင့်ခွင့်ပြုထားဦးမည်ကိုမူကား ကျွန်တော် မသိပါ။ ကျွန်တော် သိထားသော မလွဲမှားနိုင်သော အချက်တစ်ချက်တော့ရှိနေပါသေးသည်။ ၎င်းမှာ အခြားမဟုတ်ပါ။ ယခုပစ္စုပ္ပန် တည့်တည့်အချိန်တွင် ကျွန်တော် ကျင့်ကြံကြိုးစားအားထုတ်နေသော ဝိပဿနာကျင့်စဉ်၊ ကျင့်ရပ်၊ အကျင့်မြတ်၏ စွမ်းအားကြောင့် ကျွန်တော်သည် သောတပန်ပုဂ္ဂိုလ် မဖြစ်သေးသော်လည်း ကလျာထ ပုထုဇဉ် (ဝါ) စူဠသောတာပန် (ဝါ) သောတာပန် လောင်းထွာတော့ ဧကန်လက်ကျန် ၃၆၅ ရက်အတွင်း သေချာပေါက်ဖြစ်နိုင်ပါသည်။ ကျွန်တော် သေလျှင် အပါယ်မလားရအောင် အပါယ် ၄ ဘုံသို့ ရောက်သွားစေမည့် တံခါးပေါက်များကို ဝိတ်ထားပြီးဖြစ်ပါသည်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ် ၃ ပါး၏ အကြွင်းမဲ့ ယုံကြည်ဆည်းကပ်ကိုးကွယ်ကြသည်ညီလျက်ရှိပြီး "ဒါဋ္ဌ" နှင့် "ဝိစိကိစ္ဆာ" ကင်းအောင် အခါမလပ် အဆက်မပြတ်ကြိုးစားနေရမှာကား ကျွန်တော်၏ တာဝန်သာ ဖြစ်ပါသည်။ စူဠသောတာပန်သည် တစ်ဘဝ၊ နှစ်ဘဝ အပါယ်မကျပါ။ ရောက်ရာဘုံဘဝမှာ ဆက်လက်အားထုတ်ရင်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ စသည်ဖြင့် အရိယာတို့၏ လျှောက်သောလမ်းပေါ် တစ်လှမ်းချင်း တစ်လှမ်းချင်း ဆက်လက်လျှောက်လှမ်းသွားရုံသာရှိပါသည်။

ဤကဲ့သို့ အရိယာတို့ လျှောက်သောလမ်းပေါ်သို့ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

ပေခြင်း။ ရုပ်ဓမ္မတို့၏ ဖောက်ပြန်
မှုသဘော၊ နာမ်ဓမ္မတို့၏ သိမှု
သဘော၊ ထိုရုပ်ဓမ္မ၊ နာမ်ဓမ္မ တို့
၏ ဖြစ်ပြီးဖြစ်သည့်နေရာမှာပင်
ပျက်၍ ပျက်၍ သွားရသည့်
သဘောများကို မျက်ခြည်မပြတ်
စောင့်ကြည့်ရှုမှတ်ပေးနေရခြင်း။

၄။ ထိုင်ခြင်း။ ရပ်ခြင်း။ လျောင်းခြင်း။
သွားလာခြင်း ဟူသော ကာရိယ
ပုတ် ၄ ပါးစလုံးတွင် စိတ်ကြောင့်
ဖြစ်ပေါ်လာသော စိတ္တဇဝါယော
ဓေါ် လှုပ်ရှားလေ၏။ သဘော၊
ထို "စိတ္တဇရုပ်၊ စိတ္တဇဝါယော"
ကြောင့် ဖြစ်ပေါ်လာရသော
"ကာယဝိညတ်ရုပ်၏ သဘော"
ကို မြင်အောင်ဆင်ခြင်ရှုမှတ်
ပေးရပါသည်။ (ဥပမာ-လူတစ်
ဦးသည် ရပ်နေရာမှသွားမည့် ဟု
စိတ်ထဲမှာဖြစ်လာလျှင် (ဝါ)
သွားခြင်းအမှုကို ပြုမည်ဆိုလျှင်
ထိုသွားမည်ဟူသော စိတ်ကလေး
က "စိတ္တဇဝါယော ဓေါ် လှုပ်ရှား

အားထုတ်ခြင်း။

၂။ "သုတဝါ အရိယာ သာဝကော"
ဟူသော အဆုံးအမအရ အရိ
ယာဖြစ်ချင်သော ယောဂီသည်
အနည်းဆုံး အခြေခံအားဖြင့် "
ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊
ပဋိစ္စသမုပ္ပါဒ်၊ ဟည်တ်၊ ပရမတ်၊
စိတ်၊ စေတသိက်၊ ရုပ်" ဟူသော
ဘဝဆဲ့၌ ရှိနေနှင့်ပြီးဖြစ်သော
သဘာဝ ဓမ္မအစုစုကို လေ့လာ
ရှာဖွေခြင်း၊ ဖတ်ရှုဆင်ခြင်ခြင်း၊
လက်တွေ့အသုံးချလေ့ကျင့်
အားထုတ်ခြင်း၊ ဓမ္မတရားစာပေ
များ ဖတ်ရှုပြီး ဓမ္မတရားခွေများ
နာယူခြင်း၊ ဆရာသမားထံ မရှင်း
လင်းသည်များကို လျှောက်ထား
တင်ပြခြင်း၊ နာယူမှတ်သားခြင်း၊

၃။ ဆိတ်ငြိမ်ရာနေရာဝယ်၊ ဆိတ်
ငြိမ်သောအချိန်ဝယ် ခန္ဓာက ပြ
သော ရူကွက်များအပေါ် (ရူ
ဉာဏ်ဖြင့် အရှုခံအပေါ်) တည်
ငြိမ်လေးနက်စွာ ရှုမှတ်လေ့ကျင့်

လျှောက်လှမ်းနေဖို့ဆိုသည်ကလည်း
အမှန်တော့ မလွယ်လှပါ။ မလွယ်လှ
သော်လည်း တကယ်အရိယာဖြစ်လိုသူ
များအဖို့ သန္ဓိ၊ ဝိရိယ၊ သတိ၊ သမာဓိ
ပညာတို့၏ စွမ်းအားကို ရယူပြီး အပတ်
တကုတ် ကြိုးစားအားထုတ်ပါက
အရိယာတို့ လျှောက်သောလမ်းပေါ်
အရောက်လှမ်းနိုင်ပါသည်။ အတိတ်ဘဝ
အဆက်ဆက်က ကျင့်ကြံအားထုတ်ခဲ့
သော ပါရမီ အနုအရင့်နှင့် ပစ္စုပ္ပန်တည့်
တည့်တွင် ကျားကုတ်ကျားခဲ ကြိုးစား
အားထုတ်နေသော ဝိရိယအားတို့အပေါ်
မူတည်ပါသည်။ သန္ဓိစွမ်းအား၊ ဝိရိယ
စွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊
ပညာစွမ်းအား ဟူသော "အား"များကို
"ထုတ်"လုပ်နိုင်လေလေ တရားအား
ထုတ်မှု ခရီးရောက်လေလေပင် ဖြစ်ပါ
၏။ စနစ်တကျ အားထုတ်နိုင်ဖို့လည်း
ကြိုတင်စုစည်းတည်ဆောက်ရပါမည်။
၎င်းတို့မှာ -

၁။ ဆရာကောင်းထံ နည်းနာခံခြင်း၊
ဆရာ၏သွန်သင်ဆုံးမမှုအထိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဝါယောဓာတ် ဝါ လေ" ကို ဖြစ်ပေါ်စေပါသည်။ ထိုလေ၏ မ, ခြင်း၊ လှမ်းခြင်း၊ ဆန့်ထုတ်ခြင်း၊ ချဲခြင်း ဟူသော ကာယဝိညတ် ရုပ်၊ အဆင့်ဆင့်ကို ဖြစ်ပေါ်စေ ပါသည်။ အဲတိုမှတ်ရန်မှာ စိတ် ကြောင့်ဖြစ်သော လေ၊ ထိုလေ ကြောင့်ဖြစ်သော ရုပ်၊ ထိုရုပ် သည်စိတ်ဇအလိုအတိုင်း (စိတ်၊ စိတ္တဇဝါယော၊ ကာယ ဝိညတ် ရုပ်) ဟူ၍ အဆင့်ဆင့်ဖြစ်ပေါ် လာရပါသည်။ ဤနည်းဖြင့် စိတ္တ ဇဝါယော ကာယဝိညတ်ရုပ်) ဟူ၍ အဆင့်ဆင့်ဖြစ်ပေါ်လာရပါ သည်။ ဤနည်းဖြင့် စိတ္တဇဝါယော သည် ကာယရုပ်ကြီးအား သွား ခြင်းအမှု၊ ရပ်ခြင်းအမှု၊ ထိုင်ခြင်း အမှု၊ လျောင်းခြင်းအမှုတို့ကို ဖြစ်ပေါ်စေသည် ဟု ဆင်ခြင် သတိပြု မှတ်ရှုပေးရပါမည်။

တစ်ဖန် ထွက်လေ၊ ဝင်လေကို သတိပြုရှုမှတ်ခြင်းကိုလည်း ရှု မှတ်နိုင်ပါသည်။ ဝင်လေသည် ရုပ်တရား(ဝါယောဓာတ်) ဖြစ်ပြီး ထွက်လေသည်လည်း ရုပ်တရား (ဝါယောဓာတ်) ပင် ဖြစ်ပါသည်။ နာသီးဖျားသည်လည်း ရုပ်တရား (ကာယ)ဝတ္ထုပင် ဖြစ်ပါသည်။ ဝင်လေလေးကို ရှုသွင်းမည်ဟု စိတ်ဖြစ်လိုက်သည်နှင့် တစ်ပြိုင် နက် ဝင်လေခေါ် လှုပ်ရှားလေ ဓာတ်သည် နာသီးဝသို့ ထိတွေ့ တိုးဝင်သွားပါသည်။ ထိုအခါ ဝင် လေ ဝင်သွားမှန်း သတိပြုရှုမှတ် လိုက်ရပါမည်။ အလားတူ ထွက် လေအား ရှိုက်ထုတ်လိုက်မည်ဟု စိတ်က ဖြစ်သည်နှင့် ထွက်လေ ခေါ် လှုပ်ရှားဝါယောဓာတ်- ခေါ် လေသည် နာသီးဝကို တိုးထိ၍ ထွက်သွားပါသည်။ ထိုကဲ့သို့ ဝင် လေ ဝင်သွားမှန်း ထွက်လေ ထွက်သွားမှန်းကို "စိတ်"ကလေး က သိနေပါသည်။ လေသည် နာသီးဝအတွင်း လှုပ်ရှားတိုးဝင်၊ လာဖို့နှင့် နာသီးဝအပြင်သို့ ထွက် ရှားတိုးထွက်ခြင်းအမှုကိုသာ ပြု ပါသည်။ "စိတ်"ကရှုမှတ်ခြင်းအမှု ကိုသာ ပြုပါသည်။ ထို့ကြောင့် ဝင်လေ၊ ထွက်လေသည် ဖြစ်ပြီး ပျက်၊ ပျက်ပြီးဖြစ်၊ ဖြစ်ပြီး ပြန် ပျက်၊ ပျက်ပြီး ပြန်ဖြစ် အစဉ် အတိုင်း သွားနေပါသည်။ သိမှု သဘောလုံးဝမရှိပါ။ ဖြစ်ပြီးပျက်မှု သဘောသာရှိနေပါသည်။ လေ နှင့်နာသီးဖျား၊ နာသီးဝထိတွေ့ ခိုက်တွင် (ဝါ) လေဟူသော ရုပ် တရားနှင့် နာသီးဝဟူသော ရုပ် တရားတို့ ထိခေတ်သည့်အခိုက် လေးတွင် "တွေ့ထိသိစိတ်ခေး - ကာယဝိညတ်စိတ် - ဝါ - ယာယဝိညတ္တာဓာတ်" ပေါ်လာရ ပါသည်။ နာမ်တရားဖြစ်ပါသည်။ မည်သူ့ "ခန္ဓာ" တွင်မဆို ဤ ဖြစ်စဉ်၊ ဤသဘောသည် ဖြစ် ပျက်နေပါသည်။ "ခန္ဓာတွင် ရုပ် တရားနှင့် နာမ်တရားသာ



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ် ရှိနေပါတကား
ဟူသော "အသိ" ဝင်လာပါသည်။
ဤအသိ၊ ဤအမြင်သည် "အမှန်
ကို အမှန်အတိုင်းမြင်သော
ဃထာဘူတဉာဏ်" ပင် ဖြစ်ပါ
သည်။ အမှန်မြင်သဖြင့် အမြင်
မှန်သွားခြင်းဖြစ်ပါသည်။ ဤ
ကျင့်စဉ်လေးအား လေ့ကျင့်
နေစဉ်တွင် ပြင်ပမှ အခြားသော
လောဘ-ဒေါသ-မောဟ ဟူ
သော ကိလေသာ တရားဆိုးများ
ဝင်မလာနိုင်သဖြင့် ယောဂီ၏
စိတ်သည် ငြိမ်းချမ်းနေပါသည်။

၆။ တဖြည်းဖြည်းနှင့် စိတ်တည်ငြိမ်မှု၊ စိတ်ငြိမ်သက်မှု စုစည်းအား ကောင်းလာသောအခါ "သမာဓိ" အားလည်းကောင်း လာပါသည်။ ထိုအခါ "ခန္ဓာ"တွင် ဘယ်နေရာမှာ ဘာဖြစ်နေသည်ကို သိလာနိုင်ပါသည်။ ခန္ဓာတွင် ဘယ်နေရာမှာ ဘာဖြစ်လာမလဲ မသိဘူးဟု လိုက်ရှာစရာမလိုပါ။

စိတ်သည် လိုက်ရှာဖွေခြင်းအမှု
ကို မပြုရပါ။ စောင့်ကြည့်နေခြင်း
အမှုကိုသာ ပြုပေးရပါသည်။
အချိန်အတော်လေးကြာလာလျှင်
ခန္ဓာပေါ်တွင် တစ်နေရာရာ၌
နာခြင်း၊ ကျင်ခြင်း၊ ကိုက်ခြင်း
ဖြစ်လာတတ်ပါသည်။ ဝိုးကုတ်
ဆရာတော်ဘုရားကြီး၏ သွန်သင်
ဆုံးမမှုအရ ပြောရလျှင် ခန္ဓာ
ပေါ်တွင် ပေါ်ရာကို ရွှေရပါမည်။
ထင်ရာပေါ်ရာကို ရွှေရပါမည်။ ထို
ကဲ့သို့ နာကျင်ကိုက်ခဲမှုကို သိ
နေခြင်းကို ဝေဒနာဟု ခေါ်ပါ
သည်။ ဝေဒနာဆိုသည်မှာ ခံစား
မှုသဘောပင် ဖြစ်ပါသည်။ လူတို့
သည် အများအားဖြင့် ရောဂါနှင့်
ဝေဒနာကို ရောထွေးနေတတ်ပါ
သည်။ နာကျင်ကိုက်ခဲခြင်းသည်
"ရောဂါ"ဖြစ်ပြီး ထိုသို့နာကျင်
ကိုက်ခဲမှန်းသိ၍ သိ၍ သိ၍နေ
ခြင်းသည် ခံစားမှုသဘောဟု
ခေါ်သော "ဝေဒနာ"ပင် ဖြစ်ပါ

သည်။ ဝေဒနာသည် တိုး၍ တိုး
၍ လာတတ်သလို ဆုတ်၍
ဆုတ်၍လည်း သွားတတ်ပါသည်။
ဤဝိပဿနာအခြေခံကျင့်စဉ်
ကျင်ရပ်အကျင့်မြတ်အား နေ့စဉ်
ကြိမ်ဖန်များစွာ လေ့ကျင့်နေဖို့သာ
အရေးကြီးပါသည်။ "ဘာဝိတာ-
ဘာဟုလီကတာ" ဟု ခေါ်ပါ
သည်။ နေ့စဉ် ကြိမ်ဖန်များစွာ
လေ့ကျင့်မှု ကျင့်သားရလာပါက
မပင်ပန်းတော့ပါ။ စိတ်ကလေး
သည် လောဘ၊ ဒေါသ၊ မောဟ
တရားတစ်ခုခုကြောင့် "ရူးရှူး
ရဲရဲ" ဖြစ်နေရာမှ တဖြည်းဖြည်း
ငြိမ်သက်ငြိမ်းချမ်းသွားစေသော
သုခချမ်းသာကို "ဓမ္မ"ကသာ
ပေးစွမ်းနိုင်ပါသည်။ "ကိုယ်
ကာယအားဖြင့် ကျန်းမာနေသူ
စိတ်မနောအားဖြင့် ငြိမ်းချမ်းမှု
ရယူခံစားနိုင်သူ" သည် သာမန်
လူတို့ထက် ဝိုမိုအသက်ရှည်နိုင်
ပါသည်။ ကံကုန်ပြီဖြစ်သဖြင့်


www.burmeseclassic.com

www.burmeseclassic.com

သေနေစေတော့လည်း သေပေးလိုက်ရုံသာ ရှိပါသည်။ မသေခင်တော့ ဘဝထဲက ဓမ္မကိုသာ အဖော်ပြုသင့်ပါသည်။ အားကိုးသင့်လှပါ၏။

ကျွန်တော်တို့ တစ်တွေ အတော်အသက်ကြီးလာပြီ။ အရွယ်တွေလည်း ကျလာပါပြီ။ သွားလို့ လာလို့ စားလို့ အိပ်လို့ မကောင်းတော့ပါ။ ဘာတစ်ခုမျှ မကောင်းတော့ပါ။ ကျွန်တော်တို့လည်း အလွန်ကံကောင်းလွန်းခဲ့သာ အသက်မသေသေးဘဲ ရုပ်နှင့်နာမ်တွဲလျက် နေခွင့်ရနေခြင်းဖြစ်ပါသည်။ ဤဘဝဃယ် ဤရုပ် ဤနာမ်ကို မသေခင် ကာလအတွင်း အသုံးတည့်အောင် အသုံးချဖို့ နောက်ဆုံးအခွင့်အရေးရနေသည်ဟု ဆိုချင်ပါသည်။ ကျွန်တော်သည် အထင်ကြီးခံရအောင် တင်ပြနေခြင်း မဟုတ်ပါ။ ကမ္မဋ္ဌာနစရိယာမဟုတ်ပါ။ စာပေဉာဏ်ရှင်လည်း မဟုတ်ပါ။ စာရေးဆရာလည်း မဟုတ်ပါ။ လူအချင်းချင်း ဘာမျှမာနထောင်လွှား နေစရာမလိုပါ။ ကျွန်တော်နှင့် ဗိုလ်သင်တန်းအတူတူတက်၊ အတူတူဆင်းခဲ့ကြရသူအချင်းချင်း အပေါ် လူတတ်ကြီးလုပ်ပြီး ဆရာကြီးလုပ်ပြီး ရေးသားတင်ပြနေခြင်း မဟုတ်ပါ။ ဤနေရာအထိ တင်ပြခဲ့သမျှသည် မြတ်ဗုဒ္ဓ၏အဆုံးအမ တရားတော်အနှစ်ချုပ်မှ အလွန်အလွန် အခြေခံကျသော ဓမ္မအစုကို မျှဝေပေးခြင်းမျှသာ ဖြစ်ပါသည်။ ဤတရားဓမ္မများကို နေ့စဉ် လူမှု ဘဝထဲမှာ တွေ့နိုင်ပါသည်။ သတိမထား မိကြ၍သာ မတွေ့ကြရခြင်းဖြစ်ပါလိမ့်မည်။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး၊ ကြီးပွားချမ်းသာရေးတို့အတွက် ကျွန်တော်တို့ အမျှားကြီးလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။ တာဝန်ကျေပြီးဖြစ်ပါသည်။ ယခုဘဝ ယခုအရွယ် (အသက် ၇၀ နှင့် ၈၀ အတွင်း)မှာတော့ အပါယ်လေးဘုံသို့ လုံးဝမရောက်စေဘဲ ဘုံစဉ် စံဘဝဒဿနအရ ကောင်းမွန်မြင့်မြတ်သော၊ မြတ်ဗုဒ္ဓ၏သာသနာတော်နှင့် မကွဲကွာသော ဘုံဘဝအဆင့်ဆင့်ဖြင့် နိဗ္ဗာန် မဂ်ဖိုလ်ချမ်းသာကို ရယူဆွတ်ခူစားနိုင်ဖို့သာ ဦးတည်စေသင့်ပါသည်။ အထူးဖောင်းပေးဆောင်ရွက်သင့်ပါသည်ဟု အကြံပြုလိုပါသည်။

နှစ် (၅၀) ဟူသော ကာလသည် ဘာမျှမကြာလိုက်ပါ။ ၁၉၆၆ ခုနှစ်၊ ဧပြီလ (၁၈) ရက်မှ ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့အထိ (၉) လတာကာလအတွင်း ကျွန်တော်တို့ (၁၉၆၂) ယောက်စလုံး ဘဝတစ်ကွေ့မှာ အတူတူတွေ့ခဲ့ခဲ့ကြရပါသည်။ အခုတော့ သူငယ်ချင်းအချို့မရှိတော့ပြီ။ အချို့ရှိသေးသော်လည်း တစ်ယောက်နှင့် တစ်ယောက် မတွေ့ခဲ့ကြရတာ ကြာလှပါပြီ။ အချို့လည်း နာတာရှည်ရောဂါများကြောင့် ပြင်ပသို့ သိပ်မထွက်နိုင်ကြတော့ပါ။

သမ္မပဓာန်တရား ၄ ပါးအရ ပြုခဲ့မိသော အကုသိုလ်များ ရှိခဲ့ပါက မေ့မစ်လိုက်ပါ။ နောင်တတစ်ဖန် ရမနေပါနှင့်။ မပြုရသေးသော အကုသိုလ်ကို မပြုလုပ်ပါနှင့်။ မပြုရသေးသော အကုသိုလ်

www.burmeseclassic.com

အမှုကိုသာ ပြုပါ။ ပြုပြီးသော ကုသိုလ် အမှုတို့ကို တိုးပွားစေရန် အရိုန်မြှင့် ဆောင်ရွက်ပါဟု စေတနာအရင်းပြု၍ တိုက်တွန်းသမှုပြုအပ်ပါသည်။

စက် ၄ ပါးတရားတော်အရ "ပုဗ္ဗေစကတပုညတာ" ခေါ် ရှေးက ပြုဖူး အကျိုးထူးကြောင့် ယခု လူဘဝ ကို ရခဲ့ကြပါသည်။ "ပတိရူပဒေသဝါသော စ" ခေါ် သင့်တင့်လျောက်ပတ်သော ဗုဒ္ဓ သာသနာ ထွန်းကားတောက်ပရာ မြန်မာပြည်၊ မြန်မာ့မြေ၊ မြန်မာ့မြေပေါ်မှာ နေထိုင်ခွင့်ရနေကြပါသည်။ "သပ္ပုရိ သူပနိဿယ" ခေါ် သူတော်ကောင်း ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့နှင့် ထိတွေ့ဆုံတွေ့၊ ချဉ်းကပ်ရင်းနှီးခွင့် ရရှိနေကြပါသည်။ နောက်ဆုံးစက်တစ်ပါးဖြစ်သော "အတ္တသမာပဏိဓိစ" ခေါ် မိမိအားကို မိမိအားကိုး၍ တရားအလုပ်အားထုတ်ဖို့သာ ကျန်ပါတော့သည်။ ဥပမာ ကျွန်တော်၏ကားသည် အင်ဂျင်လည်း ကောင်းပါသည်။ တာယာလည်း ကောင်းပါသည်။ စတီယာရင်လည်း ကောင်းပါသည်။ အောက်ပိုင်းလည်း ကောင်းပါသည်။ ဓာတ်တိုလည်း အပြည့်ထည့်ထားပါသည်။ သို့သော် ကားသည် ရပ်နေပါသည်။ ခရီးတစ်ခုကိုသွားလိုလျှင် ကျွန်တော်ကိုယ်တိုင် ကားပေါ်တက်၍ ဂရုတစိုက် မောင်းနှင်ရန်သာ ရှိပါတော့သည်။ အလားတူစွာပင် ကျွန်တော်တို့တွင် ဝိပဿနာဆိုင်ရာ ဓမ္မစာအုပ်စာပေများ ရှိနေပါသည်။ တရားအခွေများလည်း များစွာရှိနေပါသည်။ ကမ္မဋ္ဌာနစရိယ ဆရာတော်များလည်း ဟောပြောပို့ချလက်တွေ့နည်းပြ စောင့်ရောက်နေကြပါသည်။ ဝိပဿနာစ ဓမ္မရိပ်သာများလည်း အပြိုပြိုအနယ်နယ်တိုင်းမှာ ဖွင့်ထားကြပါသည်။ ထေရ်ကြီး၊ ဝါကြီး ဆရာတော်ဘုရားကြီးကလည်း အခါအားလျော်စွာ တရားဓမ္မများ ဟောကြားပေးတော်မူလျက် ရှိပါသည်။ စက် ၄ ပါး၏ နောက်ဆုံးစက်ဖြစ်သော "အတ္တသမာပဏိဓိစ" စက်ကို နှိုးပေးရံသာ ကျန်ပါတော့သည်။ ကိုယ်တိုင်ကိုယ်ကျ စနစ်တကျအားထုတ်ဖို့သာ လိုပါတော့သည်။

ကျွန်တော်တို့သည် ပုဒ္ဓ ဘာသာဝင်များ ဖြစ်ပါသည်။ သို့သော် မိရိုးဖလာပုဒ္ဓဘာသာဝင် အဆင့်မျှဖြင့် တင်းတိမ်ကျေနပ်မနေသင့်ပါ။ ကျွန်တော်တို့ ယုံကြည်ကိုးကွယ်သော ဘာသာတရား၏ ပန်းတိုင်မှာ "နိဗ္ဗာန်" သာ ဖြစ်ကြောင်း။ ကျွန်တော်တို့ သူငယ်ချင်းအများစု သိရှိပြီး ဖြစ်ပါလိမ့်မည်။ ကျွန်တော်၏ သူငယ်ချင်းအချို့သည်လည်း ကျွန်တော့်နည်းတူ (သို့မဟုတ်) ကျွန်တော့်ထက်ပို၍ပင် ဘာသာတရားအသိ ဘာသာတရားအပေါ် ကိုင်းရှိုင်း ရှိသေမှုများလိမ့်မည်ဟု မျှော်လင့်ယုံကြည်မိပါသည်။ မမွှေမ်ရည်များလည်း အထိုက်အလျောက် ရရှိပိုင်ဆိုင်ပြီး ဖြစ်ကြလိမ့်မည်ဟုမျှော်လင့်ပါသည်။ "ပညာရှိသတိဖြစ်ခဲ" ဆိုသလိုဖြစ်မှာ စိုး၍ စေတနာဖြင့် သတိပေးနှိုးဆော်ပေးရခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့သည် ပုထုဇဉ်များပီပီ ကာလရှည်ကြာစွာ ငါ့ငွေ၊ အတ္တစွဲ သက္ကာယ ဒိဋ္ဌိအစွဲများ အနည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

အများတော့ ရှိကြပါလိမ့်မည်။ ထိုအစွဲ များရှိနေတတ်ကြောင်း၊ ရှိနေသေး ကြောင်း မိမိကိုယ်ကို ဝေဖန်ဆန်းစစ်မိ လျှင်ပင် မဆိုးလှပါဟု မှတ်ချက်ပြုရပါ မည်။ အနတ္တသုတ်တော်တွင် "နေတံ မမ-နမေသော ဟသမိ - နမေသော အတ္တာ" ဟု ဟောကြားထားတော်မူသည့် အတိုင်း "ငါမဟုတ်၊ ငါ့ဟာလည်း မဟုတ်၊ ငါ့အလိုသို့မလိုက်ပါ" ဆိုသည့် အချက်များသည် အလွန်တန်ဖိုးရှိသော နှက်ရိုင်းလှသော မြတ်ဗုဒ္ဓ၏ သွန်သင် ဆုံးမချက်များ ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဘဝတက် ခုံပေါ်တွင် "ရသမျှကုန် - ဆုံးသမျှကွဲ ဖြစ်သမျှပျက်" ဟူသော ဖြစ်စဉ်များ သဘောတရားများကို နေ့စဉ်လူမှုဘဝ ထဲတွင် မတွေ့ချင်လည်း တွေ့နေရ၊ မြင်ချင်လည်း မြင်နေရ၊ မကြုံချင်လည်း ကြုံနေကြရပါသည်။ သမုဒယသစ္စာများ အောင့် ဒုက္ခ သစ္စာများ အဖန်တလဲလဲ ဖြစ်ပျက်ခြင်းဖြစ်၊ ပျက်ပြီးရင် ပျက်နေကြ ဖြစ်သည်။ ပညတ်နယ်(ဝါ)လောကီနယ် ထဲတွင် ခိုင်မာမှုသဘော၊ တည်မြဲမှု သဘော ဘာတစ်ခုမျှမရှိကြပါ။ ထိုဖြစ် ပျက်အစဉ် ("ဒုက္ခသစ္စာ")ကို မျက်ခြည် မပြတ်ရှုမှတ်နိုင်မှုဟူသော ("မဂ္ဂသစ္စာ") ဖြင့် နိမ့်နင်းဖြတ်နောက်နိုင်အောင် ကြိုးစားကြရပါမည်။ သို့မှသာ စစ်မှန် သော "ဓမ္မလမ်းကြောင်း" (ဝါ) "အရိယာ တို့ လျှောက်သောလမ်းပေါ်သို့ မလွဲသွေ ရောက်နိုင်၊ လျှောက်နိုင်ပါလိမ့်မည်။

နိဂုံးချုပ်အနေဖြင့် အမှတ်စဉ် (၃၆) တပ်မတော်(ကြည်း) ဗိုလ်လောင်း သင်တန်းဆင်း သူငယ်ချင်း အရာရှိများ အား အောက်ပါသံတေ ဓမ္မကဗျာလေး ကိုလည်း ရွှေရတု နှစ် ၅၀ ပြည့်မွေးနေ့ အမှတ်တရ လက်ဆောင်အဖြစ် မျှဝေ ပေးလိုပါသည်။

## သတိပြုပါ - သတ္တဝါ
## (သံဝေဂဓမ္မကဗျာ)

၁။ "ဝတ္ထုအာရုံ" "ကာမဂုဏ်"နှင့် မိုးစုံကြိုးကြ - ဆုံကြရ အဲဒါ ကိုယ်တို့ဘဝ။

၂။ "ဖဿ" "ဝိညာဏ်" ဆက်မိပြန်ကြား သင်ကားမနေသာ- အဖြေရှာတော့ "ဝေဒနာ"တွယ်ငြိမ-မလို ချင် ဘိက်။

၃။ ရသာထိုထို- ဘယ်ဟာကိုမျှ မစွန့် ပစ်နိုင် ပိုင်ဆိုင်လိုချင် "တဏှာ"ဝင်၏။

၄။ မြင်းမဆန် - တပ်မက်ထန်ပြင်း လိုချင်ခြင်းကြောင့် လက်ငင်းတစ်ဖန် - "ဥပါဒါန်" က "ကမ္မဘဝ" အားထုတ်ကြ၏။ အားထုတ်ပြန် တော့ - ရပြီပေါ့ဟု ဝိတိဖြာဝေ - မတွေဝေနှင့်။

၅။ အကယ်၍များ - သူငါများသည် "သစ္စာ"မသိ - "ဒိဋ္ဌိ"မကွာ၊ ဖြစ် နေပါက လူမှာ စကြာ - မိုးမှာ သိကြား မိုးမှုန်ပြဟ္မာ - ဖြစ်ကြားပါလည်း ပြုထားကုသိုလ် - ချုပ်ဆုံးပြီက ရောက်ရိုးဓမ္မတာ - ဖြစ်မြဲသာ။

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူငယ်ချင်းအားလုံး သက်ရှည် ကျန်းမာချမ်းသာစွာ တရားအလုပ် အား ထုတ်နိုင်ကြပါစေ။

**ဘဝဆိုးလက်ကျန်အချိန်ဇယား**

| ရောက်သက်(နှစ်) | ကုန်ဆုံးပြီး(ရက်) | လက်ကျန်(ရက်) |
|---|---|---|
| ၂၀ | ၇၃၀၀ | ၂၀၀၇၅ |
| ၂၅ | ၉၁၂၅ | ၁၈၂၅၀ |
| ၃၀ | ၁၀၉၅၀ | ၁၆၄၂၅ |
| ၃၅ | ၁၂၇၇၅ | ၁၄၆၀၀ |
| ၄၀ | ၁၄၆၀၀ | ၁၂၇၇၅ |
| ၄၅ | ၁၆၄၂၅ | ၁၀၉၅၀ |
| ၅၀ | ၁၈၂၅၀ | ၉၁၂၅ |
| ၅၅ | ၂၀၀၇၅ | ၇၃၀၀ |
| ၆၀ | ၂၁၉၀၀ | ၅၄၇၅ |
| ၆၅ | ၂၃၇၂၅ | ၃၆၅၀ |
| ၇၀ | ၂၅၅၅၀ | ၁၈၂၅ |
| ၇၅ | ၂၇၃၇၅ | ၀၀၀၀ |

တည်။

၆။ ထိုထိုကုသိုလ် - ချမ်းဆုံးပြီးက ထိုထိုဘဝ - ပါယ်လေးဝသို့ မုချကေန် - ရောက်ရပြန်သည် တစ်ဖန်ဘဝ - အပြန်ရှိလော့ အိုဘယ်သူငါ့ - သတ္တဝါ။

(အောင်သွင်)

၁၀-၅-၂၀၁၆

ကျွန်တော် အထက်တွင် တင်ပြခဲ့သည့်အတိုင်း "မိမိဘဝ သက်တမ်း ရက်ကျန်ဇယား" အား ဗဟုသုတ ဖြစ်ဖွယ် တွက်ချက်ထားမှုကိုပါ ထည့်သွင်း ဖော်ပြအပ်ပါသည်။

"သတိပြုပါ သတ္တဝါ" သံဝေဂ မွေကဗျာနှင့် ဤဘဝသက်တမ်း ရက် ကျန်ဇယား ၂ ခုသည် အမှတ်စဉ် (၃၆) ဗိုလ်လောင်းသင်တန်းနှင့် ကျောင်းဆင်း အရာရှိ သူငယ်ချင်းအားလုံးအတွက် နှစ် ၅၀ ပြည့်မွေးနေ့လက်ဆောင်အဖြစ် အသိအမှတ်ပြုပေးနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ အားလုံးကို ကျေးဇူး တင်ပါသည်။ အားလုံးကို သတိရနေပါ

ကသ-၂၃/ဗိုလ်လောင်းအောင်သွင်



www.burmeseclassic.com

www.burmeseclassic.com



# အပေါ်ဆိုသည်မှာ

အနှိုင်းမဲ့

ကျော်မြင့်မြတ်(ပျဉ်းမနား)

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

အမေဆိုသည်မှာ သားသမီးများအပေါ် တုန်ခိုင်းမဲ့ ပေးဆပ်မှုပေါင်းများစွာ ပေးဆပ်သည့် မေတ္တာ၊ ကရုဏာရှင်များ ဖြစ်ကြပါသည်။ အမေလို သားသမီးများအပေါ် အနစ်နာခံနိုင်သော၊ သည်းခံခွင့်လွှတ်နိုင်သော မည်သို့သော ဒုက္ခမျိုးမဆို ရင်ဆိုင်ဖြတ်သန်းကျော်လွှားနိုင်သော သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စွန့်လွှတ်ခြင်း ပိုင်ဆိုင်နေသူ အနှိုင်းမဲ့ကရုဏာရှင်များဟု ညွှန်ဆိုရပါသည်။

အမေဖြစ်သူသည် ပဋိသန္ဓေတည်ခိုန်မှစ၍ အစားအသောက်၊ အနေအထိုင် ဆင်ခြင်ရခြင်း၊ ကိုးလလွယ်ဖွား မြင်ရမည့်အချိန်ကို တွက်ချက်၍ အနေအထိုင်၊ အစားအသောက်ကို အထူး ဂရုစိုက်ရခြင်း၊ မွေးဖွားမှု လွယ်ကူချောမွေ့စေရန် ကြိုတင်ပြင်ဆင်ရခြင်း၊ မွေးလာသည့် ကလေးကို လည်းကောင်းစွာ ယုယယယ ပိုက်ထွေးမွေးမြူရခြင်း၊ မွေးလာသော သားသမီးများအပေါ် မိခင်စိတ် မေတ္တာဓာတ် အရှိန်အဝါကြောင့် နှလုံးသွေးအစစ်မှ ဖြူစင်သော နို့ရည်အဖြစ် ပြောင်းလဲ၍ အာဟာရအဖြစ် နို့တိုက်ကျွေးရခြင်း၊ လူလောကဓံ၏ ရှုခင်စဖွယ် အာရုံများကို သားသားမီးမီးများကို ပြသပေးရခြင်း၊ "လမင်းကြီးကို ပြ၍ "ရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွတ်သည့်အဘိုးအို" ကဗျာကို ရွတ်ဆို၍တစ်မျိုး "မိတ္ထီလာကန်အောက်က ဖားကောက်ခဲ့ပါ" သားမျှော်တေးကို ဆို၍ တစ်ဖုံ၊ ပုခက်တွင်ထည့်၍ သီချင်းဆိုသိပ်ရသည်ကတစ်မျိုး သားသမီးများ စိတ်ကြည်လင် ချမ်းမြေ့မှုကို ပေးနေရသော မိခင်။

မုက်၊ ခြင်၊ ယင်မှ အစ အမျိုးမျိုးသော အန္တရာယ်ဘေးမှ လွတ်ကင်းစေရန် စောင့်ရှောက်ပေးရခြင်း၊ ရာသီဥတု အခြေအနေကို ကြည့်၍လည်းကောင်း၊ နွေရာသီတွင် ယပ်ခတ်၍ ဆောင်းအခါတွင် ရင်ငွေ့လုံစေပြီး ပြုစုစောင့်ရှောက်၍လည်းကောင်း၊ မိုးအခါတွင် နာစေ၊ ချောင်ဆိုး မဖြစ်စေရန် ပြုစုစောင့်ရှောက်၍လည်းကောင်း၊ ချေးသေးမှုအစ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်နိုင်သော အင်အားတွေ အလိုလို ဖြည့်ဆည်းထားပြီးသား အမေများ ဖြစ်ကြပါသည်။ တဖြည်းဖြည်း သိတတ်လာသော အရွယ်တွင် လက်ဦး ဆရာဖြစ်သည့် အမေသည် လိမ္မာရေးခြားရှိရန် သွန်သင်ပြသရခြင်းနှင့် မိဘတို့ကို ရိုသေ၍ မိဘထက်သာသော အတိဇာတသားများ ဖြစ်လာစေရန် ဂရုစိုက် ဆောင်ရွက်ပေးရခြင်း၊ ပညာအမွေပေးရခြင်းနှင့် မိမိတို့မှာရှိသော စည်းစိမ်ဥစ္စာ အမွေများကိုလည်း ပေးရခြင်း စသော မိခင်ကောင်းတစ်ယောက် အမေ ဟူသော ဂုဏ်ပုဒ်နှင့် အညီ အနှိုင်းမဲ့ မိခင်တစ်ဦး ဖြစ်လာအောင် အနစ်နာခံ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မိခင်စေတနာ စွမ်းအား



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် နလုံးသားမှ မြစ်ဖျားခံလာသော သွေး တစ်ဖြစ်လည်း နို့ချိုများကို ရင်နှစ်သည်း ချာမျိုးအား ယုယုယယ တိုက်ကျွေး၍ လူတစ်လုံး သူတစ်လုံး ဖြစ်လာစေရန် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မြင့်မြတ်ကြီးမားသော ကြင်နာခြင်း တရားများသည် မိခင်တို့၌ ထာဝစဉ် တည်ရှိနေမည်ဖြစ်သော တန်ဖိုးမရသည့် ပြယုဂ်အဖြစ် တစ်ခုသာ ဖြစ်ပါ၏။ သဘာဝတရားသည် ချစ်ခင်မှု၏ ပြယုဂ်အဖြစ်- မိခင်များကို ဤကမ္ဘာလေ့ကသို့ စေလွှတ်ထားသည်ဟု ယုံကြည်နေမိပါသည်။

အနန္တမေတ္တာရှင် မိခင်များ၏ ဂုဏ်ကျေးဇူးကို သိတတ်၍ ဆပ်တတ်သူများ ပေါများလာသော လူဘောင်လောကကြီး ဖြစ်လာလျှင်မူကား မေတ္တာနယ်မြေ၊ ကရုဏာစိုရိတရား ထွန်းကားရာနယ်မြေ အနှံပင် ဖြစ်လာပေလိမ့်မည်။

မိဘတို့ဘွားများ လက်ထက်မှ၌ မိဘစကားကို လိုက်နာသူ၊ မိဘကို ရိုသေသူ၊ မျိုးရိုးကို ထိန်းသိမ်းကြသူ၊ မြန်မာ့ဓလေ့စရိုက်များကို အလေးထားကြသူများကြောင့် ယဉ်ကျေးသော တိုင်းပြည်၊ ကြင်နာစိုရိတရား ထွန်းကားရာ တိုင်းပြည်အဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ရခြင်း ဖြစ်ပါသည်။

မိခင်များ၏ အခန်းကဏ္ဍသည် အလွန်မှ အရေးပါသည်။ ကမ္ဘာ့ကျော်ဗိုလ်ချုပ်ကြီး နပိုလီယံက ကလေးသူငယ်တို့၏ ကံကြမ္မာကို သူ့မိခင်ကသာ ဖန်တီးသည်ဟု ဆိုမိန့်ခဲ့ပါသည်။ ဤအဆိုသည် အင်မတန်မှ မှန်ကန်သော အဆိုတစ်ရပ်ဖြစ်၍ ထောက်ခံရမည် ဖြစ်ပါသည်။

ကျွန်တော့် မိခင်ကုသာ ကျွန်တော့်အပေါ် သူလိုငါလို တောင်သူစိတ်ဓာတ်မျိုး ရှိခဲ့ပါမူ ယနေ့အချိန်အထိ သာ သားစဉ်မြေးဆက် တောင်သူဘဝတွင်သာ နိဂုံးချုပ်ရမည် ဖြစ်ပါသည်။ သားဘဝကို မိမိတို့လို မပင်ပန်းစေလို၍ အလင်းဆောင်ရန် လမ်းညွှန်ခဲ့သည် ဆိုရမည်ဖြစ်ပါသည်။

သို့သော်လည်း ခေတ်အခြေအနေကြောင့် လောကဓာတ်ကျောင်းများ ဖွင့်လာသောအခါ ဘုန်းကြီးကျောင်း၊ ပညာရေးဘုန်းကြီးကျောင်း ပွင့်လာ၍ ပထမငယ်တန်းရောက်နေသူ ကျွန်တော်သည် စတုတ္ထတန်း ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ပါသည်။

အမေ၏စိတ်သည် အမြော်အမြင်ကြီးသူ ဖြစ်၏။ မိမိကိုယ်တိုင် ကျောင်းပညာ မသင်ကြားခဲ့ရသော်လည်း အိုမ်တွင် သင်ပုန်းကြီးကုန်အောင် အားကြိုးမာန်တက် သင်ခဲ့၍ စာရေးစာဖတ်တတ်ခဲ့သူ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သူ ဖြစ်ခဲ့သည်။ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဝတ်ကို တစ်သက်လုံး တာဝန်ယူ ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်ပါသည်။

မိခင်မေတ္တာ စေတနာကြောင့် လောကီကျောင်းကို အခက်အခဲပေါင်းများစွာ ကျော်ဖြတ်၍ သားကို ဆယ်တန်းအောင်သည်အထိ ပညာသင်ပေးနိုင်ခဲ့၍ လောကအလယ်တွင် မပင်မပန်း စား

www.burmeseclassic.com

နိုင်၊ သောက်နိုင်သော ဝန်ထမ်းဘဝ ရောက်ခဲ့ရသည်။ ဤမျှနှင့်မပြီးသေး အိမ်ထောင် ကျပြီး သားတစ်ယောက် ရနေသော သား၏ ရှေ့ရေးတိုးတက်စေရန် သား၏ ဆန္ဒအရ ဆက်လက်၍ လက်ရှိ ဘဝထက် တက်လမ်းရှိသော ဒီပလိုမာ သင်တန်းသို့ တက်ရောက်ရန် အားပေး ထောက်ပံ့ ခဲ့၍ ဘဝအခြေအနေ တိုးတက်ခဲ့ရပါသည်။ အမေ့ကျေးဇူး မြင့်မိုရ်ဦးဆိုသည့် ဆိုထုံးသည် အမေ များကိုသာ ရည်ညွှန်းကြခြင်း ဖြစ်ပါ သည်။ အမေသာ မေတ္တာဒုစေတနာ အားနည်းခဲ့ပြီး အမြင်မကျယ်ခဲ့သော သား၏မျိုးဆက်သည် သာမန်တော်သူ ဘဝနှင့် ရုန်းကန်ရနိုင်ပါသည်။

မိခင်များ၏ရင်တွင် အမြဲတမ်း သားသမီးများ၏ဘဝ ထာဝရလုပဖို့ လိုအပ်သည့် အရာရာကို ဖြည့်ဆည်းဖို့ အကြောင်းနာ ကရုဏာတွေ ရင်မှာ ထာဝရ ကိန်းတည်ဖို့ စေတနာ၊ မေတ္တာ၊ ကရုဏာ စိတ်ဓာတ်များကြောင့် သာ လူလောကကြီး ရှေ့သို့ တိုးတက်လာ နေရခြင်း ဖြစ်ပါသည်။

အမေများသည် သူတို့ဘဝကို အနစ်နာခံ၍ သားသမီးဘဝ အသာစံ ရေးကို ဦးစားပေးခဲ့သည်မှာ အမေများ ၏ ပင်ကိုစိတ်ဓာတ်ဆိုက မှားအံ့မထင် ပါ။ လူမဆိုထားနှင့် ခွေးသတ္တဝါများပင် လျှင် သားသမီးကို မိမိဘဝ အနာခံ၍ ခိုးကြွေးခဲ့ကြသည် မဟုတ်ပါလား။ ဟိုက တုတ်နဲ့ပစ်၊ ဒီက ခဲနဲ့ပစ်သော်လည်း အနာခံ၍ ကျွေးမွေးခဲ့သည့် သာဓကတွေ ဒါ မိခင်များရဲ့ သားသမီး များအပေါ် ထားတဲ့ တကယ့်မေတ္တာ၊ တကယ့် စေတနာတွေ ဖြစ်ပါသည်။

အမေရဲ့ ပုံရိပ်ကို ပြန်လည် အမှတ်ရစရာကို ဖော်ပြရသော် ဆောင်း တွင်းကာလ အလွန်အေးသော ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် သားသမီးများကို ရှိသမျှ စောင်များကို ခြုံပေး၍ အနွေး ဓာတ်တွေ ပေးခဲ့ပြီး မိမိမှာမူ မီးဖိုဘေး မှာ ဂုန်နီအိတ်ခင်း၍ ဂုန်နီအိတ်များ ခြုံ၍ ညပေါင်းများစွာ ကုန်ဆုံးခဲ့သည်ကို သိခွင့်ရ၍ များစွာမှ စိတ်မကောင်း ဖြစ်ခဲ့ပါသည်။ သားတွေ စိတ်ချမ်းသာ အောင် ဖြေသိမ့်ခဲ့ပုံက ဂုန်နီအိတ်က နံသာနံတာကွ သိလားသား။ နိတ်တော့ အင်မတန် နိတ်တာတဲ့။ ဤသို့ သား သမီးများကို ဖြေသိမ့်နိုင်ခဲ့သူဟာ အမေ ပါ။

အစားအသောက်၊ အနေ အထိုင်၊ အဝတ်အစားမှအစ အစစ အရာရာ သူသာ အနာခံ၍ ချွေတာပြီး သားသမီးများ၏ လို အပ်ချက်ကို ,မည်ည်းည်း ကူညီပံ့ပိုးတတ်သော မိခင် ကောင်း ဝိသသူ ဖြစ်ပါသည်။ ကျွန်တော့် ကို ကျောင်းထားစဉ် သာမန်အိမ်ထောင် စုတွေနဲ့ အရင်ကုန်ကျစရိတ် တစ်နှစ် လျှင် စပါးတစ်စည်း၊ ဆီတစ်ပုံး ထောက်ပံ့ရုံမျှမက ကျောင်းစရိတ်၊ စာအုပ်ဖိုး၊ မုန့်ဖိုး၊ အဝတ်အစားဖိုး အစစအရာရာ ကုန်ကျစရိတ်က ရှိနေ တော့ ကြွေးတင်တင်ခဲ့ပါသည်။ အခြား ဆွေမျိုးများကတော့ သားကို အကြွေး တင်ခံပြီး ကျောင်းထားပေးနေကာ တော်တို့ ဘာအကျိုးရှိမှာလဲဟု မပြောကြ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထိုအခါ အမေက ငါ့သားကို ငါတို့ဘဝမျိုး မဖြစ်စေချင်လို့ ငါတို့အတွက် ဘာမှ မမျှော်လင့်ဘူး။ သူ့ဘဝလေး သက်သက်သာသာနဲ့ ကောင်းကောင်းမွန်မွန်နေနိုင်ဖို့ဟု အားကျမခံ ပြန်ပြောလေ့ ရှိပါသည်။ သားအတွက် အနစ်နာခံရခြင်းကိုပင် ဂုဏ်ယူနေသူ ဖြစ်ပါသည်။

အမှန်တော့ အမေသည် သားသမီးများအပေါ်တွင်သာမက မည်သူ့ပေါ်မဆို အကျိုးမျှော်၍ ကူညီပံ့ပိုး ပေးကမ်းတတ်သူ မဟုတ်ကြောင်း စေတနာကောင်း မာတ်ခံရှိသူဖြစ်၍ သူများအကျိုးဆောင်ရွက်ရမည်ကို ဝါသနာအထုံပါသူဖြစ်၍သာ စွန့်လွှတ်နိုင်သူဖြစ်ကြောင်း သိရှိရပါသည်။ သည်အမေမျိုး၏ စိတ်ဓာတ်မျိုးကြောင့်သာ သူ၏ ဘဝထက်သာတဲ့ သားတွေဖြစ်လာဖို့ ရည်ဆည်းပေးခဲ့ရတဲ့ ကျေးဇူးကြောင့် ထွန်တော့်ဘဝ တိုးတက်လာရခြင်းဖြစ်၍ အမေ့ကျေးဇူး အထူးကြီးမားကြောင်း မှတ်တမ်းတင်ရခြင်း ဖြစ်ပါသည်။ သည်အမေမျိုး၏ အမွေကို ဆက်ခံပြီး မိမိသားသမီးများကိုလည်း ဆက်လက်အမွေပေးရဦးမှာပါလားဟု သတိပြုမိလာခဲ့ပါသည်။

ထို့အပြင် စာပေများကို ဖတ်နေရာမှ သိရှိလာခဲ့သည်မှာ အမေရိကန်နိုင်ငံ၏ သမ္မတကြီးဖြစ်ခဲ့သော အီဘရာဟင်လင်ကွန်းကလည်း "ကျွန်ုပ်နှင့် ကျွန်ုပ် အောင်မြင်မှုသည် ကျွန်ုပ်မိခင်၏ ကျေးဇူးတရားများ ဖြစ်သည်ဟု ဆိုမိန့်ခဲ့သည်ကို မှတ်သားနားလည်ခဲ့ပါသည်။

ဤအဆိုအမိန့်ကို သိရှိလိုက်နာ ကျင့်သုံးခဲ့သော ဒုတိယအမေဟု သတ်မှတ်ထားသော ကျွန်တော့် ဇနီးသည်မှာလည်း သူ၏သားများကို မေတ္တာစေတနာ အခြေခံ၍ စည်းစနစ်တကျ အနစ်နာခံ ဆောင်ရွက်မှုကြောင့် သူ၏ သားသမီးခြောက်ယောက်စလုံး လိမ္မာသော မိဘကျေးဇူး သိတတ်သော သားလိမ္မာနှင့် သမီးလိမ္မာ တွဲရုပညာတတ်များ ဖြစ်လာခဲ့ရပါသည်။ အထက်တန်းပညာရပ်များကို ချွေတာခြိုးခံပြီး စည်းစနစ်တကျ သုံးစွဲတတ်အောင် နည်းပေးလမ်းပြပေးခဲ့ပြီး သားသမီးများကလည်း ပေးသောပညာများကို ယူတတ်ခဲ့ကြ၍ ဘွဲ့ရပညာတတ်သားလိမ္မာ၊ သမီးလိမ္မာ ကလေးများ ဖြစ်လာခဲ့သည်မှာ ကိုယ်တွေ့ဖြစ်ရပ် ဖြစ်ပါသည်။

ကျွန်တော့် ဇနီးမယား ဝတ္ထုရားငါးပါးကို ကျေပွန်ရုံမျှမက မိဘဝတ္ထုရားကိုပါ မေတ္တာ၊ စေတနာ၊ ကရုဏာဖြင့် မွမ်းမံ၍ တာဝန်ကျေအောင် ဆောင်ရွက်နိုင်သော အရည်အချင်းရှိမှုကြောင့် ပညာတတ် လူလိမ္မာလေးများ ဖြစ်လာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သားသမီးများအားလုံး ရာခိုင်နှုန်းပြည့် အောင်မြင်ဆောင်ရွက်နိုင်မှုသည် မိခင်ကောင်းတစ်ဦး၏ စေတနာအရင်းခံသော မေတ္တာ၊ ကရုဏာကြောင့်သာလျှင် ဖြစ်ပါတော့သည်။

"ပုခက်လွှဲသော မိခင်သည် ကမ္ဘာကို လွှမ်းမိုးနိုင်သည်" ဆိုသော

www.burmeseclassic.com

မိခင်မေတ္တာဘွဲ့ အဆိုအမိန့်သည်လည်း လေးစားအတုယူအပ်သော အဆိုအမိန့် တစ်ခု ဖြစ်ပါသည်။

ဖြိုတိသျှဝန်ကြီးချုပ် မာဂရက် သက်ချာ၊ နိဘယ်ဆုရှင် လူထုစံပြ ခေါင်းဆောင် ခေါ်အောင်ဆန်းစုကြည်တို့သည် ပုခက်လွှဲခဲ့သော မိခင်ဘဝမှ ကမ္ဘာကိုပင် လွှမ်းမိုးနိုင်သူများ၊ ကမ္ဘာပြည်သူများရဲ့ အားကျအတုယူဖွယ် အသိဉာဏ်အလင်းကို လမ်းပြပေးခဲ့သူ ကမ္ဘာ့ပြည်သူတစ်ရပ်လုံး အတုယူ အားကျဖွယ်ကောင်းသူ တကယ့် အာဇာနည် မိခင်များ ဖြစ်ကြပါသည်။

ပုခက်လွှဲသော မိခင်သည်ပင် လျှင် သူ၏ သားသမီးများကို မေတ္တာ စေတနာ အရင်းခံ၍ သွန်သင်ဆုံးမပြသ ၍ စည်းစနစ်ကောင်းများ၊ စည်းကမ်း ကောင်းများ၊ လူလူချင်း ညှိတာသနားမှု အများအကျိုးဆောင်ရွက်မှု ယောက်ျား ကောင်းတို့ တတ်အပ်သိအပ်သော ပညာရပ်များကို အနာဂတ်ဘဝမှာ လူနှင့် လူပတ်ဝန်းကျင် လောကကြီး ကောင်းစားရေးအတွက် ဦးဆောင်ဦးရွက် ပြုနိုင်ရန် လောကဓမ္မများ သင်ကြားပေး ခြင်း၊ စာပေများ ဖတ်ရှုစေခဲ့ခြင်း စသော ခေါင်းဆောင်နိုင်သော အရည်အသွေး များ ရင်တွင်းနှလုံးသားအတွင်းမှာ ထာရှိအပ်သော လောကပါလတရားများ၊ အကြင်နာနှလုံးသားများ ရင်တွင်း ကိန်းတည်ကျင့်သုံးလာစေရန် လမ်းဖွင့် ပေးခဲ့ခြင်းများလည်း ဆောင်ရွက်ခဲ့ပါ သည်။ ထို့သို့ အမြင်ကျယ်သော အတွေးခေါ်ကောင်းများ မိမိတို့ သား သမီးများ ရင်မှာ ထာဝရကိန်းတည်ရန် ဆောင်ရွက်နိုင်မှုများမှသည် လောကကို ကြီးပွား တိုးတက်အောင် ကမ္ဘာကို ရင်ဘောင်တန်းနိုင်အောင် မိခင်များက သာ ဆောင်ရွက်နိုင်ခဲ့ခြင်းသာ ဖြစ်ပါ သည်။

မြင့်မြတ်သော လူ့ဝိသေသ မိခင်တစ်ဦး ဖြစ်ရန်မှာ-

(၁) မေတ္တာတရားကြီးများရမည်။

(၂) သနားကရုဏာ ထားနိုင်ရ မည်။

(၃) စာနာညှာတာတတ်သော စိတ် ကောင်းပွေးမြူရမည်။

(၄) ကိုယ်နှတ်စိတ် တစ်ဖြောင့် တည်း တည့်မတ်မှန်ကန်ရ မည်။

(၅) ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်ရ မည်။

(၆) မြေကြီးနှင့်တူသော သည်းခံမှု အားကောင်းခိုင်ခဲ့ရမည်။

(၇) သူတစ်ပါးအကျိုး သယ်ပိုးလို သော စေတနာနှင့် ဆန္ဒသည် အစဉ်သဖြင့် အဆင်သင့်ရှိရ မည်

စသော အရည်အချင်းများ မိခင်များအားလုံး၌ ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြ၍ သူတစ်ပါးအား လည်း စေတနာကောင်းထားပြီး ပံ့ပိုး ကူညီ ဆောင်ရွက်မှု ပံ့ပိုးနိုင်ကြပါလျှင် ဤလောကကြီးသည် အေးချမ်းသာယာ သော လောကပါလ တရားများ လွှမ်း မိုးရာ ထွန်းကားရာ ဒေသ၊ နိုင်ငံကြီးမှု ဖြစ်လာမည်ဟု ယုံကြည်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အမေဆိုသည်မှာ ကောင်းသော လောကဓံနှင့် ကြုံလျှင်လည်း လောဘမတက်၊ မာနမဖက်ဘဲ နေနိုင်ရမည်။ ဆိုးသော လောကဓံနှင့် ကြုံပါကလည်း မေတ္တာဖြင့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းများထားတတ်အောင် မွေးမြူကြရပါမည်။

ထို့ပြင် သူတစ်ပါးအပေါ် စာနာမှုတရားဖြင့် ညှာတာမှုထားနိုင်သူ ဖြစ်ပြီး အပြစ်ရှိသူဖြစ်စေဦး အနိုင်မယူဘဲ အသာတကြည် ခွင့်လွှတ်နိုင်သော သည်းခံခြင်းမျိုးလည်း ပိုင်ဆိုင်ထားသူ ဖြစ်ရပါမည်။

လူ့ဘဝတွင် ဖိနှိပ်အနိုင်ကျင့်စော်ကားမှုများနှင့် အခက်အခဲများကိုထည်း တည်ငြိမ်အေးဆေးစွာ ရင်ဆိုင်၍ သည်းခံနိုင်စွမ်း ရှိသူဖြစ်ရမည်။ သည်းခံမှုအားကောင်းလေလေ ဘဝတွင် အောင်မြင်မှု အထွတ်အထိပ်သို့ ရောက်ရှိနိုင်လေ ဖြစ်ပါသည်။ ဤသို့သော အရည်အချင်းများကိုလည်း အနှစ်ချုပ်ဆိုရလျှင် ကျေးဇူးရှင်မိခင်များ ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိသူများ ဖြစ်ကြရပါသည် ဆိုခဲ့ပြီး အရည်အချင်းများ ပြည့်ဝခဲ့ကြသော ပုခက်လွှဲခဲ့သော မိခင်များကြောင့်သာ ဤကမ္ဘာ လောကကြီးတစ်ခုလုံး တိုးတက်ကြီးပွား သာယာချမ်းမြေ့လာခဲ့ရခြင်း ဖြစ်ပါတော့သည်။

အမှန်မှာ ကလေးငယ်တစ်ဦး၏ အနာဂတ်ကံကြမ္မာသည် သူ့မိခင်၏ အပြဲတစေ ပြုစုပျိုးထောင်မှုအပေါ်တွင် မူတည်နေသည်ဟု (နပိုလီယံ)က မိန့်ဆိုခဲ့သည်။

ထို့အပြင် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးဆုံးအရာမှာ ဖြောင့်မတ်မှုန်ကန်ကောင်းမွန်သည့် အမျိုးသား၊ အမျိုးသမီးများ မွေးဖွားပေးရန်လည်း အမေဆိုသူများက တာဝန်ယူရမည် ဖြစ်ပါသည်။

မိခင်တစ်ယောက်၏ အရည်အသွေး မျှော်လင့်ချက်သည် မိမိသားသမီးများအား လူတော်လူကောင်းများ ဖြစ်လာစေရန် ဖြောင့်မတ်မှုန်ကန်သူများ ဖြစ်လာရအောင် ကိုယ်ကျင့်သီလပြည့်စုံသော စာရိတ္တသီလရှိသူများနှင့် လောကကို ဖျက်ဆီးတတ်သည့် လောကနာသနတရားဟုခေါ်သော အဟိရိကာ၊ အနောတ္တပ္ပ မဟုတ်တာကိုလုပ်ရမှာ မကြောက်သူ၊ မရှက်သူများ မဖြစ်ရလေအောင် ပြုပြင်ပေးကြရမည်ဖြစ်ပြီး လောကကို စောင့်ရှောက်ကြသော လောကပါလတရားများ ဟိရိဩတ္တပ္ပ မဟုတ်တာလုပ်ရမှာကို ကြောက်ခြင်း၊ ရှက်ခြင်းများ ရင်တွင်း ကိန်းတည်လာအောင် ပြုပြင်ပေးကြရမည့် တာဝန်သည် မိခင်၏ တာဝန်ပင် ဖြစ်ပါသည်။

သို့မှသာ မိမိမှ မွေးဖွားလာမည့် သားသမီးသည် မိမိထက် သာလွန်သော အတိဇာတသားသမီးများ ဖြစ်ထွန်းလာမည်ဖြစ်ပြီး လောကကို သာယာဝပြောအောင် အေးငြိမ်းချမ်းသာယာအောင်၊ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ အနည်းဆုံး မိမိနှင့်တန်းတူ အနုဇာတသားသမီးများ ဖြစ်ရန် ပြုစုစောင့်ရှောက်ပေးကြရမည် ဖြစ်ပါသည်။

လူတစ်ယောက် အကောင်း

www.burmeseclassic.com

ဆုံး (သို့မဟုတ်) အဆိုးဆုံး ကံကြမ္မာသည် သူ၏ ဇနီးမယားပင် ဖြစ်ပါ၏။ မိခင်ကောင်းတစ်ယောက် (သို့မဟုတ်) အမေနဲ့တူသော ဘဝအဖော်အမွှန်အဖြစ် အရတော်ခဲ့သော ကျွန်တော်သည် သားကောင်။ သမီးကောင်းများကို ရခဲ့၍ အင်မတန် ကံကောင်းသူတစ်ယောက် ဖြစ်ခဲ့၏။ မိခင်ကောင်းပီသသော ဇနီးမယား (သို့မဟုတ်) သားသမီးတို့၏ အနန္တကျေးဇူးရှင်အမေကြောင့် ဘဝတစ်လျှောက်လုံး စိတ်အေးချမ်းသာယာမှု ရခဲ့ခြင်းဖြစ်ပါ၏။ ကျွန်တော့် ကျေးဇူးရှင်အမေနဲ့ တူသော ကျွန်တော့်ဇနီးကို ဒုတိယအမေဟု ဆိုခဲ့သော် လွန်အံ့မထင်ပါ။ မိမိတို့ဘဝမှာ မည်သို့မျှ မမျှော်မှန်းနိုင်သော ဘဝမျိုးကို မိသားစုအလိုက် ခံစားရရှိခဲ့ခြင်းမှာ ဇနီးကောင်းကို ပိုင်ဆိုင်ခဲ့မှုကြောင့် ဖြစ်ပါသည်။ မိမိထက် ငယ်ဘဝက ပြည့်စုံခဲ့သော သူငယ်ချင်းများ အများစုသည် မိခင်မပီသသော ဇနီးမယားများကြောင့် ဆင်းရဲဒုက္ခ ရောက်ခဲ့ရသည်ကို မျက်မြင်ကိုယ်တွေ့ သိမြင်ခဲ့ရသဖြင့် သူတို့အတွက် စာနာသနားခဲ့ရပါသည်။

ကျွန်တော့်ဇနီးသည် ကလေးများ ငယ်ရွယ်စဉ်ကတည်းက မိမိဖြစ်စေလိုသော ဘဝမျိုးကို ရရှိအောင် စိမ်ချက် ချနိုင်ခဲ့ပြီး (၄-၅) နှစ်သားလောက်ကတည်းက ကလေးအားလုံးကို ဘွဲ့ရဓာတ်ပုံများ ရိုက်၍ အိမ်တွင် ချိတ်ဆွဲထားပြီး အလျင်းသင့်တိုင်း ဘွဲ့ရပညာတတ်များ၏ ဘဝကို အားကျအောင် ပြောဆိုဆုံးမခဲ့၏။ ကျောင်းစနေကတည်းက ထမင်းကို စောစောချက်၍ ကိုယ်တိုင် အကြိုအပို့လုပ်၍ သားသမီးများ လိုအပ်ချက်ကို ဆရာ၊ ဆရာများနှင့် ထိတွေ့တိုင်ပင်၍ ဆောင်ရွက်ခဲ့ပြီး မိဘ၊ ဆရာ ပူးပေါင်းသဖြင့် သားသမီးပညာ ကောင်းစေခဲ့သူ ဖြစ်ပါသည်။ သားသမီးများကို လည်း သူများက စလျင်းသည်းခံဖို့ ပြန်မလုပ်ဖို့ ဆရာကို တိုင်ဖို့သာ မှာလေ့ရှိပြီး ဘယ်လို အခြေအနေပဲဖြစ်ဖြစ် ရန်တုံ့ပမှုရန် ငယ်စဉ်ကတည်းက ဆုံးမခဲ့ပြီး အနိုင်ရလိုမှုထက် သည်းခံမှု၏ အကျိုးများကို ဆုံးမပေးခဲ့၏။ စာကိုးသာ ကြိုးစားရန် သွန်သင်ဆုံးမပေးခဲ့၏။

လိမ္မာရေးခြားရှိရန် အကြောင်းတိုက်ဆိုင်တိုင်း သွန်သင်ဆုံးမခဲ့သည့် ပုံပြင်များဖြင့်လည်း စိတ်ဝင်စားအောင် ပြောပြခဲ့သည်။ လိမ္မာသော ကလေးများ၏ ဘဝလူချစ်လူခင်များပုံ၊ အကျင့်စာရိတ္တ ကောင်းသူများ၏ ဘဝတိုးတက်လာပုံများကို စိတ်ဝင်တစား စိတ်ရှည်လက်ရှည် ပြောပြခဲ့၏။ စည်းကမ်းရှိသော ကလေးများဖြစ်အောင် သူကိုယ်တိုင် စည်းကမ်းနှင့် နေပြခဲ့သည်။

အကြီးဆုံးသားကြီးမှ အငယ်ဆုံး သမီးငယ်လေးထိ သားသမီးခြောက်ယောက်စလုံး အချိန်မှန် ကျောင်းသွား အချိန်မှန် ပြန်လာ၊ အချိန်မှန် ထမင်းစား၊ အချိန်မှန် စာကျက်မှုများကို တစ်ခါပြောထားရုံဖြင့် အပြောရလွတ်လိုက်နာခဲ့ကြသူများ ဖြစ်လာခဲ့ပါသည်။

အမေဆိုသော အမေ၏ နှလုံးသားတွင်းမှ ပေါ်ထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com

စေတနာ၊ မေတ္တာ၊ ကရုဏာများကြောင့် သားသမီးတွေ လိုက်နာကျင့်သုံးခဲ့ကြခြင်း ဖြစ်သည်ဟု ယုံကြည်မိပါသည်။

အမေသည် သားသမီးတို့၏ ထမ်းပြကြယ် ဖြစ်ပေသည်။ အသိဉာဏ်ကြွယ်ဝရာသော လူမမယ်ကလေးငယ်များကို အသိဉာဏ်များ ပြည့်ဝလာအောင် သိမ္မာရေးခြားရှိလာအောင် စိတ်ရှည်၊ ထက်ရှည် အနွံနာခံသည်းခံခြင်း၊ တရားကို ရင်မှာပိုက်လို့ ပြုစုယယခဲ့မှုသည် သားလိမ္မာ၊ သမီးလိမ္မာများ ဖြစ်လာခြင်း၏ အကြောင်းရင်း ဖြစ်ပါသည်။ မောင်ပိုက်နေသော ညနှင့် တူသည့် ဆယ်လိမ္မာရာသေးသော လူမမယ်ကလေးများကို အသိဉာဏ်ဟူသော အလင်းရောင်နှင့်တူသော ကြယ်၏ အလင်းပြမှုကြောင့် လမ်းမှန်ရောက်၍ ခရီးပေါက်ခဲ့ခြင်း ဖြစ်ပေသည်။ ဤဖြစ်၍ အမေသည် လမ်းပြကြယ်များဟု တင်စားဆိုကြသူ စံပြပုဂ္ဂိုလ်များ ဖြစ်လာခဲ့ရပါသည်။

အမေရိကန်သမ္မတ ရုစ်ဗဲ့က "အကျင့်စာရိတ္တကို ယေဘုယျကလေး ဘဝမှ သေထိုတိုင် လေ့ကျင့်ပေးနေရမည်ဟုလည်းကောင်း၊ မြတ်ဗုဒ္ဓကလည်း ရှုကွဲသို့ ပြုပြင်ရလွယ်သော မိမိလိုသလို ပုံစံထုလုပ်၍ လွယ်ကူသော ယေဘုယျကလေး ဘဝမှာ အကျင့်စာရိတ္တကောင်းအောင် မိမိဖြစ်စေလိုသော ဘဝမျိုးရအောင် ပြုပြင်ပုံသွင်းပေးရမည်" ဟု ဆိုမိန့်ခဲ့သည်ကို မှတ်သားမိပါသည်။

ယေဘုယျကလေးဘဝ အချိန်တိုင်း ယုယပိုက်ထွေး၊ နို့ချိုတိုက်ကျွေးနေရသော အမေသည်သာ ကလေးများကို လိုသလို မိမိအရည်အချင်းရှိလျှင် ရှိသလို ထိပ်ဆုံးဘဝအထိ လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။ သည်တာဝန်ကို မေတ္တာ၊ ကရုဏာ၊ စေတနာ၊ အနစ်နာခံ ပြုပြင်သွန်သင်ပေးကြသော အမေများကြောင့်သာ လူတော်၊ လူကောင်းများ ပေါ်ထွန်းလာခဲ့ပြီး လောကကြီး လှပတိုးတက်လာအောင် အထက်တန်းစားများဖြစ်လာအောင် ဆောင်ရွက်နိုင်ကြခြင်း ဖြစ်ပါသည်။

အမေနဲ့တူသော ကရုဏာရှင်၊ မေတ္တာရှင် အမေများသည်သာ လောကကို အလှဆင်သူ၊ လူလောကကို တိုးတက်အောင် လူသားဝိသေသူများ ဖြစ်လာအောင် ဆောင်ရွက်နိုင်သူများ ဖြစ်ကြသည့်အတွက် အမေများအားလုံးကို ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါ သည်။

မိကောင်းဖခင် သားသမီးဆိုတာ မျိုရိုးပစ်မထားရဘူး။ ထိန်းသိမ်းရပါတယ်။ ရှေ့က ဘိုးဘွားမိဘများရဲ့ လမ်းစဉ်အတိုင်း လိုက်ရပါသည်။ လက်လှမ်းမီသလောက် လိုက်နိုင်ရမယ်။ တိုးတက်မြဲ တိုးတက်နေတဲ့ ဘုရားရှင်ရဲ့ ခေတ်ကို လိုက်ရပါမယ်။ ဘုရားရှင်ရဲ့ ခေတ် ဘယ်တော့မှ မရိုးနိုင်ပါဘူး" ဟု အရှင်ဇနကာဘိဝံသက- ဆိုမိန့်ခဲ့ပါတယ်။

အမေဆိုတဲ့ မိခင်များဟာ ဆရာတော်ကြီးရဲ့ အဆိုအမိန့်အတိုင်း လိုက်နာကျင့်သုံးနေသမျှ မိကောင်းဖခင်၏ သားသမီး ဝိသေသပါလိမ့်မယ်။ မိမိက မျိုးရိုးကို ဂရုတစိုက် ထိန်သိမ်း

www.burmeseclassic.com

လိုက်နာနေသမျှ မိမိတို့ရဲ့ သားသမီးများသည်လည်း မျိုးရိုးမြင့်သည်ထက် မြင့်လာမှာ မလွဲကောန်ဖြစ်မှာ သေချာပါတယ်။ "ငှက်ပျောပင် စိုက်မိလိုက်ပါ" ဆိုတဲ့ စကားအတိုင်း မိဘကောင်းမှ သားသမီးကောင်းမှာဖြစ်၍ မိဘမျိုးရိုးဓလေ့စရိုက်ကောင်းများကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နိုင်ဖို့ မိဘများက တာဝန်ကျေပွန်ရမှာ ဖြစ်ပါတယ်။

ဘဝရှိသူတိုင်း ပေးဆပ်နေရသူတွေချည့် ဖြစ်သလို ပေးဆပ်နေရတဲ့ သူချင်းအတူတူ အမေများ၏ သားသမီး အပေါ် ပေးဆပ်မှုကတော့ အနှိုင်းမဲ့ ပေးဆပ်ခြင်းများနဲ့ ပေးဆပ်နေကြသူများ ဖြစ်ပါတယ်။ မိခင်ဘဝဆိုတာ လူတိုင်း ရရှိနိုင်တာ မဟုတ်သလို မိခင်ကောင်း ဖြစ်ဖို့ဆိုတာ ဝိုင်ပင် ခက်ခဲလှပါတယ်။ မိမိသားသမီးများ ဘဝကို လူဖြစ်ရကျိုး နပ်သူတွေ ဖြစ်ရလေအောင် အနစ်နာခံ အပင်ပန်းခံနိုင်ဆုံး စွန့်ငံ့သူများသည် အမေများသာ ဖြစ်သည်ကို မည်သူမျှ ငြင်းဆိုနိုင်မည် မထင်ပါ။ မိခင်များသည်သာ မေတ္တာ၊ ကရုဏာရှင်များ ဖြစ်ကြ၍ မိမိတို့၏ သားသမီးများကို လူဖြစ်ရကျိုး နပ်သူတွေဖြစ်ရအောင် ရင်ထဲအသဲထဲမှ စေတနာများကို အစွမ်းကုန် ထုတ်နှတ်ပေးစွမ်းနိုင်သူများ ဖြစ်ကြပြီး လောကကို အလှဆင်သူများသာ ဖြစ်ပါတယ်။

"သင်သည် လူတစ်ဦးတစ်ယောက် အား အသက်ထက် ဆုံး ချစ်မြတ်နိုးပါသည်ဟု ဆိုခဲ့ဖြားဖဲ့။ ထိုစကားသည် သင်၏ တစ်သက်တာအတွင်း ဘယ်သော အခါမှ မငြိမ်းနိုင်သော ဖယောင်းတိုင်ဆီမီး တစ်တိုင်ကို သင်ကိုယ်တိုင် အပြီး စိုက်ထူလိုက်ခြင်း ဖြစ်သည်ဟု ဂန္ဓင်-ရဂူး ပညာရှင်တော် စတိုင်းဆိုခဲ့သည်ကို မှတ်သားထားမိခဲ့ပါသည်။

ထိုစကားသည် အမေဆိုသူများ၏ ရင်တွင်းမှ အလိုလို စီးဆင်းလာသည့် မေတ္တာစမ်းရေများ တသွင့်သွင် စီးဆင်းနေအောင် သဘာဝတရားက မိခင်များကို ပေးခဲ့သည်ဟု ဆိုရပါသည်။ မိခင်များသာ သားသမီးများ၏ ဘဝကို ချစ်ခင်မြတ်နိုးသူများ ဖြစ်ကြသောကြောင့် ဘယ်သောအခါမှ မငြိမ်းနိုင်သော အမြဲတမ်း သားသမီးများ ဘဝကို အလင်းရောင်ဟူသော အသိဉာဏ်ပညာတည်းဟူသော ဖယောင်းတိုင်ကို ထွန်းညှိထားခြင်း ဖြစ်သည်ဟု" ဆိုလိုရင်း ဖြစ်ပါသည်။

မိခင်ကောင်း တစ်ယောက်ဖြစ်ဖို့ အဓိကအချက်မှာ ဇနီးကောင်း အဂါရုပ်များနှင့်အညီ စိတ်ထားတတ်သူများ ဖြစ်ဖို့ လိုအပ်ပါတယ်။ ဇနီးခုနစ်မျိုးရှိသည်ဟု မှတ်သားထားဖူးပါသည်။ ထို ဇနီးခုနစ်မျိုးထဲမှ နှစ်မျိုးသာလျှင် မေတ္တာ-ကရုဏာရှင်များ ဖြစ်သည်ဟု ဆိုချင်ပါသည်။ အဓိနှင့်တူသော ဇနီး၊ နမနှင့်တူသော ဇနီးများ ဖြစ်ရပါမည်။ အမေနှင့်တူသော ဇနီးမျိုးဖြစ်မှသာ





www.burmeseclassic.com

www.burmeseclassic.com

သားသမီးအပေါ်တွင် စေတနာ၊ မေတ္တာ ကရုဏာနှင့် လူတော်၊ လူကောင်း သားသမီးများ ဖြစ်လာနိုင်မှာ ဖြစ်သလို နှမနှင့်တူသော ဇနီးသည်လည်း လင်၏ အပေါ် ဖြဟ္မစိုရိတရားများ၊ စာနာမှုများ နှင့် လင်သားအပေါ် မိမိအစ်ကိုတစ်ဦး ပမာ မေတ္တာ၊ စေတနာများ ထား၍ အစ်ကိုဖြစ်သူ၏ စကားကို မြေဝယ်မကျ နားထောင်သူဖြစ်၍ မိမိသားသမီးကို ထည်း လိမ္မာရေးခြားရှိအောင် မေတ္တာ အခြေခံ၍ စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

အကယ်၍သာ အရှင်သခင်နှင့်တူသော ဇနီး၊ သူသတ်သမားနှင့်တူသော ဇနီး၊ ကျွန်နှင့်တူသော ဇနီးများနှင့်သာ အိမ်ထောင်ဘက် ပြုခဲ့ပါက သားကောင်း၊ သမီးကောင်းများ ဆွန်းကားနိုင်မည် မဟုတ်ဘဲ သားဆိုး၊ သမီးဆိုးများ ထွန်းကားလာလျှင် ဆောက်ကို ဖျက်ဆီးသူများ ပြစ်လာနိုင်ပါသည်။

ထို့ပြင် အမေဆိုသည်မှာ သည်းခံခြင်းတရားနှင့် ပြည့်စုံရမှာဖြစ်တယ်။ သည်းခံခြင်းတရားကို ပြည့်စုံအောင် ပြုလိုက်နိုင်မှသာ သူတော်ကောင်းတို့ရဲ့ သတ္တိအစစ်လည်း ဖြစ်သွားပါတယ်။

ကိုယ်ဝန် ရှိစကတည်းက အော့ခြင်း၊ အန်ခြင်း၊ မူးမော်ခြင်း၊ ထမင်းမစားနိုင်၊ ဟင်းမစားနိုင်၊ နေမထိထိုင်မသာ ဖြစ်လာကြပါတယ်။ ထိုသို့ ဖြစ်လာသောအခါ လူကြီးသူမများ၏ အတွေ့အကြုံအရ ကိုယ်စန်ဆောင်ပြီး ဆိုတာ သိလိုက်ရသည်နှင့် တစ်ပြိုင်နက် မိခင်လောင်းများသည် မမြင်ရသော သားငယ်၊ သမီးငယ်အတွက် သောက၊ အေးသ ဖြစ်မည့်အစား ခံစားမှု ဒုက္ခများကိုပင် မေ့ပျောက်၍ ဝမ်းမြောက်ပီတိများ ရင်မှာ တဖွားဖွား ပေါ်ပေါက်လာကြပါသည်။

အမိအဖတို့အပေါ်၌ လွယ်လွယ်နှင့် ကျေးဇူးတုံ့ပြန် ဆပ်၍ မကျေနိုင်။ မိခင်၊ ဖခင်ကို ပခုံးတစ်ဖက် စီမှာတင်၍ အနှစ်တစ်ရာပတ်လုံး ကျွေးမွေးရေမိုးချိုး၊ နိပ်နယ်ပေး ပခုံးပေါ်မှာ အိပ်စေ၍ ပခုံးပေါ်မှာတင် ကျင်ကြီး၊ ကျင်ငယ် စွန့်စေပြီးလျှင် ပြုဂုလုပ်ကျွေးသည်ကိုပင် မိဘ၏ ကျေးဇူးကို ဆပ်၍ မကုန်နိုင်ဟု ဘုရားရင်က ဟောကြားတော်မူခဲ့ပါသည်။ (အင်္ဂုတ္တရနိကာယ်)

ဤဗုဒ္ဓ ဟောမိန့်ခဲ့သော ကျေးဇူးရှိသူ မိခင်များ၏ တုန်မင်းရသည့် ကျေးဇူးများသည် ရင်ထဲ၊ အသဲထဲ နလုံးသားထဲမှာ မရေမတွက်နိုင်သော အနန္တမေတ္တာ ကရုဏာများဖြင့် ပြည့်ပြီးသား လူသားမိခင်များ၏ မွေးရာပါ ဗီဇစိတ်များ ဖြစ်ကြပါသည်။

ထိုသို့ မွေးရာပါ အနန္တမေတ္တာ ကရုဏာရှင် မိခင်များအပေါ် သားသမီးများက တန်ဖိုးထား အသိအမှတ်ပြု လေးစားကြပြီး ကူညီပံ့ပိုးထောက်ပံ့နိုင်ကြမည် ဆိုပါလျှင် သတ္တ



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးတစ်ခုလုံး အနန္တမေတ္တာ၊ ကရုဏာရှင်များကြောင့် အေးချမ်းသာယာ ပျော်ရွှင်ဖွယ်လောကကြီး အမှန်ဖြစ်လာမည်ဟု ယုံကြည်မိပါသည်။

ဒုတိယအမေဟု တင်စားခဲ့သော ဇနီးသည် သားသမီးများကို ခင်ပွန်းကြီးဆယ်ပါး မပြစ်မှားမိအောင်လည်း အမြဲတမ်း သွန်သင်ဆုံးမခဲ့ပါသည်။ ရတနာသုံးပါးနှင့် အနန္တဂုဏ်ပါးကို ထာဝရဆည်းကပ်ရန် ကိုယ်ကျင့်သိလလုံခြုံအောင် ထိန်းသိမ်းရန်နှင့် မိရိုးဖလာ ဗုဒ္ဓဘာသာအဆောင့်မှ ပညာ ဗုဒ္ဓဘာသာဖြစ်သော မြတ်ဗုဒ္ဓဟောကြားခဲ့သည့် တရားစစ်၊ တရားမှန်များကိုသာ ယုံကြည်ကိုးကွယ် ဆည်းကပ်တတ်အောင် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

မိမိကိုယ်တိုင်လည်း မိဘကောင်းများ ဖြစ်လာအောင် ဆောင်ရွက်ကျင့်ထုံးစေပြီး ကျေးဇူးရှင် မိဘနှစ်ပါးကိုလည်း ထာဝရ လေးစားအားကိုးအမှတ်ရစေရန်လည်း သွန်သင်ဆုံးမပေးခဲ့ပါသည်။ ကျွန်တော့်ဇနီး၏ စံပြထိုက်သော လုပ်ရပ်တစ်မှာ ရှေးမြန်မာလူမျိုးများ အထူးသဖြင့် စစ်ကိုင်းဘက်ကျေးရွာများတွင် ယခုထက်တိုင် အစဉ်အလာမပျက် ဆောင်ရွက်လျက်ရှိသော "အမေ့ခြေရာ" ယူပြီး သားသမီးများ၏ ခေါင်းအုံးထဲတွင် ထား၍ အိပ်စေခြင်း၊ ခရီးဝေးသွားသောအခါ မိမိနှင့် တစ်ပါတည်း ယူဆောင်သွားလျှင် အန္တရာယ်ကင်းကြောင်း ကိုယ်တွေ့ဖြစ်ရပ်များကို ပြောပြခဲ့ပါသည်။ သားသမီးများ အားလုံးမှ အမေ့ခြေရာနှင့် အဖေ့ခြေရာကို စနစ်တကျ ယူ၍ သိမ်းဆည်းထားနိုင်အောင် ကောင်းသောအမွေကို အစဉ်အလာတစ်ရပ်အဖြစ် လက်တွေ့ အကောင်အထည်ဖော်ခဲ့သည့် အမေဖြစ်ပါသည်။

သားသမီးအားလုံး၏ ပစ္စုပ္ပန်အရပ်ရပ် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်ရုံမျှမက အနာဂတ်ဘဝများတွင်လည်းကောင်း၊ ကောင်းကျိုးလိုရာ ပြည့်စုံနိုင်စေရန် လောကုတ္တရာ အမွေများဖြစ်သော သီလသမာဓိ၊ ပညာသိက္ခာသုံးရပ် ပြည့်စုံစေရန်လည်း အကျိုးလိုလားသော မေတ္တာစိတ်အပြည့်ဖြင့် ဖြည့်ဆည်းပေးနေခဲ့ပါသည်။

မိမိရင်မှ ဖြစ်လာသော သားသား၊ မီးမီးများ၏ဘဝ ထာဝရလုပ်သာယာအေးချမ်းစေရန်အတွက် မိမိဘဝကို ပေး၍ စွန့်လွှတ်အနစ်နာခံ၊ သည်းခံခြင်းတရားများကို ထားနိုင်ခဲ့သော အမေများ ဖြစ်ကြပါသည်။ မြဟ္မစိုရိတရား လက်ကိုင်ထားပြီး ဆောင်ရွက်ခဲ့မှု အစုစုသည် လောကီနှင့် လောကုတ္တရာ ပစ္စက္ခဘဝနှင့် သံသရာချမ်းသာနှစ်ဖြာ အကျိုးအတွက် လွတ်လွတ် စွန့်ပုံစွန့်စားနိုင်စွမ်းသော သဒ္ဓါပညာနလုံးသားကို ဝိရိယ၊ သမာဓိ၊ ပညာ၊ သတိများ ထုံးမွှမ်း၍ အလှဆင်ပေးနေကြသော အမေဆိုသော အမေ



www.burmeseclassic.com

www.burmeseclassic.com

များကို ထာဝရ ဦးညွှတ်အရိုအသေပြု၍ ဂုဏ်ပြုအပ်ပါသည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားများရင်မှာ ထာဝရပိုင်ဆိုင်ကြသော အမေဆိုသော အမေများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒတွေ ပြည့်ချမ်း သာကြပါစေ။ လူလောကကြီးတစ်ခုလုံး ဖြဟ္မစိုရိန္နလုံးသားများ အမာခံထား၍ လောကကို အလှဆင်နိုင်ကြပါစေ။ သံသရာအဆုံးမှာ "သန္တိသုခ" ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြပါစေဟု ဆုမွန် ကောင်း တောင်းလိုက်ပါသည်။

မိခင်နှင့်ထပ်တူ မေတ္တာဖြာဝှေ စိုရိ တရားကိန်းတည်ထားကြသော အမေများအားလုံး ကျန်းမာချမ်းသာ ကြပါစေ။

ကျော်မြင့်မြတ်(ပျဉ်းမနား)

Dear Marry Fashion House

No. 56, Aung Mingalar Street,
Tamwe Township, Yangon.

09 5136230, 09 5036602
09 5172150, 09 250504361

http://www.facebook.com/dearmarrymyanmar




www.burmeseclassic.com

www.burmeseclassic.com



# ဘိုပ်မွေးပညာ

စိတ်ညို့

အောင်မုန်းမြိုင့်(ကျောင်းဇြေ)

၂၀၀၆

အတွဲ (၂၀)၊ အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## မတူကွဲပြားသောနည်းများ

စိတ်ညှိအိပ်မွေ့ချ ပညာရပ်၌ အဖွဲ့အစည်း ဂိုဏ်းဂဏအမျိုးမျိုး၊ အယူအဆနှင့် ဆရာအမျိုးမျိုး မရေမတွက်နိုင်အောင် စုလင်များပြားစွာ ရှိလေ၏။ အနောက်တိုင်း အယူအဆအရ စိတ်ညှိအိပ်မွေ့ချပညာကို HYPNOSIS သိပ္ပံနည်းကျ အိပ်စက်စေခြင်း ပညာဟူ၍ ဖြစ်သော်လည်း ရှေးဆန်သော အရှေ့တိုင်း အယူအဆမှာ ပယောဂ ထူးအဖြစ် နားလည်ထားကြသူများက အများစုဖြစ်ကြသည်။ HYPNOSIS ဟူသော ဝေါဟာရသည် အိပ်စက်ခြင်း နှင့် ဆိုင်သော ဂရိနတ်ဘုရား၏အမည် HYPNOS ကို ကျယ်ကျယ်ပြန့်ပြန့် ယူငင် အသုံးပြုထားခြင်းဖြစ်သည်။ ဂရိ [illegible]စကားမှ ဆင်းသက်လာသော [illegible]ဖြစ်သည်။

စိတ်ညှိအိပ်မွေ့ချခြင်း ပညာရပ်၌ အခြေခံအဝိုင်းကြီး နှစ်ဝိုင်းရှိသည်။ ၁။ ရုပ်ဝိုင်းဆိုင်ရာ အကြားအမြင်၊ အနံ့၊ အထိအတွေ့၊ အာရုံများကို အသုံးပြုရသောနည်းလမ်း။ ၂။ စိတ်ဝိုင်းဆိုင်ရာ စိတ်ခံစားမှု၊ ယုံကြည်မှု၊ မယုံကြည်မှုနှင့် စိတ်ဖြေလျော့စေခြင်းမှတစ်ဆင့် နက်ရှိုင်းစွာ အိပ်မွေ့ကျစေကာ အကြောင်းတရားများကို ဝန်ခံပြောဆိုစေသော နည်းလမ်းများဟူ၍ ဖြစ်သည်။ ညှိစောတ်မိခံရသူသည် အလိမ်အညာကင်း၍ အမှန်အတိုင်း ဝန်ခံပြောဆိုတတ်ကြသည်။

အကြမ်းအားဖြင့် ရုပ်ကို အခြေခံသော အရာဝတ္ထုတစ်ခုခုကို အာရုံပြုကြည့်ခိုင်းသော လွယ်ကူအသုံးများသည့် အိပ်မွေ့ချနည်း၊ စိတ်ကို အခြေခံသည့် စိတ်ဖြေလျော့စေခြင်းမှတစ်ဆင့် အိပ်မွေ့ကျစေသောနည်း။ လူအများကို တစ်ပြိုင်တည်း အိပ်မွေ့ချသောနည်း။ မိမိကိုယ်ကိုမိမိ အိပ်မွေ့ချသောနည်း၊ အိပ်မောကျနေသူကို ထပ်ဆင့် အိပ်မွေ့ချသောနည်း။ ကလေးသူငယ်များကို အိပ်မွေ့ချသောနည်း၊ တိရစ္ဆာန်များကို အိပ်မွေ့ချသောနည်း၊ နက်ရှိုင်းစွာ အိပ်မွေ့ချသော နည်းဟူ၍ မတူကွဲပြားမှု ရှိလေသည်။ မည်သည့်နည်းလမ်းကို လက်ခံအသုံးပြုသည်ဖြစ်စေ အောင်မြင်စွာ အိပ်မွေ့ကျစေနိုင်ရန် သာလျှင် အဓိကသော့ချက် ဖြစ်ပါသည်။ အိပ်မွေ့ချခံရခြင်းကို အရပ်စကားအရ ပယောဂဝင်သည်ဟု ခေါ်ကြသည်။

### လက်ဖြင့်သုံးသပ်နည်းများ

လူတို့၏ ကိုယ်ခန္ဓာအတွင်းမှ ညှိစောတ်စွမ်းအားများကို လက်ချောင်းများမှတစ်ဆင့် ဖြာထွက်စေကာ စိတ်ညှိခံရသူအပေါ်၌ ထိထိရောက်ရောက် သက်ရောက်စေသည့် အယူအဆ နည်းဖြစ်သည်။ လက်ဖြင့် သုံးသပ်ညှိုးယူခြင်းသည် လူများစွာသောမကအခြား သက်ရှိသက်မဲ့များကိုလည်း သက်ရောက်စေနိုင်သည်။ ကြောင်နှင့် ခွေးများကို ပွတ်သပ်ပေးရုံမျှဖြင့် ညှိစောတ်စီးဝင်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**၁။ အထက်မှအောက်သို့ သုံးသပ်ပေးသောနည်း**

အညို့ခံသူကို အိပ်မွေ့ကျသွားစေရန် အစုန်သုံးသပ်ခြင်းဖြစ်သည်။ ဦးခေါင်းထက်မှ ခါးအထိဖြစ်စေ၊ အောက်ခြေဖျားအထိဖြစ်စေ အကြိမ်ကြိမ် သုံးသပ်ပေးခြင်း၏ ညို့ဓာတ်မိ၍ အိပ်မွေ့ကျစေနိုင်သည်။ အစုန်သုံးသပ်သည့်အခါ လက်ကို မှောက်လျက် အနေအထားနှင့် သုံးသပ်ပေးရမည်။

**၂။ အောက်မှ အထက်သို့ သုံးသပ်ပေးခြင်း**

အထက်မှ အောက်သို့ သုံးသပ်ပေးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အောက်မှ အထက်သို့ အဆန်သုံးသပ်ပေးခြင်းသည် ညို့ဓာတ်မိ၍ အိပ်မွေ့ကျ အိပ်ပျော်နေသူအား ညို့ဓာတ် ပယ်စေ၍ ပြန်လည်နိုးထလာစေရန် သုံးသပ်ပေးခြင်းဖြစ်သည်။ အောက်မှ အထက်သို့ သုံးသပ်ပေးသည့်အခါ လက်ဝါးကို လုန်လျက် အနေအထားဖြင့် သုံးသပ်ပေးရမည်။ ရင်ဘတ်မှ ဦးခေါင်းပေါ်ထိဖြစ်စေ၊ ခြေဖျားမှ ဦးခေါင်းထက်ထိဖြစ်စေ သုံးသပ်ပေးနိုင်သည်။ အဆန်သုံးသပ်ခြင်းသည် အိပ်ငွေ့ပယ်ရန်သာ အသုံးပြုခြင်းဖြစ်သည်။

**၃။ ဘေးခွဲ၍ သုံးသပ်ပေးခြင်း**

လက်ဘေးခွဲ သုံးသပ်ပေးခြင်းသည် အညို့ခံရသူ၏ ကိုယ်တွင်း၊ ကိုယ်ပ အတွင်းရှိ မကောင်းသော ရောဂါဘယ အနှောင့်ပယောပစက်များကို ဖယ်ရှားပေးသည့်အခါနှင့် ညို့ဓာတ် အိပ်ငွေ့ပယ်စေလိုသော အခါမျိုးဖြစ်သည်။ ဘေးခွဲသုံးသပ်ရသည့်အခါ လက်ခုံနှစ်ခုပူး၍ အညို့ခံရသူ၏ ရင်ဝတည့်တည့်မှ ဘေးတစ်ဖက်တစ်ချက်သို့ သုံးသပ်ပေးရပါမည်။ လိုင်းပူးသွားလျှင် ညို့ဓာတ် အဝင်အထွက် လွဲမှားစေတတ်သည်။

**သတိပြုရမည့်အချက်များ**

အစုန်သုံးသပ်သည့်အခါ "ငါ၏ ညို့ဓာတ်မိ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်မွေ့ကျ အိပ်ပျော်သွားရမည်" ဟူ၍ လည်းကောင်း၊ အတွင်းစိတ်ထဲမှဖြစ်စေ၊ နှုတ်မှ အသံထွက်နှင့်ဖြစ်စေ အကြိမ်ကြိမ် ရွတ်ဆို သုံးသပ်ပေးရမည်။ အိပ်မွေ့ကျစေရန် အစုန်သုံးသပ်သည့် အခါနှင့် အိပ်ငွေ့ပယ်စေရန် အဆန်သုံးသပ်ခြင်းကို မရောထွေးစေရန် အထူးသတိပြု ဆောင်ရွက်ရမည်။ လက်မြှောက်၊ လက်ချ ပြုလုပ်သည့်အခါ အညို့ခံရသူ၏ ကိုယ်ရှေ့မှ မြှောက်ချခြင်းမလုပ်ဘဲ လက်ဘေးခွဲသဘောနှင့် အထက်သို့ မြှောက်ခြင်း၊ အောက်သို့ ချခြင်း ပြုလုပ် ပေးရမည်။ သို့မဟုတ်လျှင် အစုန်အဆန် သုံးသပ်ခြင်း ရှုပ်ထွေးရောယှက်သွား တတ်ပါသည်။ ကျွမ်းကျင်လာသည်ထိ ကျင့်ယူရပါမည်။

အထူးသတိချပ်ရမည်မှာ အစုန်အဆန် သုံးသပ်သည့်အခါ ကိုယ်တွင်းမှ ညို့ဓာတ်များ ကောင်းစွာ ဖြာထွက်စေရန် လက်ချောင်းများကို မထိမစုစေဘဲ အနည်းငယ် ပြန့်ကြဲစေရမည်။ လက်နှင့် သုံးသပ်ပေးသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လေကို နှာခေါင်းမှ ရှူသွင်း ရှူ
ထုတ်ရသော ယောဂီနည်းနှင့် နှာခေါင်းမှ
ရှူသွင်းပေး၍ ပါးစပ်မှ ရှူထုတ်ပေးရသော
ခေတ်မီသိပ္ပံနည်း ဟူ၍ နှစ်မျိုးရှိလေရာ
မိမိနှစ်သက်သော နည်းကို အသုံးပြု
နိုင်သည်။ ခေတ်မီသော နိုင်ငံများတွင်
ခေတ်သိပ္ပံနည်းကို အသုံးများကြပါသည်။

အကယ်၍ အချိန်မပေးနိုင်ပါ
က လမ်းလျှောက်အလုပ်လုပ်နေရင်း
အာနာပါနအသက်ရှူ ညှို့ဆောင်
နည်းကို လေ့ကျင့်နိုင်သည်။ အသက်
ရှူနည်း မှန်ကန်မှုရှိရန်နှင့် ပတ်ဝန်းကျင်
အနောင့်အယှက် ကင်းရှင်းရန်သာ
အဓိကဖြစ်သည်။

အာနာပါန အသက်ရှူစွမ်း
အား စုဆောင်းနည်းကို အတိုင်းအတာ
တစ်ခုထိ လေ့ကျင့်ပေးပါက ကျန်းမာ
ရေးအတွက် လွန်စွာ အကြောင်းထူးစေ
နိုင်သည်။ စိတ်လက်နေထိုင်ကောင်းစေ
ခြင်း။ ကိုယ်လက်ကျန်းမာ ညှာသ်ရည်
တိုးပွားစေခြင်း။ စိတ်ဖိစီးမှုကင်းစေပြီး
ကိုယ်လက်ပေါ့ပါး မျက်လတ်ကြ

**အာနာပါနဖြင့် ညှို့ဆောက်စုဆောင်းခြင်း**

ဆိတ်ငြိမ်၍ လေကောင်း
လေသန့်ရမည့် နေရာမျိုးတွင် ခြေခွဲ
မတ်တပ်ရပ်၍ဖြစ်စေ၊ တပ်ပျဉ်ခွေထိုင်၍
ဖြစ်စေ၊ ကုလားထိုင်ပေါ်တွင် သက်
သောင့်သက်သာ ထိုင်လျက်ဖြစ်စေ လေ
ကို အဆုတ်ထဲ ပြည့်ဝသွားသည်ထိ
ဖြည်းညင်းစွာ ရှူသွင်းပေးရမည်။
အဆုတ်ထဲ ခံနိုင်သလောက် အောင့်
ထားပြီးမှ တဖြည်းဖြည်းချင်း ပြန်ရှူထုတ်
ပေးပစ်ရမည်။ လေကို ရှူသွင်းသည့်
အခါ အာရုံမလွှင့်စေဘဲ ယုံကြည်မှု
အပြည့်ဖြင့် စိတ်ထဲက "ငါ့ကိုယ်ခန္ဓာထဲ
ညှို့ဆောတ်စွမ်အားများ အကန့်အသတ်
မရှိ ဝင်ရောက်လာနေပြီ" ဟူ၍ နှလုံး
သွင်းပေးရမည်။ လေကို ရှူထုတ်လိုက်
သည့်အခါ၌လည်း "ငါ၏ မကောင်းသော
ရောဂါဘယများသည် ရှူထုတ်လိုက်
သော လေနှင့်အတူ လွှင့်စင်ပါသွားစေ
ရမည်" ဟူ၍ မှတ်ယူနေရမည်။ ဤနည်း
ဖြင့် အာနာပါနကျင့်စဉ်ကို နေ့စဉ်
အချိန်မှန်ကျင့်၍ ညှို့ဆောတ်စုဆောင်းနိုင်

အညှို့ခံရသူ၏ အသားနှင့် မထိစေရန်
အနည်းဆုံး ခြောက်လက်မ အကွာခန့်မှ
သုံးသပ်မှုပြုလုပ်ရမည်။ စိတ်ညှို့အိပ်မွေ့
ချသည့် အခါတိုင်း၌ စိုးရိမ်ကြောင့်ကြ
မရှိစေဘဲ ယုံကြည်မှု စိတ်ဓာတ်အပြည့်
ဖြင့် ငါအောင်မြင် စိုးပိုးနိုင်ရမည်ဟူသော
သတ္တိစိတ်မျိုးကို အစဉ်လက်ကိုင်ထားရ
မည်။ ခိုင်မာရင့်ကျက်သော ဇွဲသတ္တိရှိရ
မည်။ လက်နှင့်သုံးသပ် ဖယ်ရှားပေး
သည့်အခါ၌လည်း "သင်၏ ကိုယ်တွင်း
ကိုယ်ပၸ် စွဲကပ်ခံနေရသော ရောဂါ
ဝေဒနာပယောဂ အနှောင့်အယှက်များ
သည် ယခု ဆရာဖယ်ရှားပေးနေသည့်
အချိန်မှစ၍ စကြာဝဠာသံတိုင် အပြင်
ဘက်သို့ လွှင့်စင်ပျောက်ကင်းသွားစေရ
ဟူ၍ ရွတ်ဆိုအမိန့်ပေး သုံးသပ်
ပေးရမည်။ စွဲမြဲနေသော နာတာရှည်
ရောဂါများဖြစ်ပါက ရောဂါကင်းရှင်းသွား
သည်ထိ မကြာခဏ သုံးသပ်ကုသပေးရ
မည်။



www.burmeseclassic.com

www.burmeseclassic.com

စေခြင်း၊ စိတ်ချမ်းမြေ့တည်ငြိမ်၍ အာရုံစူးစိုက်မှုကို အားကောင်းလာစေခြင်း အစရှိသော ကောင်းကျိုးများကို ရရှိစေသဖြင့် ညှို့ဆောတ်ကို ထက်သန်စွဲမြဲစေနိုင်ပါသည်။

ညှို့ဆောတ်ရရှိပြီးသည့်အခါ ညှို့ဆောတ်များ အလဟဿ မကုန်ခမ်းစေရန် သတိဖြင့် စောင့်ရှောက်နေထိုင်သွားရမည်။ စိတ်မပါဘဲ ကိုယ်လက်အင်္ဂါ လှုပ်ရှားနေခြင်း၊ လက်ချောင်းများ ကစားနေခြင်း၊ ဒူးနဲ့လှုပ်ရှားနေခြင်း၊ ခေါင်းညိတ်နေခြင်း၊ အကြောင်းမဲ့နှုတ်ခမ်း၊ လက်သည်း ကိုက်နေခြင်း၊ ခြေထောက်ယှုပ်နေခြင်း၊ စိတ်လေလွင့်နေခြင်းများသည် ညှို့ဆောတ်များကို အကြောင်းမဲ့ ကုန်ခန်းစေတတ်သဖြင့် ဣန္ဒြေသိက္ခာနှင့် ငြိမ်သက်စွာ နေထိုင်တတ်ရမည်။

## စိတ်ညှို့အိပ်မွေ့ချဆောင်များ

ပထမအဆင့် တစ်စုံတစ်ရာ မဖြစ်သေးသော ပကတိအတိုင်း စိတ်အပြောင်းအလဲမရှိ၊ ပုံမှန်အနေအထား ချိန် ဖြစ်သည်။ ညှို့ဆောတ်မဝင်သေးသော ဘီတာလှိုင်းအချိန်များ ဖြစ်ပေသသည်။ ဒုတိယအဆင့် အာရုံကို တစ်စုံတစ်ရာ မသက်ရောက်သေးသော်လည်း မျက်စိလေးလံလာပြီး ထိုင်းမှိုင်းမှု စတင်ဝင်လာကာ အိပ်ငိုက်လာသော အချိန်များ ဖြစ်လေသည်။ ဤအဆင့်တွင် ညှို့ဆောတ် မိနေပြီဖြစ်သည်။ ဘီတာနှင့် အယ်လ်ဖာလှိုင်းကြားအချိန် ဖြစ်သည်။ တတိယအဆင့် ညှို့ဆောတ်အပြည့်အဝမိပြီး အိပ်မွေ့ချခံရသူသည် ငိုက်မျဉ်းခြင်းမှ တစ်ဆင့် လုံးလုံး အိပ်မွေ့ကျသွားသော အဆင့်ဖြစ်သည်။ ဤအဆင့်တွင် ညွှန်းချက်ပေး၍ အာရုံကို အမျိုးမျိုးလှည့်စားနိုင်သည်။ အယ်လဖာလှိုင်း အချိန်ဖြစ်သည်။ စတုတ္ထအဆင့် အညှို့ခံရသူသည် အတွင်းဝိညာဉ်စိတ် နိုးလာပြီး ဆရာဖြစ်သူက ဇိုရာညှို့နိုင်သော အဆင့်ဖြစ်သည်။ အရာရာတိုင်းတွင် ဆရာ၏ အမိန့်အာဏာ ညွှန်းချက်အတိုင်း ဖြစ်စေနိုင်သည်။ စိတ်ပြောင်းစေခြင်း၊ ကိုယ်ခန္ဓာတောင့်တင်းစေခြင်း၊ ခွန်အားမြင့်တင်ပေးခြင်း စသည်တို့ကို ပြုလုပ်နိုင်သည့် အယ်လဖာနှင့် သီတာလှိုင်းကြား ကာလအချိန်ဖြစ်သည်။

ပဉ္စမအဆင့် ဤအဆင့်ရောက်လျှင် အညှို့ခံရသူသည် အဘိညာဉ်တန်ခိုးစွမ်းအား ရှိရှိသမျှသို့ အလိုလို အကြားအမြင် ပေါက်စေနိုင်သည်။ မိမိနှင့် သူတစ်ပါး၏ ကိုယ်တိုင်းကို ကြည့်ရှုနိုင်သည်။ ရောဂါများ အလိုလို သိရှိအမြင်ပေါက်စေနိုင်သည်။ သူတစ်ပါး၏ စိတ်ကို ဖတ်နိုင်သိနိုင်သည့် သီတာလှိုင်း ပေါ်သော အချိန်ဖြစ်သည်။ ဆဋ္ဌမအဆင့် ဤအဆင့်တွင် အညွှန်းခံရသူသည် အတွင်းစိတ် လွတ်လပ်မှုကို ရရှိသွားပြီး ဝိညာဉ်ခွာနိုင်သော အဆင့်ဖြစ်သည်။ အတားအဆီးမရှိ သွားနိုင်လာနိုင် ထိုးဖောက်သိမြင်နိုင်သည်။ သတ္တမဆင့် ဤအဆင့်၌ အိပ်မက်မမက်ဘဲ နက်နက်ရှိုင်းရှိုင်း အိပ်မောကျသော အချိန်ဖြစ်သည်။ အိပ်ပျော်ခြင်းနှင့် နိုးကြားလာခြင်း၏ စပ်ကြားကာလဖြစ်သည့် ဒုတိယတွာ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်း၏ အချိန်ကာလဖြစ်သည်။ အသံကြားရဲ့ အနည်းငယ် ထိလိုက်ရုံမျှဖြင့် ထန်းလာတတ်သည့် အချိန်မျိုးဖြစ်လေသည်။

အိပ်မွေ့ချပညာကို ကျွမ်းကျင်အောင်မြင်သွားလျှင် ရောဂါဝေဒနာများကို ရှာဖွေကုသ ပျောက်ကင်းစေနိုင်ခြင်း၊ ရုပ်ခွာ၊ နှာမ်ခွာပြုလုပ်နိုင်ခြင်း၊ စိတ်ဓာတ်ရုပ်ဓာတ်ကို စွမ်းရည်မြင့်မားစေခြင်း၊ ဆင္ဒမအာရုံ အကြားအမြင်ပေါက်စေခြင်း၊ ညို့ဓာတ်သွင်းခြင်း အဓိန့်ပေးစေခိုင်းခြင်းများကို ဖြစ်မြောက်စေနိုင်သော ပညာရပ်ဖြစ်သည်။

ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ...

**အောင်ဘုန်းမြင့်(ကချင်မြေ)**

www.burmeseclassic.com

www.burmeseclassic.com

# သွားနှင့်ခံတွင်းကျန်းမာရေး

ဒေါက်တာလွင်သန့်(ဆေး-၂)

လူထုအတွက်

၂၁၂

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဆင်စွယ်နှစ်လွှာ ရောက်ရှိပြီး သွားကျင်ခြင်းက ပိုဆိုးစေ တယ်။ ကုသမှု မခံယူရင်း အတွင်းဆုံး အလွှာဖြစ်တဲ့ သွေးကြော၊ အရိုးကြော တို့နဲ့ ဖွဲ့စည်းထားတဲ့ အသားနုအလွှာ ရောက်ရှိပြီး သွားကိုက်ခြင်းဝေဒနာ စတင်ခံစားရတာပဲ။

စနစ်တကျ ကုသခြင်း မလုပ်ရင် သွားဖုံးပြည်တည်ခြင်း၊ မျက်နှာရောင်ရမ်းခြင်း၊ မေးရိုးပြည်တည်ခြင်းများအထိ ဖြစ်နိုင်ပြီး အလွန်ဆိုးဝါးရင် ပြင်းထန်တဲ့ ရောင်ရမ်းခြင်းဖြစ်ကာ၊ ထိုရောက်လျှင်မြန်စွာ ဆေးကုသမှု မခံရရင် အသက်ဆုံးရှုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။

## သွားပိုးစားခြင်းများများ

(၁) အချို့လွန်ကဲတဲ့ ကစီဓာတ်များတဲ့ အစားအစာများ လွန်ကဲစားသုံးခြင်းမက ခံတွင်းထဲက သဘာဝ ဘက်တီးရီးယားများ ဆွဲဆောင်မှု အလွန်ကောင်းပြီး ခံတွင်းသန့်ရှင်းမှု အာနည်းမည်ဆိုရင် အမြန်သွားပိုးစားဖို့ ဖိတ်ခေါ်နေသလို ဖြစ်တယ်။ ခံတွင်းအတွင်းရှိ သဘာဝ ဘက်တီးရီးယားများကို ဆွဲဆောင်မှု အလွန်ကောင်းစေပြီး ခံတွင်းသန့်ရှင်းမှုကိုလည်း အားနည်းမည်ဆိုရင် အမြန်သွားပိုးစားဖို့ ဖိတ်ခေါ်သလို ဖြစ်နေတယ်။

## (၂) သွားနှင့်ခံတွင်း ပုံမှန်မပြုခြင်း

နေ့စဉ် မနက်၊ ည နှစ်ကြိမ် စနစ်တကျ သွားတိုက်ခြင်းက သွားမှာကပ်ငြိနေတဲ့ အစာကျန်များကို ဖယ်ခွာနိုင်တယ်။ အစာကျန်မရှိတဲ့ သွားမျက်နှာပြင်ပေါ်မှာ ဘက်တီးရီးယား ငြိတွယ်ခြင်း မရှိပါ။ သွားနဲ့ ခံတွင်းရောဂါ မခံစားရပေမယ့် ခြောက်လတစ်ကြိမ် သွားဘက်ဆိုင်ရာ ဆရာဝန်ဆီ ပြသသင့်ပါတယ်။ စနစ်တကျ ကုသမှုမရှိရင်၊ ပိုမိုဆိုးဝါးတဲ့ အဆင့် မရောက်နိုင်တော့လို့ ခက်ခဲရှုပ်ထွေးပြီး ကုန်ကျစရိတ် ပိုမိုများပြားလာတယ်။

သွားနဲ့ခံတွင်းမှာ အဖြစ်အများဆုံး ရောဂါနှစ်မျိုးက သွားပိုးစားရောဂါနဲ့ သွားဖုံးရောဂါကို ဖြစ်တယ်။

### သွားပိုးစားရောဂါ

သွားပိုးစားရောဂါဟာ ကလေးအရွယ်က သက်လက်ပိုင်းအရွယ်ထိ ပိုအဖြစ်များတယ်။

### ရောဂါဖြစ်ခြင်း

အစာစားပြီးချိန် သွားမျက်နှာပြင်များမှာ ကပ်ငြိကျန်ခဲ့တဲ့ အစာဟောင်းများနဲ့ ခံတွင်းထဲရှိ သဘာဝ ဘက်တီးရီးယားများ ထိတွေ့ပြီး အက်ဆစ်တစ်မျိုး ထွက်လာကာ ယင်း အက်ဆစ်က သွားမျက်နှာပြင်ကို တဖြည်းဖြည်း စားသွားပြီး တွင်းတစ်ခု ဖြစ်လာစေတယ်။ သွားရဲ့ အပြင်ဆုံး ကြွေသွားအလွှာ လွိုက်စားပြီး အပူအအေးသောက်ရင် ကျပ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

**(၃)ဆေးလိပ်သောက်ခြင်း**

ဆေးလိပ်သောက်သူများမှာ သာမန်ထက် ဝိုမိုသွားပိုးစားလွယ်တယ်။ ဆေးလိပ်သောက်ခြင်းက ပါးစပ်အတွင်း တံတွေးထွက်ရှိမှု နည်းပါးသွားတယ်။ သွားမျက်နှာပြင် ကပ်ငြိနေတဲ့ အစာကျန်များ သဘာဝအလျောက် သန့်ရှင်းမှု အားနည်းလာတယ်။ သွားပုံးကို သွေးစီးဆင်းမှု လျော့ပါးလာလို့ သွားပိုးရောဂါ ဖြစ်လာတယ်။

**(၄)ဖလိုရိုဒ်ပါဝင်တဲ့ အစားအစာနည်းခြင်း**

အက်ဆစ်စားခြင်းက ကာကွယ်နိုင်သလို သွားပိုးစားခြင်းကို အခြားအကြောင်းကြောင့် ပြုန်းတီးသွားတဲ့ ကြွေသွားလွှာများကို အသစ်ပြန်လည် ဖြစ်ပေါ်ခြင်းက သွားကျဉ်ခြင်း လျော့ပါးစေ၏။ အချို့သောက်သုံးရေမှာ ဖရိုရိုဒ် ပေါင်းပေးထားပြီး အချို့ နွားနို့၊ အချို့ သောက်ရေအပြင် သွားတိုက်ဆေးမှာပါ ထည့်သွင်းထားတယ်။

**သွားဖုံးရောဂါများ**

သွားဖုံးရောဂါဟာ သက်လတ်ပိုင်းနဲ့ သက်ကြီးရွယ်အိုတို့မှာ ပိုအဖြစ်များတယ်။ ယင်းရောဂါဟာ ပါးစပ်အတွင်း သဘာဝ ဘက်တီးရီးယားများ ကာလရှည် ထိုးနှက်မှုကြောင့် သွားဖုံးသား သွားနဲ့ သွားဖုံးသားအကြား ဖြစ်ပွားတတ်တယ်။ သွားဖုံးရောဂါ ဖြစ်ပွားနေတဲ့ အဓိကအကြောင်းရင်းက သွားမျက်နှာပြင်မှာ ကပ်ငြိနေတဲ့ အစာကျန်များပေါ်မှာ ဘက်တီးရီးယားများ အုံဖွဲ့လာခြင်းကြောင့် ဖြစ်တယ်။ ယင်းဘက်တီးရီးယားမှ ထုတ်တဲ့ အဆိပ်ကြောင့် သွားဖုံးများ ရောင်ရမ်းလာတယ်။ အခြားအကြောင်းရင်းမှာ အစာကျန်များ ကပ်ငြိမှု ရက်ကြာလာရင် တဖြည်းဖြည်း သွားခွေးတက်ပြီး "သွားကျောက်" အဆင့်သို့ ရောက်သွားလို့ သွားနဲ့ သွားဖုံးကြား ကျောက်ဝေနေတယ်။ ယင်းကျောက်တွေက သွားဖုံးသားပွန်းလာပြီး ရောင်ရမ်းမှု ဖြစ်စေတယ်။ သွားဖုံးရောင်ဖြစ်စေတဲ့ အကြောင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

**(၁)ဆေးလိပ်သောက်ခြင်း**

ဆေးလိပ်မှာ ပါဂင်ဖွဲ့စည်းထားတဲ့ ဓာတ်ပစ္စည်းများဟာ သွားဖုံးကို သွေးလျှောက်ခြင်း နည်းပါးစေလို့ သွားဖုံး သားများ ကျန်းမာမှုအားနည်းလာစေတယ်။ သွားအပြင် သွားဖုံးရောင်ခြင်း ဖြစ်စေတယ်။

**(၂)ခံတွင်းခြောက်ခြင်း**

ခံတွင်းခြောက်ခြင်းဟာ ထံတွေ့ဂလင်း အိတ်များမှ သဘာဝ အလျောက် တံတွေးထွက်ခွင့်မှု နည်းပါးလို့ဖြစ်တယ်။ ခံတွင်းခြောက်ခြင်းက ခံတွင်းအတွင်း စိုစွတ်မှုနည်းပါးလာပြီး သွားများမှာ ကပ်ငြိနေတဲ့ စားကျန်များနဲ့ ဘက်တီးရီးယားများကို ဖယ်ရှားရှင်းလင်းနိုင်မှု အားနည်းစေတယ်။ တံတွေးဟာ ဘက်တီးရီးယားများက ထုတ်လုပ်တဲ့ အက်ဆစ်ဓာတ်ကို ဓာတ်ပြယ်အောင် ပြုလုပ်နိုင်လို့ ကျောက်တည်ခြင်း လျော့စေတယ်။

**(၃) အမျိုးသမီး ဟော်မုန်းဓာတ် ပြောင်းခြင်း**

ကိုယ်ဝန်ဆောင် အမျိုးသမီးများနဲ့ သန္ဓေသားဆေး အသုံးပြုတဲ့ အမျိုးသမီးများမှာ ဟော်မုန်းဓာတ် အပြောင်းအလဲက သွားကြောအတွင်း ပြောင်းလဲမှုများဖြစ်ပြီး သွားဖုံးရောင်စေတယ်။ အချို့ အမျိုးသမီးများ မွေတာလာခါနီးမှာ သွားဖုံးရောင်ရမ်းတတ်တယ်။

**(၄)သွေးချို ဆီးချို**

ဆီးချိုရောဂါရှင်မှာ သွားဖုံးရောဂါ ပိုမိုဖြစ်နိုင်တယ်။ သွေးချို ဆီးချိုကြောင့် ကိုယ်ခံအားကျဆင်းပြီး ရောဂါပိုး ဝင်လွယ်တယ်။ သွားဖုံးရောင်ရမ်းဖြစ်ပွားလွယ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

**(၅)အချို့ဆေးဝါးများ**

အချို့ဆေးဝါးများဟာ စိတ်ဓာတ်ကျခြင်း ကုသတဲ့ ဆေးများနဲ့ သွေးကို ရောဂါအတွက် ကုသတဲ့ ဆေးများ ခံတွင်းခြောက်စေပြီး နလုံးရောဂါအတွက် ပေးတဲ့ ဆေးအချို့က သွားဖုံးနဲ့ သွားအကြား ကျောက်တည်ခြင်း ပိုမိုဆိုးဝါးစေတယ်။

**(၆) မျိုးရိုးလိုက်ခြင်း**

တိကျတဲ့ အဖြေမရှိပေမယ့် ၃၀% သော သွားဖုံးရောင်ခြင်းမှာ မျိုးရိုးလိုက်လို့ဖြစ်တယ်။ သွားနဲ့ခံတွင်း မကျန်းမာလို့ ခန္ဓာကိုယ် အစိတ်အပိုင်းများ အပေါ်မှာ ဖြစ်ပေါ်တတ်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေရှိပါတယ်။

**(၁)နလုံးရောဂါ**

နလုံးအဆို့ရှင်နဲ့ ပတ်သက်တဲ့ နလုံးရောဂါ ဖြစ်သူများ(သို့) ကုသမှု ခံရသူများဟာ သွားဖုံးမကောင်းရင်၊ နလုံးအဆို့ရှင် ထိရောဂါပိုး ဝင်လွယ်တယ်။ ဆေးဝါးအကာကွယ် ကြိုတင်မယူဘဲ သွားနုတ်ခြင်း မလုပ်သင့်ပါ။

**(၂)သွေးချိုဆီးချို**

သွေးချို ဆီးချို ရောဂါရှိသူများရဲ့ ၉၅% မှာ သွားဖုံးရောဂါ ခံစားကြရတယ်။ သွားဖုံးရောဂါရှိသူများ စစ်ဆေးကြည့်ရာ ဆီးချို သွေးချိုရောဂါ ရှိနေကြောင်း ဖော်ထုတ်တွေ့ရှိရတယ်။

**(၃)အသက်ရှူလမ်းကြောင်း**

သွားနဲ့ခံတွင်းထဲရှိ ရောဂါပိုးဟာ အသက်ရှူလမ်းကြောင်းအတွင်း ရှူသွင်းမှုက အဆုတ်အတွင်း ရောက်ရှိသွားပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ (အထူးသဖြင့်) အဆုတ်ရောင် ရောဂါ ရတတ်တယ်။ သွားဖုံးရောဂါရှိသူများမှာ ယင်းအခြေအနေမျိုး ပိုမိုတွေ့ရှိရတယ်။

**ခံတွင်းကင်ဆာ**

ခံတွင်းကင်ဆာဟာ လူမှာဖြစ်ပွားတတ်တဲ့ ကင်ဆာ။ ဆဋ္ဌမမြောက်အများဆုံးဖြစ်တယ်။ အဖြစ်အများဆုံးနေရာများမှာ လျှာစောင်း၊ ပါးချောင်း၊ လျှာချောင်း၊ ပါးအတွင်းသား၊ သွားဖုံးနဲ့ သွားဖုံးရိုး၊ အာခေါင်မိုးနှင့် အောက်နှုတ်ခမ်းတို့မှာ ဖြစ်ပါတယ်။

**သွားနှင့်ခံတွင်း ကျန်းမာစေဖို့**

စနစ်တကျ နေ့စဉ် မနက် အိပ်ရာထနှင့် အိပ်ရာဝင်ကာနီး နှစ်ကြိမ် သွားတိုက်ရမယ်။ သွားကြား သန့်ရှင်းရေးကို ချည်မျှင်(သို့) သွားကြားထိုးကြိုးကို အသုံးပြုနိုင်တယ်။ ခြောက်လတစ်ကြိမ် သွားဆရာဝန်နဲ့ ပြသသင့်တယ်။ သကြား၊ အချိုရည် လျှော့ရမယ်။ အချဉ်များတာ လျှော့ရမယ်။ သွားများ နုတ်လိုက်ရပါက သွားတု၊ အံကပ်၊ သွားဖုံးတုများ ပြုလုပ်နိုင်ပါတယ်။ သွားများ ဆုံးရှုံးမှု မရှိစေဖို့ ဂရုစိုက်သင့်ပါတယ်။

အေးက်တာလွင်သန့်(ခေသူ-၂)



www.burmeseclassic.com

www.burmeseclassic.com

ဗဟုသုတရကြရအောင်

# ရဲမျိုးသူ(မောဓိဦးဦး)

# အတိတ်နှိမိတ် ဇမ္ဗူထိပ်



www.burmeseclassic.com

www.burmeseclassic.com

"ငါ့မြေး အောင်မင်းကြီး လာတယ်ဟေ့"

ညောင်လေးပင်မြို့နယ်၊ ပုဇွန်မြောင်းစပြကျေးရွာ၊ ဈေးပိုင်းရပ်ကွက် အဘိုးရိုရာ အိမ်ရှေ့ခေါင်ကယ်အရောက် အဘိုး ကျွန်တော့်ကို မြင်သည်နှင့် အားပါးတရ အသံပြုနှုတ်ဆက်ရင်း အိမ်အတွင်းရှိ ဆွေမျိုးများက အသိပေးနှိုးဆော်လိုက်ခြင်း ဖြစ်လေသည်။ အဘိုး အမည်မှာ နီးကြွယ်ဖြစ်ပါသည်။

အသက်ရှစ်ဆယ်ကျော်ပြီ ဖြစ်သော်လည်း ခါးမကိုင်း၊ နားမထိုင်း သေးဘဲ သွားနိုင်၊ လာနိုင် ရှိနေပါသေးသည်။ ကျွန်တော် အလည်လာတိုင်း အဘိုးက ရေငုပ်ငါး နောက်ကြောင်းတို့အား ပြန်ပြောပြတတ်သဖြင့် မြန်မာတို့၏ ရှေးထုံးအစဉ်အလာနှင့် အခြားသော ဗဟုသုတတို့ အမြဲ တိုးပွားရတော့သည်။

အဘိုးထံ ယခင်တစ်ခေါက် အလည်လာရောက်ခဲ့စဉ် ကျွန်တော်နှင့် ပတ်သက်သည့် ထူးထူးခြားခြား နိမိတ်တစ်ခု ကောက်ယူပြခဲ့ဖူးပါသည်။ ထို နိမိတ်ကို ကျွန်တော် မယုံကြည်ခဲ့ပါ။ သို့သော် အမှန်ဖြစ်ခဲ့သောကြောင့် အံ့သြမိတော့သည်။

"ငါ့မြေးကြီး ရောက်လာချိန်က တနင်္ဂနွေနေ့ ဝဠးဝဝနာရီ၊ ထူးထူးခြားခြား အိမ်က ကျွန်းသားဗီရိထဲ ပျားစွဲတယ်ကွယ့်။ ဗီရိက သုံးဆင့်ရှိတာ အောက်ဆုံးအဆင့်က စွဲတဲ့ပျားက ခုမနက်ကျတော့ အလယ်အဆင့်ကို ပြောင်းပြီး စွဲတယ်ကွယ့်။ အဘိုး နိမိတ်တစ်ခုခု ထူးတော့မယ်လို့ စဉ်းစားနေတုန်း အိမ်ပေါ်ထပ်မှာ အောင်သပြေထိုးထိုးနေတဲ့ မင်းအဒေါ် "ပဲခူးရွှေမောဓောဘုရားသွားဖူးချင်လိုက်တာ"လို့ နှုတ်ကပြောလိုက်သံ အဘိုးကြားပြန်တယ်။ အဲဒီအချိန် လူလေးရောက်လာတာပဲ။ စဉ်းစားကြည့်တော့ မြေးက ပညာရေး ဝန်ထမ်း ကျောင်းဆရာ၊ ပျားဆိုတာ ပညာကို ကိုယ်စားပြုတဲ့ ကြာသပတေးနံ့။ ဒီကြားထဲ မင်းအဒေါ်ရဲ့ စိတ်ဆန္ဒက ပဲခူးရွှေမောဓောဘုရား ဖူးချင်တယ်ဆိုတဲ့ စကား ထိုးနေတာက အောင်အိုးဆိုတော့ တနင်္ဂနွေသားဖြစ်တဲ့ ကျောင်းဆရာအောင်မင်း ပဲခူးကို ပြောင်းလိမ့်မယ်လို့ နိမိတ်ကောက်ပြီး မြေးကို ပြောလိုက်တာ"။ အဘိုးနိမိတ်ကောက်ပြီး ဆယ်ရက်အကြာတွင် ကျွန်တော် အထက်တန်းပြ ဆရာဘဝမှ တိုင်းလက်ထောက်ကြီးကြပ်ရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံးသို့ ရွှေ့ပြောင်းတွက်ပါတော့သည်။

ကျွန်တော်။ ။ တကယ်စိတ်ဝင်စားသွားပြီ အဘိုး။ အဘိုး လေ့လာမှတ်သားဖူးတဲ့ အတိတ်၊ နိမိတ်၊ တဘောင်၊ စံနည်း(စနဲ့)တွေအကြောင်း ဗဟုသုတ ပြောပြပေးပါဦး။

အဘိုး။ ။ ငါ့မြေးကြီး စိတ်ဝင်စားတယ်ဆိုတော့ ပြောရမှာပေါ့။

သဘောကျစွာ တဟားဟားရယ်မောရင်း အဘိုးပြောသည့် စကား



www.burmeseclassic.com

www.burmeseclassic.com

ထွင် မှတ်သားဖွယ်ကောင်းသည်က အတတ်ပညာကို အကြောင်းပြုပြီး သူတစ်ထူး၏ အတွင်းစိတ်မနောကို သိဖို့ဆိုတာ ဖြစ်နိုင်ကြောင်း သို့သော် ထူတစ်ဦးတစ်ယောက် ရှေ့ဘာဆက်ဖြစ်မလဲဆိုတာကို သိဖို့ခက်ခဲတာကြောင့် ခန့်မှန်းနိုင်တဲ့နည်းမှာ အတိတ်၊ နိမိတ်ကောက်ယူပြီး အဖြေထုတ်တဲ့ အတတ်တု ဆိုခြင်းဖြစ်လေသည်။ အဘိုးလေ့လာမှတ်သားခဲ့ဖူးသည့် အတိတ်၊ နိမိတ်နှင့် စံနည်းတို့အကြောင်းကား စိတ်ဝင်စားဖွယ် ကောင်းပါသည်။

ကျွန်တော်။ ။ နိမိတ်နဲ့ အတိတ် အဓိပ္ပာယ်က ဘယ်လိုလဲအဘိုး။

အဘိုး။ ။ အဓိပ္ပာယ်မတူဘူးကွယ်။ နိမိတ်ဆိုတာ ပါဠိစကား နိမိတ္တကထာတာ။ မြန်မာလို နိမိတ်ဖြစ်လာတယ်။ ဖြစ်လာနိုင်တဲ့ အနာဂတ်ကို လောကဓာတ်မှာရှိတဲ့ သက်ရှိ၊ သက်မဲ့တွေက အချိုလက္ခဏာ ကြိုပြီး ပြတယ်လို့မှတ်။ အဲ ... အတိတ်ကြတော့ အတိတ်ဆိုတဲ့ ပါဠိဘာသာစကားက ပျက်လာတာ။ အဲဒါက အတိတ်။ ဖြစ်ပြီး ပျက်ပြီးခဲ့တဲ့ ကမ္ဘာစကြာဝဠာတွင်း၊ ရေ၊ မြေလေ၊ အထက်မိုးကောင်းကင်၊ နေ၊ လ၊ ကြယ်၊ အစုအဝေးတွေရဲ့ ထူးခြားမှု၊ သက်ရှိ၊ သက်မဲ့တွေရဲ့ ထူးခြားဆန်းပြားတဲ့ အလေ့အထ စသည်ဖြင့် ဘယ်တုန်းက ဘယ်လိုဖြစ်လို့ ဘယ်လိုဖြစ်ခဲ့တယ်။ မြေးသဘောပေါက်အောင် ပြောရရင် သောကြာကြယ်နဲ့ လနီးခဲ့တုန်းက တိုင်းပြည်မှာ ဘာဖြစ်ခဲ့တယ်။ ဘယ်မှာ ငလျင်လှုပ်တော့ ဘယ်လိုဖြစ်ခဲ့တယ်။ ဘယ်ကြယ်နဲ့ ဘယ်ကြယ် ခွပ်တုန်းက ဘာဖြစ်ခဲ့တယ် စသည်ဖြင့် အများကြီးပဲ။ မှန်အောင် ကောက်ယူဖို့ဆိုတာကတော့ အသိပညာ၊ အယူအဆက သိပ်အရေးကြီးတယ်ကွယ့်။ ဒါကြောင့် မြေးမှတ်သားဖို့က ဖြစ်ပြီးခဲ့တဲ့ လူတွေနဲ့ ပတ်သက်တဲ့ အကျိုးအကြောင်းကို ချင့်ချိန်ပြီး နောင် အနာဂတ်ကာလမှာ ဘယ်လို ဖြစ်နိုင်တယ်ဆိုတာ ကြိုတင် ဟောပြောတဲ့ အကြောင်းအချင်းရာပဲကွယ်။

ကျွန်တော်။ ။ တကယ်ဖြစ်ခဲ့တဲ့ အတိတ်၊ နိမိတ်၊ ဥပမာလေးတွေ ပြောပြဦးပေါ့။

အဘိုး။ ။ ပုဂံခေတ် အနော်ရထာမင်းရဲ့ ထူးခြားတဲ့ နိမိတ်ဖြစ်ပေါ်ပုံလေး ပြောပြမယ်။ ဒီလိုကွဲ့။ ဘုန်းကံရှင် အနော်ရထာမင်းဟာ လယ်တွင်းကိုးခရိုင်ဆည်တည်ဆောက်အပြီး ပုဂံကို ပြန်ခါနီး ယာယီတံနန်းနဲ့ စံနေတော်မူတယ်။ အဲဒီအချိန် တဲအောက်က ဖားပြည်သံကြားတယ်။ ဒီတော့ ဟူးရားဖြူ ဟူးရားညီတွေကို မေးတယ်။ ပညာအသိ ကြီးသူတွေက "ဖားဖိုသော့် ဖားမလင်ကောင်ကို ပိုးပြီး ငိုကြွေးတာပါ ဘုရားလို့" လျှောက်တင်တယ်။

အနော်ရထာမင်းကြီးက မယုံဘူး၊ အမိန့်တော်နဲ့ မြေကြီးကို တူးပြီး ကြည့်စေတယ်။ အမှန်ပဲ။ ဖားမလင်ကောင်သေကို ပိုးပြီး ငိုနေတာတွေ့မြင်ရတယ်တဲ့ ဖြေးရဲ့၊ ဒါနဲ့ မင်းကြီးက "မည်သို့နိမိတ်ပေးမည်နည်း" မေးတော့ ပညာရှိတွေ လျှောက်တာက "အရှင်မင်းကြီး ဘဝဟောင်းကောင်မှ

www.burmeseclassic.com

ကုန်ပြီမို့ နေပြည်တော် ပုဂံမဝင်မီ နတ်ရွာစံမည့်အကြောင်း နိမိတ်ပါလို့" ပြန်လျှောက်ကြတယ်။ တကယ်ပဲ နိမိတ်ကြို့မြင်တဲ့အတိုင်း အနော်ရထာမင်း နတ်ရွာစံခဲ့တယ် မြေးရဲ့။

ကျွန်တော်။ ။ တကယ်ထူးဆန်းတဲ့ နိမိတ်နဲ့ ဖြစ်ရပ်ပဲ အဘိုး။

အဘိုး။ ။ အေး ... နောက်တစ်မျိုး ပြောဦးမယ်။ မင်းတုန်းမင်းတရားကြီးရဲ့ ညီတော် ကနောင်အိမ်ရှေ့ကိုယ်တော်ကြီး အကြောင်းပဲ။ နိမိတ်ပြတာက အိမ်ရှေ့ကိုယ်တော်ကြီးဟာ လွတ်တော်တက်ဖို့ စံအိမ်တော်က လာတယ်။ လွတ်တော်ထဲမရောက်မီ လမ်းခြောင်းအကူးမှာ ဘောင်းတော်ကျွတ်ကျပြီး မြေသို့ခတယ်။ ပညာရှိအမတ်တွေက နိမိတ်မကောင်းလို့ လွတ်တော်မတက်ဖို့ တားတယ်တဲ့ မြေရဲ့။ ကိုယ်တော်ကြီးက အယုံအကြည်မရှိတဲ့အတွက် နာယူခြင်း မပြုခဲ့ဘူးပေါ့။ အဲဒီမှာ လူလေးကြားသိဖူးတဲ့အတိုင်း မြင်းကွန်းစားညီနောင်တို့ရဲ့ လုပ်ကြံသတ်ဖြတ်ခြင်း ခံရပြီး ကံတော်ကုန်ရှာတယ်။ ငါမြေးကို မြောပြရရင် ထူးခြားတဲ့ သူတွေနဲ့ ပတ်သက်တဲ့ နိမိတ်ပြဖြစ်စဉ်တွေ မှုန်ကန်ခဲ့တာတွေ အများကြီးပဲကွယ်။

ကျွန်တော်။ ။ အတိတ်အကြောင်းလည်း မြေပြလေ အဘို့။ မှတ်သားရအောင်ပေါ့။

အဘိုး။ ။ ဟုတ်ပါပြီဗျာ။ ယခင် အတိတ်ကာလက ထင်ရှားစွာ ဖြစ်ပေါ်လာဖူးတဲ့ အကြောင်းကို ဆောင်ပြီး "ဒီလိုဖြစ်ခဲ့လို့ သည်လိုဖြစ်တတ်တယ်"လို့ ဆိုရမှာပဲ မြေး။ စာရေးဆရာကြီး ဟံသာဝတီဦးဘရင်ရဲ့ ရှေ့ထုံးစဉ်လာ စာအုပ်ထဲမှာ ပါတဲ့ အကြောင်းလေးပဲ။ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီး ပေါက်ထွန်းကားလာခါနီး ရှေးယခင်တုန်းက စာပေသင်ကြားရတာမှာ "စာအစ နာမောက" လို့ ဆိုတယ်ကွယ့်။ မင်းတရားကြီး ထင်ရှားတော့မယ့် အချိန်မှာ စာအစ နမောက သင်နေရတာက အစဉ်အလာကို ဖျက်ပြီး "အောင်ဇေယျတု သမ္မမဂ်လံလို့ ပြင်ပြီး သင်ကြားကြတယ် ဆိုပဲ။ ပညာရှိ အသိကြီးသူတွေ အတိတ် ကောက်တာက အောင်ဇေယျ အမည်ရှိတဲ့သူ ထင်ရှား ကောင်းစားလိမ့်မယ်ဆိုပြီး အတိတ်ကောက်ယူကြတယ် မြေးရဲ့။ ဒါကြောင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဟာ လူတွေ ကြိုပြောခဲ့တဲ့ အတိတ်အတိုင်း ကုန်းဘောင်သမိုင်းမှာ အလွန်ထင်ရှားတဲ့ မင်းတစ်ပါး ဖြစ်ခဲ့တယ်။ ဒါက အတိတ်ကောက်ယူပုံပေါ့။

ကျွန်တော်။ ။ အလောင်းမင်းတရားကြီးက အတိတ်ကောင်းနဲ့ ထင်ရှားစွာ လာသူပဲပေါ့ အဘိုး။ စနဲနာတယ်ဆိုတာက ဘယ်လိုလဲ အဘို့။

အဘိုး။ ။ စနဲလို လူအများဆိုကြပေမယ့် အမှန်တော့ စံနည်းလို့ မှတ်ရမယ်။ ငါမြေး ကြားဖူးမှာပေါ့။ စနဲ (စံနည်း) နာတယ်ဆိုတာကို။ မြေးသဘောပေါက်အောင် ပြောရရင် အမှတ်တမဲ့ ပြောတဲ့စကားကို မှတ်သားထား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ် ဉာဏ်အသိရှိသူက အနက်အဓိပ္ပာယ်ဖွင့် အဆွေကောက်ယူခြင်းပဲ။ စာအုပ်ဖတ်ရင်း မှတ်သားဖူးတဲ့ အကြောင်းကတောင်တွင်းအကျော်ခင်ကြီးပျော် ဆရာတော်အကြောင်းပဲ။ ဆရာတော်ဟာ ပညာအရာ အလွန်ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ထူးကြီးပဲ။ ဆရာတော် ကျန်းမာရေးမကောင်းတဲ့အခါ စနဲ့(စံနည်း)နာဖို့ လွတ်တယ်။ ဆရာတော် ကြားသိခဲ့ပုံက "သီဘောသုံးဆယ်"လို့ မိခင်တစ်ယောက် ကလေးချော့နေတာက ကြားသိခဲ့တယ် ကွယ်။ ဉာဏ်ကြီးရှင် ခင်ကြီးပျော်က "ဟော... အိုအချင်းတို့။ သီ... သီလရှိလော၊ ဆယ်... အဂီသားသည် သုံးသဆုဆိတ်လတ္တံ့။ ငါသေတော့မည်"လို့ စံနည်းကို ကောက်ယူတယ်။ "ငါ့မှာ ခေးသဉ်း၊ ခါတ်သဉ်း၊ တြင်းသဉ်း၊ နဝင်းသဉ်းဖြစ်၍ ငါ့အား ကုသခြင်း မပြုကြလေနှင့်တော့ မုချ ငါသေရတော့မယ်ဟု မိန့်ကြားကာ ဆရာတော် ပျံလွန်တော်မူခဲ့လေတယ် မြေးရဲ့။ အဲဒါ စံနည်းနာပုံပဲ။

အဘိုးကား ရှေးလူကြီးပီပီ စာပေဗဟုသုတနှင့် အတွေ့အကြုံများလှပါသည်။ မြန်မာတို့၏ လောကီအတတ်ပညာတို့က ယနေ့ ခေတ်ကာလတိုင် မှန်ကန်နေဆဲ ရှိသည်ပို့ အထင်သေး၍ မရပါ။ ထို့ကြောင့်သာလည်း ဇမ္ဗူဒီပါလက်ျာတောင် နိမိတ်တွန်းသည်ဆိုသည့် အတိတ်တဘောင် နိမိတ်ဆောင်ဆို စကားအား ယနေ့တိုင် ကြားနေရဆဲ ဖြစ်ပါသည်။ မိမိတွေးမိသည်က အတိတ်၊ နိမိတ်၊ တဘောင်၊ စံနည်းကို့အား ကောက်ယူကြရာတွင် အသိအတတ်၊ အတွေ့အကြုံ အယူအဆ ဉာဏ်ပညာကြီးမှသာလျှင် မှန်ကန်သော အဖြေမှန်ကို ဖော်ထုတ်ယူဆနိုင်လိမ့်မည်ဟု ထင်မိပါကြောင်းသည်။

ကျေးဇူးတော်ရှင် မဟာဗောဓိပြင်
ဆရာတော်ကြီးအားအာရုံဖြင့်ဦးခိုက်လျက်

**ရဲမိုးသူ(ဗောဓိပြင်)**


**လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း**
**ရန်ကုန်ဖြန့်ချိရေးနှင့် အထူးကိုယ်စားလှယ်**

# ဓနဥစ္စာ

**စာပေ**

၃၁-လမ်း၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးဆောင်းပါး

# အပယ်မကျလေးငါးနှုန်း
# မြေမြတ်မဟာမဏ္ဍိမာတည်ဘို့ (၇-က)

ချစ်ဆန်းသစ်

JJJ

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဂေါတမဘုရားရှင် မွေးဖွားရာ ထုမ္မနီအင်ကြင်း ဥယျာဉ်ကြီးမှသည် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတော်သို့ ဘုရားဖူးအဖွဲ့ အဝင်အထွက်ကို ယဉ်ကြီးခရီးထွက်ခဲ့ကြသည်။ ၁၅-၄-၂၀၁၆ (၁၁း၁၅) မြန်မာသင်္ကြန် ဒုတိယ အကြပ်နေ့တွင် ဖြစ်၏။ ထုမ္မနီ(နီပေါ)မှ နယ်စပ်ဂိတ်၊ ထိုမှ ကုသိနာရုံ (မိုင် ၁၀၀ ခန့်)သွားရမည်။ လမ်းကဟိုင်းဝေး၊ ဘေးနှုတ်ခမ်းသပ်တွေမှာ အသင့်ပုံဖော် လေးထောင်ပြွန် (ကွန်ကရစ်ပုံလောင်း)တွေထည့်၊ လမ်းချဲမှီငပေါင်းများစွာ လုပ်ကွက်တွေ ဆွေ့ရသည်။ နယ်စပ်ဂိတ် ကိုဖြတ်ရန် ဆုန်ကား ကြဲကားတွေ ကြပ်ပိတ်နေလို့ အတော်ကို လမ်းကြောင်း ရှာထွက်ရသည်။ ဂိတ်ကျော်ပြီးသည်နှင့် ခရီးနောလို မြန်မာဘုန်းတော်ကြီးကျောင်း နာရီဝက်ခန့်နား ဆရာတော်အား လှူဖွယ်များနှင့် စုပေါင်းကန်တော့ကြသည်။

ကြဲကားများကို ရှောင်ရလမ်းပိတ်၍စောင့်ရန်နှင့် ကုသိနာရုံမြန်မာဘုန်းတော်ကြီးကျောင်းရောက်တော့ မိုးချုပ်နေပြီ။ ဥတ္တရာဟရာဒက်ရှုပြည်နယ်တွင် ကြဲစိုက်ခင်းများ ကြဲစက်များရာနှင့် ချီ၍ရှိသည်ဆို၏။ အခန်းနေရာချ၊ ရေချိုးပြီးချိန် ထမင်းစားခန်း ဝေယျာဝစ္စအလုပ်အဖွဲ့များက လာခေါ်နေကြပြီဖြစ်သည်။ ရဲန်ကုန်ကတည်းက တိုးကုမ္ပဏီမှ ကုသိနာရုံတွင် အဝတ်အထည်များ ဈေးချိုသည်။ အမျိုးအစားစုံသည်ဟု သတင်းပေးထား၍ အထူးသဖြင့် အမျိုးသမီးများ ဘုရားဖူးများဈေးဝယ်ရန် စိတ်စောနေကြသည်။ စာရေးသူတည်းသော အခန်းတွင် ကျား (၅) ဦးတည်းရာ ထမင်းစားထွက်သည်ဆိုကတည်းက ညဈေးတန်း တန်းသွားရန်စီစဉ်ပြီး ဦးပုသိရက်တိုင်းမလွတ်သီလ ယူသော ဦးထွန်းမောင် (လဝက အရာရှိပြိုမ်း-ရခိုင်ဆရာကြီး)ထံသော့အပ်ခဲ့ကြသည်။

သူဇနီးအပါအဝင် အားလုံးဈေးဝယ်ကောင်းလိုက်ကြသည်မှာ အခန်းပြန်ရောက်လို့ ဦးထွန်းမောင် အပြင်ထွက်အအေးတစ်ခုခုသောက်မယ်လုပ်တော့ ကျောင်းတံခါးပိတ်သွားပြီ၊ ဥုပုသ်သည်ကြီး ရဟန်အဖော်မှန်တစ်ထပ် ရေရော ဖျော်သောက်၊ သည်းခံလိုက်ရတော့သည်။ ပြစ်တင်သည့်အတွေ့အကြုံ သတိပြုကြ ရန်ဖြစ်၏။

ကုသိနာရုံသည် ဘုရားနှင့် လက်ထက်က မလ္လာမင်းတို့၏ မြို့တော်မှာ ဟဝါဖြစ်သည်။ ကုသိနာဂရ မြို့ဆိုသော်လည်း ဟဝါမြို့တော် အစွန်မြေစေးဆစ်စက်တို့နှင့် ဆောက်သော အိမ်ကလေးများဖြင့် ဖွဲ့စည်းထားသည့် ရွာအဆင့်သာရှိသည်ဟုလည်းဆိုသည်။ အိန္ဒိယတွင် မြေစေးဖြင့်ကျဲကာ အပြင်မှနွားချေးခြောက်အဖတ်ကြီးများ နံရံအမိုးတို့တွင် ထပ်မံကပ်ထားသော မြေစိုက်အိမ်ငယ်များကို မြို့ပွန်၊ ရွာငယ်များတွင်နေရာအနှံ့ ယခုတိုင်တွေ့ရသည်။

www.burmeseclassic.com

"ဘုရားရှင်ပင် အဖျက်ရှိသည်" ဆိုစကားအညီ ဘုရားရှင်ဗုဒ္ဓအား မာရ်နတ်နှင့် အပေါင်းပါတို့ ဆိတ်ကျောင်းဆောင်ပင်အောက်တွင် တစ်ကြိမ်၊ ဝေသာလီတွင် တစ်ကြိမ် "ဂေါတမ ပရိနိဗ္ဗာန်စံပါတော့"ဟု အတင်းအကြပ် တိုက်တွန်းခဲ့သည်။ ပထမအကြိမ်၌ ဘုရားရှင်က "ပရိနိဗ္ဗာန်စံရန် ညဘက် (ယုံကြည်ကိုးကွယ်ဆည်းကပ်သော ထူပုဂ္ဂိုလ်များ)မရသေး။ မပြည့်စုံသေး" ဟုငြင်းခဲ့၏။ ဝေသာလီတွင်မူ "သာဝက များအား တရားကောင်းစွာ မပေးရသေး၍ ငါ ပရိနိဗ္ဗာန် မစံဝင်သေး"ဟု ငြင်းခဲ့ပြန်သည်။

သက်တော် (၈၀)၊ ဝါတော် (၄၅)ဝါပတ်လုံး လူနတ်ဗြဟ္မာ၊ သတ္တဝါတို့အကျိုးငှာ တရားဓမ္မညွှန်ပြခဲ့သည်များဖြင့် ဗုဒ္ဓဘုရားရှင်သည် ပင်ပန်းလှပြီဖြစ်သည်။ ဝေသာလီအနီး ဝေဠုဝဂ္ဂာတွင် နောက်ဆုံးဝါကပ်စဉ် ပြင်းထန်သောဝေဒနာတစ်ခုခံစားရ၏။ ထိုဝေဒနာကို သည်းခံသတိတရားဝင်ကာ တရားဟောသည်။ ရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလန်နှစ်ပါးအား လည်း အနီးကိုခေါ်"ငါ ပရိနိဗ္ဗာန်စံတော့မည်" ဟု သတိပေး၏။ သာဝကကြီး နှစ်ဦး တွေးစရာတွေဖြစ်လာသည်။ လမ်း တစ်လျှောက် သာဝတ္ထိ၊ ရာဇဂြိုလ် တရားတွေ ပရိနိဗ္ဗာန်အကြောင်းချည်း ဟောသည်။ ရာဇဂြိုလ်မှ ဝေသာလီအပြန် နိဗ္ဗာန်စံဝင်ပါတော့ဟု မာရ်နတ်ကထပ် ရောက်သေးသည်။ ဘူတကာလ (ဝေဠု၀)ရွာငယ်လေးရောက်၊ လယ်ကွင်း ထဲမှာ ညီတော်အာနန္ဒာကို ခေါ်ပြော၊ "ငါ ပရိနိဗ္ဗာန်စံလို့ရပြီ" သက်တန်း ၁၀၀ တန်းဖြစ်လို့ ရာကျော်နေလည်း ရတယ် ပြော၊ (ဘုရားရှင်တို့သည် တည်ကြည် ခံ့ငြားသောရုပ်လက္ခဏာ တော်ရှိရန် သက်တမ်း၏ ငါးပုံလေးပုံ သာ နေလေ့ရှိသည်။) ညီတော်က စကားပြန်ရန် ပြောမထွက်၊ ၃ ကြိမ်တိုင် ခပ်မဆိပ် နေသည်။) နောက်ဆုံးမနေသာ၍ "သဘောမတူပါ အရှင်ဘုရား အာယု သခ်ၤခါရလွတ်ပါနဲ့ဦး ဘုရား"ဟု တဲ့ သည်။ ထိုစဉ်ကမ္ဘာမြေတုန်ခါသွား သည်။ ညီတော်က ကမ္ဘာမြေကြီးဘာ ကြောင့်တုန်ခါရပါသလဲမေး"ငါ နောက် ၃ လကြာရင် ပရိနိဗ္ဗာန်အမှန်စံဝင်တော့ မယ်ဖြစ်သောကြောင့်"ဟု ဘုရားရှင်က ဖြေသည်။

ညီတော်က "မစောလွန်းဘူး လား ဘုရား။ နောက်တစ်ကြိမ်ကော ဘဝတစ်ဖန်ပြန်ဝင်ပါဦးပါဘုရား၊ ညီတော်နဲ့ သာဝကတွေ၊ လူနတ် မြဟ္မာမှရိသတ်၊ ဝေနေယျတွေ ဘယ်သူ အားကိုးဆည်းကပ်ရမှာလည်း ဘုရား" လို့ တိုးလျှိုးတောင်းပန်သည်။ ဘုရား ရှင်က ကရဏာသက်စွာနဲ့ "ညီတော် အာနန္ဒာ - ငါ ဒီလိုစောဒက တွေတက် ကြမှာသိလို့ သုံးကြိမ်တိုင်ပရိနိဗ္ဗာန်စံဝင် တော့မယ်ဆိုတာ ကြိုပြောခဲ့ပြီးပြီး၊ တားသူမရှိခဲ့၊ လူမှာပင်ထွေးပြီး တံတွေး ပြန်မြိုရိုးမရှိ၊ သုံးလောက ထွဋ်ထား ဘုရားရှင်တို့အတွက် ပို၍မရှိသင့်၊ ၃ လကြာမဟာပရိနိဗ္ဗာန် စံတော့မည်။ ယတိပြတ်ပြောကြားပြီး သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆွေဝမ်းတွေသွားတော့သည်။ အတိတ်ဘဝအကုသိုလ် ဝဋ်ကြွေးကို ဘုရားရှင်သော်မှ ကျေအောင်ပေးဆပ်ရပေသည်။

ညီမတော် အာနန္ဒာက "ဘယ်အရပ်မှာ အာယုသင်္ခါရတ်မှာပါလဲ ဘုရား" ဟု နေရာဒေသစုံစမ်းတဲ့အခါ "ယမကသာလာခေါ် ကုသိနာရံ မလ္လာမင်းသားတွေပိုင်တဲ့ ဥယျာဉ်မှာ စံဝင်မယ်" လို့ တိကျတဲ့အဖြေပေးတယ်။ ညီတော်ကသဘောမတွေ့၊ "အင်ကြင်းဥယျာဉ်က တောကြီးဖြစ်နေပါတယ် ဘုရား၊ ဒီ့ထက်ကောင်းတဲ့ ပရိသတ်အစုံစုဝေးဖို့လွယ်တဲ့ သာဝတ္ထိ၊ ရာဇဂြိုဟ်တို့မှာ စံလို့မဖြစ်ဘူးလားဘုရား" ဆိုတော့ ဘုရားရှင်က ကုသိနာရုံကို ရွေးရတဲ့ အကြောင်း နောက်ခံကို ရှင်းပြတယ်။ "အာနန္ဒာ- ကုသိနာရွာငယ်လေးဟာ ရှေးအခါက ကုသာဝတီခေါ်မြို့တော်ကြီးဖြစ်ခဲ့တယ်။ ရာဝန်းကျင်မှာ သရက်၊ အင်ကြင်း ဥယျာဉ်များ၊ ဆောင်စုံပန်းမန်များ၊ ကျွေးငှက်သာရက်များစသည် သာယာလှလို့ မလ္လာမင်းများခေါင်းရိတ်မင်္ဂလာ၊ မင်္ဂဇုံထုံဖွဲ့ရာ၊ အမည်ပေးမင်္ဂလာစတဲ့ အဘိသိက်ခံယူပွဲတွေ ကျင်းပရာနေရာ မြတ်ဖြစ်သလို၊ ရဟန္တာသူတော်မြတ်သြဠာလ်၊ ဆွမ်းသွပ်စတဲ့ သီလရေး၊ နာရေး ကိစ္စတွေအတွက် စုဝေးရာဖြစ်လို့ ငါ့ရဲ့ နောက်ဆုံးသံသရာအဖြစ် ဒီနေရာက လွဲလို့တခြားမရှိပြီ" ဟု မိန့်ကြားရင်း အတိတ်ကစကြာဝတေးမင်းအဖြစ် ကုသိနာရုံ၌ စံစားခဲ့ပုံကို "မဟာသုဒဿနသုတ်" ဟောကြားခဲ့သည်။

မဟာသုဒဿနသုတ်ကို လိုရင်းအချုပ်မှာ ရှေးကကုသိနာရုံတွင် စိုးစံသောဘုရားအလောင်း စကြဝတေးမင်း မဟာသုဒဿန နတ်ရွာစံကာနီးကိလဒ္ဓိမဖုရားကြီးက အပါးတွင်စံစားလျက်က မင်းကြီးဝိုင်ဆိုင်သည့် ဂဂဝဝဝ သာမြို့ရွာများအကြောင်းဖွဲ့ဆိုရင်း "မကွယ်လွန်ပါနှင့် ဦးဟုတောင်းပန်ရာ မင်းကြီးက သခီရတရားကို ရှင်းပြရင်းနှစ်သိမ့်ခဲ့သည်။ မင်းကြီးကွယ်လွန်သည့်အခါ နတ်ပြည်သို့ရောက်ရှိစံစားခဲ့ရ၏။

ဤတွင်ဘုရားရှင်ဟောကြားတော်မူခဲ့သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့အနက် ဆရာတော် (သုဓ[illegible]) အကြောင်းနှင့်စပ်လျဉ်းပြီး ကျွန်တော်မဟာစည်ဆရာတော်ဘုရားကြီး၏ ရိုးရိုးရှင်းရှင်းဟောကြားတော်မူခဲ့သည်ကို အထူးမှတ်သားထိုက်၍ဖော်ပြလိုပါသည်။ ဆရာတော်ကြီး သံလျင်မြို့ မင်းကျောင်းစာသင်တိုက်၌ ၁၃၂၄ ခုနှစ်၊ တန်ဆောင်မုန်းလတွင် နှစ်ညတိုင် အာယဝါသ (အရိယာတို့၏စံအိမ်)တရား တော်ကြီးကိုဟောကြားခဲ့ရာ၊ ထိုတရားတိတ်ခွေမှ ဝယ်ယူကျော်ထင် ဒေါက်တာဦးမြင့်ဆွေ (ဆင်ဆသံဂါယနာ သံဃပဋ္ဌာ မဟာဘိသက္က သာသနာ့ရိပ်သာ အကျိုးတော်ဆောင် ဆရာဝန်ကြီး)က အကြောင်းအားလျော်စွာ စာအုပ်အဖြစ်ပြန်လည်ပြုစုခဲ့ခြင်းဖြစ်သည်။

ဆရာတော် ဘုရားကြီး၏ အရိယာဝါသတရားတော်)ဟောကြားပွဲ

www.burmeseclassic.com

ပထမည်တွင်း တရားပလ္လင်ခံရာဌ်ခ (မြတ်စွာဘုရား ဟောကြားတဲ့တရားတော်တွေကို (သုတ္တ)သုတ်လို့ခေါ်တာရှိတယ်။ သုတ္တဆိုတဲ့ ပါဠိစကားမှာ အနက်အဓိပ္ပာယ်များ ရှိတယ်။ အဲဒီအဓိပ္ပာယ်ထဲမှာ အထူးစိတ်ဝင်စားစရာကောင်းတဲ့ အနက်တစ်ခုက သုတ္တဆိုတာဟာ မျဉ်းကြိုး ပါပဲတဲ့ မျဉ်းချတဲ့ကြိုးပေါ်လက်သမား ဆရာများဟာ သစ်သားကိုပြုပြင်တော့မယ်၊ ခုတ်တော့ရွေတော့မယ်၊ ခွဲစိတ်ဖြာတော့မယ်ဆိုရင် ရှေးဦးစွာ မျဉ်းကလေးချရတယ်။ အများမြင်ဖူးနေကြမှာပါ။ မျဉ်းကလေးချပြီးတော့ အဲဒီ မျဉ်းကြောင်းလေးအတိုင်း ခုတ်ရ၊ ရွေရ၊ ခွဲစိတ်ပြုပြင်ရတယ်။ ငါကျွမ်းကျင်နေ တာပဲဆိုပြီး မျက်မှန်းနဲ့ ခုတ်လိုက်၊ ရွေ့လိုက်၊ ခွဲစိတ်လိုက်ရင် မလိုတဲ့နေရာတွေရောက်ပြီးပျက်စီးသွားတတ်တယ်။ မြတ်စွာဘုရားအဆုံးအမ သြဝါဒသုတ် တရားတော်ဟာ ဒီလိုပါပဲ။ တရားကို ကျင့်လို သူတွေအတွက် မျဉ်းကြောင်းပါပဲ။ ဗုဒ္ဓဘာသာဝင်များ အဲဒီကြောင်းကလေးအတိုင်း လိုက်ပြီး ကျင့်ရတယ်။ မဟာစည်ဆရာတော် ဘုရားကြီးရဲ့ သုတ္တန်အကြောင်း ရှင်းလင်းဟောပြချက်ဟာ ဘုရားရှင်၏ သုတ် အပေါ်အလေးအနက်ထားမှု၊ နောက်ဆုံးချိန်ထိ မဟာသုဒဿနသုတ် ဟောကြားခဲ့မှုကို သိသာစေပါတယ်။

ကုသိနာရုံသို့ ကြွရသည့် အခြေအကြောင်းနှစ်ရပ်မှာ (၁)သုဘဒ္ဒ ပရိဗိုဇ်အား ချွတ်ရန်ကျန်ခြင်း၊ ယင်းပရိဗိုဇ်အား ဘုရားရှင် တရား ပြသည်နှင့် နောက်ဆုံးကျွတ်တန်းဝင် ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း သဗ္ဗညုတဉာဏ် တော်ဖြင့်သိထားပါသည်။ (၂) ကုသိနာရုံ၌ တက္ကသိုလ် ပါမောက္ခမင်းဆရာကြီး ခေါနဒပုဏ္ဏား ရှိနေရာ၊ ဘုရားရှင်၏ ကြွင်းကျန်သော ရုပ်ကလပ်ကို တေဇောဓာတ်လောင်၍ ဓာတော်များကို အရှင်မဂ္ဂသာမင်းတို့အပေါ် သြဇာလွှမ်းမိုးသည့် ယင်းခေါနပုဏ္ဏားကြီး၏ အဆုံးအဖြတ်ရှိမှ ဖြစ်မည်ကို ကြိုတင်တွက်ဆထား၍ ဖြစ်သည်။

ဤသို့ဖြစ်ပေါ်တာမ မြတ်စွာသည်ပါဝါမှ ကုသိတာရုံ (၆)မိုင် ခရီးကို ပင်ပန်းကြီးစွာ (၂၅)ကြိမ်မျှနားပြီး ကြွခဲ့သည်။ ရွာစဉ်ညအိပ်တရားများ ဟောကြားရင်း ရွှေပန်းထိမ်သည် စုန္ဒ၏ သရက်ဥယျာဉ်သို့ရောက်၊ စုန္ဒက - နက်ဖြန်ဆွမ်းကပ်ပါရစေလျှောက်သည်ကို လက်ခံတော်မူသည်။ ခရီးတစ်လျှောက် သွေးဝမ်းများသွားနေ၍ ဆွမ်းဘုဉ်းပေးလိုက်၊ မပေးလိုက်နှင့် အားအင်ကုန်ခမ်းနေ၏။ သွေးဝမ်းသွားရသည့် အတိတ်အကြောင်းဆက်မှာ လွန်ခဲ့သောအတိတ် (၂၃) ဆဝမြောက် ကာလက ဘုရားရှင်ဆေးဆရာတစ်ဦး ဖြစ်ခဲ့စဉ် သူဌေးသားလူနာတစ်ဦးက ဆေးကုသခံပြီး ဆေးဖိုးမပေးသဖြင့် သူဌေးသားဖြစ်ပါလျက် ဆေးဖိုးဝါးခ မပေးရကောင်းပါဟု ၎င်းအား ဝမ်းနှုတ်ဆေးကိုပေးကာ ဝမ်းသွားစေခဲ့သည်။ ကိုဝဋ်ကြွေးသည် ယခုနိဗ္ဗာန်ဝင်ဆဲ နောက်ဆုံးဘဝ၌ အကုသလကံမှအကျိုး



www.burmeseclassic.com

www.burmeseclassic.com

ဆက်အဖြစ် မလွဲမသွေပေးဆပ်ရခြင်း ဖြစ်တော့သည်။ ဝဠုဂ္ဂြေရိုက ဘုရားပင် ဖွေန်ဆန်နိုင်သည့် သားဓကဖြစ်သည်။

ရှေ့ပန်းထိမ်သည် စုန္ဒ၏ ဆွမ်းမှာ မကြီးလွန်းမငယ်လွန်း ဆာဝက်(ဝက်သားပျို) ပြွမ်းသောဟင်း ဖြစ်၏။ နတ်ပြဟ္မာတို့က နတ်ညြာကြေ ဆည်မဟုတ်၊ ထို့အတွက် ဘုရားရှင်က စွန်သော ဟင်းအားလုံးကို သံဃာများ အားမကပ်စေပဲ ကျင်းတူး၍မြေမြှုပ် ပစ်စေသည်။ ဤ ဗုဒ္ဓ၏ နောက်ဆုံး ဆွမ်းသည် သူဌေးသမီးသုဇာတာ ဆက်ကပ်သောယနာနို့ဆွမ်းနှင့် ညြောအာနိသင်တူမျှသည်။ ယနာနို့ဆွမ်း ကြောင့် သမ္ဗညုတဉာဏ်တော် ရရှိပြီး သတ္တ၊ သတ္တဟ (၄၉) ရက် ဆည်သည့်ဆွမ်း ရေခဲမုန်မှုန့်မပါပဲ နေ့နိုင်ခဲ့သည်နှင့် အလားတူ - စုန္ဒ၏ ဆွမ်း ကြောင့်ပါဝါမှ ကုသိနာရုံ (၆)မိုင် ခရီး ကို ရောက်ခဲ့စားလျက်က အရောက်ကြွ ဆုံးနိုင်ခဲ့ခြင်းဖြစ်သည်။

ပြေ(၁၆)၊ မြန်မာသကြံ်နှ အတက်နေ့ နံနက်တွင် ဘုရားမူအဖွဲ့အား မြန်မာဘုန်းတော်ကြီး ကျောင်းမှ အရှင်ဇနက (M.A - မင်းပြားဇာတိ) ဦးဆောင်လျက် မဟာပရိနိဗ္ဗာန ရုပ်ပွားတော်ကြီးအား ရွှေကြာသက်နံ့ကပ်ကြသည်။ ဓာတ်ပုံမှတ်တမ်းများ ရှာဖွေငှိမ့်ရှုစုံမှ ရိုက်ယူကြသည်။ မျက်နှာတော်တည့်တည့်ဖူးက ကျိန်းစက်ဟန်၊ ဦးခေါင်းမထိတော်မှ ဖူးလွင့်ပြုံနေဟန် ခြေဝင်ပိုင်းမှဖူးပါက ဝေဒနာကို သည်းခံခစားနေရဟန် ဗိသုကာလက်ရာထူးကို ကြည်ညိုရသည်။ ပုဂံအာနန္ဒာမှ ပြုံးတော်မူ၊ တည်တော်မူ၊ မတ်တပ်ရပ် ကိုယ်တော် ဗုဒ္ဓဆင်းတုကြီး နစ်ဆုနှင့် အနုလက်ရာတို့ ယှဉ်၍မှုတော်မိသည်။

ရုပ်ပွားတော်ကြီးသည် မြောက် ဘက်ဦးခေါင်းပြု အနောက်ဘက် မျက် နှာလှည့်လက်ျာနံတောင်စောင်း လျက် အနေအထားဖြစ်၍ ယင်းကို ကုသိနာရုံ ပုံတော်၊ မဟာပရိနိဗ္ဗာနမူဖြာ ဟုခေါ်ဆို ကြသည်။ အခြားအရပ်ခေါင်းပြု မျက်နှာ လှည့်လောင်းတော်မူတို့ကို ရိုးရိုးလျောင်း တော်မူဗုဒ္ဓ (Reclaing Buddha) ဟု ခေါ်ကြ၏။ ဥပမာ - ခြောက်ထပ်ကြီး လျောင်းတော်မူဘုရား ကြီး၊ ပဲခူးရွှေသာ လျောင်းဘုရားကြီး စသည်။ ရုပ်ပွားတော် ကြီးစံရာဂန္ဓကိုဋိကို ပုံတော်နှင့်အညီ ရှည်မျော်မျော်၊ လူသွားလမ်းဘေးလမ်းကျဉ်းကျဉ်းဆောက်ထားသည်။ ခြေဖျားမှ ဦးသျှောင်အထိဉာဏ်တော် အရှည် ပေ ၂၀၊ ပခုံးတော်အထိ အမြင့် ၅ ပေခွဲရှိကာ သဲကျောက်ဖြင့် ထုဆစ်ထားသည်။ အောက်ခံအုတ်ခုံ ညောင်စောင်းသည် ၂၃ ပေ ၉ လက်မ×၂ပေ ခဲလက်မရှိသည်။ ၁၈၃၃ ခုနှစ်က ရုပ်ပွားတော်အား(၃) ပိုင်း တစ်စစီတွေ့ရ၍ပြန်လည်ဆက်စပ် မွမ်းမံခဲ့သည်။ ထိုစဉ် ညောင်စောင်း၌ ဆရာဇီဝက၊ အရှင်အာနန္ဒာ၊ သုဘဒ္ဒ ပရိဗိုဇ်(ရဟန္တာ)၊ သိကြားမင်း၊ မာရ်နတ် ပုံတို့ ရုပ်ကြွထွင်းခဲ့သည်ဆိုသည်။

ရုပ်ပွားတော်ကြီး၏ လက်ရာ ရှင်မှာ မဟူရာပြည်သား ဒိနာဆိုသူဖြစ် ကြောင်း၊ ကောင်းမှုရှင်သည် မဟာဝိရ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းနေ ဟရိဗလရဟန်းတော်ဖြစ်ကြောင်းတို့ကို တူးဖော်တွေ့ရှိသည့် ကျောက်စာအရသိရပြီ၊ အကွရာစာလုံးများ။ ရေးဟန်တို့လေ့လာရာတွင် အဓိ ၅ ရာစုခန့်ဖြစ်နိုင်ကြောင်း ယူဆကြသည်။ ဘုန်းတော်ကြီး ဟူယင်ဆန်က အသောကမင်းကြီး၏ ကျောက်တိုင်ရှိကြောင်းဖော်ပြခဲ့၏။ ယခုတိုင်ရှာမတွေ့သေး။ အေဒီ ၅ ရာစုက တရုတ်ဘုန်းကြီး ဖာဟီရန်ရောက်ခဲ့စဉ် ဘုန်းကြီးကျောင်းပျက်များတွေ့သည်ဟု မှတ်တမ်းတင်ခဲ့ပြီး ဟရိဗလသာမိက စေတီတော်တည်ဆောက်ခဲ့သည်ဟု လည်းပါရှိရာ မောင်အံ့(မဟာဝိဇ္ဇာဘုံဘော) ကောင်းမှုနှင့် ဟရိဗလနှင့် စေတီဒါယိကာ ဟရိဗလသာမိ-တစ်ဦးတည်းဖြစ်ဖွယ်ရှိ သည်ဆို၏။

ကုသိနာရုံ ရေယာကိုဦးစွာ ထိန်းသိမ်းစောင့်ရှောက်သူမှာ အိန္ဒိယ တိုင်းရင်းသား (ဗုဒ္ဓဘာသာဘုန်းကြီး) မဟာဝီရ ဖြစ်ကြောင်း၊ ၎င်းသည် ၁၈၅၇ ဇြိတိသျှအားပုန်ကန်မှုတွင် ပါဝင်ခဲ့ပြီး ဗုဒ္ဓဘာသာဖြစ်ပါပုံမှာ သီဟို(သီရိလင်္ကာ) သို့ရောက်စဉ် ရဟန်းခံခဲ့ပြီးမှ ကုသိနာရုံ၌ လာရောက်နေထိုင်သီတင်းသုံးခဲ့သည်။ သာသနာပြုလုပ်ငန်း၌ စိတ်ဝင်စားသည့် အလျောက် အိန္ဒိယနိုင်ငံသားရခိုင်သူဌေးကြီး ခီဇာရိမှ ကုသိနာရုံကျောင်းတော်ကြီးအနီး ဇရပ်ဆောက်လုပ်လှူဒါန်းမှု လုပ်ငန်းတွင် ရခိုင်ဆရာတော် ဦးစန္ဒမုနိနှင့် အတူပါဝင်ကူညီဆောင်ရွက်ခဲ့သည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့ ရွှေကြာသက်နံးကပ်ပြီးသည်နှင့် နောက်ဆုံးအဖွဲ့များဆက်တိုက် ရောက်ကာ ပတ်လမ်းတစ်လျှောက် နေရာယူပွဲတော်ကြရာ ဓာတ်ပုံမှတ်တမ်းရရေးတစ်သုတ်ပြီးတစ်လှည့် ကပျာကသီဝင်ဆောင်ရွက်ရသည်။ ရုပ်ပွားတော်ကြီးအား ရှုထောင့်အသီးသီးမှလည်းကောင်း၊ ညောင်စောင်းပတ်လည် ရုပ်ကြွများဖြင့် သည့် ထိပ်ဆုံးကဆေးရာကြီး ဇီဝက၊ ဘုရားရှင်ဝေဒနာကုရန် ဆေးကြိတ်ပုံ၊ လယ်က သုဘဒ္ဒရဟန္တာမထေရ်ကြီး ဘုရားရှင်အားမျက်နှာမူကန်တော့ဟန် (ကျောဘက်ပုံ) ခြေတော်ရင်းက ညီတော် အာနန္ဒာ ပူဆွေးတမ်းတလက် ပို့ဆောင်နေပုံ၊ လူပုံများအကြား။ နတ်ပန်းတို့ ကြွေကျပူဇော်ပုံ၊ မလ္လာမင်းတို့ ဘုရားရှင်အားနောက်ဆုံး ဂါရဝပြုကန်တော့နေကြပုံ၊ ပါစာမှ ကုသိနာရုံသို့ ပင်ပန်းကြီးစွာခြေလျှင်ခရီးလုပ်းလာ၍ ဘုရားရှင်၏ခြေဖဝါးများ မို့မောက်ရောင်ရမ်းနေပုံ ညောင်စောင်းကြာလန်ဘောင်အနားသတ် ပန်းများအပေါ်တွင် နတ်ပန်းပွင့်ကြီးတို့သည် မြန်မာပြည်မှ အင်ကြင်းပွင့်ကြီးများနှင့် ခပ်ဆင်ဆင် ဖြစ်နေပြန်သည်။ မည်သို့ဆိုစေ ကုသိနာရုံရောက် ဘုရားဖူးတို့ အသီးသီးရင်ထဲတွင် လွန်ခဲ့သော နှစ် ၂၅၀၀ ကျော်က မိမိတို့ ကိုးကွယ်ရာ ဘုရားရှင်တော် ပရိနိဗ္ဗာန် စံဝင်မှုအတွက် ထိုစဉ် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ပူဆွေးသောကရောက်ခဲ့သည့်အလားတူ ဝမ်းနည်းကြေကွဲမှုများ ကူးစက်ခံစားရသည်မှာ အသေအချာဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခရီးစဉ် ဦးဆောင် ဆရာ
ဟော်က ရှေ့ဆက်ရန် ဆော်သြနေပါပြီ။
ကျောင်းတော်ဆောင်ကြီးနောက်ကျော်
ဗောဟရိနိဗ္ဗာန် စေတီလုံးဖြူကြီးအား
ရှုတ်တရက်ကြည့်က စစ်ကိုင်းကောင်းမှု
တော် (ရွှေမချမီပုံ)နှင့် ဆင်သည် ထင်
ရသည်။ ဤနေရာ၌ ဘုရား၏ မူလပရိ
နိဗ္ဗာန်စံဝင်ရာနေရာဖြစ်သည်ဟု မလွှဲ
ထွန်းတို့က ၎င်းတို့ဝေစုရှ ဓာတ်တော်
များ ဌာပနာ၍ အများ (နောင်းလူတို့)
ပူဇော်နိုင်ရန် စေတီလုံးကြီး တည်ထား
ခဲ့သည်။ ဓာတ်တော်စစ်များ ဌာပနာ
ဆား ဆည်ဖြစ်၍ မကွာမင်းတို့ကျေးဇူး
ဖြင့် ဖူးရလေသည်ဟု ၎င်းတို့အား
ဆာခုခေါ်ခဲ့မိသည်။ အနည်းငယ် အပေါ်
သို့ ရှည်မျောမျောတက်သွားကာ ဖန်
အုပ်ဆောင်းကြီး သဏ္ဌာန်ထူပါစေတီ
ကြီးဖြစ်သည်။ ဓာတ်တော်ကြွပ် (ဟာ
ခီက) အပေါ်ပိုင်း၌ ထီး ၃ ဆင့်တင်
ထားသည်။ ဒုတိယ ဒါယကာမှာ
အသောကမင်းကြီးဟု မှတ်မိများ ရှိ
သည်။ ဟရိဗလ ဆွာမို(သာမိ) သည်
တတိယ ဒယကာ ဖြစ်သည်။

၁၉၁၂ ခုနှစ် ဟသံတမြို့နေ
ဦးဖိုးကျား၏ ငွေကြေးစိုက်ထုတ်မှုဖြင့်
ဘာသာခြားတို့ အဖျက်လုပ်ရပ်ကြောင့်
ပျက်စီးနေသည့် စေတီတော်ကြီးကို
ဆရာတော် ဦးစန္ဒမုနိကြီးကြပ်ကာ
တဖြည်းဖြည်းချင်း ပြန်လည်ပြုပြင်တည်
ဆောက်ခဲ့ရာ ၁၉၂၇ တွင် ပြီးစီးသည်။
ဉာဏ်တော် ၁၆၇ ပေရှိခဲ့သည်။ ၁၉၆၅
ခုနှစ် ငလျင်လှုပ်ရာတွင် ဖောင်းရစ်မှ
စပြီး ပြိုကျခဲ့၍ အိန္ဒိယကျောက်စာဌာန
က တာဝန်ယူ ပြုပြင်ခဲ့၏။ ဘုရားကြီး
အတွင်းမှ ဆင်းတုတော်နှင့် ဌာပနာတို့
ကို ဆရာတော်ရှင် စန္ဒမုနိကပင် ထိန်း
သိမ်းစောင့်ရှောက်ခဲ့သည်။

ကျောင်းတော်ရာ အုတ်ခုံများ
ရဟန္တာဓာတ်တော်များ ဌာပနာသည့်
စေတီငယ်များ။ မဟာပရိနိဗ္ဗာန်နစေတီ
ကြီး အနှီးရှိ ရှင်သာရီရဟန္တာ စေတီတို့အား
လည်း လှည့်လည်ဖူးကြသည်။ ရဟန္တာ
အရှင်ကြီးမှာ အခြားနေရာတွင် ပျံလွန်
တော်မူပြီး ကုဋိနာရုံတွင် မြှုပ်နှံသင်္ဂြိုဟ်
ရန် မှာကြားခဲ့သည်ဟု သိရသည်။
ဘုရားပရိနိဗ္ဗာန်စံဝင်သည့် နေရာထူး
နေရာမြတ်တွင် သဗ္ဗေသခီရာအနိစ္စဟု
တရားနှလုံးသွင်းကာ မေတ္တာတရားထိုင်
ကြသည်။

**ချစ်ဆန်းသစ်**

ရှေ့လဆက်ဖတ်ပါ

www.burmeseclassic.com

www.burmeseclassic.com




ဘုရားဖူးအထူးဆောင်းပါး

# ကယားပြည်နယ် လွိုင်ကော်မြို့(သို့) ကန္ဒရဝတီမြို့ ငွေတောင်ပြည်ခရီး

ကြည်ကြည်ကျော်(ရင့်တွင်းပုံရိပ်)



www.burmeseclassic.com

www.burmeseclassic.com

## ယခင်လမုအဆောက်

၂၆-၃-၂၀၁၅ (သံလွင်မြစ်ကမ်းအနီးရှိ ဖားဆောင်းပြိုကွဲ)

သမီးလွှေးမ၏ အစ်ကိုမိသားစု ရှိရာ ဖားဆောင်းပြိုကွဲ သွားရန် ကြိုတင် ထက်မှတ်ဖြတ်ထားသည့် ဘာဒိုကားက အိမ်တိုင်ရာရောက် လာကြိုပါသည်။ တစ်ယောက် ၇၀၀၀ ပါ။ လွှိုင်ကော်မြို့မှ စထွက်ထဲက ရွာပါသည့်မိုး "ဒီမော့ဆိုး" "ဖရူဆို" အလွန်မှာ ရပ်သွားပြီး "ဟောလဲခဲ" မြို့တွင် နေ့လည်စာစားရန် အချိန်ရပေးပါသည်။ လက်ဖက်ထမင်း၊ အသီးအရွက်သားကြော်နှင့် စားကောင်းပါတယ်။ နံနက် (၁၂:၄၅) ခန့် ရောက်သည်နှင့် မိုးရွာပြန်၍ ဆင်းမရပါတယ်။ ဒီလို မိုးကြီးရွာနေ သွားချင်တာ လေ့လာချင်တာ ဆိုင်တော့မှာပါ။ မိုးရပ်သွားပါစေ ဆုတောင်းပါသည်။ သမီးကြီးက ကားမှူး နေ၍ လုံခြုံနေရပါတယ်။ စာရေးသူက အလွန်မမှူးပေမယ့် ခေါင်းမကြည်ပါ။ သားသန့်ကော်လတ်+ သမီးတင့်မေဝင်း တို့က ဓာတ်ဆားဖျော်ရည်အေးအေး သင်္ကောသီးမှည့်ချိုချို အေးအေးတို့နှင့် ဧည့်ဝတ်ပြုပါတယ်။ ဆိုင်ဝန်ထမ်းကလေး မတွေ့ကလည်း ယဉ်ကျေးရိုသေလေးစား၍ အားလုံးကို ကျေးဇူးတင်ပါသည်။ ဖားဆောင်းသည် ပင်လယ်ရေမျက်နှာပြင် အထက် (၅၀၀) ပေ ပဲရှိ၍ ပူပါတယ်။ ခရီးလည်း ပန်း၍ ညနေ (၃:၀၀) ခန့် ရေအဝချိုပြိုးမှ လန်းဆန်းသွားပါတယ်။ ဒေါ်ခင်မြင့်က စာရေးသူကို စာရေးဆရာမဖြစ်၍ ခရီးထွက်တိုင်း စာရေးကြောင်း မိတ်ဆက်ပေး၍ ညနေ (၄:၃၀)ခန့် သားသန့်ကော်လတ် စီစဉ် ပေးသော ကားနှင့် စာရေးသူတို့ ဒေါ်ခင်မြင့်၊ တင်မေဝင်းနှင့် သမီးလေး ၄ ဦးတို့ သံလွင်စံတားသို့ သွားပါတယ်။ တံတားဆောက်နေတာ သုံးနှစ်ခန့်ရှိပြီး မပြီးသေးပါ။ (၆-၄-၂၀၁၅) နေ့မှာ တံတားဖွင့်ပွဲရှိ၍ တာဝန်ရှိသူတွေ အတွက် တက်ညီလက်ညီ ဆောင်ရွက် နေကြပါတယ်။ တောင်တန်းပြာပြာကြီး တွေ ဝန်းရံသည့် "မြစ်သံလွင်" ဝီးဆင်း နေတာ သာယာလှ၍ လွမ်းမောဖွယ်ပါ။ "မယ်စဲ့" ဘက်ကမ်းသို့ အနည်းငယ် ကူးကြည့်ပါသည်။ မယ်စဲ့သို့ ၃၃ မိုင်ဟု သိရပါသည်။

အမှတ်တရ ဓာတ်ပုံရိုက်ပြီး အလောင်းမင်းတရား ဦးအောင်ဇေယျ "ယိုးဒယားသို့ စစ်ချီစဉ် တည်ထားခဲ့ သည့် သံလွင်မြစ်အနီး ကုန်းမြင့်ပေါ်တွင် ဘုရားကို ဖူးပါသည်။ သံလွင်မြစ်နံဘေး ရှိ တောင်ကုန်းမြင့်ထက်တွင် တည်ထား သော စေတီတော်မှ လှုပ်မြင်ရသော ဗဟိုးသည် လွန်စွာ သာယာလှပါသည်။ စာရေးသူတို့က ဘုရားပရိဝုဏ်အရောက် ကားနှင့် တက်ခဲ့ပါတယ်။ စေတီ၏ ဘွဲ့အမည်မှာ ဘုရားစောင်းတန်းအောက် ဆုံးမှာ ရေးထားသည်ဟု သိရပါသည်။ အချိန်လည်းနည်း စောင်းတန်းကလည်း မြင့်၍ ခွဲနှာသူ စာရေးသူ တက်ချိဆင်း

www.burmeseclassic.com

ခ်ီ အဆင်မပြေ၍ ဤခရီးတွင် ပါလာ
သူ ကလေးတစ်ဦးက ဆင်းသွားပြီး
ဖတ်ပေးပါသော်လည်း စာနှင့် ရေးမှတ်
ခဲ့၍ မှားခဲ့သော ခွင့်လွှတ်ပါ။ ဘုရားဘွဲ့
တော်က "ဝိနေယျသိဒ္ဓိလောကမာန်
အောင်" ဘုရားဟု သိရပါတယ်။ ဘုရား
ကုန်းတော်ပေါ်မှ ဆရာတော်အား ဖူး၍
ဝတ္ထုကပ်လှူပါတယ်။ သမီးတင်မေဝင်း
က အသင့်ယူလာသည့် လှူဖွယ်များကို
ကပ်လှူပါတယ်။ ထိုမှ ဖားဆောင်းတစ်
ပြိုင်လုံးကို ရေပေးဝေသော ရေထွက်ပေါက်
ရှိရာ တောင်ပေါ်ရွာ (ယခုတပ်မြေ)
တောင်ကုန်းမြင့်ပေါ်သို့ ကွေ့ကာ၊ ပတ်
ကာ တက်ရလို့ ကြောက်မိသော်လည်း
ဘုရားဂုဏ်တော်များ ရွတ်ဖတ်ပါတယ်။
အတော်ကို မောင်းတက်ရပြီးမှ ရွာဆက်
ဝေး လူဥူဝေးသည့် ရေထွက်ပေါက်သို့
ရောက်တော့ မောင်လာပြီး အတူပါလာ
သည့် ကျော်ကျော်(အထွေထွေအုပ်ချုပ်
ရေးမှူး)က ရေထွက်ပေါက် နှစ်ပေါက်
ရှိကြောင်း ပြောပြရင်း ပြပေမယ့်
မောင်ပြီးဖြစ်၍ သေချာမမြင်ရပါ။

ဓာတ်ပုံရိုက်ပေမယ့် မောင်ပါတယ်။
ရေထွက်ပေါက်မှ စီးကျသည့် ဆည်သေး
သေးကဲ့သို့ ဖြစ်နေသည့် နေရာလေးကို
ပြရင်း ရှင်းပြသည့် ကျော်ကျော်က သူပဲ
လမ်းပြလုစ်ပေးလို့ ကျေးဇူးတင်သလို
လိုက်ပို့ပေးသည့် သန့်ဇော်လတ်၏ ဇနီး
တင်မေဝင်းတို့ကိုလည်း ကျေးဇူးတင်ပါ
သည်။ ညနေစာ ချဉ်ရည်ဟင်း၊
ကြက်သားဟင်းတို့နှင့် ထမင်းစား၍
မိန်ပါတယ်။ သန့်ဇော်လတ်တို့ ဆိုင်
သည် ဘုရားပန်းကအစ သီးနှံ မုန့်ပဲ
သရေစာ၊ ကျောင်းသုံးပစ္စည်း ကွမ်းယာ
အဆုံး အကုန်ရပါ၍ မတ်ကတ်သဘော
များပဲ။ ဖားဆောင်းက အိမ်ခြေ သုံးရာ
ခန့်ရှိပြီး စျေးမရှိဖြစ်။ အိမ်ဆိုင်တွေမှာပဲ
ဝယ်ကြ၊ ခြမ်းကြပါ။ စုံတကာ့စုံ
သန့်ဇော်လတ်တို့ဆိုင်သည် ပစ္စည်းများစုံ
အမယ်မယ်ထားပြီး လက်လီလက်ကား
ဖြန့်ချီရောင်းချ၍ အရောင်းဝန်ထမ်းသုံး
ယောက်၊ မောင်ညီမနှစ်ယောက်နှင့်
ကိုတစ်နေ့တစ်နေ့ လက်မလည်အောင်
ရောင်းရပါတယ်။ ညညဆို ရောင်းရငွေ

တွေ ဝိုင်းဝန်းရေကြ သားရေပင့်နှင့်
စီးနောင်နှင့် ပျော်စရာကြီးပါ။ သူတို့သည်
ပစ္စည်းမှန်၊ ဈေးနှုန်းမှန် စေတနာထား
ဆိုတော့ စီးပွားဖြစ်ကြလို့ မှဒီတာပွားရ
ပါတယ်။ သန့်ဇော်လတ်၏ သမီးလေး
"ဇူးဇူး"က လုံးလုံးလေးလေး တီတီတာ
တာ ပြောတတ်၍ ချစ်စရာလေးပါ။
စာရေးသူ၏ မြေးငယ် "ယွန်းယွန်း"နှင့်
တူပါသည်။ ယွန်းနှင့် ဇူးက ညီအစ်မ
တစ်ဝမ်းကွဲတော်စပ်ပါတယ်။ သန်းဇော်
လတ်တို့ ဇနီးမောင်နှံက စီးပွားရေးမှာ
တက်ညီလက်ညီ ရှိသလို၊ အလှူအတန်း
ရက်ရောပြီး ဆွေမျိုးသားချင်းတွေကို
သိတတ်၊ ဖြန့်ဝေရုံသာမက သူမိခင်
ခမည်းခမက်ဖြစ်တဲ့ စာရေးသူတို့ကို
စေတနာကောင်း ညှဉ်ဝတ်ကျေလွန်း
ကျေးဇူးတင်ပြီး ဆုမွန်ကောင်း
ပေးပါတယ်။ ပို၍ ပို၍ ပြည့်စုံမှာ
တစ်ဦးတည်းသော သမီးလေးကိုလည်
စိတ်ရှည်လက်ရှည် ပွေ့ပွေ့ပိုက်ပိုက်
ချစ်မှချစ်ကြလို့ ကြည်နူးစရာပါ။ ဘုန်း

ကလေးမလေးတွေကလည်း တိုင်းရင်

www.burmeseclassic.com

တွေမို့ ရိုးသားယဉ်ကျေး သွက်လက် ချက်ချာပါတယ်။ လိုအပ်သမျှ ကူညီပေး ပါတယ်။ စာရေးသူတို့ကို စားပွဲရှေ့ရောက် ည့်ဝတ်ပြု၍ အိမ်ရှင်ရော သူတို့လေး တွေကိုပါ ကျေးဇူးတင်ပြီး ဆုတွေပေး ပါတယ်။

၂၇-၃-၂၀၁၅ မြေ၊ နွေ၊ မိုး၊ ဆောင်း ထိုင်းဘုရား(သုံးဆူ) ပင့်ပေးသည့် သမီး တင်မေဝင်း၏ စေတနာလက်ဆောင် မွန်း

ဒေါ်ခင်မြင့်အိမ်တွင် ပင့်ဆောင် ပူဇော်ထားသည့် ထိုင်းနိုင်ငံမှ မြေ(နွေ၊ မိုး ဆောင်း) ဘုရားသုံးဆူသည် သပ္ပါယ်လှ၍ ပင့်ချင်ကြောင်းပြော၍ ဆန္ဒ လိုက်ပို့ပေးမှာပါ။ အစောစာ နှစ်တင်းခါးနှင့် ည့်ဝတ်ပြုပါသည်။ ဆောင်းပါသည်။ သစ်ထုတ်လုပ်ရေးဌာန သစ်အုပ်ကြီးဖြစ်သည့် သန့်တော်လတ် ကားစီးပြီးတွေ ပြောရင်း စာရေးသူ ချင်သည့် ကယားပြည်နယ် မဂ္ဂဇင်း ဆောင်) ကယားပြည်နယ် အထိမ်း

အမှတ်ပြက္ခဒိန် (၂၀၁၄၊၂၀၁၅)တို့ကို လက်ဆောင်ပေးပါသည်။ လူငယ်လေး ဇနီးမောင်နှံကို ဆုမွန်ကောင်းတွေ ပေး၍ အန်တီပေးသည့် ဆုတွေနဲ့ ပြည့်စုံပါရ စေလိုဟု ပြောပါတယ်။ ပြည့်မှာ အသေ အချာပါ။ အနန္တငါးပါးကို ဦးထိပ်ထားပြီး ကျေးဇူးရှင် မိခင်ကြီးကို လူပျိုဘဝထဲက ရသမျှလခ အကုန်အပ်တာ ယနေ့ အထိပါ။ အိမ်ကောင်း၊ အိုးကောင်းလည်း ဆောက်ပေးပါတယ်။ မိဘတွေကို အလွန်သိတတ်တဲ့ ဇနီးမောင်နှံပါ။

နံနက် (၁၀းခဝ)ခန့် တင်မေ ဝင်းက ထိုင်းမြဘုရားရောင်းသည့် ဆိုင် သို့ ပို့ပေးပါတယ်။ အအေးဆိုင်ပါ တွဲထားပါသည်။ မဆာပါ။ မသောက် တော့ပါ။ ပြောသည့်ကြားက သွက်လက် လှ သမီးတင်မေဝင်းက အအေးကုသိုလ် ပြုပါတယ်။ စာရေးသူ ပင့်ချင်ကိုးကွယ် ချင်သည့် ထိုးမြ၊ နွေ၊ မိုး၊ ဆောင်း ဘုရားသုံးဆူမှာ မှန်ကျောင်းဆောင်ထဲ တွင် သပ္ပါယ်လှ၍ ဝမ်းသာပီတိ ဖြစ်ရ ပါသည်။ ခရီးဝေး၍ သေချာထုပ်ပိုးပေး ပါပြောပြီး ဘုရားဘိုးကျပ် (၃၅၀၀၀) ပေးသည့်အခါ မယူပါ။ အန်တီအတွက် သမီးက ကုသိုလ်ပြုတာပါတဲ့။ "ဟယ် သမီးရယ် အများကြီးကိုပါ ယူပါ။ အန်တီ အားနာလို့ပါ။ ငွတ်ပေးလည်း မရပါ။ အားနာလှ၍ ကျေးဇူးတင် သာခုခေါ်ပါသည်။ ငင်းမှ သံလွင်မြစ်နဖူးရှိ ထိုင်း ပစ္စည်းစစ်စစ်တွေပဲ ရောင်းသည့် ဆိုင်သို့ လိုက်ပို့ပါတယ်။ ဤဆိုင်မှာ ပစ္စည်းတွေ များသလို လက်လီလက်ကား ရောင်းပါတယ်။ တင်မေဝင်းက "အန်တီ ကြည့်နော် ပါတိတ်တွေကောင်းတယ်။ အန်တီ ကြိုက်တာရွေးနော်နှင့် ပြောရင်း သူ့ဆိုင်အတွက် ဝယ်ခြမ်းစါတယ်။ ပစ္စည်းမှန်သမျှ ထိုင်းပစ္စည်းစစ်စစ်တွေဆို တော့ ကောင်းပါတယ်။ နို့ဆပ်ပြာ၊ ခေါင်းလိမ်း ဆီ၊ အစွန်းချွတ်ဆပ်ပြာ၊ ဟင်းခတ်မှုန့်၊ ပါထိုင်း စပန့်တို့ ဝယ်တာ နှစ်သောင်း ကျော် ရှင်းရပါတယ်။ အတန်ကြာပြီး ခေါင်းမူးလာ၍ ဝယ်နေဆဲ တင်မေဝင်းက အန်တီပြန် ချင် ရာ ပြန်နှင့်နော် ပြော၍ ခင်ပွန်းသည်နှင့်

www.burmeseclassic.com

## ကယားပြည်နယ် ဖားစဆောင်းမြို့ ဆံလွှင်တံတားတွင် အမှတ်တရ

ပြန်လာပါတယ်။ တင်မေဝင်းညီမလေး အိမ်မှန်က သံပုရာရည် ဖျော်ပေးပါတယ်။ သမီး တင်မေဝင်း က ထိုင်မြတ္တရာဆုံးဆူ ကို လက်ဆောင် ဝယ်ပေးရုံသာမက စာရေးသူတို့ သားအမိကို ထိုင်းပါတီတ် နှစ်ကွင်းကိုပါ. လက်ဆောင်ပေးပြန်လို့ ဘယ်လို အားနာမှန်း မသိပါ။ အခုမှ တွေ့ကြုံမှုလာ လည်သည့် စာရေးသူတို့ ကို အရောင်းအဝယ်တစ်ဖက်နှင့် အလုပ်တွေ မအားသည့် ကြားက ညှော်ဝတ်ကျေသည့်အပြင် ဒီလောက် အများကြီး လက်ဆောင်တွေ ပေး၍ အားနာလွန်းပါဆို ဖာဆောင်းမှ လွှဲကော်အပြန် ကားလက်မှတ်ပါ ဖြတ်ပေး၍ သမီးတင်မေဝင်းတို့ ၏ စေတနာကတော့ အံ့သြယူပါတယ်။ လမ်းခရီးအတွက် မုန့်၊ အချဉ်ပေါင်း သီးစုံတောင်ဆားဖျော်ရည်တို့။ ဖားဆောင်းမှ ထွက်သည့် ဝီးဖျော်ရည်ပုလင်း (ကျန်းမာရေးအတွက် ကောင်းပါတယ်)။ သကြုံနှတ်ဆက်ပြီး ပြန်လာပါသည်။ အပြန်ခရီးလွန်စွာ ခေါင်းမမူးပါ။ ညနေ (၆း၀၀) ခန့် လွှဲကော်သို့ ပြန်ရောက်ပါတယ်။ မကြာခင် ရှင်ပြုမည့် ဒေါ်ခင်မြင့်၏ မြေးငယ် သားတော် နိုင်ဝင်း+ ဝီးငယ်တို့၏ သားငယ် လုံးလုံး ရဲ့ ရှင်ပြုအလှူအတွက် (၃၀၀၀၀) အလှူဝင်ခဲ့ပါတယ်။

(ရှေ့လဆက်ရန်)

**ကြည်ကြည်ကျော်**





www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုတို့ရွေးတန်း

ဒိုလ်ကျော်

# မချောင်ယောက်ဗိုလ် (၁) ယောက်

www.burmeseclassic.com

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

**(တပ်မတော်တွင် ရန်သူအမျိုးသမီး စစ်သည်များကို ဖမ်းဆီးရမိခဲ့သည့် ကြုံတောင့်ကြုံခဲ့ ဖြစ်ရပ်မျိုးဖြစ်ပြီး ထိုစဉ် က ဖြစ်ရပ်မှန်များကို ဖော်ပြထားပါသည်။ နာမည်များ ပြောင်းထွဲထားပါသည်)။**

**နယ်မြေစိုးမိုးရေး**

မြောက်ပိုင်းရှမ်းပြည်နယ် ဆောတောင်တန်းသည် သာယာကြည်လင် ဖြူပြာလွင်နေသော တိမ်လွှာပါးပါး မိုးကောင်းကင်တစ်လွှာအောက်တွင် မျက်စိတစ်ဆုံး ရှုမဆုံးသော မို့မောက်ချိုင့်ဝှမ်း တောင်ကုန်းတန်းများ။ စိမ်းလန်းစိုပြေ ညို့မှိုင်းနေသည့် တောအုပ်ကြီးများနှင့် ပန်ရလုပေသည်။

အရောင်အသွေး စုံလင်ထူခြားပန်းမန်များ လှပဝေဆာ ဖူးပွင့်နေကြရာ အပင်များပေါ်တွင် ဟိုခုန်ဒီကူး ပျံသန်းမြူးနေကြလေသော ကျေငှက်သာရကာလေးများက နားဝင်ပီယံ ချိုဖွယ်ရာ တီတီတာတာ တွန်ကျူးသံသာလေးများ ဝေစီနေကြလေသည်။

စိမ့်စမ်းချောင်းကန်များလည်း ကြည်လင်သန့်စင် တသွင်သွင် စီးဆင်းနေလျက် အေးမြလတ်ဆတ်လှသည့် တောင်ပေါ် လေပြေ၊ လေညှင်းက သုန်သုန်ဖြူးနေလေ၏။

ထိုထိုသော သာယာကြည်နူး လန်းဆန်းဖွယ်ရာ တောတောင်ရေမြေခြေနေများကြောင့် နယ်မြေစိုးမိုးရေး တာဝန်အရ မနားမနေ ရှင်းလင်းချီတက်လာကြသော မြန်မာ့တပ်မတော်၊ အမှတ် (၂၃) ခြေလျှင် တပ်ရင်းတော် ရှေ့တန်းစစ်ကြောင်းတပ်ဖွဲ့ စစ်သည်များအနေဖြင့် မောပန်းနွမ်းနယ်မှုမှ များစွာသက်သာရာရကြလေသည်။

"စစ်ကြောင်းနားမယ်ဟေ့"

"စစ်ကြောင်းနားမယ်ဟေ့"

"စစ်ကြောင်းနားမယ်"

စစ်ကြောင်းရံုးမှ ရေဘက်သို့ အဆင့်ဆင့် လက်ဆင့်ကမ်း ပြောလာကြပြီး မကြာမီ ရှေ့ဆုံးပွိုင့်တပ်စုရပ်သွားသည်နှင့် တပ်ဖွဲ့လိုက် ရေနေကာက်၊ ဘေးဘယ်ညာ လုံခြုံရေးများဖြန့်ကျက် ချလိုက်ကြသည်။

ထို့နောက် စစ်သည်များ လမ်းကြောင်းပေါ်တွင် အဆင်ပြေသလို နားနေကြတော့၏။ ဆေးလိပ်သောက်သူကသောက်၊ စကားတိုးတိုးပြောသူကပြော၊ အချင်းချင်း အသာလွန်းထိုး



www.burmeseclassic.com

www.burmeseclassic.com

စသူကစ၊ လမ်းဘေးကမ်းပါးယံစောင်းပေါ် ကျောမိုထိုင်သူကထိုင်၊ ပါလာသည့်မုန့်ကို ထုတ်စားသူကစားဖြင့် နားရသမျှ အချိန်လေး ဇိမ်ယူနေကြသည်။

**တိုက်ပွဲဆင်နွှဲ**

ထိုစဉ် သောင်းကျန်းသူ ရန်သူ SSA ရှမ်းတပ်ဖွဲ့တစ်ဖွဲ့သည် မိမိတပ်ဖွဲ့များ အနားယူနေကြသည့် လမ်းကြောင်း၏ တစ်ဖက်တစ်ချက်မှ ထွက်ပေါ်လာပြီး မိမိတပ်ဖွဲ့ ရှိနေသည်ကို မသိဘဲ မိမိတို့တက်သို့ ဦးတည် ချီတက်လာနေသည်ကို တွေ့လိုက်ကြရသည်။

ဤအချိန်အခိုက်အတန့်လေးသည် မိမိတပ်ဖွဲ့ ကံကောင်းပြီး ရန်သူ SSA တပ်ဖွဲ့ ကံဆိုးသည့် အခြေအနေများ ဖြစ်နေသည်။ မိမိတို့က နားနေချိန်ဖြစ်၍ လူပ်ရှားမှုမရှိသဖြင့် ရန်သူက ခွာတ်ရက် မသိနိုင်ခြင်း၊ မိမိတို့ဘက်တွင် သစ်ပင်ကြီးငယ် ချုံနွယ်ပိတ်ပေါင်းများ ရှိလျက် ဖုံးကွယ်နေပြီး ရန်သူဘက်တွင် ချုံအနည်းငယ်သာ ရှိလျက် ပြောင်းရှင်းနေခြင်း၊ လမ်းကြောင်းမှာ "ဂငယ်ကွေ့" ပုံစံ ဖြစ်နေသဖြင့် တစ်ဖက်ထိပ်တွင် ရှိနေသော မိမိတို့က တစ်ဖက်ထိပ်မှ ဝင်လာသော ရန်သူတပ်ဖွဲ့ကို ရှင်းလင်းစွာ တွေ့မြင်နေရခြင်း၊ အချိန်ကလည်း နေ့လယ် ၁၁ နာရီ ၅၀ မိနစ် ရှိကာ တောင်ခိုးမြုန်းများ ကင်းစင်နေချိန် ဖြစ်သဖြင့် မြင်ကွင်းပစ်ကွင်းများ ကောင်းမွန်နေခြင်းတို့ကြောင့် မိမိတပ်ဖွဲ့အတွက် တိုက်ပွဲဝင်ရန် အဘက်ဘက်မှ အားသာလျက် ရှိနေတော့သည်။

အချိန်တိုင်း စစ်ရေးသတိရှိနေကြကာ တိုက်ပွဲအတွေ့အကြုံများပြားကြသော စစ်သည်များအဖို့ ကြုံတွေ့လာသည့် အခြေအနေပေါ်မူတည်လျက် မည်သို့ လုပ်ဆောင်ကြရမည်ကို ကိုယ်စီသိရှိကြပြီး တပ်ဖွဲ့မှူးအလိုက် ဟန်ချက်ညီစွာ လှုပ်ရှားလေ့ရှိကြ၏။

ယခုလည်း တိုက်ပွဲအတွက် နေရာယူခြင်း၊ ခေါင်းဆောင်များက အကဲကြည့်ကာ ညွှန်ကြားခြင်း၊ တပ်ဖွဲ့များအချင်းချင်း ချိတ်ဆက်ကာ အသင့်ပြင်ခြင်းတို့ကို ရုတ်ခြည်းလျင်မြန်သိသိသိပ်စွာ တိတ်တဆိတ် လုပ်ဆောင်ကြပြီး သားကောင်ကို အပိုင်ခုန်အုပ်ဖမ်းဆီးတော့မည့် ကျားရဲကဲ့သို့ အသင့်ရှိနေကြချေပြီ။ သားကောင် ရန်သူများကတော့ သူတို့၏ ကံကြမ္မာကို မသိရှာကြဘဲ တလှုပ်လှုပ် တရွေ့ရွေ့ လာနေကြလေတော့၏။

"ပစ်"

"ခွန်းခွန်းခွန်း" "ခိုင်းခိုင်း"

"ဝုန်း"

"ဖောင်းဖောင်းဖောင်းဖောင်း"

"ဂျိမ်း"

"တောက်တောက်" (ရန်သူမှ ပြန်ပစ်သံ)

"ဒုတ်ဒုတ်ဒုတ်- ဒုတ်ဒုတ်"

"တောက်တောက်တောက်"

"ဂျိမ်း"

ရန်သူ SSA တပ်ဖွဲ့ အလစ်အငိုက်မိသွားကာ ဖရိုဖရဲဖြင့် တောင်အော်မြောက်အော်၊ ဟိုပြေးဒီပြေး



www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်ပြေးလွှားကြရင်း နေရာယူကြ ပုန်းခိုကြဖြင့် ရွှမ်းယုက်ခတ်သွားကြသည်။ မိမိစစ်သည်များကလည်း အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ကြ၏။

တိုက်ပွဲစတင် ပစ်ခတ်သည်နှင့် ဒုတိယပွဲဦး တပ်စုဖြစ်သော ဗိုလ်မင်းလွင်တပ်စုသည် လမ်းကြောင်း၏ ဘယ်ဘက်တောင်ကြောထိပ်ပေါ်သို့ အလျင်အမြန် တက်ရောက်နေရာယူထားလိုက်ပြီး ငြိမ်လျက် စောင့်နေသည်။ ရည်ရွယ်သည်မှာ တစ်ဖက်မှ ရန်သူများက ပြန်လည်တိုက်ခိုက်နိုင်ရန် တောင်ကြောပေါ်သို့ တက်လာကြပါက အဝိုင်ပစ်ခတ်ချေမှုန်းနိုင်ရန်အတွက် ဦးစွာ နေရာယူလျက် ချုံခိုစောင့်နေခြင်းဖြစ်သည်။ ထိုသို့ ဖြစ်လာလျှင် ရန်သူအလောင်း လက်နက်များ သေချာပေါက် ရမ်းမည်ဟု ဗိုလ်မင်းလွင် တွက်ထား၏။ ကာတိုင်သေနတ်ကို တင်းတင်းဆုတ်ကိုင်ရင်း "တက်လာခဲ့ကြလေ၊ ငါတို့ကို ပြန်တိုက်ဖို့ တောင်ကြောပေါ် တက်လာခဲ့ကြစမ်းပါ" ဟု ဗိုလ်မင်းလွင် စိတ်ထဲက ဖိတ်ခေါ်လိုက်သည်။ သို့သော် "မုန်းချက်နှင့် နှမ်းထွက် မကိုက်"။ ရန်သူများသည် ပြန်လည်တိုက်ခိုက်နိုင်ရန် နေနေသာသာ သူတို့ အပစ်ခံရသည့် နေရာတွင်ပင် ပရမ်းပတာ ဖြစ်နေကြတော့သည်။ တစ်ချက်စနှစ်ချက်စ ပြန်လှန်ပစ်ခတ်ကြကာ သူတို့လာခဲ့သည့်လမ်းအတိုင်း ဖရိုဖရဲ လူစုကွဲလျက် နောက်ကြောင်းပြန်လှည့်ပြေးကုန်ကြတော့၏။ နောက်ဆုံး ရန်သူများ ပြေးလွှားလျက် ကွယ်သွားတော့မှ တပ်ဖွဲ့များ အပစ်ရပ်ကြသည်။ တိုက်ပွဲဖြစ်ပွားချိန်မှာ ၇ မိနစ်။

## SSA သံ့ပန်းများ

ပစ်ခတ်တိုက်ခိုက်မှု ပြီးလျှင် ပြီးချင်း ဗိုလ်ခင်မောင်ထူး တပ်စုက ရန်သူနေရာတစ်ဝိုက် သွားရောက်ရှင်းလင်းသည်။ ထိုရှင်းလင်းရေး တပ်စုကို စစ်ကြောင်းရုံးနှင့် ဗာစ်စ်ကာ နောက်ဘက်မှ ထောက်လျက် အကာအကွယ်ပေးထားပြီး ဗိုလ်မင်းလွင် တပ်စုကလည်း နေရာယူထားသည့် တောင်ကြောပေါ်မှ အပေါ်စီးဖြင့် ထောက်လျက် တာပေးထား၏။ ငိုက်ပွဲနေရာတစ်ဝိုက် ရှင်းလင်းနေစဉ် အော်ဟစ်သံအချို့ ကြားရသည်။ ပစ်ခတ်သံတော့ ထပ်မကြားရ။ အော်ဟစ်သံများတွင် အမျိုးသမီးအသံများလည်း ဝိုးတဝါး ကြားလိုက်ရ၏။ ဗိုလ်မင်းလွင် စိတ်ထဲတွင် တိုက်ပွဲဖြစ်နေစဉ်က ပုန်းအောင်းနေကြသည့် ခရီးသွား အမျိုးသမီးများ ဖြစ်မည်ဟု ထင်မိသည်။ ဝေးနေသဖြင့် သဲသဲကွဲကွဲတော့ မမြင်ရ၊ မကြားရပေ။

ဗိုလ်ခင်မောင်ထူး၏ ရှင်းလင်းရေး တပ်စုစစ်ကြောင်းသို့ ပြန်လည်ပူးပေါင်းပြီးနောက် ဗိုလ်မင်းလွင် တပ်စုလည်း စစ်ကြောင်းမှ အချက်ပြဆက်သွယ်ကာ ပြန်ခေါ်သဖြင့် ပြန်လည်ပူးပေါင်းသည်။

ထို့နောက် တိုက်ပွဲပြီးချိန်တိုင်း လုပ်ဆောင်နေကျဖြစ်သည့် ပြန်လည်စုဖွဲ့မှု ကိစ္စများ လုပ်ဆောင်ကြသည်။ မိမိစစ်ကြောင်းတွင် ထိခိုက်ဒဏ်ရာရမှု ဆုံးရှုံးမှု တစ်စုံတစ်ရာမရှိ။ ရန်သူဘက်



www.burmeseclassic.com

www.burmeseclassic.com

တွင်မူ တိုက်ပွဲနေရာ ရှင်းလင်းစဉ် တွေ့ရသည့် သွေး၊ သွေးနှ၊ သွေးကွက်များအရ ထိခိုက်ဒဏ်ရာရသူများ ရှိသော်လည်း ပြန်ခေါ်သွားနိုင်ကြသဖြင့် မကျန်ရှိခဲ့ကြပေ။

သို့သော် ထိခိုက်ဒဏ်ရာရခြင်း မရှိကြသည့် SSA အမျိုးသမီး စစ်သည် လေးဦးကို အရှင်ဖမ်းဆီးရမိခဲ့သည်။ တိုက်ပွဲနေရာရှိ ကျောက်တုံးကြီးတစ်တုံး၏ နောက်ကွယ်၌ သူတို့လေးယောက် ပုန်းအောင်းနေကြရာမှ ရှင်းလင်းရေး တပ်စု ရောက်လာချိန်တွင် မပစ်ပါရန် ရှိမ်းစကားဖြင့် အော်ဟစ်နေကြစဉ် ဖမ်းမိလာခြင်းဖြစ်သည်။ သူတို့ထံတွင် သေနတ်လက်နက်များ မကိုင်ဆောင်ပါရှိကြပေ။ ဖွက်ထားကြမည်စိုးသဖြင့် ရှင်းလင်းရေးတပ်စုက တိုက်ပွဲနေရာ အစိုက်က အသေးစိတ် နှံ့စပ်စွာ ရှာဖွေကြသော်လည်း မတွေ့။

ထုံးစံအားဖြင့်လည်း SSA အဖွဲ့များတွင် တစ်ခါတစ်ရံ ပါလာတတ်သည့် အမျိုးသမီး စစ်သည်များကို လက်နက်ကိုင် တိုက်ခိုက်ရေးတာဝန် မပေးဘဲ အခြား စာရေး သောက်ရေး ချက်ပြုတ်ရေး၊ ဆေးကုသရေးနှင့် အထွေထွေ ကိစ္စများသာ တာဝန်ပေး လုပ်ဆောင်စေကြပြီး သေနတ်များ ပေးကိုင်လေ့ မရှိကြပေ။ ထို့ကြောင့် သူတို့ထံတွင် သေနတ်များ မပါရှိသည်မှာ မှန်ကန်သေချာလောက်ပေ၏။

**သုံ့ပန်းများ ထိန်းသိမ်းရေးတာဝန်**

စစ်ကြောင်းမှူး၏ အစီအမံ တာဝန်ပေးချက်အရ ဆက်လက်ချီတက်ရမည့် ခရီးကြောင်းတွင် SSA စစ်သည်မ သုံ့ပန်းများ ထိန်းသိမ်းခေါ်ဆောင်ရေး တာဝန်ကို ဗိုလ်မင်းလွင် တပ်စုက ယူရမည်ဖြစ်သည်။

ဤတွင် ဗိုလ်မင်းလွင် နှင့် SSA မ လေးယောက်တို့ ဇာတ်လမ်း စလေတော့သည်။

ဗိုလ်မင်းလွင်လည်း ထိုတာဝန်ကြောင့် ခေါင်းကြိမ်းသွားပြီး သူတို့ကို မျက်နှာတည်၊ မျက်နှာထားဖြင့် ကြည့်လျက် "နင်တို့ ထွက်မပြေးကြနဲ့။ ထွက်ပြေးရင် အသေပစ်မှာပဲ" ဟု ကြိမ်းမောင်းခြိမ်းခြောက်ရလေသည်။ ထိုသို့ ကြိမ်းမောင်းလိုက်သဖြင့် သူတို့ ကြောက်၊ မကြောက်တော့ မသိ။ အမြင်ကပ်သည့် မျက်လုံးများဖြင့် ပြန်ကြည့်ကြတာတော့ ဗိုလ်မင်းလွင် ခံလိုက်ရသည်။

မိမိရဲဘော်များကို လည်း သုံ့ပန်းများကို နေ့၊ ည အချိန်တိုင်း အထူးသတိရှိစွာဖြင့် ထိန်းသိမ်းစောင့်ကြပ်ကြရန် သေချာညွှန်ကြားရလေသည်။

စစ်ကြောင်းဆက်တွက် ချီတက်ချိန်တွင် သူတို့ကို နှစ်ယောက်စီ တွဲလျက် တစ်ယောက်၏ ညာလက်ကောက်ဝတ်နှင့် တစ်ယောင်၏ ဘယ်လက်ကောက်ဝတ်တို့ကို ပူးတွဲကြိုးချည်ကာ ထိုနေရာမှ ထွက်လာသည့် ကြိုးစအရှည်ကို အစောင့်ရဲဘော်က ကိုင်ထားခြင်းဖြင့် နှစ်တွဲစလုံးကို ကြိုးတန်းလန်းဆွဲလျက် ခေါ်သွားရလေ၏။

(ရှေ့လဆက်ရန်)

**ဗိုလ်ကျော်(တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com






အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၃ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

သူ၏ ရုပ်ကလာပ်ကို ထည့်သွင်းထားသည့် ဟောင်ကောင်ခေါ်ယာဉ် ၄ စောင်းတန် ကြေးခေါင်းဖြီးအား အမေရိကန်သို့ ပြန်လည် သယ်ဆောင်ထားခဲ့ကြသည်။ တစ်ချိန်က သူနေခဲ့ရာ ဆီရယ်တယ်မြို့သို့ အရောက်တွင် ကြေးခေါင်းကြီးသည် ထူးဆန်းလှစွာပင် အလိုအလျောက် ပွင့်ထွက်သွားခဲ့၏။ သူအား ဝတ်ဆင်ပေးထားသော တရုတ်ဝတ်စုံအပြာရောင်မှ ဆိုးဆေးတို့သည်လည်း ခေါင်း၏ အတွင်းနံရံ ဝိုးသားအပြာရောင်အား စွန်းထင်းနေစေခဲ့၏။

- သူသည် လွန်စွာမှ ရိုးသားဖွင့်ထင်းသည်။ သို့သော် ရုတ်ချည်း ဆတ်ထန် ကြမ်းတမ်းတတ်သူလည်း ဖြစ်သည်။

- သူသည် လွန်စွာ ကြံ့ခိုင်သော ခန္ဓာကိုယ်ရှိသူ ဖြစ်သည်။ သို့သော် လွန်စွာမှ ချိနဲ့သူဖြစ်ပြီး ရောဂါများစွာ ခံစားခဲ့ရသူ ဖြစ်သည်။

- သူသည် သူ၏ ခန္ဓာကိုယ်အား အကောင်းဆုံးဖြစ်အောင် တည်ဆောက်ခဲ့၏။ သို့သော် သူသည်ပင်လျှင် ဗိမိကိုယ်ခန္ဓာအား လုံးဝ ဖျက်ဆီးပစ်ခဲ့သူ ဖြစ်သည်။

- သူသည် ဇနီးအား လွန်စွာ ချစ်သည်။ သို့သော် မိန်းမပွေရွှပ်သူလည်း ဖြစ်သည်။

- သူအား ထူအများက ချစ်ခင်လေးစားကြသည်။

သို့သော် သူအား လွန်စွာ မုန်းတီးပြီး သတ်ချင်သူတို့က များစွာရှိသည်။

- သူသည် ဆရာဖြစ်သူ၏ အချစ်ဆုံးတပည့် ဖြစ်သည်။ သို့သော် ဆရာနှင့် တစ်ပြိုင်တည်း ရှိနေပါလျက် ဆရာ အသုဘကို မလာခဲ့သူ ဖြစ်သည်။

- သူ ဘာကြောင့်သေခဲ့သလဲ။

- သူ့ကို ဘယ်သူသတ်တာလဲ။

- သူမသေခင် နှစ်ရက်မှာ နဂိုကိုးကောင် အိမ်ကြီးမှ ယကြာမှန်ပြားဟာ ဘာကြောင့် ပြုတ်ကျကွဲပျက်ခဲ့ရသလဲ။

ထိုသို့သော ထူးဆန်းချက်၊ လျှို့ဝှက်ချက်တို့နှင့် ပြည့်နှက်နေခဲ့သော သူသည်ကား "ကမ္ဘာကျော် ကွန်ဖြူးရှပ်ဆောင် ဘရစ်လီ"ပင် ဖြစ်တော့သည်။

## စာရေးသူ၏အမှာ

ကျွန်တော် စာရေးသူ နမာန် (Numan) အနေဖြင့် ယခင်က ကိုယ်ခံပညာအချို့ကို နှစ်အတန်ကြာ လေ့ကျင့်လေ့လာခဲ့ဖူးပါသည်။ သို့သော် ပါရမီမပါခဲ့သောကြောင့် ငွဲ့၊ ဝီရိယ လွန်စွာမကောင်းခဲ့သောကြောင့် အကြောင်းကြောင်းတို့ကြောင့် လောက်လောက်လားလား မဖြစ်ခဲ့။ ဘရစ်၏ ရုပ်ရှင်ဇာတ်ကားများကို ကြည့်မိသောအခါ ဘရစ်လီ၏ ထူးခြားသော စွမ်းရည်အား လွန်စွာ လေးစားအားကျမိ၏။ ဘရစ်လီရေးသားခဲ့သည်ဆိုသော မြန်မာဘာသာပြန်



www.burmeseclassic.com

www.burmeseclassic.com

# ယော်ရွယ်စဉ်ကဘာရုစ်လီ

မွေကာစကလေးယော် ဘရုစ်လီ

မိဘနှစ်ပါးနှင့် ကလေးယော် ဘရုစ်လီ

ဘဉ်၄-တွင် မိုတ်သူသော
Wealth is Like a Dream
မှ ကလေးသရုပ်ဆောင် ဘရုစ်လီ

ဇော်ခြစ်သူနှင့် ကလေးယော် ဘရုစ်လီ



www.burmeseclassic.com

www.burmeseclassic.com

ကဇလးသရုပ်ဆောင်
ဘရစ်လီ

စာအုပ်များကို ဖတ်မိသောအခါတွင်လည်း ဘရစ်လီ ရေးသားခဲ့သည်ဆိုသာ မြန်မာဘာသာပြန် စာအုပ်များကို ဖတ်မိသောအခါတွင်လည်း ဘရစ်လီ၏ အယူအဆတို့ကို နှစ်ခြိုက်မိ၏။ ထို့ကြောင့် တစ်နေ့သောအခါတွင် ဘရစ်လီ၏ အယူအဆတို့ကို နှစ်ခြိုက်မိ၏။ ထို့ကြောင့် တစ်နေ့သောအခါတွင် ဘရစ်လီ ဘဝဇာတ်ကြောင်းကို ပြည့်

ပြည့်စုံစုံကို လေ့လာလိုသော ဆန္ဒရှိခဲ့၏။ မိမိအနေဖြင့် အသေးစိတ် သုတေသန ပြုနေသော နက္ခတ်ပညာဖြင့် ဘရစ်၏ ဘဝကို ချိန်ထိုးလေ့လာလိုခဲ့၏။ နှစ်အတန်ကြာ နက္ခတ်ပညာကို သုတေသန ပြုခဲ့ပြီးနောက်တွင် ဘရစ်၏ ဘဝဇာတ်ရာ လျှို့ဝှက်ချက်တို့ကိုလည်း ရှာဖွေတွေ့ခဲ့သဖြင့် မြန်မာလူငယ်များ မြန်မာဝဝဒ ပညာရှင်များကို မိမိသိထားသော အသိအမြင် ရွှေထောင့်တို့ကို ဝေမျှလို၏။ မိမိအနေဖြင့် တော်လွန်း၍၊ တတ်လွန်း၍ စာတစ်စောင် ပေတစ်ဖွဲ့ ရေခြင်းမဟုတ်။ မိမိထံတွင် ဗေဒင်၊ လက္ခဏာ လာမေးစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရေခြင်းမဟုတ်။ မိမိသိထားသည်တို့ကို မျှဝေ တင်ပြခြင်းသက်သက်သာပင် ဖြစ်သည်။

သူသည် လူသားတစ်ယောက် ဖြစ်ပါ၏။ သူသည် လွန်စွာကြီးစား၏။ သူသည် ပါရမီရှင် ဖြစ်၏။ သူသည် မိမိလုပ်ကိုင်နေသော ကိစ္စရပ်တို့တွင် လွန်စွာမှ စွဲလမ်းစွာ နှစ်မြှုပ်လုပ်ကိုင်တတ်သူ ဖြစ်၏။ ထို့ကြောင့်လည်း သူသည် သမားရိုးကျ ကိုယ်ခံပညာလောကမှ သီးသန့်ဖယ်ထွက်၍ သူ၏ ကိုယ်ပိုင် ပညာရပ်ကို တီထွင်ခဲ့နိုင်၏။ သူသည် ကမ္ဘာ့ကိုယ်ခံပညာလောကကို ကိုင်လှုပ်နိုင်ခဲ့သူ ဖြစ်၏။

သို့သော် သူသည် လူသားဝီဝီ အမှားများ လုပ်မိ၏။ မည်ရွေ့မည်မျှပင် ပါရမီရှိသူ ဖြစ်သော်လည်း ပြင်းထန်သော ဆန္ဒ၊ ရပ်တန့်၍ မရသော လူသားတို့၏ လောဘ၊ ပြုပြင်ရန် ခက်ခဲသော အတ္တတို့ကြောင့် အမှားတို့ကို ပြုမိ၏။ အမှားတို့ကို အမှားမှန်းပင် သိသွားသောအခါ နောက်ဆုတ်ရန် ကြိုးစားသော်လည်း လွန်စွာ နောက်ကျသွား၏။ အမှားဖြင့် တည်ဆောက်ခဲ့သော ကျော်ကြားအောင်မြင်မှုကို ဆက်လက် ထိန်းသိမ်းနိုင်ရန်အတွက် အမှားကို သိပင်သိသော်လည်း သူတွင် ရပ်တန့်ဖို့ မဖြစ်နိုင်တော့သော အခြေအနေသို့ ရောက်ခဲ့ရ၏။

လောက၏ နိယာမတရားဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော အယူရှိလျှင် အပေးရှိ၏။ အပေးရှိလျှင် အယူရှိ၏။ ထိုမှသာလျှင် သဘာဝ၏ ညီမျှမှု အနေအထားတွင် အရာအားလုံးတို့ ဟန်ချက်ညီစွာ တည်နေ၏။ သာမာန်ထက် ကျော်လွန်သော အတွေ့ကို ရေတွန်းပြုသော၊ အောင်မြင်မှု၊ ချမ်းသာမှုကို ရယူလိုသောစိတ်ဖြင့် ဖြတ်လမ်းနည်းကို သုံးမိခဲ့လျှင် တစ်နေ့သောအချိန်တွင် မလွဲမသွေ ပြန်လည် ပေးဆပ်ရမည်မှာ သဘာဝ လောက တရားကြီး၏ ထာဝရ မှန်ကန်နေသော နိယာမသာ ဖြစ်၏။

ထိုနည်းတူစွာ မိမိအနေဖြင့် လူဘောင်၊ လူလောကကို ပြုအပ်သော ကောင်းကျိုးတရားတို့သည်လည်း အလကားမနေ၊ အလဟဿ မဖြစ်သွား၊ အချိန်တန်လျှင် ထိုကောင်းမှုကုသိုလ်ကံ၏ အသီးအပွင့်ကို မလွဲမသွေ ပြန်လည် ခံစားရမည်မှာလည်း မြေကြီးလက်ခတ် မလွဲမသွေပင် ဖြစ်သည်။

ဤစာအုပ်တွင် ဘရုစ်လီ၏ ထူးချွန်သော အရည်အချင်းတို့ကို ရေးထား၏။ တစ်ဆက်တည်းတွင် လူအများတို့ မသိရှိကြသေးသော သူ့ဘဝ၏ အမှောင်ဘက် အခြမ်းကိုလည်း မီးမောင်းထိုးပြထား၏။ ကောင်းသော အရည်အချင်းတို့သည်ကား အားကျစရာ ဖြစ်၏။ သို့သော် သင်ခန်းစာယူတတ်ခြင်းက အတုယူခြင်းထက် ပို၍ တန်ဖိုးရှိ၏။

ကဲ-ကဲ့၏ အကျိုးကို နားလည်ခြင်းသည် ဆုတောင်းရဲသက်သက် မဟုတ်သော၊ ထာဝရ တန်ခိုးရှင်ကို အားကိုးခြင်းမပြုသော၊ ဗုဒ္ဓဝါဒ၏ အနှစ်သာရ ဖြစ်၏။ ထို့ကြောင့် စာဖတ်သူတို့ အားကောင်းသော ကဲကို ပြု၍ ကောင်းသောအကျိုးဆက်တို့ကို ရနိုင်စေခြင်းငှာ၊ ကမ္မာကျော် ကွန်ဖူးဘုရင် ဘရုစ်လီ၏ ဘဝဖြစ်ရပ်မှန်ကို သိရှိပြီး သံဝေဂသင်ခန်းစာယူနိုင်စေရန် ဥပမာပြု၍ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားရာ၌ ဝေဒပညာနှင့် မပတ်သက်သူများအတွက် ဘရုစ်လီ၏ ဘဝဇာတ်ကြောင်းထူးခြားသော လူသိနည်းသော လျှို့ဝှက်ချက်များကို သုတ၊ ရသဝိုလင်စွာဖြင့် ဖတ်နိုင်စေရန် ရည်ရွယ်ပြီး နက္ခတ်၊ ဗေဒင်၊ ဝေဒ၊ ပညာနှင့် အသက်မွေးဝမ်းကြောင်း ပြုနေသော ဗေဒင်ဆရာများ တိကျနက်နဲသော နက္ခတ်ပညာကို လေ့လာဆည်းပူးနေသော ပညာရှင်၊ ပညာသင်များအတွက် ကိုမူဘာရုစ်လီ၏ ဘဝဖြစ်စဉ်နှင့်တကွ ၎င်း၏ ဘဝကို အခြေပြု၍ နက္ခတ်ပိုင်းဆိုင်ရာ ပညာများကိုပါ လေ့လာနိုင်ရန် ရည်ရွယ်တင်ပြထားပါသည်။ ဘဝဖြစ်စဉ်ဆိုင်ရာ၊ ဆေးဝါးဆိုင်ရာနှင့် မူခင်းဆိုင်ရာ၊ ဗဟုသုတတို့သာမက ဝေဒဆိုင်ရာ ဗဟုသုတတို့ကို ထည့်သွင်းတင်ပြထားသဖြင့် စာရှုသူတို့အဖို့ သုတ၊ ရသ ပေးစွမ်းနိုင်သော စာအုပ်တစ်အုပ် ဖြစ်မည်ဟု ယုံကြည်မိပါသည်။

နုမာန် (Numan)



www.burmeseclassic.com

www.burmeseclassic.com

**ဘရစ်လီ၏ ဘဝအစ**

၂၀ ရာစု၏ ထင်ရှားသော လူသားတစ်ရာတွင် တစ်ဦးလည်းဖြစ်၊ အမေရိကန်၏ အထင်ရှားဆုံး ပုဂ္ဂိုလ်များတွင်လည်း တစ်ဦးအဖြစ် ပါဝင်ခဲ့သော ကွန်ပျူးဘုရင် ဘရစ်လီအား အမေရိကန် နိုင်ငံဆန်ဖရန်စစ္စကိုမြို့၌ ၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ နံနက် ၇း၁၂ တွင် မွေးဖွားခဲ့သည်။ မြန်မာသက္ကရာဇ်အားဖြင့် ၁၃၀၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်၊ ပုဒ္ဓဟူးနေ့ ဖြစ်သည်။ တရုတ်အယူအဆအရ အလွန်မင်္ဂလာရှိသော နဂါးနှစ်တွင် ဖခင်ဖြစ်သူ လီဟွေ့ချန်နှင့် မိခင်ဖြစ်သူ ဂရေ့စ်လီတို့မှ မွေးဖွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဖခင်ဖြစ်သူသည် ကန်တုန်ဇာတ်အဖွဲ့၏ အငယ်တန်းဇာတ်သရုပ်ဆောင်တစ်ဦးအဖြစ်ဖြင့် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။

ဤနေရာတွင် အရေးကြီးသော အချက်တစ်ခုသိထားရန် လိုပါ၏။ ၁၉၄၀ ခုနှစ် အမေရိကန်နိုင်ငံသားအက်ဥပဒေအသစ်ကို အသက်မသွင်းမီက တရုတ်လူမျိုးတို့အား အမေရိကန်နိုင်ငံသားအဖြစ်သို့ ပြောင်းလဲခြင်းကို အမေရိကန်တွင် တားမြစ်ထားခဲ့သည်။ အမေရိကန်တွင် မွေးဖွားသည်ဖြစ်စေ၊ အခြေချ နေထိုင်သည်ဖြစ်စေ အမေရိကန်နိုင်ငံသားအဖြစ်သို့ ပြောင်းလဲခွင့် မရပါ။ ၁၉၄၀ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်တွင် အမေရိကန်သမ္မတ ရွှေစဲ့က လက်မှတ်ရေးထိုးပြီး နိုင်ငံသားအက်ဥပဒေကို အတည်ပြုပေးလိုက်၍သာ ထိုနောက်ပိုင်း တရုတ်လူမျိုးတို့အနေဖြင့် အမေရိကန်နိုင်ငံသားဖြစ်ရန် လွယ်ကူသွားသည်။ ဆိုလိုသည်မှာ ဘရစ်လီသည် နှစ်လခန့် စော၍ မွေးဖွားခဲ့ပါမူ ဘရစ်လီ၏ ဘဝဇာတ်ကြောင်းသည် တစ်မျိုးတစ်မည် ဖြစ်သွားနိုင်ပါသည်။

မွေးဖွားစဉ်က ဘရစ်လီ၏ အမည်မှာ လီကျွန်ဖန် (အဓိပ္ပါယ်အားဖြင့် ပြန်လည်ရောက်ရှိခြင်း) ဟူ၍ဖြစ်သည်။ မိဘများအနေဖြင့် ၎င်းတို့၏ သားဖြစ်သူကို မွေးဖွားခဲ့ရာ အမေရိကန်နိုင်ငံသို့ ပြန်လည် ရောက်ရှိအောင်မြင်ကျော်ကြားစေရန် ရည်ရွယ်၍ ပေးခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း နောင်တစ်ချိန်တွင် ကလေးငယ်၏ အမေရိကန်မွေးစာရင်းတွင် ရုပ်ထွေးမှုများ မဖြစ်စေရေးအတွက် ဘရစ်လီဟူသော အင်္ဂလိပ်အမည်ကို ပေးရန်အတွက် ဘရစ်လီအား မွေးဖွားခဲ့သော Jackson Street Hospital မှ သူနာပြုဆရာမတစ်ဦးမှ အကြံပေးသည်ကို မိဘတို့က လက်ခံခဲ့သဖြင့် မွေးစာရင်းတွင် ဘရစ်လီဟု စာရင်းသွင်းခဲ့သည်။

အမှန်အားဖြင့် ဘရစ်လီသည် တရုတ်နှင့် ဂျာမန် သွေးနှောသူဖြစ်သည်။ သူ့ဖခင်ဖြစ်သူ လီဟွေ့ချန်သည် တရုတ်သွေးအစစ် ဖြစ်သော်လည်း မိခင်ဘက်မှ အဘိုးမှာ ဂျာမန်လူမျိုးဖြစ်သည်။

မိခင်နှင့် ဖခင်တို့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီးနောက် ဟောင်ကောင်ရှိ၊ ကောင်းလုံး ရပ်ကွက်၊ အမှတ် ၂၁၀ နာသန်လမ်း (Nathan Road) တွင် အခြေချ နေထိုင် ခဲ့ကြသည်။

ပထမဆုံး မွေးဖွားခဲ့သည့် သားငယ် မွေးဖွားပြီး မကြာမီတွင်ပင် သေဆုံးခဲ့သဖြင့် မိဘများအနေဖြင့် ၎င်းကို နှမြော်တသစွာ ယူဆခဲ့ကြသည်။ ထို့နောက်တွင်တော့ သမီးငယ်ဖြစ်သူ ဇိုဘီ၊ သားငယ်ဖြစ်သူ ပီတာနှင့် ဘရစ်လီတို့ကို မွေးဖွားခဲ့သည်။ ၎င်တို့ဟု အမည်ရသည့် ကလေးငယ် (နောင်သောအခါအများမှ မသက်ာဖြစ်ခြင်း ခံရသော ဘရစ်လီ၏ လူယုံတော်စားတော်ကဲ့)ကို နောက်ထပ် မွေးစားခဲ့သည်။ ပြီးမှ ညီမဖြစ်သူ အဂ္ဂနိဋ္ဌနှင့် ညီဖြစ်သူ ရောဘတ်တို့ကို မွေးဖွားခဲ့သည်။

ပထမဦးဆုံး သားငယ်ကို ဆုံးရှုံးခဲ့ပြီးနောက် ဖခင်ဖြစ်သူသည် နာမ်လောက၊ တရုတ်ဝေဒများကို များစွာ သက်ဝင်ယုံကြည်ခဲ့သည်။ လီဟွေ့ချန်တို့၏ မျိုးရိုးတွင် ယောကျ်ား လေးများသည် ငယ်ရွယ်စဉ် သေဆုံးခဲ့ကြသည်။ ထို့ကြောင့် မကောင်းဆိုးပါးများကို လှည့်စားရန် ရည်ရွယ်ချက်ဖြင့် ဘရစ်လီ၏ အမည်ကို ပထမဦးစွာ ဆိုင်ဖွန်ဟူသော မိန်းကလေးအမည်ကို ရွေးခဲ့သေးသည်။ အဓိပ္ပါယ်မှာ ဖီးနစ်ငှက်လေး ဖြစ်သည်။ ထိုသို့ လုပ်ခဲ့သဖြင့် လီဟွေ့ချန်၏ လုပ်ရပ်ကို အခြေအမြစ်မရှိ အယူသည်းသော လုပ်ရပ်ဟု သတ်မှတ်မည်ဆို လျှင် ဘရစ်လီ အသက် ၃၃ နှစ်တွင် သေဆုံးခဲ့ခြင်း၊ ဘရစ်လီ၏ သားဖြစ်သူ ဘရန်ဒွန်လီ အသက် ၂၈ နှစ်တွင် သေဆုံးခဲ့ခြင်းတို့သည် ကြောက်စရာကောင်းသော တိုက်ဆိုင်မှုဟု ဆိုရမည်ပင်ဖြစ်သည်။

လူအများက ထင်ထားကြသည်မှာ ဘရစ်သည် ကြွက်သားအပြိုင်းပြိုင်းထသော အင်အားပြည့်စုံသည့်သူဟု ဖြစ်သည်။ အကယ်တော့ ဤအချက်သည် မှားယွင်းပါသည်။ အကယ့်ကြောင့် ဆိုသော် ဘရစ်သည် ငယ်စဉ်က ခရစ်ပ် တိုချစ်ဇီဇမ်ခေါ် (cryptorchidism) ကပ္ပါယ်အိပ်သို့ ဝေးစေ့မကျသော ရောဂါကို ခံစားရသူဖြစ်သည်။ ပုံမှန်အားဖြင့် ကလေးငယ်တစ်ယောက်သည် မိခင်ဝမ်းထဲတွင် ရှိချိန် ကိုယ်ဝန်ရှစ်လသား အရွယ်တွင် ကပ္ပါယ်အိပ်သို့ ဝေးစေ့ဆင်းသက်ရမည်ဖြစ်သည်။ မိခင်ဖြစ်သူနှင့် သန္ဓေသားမှ ထုတ်ပေးသော အင်ဒရိုဂျင် ဟော်မုန်း (androgen hormone)မှ အလိုအလျောက် ပြုပြင်ပေးရမည့် ကိစ္စဖြစ်သည်။ ထိုရောဂါရှင်များသည် စိတ်ပညာအရ မရင့်ကျက်သူများ ဖြစ်တတ်သည်။ ဘရစ်လီသည် ယခုမှ သိကျွမ်းသော သာမာန်အသိတစ်ဦးကိုပင် ဤကိစ္စကို ထုတ်ဖော်ပြောလေ့ ရှိသည်။ ခရစ်ပ်တိုချစ်ဇီဇမ် ရောဂါကြောင့် ဘရစ်လီ၏ အရိုးနှင့် ကြွက်သားများသည် တိုးတက်မှု နှေးကွေးခဲ့သည်။ ထို့အပြင် သေဆုံးချိန် အထိ သူ၏ ယောကျ်ားတန်ဆာသည် လူပျိုပေါက်အရွယ်ထက် ပို၍ မဖွံ့ဖြိုးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအပြင် မျိုးရိုးဗီဇ ချို့တဲ့မှု ကြောင့် ကမ္ဘာပေါ်တွင် အကောင်းဆုံး အလေးမွန်မြတ်ခြင်းကြောင့် ဟောင်ကောင် ကြောင့် ဘရစ်လီတို့ ညီအစ်ကိုအားလုံး သော ကိုယ်ခန္ဓာဟူ လူတိုင်း ထင်မှတ် တွင် လမ်းဖြတ်ကူးစဉ် ထရပ်ကားတစ် သည် ခြေထောက်နှစ်ဖက် အတိုအရှည် ခဲ့ကြရသည်။ စီးနှင့် တိုက်မိမလို ဖြစ်ပြီး ထရပ်ကား မတူညီကြပါ။ သိုင်းပညာသင်ခိုန်တွင် နောက်တစ်ခု ထပ်ချို့တဲ့သည် ဒရိုင်ဘာနှင့် ထိုးကြိတ် ရန်ဖြစ်ခဲ့ရဖူး မြင်းခွပ်ထိုင်ရန် လွန်စွာခက်ခဲခဲ့သည်။ က ဘရစ်လီ၏ အမြင်အာရုံဖြစ်သည်။ သည်။

သို့သော်လည်း ပြင်းထန်သော နည်း သူသည် ငယ်စဉ်ကပင် မျက်စိအားနည်း (ရှေ့လဆက်ရန်)

စနစ်လေ့ကျင့်မှုများ၊ ဆေးဝါးသုံးစွဲမှုများ တယ်။ အနီးကို မြင်ရသော်လည်း နမာန်(Numan)


**လေးစားစွာဖိတ်ခေါ်အပ်ပါသည်**

မြန်မာနိုင်ငံ ဒေသအလီးလီးမှ စာပေရေးသားခြင်း၊ ဝါသနာပါသူများခင်ဗျာ . . .၊

မိမိတို့ ဒေသအလီးလီးရှိ ဗုဒ္ဓဂုဏ်ဓာတ်မြတ်၏ သာသနာ့အရေး သာသနိကအစောင်အရံများ၊ တန်ခိုးကြီးသုရာများ၊ တန်ခိုးကြီးဆရာတော်သုရာကြီးများ၏ အကြောင်းအရာအစုံအလင်တို့အား စာတိုဖုန့်တွဲ ရေးသားပို့ လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်သို့ စာမူများ ပေးပို့နိုင်ကြပါသည်။

မြန်မာနိုင်ငံ ဒေသအလီးလီးမှ လျှို့ဝှက်ဆန်းကြယ်သော၊ ဂရိုဏ်ဆန်သော အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ ရုပ်ဝတ္ထုပုံရိပ်များ၏ အကြောင်းတို့ စာပေရေးဖွဲ့ပြီး ပေးပို့နိုင်ပါသည်။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းမှ စာမူကုန်ဈေးတွင် အမြန်ဆုံး ဈေးကြေးပေးပါမည်။ စာရေးသူ စာရေးဆရာများ စာရုံများပေးပို့နိုင်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



# ကုံခင်းမြို့

## ရွှေပြည်အေး (၁၁) ထပ် ဘုရားကြီး

မင်းဆက်ပိုင်

ဘုရားဖူးခရီးသွား

www.burmeseclassic.com



အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၇ ခုနှစ်

www.burmeseclassic.com

ဘယ်လို ဖြစ်တာပါလိမ့်။ အတွေးများ ဖြန့်ကြက်နေဆဲမှာ။ ရောဝတီတိုင်း ကြဲခင်းမြို့ကို ကျွန်တော် ရောက်လာခဲ့ပါတယ်။

လှိုင်မြို့နယ် စာရေးဆရာ အသင်း လေ့လာရေးခရီးစဉ်အနေနဲ့ အကောက်တောင်ကနေ ကြဲခင်းမြို့ကို ကူးလာခဲ့တာပါ။ မုန်တိုင်း အဖျားခတ် နေလို့ ရန်ကုန်မှာ မိုးက သည်းကြီး မည်းကြီး။ အကောက်တောင်မှာ မရွာ ပါနဲ့လို့ ဆုတောင်းနေရတာအမော။

ဆုတောင်းပြည့် ပါတယ်။ တောင်ပေါ်က ဆင်းတဲ့အထိ မိုးမရွာပါ ဘူး။ လူလောကမှာ တစ်ခါတလေ ဖြစ်ချင်တာဖြစ်ရတာ ရှိသလို မဖြစ်ချင် တာလည်း ဖြစ်ရတာ ရှိတတ်ပါတယ်။

ဒီနေရာမှာ ဖြစ်ချင်တာဖြစ်ရ တဲ့ အကြောင်းလေးတစ်ခုကို ပြောပြချင် ပါတယ်။

ဘီလ်လီယာအနေနဲ့ ၁၉၅၀ လောက်ကတည်းက လီယာလေယာဉ် အရေးပါပုံကို ကြိုတင် စဉ်းစားဖိခဲ့ပါ တယ်။ ၁၉၆၄ ကျမှ လီယာဂျက် လေယာဉ်ကို ထုတ်လုပ်ပြီး ရောင်းချခဲ့ တာပါ။ လေယာဉ်ပျံပေါင်းများစွာ ရောင်းချခဲ့ရပါတယ်။

အဲဒါ ဘီလ်လီယာ အနေနဲ့ ဖြစ်ချင်တာကို စိတ်ကူးပြီး ဆောင်ရွက် လို့ ဖြစ်ရတာပါ။ ဒါကြောင့်မို့ ဘယ်သူ မဆို စိမ်ကိန်းချပြီး ဆောင်ရွက်နိုင်ရမယ်။ အဲဒီလိုမှ မလုပ်နိုင်ရင် မိမိကျရှုံးဖို့ စိမ်ကိန်း ဆွဲနေတာနဲ့ အတူတူပဲလို့ ပညာရှင်များက ပြောဆိုကြတာ ဖြစ်ပါ တယ်။

အဲဒီလို စိမ်ကိန်းဆွဲပြီး ဖြစ်ချင် တာ ဖြစ်ရတာ ရှိသလို လောကသဘာဝ အရ မဖြစ်ချင်တာလည်း ဖြစ်ရတာ ရှိပါတယ်။

ဆက်ပြောရမယ် ဆိုရင် လီယာ လေယာဉ်ပျံ အမြောက်အများ ရောင်းချ ပြီးတဲ့အခါမှာ လေယာဉ်သုံးစီး ပျက်ကျ ခဲ့ရပါတယ်။ ဘာကြောင့် လေယာဉ် ပျက်ကျရမှန်း မသိလို့ ဘီလ်လီယာက လေယာဉ်ပျံတယ်ယူသူများ



www.burmeseclassic.com

www.burmeseclassic.com

ကို ခေတ္တခဏ လေယာဉ်ပျံ မဆုံးစွဲဖို့ အကြောင်းကြားခဲ့ပါတယ်။

နောက်ဆုံးမှာတော့ လျှပ်စစ်ပစ္စည်းတစ်ခု ချို့ယွင်းတာကို သိရှိရလို့ ရောင်းချထားတဲ့ လေယာဉ်ပျံ အစီး ၁၂၀ ကို သုံးစွဲခြင်းမပြုဖို့ တားမြစ်ခဲ့ပါတယ်။ အဲဒီလို တားမြစ်လိုက်တဲ့အတွက် ဘီလ်လီယာအနေနဲ့ ငွေကြေးဆုံးရှုံးမှုများစွာ ဖြစ်ခဲ့ပါတယ်။

အဲဒီလို တစ်ပါးသူ မပျက်စီးစေဖို့ အနစ်နာခံတာဟာ လူကြီး၊ လူကောင်းရဲ့ စိတ်ဓာတ် တစ်နည်းအား ဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်မှုပဲ ဖြစ်ပါတယ်။

လူအများစုဟာ အခက်အခဲနဲ့ တွေ့တိုင်း ရွေးချယ်ရမယ့် လမ်းနှစ်လမ်းကို ကြုံရပါတယ်။ အဲဒါကတော့ ကိုယ်ကျင့်တရား စောင့်ထိန်းရမယ့် လမ်းနဲ့ ကိုယ်ကျင့်တရား ပျက်ယွင်းစေမယ့်လမ်း ဖြစ်ပါတယ်။ အဲဒီ နှစ်လမ်းထဲက တစ်လမ်းလမ်းကို ရွေးရမှာ ဖြစ်ပါတယ်။

လူကြီး၊ လူကောင်းတွေကတော့ မိမိရဲ့ အခက်အခဲကို မကျော်လွှားနိုင်စေကာမူ ကိုယ်ကျင့်တရား စောင့်ထိန်းတဲ့ လမ်းကိုပဲ ရွေးချယ်ကြပါတယ်။ ဟုတ်ပါတယ်။ ငွေကြေးစည်းစိမ်တွေ ဘယ်လောက်များများ စိတ်နလုံးသား မြင့်မြတ်တဲ့ ကိုယ်ကျင့်တရား ကောင်းမွန်မှုကသာ လူသားအကျိုးလောကအကျိုးကို သယ်ပိုးနိုင်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကြံခင်းမြို့ဂုဏ်ဆောင် (၁၁) ထပ် ဘုရားကြီးတည်စဉ်က ဖြစ်ချင်တာ ဖြစ်ရတာတွေ မဖြစ်ချင်တာ ဖြစ်ရတာတွေ အကြောင်းပြောပြ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ချင်ပါသေးတယ်။

(၁၁) ထပ် ဘုရားကြီးကို ဘုရားဒါယကာ ဦးလှိုင်နဲ့ဇနီး ဒေါ်ခေါ်လေးတို့က ၁၉၃၈ ခုနှစ်၊ ဇီဇင်္ဘာလ ၅ ရက်နေ့မှာ စတင်တည်ခဲ့တာပါ။

ဘုရားတည်ဖို့ ပန်ကန်ချပြီး နောက်တစ်နေ့ ညနေမှာ အခါမဟုတ်

ဘဲ မိုးသည်းသည်းမည်းမည်း ရွာပါတယ်။ မိုးအရှိန်ကြောင့် ဝိတောက်ပန်းများ အခါမဟုတ်ဘဲ ပွင့်ပါတယ်။ မြို့ခံသူများက သာသနာပွင့်လန်းပြီး တစ်ပြည်လုံး အေးချမ်းမယ့် နိမိတ်လို့ ယူဆတာကြောင့် ဘုရားကြီးကို "ရွှေပြည်အေး ဘုရား" ဆိုပြီး ဘွဲ့အမည် ပေးကြပါတယ်။

ဘုရားကြီးတည်ဆောက်ဖို့ ရွှေအုတ်၊ ငွေအုတ်တို့နဲ့ အုတ်မြစ်တော်ချတဲ့နေ့ ညသန်းခေါင်ယံမှာ ကြေးခေါင်းလောင်းတော်ကြီး ဘယ်သူမှ မတီးဘဲ အလိုလိုမြည်လာပါတယ်။ အဲဒါကို မြို့သူ၊ မြို့သားများအား ကုသိုလ်ပြုဖို့ နှိုးဆော်တယ်လို့ ယူဆကြပါတယ်။

အဲဒီလို ဘုရားကြီးကို တည်နေရင်း လေးဌာနမှာ ရုပ်ပွားစေတီများ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားကို ဌာပနာပါတယ်။ အဲဒီညများ တည်ဆဲ ဘုရားကြီးမှ ရောင်ခြည်တော်များ ကွန့်မြူးတာကို အုံသြဖွယ် ဖူးတွေ့ကြရပါတယ်။ အဲဒီလိုနဲ့ ၁၁ ဌာန ၁၁ ကြိမ် ဌာပနာပြီး ၁၁ ထပ် ဘုရားကြီး အဖြစ် ရုပ်ပွားတော်ရှေ့ပိုင်း ပြီးစီးခဲ့ပါ တယ်။

အဲဒါတွေဟာ ဘုရားဒါယကာကြီးအနေနဲ့ ဖြစ်ချင်တာ ဖြစ်ရတာပါ။ လောကသဘာဝအရ မဖြစ်ချင်တာ ဖြစ်ရတာကတော့ ဘုရားကြီးရှေ့ပိုင်း ပြီးချိန်မှာ ဘုရားဒါယကာကြီး ဦးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်သွားတာ ဖြစ်ပါတယ်။

ဘုရားဒါယကာကြီး ကွယ်လွန်သွားပေမယ့်လည်း ဘုရားကြီးရဲ့ လုပ်ငန်းစဉ်ကို ဒုတိယဘုရားဒါယကာ ဦးစောလွင်က ဆက်လက်တာဝန်ယူလိုက်လို့ ယနေ့တိုင် သပ္ပါယ်စွာ ဖူးတွေ့နေရတာ ဖြစ်ပါတယ်။

ဘုရားကြီးရဲ့ ဥဏ်တော်အခြင့် ဟာ ပလ္လင်အပါအဝင် ၅၁ တောင် ခ ထွာ ရှိပါတယ်။ မြန်မာနိုင်ငံကြီး ၅ ကြိမ် ဘုရားမှာ ပါဝင်ပါတယ်။

တကယ့်ကို မလွယ်လှတဲ့ သာသနာပြု လုပ်ငန်းစဉ်တစ်ခုပါ။ လူကြီးလူကောင်းများပဲ လောကအကျိုး သာသနာအကျိုး လူသားအကျိုးအတွက် အခက် အခဲ ဘယ် လောက် ရှိ ရှိ ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်ကြတာပါ။

လူကြီးလူကောင်းတွေမှာ ပွဲလန့်တုံး ဖျာချင်းလိုတဲ့စိတ် မရှိပါဘူး။ သိကြမှာပါ။ အချို့သူများဟာ ဘယ်လို နည်းနဲ့ပဲရရ၊ ဘယ်လိုနည်းနဲ့ပဲနိုင်နိုင်။ သူတို့လို ချင်တာကို အောက်လမ်း၊ အပေါ်လမ်း နည်းပေါင်းစုံနဲ့ ရအောင်





www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြပါတယ်။ လူကြီးလူကောင်းတွေကတော့ အဲဒီလို မလုပ်ပါဘူး။ သူတို့ဟာ ကိုယ်ကျင့်တရား စောင့်ထိန်းရုံမျှမကဘဲ တရားမျှတမှုရှိတယ်။ ဆိုတိုင်းလည်း အနိုင်မယူပါဘူး။

အဲဒါနဲ့ပတ်သက်ပြီး ဆရာလူထုစိန်ဝင်း ရေးသားထားခဲ့တဲ့ ဆောင်းပါးကောက်နုတ်ချက်ကို ပြောပြချင်ပါတယ်။

အင်္ဂလိပ်ပရိမီးယားလိဂ် ပွဲစဉ်တစ်ခုပါ။ နာမည်ကြီးအသင်းနှစ်သင်း ကစားနေရင်း တစ်ဖက်တိုက်စစ်မှူးကောင်တာပေါက် ဘောလုံးရသွားပြီး ဂိုးပေါက်အနား ဆွဲယူသွားလိုက်ပါတယ်။ သူ့ရှေ့မှာ ဂိုးသမားပဲ ရှိပါတော့တယ်။ သေချာပေါက် ဂိုးရနိုင်တဲ့ အနေအထားပါ။ အဲဒီအချိန်မှာ မမျှော်လင့်တဲ့ ဖြစ်ရပ်တစ်ခု ဖြစ်သွားခဲ့ပါတယ်။ အဲဒါက ဘာလဲဆို-တော့ တစ်ဖက်ဂိုးသမား ပြေးထွက်ပြီး ဘောလုံးကို မျက်မှိုအလုပ်မှာ ကြွက်တက်ပြီး လဲကျသွားပါတယ်။ နာလွန်းလို့ မြေကြီးပေါ်မှာ လူးလိမ့်နေပါတယ်။ ဒိုင်လူကြီးကလည်း ဝစီမမှုတ်ဘူး။ အဲဒီအချိန်မှာ တိုက်စစ်သမား အသာလေး ကန်သွင်းလိုက်ရုံပါပဲ။ သူကန်သွင်းလိုက်ရင် ဂိုးရမှာပါ။ ဒါပေမဲ့ တိုက်စစ်သမားဟာ ဘောလုံးကို ဂိုးပေါက်ထဲ ကန်မသွင်းဘဲ ဘေးကို ကန်ထုတ်လိုက်ပါတယ်။ ဘယ်သူမှ မျှော်လင့်မထားတဲ့ လုပ်ရပ်ဖြစ်လို့ တစ်ကွင်းလုံး မှင်သက်ပြီး ငြိမ်ကျသွားပါတယ်။ ခဏလေးကြာတော့ တစ်ကွင်းလုံး လက်ခုပ်သံတွေ ဟိန်းထွက်လာပါတယ်။ ကွင်းလေးဘက်လေးတန် ပရိသတ်တွေ. မတ်တတ်ရပ်ဖြီး လက်ခုပ်တွေ မရပ်မနား တီးနေကြပါတယ်။

ဒီနေရာမှာ ပြောချင်တာက အဲဒီဘောလုံးသမားရဲ့ လုပ်ရပ်ဟာ လူကြီးလူကောင်း လုပ်ရပ်ပါ။ မှန်တယ်ဆိုတိုင်း၊ တရားတယ်ဆိုတိုင်း အနိုင်မယူပါဘူး။ သူသမိုင်း သူရေးနိုင်ခဲ့ပါတယ်။

နိဂုံးချုပ်ပါတော့မယ်။ ကျွန်တော် ဆောင်းပါးအစမှာ ရေးခဲ့သလို လုပတဲ့ သဘာဝဖြစ်ရပ်တစ်ခုမှာ လူနှစ်ဦး အတွေးနှစ်ခု ရှိနေတတ်ပါတယ်။ တစ်ဦးက လုပတဲ့သဘာဝ အပေါ်မှာ ကျေကျေနပ်နပ်နဲ့ နယ်မြေသစ်ကို ရှာနိုင်လို့ ဝိုကီဖြစ်နေတဲ့ ကိုလံဘတ်လို ဖြစ်နေပေမယ့် အခြားတစ်ဦးက ပြောင်းပြန်ဖြစ်နေပါတယ်။ ဘယ်လိုဖြစ်နေသလဲဆိုတာ သိချင်ရင် ကဗျာအဆုံးပိုဒ်ကို ဖတ်ကြည့်လိုက်နော်။

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့နိုင်ငံ
# ယောက်ဃမိုးရေးမှုးဒေါင်ကြွင်း

သောင်းဝေဦး

www.burmeseclassic.com

အတွဲ (၂၀) အမှတ် (၅) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၃ ခုနှစ်

www.burmeseclassic.com



**ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးဆိုင်ရာ ဝေါဟာရများ**

ပုဂံခေတ်တွင် ထောက်လှမ်းရေး ဆိုသည့်စကားရပ်၊ အထောက်တော်နှင့် သူလျှိုဆိုသည့် အသုံးအနှုန်းများ မတွေ့ရသေးပေ။ စုံစမ်းထောက်လှမ်းရသူကို (ပင်ဂုက်သည်) ဟူ၍ သုံးနှုန်းပြီး သံတမန်ကို (တမန်) ဟူ၍ သုံးနှုန်းကြောင်းသာ အနည်းအကျဉ်း တွေ့ရပါသည်။ နန်းတွင်းအရှုပ်အရှင်းများ၊ မိဖုရားအရှုပ်အရှင်းများ စုံစမ်းရသောသူကို (ပင်ဂုက်သည်) ဟု သုံးနှုန်းကြောင်း ကျောက်စာများတွင် တွေ့ရ၏။

ပထမအင်းဝခေတ်မှစပြီး စနည်းနာသည်၊ ထောက်လှမ်းသည်၊ သူလျှို၊ အထောက်တော်၊ သံ၊ တမန်၊ မြင်းထောက်၊ လှေထောက်၊ နားခံ၊ ကင်းစမ်းထိုး၊ ကင်းထောက်၊ ကင်းတို၊ ကင်းရှည်၊ စစ်လျှင် စသည့် ထောက်လှမ်းရေးအသုံးအနှုန်းများ သုံးနှုန်းလာကြောင်း တွေ့ရပါသည်။

စနည်းနာ ဆိုသည်မှာ မြန်မာစာအဖွဲ့မှ ထုတ်ဝေသည့် မြန်မာအဘိဓာန်၌ စနည်းနာ၊ စနဲ့နာ၊ ကြိယာ-လူအများ ပြောသံ ဆိုသံကိုထောက်လှမ်းသည်ဟု အဓိပ္ပာယ်ဖွင့်ပြီး၊ ထောက်လှမ်းသည် ဆိုသည်မှာ ထောက်လှမ်း၊ ကြိယာ - မေးမြန်းစုံစမ်းသည်ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ စနည်းနာခြင်းနှင့် ထောက်လှမ်းခြင်းမှာ အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။

သူလျှို ဆိုသည်မှာ သူလျှို-ဒလျှို၊ နာမ်-သတင်းကို လျှို့ဝှက်ထောက်လှမ်းသူဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့် ပါသည်။ ဦးဘဦး ရေးသားသည့် မြန်မာအုပ်ချုပ်ရေးပညာ၊ သံတမန်အခန်း၌ နည်းအမျိုးမျိုးနှင့် သွေးဆောင်ဖြားယောင်းပြီး ကိစ္စအဝဝကို အလိုရှိသည့်အခါ အောင်မြင်စွာ ပြီးမြောက်စေရန် အယုံသွင်းတတ်ကြသူများကို သူလျှိုဟုခေါ်သည်။ သူလျှို လုပ်ငန်းဆိုသည်မှာ ပြည်တွင်းပြည်ပနှင့် ဆိုင်သည့် စုံထောက်လုပ်ငန်းဟူ၍ ဆိုပါသည်။

ဒလန် ဆိုသည်မှာ မြန်မာအဘိဓာန်၌ ဒလန်၊ နာမ် - တစ်စုံတစ်ယောက်၏အကျိုးအတွက် အခြားသူကို လှည့်ဖြားပြီး ဆောင်ရွက်ပေးသူဟူ၍ အဓိပ္ပာယ်ဖွင့်၏။ ဒလန်ဆိုသည်မှာလည်း ထောက်လှမ်းမှုလုပ်ငန်း၌ ဆက်နွယ်ပါဝင်နေပါသည်။

အထောက်တော် ဆိုသည်မှာလည်း သူလျှိုနှင့်အတူတူပင် ဖြစ်သည်။ အခြေအနေအရပ်ရပ်ကို စုံစမ်း ထောက်လှမ်း သတင်းပေး ပို့ရသူ ဖြစ်သည်။ သာမန်အရပ်သားသုံး အထောက်ဟူသော စကားမှ ဘုရင်မှ စေလွှတ်စုံစမ်းခိုင်းသည့်သူဖြစ်သဖြင့် အထောက်တော်ဟူ၍ သုံးသည့် သဘောပင် ဖြစ်သည်။

မြင်းထောက်၊ လှေထောက်



www.burmeseclassic.com

www.burmeseclassic.com

နှင့်ပတ်သက်၍ မြင်းထောက် ဆိုသည်မှာ စုံစမ်းထောက်လှမ်း၍ ရရှိသောသတင်းများကို မြင်းစီး၍ သတင်းပို့ပေးသူဖြစ်သည်။ လှေထောက်ဆိုသည်မှာ ရေကြောင်းလမ်းမှ စုံစမ်းထောက်လှမ်းသတင်းပေးပို့ရသူ ဖြစ်သည်။

သံတမန် ဟူသည် တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည်၊ မင်း တစ်ဦးနှင့်တစ်ဦး၊ လူတစ်ယောက်နှင့်တစ်ယောက်ကြား သွားလာ ဆက်သွယ်သူဖြစ်သည်။ သံတမန်ကို တမန်၊ တံဆေး၊ သံ့သေး၊ သံ၊ မင်းစေ ဟူ၍ ၅ မျိုးခွဲ သုံးခဲ့ကြောင်း၊ အရှင်မှာတိုင်း ဆိုင်သူကို တမန်၊ မင်းနှစ်ပါး သင့်မြတ်အောင်ဆိုသူကို တံဆေး၊ သူ စကား ကိုထောက်၍ ယုတ်လွန်မရှိဆိုသူကို သံ့သေး၊ လိုသည်ကို တောင်းလာသူကို သံ၊ မှာတိုင်းဆို၍ စေဖက်ရမှ သွားသူကို စေးစေဟု ခေါ်ကြောင်း မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၃) တွင် လေ့လာတွေ့ရှိရသည်။ ယခုအခါ သံတမန်ဟူသော သုံးစွဲပါသည်။

မြန်မာအဘိဓာန်တွင် သံနှင့်တမန် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်ဟု ဆိုပါသည်။ သံ(သက္ကတ) နာမ် - မင်းတစ်ပါးက အခြားမင်းတစ်ပါးထံ နိုင်ငံအရေးအခင်းကိစ္စ ဆောင်ရွက်ရန် စေလွှတ်ခြင်းခံရသူ၊ အခြားနိုင်ငံသို့ သွားရောက်နေထိုင်၍ နိုင်ငံကိစ္စ အဝဝကို နိုင်ငံကိုယ်စားဆောင်ရွက်ရသူဟု အဓိပ္ပာယ်ဖွင့်၏။ ရှေး မြန်မာမင်းများလက်ထက်က မင်းတစ်ပါးနှင့်တစ်ပါး မိတ်ဆက်ရန်လာသော တမန်၊ ရန်ဘက်အဖြစ် စစ်ထိုးရန်လာရောက်အကြောင်းကြားသော တမန်၊ စစ်ပြေငြိမ်းရန်လာရောက်သော တမန်ဟူ၍ ၃ မျိုးရှိသည်ဆို၏။ ရှေးမြန်မာတို့ အလေးထားခဲ့သည့် အဋ္ဌာရသ ၁၈ရပ်တွင် ကေတု-သံတမန် အတတ်ကိုလည်း ပညာရပ်တစ်ခုအဖြစ် ထည့်သွင်းထားသည်ကို တွေ့ရ၏။ မည်သို့သောတမန်ဖြစ်စေ ထောက်လှမ်းမှု ပြုလုပ်ကြသည်သာ ဖြစ်ပါသည်။ သံတမန်အခွင့် အရေးကို အသုံးချပြီး ထောက်လှမ်းရေးလုပ်ကြသည်သာ ဖြစ်သည်။ မည်သည့်သံတမန်မဆို ဗြောင်သူလျှို၊ အထင်အရှားသူလျှိုများသာ ဖြစ်ပါသည်။

နားခံ ဆိုသည်မှာလည်း ထောက်လှမ်းရေးလုပ်ရသူများပင် ဖြစ်ပါသည်။ ပထမအင်းဝခေတ်မှစပြီး မြို့ပြအုပ်ချုပ်ရေးဘက် နားခံ စစ်ဘက်နားခံဟူ၍ ၂ မျိုးရှိကြောင်း တွေ့ရသည်။ နှစ်မျိုးစလုံးမှာ ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ရသူများပင် ဖြစ်သည်။ လွှတ်တော်နှင့် ဗြိတိသျှတို့တွင် တာဝန်ထမ်းဆောင်ရသော နားခံတော်ဆိုသည့် အမတ်ကြီးနှင့် ယခုတင်ပြမည့် ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ရသော နားခံ ၂ မျိုးမှာ သီးခြားစီဖြစ်ပါသည်။ နန်းတွင်း ဗြိတိသျှနှင့် လွှတ်တော်ကနားခံကို နားခံတော်ကြီး (စမြောင်မှူး) ဟု ခေါ်သည်။ နားခံတော်ကြီးမှာ ရာထူးအဆင့်အတန်းမြင့်မား၏။ ရောထွေးမသွားဝံ့လိုသည့် အတွက် ထည့်သွင်းရှင်းလင်းတင်ပြခြင်းဖြစ်သည်။ ဦးတင်(၁၈၆၁-၁၉၃၃)၏



www.burmeseclassic.com

www.burmeseclassic.com

ခ ပါဝင်သောတပ်မှာ လက်ရုံးရည်နှလုံးရည်ဆိုင်ရာ အရာရှိနှစ်ဦး၊ ပါကြောင်း၊ ၄င်းတို့ ၂ ဦးမှာ တပ်ရေးနှင့် စစ်နားခံဖြစ်ကြောင်း၊ စစ်နားခံဆိုသည်မှာ တပ်နှင့် တပ်သားများကို ထိန်းသိမ်းစောင့်ရှောက် ပဲ့ပြင်ဆုံးမရသူဖြစ်ကြောင်း၊ တပ်များအပေါ် စုံထောက်သူလည်း ဖြစ်ကြောင်း၊ တပ်များကောင်း၊ မကောင်း ကြည့်ရှုပြီး အထက်ဗိုလ်ချုပ်ထံ အစီရင်ခံရသူလည်း ဖြစ်ကြောင်း ဖော်ပြပါရှိ၏။

ကင်းစမ်းထိုး ဆိုသည်မှာ ရန်သူအသွားအလာ၊ အနေအထား၊ အခြေအနေကို မထင်မရှား သွားရောက်ထောက်လှမ်း စုံစမ်းစေခြင်းပင် ဖြစ်ပါသည်။

ကင်းထောက် ဆိုသည်မှာ ကင်းစမ်းထိုးအတိုင်းပင် ဖြစ်ပါသည်။

ကင်းမ ဆိုသည်မှာ တပ်မကြီး၏ရှေ့မှ ချီတက်ရသော ကင်းတပ်ကြီး၊ ထိုကင်းတပ်ကြီးမှ တပ်ခွဲလွှတ်၍ ထောက်လှမ်း စုံစမ်းရပါသည်။

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ စတုတ္ထတွဲ၌ မြို့ပြအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ခန့်ထားသော နားခံမှာ မြို့ဝန်နှင့် စစ်ကဲတို့ကို ကူညီဖို့ရန်နှင့် မြို့ဝန်၊ ရေဝန်၊ အခွန်ဝန်၊ စစ်ကဲတို့၏ အမူအကျင့်ကို ထောက်လှမ်းပြီး နေပြည်တော်သို့ သတင်းပို့ရသည်ဟု ဆိုသည်။ စစ်ကဲနှင့် နားခံတို့က တရား ရာဇဝတ်မှုများကိုလည်း ရုံးတက်ပြီး စီရင် ဆုံးဖြတ်ခွင့်ရှိသည်ဟု သိရ၏။ စစ်ကဲက ရာဇဝတ်ဝန်နှင့် တူပြီး နားခံက စုံထောက်အရာရှိနှင့် တူကြောင်း၊ မြို့ငယ်လျှင် နားခံတစ်ဦး၊ မြို့ကြီးလျှင် နားခံ ၂ ဦး ခန့်ထားသည်ဟု ဆိုသည်။

၊ စစ်ဘက်နားခံ နှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်ဦး ကာလ၊ စာဆိုအမတ်ကြီး လက်ဝဲသုန္ဒရ (၁၇၂၃-၁၇၉၉) ရေးဖွဲ့ သီကုံးပြီး- ဗိုလ်မှူးဘသောင်း တည်းဖြတ်သည့် သေနင်္ဂဗျူဟာ စစ်သမိုင်းနှင့် ဗျူဟာစက္ကိပို့ချိန် တပ်သား ၅၀၀၊ အကြပ် ၅၀၊ သွေးသောက် ၁၀၊ တပ်မှူး ၅၊ ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com

ကင်းရှည် ဆိုသည်မှာ အဝေးမှာရှိသောရန်သူ၏ စစ်အလား အလာကို ကြိုတင်ထောက်လှမ်းရသည့်သူ ဖြစ်ပါသည်။

ဇင်းတို ဆိုသည်မှာ အနီးအနားရှိ ရန်သူ့စစ်အလားအလာကို ကြိုတင်ထောက်လှမ်းရသူဟူ၍ သေနင်္ဂဗျူဟာကျမ်းတွင် အဓိပ္ပာယ်ဖွင့်ထားပါသည်။

စစ်လျှင် ဆိုသည်မှာ စစ်တိုက်နေသောအချိန်၊ စစ်ချီနေသောအချိန်၊ စခန်းချနေသောအချိန်၊ ရေတပ်များလှည့် ပတ်သွားလာနေသောအချိန် သို့မဟုတ် ကျောက်ချနေသောအချိန် အတွင်းမှာ ရန်သူ့သတင်းကို စုံစမ်းထောက်လှမ်းပြီး သက်ဆိုင်ရာကို သတင်းပို့ရသူများ ဖြစ်သည်။ အရေးကြီးသည့်တာဝန်မှာ စစ်တပ်များကို ရွှေ့ဆောင်သွားရခြင်း၊ ရန်သူ့ဒေသနှင့် အနီးအနားကို ဓိုလ်ချုပ်တို့ထံ သတင်းပို့ခြင်းဖြစ်၏။ စစ်လျှင်ဆိုသူတို့သည် ရန်သူ့ကင်းထောက် စစ်သည်တို့ကို နိုင်နင်းသောအင်အားရှိလျှင် ဖျက်ဆီးခွင့်ရှိသည်။ သို့ရာတွင် အခွင့်ကောင်းရတိုင်း မတိုက်ရ၊ လှိုဝှက်ထားခြင်းမှာ အကောင်းဆုံးဖြစ်သည်ဟု ဦးဘဦး၏ မြန်မာ့အုပ်ချုပ်ရေးပညာကျမ်း၊ စစ်ဆင်စစ်တိုက်နည်းအခန်း၌ ဖော်ပြထားပါသည်။

×××

## ပုဂံခေတ် ထောက်လှမ်းရေး

အနော်ရထာ (၁၀၄၄-၁၀၇၇) မတိုင်မီကတည်းက ပုဂံ (အရိမဒ္ဒနပူရ) ကို တည်ထောင်ခဲ့သော်လည်း နှစ်ပေါင်း ၂၀၀ ခန့် အထိ အခိုင်အမာမရှိခဲ့သေးဟု သမိုင်းဆရာများက ဆိုပါသည်။ အေဒီ (၁၀၄၄) မှာ အနိရုဒ္ဓဒေဝ (ခေါ်) အနော်ရထာမင်း နန်းတက်ခဲ့ပြီး စောမွန်နှစ်မင်း (၁၂၉၈-၁၃၃၄) ထိ နှစ်ပေါင်း ၃၅၀ ခန့် ကြာမြင့်ခဲ့သည်။ သမိုင်းစဉ်ရှည်လျားခဲ့ပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည့် ပုဂံခေတ်တွင် ရာဇဝင်သမိုင်း မှတ်တမ်းများ၌ ရှင်ဘုရင်များ၏ ထောက်လှမ်းရေးလုပ်ဆောင်မှုများကို မှတ်တမ်းတင်ထားခဲ့ခြင်း မတွေ့ရပေ။ ပုဂံခေတ်၏ နိုင်ငံတော်အကျယ်အဝန်းကို အေဒီ ၁၁၉၆ ထိုး ဓမ္မရာဇိကဘုရား မြန်မာကျောက်စာ၌ အခိုင်အမာတွေ့ရှိရပါသည်။ ပုဂံ၏အရှေ့ကို လားသော်သံလွင်မြစ်၊ အနောက်ကို လားသော် မစ္ဆာဂီရိ၊ မြောက်ကို လားသော် ငဆောင်ချမ်း၊ တောင်ကိုလားသော် ထားဝယ်၊ တနင်္သာရီ၊ သလင်းကြေး **Cape of Salang** ဟူ၍ ပါရှိပါသည်။ အရှေ့တောင်အာရှ၌ ဤမျှကျယ်ဝန်းခန့်ညားသည့် နိုင်ငံ၏တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် စစ်ရေး၊ အုပ်ချုပ်ရေးများ၌ ထောက်လှမ်းရေးလုပ်ငန်းကို မလွဲမသွေ လုပ်ရပေလိမ့်မည်။ ထောက်လှမ်းမှုမရှိဘဲ ထိုမျှကြီးမားသော နိုင်ငံတော်ကြီးကို တည်ဆောက်ရန် မဖြစ်နိုင်ပေ။ ထို့ပြင် မြန်မာ့နယ်စပ်ကို စောင့်ရောက်ရန်နှင့် သတင်းရရှိရန် အတွက် အချက်အချာကျသောနေရာ



www.burmeseclassic.com

www.burmeseclassic.com

တိုင်း၌ ကင်းစခန်းများ ချထားခဲ့ပေသည်။ ထိုသို့ ချထားသော့ကင်းကို စကြပ်ကင်သည်ဟု ခေါ်ကြောင်း အေဒီ ၁၂၄၈ ကျောက်စာအရ သိရပါသည်။ ပုဂံခေတ်၌ တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာ စသော ပြည်ပနိုင်ငံများသို့ သံတမန်များ စေလွှတ် ဆက်ဆံခြင်းရှိခဲ့သဖြင့် ပြည်တွင်းပြည်ပထောက်လှမ်းမှုများ လုပ်ခဲ့ပေလိမ့်မည်ဟု သုံးသပ်နိုင်ပါသည်။

ပုဂံခေတ်၌ ပြည်ပဆက်ဆံမှုအနေဖြင့် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများသို့ သံအဖွဲ့များ မကြာခဏ စေလွှတ်ခဲ့ကြောင်း သိရသည်။ အလားတူပင် စောခင်နှစ်မင်း၊ ညောင်ဦးစော ရဟန်း၊ စုက္ကတေး၊ အနော်ရထာ၊ ကျန်စစ်မင်း၊ အလောင်းစည်သူမင်းများ လက်ထက်၌လည်း တရုတ်ပြည်နှင့် အဆက်အဆံရှိခဲ့ကြောင်း သိရ၏။ စောခင်နှစ်မင်းသည် တရုတ်ပြည် ယူနန်ဘုရင်ထံသို့ သားတော်ဦးစီးသည့် သံတမန်များနှင့် သဘင်ကချေသည်များ စေလွှတ်ခဲ့သည်ဟု စုံစမ်း ထောက်လှမ်းသည့် သဘောပါရှိသော အထောက်အထား အနည်းအကျဉ်း တွေ့ရပေသည်။

အေဒီ ၁၂၈၃ ခုနှစ် တရုတ်ပြေးမင်းဟု ခေါ်ဆိုကြသည့် နရသီဟပတေ့မင်း (အေဒီ ၁၂၅၄-၁၂၈၇) လက်ထက်တွင် ကူဗလိုင်ခန် (အေဒီ ၁၂၁၆-၁၂၉၄)၏ မွန်ဂိုတာတာတပ်များက မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ တကောင်းအရပ်အထိ ရောက်ရှိလာ၏။ နရသီဟပတေ့မင်းသည် ပုဂံမှ ပြည်အနောက်ဘက် လှည်းကျဲအရပ်သို့ ပြောင်းရွှေ့စံနေပြီး စစ်ရေးအခြေအနေမလှသည့်အတွက် စစ်ပြေငြိမ်းရန် စီစဉ်ခဲ့ပါသည်။ ရှင်ဒီသာပေါမောက္ခကို တရုတ်ပြည် တယ်တူ (T'ai-Tu ယခု - ပေကျင်း)ရှိ ကူဗလိုင်ခန် မင်းကြီးထံ တမန်အဖြစ် စေလွှတ်ခဲ့ပေသည်။ ရှင်ဒီသာပါမောက္ခ၏ ဆောင်ရွက်မှုကြောင့် စစ်ပြေငြိမ်းခဲ့သည်။ ထိုအကြောင်းကို ရှင်ဒီသာ ပါမောက္ခက ကျောက်စာရေးထိုးခဲ့၏။ ရှင်ဒီသာပါမောက္ခ၏ ကျောက်စာအကြောင်းရေ (၂-၃) တွင် အနန္တပိစည်နှင့် မဟာဝိုအမတ်ကြီးတို့အား -

"နင်တိုဝ် တရုတ်၏အလာအလာကိုဝ် သိသြင်္ဂုလိယ်ဟု စိယ်တ်မူ၏"

ဟု ပါရှိပါသည်။ မှန်းဆကြည့်ပါက ထောက်လှမ်းစုံစမ်းခိုင်းသည့်သဘော တွေ့ရ၏။ ထို့အပြင် ရှင်ဒီသာပါမောက္ခ၏ ကျောက်စာကြောင်းရေ (၄) ၌ -

"ဤအမှုက ကြီစွာ။ တုမ်တပဲလေ လွှတ်သည် မဟိ"

ဆိုပြီး တွေ့ရှိရပါသည်။ တုမ်တပဲဆိုသည့် ဝေါဟာရ အနက်ကို မန္တလေးတက္ကသိုလ် မြန်မာစာပါမောက္ခ ဆရာကြီး ဦးချမ်းမြ(မြကေတု)က သူလျှို၊ အထောက်တော်ပင်ဖြစ်ကြောင်း ပုဂံခေတ်က ပင်ဝှက်သည့် စာပေသုတေသနဆောင်းပါးထဲတွင် ဖော်ပြထား၏။ ရှင်ဒီသာပါမောက္ခ၏ ကျောက်စာကြောင်းရေ ၁၀ တွင် -

"ပုဂံမဟာရစ်(မြောက်)



www.burmeseclassic.com

www.burmeseclassic.com

မင်းတိုင်ဝ်ကာ တန်မန်ကိုဝ် မချုပ် ရာ''

ဟု ပါရှိသည်။ ဧကြောင်း ၁၁ တွင်-

''(ငါ)ကိုဝ်လျင် ငါတိုဝ်တန် မန်မူလျင် အံ့ဟူရယ်''

ဟု ပါရှိသည်။ ပုဂံမဟာရစ် စသောမင်းတို့ကား တမန်ကို မချုပ်ရာ ဟု ဆိုထားခြင်း၊ ငါ့ကို တမန်အဖြစ်စေ သည်ဟု ဆိုထားခြင်းများကို ထောက်ရှု ခြင်းအားဖြင့် ထိုခေတ်က သံတမန် ဆက်ဆံမှုများ ကောင်းစွာရှိနေပြီ ဖြစ် သည်။ သံတမန်ကိုသတ်ရန် မဆိုထား နှင့် ချုပ်နှောင်ထားခြင်းမျိုးပင်လျှင် မလုပ်ရဟု ဆိုထားသဖြင့် သံတမန်နှင့် ပတ်သက်၍ ကျင့်ဝတ်စောင့်ထိန်း လိုက်နာမှုအဆင့်အတန်း မြင့်မားနေပြီ ဖြစ်ကြောင်းတွေ့ရသည်။ အေဒီ ၁၂၄၃ ခုနှစ်တွင် ရေးထိုးခဲ့သည့် ပုဂံမြို့ မင်းနန်သူရာ၏ အရှေ့မြောက်ဘက် ဒီးကလုန်ဘုရားကျောက်စာ၌ နန်းတွင်း မိဖုရား၊ မောင်းမမိသ်တို့ အမွေဆက်ခံ မှုအရှုပ်အရှင်း၊ နိုင့်ထက်စီးနင်း မတရား လုပ်မှုကို 'ပင်ဝှက်သည်' ဟု ခေါ်သည့် အမျိုးသမီးအထောက်တော်က ဘုရင့်ထံ လျှောက်ထားသည့်အတွက် အမှုမှန်ကို ဘုရင်က သိရှိ ဆုံးဖြတ်ခဲ့သည့်အကြောင်း ရေးထိုးထား၏။ ထိုကျောက်စာကို ကျစွာမင်းအေဒီ(၁၂၃၅-၁၂၄၉)လက်ထက် က ရေးထိုးခဲ့ခြင်းဖြစ်သည်။ ကျောက် စာပါ အမျိုး သမီးအထောက်တော်နှင့် ပတ်သက်၍ဆရာကြီးမြကေတုက 'ပုဂံ ခေတ်က ပင်ဝှက်သည်' ဆိုသည့် ဆောင်းပါးတွင် အပြည့်အစုံ ရှင်းလင်း ဖော်ပြထားသည်။ ကျစွာမင်း (အေဒီ ၁၂၃၅-၁၂၄၉)၊ ဥဇနာမင်း (၁၂၄၉-၁၂၅၆) တို့ လက်ထက်က နန်းတွင်း မိဖုရား၊ မောင်းမမိသ်များနေသည့် နန်းဆောင်တွင် (ပင်ဝှက်သည်) ဟု ခေါ်သည့် အမျိုးသမီးအထောက်တော် များ ခန့်ထားကြောင်း၊ ပင်ဝှက်သည်၏ တာဝန်မှာ မိဖုရား မောင်းမမိသ် အချင်းချင်း နိုင်ထက်စီးနင်း နှိပ်စက် ကလူပြုခဲ့လျှင် ဘုရင့်ထံလျှောက်ထား ရန်ဖြစ်ကြောင်း၊ ပင်ဝှက်သည်ကို လျှို့ဝှက်ထားခြင်း မဟုတ်ဘဲ အထင် အရှားရှိသည်ဟု ဆိုထားပါသည်။ ပင်ဝှက်သည် ဆိုသည့် စကားသည် ပန်ဝှက်သည် ဆိုသော စကားအရင်း အမြစ်မှလာသည်ဟု ယူဆရပါသည်။ ပန်ဆိုသည်မှာ ပန်ကြားခြင်း၊ ဝှက်ဆို သည်မှာ လျှို့ဝှက်ခြင်း၊ သည်မှာ အလုပ်အမှုရှိသူဟု အနက်အဓိပ္ပာယ်ရ သည်။ ထို့ကြောင့် ပင်ဝှက်သည် ဆိုသည်မှာ လျှို့ဝှက်သော သတင်းရပ် များကို ဘုရင့်ထံပန်ကြားရသူဟု ဆိုလို ခြင်းဖြစ်သည်။ ပုဂံခေတ်က မိဖုရား၊ မောင်းမ မိသ်များနေထိုင် ကြသည့် အနောက်ဆောင်တွင် ကြီးကြပ်အုပ်ထိန်း ရန် ခန့်ထားခံရသူကို (အမိသင်တော်) ဟု ခေါ်ပါသည်။ ကျောက်စာပါဖြစ်စဉ် အရ ကျစွာမင်း လက်ထက်တွင် (အမိ သင်တော်) ဟု ခေါ်သော မောင်းမမိသ်၊ မိဖုရားများအပေါ် အုပ်ထိန်းရသူ မရှက် သည် အမည်ရှိသည့် မောင်းမမိသ် တစ်ဦး ရှိခဲ့၏။ ထိုအမိ သင်တော် မရှက်သည် သေခါနီးတွင် သူ့ဒါဘများ



www.burmeseclassic.com

www.burmeseclassic.com

-ထံက အမွေရသည့် မြေနှင့် ကျွန်များ၊ ဘုရင်က ပေးသနားထားသော မြေနှင့် ကျွန်များကို သူလျှဒါန်းထားသည့် ဝူဘုရားဌ် လျှဒါန်းခဲ့သည်။ လျှဒါန်းမှုကို ရေစက် မချခဲ့ဟု ဆို၏။ အမိသင်တော် မရှက်သည် သေပြီးသည့်အခါ ဆင်ထိန်း ယဲရည်းရံမိ၏မယား (အိုဝ်ကဲ) ဆိုသူက အမိသင်တော် မရှက်သည်လျှဲခဲ့သော ကျွန်များအနက် 'ငဝန့်ငလျောင်' သည် သူမိဘကပေးခဲ့သည့် အမွေကျွန်များ ဖြစ်သည်။ အမိသင်တော် မရှက်သည်နှင့် မည်သို့မျှမသက်ဆိုင်၊ အမိသင်တော်မရှက်သည်က အဘယ်ကြောင့် ဘုရားမှာလျှဲခဲ့ရသနည်းဟု ဆိုကာ ကျွန်များကို ဘုရားသို့မပို့ဘဲ ထိပ်တုံးခတ်နောင်ဖွဲ့ထားခဲ့သည်။ ထိုသို့ နိုင်ထက် စီးနင်း အရှုပ်အရှင်း ပြဿနာပေါ်သည့်အခါ အမျိုးသမီး အထောက်တော်ပင်ဝုက်သည်က ဘုရင့်ထံ အကျိုးအကြောင်း လျောက်ထားခဲ့သည်။ ဘုရင်က အဖြစ်မှန်ကိုသိရှိခဲ့သဖြင့် အမိသင်တော်မရှက်သည် မသေခင်က ဘာမှမပြောဘဲ ယခုမှပြော ဆိုခြင်းသည် မသင့်လျော်၊ မရှက်သည် လျှုခဲ့သော မြေနှင့်ကျွန်ကို အနိုင်အထက် ပြုလုပ်လျှင် ၁ ဆကို ၃ ဆ ပြန်လျော်စေဟု အမိန့်တော်ချမှတ် ဖြေရှင်းခဲ့ကြောင်း ကျောက်စာတွင် ရေးထိုးပါရှိ၏။ ပုဂံခေတ်က မိန်းမသားအထောက်တော်ပင် ဖြစ်သော်လည်း မှန်လျှင် မှန်သလို မည်သူမျက်နှာမျှ မထောက်၊ ပြတ်ပြတ်သားသား လေးလေးနက်နက် တာဝန်ထမ်းဆောင်ခဲ့ခြင်းသည် ချီးမွမ်းစရာဖြစ်သည်ဟု ဆရာကြီး မြကေတုက ရေးသားထားပေသည်။ ထိုကျောက်စာပါ အထောက်အထားများအရ ပုဂံခေတ်က ပြည်တွင်းပြည်ပ စစ်ရေး၊ အုပ်ချုပ်ရေးများတွင် ထောက်လှမ်းမှုကို စနစ်တကျ လုပ် ဆောင်ခဲ့သည်ဟုယူဆပါသည်။

## ပုဂံခေတ် ထောက်လှမ်းရေးအသိပညာရရှိနိုင်သောစာပေများ

ပုဂံခေတ်မတိုင်မီ ခရစ်နှစ် အစောပိုင်းကာလကပင် မြန်မာနိုင်ငံ၌ ပျူ၊ မွန်၊ ရခိုင်တို့သည် ကုန်သွယ်ခရီးသွားများကတစ်ဆင့် အိန္ဒိယယဉ်ကျေးမှုများနှင့် စတင်ထိတွေ့ခဲ့ကြပါသည်။ ထေရဝါဒ၊ မဟာယာန၊ ဟိန္ဒူ၊ ဗြဟ္မဏဘာသာယုံကြည်သက်ဝင်မှုများ ရောက်ရှိလွှမ်းမိုးခဲ့ပြီး ဖြစ်သည်။ ဗုဒ္ဓဘာသာပါဠိဝိဋ္ဌကတ်စာပေများ၊ သက္ကတဘာသာစာပေများ ရောက်ရှိခဲ့ပါသည်။ ပုဂံခေတ်အုပ်ချုပ်ရေးတွင် ဗုဒ္ဓ စာပေတတ်ကျွမ်းသော ပုဂ္ဂိုလ်များအား အုပ်ချုပ်ရေး ရာထူးများကို ပေးအပ်ခန့်ထားစေခဲ့သည့် သမိုင်းအထောက်အထားများ ရှိနေပါသည်။ ထို့ကြောင့် မြန်မာတို့သည် ပထမဦးဆုံး ထောက်လှမ်းရေးအသိပညာများကို ဗုဒ္ဓဝိဋ္ဌကတ်စာပေများ၊ သက္ကတဘာသာနှင့် ရေးသားထားသည့် စာပေကျွမ်းကျင်မှုများမှ ရရှိနိုင်သည်ဟု ဆိုရပါမည်။

## ထေရဝါဒဗုဒ္ဓဘာသာ ပါဠိစာပေများမှ ရရှိနိုင်သော ထောက်လှမ်းရေးအသိပညာ

ပုဂံ၌ အနော်ရထာမင်းမတိုင်မီကတည်းက ဗုဒ္ဓသာသနာ ရောက်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ဗုဒ္ဓသာသနိက စေတီ ပုထိုးများ (၁၇၉၈-၁၈၆၃) ၏ ပုဂံမြို့၊ ဓာတက စဉ်ကွက်ပုံစာရင်း၌ လေ့လာတွေ့ ရှိ ရှိခဲ့ပြီးဖြစ်သည်။ ငကျွဲနားဧရာင်း၊ ရပါသည်။

ဗူးဘုရား စသော ထူပါစေတီများသည်

အနော် ရထာမတိုင်မီက တည်ခဲ့သော

ဘုရားများဖြစ်သည်ဟု သမိုင်းပညာ

ရှင်များက ဆိုသည်။ ပုဂံသီရိပစ္စယာ

အရပ်က ဖက်လိပ်ဘုရား နှစ်ဆူ၌

ငါးရောငါးဆယ်နီပါတ်တော် မြေမီးဖုတ်

စာတိုရပ်ချပ် **Terra-cotra Plaques**

ရုပ်လုံး၊ ရုပ်ကြွ **Reliefs** များကို

တွေ့ရှိရပါသည်။ ပုဂံမြို့ လောက

ထိပ်ပန်ဘုရားရှိ နံရံဆေးရေးပန်းချီမှာ

လည်း မဟာသဓာတ် (မဟာ ဥဂ္ဂ

စာတိ) အား မင်စာ **Ink-inscription**

ဖြင့် ရေးဆွဲ ပူဇော်ထားသည်ကို

တွေ့ရှိရပါသည်။ မဟာသဓာတ်တော်

အပြင် ရာဇာဝါဒဓာတ်တော်၊ ဝဋ္ဌမုကီ

သူတရဓာတ်တော်၊ စူဠကာလိင် ဓာတ်

တော်များမှာလည်း တိုင်းရေးပြည်မှုဒ်

ဘုရှိ(အထောက်တော်) များအတွက်

ဘင်္ဂန်းစာယူဖွယ်ရာများကို တွေ့ရှိ

ရ၏။ မောင်းထောင် ဆရာတော်

| ဓာတ်စဉ် | ဓာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၂၈၃ | ဝမုကီသူကရဓာတ် | ကျားကို ဝက်များပက်၍ သေဟန် ဝက် ၂၊ ကျား ၁၊ ရသေ့စဉ်းလဲသေဟန် ၁၊ သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုး နတ်မင်း ၁။ |
| ၁၅၁ | ရာဇာဝါဒဓာတ် | ရထားထိန်း ၁၊ ဗြဟ္မဒတ်မင်း စီးသော မြင်းရထား ၁၊ ရထား ထိန်း ၁ နှင့် ဘလ်လိကစီးသော မြင်းကသောရထား ၁၊ ခရီး ရင်ဆိုင်တွေ့ဟန်။ |
| ၃၀၁ | စူဠကာလိင်္ဂဓာတ် | မြင်းစီးလျက် အဿကမင်း ကာလိင် မင်းစစ်ထိုးဟန် ရင်ဆိုင် ၂၊ ၄င်းတို့ အနီး ကိုယ်စောင့်နတ်ချင်း တိုက်ဟန်၊ နွားဖြူနွားနက်တွေ့ဟန် ၂၊ ဘုရား လောင်းရသေ့ သခိမ်း တွင် ၁။ |
| ၅၂၀ | ကဏ္ဍတိတ္ထကဓာတ် | တည်ပင်ထက် ဘုရားလောင်း ရုက္ခစိုး နတ် ၁၊ ပဉ္စာလရာဇ်မင်း အိပ်ဟန် နန်းဆောင်နှင့် ညအခါ ၄င်းတည်ပင် စောင့်နတ် လာ၍ဆုံးမဟန်။ |

www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီး ပြဿာဒ်နှင့် ၁၊ မဟောသဓ လျှောက် ဟန် ၁၊ သုခမိန်လေးယောက် လျှောက်ဟန် ၄။

---

အထက်ဖော်ပြပါ ဇာတ်တော်များကို မောင်းထောင်ဆရာတော်၏ ဇာတကစဉ်ကွက်ပုံစာရင်းထဲ၌သာမက ညောင်ဦး ရွှေစည်းခုံစေတီ ပထမပစ္စယံ၌ရှိသည့် စဉ်ကွက်များကိုလည်း ယခုတိုင် တွေ့မြင်နိုင်ပါသည်။ ရွှေစည်းခုံစေတီ၏ ဒုတိယပစ္စယံ တောင်ဘက်မျက်နှာ လေ့ကားအနောက်ဘက်ခြမ်းရှိ စဉ်ကွက်ဇာတ်ကွက် အမှတ် (၂၈၆) တွင် ဝက် ၃ ပုံ၊ လဲနေသူ ၂ ပုံ၊ သစ်ပင်စောင့်နတ် ၁ ပုံ ပါဝင်သော ဝမ္မကီသူကရဇာတ်ကို တွေ့မြင်ရမည် ဖြစ်သည်။ တတိယပစ္စယံ အရှေ့ဘက်မျက်နှာ လေ့ကားတောင်ဘက်ခြမ်း ဇာတ်ကွက်အမှတ် (၄၃၃) တွင် မဟောသဓဇာတ်၊ တတိယပစ္စယံ မြောက်ဘက်လေ့ကား အရှေ့ဘက်ခြမ်း ဇာတ်ကွက် အမှတ် (၅၇၈) တွင် ဝမ္မကီသူကရဇာတ်၊ ဇာတ်ကွက်အမှတ် (၅၈၉) တွင် ရာဇော ဝါဒဇာတ် (လူပုံ၊ မင်းပုံ၊ ရသေ့ပုံ) ၃ ပုံအား တွေ့ရှိနိုင်သည်။

အလားတူ အာနန္ဒာဂူဘုရား အထက်ပစ္စယံမှာလည်း ဇာတ်ကွက် အမှတ် (၉၂) တွင် မဟောသဓဇာတ်တော်ကို တွေ့ရှိရသည်။ ထိုဇာတ်တော်ကြီး တစ်ခုတည်းကို ဇာတ်ကွက်ပေါင်း များစွာဖြင့် သရုပ်ဖော်ထားပြီး ဇာတ်ကွက်အမှတ်စဉ် (၆၄၇) မှ (၅၇၄၀) အထိ စုစုပေါင်းဇာတ်ကွက် ၉၆ ကွက်မျှ ပါရှိလေသည်။ မဟောသဓဇာတ် ကွက်တွင် အမှတ် (၅၁၃-၅၁၄) တို့၌ -

၅၁၃။ မဟောသဓက ကြက်တူရွေး ကို ကောင်္ခအမတ် လာသည့် အကြောင်း စုံစမ်းရန် ပဉ္စ လရာဇ်တိုင်းသို့ စေလွှတ်ဟန်။ ကြက်တူရွေးမှာ မဟောသဓ၏ ပေါင်ပေါ်၌ နားနေဟန်၊ ရွှေမှာ ရှိခိုးဟန် ၂ ဦး။

၅၁၄။ ကြက်တူရွေးက စုံစမ်းပြန်လာပြီး ဘုရင်နှင့် မဟောသဓ သွားလျှင် အသတ်ခံရလိမ့်မည်ဟု ပြန်ပြောဟန်၊ ရှေ့မှာ လူ ၄ ဦး ထိုင်နေဟန်။

ငါးရှဉ်းဆယ်နိပါတ်တော်များနှင့် အကျမ်းတဝင်ရှိနေပြီ ဖြစ်၍ ထိုဇာတ်တော်များမှလည်း ထောက်လှမ်းရေးနှင့် သက်ဆိုင် သည့်အသိပညာများ ရရှိနိုင်ပါသည်။ ငါးရှဉ်းဆယ်နိပါတ်တော်အပြင် အခြားသော သုတ္တန် ဝိဋ္ဌကတ်၊ ဝိနယဝိဋ္ဌကတ် စသော ကျမ်းဂန်များတွင်လည်း ရှင်ဘုရင်များအတွက် စစ်ရေး၊ အုပ်ချုပ်ရေး သာမဏ



www.burmeseclassic.com

www.burmeseclassic.com

ထောက်လှမ်းရေးနှင့်ဆိုင်သော အတွေးအခေါ် အသိပညာများ လေ့လာရရှိနိုင်သည်ကို တွေ့ရပါသည်။

ငါးရှဉ်းဆယ်နိပါတ်တော်မှ မဟောသဓာတ်တော်မှ ရွှင်ဘုရင်များအတွက် မင်းကျင့်တရား၊ မှူးမတ်များအတွက် ကျင့်ဝတ်များနှင့် နိုင်ငံကို မည်သို့သာယာဝပြောအောင် လုပ်ဆောင်အုပ်ချုပ် ရမည်၊ လုံခြုံအောင် စစ်ရေးနှင့် မည်သို့ဆောင်ရွက်ရမည် ဆိုသည်များကို လေ့လာအတုယူဖွယ်ရာ ပါရှိပါသည်။ အထူးသဖြင့် နိုင်ငံတော် လုံခြုံရေးအတွက် ထောက်လှမ်းရေးနှင့် ပတ်သက်၍ သူလျှိုများ စေလွှတ် ထောက်လှမ်းစေခဲ့ခြင်း၊ လူသာမက ကျေးငှက် များကိုပါ လေ့ကျင့်အသုံးချခဲ့သဖြင့် လျှို့ဝှက်ချက်များကို ကြိုတင် မည်မျှအရေးကြီးကြောင်း သင်ခန်းစာ ပေးထားပါသည်။

**မဟောသဓာတ် တော် လာ သူလျှိုစစ်ဆင်ရေး**

မဟောသဓာတ်တော်သည် ဝိဒေဟရာဇ်တိုင်း၊ မိထ္ထိလာ ပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီးထံ အသက်အငယ်ဆုံး ပညာရှိသုခမိန် အဖြစ် ခစားခဲ့သည့် ဘုရားအလောင်းတော် မဟောသဓ၏ ဇာတ်ကြောင်း ဖြစ်ပါသည်။ မဟောသဓကို ဝိဒေသရာဇ်မင်းကြီးက သား အမှတ် ချီးမြှင့်မွေးစားပြီး သုခမိန် အဖြစ် ခစားစေရုံသာမက စစ်ဘုရင် သေနာပတိအဖြစ်ပါ ခန့်အပ်တာဝန်ပေး ခဲ့လေသည်။ စစ်သေနာပတိအဖြစ် တာဝန်ပေးခံရသည့်အခါ မဟောသဓသည် နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်ဖွယ် ကိစ္စများကို စီမံဆောင်ရွက်ခဲ့၏။ မြို့တော်ကို ချဲ့ထွင်ပြီး မြို့ပြင်သို့ ရန်သူများ အဆောတလျင် မကပ်နိုင်အောင် တံတိုင်းနှစ်ထပ်၊ ကျုံးသုံးထပ် ကာရံခဲ့သည်။ မြို့တွင်းသောက်သုံးရေအတွက် ရေကန်ကြီးများ တူးဖော်ပြီး ရေမပြတ် စေရန် စီစဉ်ခဲ့သည်။ ပတ်ဝန်းကျင် နိုင်ငံပေါင်း ၁၀၀ မှ ထီးဆောင်းမင်းများ၏ သတင်းများကို စုံစမ်း ထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည်။ ကြိုတင်သတင်းရရှိရေးအတွက် မဟောသဓ၏ ဖွားဖက်တော် ၁၀၀၀ အနက် စိတ်ချရသည့် ဖွားဖက်တော် ၁၀၀ အား ရွေးချယ်ပြီး သူလျှိုအဖြစ် စေလွှတ်ရန် စီစဉ်ခဲ့သည်။ သူလျှိုအဖြစ် စေလွှတ်မည့်သူများကို သက်ဆိုင်ရာနိုင်ငံက ပြည့်ရှင် မင်းအနီးအပါး ခစားနိုင်အောင် ပြည့်ရှင်မင်းကြီး အကြိုက် လက်ဆောင် ပဏ္ဏာများ ထည့်ပေးသည်။ မည်သို့လျှောက်ထား ခစားပြီး မည်သို့ သတင်းရယူကြမည် ဆိုသည်ကို အသေအချာ မှာကြားသည်။ ထိုသို့ သူလျှိုများစေလွှတ်မြှုပ်နှံထားရှိသောကြောင့် ကပိလတိုင်း၊ ဥတရပါဠာလရာဇ်ပြည်၊ စူဠနီဗြဟ္မဒတ်မင်း၏ စစ်ရေးပြင်ဆင်မှုများကို ကြိုတင်သိရှိခဲ့ပေသည်။

ပဠာလရာဇ်ပြည် စူဠနီဗြဟ္မဒတ်မင်းထံ၌ ခစားနေသည့် မဟော သဓ

www.burmeseclassic.com

၏သူလျှိုက စူဠနီဖြဟ္မဒတ်မင်း၏ စစ်သည်၊ လက်နက် စုဆောင်းပြင်ဆင်မှုများကို တွေ့ရသည့်အခါ စစ်ရေးပြင်ဆင်မှုပြုနေကြောင်း၊ မည်သည့် ရည်ရွယ်ချက်ရှိသည်ကို မသိကြောင်း၊ သတိထားနေပါရန် မဟောသဓထံ စာဖြင့် သတင်းပို့ခဲ့သည်။ ထိုအခါ မဟောသဓက စူဠနီဖြဟ္မဒတ်မင်း၏ အကြံအစည်ကို တိတိကျကျ သတင်းရရှိစေရန် အသေအချာ မွေးမြူလေ့ကျင့်ထားသော ကျေးသားကို စေလွှတ်ခဲ့၏။ စူဠနီဖြဟ္မဒတ်မင်းနှင့် သုခမိန် ကေဝဋ်အမတ်ကြီးတို့ လျှို့ဝှက်တိုင်ပင်ပြောဆိုသည့် စကားများကို မဟောသဓ၏ သူလျှိုကျေးသားက ထောက်လှမ်းကြားသိခဲ့ ဖါသည်။ ကေဝဋ်အမတ်က ပတ်ဝန်းကျင်နိုင်ငံ ၁၀၀ အား သိမ်းပိုက်ရန်နှင့် မည်သို့ပရိယာယ်ဝေဝုစ်သိုးပြီး သိမ်းပိုက်မည်ဆိုသည်ကို လျှောက်ထားရာ စူဠနီဖြဟ္မဒတ်မင်းကြီးက သဘောတူခဲ့သည်။ ထိုသို့တိုင်ပင်သည်ကို ကြားသိရသော ကျေးသားသည် မဟောသဓထံ ပြန် လည်လျှောက်တင်ခဲ့လေသည်။ ထိုသို့ကြိုတင်သတင်းရရှိသည့်အတွက် မဟောသဓသည် လိုအပ်သည့် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် အင်အားမဆမတန်များပြားသော စူဠနီဖြဟ္မဒတ်မင်းသည် မိတ္ထီလာပြည်ကို တိုက်ခိုက်သည့်အခါ မသိမ်းပိုက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ စူဠနီဖြဟ္မဒတ်မင်းဘက်၌ မြှုပ်နှံထားသည့် မဟောသဓ၏သူလျှိုများအပြင် စစ်အတွင်း၌ ပါးနပ်သည့်ဒလန်များ စေလွှတ်ပြီး အဖျက်အမှောင့်များ မွေနှောက်လုပ်ကြံခဲ့သဖြင့် စူဠနီဖြဟ္မဒတ်မင်း၏ စစ်သည်များသည် စစ်မနိုင်သည့်အပြင် ဗရုတ်ဗရက် ထွက်ပြေးကြရသည်အထိ ဖြစ်ခဲ့ရပေသည်။ စစ်ရေး၌ မအောင်မြင်နိုင်ခဲ့သည့် စူဠနီဖြဟ္မဒတ်မင်းသည် ဝိဒေဟရာဇ်မင်းကြီးကို သမီးတော်နှင့် လက်ဆက်ရန် ဖြားယောင်းပြီး ဝိဒေဟရာဇ်နှင့် မဟောသဓကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့၏။ ထိုကြံစည်မှုကိုလည်း သူလျှို ကျေးသားကြောင့် မဟောသဓသည် ကြိုတင် သတင်းရရှိခဲ့လေသည်။ ရန်သူ့အကြံအစည်ကို ကြိုတင်သိရှိသည့် မဟောသဓသည် ဝိဒေဟရာဇ်မင်းကြီး၏ အသက်ကိုပါ ကယ်နိုင်ခဲ့သည့်အပြင် စူလီနီ ဗြဟ္မဒတ်မင်း၏ သမီးတော်နှင့်ပါ လက်ဆက်ပေးနိုင်ခဲ့သည်အထိ စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

မဟောသဓသည် သူလျှို ဒလန်အဖြစ် လူကိုသာမက ကျေးသားကိုပါ လေ့ကျင့်အသုံးချခဲ့ကြောင်း တွေ့ရှိရ၏။ မဟောသဓ၏ သူလျှိုများသည် အရေးကြီးသည့်သတင်းများကို ကြိုတင်ရယူနိုင် ခဲ့ရုံသာမက ရန်သူအတွင်း၌ အဖျက်၊ အမှောက်၊ ဝါဒဖြန့်ခိုင်းမှုများ ကိုပါ လုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။ မိမိနိုင်ငံထက် အဆမတန် အင်အားကြီးမားသည့် ရန်သူကို သူလျှို စစ်ဆင်ရေးဖြင့် အနိုင်ယူခဲ့သည်ဟု ဆိုရပါမည်။ မဟောသဓတော်တော်အား လေ့လာပါက အင်အားနည်းသည့်နိုင်ငံငယ်လေးများ၏ နိုင်ငံတော်လုံခြုံရေး၊



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော် ကာကွယ်ရေးအခန်းကဏ္ဍ
တွင် ထောက်လှမ်းရေးသည် အဓိက အရေး
ကြီးဆုံးဖြစ်ကြောင်း တွေ့ရပါမည်။

## မဟာသဓာတ်တော်လာ လျှို့ဝှက်ရေးနှင့် ထောက်လှမ်းမှု

မဟာသဓာတ်တော်မှာ မင်း၊ မှူးမတ်၊ အကြီးအကဲ၊ ခေါင်းဆောင်များ၊ အမှုထမ်းများ၊ သူလျှိုများ၊ အထောက်တော်များ အတွက် လျှို့ဝှက်ရေးနှင့်ပတ်သက်၍ အလွန်အရေးကြီးသည့် သင်ခန်းစာ ပေးထားပါသည်။ လျှို့ဝှက်အပ်သော စကားကို မည်သူ့ကိုမှ မပြောအပ်၊ မည်သို့စောင့်ထိန်းရမည်၊ မစောင့်ထိန်းဘဲ ပြောခဲ့လျှင် မည်သည့်အကျိုး၊ အပြစ် ရနိုင်သည်ဆိုသည်များကို သင်ခန်းစာပေးထားသည်။ ဇာတ်တော်ထဲတွင် ဝိဒေဟရာဇ်မင်းကြီးက မဟာသဓုခမိန်ကို သေနာပတိအရာ ပေးပြီး ချီးမြှောက်သည့်အခါ သေနက၊ အမိန္ဒ၊ ဒေဝိန္ဒ၊ ပက္ကုသ အမတ်ကြီး ၄ ဦးတို့က ဆန့်ကျင်ခဲ့ကြ သည်။ သေနကအမတ်ကြီးက ဘုရင်ကို လိုလားဟန် ပြသော်လည်း စိတ်ထဲက မဖြောင့်မမှန် အကောက်ကြံ သူ ဖြစ်သည်ဟု ကုန်းဘောလျှောက် ထားကြ၏။ အစဦးတွင် မင်းကြီးက ယုံကြည်တော်မမူ။ မဟာသဓသည် အကောက်ကြံ ဖောက်ပြန် မည့် သူ မဟုတ်ဟု ဆိုသည်။ အမတ်ကြီးများက အရှင့်အကျိုးအတွက် လျှောက်ထား ခြင်း ဖြစ်ပါသည်။ ယုံတော်မမူလျှင် မဟာသဓကို ရာဇပရိယာယ်နှင့် လျှို့ဝှက်အပ် သည့်စကားကို မည်သူ့ကို ပြောအပ်သနည်းဟု မေးစေလိုကြောင်း၊ အကောက်ကြံသူ မှန်ပါက မည်သူ့ကိုမျှ မပြောအပ်ပါဟု ဖြေဆိုလျှင် ယင်းတို့ လျှောက်ထားသည့်စကားကို ယုံကြည် တော် မူပါလိမ့်မည်ဟု လျှောက်ထား ကြသည်။ မင်းကြီးလည်း ယုံမှား သံသယ ဖြစ်သွားခဲ့၏။

တစ်နေ့တွင် မင်းကြီးက အမတ်ကြီးများကို လျှို့ဝှက်အပ် သည့်စကား မည်သူ့ကို ပြောအပ်သနည်း ဟု မေးမြန်းပါသည်။ သေနကအမတ် ကြီးက မင်းကြီးကိုယ်တိုင် ယင်းတို့ ၄ ဦးနှင့် အလိုတူ အလိုပါဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com

ကြဲစည်စဉ်းစားပြီး အရှင့်အလိုတော်ကို သိမှ ဆန္ဒတော်နှင့်လည်းညီအောင် အမေးတော်လည်း ပြေလည်အောင် စဉ်းစားပြီး လျှောက်ထားပါမည်။ အရှင်မင်းကြီးသည် ပြည်ကြီးဝန်ရွက်ဆောင်တော်မူရသည့် အရှင်ဖြစ်၍ လျှို့ဝှက်သည့်စကားကို မည်သူ့ကို ပြောအပ်သည်၊ မည်သူ့ကိုမပြောအပ်ဆိုသည်ကို မပြတ် ဆင်ခြင် သတိရှိတော်မူသည်နှင့်အညီ အရှင်မင်းကြီး၏ အလိုတော်ကို ဆိုတော်မူစေလိုကြောင်း လျှောက်တင်သည်။ ထိုအခါ မင်းကြီးသည် ကာမဂုဏ်ကျူးသည့်မင်းဖြစ်သဖြင့် သူ့အလိုနှင့်လျော်စွာ လိမ္မာသည့် မယားကောင်းကို ဖြောအပ်သည်ဟု ဖြေပါသည်။

သေနကအမတ်က သူတို့အကြံအတိုင်း အကွက်ဝင်လာပြီ ဆိုပြီး ဝမ်းသာစွာနှင့် လျှို့ဝှက်အပ်သည့် စကားကို အဆွေခင်ပွန်း ကောင်းအား ပြောအပ်သည်ဟု စပြီးဖြေသည်။ ပက္ကုသအမတ်က ညီရင်းအစ်ကိုတို့ကို ပြောအပ်သည်၊ ကာမိန္ဒအမတ်က အဖနှင့် အကျင့်တူ အဖအလိုလိုက်ပြီး အဖနှစ်ခြိုက်ရာ ပြုတတ်သည့် အနာတသားကို ပြောအပ်သည်။ ဒေဝိန္ဒအမတ်က မိခင်အား ပြောအပ်သည်ဟု ဖြေကြသည်။

မဟောသဓ အမတ်အလှည့် ရောက်သည့်အခါ လျှို့ဝှက်အပ်သည့် အမှုကို လျှို့ဝှက်မှသာ ကောင်းပါသည်။ လျှို့ဝှက်အပ်သည့် အမှုကို မလျှို့ဝှက်ဘဲ သူတစ်ပါးအား ပြောမိလျှင် နောင် မကောင်း ဖြစ်စာတ်ပါသည်။ မိမိလိုအပ်သည့်အကျိုး မပြည့်စုံသေးသမျှ ကာလပတ်လုံး လျှို့ဝှက်အပ်သည့်အမှုကို မည်သူ့ကိုမျှ မသိစေအပ်သည့်အတွက် မပြောမဆို နှုတ်စောင့်စည်းပြီး ချုပ်တည်းသည်းခံရမည်။ မိမိအလိုပြည့်စုံမှသာ ပြောလိုလျှင် ပြောဆိုရမည်ဟု လျှောက်ထားပါသည်။ ထိုအခါ ဝိဒေဟရာဇ် မင်းကြီးသည် သေနကအမတ်ကြီးတို့ နားသွင်း ကုန်းချောထားသည်နှင့် ကိုက်ညီနေသဖြင့် မျက်နှာ မသာ မယာဖြစ်သွားသည်။ မဟောသဓအမတ်က မင်းကြီးနှင့် အမတ်ကြီးများ၏ မျက်နှာအမူအရာကို တွေ့မြင်သည်နှင့် ဤပြဿနာ စကားကို မမေးခင်ကတည်းက အမတ် ၄ ဦးသည် သူ့အကျိုး ပျက်စီးအောင် မင်းကြီးကို ပြောဆို လျှောက်ထားပြီး အားလုံးသဘောတူ သူ့အလိုစမ်းချင်သည့်အတွက် ဤသို့မေးမြန်းခြင်းဖြစ်ရမည်ဟု သိရှိလိုက်သည်။

ပြဿနာစကားဖြေစဉ်မှာပင် နေဝင်ပြီဖြစ်သဖြင့် မဟောသဓသည် မင်းကြီးကို ရှိခိုးပြီး နန်းတော်မှ ထွက်ခဲ့သည်။ မင်းကြီးနှင့် အမတ်ကြီး ၄ ဦး၏ အဖြေစကားသည် ပညာရှိစကားမဟုတ်။ သူတို့တစ်ဦးချင်းနှင့် ပတ်သက်သည့်အကြောင်းခြင်းရာရှိရမည်ဟု မဟောသဓက တွေးမြင်မိသည်။ သို့ဖြစ်၍ ယခုပင် ဤကိစ္စသိအောင် လုပ်မည်ဟုကြံရွယ်ပြီး နန်းတော်တံခါးဝအနီး ထမင်းပွဲခုံအတွင်း၌ ဝင်ရောက်ပုန်းခိုနေခဲ့သည်။ အမတ်ကြီး ၄ ဦးမှာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကြီးနှင့် ကျန်ခဲ့ရာမှ ဆက်လက်ပြီး ကုန်းချော လျှောက်ထားကြသည်။ ဘုရင်ကြီးသည် အမတ်ကြီး ၄ ဦးသည် သူတို့အကြံအစည် အောင်မြင်၍ ဝမ်းမြောက်ဝမ်းသာဖြင့် နန်းတော်က ဆင်းခဲ့ပြီး မဟောသဓ ပုန်းအောင်းနေသည့် ထမင်းပွဲခုံ၌ ထိုင်ကြပါသည်။ မဟောသဓကို လုပ်ကြံရန်ကိစ္စ တိုင်ပင်ကြီး သေနကအမတ်ကို အားလုံးက တာဝန်ပေးကြသည်။

ထို့နောက် လှိုက်အပ်သည့် စကား မည်သူ့ကို ပြောအပ်သနည်း ဆိုသည့်အမေးကို တစ်ဦးချင်း ဖြေဆိုခဲ့ကြခြင်းနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေး ပြောဆိုကြသည်။ သေနကအမတ်က ပြည့်တန်ဆာမတစ်ဦးနှင့် ပျော်ပါးစဉ် လက်ဝတ်တန်ဆာများကို တွေ့ရှိရာ လိုချင်သဖြင့် ပြည့်တန်ဆာမကို သတ်ဖြတ်ခဲ့ကြောင်း၊ အလောင်းကို ဘဏ္ဍာတိုက်ထဲ ဝှက်ထားခဲ့ကြောင်း၊ ယင်းကိစ္စကို သူ့အိမ်သားများအပါအဝင် မည်သူ့ကိုမှ မပြောကြောင်း၊ စိတ်ချရသည့် အဆွေခင်ပွန်းတစ်ဦးကိုသာ ပြောပြကြောင်း၊ ထိုအဆွေခင်ပွန်း နှုတ်စောင့် သဖြင့် ယခုထိ မင်းကြီး မသိသေးကြောင်း၊ ထို့ကြောင့် လှိုက်သည့်စကား အဆွေခင်ပွန်းကိုသာ ပြောသင့်သည်ဟု ဖြေဆိုခဲ့ကြောင်း ပြောပြသည်။

ပက္ကုသအမတ်က သူ၏ ပေါင်မှာ နူနာရှိသဖြင့် သူညီ ဖြစ်သူက နေ့စဉ် ဆေးလိမ်းပေးရကြောင်း၊ နူနာရှိသည်ကို သူညီမှတစ်ပါး မည်သူမျှမသိကြောင်း၊ ထို့ကြောင့် လှိုက်အပ်သည့် စကား ညီရင်းအစ်ကိုကိုသာ ပြောသင့်သည်ဟု ဖြေခဲ့ကြောင်း ပြောဆိုသည်။

ကာမိနီအမတ်က သူ့မှာ တစ်လ တစ်ကြိမ် နရဒေဝီဘီလူး ဖမ်းသည့်အခါ ခွေးရူးကဲ့သို့ လှည့်ပတ်အော်မြည်နေရကြောင်း၊ သူ၏သားကိုသာ ပြောပြပြီး ရောဂါဖြစ်မည့်နေ့တိုင်း တိုက်ခန်းထဲသွင်း၍ တံခါးပိတ်ထား နိုင်းရကြောင်း၊ အော်သံမကြားအောင် အပြင်၌ အတီးအမှုတ်ပွဲသဘင် လုပ်ရကြောင်း၊ သူ့သားမှတစ်ပါး မည်သူမျှ မသိကြောင်း၊ ထို့ကြောင့် လှိုက်အပ် သည့်စကား သားကိုသာ ပြောသင့်သည်ဟု ဖြေခဲ့ကြောင်း ပြောပြသည်။

ဒေဝိန္ဒအမတ်က မင်းကြီးအား သိကြားမင်းပေးထားသည့် ပတ္တမြားကို မင်းကြီးမသိအောင် ခိုးယူပြီး သူ၏ မိခင်အား အပ်ထားကြောင်း၊ မင်းကြီးထံ အခစားဝင်သည့်အခါ မိခင်ထံမှ ပတ္တမြားကို တောင်းပြီး အခစားဝင်ကြောင်း၊ ပတ္တမြား၏အာနုဘော်ကြောင့် မင်းကြီးက နေ့စဉ် ရိက္ခာ ၃ ကြိမ် ချီးမြှင့်ကြောင်း၊ ဤကိစ္စ မိခင်မှအပ မည်သူမျှမသိကြောင်း၊ ထို့ကြောင့် လှိုက်အပ်သည့် စကား မိခင်ကိုသာ ပြောအပ်သည်ဟု ဖြေခဲ့ကြောင်း အသီးသီး ပြောဆိုကြလေသည်။

မဟောသဓသည် အခြားကြီးများ၏ တိုင်ပင်ပြောဆိုမှုများကို အသေးစိတ် ကြားသိမှတ်သားခဲ့ပါသည်။ ထိုည၌ ဝိဒေဟရာဇ မင်းကြီးသည် မဟောသဓကို လုပ်ကြံရန်ကိစ္စ [illegible]





www.burmeseclassic.com

www.burmeseclassic.com

ဒေဝီမိဖုရားကြီးကို ဖွင့်ဆိုပြောပြခဲ့သည်။ ထိုသတင်းကို မိဖုရားကြီးကလည်း မဟောသဓထံ ချက်ချင်း လျှို့ဝှက်အသိပေးခဲ့၏။ မင်းကြီးနှင့် အမတ်ကြီးများ၏ အကြံအစည်ကို သိသဖြင့် နံနက်လင်းသည့်အခါ မဟောသဓသည် နန်းတွင်းသို့ ခါတိုင်းကဲ့သို့ စောစောမဝင်ဘဲ နေမြင့်မှလာသည်။ သေနကအမတ်ကြီးလည်း လုပ်ကြံခွင့် မရဘဲ ဖြစ်သွားလေသည်။ မဟောသဓသည် နန်းဝရောက်လျှင် မင်းကြီးရှိရာသို့ ရှိခိုးပြီး မဝင်ဘဲ ရပ်နေပါသည်။ မင်းကြီးက ဝင်ခဲ့ဟု ဆိုမှသာ ဝင်ရောက်ခစား၏။ မင်းကြီးက မသိဟန် ဆောင်ပြီး ခစားဝင်ချိန်မှာမဝင်ဘဲ နေမြင့်မှဝင်လာသည်မှာ အကြောင်းတစ်စုံ တစ်ရာ ရှိလေသလောဟု မေးမြန်းလိုက်သည်။ မဟောသဓက လျှို့ဝှက်အပ်သည့်စကားပြဿနာ၌ မယားကောင်းကို ပြောအပ်သည်ဟု မင်းကြီး အမိန့်တော်ရှိပြီးမှ နန်းတော်ကို ပြန်ခဲ့ကြောင်း၊ အိမ်ပြန်ရောက်၍ ညအိပ်မည်ပြုရန်တွင် မင်းကြီးက သူ့ကို လုပ်ကြံဖို့ အမတ်ကြီး ၄ဦးထံ သံလျှက်ပေးအပ်ခဲ့ကြောင်း၊ ဤကိစ္စကို မင်းကြီးက မိဖုရားကြီးကို ပြောပြခဲ့သဖြင့် အကြောင်းစုံကြားသိရကြောင်း၊ ထို့ကြောင့် ခါတိုင်းကဲ့သို့ မဝင်ဝံ့၍ နေမြင့်မှ ဝင်လာရကြောင်း လျှောက်ထားခဲ့၏။

မင်းကြီးက မိဖုရားကြီးကို မဟောသဓအား အသိပေးရ ကောင်းလားဟု ဒေါသဖြင့် ကြည့်ပါသည်။ မင်းကြီးကို မဟောသဓက မိဖုရားကြီးအား မမျက်တော်မရှသင့်ကြောင်း၊ မိဖုရားကြီးမပြောလည်း ဆင်ခြင်မျှော်တွေးပြီး သိရှိနိုင်ကြောင်း၊ အမတ်ကြီး ၄ ဦး၏စကားကို မည်သူမျှ လာမပြော သော်လည်း ပညာဖြင့် သိခဲ့ကြောင်း ဖြေသိမ့် လျှောက်ထားလိုက်သည်။ ဆက်လက်ပြီး မဟောသဓသည် ယမန်နေ့က ကြားသိခဲ့သည့် အမတ်ကြီး ၄ ဦး၏ လျှို့ဝှက်ချက်များကို လျှောက်ထားလေသည်။ သေနကအမတ်ကြီးက ပြည့်တန်ဆာမကို သတ်ဖြတ်ပြီး လက်ဝတ်တန်ဆာယူခဲ့ခြင်းနှင့် ပတ်သက်၍ အဆွေခင်ပွန်းတစ်ဦးကိုသာ အသိပေးခဲ့ကြောင်း၊ ဤသည်ကို အစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကားကို အဆွေခင်ပွန်းကိုသာ ပြောသင့်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ပက္ကုသအမတ်၏ပေါင်တွင် နှနာရောဂါ ရှိကြောင်း၊ သူ၏ညီတစ်ဦးတည်းကိုသာ အသိပေးထားသည်ကို အစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား ညီရင်းအစ်ကိုကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ကာမိန္ဒအမတ်မှာ နတ်ပူးတေဒနာ ရှိကြောင်း၊ သားတစ်ဦးတည်းကိုသာ အသိပေးထားသည်ကို အစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား သားကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ဒေဝိန္ဒအမတ်က မင်းကြီးထံမှ ပတ္တမြား ခိုးထားကြောင်း၊ မိခင်တစ်ဦးတည်းကိုသာ အသိပေးထားသည်ကို အစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား အဓိကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း ကြားသိသမျှ အသေး



www.burmeseclassic.com

www.burmeseclassic.com

စိတ် လျှော့ထားခဲ့ပါသည်။

အမတ်ကြီး ၄ ဦးလည်း ယင်းတို့၏အပြစ်ကို ဝန်ခံကြ၏။ အမတ်ကြီး ၄ ဦးကို မင်းဒဏ်ပေးပြီး သည့်အခါ မဟောသဓက ဤအပြစ်များ ကိုမြင်၍ လျှို့ဝှက်အပ်သောစကားကို မည်သူကိုမျှ မပြောအပ်ဟု လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ အဆွေခင်ပွန်း စသည့် သူများကို ပြောအပ်သည်ဟု ဆိုသူများမှာ ယခု ကြီးစွာ ပျက်စီးဆုံးရှုံးခြင်းရောက်ရသည်ကို နှလုံးထားတော်မူပါဟု မင်းကြီးအား လျှောက်ထားသည်။ ဆက်လက်၍ မင်းကြီးအား တရားလမ်းကျင့်စဉ် ရှိသည့်အတိုင်း ပြလိုသည့်အတွက် ဝါထာ ၆ ပုဒ်ဖြင့် လျှောက်ထားခဲ့ပေသည်။

(၁) လျှို့ဝှက်အပ်သည့်အမှုကို မလျှို့ဝှက်ဘဲ သူတစ်ပါးအား ပြောကြားခဲ့လျှင် နောင် မကောင်း ဖြစ်တတ်သည်။ အကြင် ပညာရှိသည့် မိမိ လိုအပ်သည့်ကိစ္စ၊ အကျိုး

မပြည့်စုံသေးသမျှ ကာလ
ပတ်လုံး လျှို့ဝှက်အပ်သည့်
အမှုကို မည်သူကိုမှ မသိ
စေအပ်သည့်အတွက် မပြော
ဆို နှုတ်စောင့်စေး၏။
မိမိအလို ပြည့်စုံသည့်အခါ
ပြောလိုသူကို ပြောဆို၏။

(၂) ရွေးနိုးကို သူတစ်ပါးအား
မခိုးယူစိမ့်သောငှာ
စောင့်ရှောက်သကဲ့သို့
လျှို့ဝှက်အပ်သည့်

(၃)



www.burmeseclassic.com

www.burmeseclassic.com

(က) မိန်းမလည်းတစ်ယောက်၊
(ခ) မချစ် မနှစ်သက်လိုသော ရန်သူလည်း တစ်ယောက်၊
(ဂ) ဥစ္စာစည်းစိမ်၊ အဝတ်တန်ဆာ တစ်စုံတစ်ခုနှင့် ပေးကမ်း ဖြားယောင်းပြီး အဆွေခင်ပွန်း ဖွဲ့တတ် သည့်သူ လည်း တစ်ယောက်၊
(ဃ) စိတ်ထဲ မဖြောင့်မှန် အကောက်ကြဲလျက် နှုတ်ဖြင့် အကျိုးလိုယောင် ပြပြီး သူ့ အပြစ်ကို ရှာချင်၍ ချိုသာ နာဖွယ်စကားနှင့် ချော့စား တတ်သူသည်လည်း တစ်ယောက်၊

ထို လေးယောက်တို့ကို လျှို့ဝှက်အပ်သော စကား ပြောမှား ချေက လျင်စွာ အမှုရောက်တတ်၏။

(၄) လျှို့ဝှက်အပ်သောအမှုကို အကြင်သူသည် အကယ်၍ ကြားသိငြားအုံ၊ ထိုကြား သိသောသူအား ထိုအမှုကို မဖော်ပြစေခြင်းငှာ မိမိကို ကျွန်ကဲ့သို့ပြု၍ ထိုသူဆဲဆို သော်လည်း သည်းခံသဖြင့် သာ နေရ၏။

(၅) အကြင်သူသည် မိမိလျှို့ဝှက် အပ်သောအမှုကို သူတစ်ပါး သိလေသည်ရှိသော် ထိုသူ သိလေသည်မှ စ၍ ပြင်းထန် သော ထိတ်လန့်ခြင်းသည် ဖြစ်ရာ၏။ ထိုသို့ တစိုးရိမ် ရိမ် ရှိရာသောကြောင့် လျှို့ ဝှက်အပ်သော စကားကို သူတစ်ပါးအား မပြောအပ်။

(၆) တိုင်ပင်အပ်သော အမှုကို ယုံမှတ်သော သူတို့နှင့် တိုင်ပင်လိုသော်လည်း နေ့ အခါဖြစ်မှု ဆိတ်ကွယ်ရာ အရပ်၌သာ အသံကို အပြင် မထွက်စေရဘဲ အရှည်အလဲ မဆို လိုရာ စကားတွင်၍သာ တိုးတိုးသက်သက် တိုင်ပင် ရာ၏။ အာယ်ကြောင့်နည်း ဟူမူကား တိုက်နံရံတွင်းမှ နေ၍ လည်းကောင်း၊ အိမ် ပျော်ယောင် ဆောင်၍ လည်း ကောင်း၊ တစ်ပါးစက ပြောဆိုယောင်ပြု၍ လည် ကောင်း၊ မှောင်ကွယ်ရာ နေ၍ လည်းကောင်း တစ်ပါး အကြံအစည်ကို ဖိုး တတ်သောသူသည် ချောင်း မြောင်းလျက် နားထောင် တတ်၏။ ထိုသို့ ချောင်း မြောင်း၍ နားထောင် သော သူ ကြားသဖြင့် အမှ အစည် အတိုင်းအ ပျက်းသို့ ရောက်တတ်၏။ ထို့ ကြောင့် လျှို့ဝှက်အပ်သော စကား သည်ကို သူတစ်ပါး မသိရအောင် လုံလယတိုရိုစေ ရာ၏။



www.burmeseclassic.com